
www.burmeseclassic.com

BLACK SUNDAY
THOMAS HARRIS

# ရိုးသိုက်ကါး

မြန်မာပြန်

တင်ဒေါက်ကန်း




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း ကြိုတင်ခွင့်ပြုချက်အမှတ် ( ၁၁၈၈ )

မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် ( ၁၁၂၁ )

ပထမအကြိမ်



တန်ဖိုး
၂၂-ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်သူ .... ဦးမောင်လွင်၊ အောင်ကျော်မိုး ပုံနှိပ်တိုက်၊
(မြ-၀၂၄၁၃)၊ အမှတ် ၂၂၁၊ (ခ)၊
၃၂-လမ်း၊ ရန်ကုန်မြို့။

★

အုပ်ရေ .... ၁၂၀၀

★

အဖုံးနှိုက် .... သိန်းမြင့်ဝင်း အော့ဖ်ဆက်

★

ကာလာခွဲ .... ကြီးမြင့် (စိန်လျှန်း)

★

ထုတ်ဝေသူ .... ဦးစိုးသိန်း၊ (၀၂၃၃၇)၊ ထာဝရစာပေ၊
၂၆ (ခ)၊ စက်မှုဝန်ထမ်းရိပ်သာ၊
၁၂-ရပ်ကွက်၊ လှိုင်၊
ရန်ကုန်မြို့။

BURMESE CLASSIC .com

စိုးသိကျား

မြန်မာပြန်

# တဓောဏ်ကန်း

[ပထမတွဲ]

BLACK SUN DAY

THOMAS HARRIS

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်ကို သူတို့ဆီက ဤသို့ဝေဖန်ကြသည်

(စာရေးဆရာ)ဖရက်ဒရစ်(ခ်)ဖို့ဆိုက်ပင် ဂုဏ်ယူမိမည့် နည်းနာပညာရပ်ဖြင့် ဖန်တီးထားသော လျှို့ဝှက်သည်းဖို ဝတ္ထု။

နယူးယော့(ခ်)တိုင်း(မ်၊စ်)

ပထမပိုင်း စာမျက်နှာ ၅၀ ခန့်မှာ ကျွန်ုပ်ဖတ်ဖူးသမျှ လျှို့ဝှက်သည်းဖိုဝတ္ထုများအနက် အကောင်းဆုံး ဇာတ်လမ်းအပျိုးပိုင်း ဖြစ်သည်။

ဝါရှင်တန်ပို့(စ်)

အလွန် စိတ်တက်ကြွဖွယ် ကောင်းသော လျှို့ဝှက်သည်းဖိုဝတ္ထု။

ဂျွန်ဂိုဒီ(စာရေးဆရာ)

တုန်လှုပ် ပေါက်ကွဲဖွယ် ဇာတ်လမ်း အထွတ်အထိပ် ပါရှိသည်။

ကာကာ့(စ်)ရီဗြူး

ရင်သိတ်ဖွယ်၊ ကြောက်မက်ဖွယ် — အချိန် နာရီနှင့် ယှဉ်ပြိုင်၍ သွားသားပါပါ စိမ့်ဖန်တီးထားသော ဇာတ်လမ်းဇာတ်ကွက်။

ထုတ်ဝေသူများ-အပတ်စဉ်

အိပ်မက်ဆိုး တခု သဖွယ် ချောက်ချားဖွယ် ကောင်းသော အကြမ်းဖက်မှု ဇာတ်လမ်း။

လော့(စ်)အိန်ဂျလိ(စ်)တိုင်း(မ်၊စ်)

ခွဲဆက်ပြီး ဘာဖြစ်မလဲဟု စာရွက်များ ကျော်လှန်ကြည့်ချင်စိတ် ပေါ်စေသော ဇာတ်လမ်းမျိုး။

ရှီကာဂို ဒေးလီးနယူး(စ်)

သင့်အား ထိုင်ခုံမှ မထချင်အောင် ဖမ်းစားထားမည့် ဝတ္ထု။

ဟာ့(တ်)ဖို့(ဒ်)ကူးရန့်

လှုပ်ရှားမှု အပြည့်နှင့် သွက်သွက်လက်လက် တင်ပြထားသော ပထမတန်းစား ဇာတ်လမ်း၊ ပထမတန်းစား ရေးသားမှု။

အေ၊ပီ သတင်း

ဘကယ့် ရှားရှားပါးပါး အကောင်းစား လျှို့ဝှက် သည်းဖို ဝတ္ထု။

ဘော်(စ်)တန်ဂလုပ်(ဘ်)

---

* * * "ဤစာအုပ်ကို တထိုင်တည်း ပြီးအောင် ဖတ်နိုင်မည် မဟုတ်လျှင် လုံးဝ စ မဖတ်လိုက်ပါနှင့်"

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ-သောမတ်(စ်)ဟဲရစ္စ

အမေရိကန် ပြည်ထောင်စု၊ တင်နက်ဆီ ပြည်နယ်ဇာတိ ဖြစ်သည်။ မစ္စစ္စပီ ပြည်နယ်တွင် ကြီးပြင်းခဲ့ပြီး၊ ဘေလာတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သူဖြစ်သည်။ ဘွဲ့ရပြီးနောက် တက္ကဆပ်ပြည်နယ်၊ ဝက်ကိုမြို့ ထရီဗြူး(န်)ဟယ်ရဲ(လ်၊ဒ်) သတင်းစာတိုက်တွင် မင်းစေ အဖြစ်ဝင်လုပ်ပြီးမှ မှုခင်း သတင်းထောက် အဆင့် ရောက်ရှိခဲ့သည်။ သတင်းစာတိုက်၌ လုပ်စဉ် မဂ္ဂဇင်းများစွာသို့ဆောင်းပါး များစွာ ရေးသားခဲ့သည်။ နယူးယောက်သို့ ပြောင်းရွှေ့ခဲ့ပြီး၊ အေ၊ပီ သတင်းဌာနတွင် ရုံးတွင်းသတင်းထောက် ဆက်လုပ်သည်။ အေ၊ပီတွင် လုပ်စဉ်လုပ်ဖော်ကိုင်ဘက် ဆမ်မော(လ်)၊ ဒစ်(ခ်)ရီလီ တို့နှင့်အတူ BLACK SUN DAY ဝတ္ထု ဇာတ် လမ်း ကိုပူးပေါင်း စိတ်ကူး ဖန်တီးပြီး၊ သုတေသန ပြုလုပ်မိကြရာမှ အလုပ်ထွက်၍ ၎င်းဝတ္ထုကို စောက်ချ ရေးဖြစ်ခဲ့သည်။

BURMESE CLASSIC .com

## အခန်း ၊ ၁ ။

ဘေရွတ်မြို့ထဲသို့ ခြောက်မိုင် ရှည်သော ကမ်းရိုးတန်း လမ်းတလျှောက် လေဆိပ်မှ တက္ကစီလေး မောင်းသွားသောအခါ ည မိုးချုပ်လေပြီ။ ကား နောက်ခန်း ထိုင်ခုံတွင် ထိုင်နေသူ ဒါလီယာအိုင်ယတ်ဒ်သည် နောက်ဆုံး အလင်းရောင်အောက်၌ မြေထဲပင်လယ်မှ လှိုင်းလုံးများ၊ အဖြူရောင်မှ မီးခိုးရောင်သို့ ပြောင်းလဲသွားကြပုံကိုငေးကြည့်နေသည်။ သူမသည် အမေရိကန်တဦး၏အကြောင်းစဉ်းစားနေသည်။သူနှင့်ပတ်သက်၍ သူမမေးခွန်းများစွာကို ဖြေကြားရန် ရှိသည်။

တက္ကစီသည် ရှုးဗာဒွန် လမ်းကို ချိုးပြီး ပါလက်စတိုင်းမှဒုက္ခသည် များစွာ ရှိသော မြို့လယ်ခေါင် ဆာဘာရာရပ်ကွက်သို့ ဦးတည်မောင်းသွားသည်။ ယာဉ်မောင်းအား လမ်းညွှန်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပေးစရာ မလို။ ယာဉ်မောင်းသည် နောက်ကြည့် မှန်ကလေးကို စူးစိုက် ကြည့်ပြီး ကားမီးများကို ပိတ်ကာ ရှုဂျက်ဘ် အယ်လ်နာခယ်လ်လမ်း အနီး ကွက်လပ်ငယ်လေး ထဲသို့ ထိုး ရပ်လိုက်သည်။ ကွက်လပ်ကလေးမှာ ပိန်းပိတ်အောင် မှောင် နေသည်။ အဝေးမှ မော်တော်ကားသံများနှင့် ပြန်လည် အေး စက်သွားလျက် ရှိသော တက္ကစီ စက်သံတို့ကို ဒါလီယာ ကြားရ သည်။ တမိနစ်ခန့် ကြာသွား၏။

တံခါး လေးချပ်စလုံးကို ရုတ်ကနဲ ဆွဲဖွင့်လိုက်ရာ တက္ကစီ တစီးလုံး လှုပ်ခါသွားသည်။ အားကောင်းသော လက်နှိပ် ဓာတ်မီးရောင်က ယာဉ်မောင်းအား မျက်စိ ကျိန်းစပ်သွားစေ သည်။ ဒါလီယာသည် သူမ၏ မျက်စိအနီး တလက်မအကွာ၌ ချိန်ထားသော ပစ္စတိုမှ ဆိန့်ကို ရှုမိသည်။

လက်နှိပ်ဓာတ်မီးနှင့် လူက နောက်ပေါက်မှ ဝင်လာသည်။ ပစ္စတိုကို ပြန်ချထားလိုက်သည်။

'ဂျိန်'

ဒါလီယာက ခပ်တိုးတိုး ခေါ်လိုက်သည်။

'ကားထဲက ထွက်၊ ငါ့နောက် လိုက်ခဲ့'

သေနတ်ပိုင်ရှင်က အာရပ်ဘာသာ ကိုဂျဘားလ်မျိုးနွယ် အသံဝဲဝဲနှင့် ပြောလိုက်သည်။

ဘေရွတ်မြို့ရှိ တိတ်ဆိတ်သော အခန်း ထဲတွင် ဒါလီယာ အိုင်ယတ်ဒ် အား စစ်ဆေးရန် စောင့်ဆိုင်း နေကြသည်။ အယ်လ် ဖာ ဟာ ပြောက်ကျား အဖွဲ့ကြီး ၏ လက် ရွေး စင် ထောက်လှမ်း ရေး အဖွဲ့ ငယ် ရဲဟတ်ဒ် အယ်လ် ရာဒ်၊





(R.A.S.D)၏ ခေါင်းဆောင် ဖြစ်သူ ဟာဖက်ဇ်နာဂျီးယား သည် စားပွဲတွင် နံရံကို ခေါင်းမှီလျက် ထိုင်နေသည်။ သူသည် အရပ်ရှည်ပြီး ခေါင်းသေးသောသူ ဖြစ်သည်။ သူ့လက်အောက် ငယ်သားများက သူ့ကွယ်ရာ၌ 'ပရေးယင်းမင်တစ်' ဟု ခေါ် ကြသည်။ သူသည် စက်ဆုတ် ကြောက်ရွံ့ဖွယ် ကောင်းသော လူတဦး ဖြစ်သည်။

နာဂျီးယားသည် 'ဘလက်စက်တင်ဘာ' အဖွဲ့၏ ကွန်မန်ဒါ တပ်မှူး ဖြစ်သည်။ သူသည် အရှေ့အလယ်ပိုင်း အခြေအနေ နှင့် ပတ်သက်သော ထင်မြင်ချက်ကို အယုံအကြည် မရှိ။ အာရပ် များ လက်ထဲသို့ ပါလက်စတိုင်း နိုင်ငံကို ပြန် ပေးအပ် ခြင်း အတွက် သူ ဝမ်းမြောက်စရာ မရှိ။ သူသည် အားလုံး သေကြေ ပျက်စီး ချုပ်ငြိမ်းဖို့သာ ယုံကြည်သည်။ ဒါလီယာအိုင်ယတ်ဒ် သည်လည်း ထိုသို့ပင် ဖြစ်၏။

အခန်းထဲရှိ အခြား လူ နှစ်ဦးလည်း ထိုသဘောမျိုး ရှိကြ သည်။ တယောက်က အီတလီနှင့် ပြင်သစ်နိုင်ငံတို့၌ ဘလက် စက်တင်ဘာ၏ လုပ်ကြံ သတ်ဖြတ်ရေး တပ်ဖွဲ့ငယ်များကို ဦးစီး ကွပ်ကဲရသူ အာဘူအလီ။ အခြား တဦးက မြူးနစ် အိုလံပစ် အားကစားပွဲတော်၌ အိုလံပစ်ရွာလေးထဲ ဝင်ရောက် တိုက်ခိုက် ရေးကို စီမံကိန်း ချခဲ့သူ၊ လက်နက် ကျွမ်းကျင်သူ မိုဟာမက် ဖာဆေးလ် ဖြစ်သည်။ သူတို့ နှစ်ဦးစလုံးသည် အာရ်အေ အက်စ်ဒီ အဖွဲ့သားများ ဖြစ်ကြသည်။ ဘလက်စက်တင်ဘာ၏ ရာထူး ရာခံကို ပါလက်စတိုင်း ပြောက်ကျား လှုပ်ရှားမှုကြီးက အသိအမှတ်ပြုမထားပေ။ အကြောင်းမှု လူ့ ခန္ဓာကိုယ်အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



ရမက်ဆန္ဒများ ကိန်းအောင်းနေသကဲ့သို့ပင်၊ အယ်လ်ဖာတာ အဖွဲ့တွင်း၌ ဘလက်စက်တင်ဘာအဖွဲ့သည် ကိန်းအောင်း ရှင်သန်နေခြင်းကြောင့် ဖြစ်သည်။

အမေရိကန် ပြည်ထောင်စု အတွင်း၌ ဘလက် စက်တင်ဘာ အဖွဲ့က ဝင်ရောက် တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချသော သူများမှာ ဤပုဂ္ဂိုလ်သုံးဦးပင် ဖြစ်လေသည်။ တိုက်ခိုက်ရေးအစီအစဉ်ပေါင်း ငါးဆယ်ကျော်မျှကို စိတ်ကူး၊ စီမံ၊ ဆွေးနွေးခဲ့ပြီးပြီ။ လောလောဆယ်၌ အမေရိကန်မှ လက်နက်များသည် အစ္စရေးနိုင်ငံ ဟိုင်ဖာဆိပ်ကမ်းသို့ တဖွဲဖွဲ ရောက်ရှိလာနေဆဲ ဖြစ်သည်။

အဖြေ တခုသည် ရုတ်တရက် ပေါ်ပေါက် လာခဲ့သည်။ နာဂျီးယားက နောက်ဆုံးအကြိမ် ခွင့်ပြုလိုက်လျှင် စစ်ဆင်ရေးကို ဤအမျိုးသမီးငယ်၏ လက်ထဲ လွှဲအပ် လိုက်ရပေတော့မည်။

သူမသည် ဝတ်ရုံရှည်ကြီးကို ကုလားထိုင်ပေါ် ပစ်တင်ပြီး သူတို့ သုံးဦးကို မျက်နှာချင်း ဆိုင်လိုက်သည်။

'မင်္ဂလာညနေခင်းပါ ရဲဘော်တို့'

'တွေ့ရတာ ဝမ်းသာပါတယ် ရဲဘော် ဒါလီယာ'

နာဂျီးယားက နှုတ်ဆက်သည်။ သူမ ဝင်လာသော်လည်း သူ ထိုင်ရာမှ မထပေ။ အခြား နှစ်ဦး လည်း မထ ကြပေ။ အမေရိကန်နိုင်ငံ၌ တနှစ်တာမျှ နေခဲ့စဉ်သူမ၏ အသွင်သဏ္ဍာန်သည် ပြောင်းလဲသွားခဲ့ပြီ။ သူမသည် အောင်းဘီရှည်နှင့် ကုတ်အင်္ကျီဝတ်စုံတို့ကို လုပ သပ်ယပ်စွာ ဝတ်ဆင်ထား၏။ ပြီးတော့ သူမသည် သူတို့နှင့် အနည်းငယ် စိမ်းကားနေသလိုလို။





'အမေရိကန်က လူ အသင့်ဖြစ်နေပြီ၊ သူ ကျွန်မခိုင်းတာ လုပ်ပေးလိမ့်မယ်၊ သူဟာ ဒီကိစ္စအတွက် အသက်ရှင်နေတာပဲ'

'ဒီလူကို စိတ်ချရရဲ့လား၊ သူဟာ အခြေခိုင်ရဲ့လား'

နာဂျီးယားသည် သူ၏ ဦးနှောက်ကို ထိုးဖောက်နေသည့်အလား စူးစိုက်ကြည့်နေသည်။

'အခြေခိုင်ပါတယ်၊ ကျွန်မ သူ့ကို ထောက်ပံ့နေတာပဲ၊ ကျွန်မအပေါ် သူ မှီခိုနေရတယ်လေ'

'အေး၊ မင်း သတင်းပို့ချက်အရ ငါသိပြီးပြီ၊ ဒါပေမယ့် ချိုးဝှက်စကားနဲ့ ဆိုတော့ တချို့နေရာမှာ သိပ်မရှင်းဘူး၊ မေးစရာတွေ ရှိသေးတယ်၊ ကဲ အလီ'

အာဘူအလီက ဒါလီယာအား သေသေချာချာ ကြည့်လိုက်သည်။ ဘေရွတ်မြို့၊ အမေရိကန် တက္ကသိုလ်၌ စိတ္တဗေဒ ဘာသာရပ် သင်ကြား ပို့ချပေးခဲ့သော အာဘူအလီအား သူမ မှတ်မိပါသည်။

'အမေရိကန်ကြီးဟာ စိတ်မှန်ရဲ့လား'

'မှန်ပါတယ်'

'ဒါပေမယ့် မင်းက သူ့ကို ရူးနေတယ်လို့ ယူဆထားတယ်မဟုတ်လား'

'ရူးသွပ်ခြင်းနဲ့ ထင်ရှားတဲ့ ဆင်ခြင်တုံတရား ရှိတာဟာ တသီးတခြားစီပါ၊ ရဲဘော်'

'မင်း အပေါ် သူ့ရဲ့ မှီခိုမှု ပိုမို ကြီးထွားလာနေသလား၊ မင်းကို စိမ်းကားတတ်တဲ့အခါ ရှိလား'



www.burmeseclassic.com

www.burmeseclassic.com



'တခါတလေတော့ သူ ဘာသိဘာသာ နေထတ်တွယ်… ခု တလော ပိုဆိုးလာတယ်'

နာဂျီးယားက ခေါင်းညိတ်သည်။ သူမ အမှန် အတိုင်း ပြောနေကြောင်း သူ သိသည်။ တယ်လာဗစ် မြို့၊ လော့ဒ် လေဆိပ်၌ ပရမ်းပတာပစ်သတ်ခဲ့သော ဂျပန်အကြမ်းဖက်သမား သုံးဦးအား ဒါလီယာက ကူညီ လေ့ကျင့်ပေးခဲ့သည်။ မူလက ဂျပန်အကြမ်းဖက်သမား လေးဦး ရှိသည်။ လေ့ကျင့်ယင်းနှင့် ဂျပန်တဦးက ကြောက်စိတ်ဝင်သွားသဖြင့် သူ့ရဲဘက် သုံးဦး မျက်စိရှေ့မှောက်၌ပင် ဒါလီယာက ရှမီဆာမရှင်း ပစ္စတိုဖြင့် အဆုံးစီရင်ခဲ့သည်။

'မင်းကို ဒီအမေရိကန်ကြီးက အမေရိကန် အစိုးရလက်ထဲ အပ်လိုက်ယင် ဘယ့်နှယ်လုပ်မလဲ'

အလီက မေးသည်။

'အစိုးရက သူ့ဆီက ဘာရမှာလဲ၊ ကျွန်မက ပါးမှားတကောင် ပဲ၊ ကျွန်မဆီက ဗုံးတွေ အများကြီးရမယ်၊ ဒါပေမယ့် အမေရိကန်တွေ လက်ထဲမှာ ပလပ်စတစ်ဗုံးတွေ အများကြီး ရှိနေပြီး သားပဲ၊ ဒါကို ကျွန်မတို့အားလုံး သိပြီးသားပဲ မဟုတ်လား'

နာဂျီးယားအား ရည်ညွှန်း၍ ပြောလိုက်ရာ နာဂျီးယားက သူ့ကို မော့ကြည့်သည်။

အစ္စရေး အကြမ်းဖက်သမားများသည် အမေရိကန် တို့၏ (စီ-၄) ပလပ်စတစ်ဗုံးများကို အသုံးများကြသည်။ ဘန်ဒွမ်မြို့ တွင် ပေါက်ကွဲ ပျက်စီးသွားသော တိုက်ခန်းထဲမှ မိမိအစ်ကို၏





အလောင်းကို ထုတ်ယူပြီးမှ ခြေထောက်များကို တခေါက်သွား ပြန်ကောက်ယူခဲ့ရပုံကို နာဂျီးယား ပြန်မြင်ယောင်မိသည်။

'အမေရိကန်ကြီးဟာ ကျွန်မတို့ကို အားကိုးတာ သူ ဗုံးတွေ လိုချင်လို့ပဲ၊ ဒါ ရှင်သိပါတယ် ရဲဘော်၊ တခြား ကိစ္စတွေ အတွက်လဲ ကျွန်မကို သူ အားကိုးရဦးမယ်၊ သူ့ရဲ့ ဝါဒ ရေးရာကိုလဲ ကျွန်မတို့ မကန့်ကွက်ဘူး၊ တကယ်တော့ သူ့မှာ ဘာနိုင်ငံရေး ဝါဒမှ မရှိဘူးလေ၊ သူ့မှာ ဩတ္တပ္ပ စိတ်လဲ မရှိဘူး၊ သူ ကျွန်မကို အမေရိကန် အစိုးရ လက်ထဲ အပ်မှာ မဟုတ်ပါဘူး'

'သူ့ကို ပြန်ကြည့်ကြရအောင်၊ ရဲဘော် ဒါလီယာ၊ ဒီလူကို မင်းတခါတည်း အကဲဖြတ်ပြီးခဲ့ပြီ၊ တခြား အခြေအနေတွေမှာ သူ့ရဲ့ အသွင်သဏ္ဍာန်ကို ထုတ်ပြပါရစေဦး၊ကဲ ရဲဘော်အလီရေ'

အာဘူအလီက စားပွဲပေါ်၌ ၁၆-မ၊မ ရုပ်ရှင်ပြစက်ကို တင်ပြီး အခန်းမီးများ မှိတ်လိုက်သည်။

'ရဲဘော် ဒါလီယာ ဒီဟာကို အမေရိကန် ရုပ်မြင်သံကြားမှာ တခါ ပြခဲ့ပြီးပြီ၊ မင်းကို 'စစ်အိမ်တော်'မှာ မပို့ထားခင်ကပေါ့၊ မင်း ကြည့်လိုက်ရဦးမယ် မထင်ပါဘူး'

အလီက ခနဲ့လိုက်သည်။

'သူ့ကို ကယ်ဆယ်ရေး ရဟတ်ယာဉ် မောင်းတုန်းက ဖမ်း မိခဲ့တာ၊ ပျက်ကျသွားတဲ့ ဖင်ထွမ် လေယာဉ်မှူးနဲ့ အဖွဲ့ကို ကယ် တုန်းမိသွားတာပဲ၊ ကျွန်မ အစီရင်ခံစာကို ရှင် ဖတ်ပြီးရောပေါ့'

ဒါလီယာက ပြောလိုက်သည်။

'မင်းကို သူပြောပြသမျှ အဖြစ်အပျက်တွေ ငါ ဖတ်ပြီးပြီ'



www.burmeseclassic.com

www.burmeseclassic.com



နာဂျီးယားက ပြောသည်။

'သူ ကျွန်မကို အမှန်ပြောတာ၊ သူ မလိမ်တတ်ပါဘူး၊ သူနဲ့ ကျွန်မ အတူနေတာ နှစ်လရှိပြီ၊ ကျွန်မ ကောင်းကောင်း သိတာပေါ့'

'ဒါ အသေးအဖွဲ့ ကိစ္စပါလေ၊ သူနဲ့ ပတ်သက်ပြီး တခြားဟာ စိတ်ဝင်စားစရာတွေ ရှိပါသေးတယ်'

အလီက ပြောသည်။

နောက် နာရီဝက်တာ အတွင်း၌ အလီက အမေရိကန်ကြီး လင်ဒါ၏ အပြုအမူများနှင့်ပတ်သက်ပြီး ဒါလီယာအား စေ့စေ့ပေါက်ပေါက် မေးမြန်းသည်။ စစ်ဆေးမှု ပြီးဆုံး သွားသော အခါ ဒါလီယာသည် အနံ့ဆိုးကြီး တခုကို အခန်းထဲ၌ ရှူရှိုက်မိသည်။ သူမ စိတ်က ထင်တာလားမသိ။ တိုင်ရာမြို့ ပါလက်စတိုင်း ဒုက္ခသည်စခန်းတွင် သူမ အသက် ရှစ်နှစ်အရွယ်က သူမတို့သားအမိအား စားသောက်စရာ လာပေးသော လူကြီးနှင့် သူမ မိခင်တို့၏ မှောင်ထဲမှ ညည်းညူသံများ ပေါ်ထွက်ရာဖြစ်သည့် အိပ်ရာခင်းစိုစိုကို မြင်၍ လိပ်သိမ်းပေးခဲ့ပုံ ပြန်သတိရလာသည်။

ဖာခဆး (လ်) က ဆက်လက်မေးသည်။ သူ့လက်ချောင်းများမှာ စက်မှုပညာရှင် တယောက်၏ လက်မျိုး။ လက်ဖျားများက တုံးတိတိ။ ကုလားထိုင်တွင် ဖင်ရွှေ့တိုး၍ ထိုင်သည်။ ကျောပိုးအိတ်ကလေးကို သူ့ခြေးရှိ ကြမ်းပြင်ပေါ်၌ ချထားသည်။

'အမေရိကန်ကြီးက ဗုံးတွေ ဘာတွေ ကိုင်ဖူးရဲ့လား'





'စစ်တပ်မှာသုံးတဲ့ ဗုံးအထုပ် တွေလောက်ပဲ ကိုင်ဖူးတယ်၊ ဒါပေမယ့် သူ သေသေချာချာ အသေးစိတ် စိစဉ် ထားပြီးပြီ၊ သူ့ စီမံကိန်းက အဓိပ္ပာယ်ရှိပါတယ်'

'အေး၊ မင်း အတွက်တော့ ဟုတ်မှာပေါ့၊ ရဲဘော် ဒါလီယာ၊ မင်းက သူနဲ့ သိပ် ပတ်သက်နေမိပြီကိုး၊ ဘယ်လောက် အဓိပ္ပာယ် ရှိသလဲဆိုတာ တို့ ကြည့်ရသေးတာပေါ့'

ခုနေများ လင်ဒါ ရောက်နေယင် ဘယ်လောက် ကောင်းလိုက်မလဲ၊ သူ့ရဲ့ ကြောက်မက်ဖွယ် စီမံကိန်းကြီးကို တဆင့်စီ သည်းဖြည်းချင်း ရှင်းပြသွားတာကို နာဂျီးယားတို့အား ကြားချင်သည်။

ထို့နောက် သူမသည် သက်ပြင်းရှိုက်ပြီး အမေရိကန်မြည်သူလူဦးရေ ၈၀,၀၀၀ ကျော်တို့ တပြိုင်တည်း မွဲချင်းပြီး သေဆုံးစေမည့် စီမံကိန်းကြီး၏ နည်းနာပိုင်းဆိုင်ရာ ပြဿနာများကို ပြောပြသည်။

'အလေးချိန် ကန့်သတ်ချက် ရှိတယ်၊ ပလပ်စတစ် ကီလို ၆၀၀ထက် ကျွန်မတို့ ပို့မရနိုင်ဘူး၊ စီးကရက်ထုလိပ်၊ဖောင်တိန် အချောင်းနဲ့ စာရွက် တရွက်လောက် ကျွန်မကို ပေးပါ'

ဒါလီယာက စားပွဲပေါ် ကုန်းပြီး၊ စာရွက်ပေါ်၌ ဇလုံခွက်နှင့် ဆင်သော မျဉ်းကွေးတကြောင်း ရေးဆွဲသည်။ ထိုမျဉ်းပေါ်တွင် မျဉ်းကွေးငယ်တကြောင်း ထပ်ဆွဲသည်။

'ဒီဟာက ပစ်မှတ်'

ပထမ မျဉ်းကွေး အကြီးကို ထောက်ပြသည်။ ထို့နောက် အပေါ်မှ မျဉ်းကွေးငယ်ကို ထောက်ပြီး....



www.burmeseclassic.com

www.burmeseclassic.com



'ဒါက ဗုံးပေါက်ယင် ထိရောက်နိုင်တဲ့ လားရော'

'ဟုတ်ပြီ၊ 'ကလေမိုး(ရ်)' မိုင်းဗုံး အကြီးစားကို ဖောက်ခဲ့သလို ဆိုပါတော့'

'မင်း သိချင်တာကို ရဲဘော် နာဂျီးယားက ပြောပြပါလိမ့်မယ်'

ဖာဆေးလ်က ခပ်တိုးတိုး ပြောသည်။

နာဂျီးယား၊ ဖာဆေးလ် တို့နှင့် ဒါလီယာတို့ ဗုံးကိစ္စကို အချေအတင် ဆွေးနွေး နေကြသည်။

ထို့နောက် ဒါလီယာက ဖာဆေးလ်အား ကြည့်လိုက်သည်။ ဖာဆေးလ် ပြုံးနေသည်။ ကျေနပ်၍လား၊ နာဂျီးယားကို ကြောက်၍လား၊ မခွဲခြားတတ်။ ပုံစံထဲမှ မျဉ်းကွေးကြီးသည် ဇန်နဝါရီလ ၁၂-ရက်နေ့၊ ပထမ ၂၁-မိနစ်တာ၊ ဆူပါဘိုး(လ်) အမေရိကန် ဘောလုံး (ရပ်(ဂ်)ဘီ) ပွဲကြီး ကစားမည့် တူလိန်း အားကစားကွင်းကြီးကို ရည်ညွှန်းခြင်း ဖြစ်ကြောင်း ဖာဆေးလ် သိချင်မှ သိမည်ဟု သူမ တွေးမိလေသည်။

× × ×

ဒါလီယာသည် စကြိုလမ်းမ အစွန်ရှိ အခန်းထဲ၌ တနာရီမျှ စောင့်နေသည်။ နာဂျီးယား၏ ရုံးခန်းသို့ ပြန်ဝင်ရသောအခါ နာဂျီးယားအား တယောက်တည်း တွေ့ရ၏။ သူမ သိခွင့်ရတော့မည်။





ဓာကြည့်မီးတိုင်၏ မီးရောင်မှအပ အခန်းထဲ၌ အတော်လေး မှောင်နေသည်။ နာဂျီးယားသည် နံရံကို ကျောမှီ ထိုင်နေသဖြင့် သူ့ကိုယ်ပေါ် မှောင်ရိပ် ဖုံးနေသည်။ သူ့လက်များကတော့ အလင်းရောင်အောက်မှာရှိပြီး အနက်ရောင် ကွန်မန်ဒိုဓားတချောင်း ကိုင် ဆော့နေသည်။ သူက ခပ်တိုးတိုးလေး ပြောလိုက်သည်။

'ကဲ မင်းလုပ်ပေတော့ ဒါလီယာ၊ မင်းသတ်လို့ ရသလောက် များများသာ သတ်ပစ်စမ်း'

နာဂျီးယားသည် ရုတ်တရက် မီးရောင်ရှေ့ တိုးလိုက်ပြီး အင်ကျသလို ပြုံးလိုက်သည်။ သူ၏ ညိုမည်းမည်း မျက်နှာပေါ်မှ သွားများက ဖွေးနေသည်။ ဖာဆေးလ်၏ သေတ္တာကို ဖွင့်ပြီး ရုပ်တုလေးတခုထုတ်ယူသည်။ မဒွန်နာ(မယ်တော်မေရီ) ရုပ်တုလေး ဖြစ်သည်။ ဘာသာရေး အသုံးအဆောင် ပစ္စည်း အရောင်းဆိုင်များ၏ မှန်ပြတင်းများတွင် တွေ့ရတတ်သော အရုပ်မျိုး။ ဆေးရောင် တောက်တောက်ပပ။ ခပ်ကြမ်းကြမ်း ဆေးခြယ် ထားသည်။

'အဲဒါကို သေသေချာချာ ကြည့်စမ်း'

သူမက အရုပ်ကလေးကို ချိန်ဆပြီး လှည့်လာသည်။ ကီလိုဝက်မျှ လေးသည်။ ပလာစတာနှင့် ပြုလုပ်ထားပုံမရ။ အရုပ် ခါးတလျှောက်၌ အက်ကွဲကြောင်းလေး ရှိသည်။ ပုံသွင်းပြီး နှစ်ခြမ်း ဆက်ထားသော အရုပ်ဖြစ်သည်။ အရုပ်ဖင်၌ 'ထိုင်ဝမ်နိုင်ငံ ပြုလုပ်သည်' ဟူသော စာတန်း တွေ့ရ၏။

'အဲဒါ ပလပ်စတစ်ဖုံးလုပ်တဲ့ ပလပ်စတစ်နဲ့ လုပ်ထားတဲ့ အရုပ်၊ အမေရိကန် စီ-၄ ပလပ်စတစ်မျိုးနဲ့ဆင်တူပဲ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



စီ-၄ ထက် ပိုကောင်းတယ်၊ သိပ်အားကောင်းတယ်၊ စင်တီဂရိတ် ၅၀ ဒီဂရီထက် ကျော်အောင် အပူပေးယင် ကြိုက်သလို ပုံစံပြောင်းပစ်လို့ ရတယ်၊ နက်ဖြန်က စပြီး နှစ်ပတ်ကြာမှာ 'လက်တီးရှား' ကုန်တင်သင်္ဘောနဲ့ ဒီအရုပ်မျိုး (၁၂၀၀) နယူးယောက်ကိုတိုက်သာလိမ့်မယ်၊ ဒီဟာ တင်သွင်းသူ မြူဇီကဆိပ်ကမ်းမှာ ထုတ်ယူလိမ့်မယ်၊ ပြီးယင် သူ့ကို မင်း နှုတ်ပိတ်ပစ်လိုက်ချေ'

နာဂျီးယားက မတ်တတ် ထပြီး ခါးဆန့်လိုက်သည်။

'မင်း တာဝန်ကျေပွန်ပါတယ် ရဲဘော် ဒါလီယာ၊ မင်းဟာ ဒီအဆင့် ရောက်အောင် နှစ်ရှည်ရှည် ကြိုးပမ်း တက်လှမ်းခဲ့ရသူပဲ၊ မင်း ငါနဲ့အတူ အနားယူနိုင်ပါပြီ'

နာဂျီးယား၏ သားနားထည်ဝါသော တိုက်ခန်းမှာ အမှတ် ၁၇၊ ရှုးဗာဒွန်လမ်း အပေါ်ထပ်တွင် ဖြစ်သည်။ ထိုတိုက်တွင် အခြား အထပ်များ၌လည်း ဖာဆေးလ်နှင့် အလီတို့၏ အခန်းများ သီးခြား ရှိသည်။

ဒါလီယာသည် နာဂျီးယား၏အိပ်ရာပေါ်တွင် ပေါင်ပေါ်၌ တိပ်ရိကော်ဒါငယ်လေးတလုံး တင်လျက် လှဲနေသည်။ နာဂျီးယားသည် တိုက်ပွဲ စပြီးနောက် 'ရေဒီယို ဘေရွတ်' အသံလွှင့်ဌာနမှ သုံးရန် တိပ်ခွေတခွေ အသံသွင်းခိုင်းထားသည်။ နာဂျီးယားသည် ဆိုဖာရှည်ပေါ်၌ ထိုင်ကာ သူမအား ကြည့်ယင်း စိတ်နိုးကြွလာလျက်ရှိသည်။ ဒါလီယာက မိုက်ခွက်မှ စကားစ ပြောလိုက်သည်။





'အမေရိကန်ပြည်သူများရှင်၊ ဒီနေ့....ပါလက်စတိုင်း လွတ်မြောက်ရေး တပ်သားများဟာ သင်တို့နိုင်ငံရဲ့ အသည်းနှလုံးကို ကြီးမားစွာ ထိုးနှက် တိုက်ခိုက် ဖောက်ခွဲ ပစ်လိုက်ပါပြီ....'ဟု အစ ချီလိုက်သည်။

ဒါလီယာ စကား ပြောပြီးသွားသောအခါ.... နာဂျီးယားသည် သူမ ရှေ့၌ ရပ်နေသည်။ သူ့ကိုယ်ပေါ်မှ ရေချိုးဝတ်စုံ ချွတ်ချလိုက်သော အခါ ဒါလီယာက နာဂျီးယားထံ လက်လှမ်း လိုက်လေသည်။

× × ×

ဒါလီယာနှင့် နာဂျီးယားတို့ အိပ်ရာပေါ်၌ အတူ အိပ်နေစဉ် ထိုတိုက်ခန်းနှင့် နှစ်မိုင် ကွာဝေးသော နေရာမှ အစ္စရေး ဒုံးပျံတင် သင်္ဘောငယ် တစင်းသည် မြေထဲ ပင်လယ်ထဲမှ တိတ်ဆိတ်စွာ ဖြတ်မောင်းလာလျက် ရှိသည်။ 'ဂရေ့ဒြပီဂျင်းစ်' မြို့ တောင်ဘက် မီတာ ၁၀၀၀-တွင် သင်္ဘောရပ်ပြီး ဖောင်ငယ် တခုကိုရေထဲချသည်။

ဖောင်ပေါ်သို့ လူ တဒါဇင် ဆင်းသည်။ သူတို့သည် ရှူး အာရပ်၊ ပြင်သစ်နိုင်ငံတို့၌ ချုပ်လုပ်သော ရှုံးဝန်ထမ်း ဆိုတ်စုံများ၊ လည်စီးများ ဝတ်ဆင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ အားလုံး အောက်ခံပျော့ပျော့ ဖိနပ်များ စီးထားပြီး သူတို့မှာ မည်သည့် သက်သေခံ မှတ်ပုံတင် စာရွက် စာတမ်းမျှ မပါရှိကြပေ။ သူတို့ မျက်နှာများက ခက်ထန်၏။ သူတို့သည် လက်ဘနွန်သို့ ယခု ပထမဆုံးအကြိမ်လာရောက်ခြင်း မဟုတ်ပေ။

လ တစိတ် သာနေသည်။ ရေက မီးခိုးရောင်။ ပင်လယ်ပြင်မှာ ကုန်းပြင်ဘက်က လေနွေးနွေး တိုက်ခတ်နေသည်။

ဖောင်ပေါ် ပါသူ လူရှစ်ယောက်က လှော်တက်ငယ်များဖြင့် ရှုးမားဒွန် ရပ်ကွက်၏ သဲသောင်ပြင် ကမ်းခြေသို့ မီတာ လေးရာ ခရီးကို ခပ်သွက်သွက် လှော်ခတ်သွားကြသည်။

နေထွက်ရန် ၁၇-မိနစ်အလို၊ မနက် ၄း၁၁-နာရီ ရှိပြီ။ ဖောင်ငယ်ကို သဲပြင်ပေါ်သို့ အသံမကြားအောင် ဆွဲတင်ကြသည်။ ကင်းဗတ်စဖြင့် ဖုံးပြီး သဲများဖြင့် ထပ်ဖုံးလိုက်သည်။

ထို့နောက် ကမ်းခြေမှ ရှုးရမ်လက်အဲလ်ဘေဒါလမ်းသို့ ခပ်သုတ်သုတ် လျှောက်သွားကြသည်။ မြောက်ဘက်ပိုင်း ဟိုတယ်များ၏ မီးရောင်များရှေ့တွင် ကားလေးစီးနှင့် လူလေးယောက်က သူတို့အုပ်စုကို စောင့်နေကြသည်။

ထိုကားများဆီမှ ဂိုက်အနည်းငယ် အလိုတွင် အညိုနှင့် အပြာရောင်စပ်ကြား လင့်ရိုဗာတစီးသည် ရှုရမ္မလက်လမ်းထဲသို့ ဆူညံစွာ မောင်းဝင်လာပြီး ဂိုက်သုံးဆယ်အကွာ၌ ကားတန်းကို ရှေ့မီးများဖြင့် ထိုးလိုက်သည်။

လင့်ရိုဗာ ပေါ်မှ အရောင်ရင့်ရင့် ယူနီဖောင်း ဝတ် လူနှစ်ယောက် ခုန်ဆင်းပြီး သေနတ်များနှင့် ချိန်ထားသည်။





'လှုပ်နဲ့၊ ဘယ်သူလဲ ပြော—'

ဖောက်ကနဲမြည်သံနှင့်အတူ လက်ဘနွန်ရဲအရာရှိများ၏ကိုယ် မှ ဖိုန်များ ထောင်းကနဲ ထွက်သွားပြီး လမ်းမပေါ် လဲကျ သွားသည် ကမ်းခြေဘက်မှ လူတစု၏ ပါရာဘယ်လမ် ၉ မ၊ မ ဆိုက်တ် သေနတ်ကျည်ဆန်များ ထိမှန်သွားပြီ။

ဒုတိယ လူ ယာဉ်မောင်းသူ ရဲသားသည် ကားမောင်းထွက် ပြေးရန်ကြံသည်။ ကားရှေ့မှန်ကိုဖောက်၍ သူ့နဖူးထဲ ကျည်ဆန် ဝင်သွား၏။

ကားသည် လမ်းဘေး ထန်းပင်ကို ဝင်တိုက်မိသည်။ ရဲသား သည် ကားဟွန်းပေါ် မှောက်လျက် ကျသွားသည်။ သူစီမ်း ပြီးသည် လင့်ရိုဗာ မောင်းသူ အလောင်းကို ဆွဲဖယ်လိုက်စဉ် ကမ်းခြေရှေ့ရှိ တိုက်ခန်း အချို့မှ မီးများ လင်းလာသည်။ ပြတင်းပေါက်တခု ပွင့်လာပြီး အာရပ်လို ဒေါနှင့် မောနှင့် အော်ပြောသည်။

'ဘာဖြစ်ကြတာလဲ၊ ရဲကို တိုင်လိုက်ကြစမ်းပါ'

တိုက်ခိုက်ရေး တပ်စု ခေါင်းဆောင်သည် ထရပ်ကား ဘေး နှင့် ရပ်လိုက်ပြီး အရက်သမားဟန်ဖြင့် အာရပ်လို ပြန်ပြော သည်။

'ဖာတီမာ ဘယ်သွားနေလဲ—ဟေ၊ သူ အချိန်မီ မလှာယင် ဘာ တို့သွားနှင့်မယ်ကွာ'

'ဟေ့—အရက်မူးသမားတွေ၊ ဒီက မြန်မြန်ထွက်သွားစမ်း၊ လိပ်တိုင်လိုက်ရမလားကွ— ဟေ'



www.burmeseclassic.com

www.burmeseclassic.com



'သာလမ်အာလေကွမ်....မိတ်ဆွေ၊ ကျွန်တော်သွားပါတော့မယ်'

လမ်းပေါ်မှ အမှုးသမားက ပြန်ဖြေသည်။ တိုက်ခန်း မီးမှိတ်သွားသည်။

နှစ်မိနစ်အတွင်း၌ လင့်ရိုဗာကားနှင့် ရဲသားအလေ မင်လယ်ထဲ စုန်းစုန်း နစ်မြုပ်သွားသည်။

ကားနှစ်စီးသည် 'ရွှေရမှုလက်' လမ်း တောင်ဘက်သို့ မော ထွက်သွားပြီး အခြားနှစ်စီးက ကော်နစ်(ရှ်)ရာ့(စ်) ဘေ လမ်းအတိုင်း နှစ်ပြ ခန့်သွားကာ မြောက်ဘက် ပြန်ချိုး ရွှေဗာဒွန်သို့ ဦးတည်သွားပြန်၏။

× × ×

အမှတ် ၁၈၊ ရွှေဗာဒွန်လမ်းတိုက်အိမ်ကြီးကိုနှစ်ဆယ့်လေးနာ လုံး အစောင့်အကြပ် ချထားသည်။ အစောင့်တဦးမှာ အိမ် ခန်းတွင် စောင့်နေသည်။ တယောက်က စက်သေနတ်ကိုင်လျှ လမ်းတဘက်ရှိ တိုက်ခေါင်မိုးပေါ်မှ ကြည့်နေသည်။

ယခု ခေါင်မိုးပေါ်မှ အစောင့်သည် သေနတ်ကိုင်လျှ လဲနေပြီ။ သူ့လည်ပင်းမှာ သွေးစီးကျနေ၏။ အိမ်ရှေ့ခန်း အစောင့်သည်လည်း တံခါးအပြင်ဘက်မှ အရက်သမားတဦး





ချောင်းဆိုသံကို မသင်္ကာ၍ ထွက်စစ်ဆေးမိရာမှ အသက် ပျောက်သွား ရှာလေပြီ။

ဒါလီယာ ရေချိုးခန်းသို့ ထသွားသောအခါ နာဂျီးယား အိပ်မောကျနေဆဲ။ ရေပန်းဖြင့် ခပ်ကြာကြာ အရသာခံ ရေချိုးလိုက်သည်။ နာဂျီးယားသည် ချစ်ရေး ချစ်ရာ၌ သိပ်အစွမ်း ပြောင်မြောက်လှသူ မဟုတ်။ သူမ ဆပ်ပြာတိုက်ယင်း ပြုံးလိုက်မိသည်။ အမေရိကန်ကြီး လင်ဒါအကြောင်း စဉ်းစားနေသည်။ ကြီလမ်းမှ လျှောက်လာသော ခြေသံများကို သူမ မကြားမိ။

အိပ်ခန်းတံခါး ဝုန်းကနဲ ပွင့်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်သဖြင့် နာဂျီးယားသည် အိပ်ရာမှ ဝေါ်ကနဲ ထလိုက်သည်။ သူ့မျက်စိ ကျိန်းသွား၏။

'ရဲဘော်....နာဂျီးယား'

ဝင်လာသူက ခေါ်လိုက်သည်။

'အိုင်ဝါး'

စက်သေနတ်မှ မီးပွင့်သွားသည်။ ကျည်ဆန်များက နာဂျီးယားအား နံရံသို့ ကျောနှင့် ပစ်ဆောင့်သွားစေ၏။ လူသတ်သမားသည် နာဂျီးယား၏ စားပွဲပေါ်ရှိ အရာအားလုံးကို အိတ်တလုံးထဲ သိမ်းကျုံးထည့်နေသည်။ အိမ်တွင်း တနေရာမှ ပေါက်ကွဲမှုကြောင့် အဆောက်အအုံ တခုလုံး တုန်ခါသွားသည်။

ရေချိုးခန်းထဲမှ အဝတ် ဗလာနှင့် ကောင်မလေးသည် ကြောက်ရွံ့လွန်းသဖြင့် လုံးဝ မလှုပ်ဝံ့။ လူသတ်သမားသည်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပြောင်းကို သူမရင်ဘတ်သို့ ချိန်ထားသည်။ သူ့လက်ညှိ
က ခလုတ်ပေါ် ကွေးထားသည်။ သူမ၏ ရင်သားများက လှု
သည်။

'အဝတ်ပြန်ဝတ်ထားစမ်း'

လူသတ်သမားက အမိန့်ပေးပြီး အခန်းထဲမှ ပြန်ထွက်သွာ
သည်။ အောက်နှစ်ထပ်ရှိ ဗုံးပေါက်ကွဲမှုကြောင့် အဘူအလီ
အခန်းနံရံ ပွင့်ထွက်သွားသည်။ အလီနှင့် သူ့ဇနီးတို့ ဖွဲ့ချင်းပြ
သေဆုံးသွား၏။

တိုက်ခိုက်ရေးသမားများသည် ဖုန်မှုန့်များကြောင့် ချောင်
တဟွတ်ဟွတ် ဆိုးယင်း အပေါ်ထပ် ပြေးတက် သွားသည်
ညဝတ်အင်္ကျီ၊ ဘောင်းဘီ အစင်းနှင့် ပိန်ပိန် သေးသေး
တယောက် စင်္ကြံလမ်းအဆုံးမှ ဆံပင်မရှင်းဂန်း မောင်းတင်
ဟန်ပြင်လျက် အခန်းထဲမှ ထွက်လာသည်။

သူ မောင်းတင်၍ မပြီးမီ စက်သေနတ် ကျည်ဆန်များ
သူ့ ခန္ဓာကိုယ်ထဲ ဝင်သွားသည်။ အချို့လည်း စင်္ကြံလမ်း
နံရံများထဲ ဝင်သွား၏။

ကွန်မန်ဒို တစုသည် လမ်းပေါ် ပြန်ထွက်ပြီး လူစု ခွဲကာ
မိမိတို့ ကားများ ဖြင့် ပင်လယ်ပြင်ဘက်၊ တောင်ဘက်
အရှိန်ကုန် မောင်းထွက် သွားကြသည်။ ရဲဥဩ ကားသံများ
ကြားရပြီ။

ဒါလီယာသည် နာဂျီးယား၏ ရေချိုးဝတ်ရုံကြီး ဝတ်လျ
စက္ကန့် အနည်းငယ်အတွင်း လမ်းမပေါ်သို့ ရောက်လာသည်



အနီးပတ်ဝန်းကျင် အိမ်များမှ လူများ တိုးဝှေ့၍ လာကြည့်နေ
ကြသည်။

ထိုလူအုပ်ကြားမှ သူမ ဖြတ်သွားစဉ် တစုံ တယောက်က
သူမ၏ လက်မောင်းကို တင်းကျပ်စွာ ဖမ်းကိုင် လိုက်သည်။
မိုဟာမက် ဖာဆေးလ် ကျည်ဆန် ရှပ်မှန်သဖြင့် သူ့ ပါးမှာ
သွေးအစင်းကြောင်းကြီး တွေ့ရသည်။ လက်တဖက်မှ ဒဏ်ရာကို
လည်စည်းဖြင့် စည်းထားသည်။

'နာဂျီးယားရော'

'သေပြီ'

'အလီလဲ သေပြီထင်တာပဲ၊ ငါ လမ်းထောင့် ရောက်တော့
သူ့ ပြတင်းပေါက်ကြီး ပွင့်ကျ သွားတယ်၊ ငါ ကားပေါ်
ကနေ လှမ်းပစ်သေးတယ်၊ ဒီမယ်...ငါ ပြောတာ သေသေ
ချာချာ နားထောင်စမ်း၊ နာဂျီးယားက အမိန့် ပေးခဲ့ပြီးပြီ၊
မင်းရဲ့ တာဝန်ကို ပြီးမြောက်အောင် ဆက်လုပ်ပါ၊ တို့လိုတဲ့
ဗုံးတွေဟာ အစီအစဉ်အတိုင်း ရောက်လာမှာပဲ၊ အပြောင်းအလဲ
မရှိဘူး၊ မင်းအတွက် ရှမီဆာနဲ့ အေကေ-၄၇ အပါအဝင်
စက်သေနတ်တွေ အားလုံး စက်ဘီးပစ္စည်းတွေနဲ့ ရောပြီး သပ်
သပ်စီ ခွဲထုပ်ပြီး ရောက်လာမယ်'

ဒါလီယာသည် မီးခိုးကြောင့် နီရဲသော မျက်လုံးများဖြင့်
ဖာဆေးလ်အား ကြည့်လိုက်သည်။

'တောက်... သူတို့တွေ ဒီအတွက် ပြန်အလျော်ပေးရမယ်၊
အာရပ်တယောက်အတွက် သူတို့ထဲ ၁၀,၀၀၀ ပေးဆပ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဖာဆေးလ်က သူမအား လုံခြုံစိတ်ချရသော ဆာဘာရုပ်မြို့ရှိ အိမ်တလုံးသို့ ခေါ်သွားပြီး၊ တနေ့လုံး ပုန်းနေခိုင်းသည်။ ည မိုးချုပ်သောအခါ သူ့ 'စင်ထရွန်' ကားဖြင့် လေဆိပ်သို့ လိုက်ပို့သည်။ သူမ ငှားဝတ်လာရသော ဝတ်စုံက သူမထက် နှစ်ဆ ကြီးနေသည်။ သူမ နွမ်းနယ်နေသဖြင့် ဒါကို ဂရု မစိုက်အား။

ည (၁၀း-၃၀) နာရီတွင် 'ပင်အမေရိကန်' လေယာဉ် (၇၀၇) ဘိုရင်း ဂျက်ကြီးသည် မြေထဲပင်လယ်ပေါ်မှ ဖြတ်၍ ပျံတက်လာသည်။ လေယာဉ်ညာဘက် တောင်ပံများမှ မြင်ရ သော အာရေဗျမီးရောင်လေးများ လုံးဝ မကွယ်ပျောက်သွား မီ၌ ဒါလီယာသည် ပင်ပန်း မောဟိုက်စွာဖြင့် အိပ်ပျော်သွား လေသည်။

■

**အခန်း ။ ၂ ။**

ထိုအချိန်တွင် မိုက်ကယ် လင်ဒါသည် သူ နှစ်သက်သော အလုပ်တခုကို လုပ်နေသည်။ ထိုအလုပ်ကား မိုင်ယာမီမြို့ အော် ရင့်ဂျ်ဘိုးလ် ကစားကွင်း အထက် ပေ ၈၀၀ တွင် ရုပ်မြင် သံကြားအဖွဲ့အတွက် ရုပ်မြင်သံကြား တည်ငြိမ်စွာ ရိုက်ကူးနိုင် စေရန် 'အယ်လ် ဒရစ် ၂' ကုမ္ပဏီ ကြော်ငြာ ဖြစ်သော လေ သင်္ဘောကြီးကို ထိန်းသိမ်းမောင်းနှင် ပျံသန်းပေးနေခြင်း ဖြစ် ပေသည်။

အောက်ဘက်ရှိ အော်ရင့် ဂျ် ဘိုးလ် အားကစားကွင်းကြီး ထဲတွင် နာမည်ကျော် ကမ္ဘာ့ချန်ပီယံ 'မိုင်ယာမီလင်းပိုင်များ' ဘောလုံးအသင်းနှင့် ပစ္စဘာ့ဂ် စတီးလား စ် ဘောလုံးအသင်း တို့အကြိတ်အနယ် ကစားနေကြသည်။





www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့် ပရိသတ်များ၏ အော်ဟစ်သံ များကို လင်ဒါ၏ ခေါင်းပေါ်ရှိ စပီကာမှ ကြားနေရသည်။ နေပူသော နေ့များတွင် လင်ဒါသည် အောက်ရှိ ပရိသတ်၏ ချွေးနံ့ကိုပင် သူ၏ လေသဘောကြီးပေါ်မှ ရှူရှိုက်ရသည်ဟု ထင်မိ၏။

အောက်မှ ချွေးနံ့နှင့် ခန္ဓာကိုယ်အပူရှိန်တို့ ရောပါလာသော လေသည် သန့်ရှင်းသော လေစီးကြောင်း မဟုတ်။ လင်ဒါ စိတ်မသတီ။ တမြို့မှ တမြို့သို့ ပျံသန်းရခြင်းကို သူကြိုက်သည်။ လေ သဘောကြီးမှာ သန့်ရှင်းပြီး တိတ်ဆိတ် နေတတ်သည်။

လင်ဒါသည် အောက်ရှိကွင်းကြီးကို တခါတရံမှသာ ငုံ့ကြည့်တတ်သည်။ ပေ ၃၀၀ အမြင့်၌ တည်ငြိမ်စွာ ရှိနေရန် ကွင်းကြီး၏ နှုတ်ခမ်းဖျားနှင့် အလံတိုင် ထိပ်ဖျားတို့အကြား မျက်စိမျဉ်းကို စိတ်ကူး သတ်မှတ်ထားသည်။

လင်ဒါသည် ခက်ခဲသော ပညာရပ် တခုတွင် အထူး ကျွမ်းကျင်သော လေသူရဲတဦး ဖြစ်၏။ လေသဘောတစီး မောင်းနှင်ရန်မှာ လွယ်ကူလှသော အလုပ် မဟုတ်ပေ။ လေ သဘော၏ လေထက် ပေါ့ပါးမှုနှင့် ကြီးမားသော မျက်နှာပြင်တို့ကြောင့် လေတိုက်ခတ်မှုအပေါ် မှီခိုနေရသည်။ (မှတ်ချက်။ လေသဘော ဟုသုံးသော်လည်း ၎င်း ရောမ မီးပုံး ယာဉ်ပျံကြီးများသည် လေထက်ပေါ့သော ဟီလီယမ် ဓာတ်ငွေ့ထည့်၍ ပျံသန်းကြခြင်း ဖြစ်သည်။) ကျွမ်းကျင်စွာ ထိန်းကျောင်း မောင်းနှင်တတ်ဖို့ လိုသည်။

လင်ဒါသည် သဘောသား တဦးကဲ့သို့ လေနှင့် ပတ်သက်သော အသိအာရုံရှိ၏။ ထို့ပြင် အတော်ဆုံး လေသဘောမောင်း





သူများကဲ့သို့ပင် စိတ်ရှည်မှုလည်း ရှိသည်။ သဘော၏ လှုပ်ရှားမှုမှာ စက်ဝန်းပုံ ရှိသည်။ လင်ဒါသည် နှစ်ကွက်ကျော် မြင်သူ ဖြစ်၏။

ထို့ကြောင့် စမ်းချောင်းထဲ၌ ရေကိုဆန်၍ ကူးခတ်နေသော ငါးတကောင် ပမာ သူ၏ ရောမ ဝေလငါးဖြူကြီးနှင့် တူသော လေသဘောကြီးကိုလည်း လေထဲ၌ အဆင်ပြေအောင် မောင်းနှင်နိုင်စွမ်း ရှိလေသည်။

ဘောလုံးပွဲ အားလပ်ချိန်များတွင် ပရိသတ်များသည် သူ၏ လေသဘောကြီးကို မော့ကြည့်ပြီး လက်ဝှေ့ယမ်း ပြကြသည်။ နှုတ်ဆက်ကြသည်။ သူတို့သည် လေထဲ၌ တည်ငြိမ်စွာ ရှိနေသော ရောမ လေသဘောကြီးကို အံ့အားသင့်မဆုံး ဖြစ်နေတတ်ကြ၏။

လင်ဒါ၏ ခေါင်းထဲ၌ 'အော်တိုပိုင်းလော့' ပါရှိ၏။ ထို့ကြောင့် သူ့လက်များက လေသဘောကို မတိမ်းမစောင်း လမ်းမချော်အောင် မောင်းနှင် ထိန်းသိမ်းနေစဉ်၊ ဦးနှောက် တစိတ်တပိုင်းက ဒါလီယာအကြောင်း စဉ်းစားနေလေသည်။ သူမ၏ မြီးညှောင့်ရိုးနားမှ အမာရွတ်ကလေး၊ သူမ၏ ထက်မျက်သော သွားများ၊ ပါးစပ်ထဲမှ ပျားရည်နှင့် ဆားရောထားသည့် အရသာ။

လင်ဒါသည် လက်ပတ်နာရီ ကြည့်လိုက်သည်။ ဒါလီယာ တယောက် ဘေရွတ်မှ အမေရိကန်နိုင်ငံသို့ ထွက်လာသည်မှာ တနာရီမျှ ရှိရော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါသည် ဒါလီယာအကြောင်းနှင့် ပျံသန်းမှုအကြောင်းကို အေးအေး ဆေးဆေး စဉ်းစားနေနိုင်၏။

သူ၏ အမာရွတ် ရှိသော ဗယ်လက်ဖြင့် အရှိန်မြင့် ထိန်းကြောင်း ခလုတ်များ ကို ရွှေတွန်းလိုက်ပြီး သူ့ထိုင်ခုံဘေး အတက်အဆင်းထိန်း လက်ကိုင်ဘီးကြီးကို နောက်ပြန် လှည့်လိုက်သည်။ လေသင်္ဘောကြီး အပေါ်မြင့်တက်လာစဉ် လင်ဒါက မိုက်ခွက်မှ စကားပြောလိုက်သည်။

'နိုရာတစ်သုည၊ ကစားကွင်းကနေ ပေ ၁၂၀၀-တက်မယ်'

'ကောင်းပြီ၊ နိုရာ တစ်သုည'

မိုင်ယာမီ လေကြောင်း ထိန်းသိမ်းရေး မျှော်စင်မှ ပြန်ပြောသည်။ လေကြောင်း ထိန်းသိမ်းရေး အရာရှိများ၊ မျှော်စင်မှ ရေဒီယို အော်ပရေတာများသည် လေသင်္ဘောကြီးနှင့် အစဉ်အမြဲ စကားပြောလိုကြသည်။

လေသင်္ဘောကြီး လာတော့မည် ဆိုလျှင် သူတို့တွေ နောက်ပြောင်စရာ ပြက်လုံးများ အသင့် ပြင်ထားကြသည်။ သူတို့သည် ပန်ဒါ ဝက်ဝံယိုတကောင်ကို ခင်မင်သလို လေသင်္ဘောကြီးကိုလည်း ခင်မင် နှစ်သက်ကြသည်။ အားကစားပွဲများနှင့် ပြပွဲပြိုင်ပွဲ များစွာတို့တွင် လေသင်္ဘောကြီးများကို အမေရိကန် ပြည်သူ သန်းပေါင်းများစွာတို့ တွေ့မြင်နေရဆဲ ဖြစ်သည်။ ၎င်းသည် ကြီးမားသော၊ ဖြည်းညင်းစွာ ရွေ့လျားနေသော၊ ကောင်းကင်ယံမှ လူသားတို့ မိတ်ဆွေကြီးတဦးပမာ ဖြစ်နေ၏။ လေသင်္ဘောကြီးများကို ဆင်ကြီး၊ ဝေလငါးကြီး ဟုလည်း ခေါ်ကြသည်။





ယနေ့ထိ 'ဗုံးကြီးတလုံး' ဟုတော့ ဘယ်သူကမှ မခေါ်ကြသေးချေ။

ဘောလုံးပွဲ ပြီးသွားပြီ။ ကစားကွင်းမှ တန်းစီထွက်သွားကြသော မော်တော်ကားများပေါ် သို့ လေသင်္ဘောကြီး၏ အလျား ၂၂၅ ပေ ရှိသော အရိပ်မည်းကြီး ဖြတ်သန်းသွားသည်။ ရုပ်သံ ကင်မရာမင်းနှင့် သူ့လက်ထောက်တို့သည် သူတို့၏ ပစ္စည်းကိရိယာ များကို မြဲမြံအောင် နေရာချထားပြီး အသားညှပ်ပေါင်မုန့်များ ထိုင်စားနေကြသည်။ လင်ဒါသည် သူတို့နှင့် မကြာခဏ အလုပ် တွဲလုပ်ဖူး၏။

လေသင်္ဘောကြီး ရေပြင်ပေါ် ရောက်လာသော အခါ 'ဘစ္စကိန်း ပင်လယ်အော်' ၌ ဆည်းဆာရောင် လွှမ်းနေပြီ။ လင်ဒါသည် မြောက်ဘက် ဦးလှည့်ပြီး မိုင်ယာမီ ကမ်းခြေမှ ကိုက်ငါးဆယ် အကွာမှ ဖြတ်သန်းသွားသည်။

ရုပ်သံ ကင်မရာမင်းနှင့် သူ့လက်ထောက်တို့က ကမ်းခြေမှ ဘီကီနီဝတ် မိန်းမလှလေးများကို မှန်ပြောင်းများနှင့် အားရပါးရ ငန်းကြသည်။ ကမ်းခြေမှ ရေချိုးသူ အချို့က လက်ဝှေ့ယမ်းပြကြသည်။

'ဟေ့မိုက်....အယ်(လ်)ဒရစ်(ချ်) ကုမ္ပဏီက ရော်ဘာတွေ ရော လုပ်သလား'

ကင်မရာမင်း မီယာဆင်က အသားညှပ်ပေါင်မုန့် ပလုတ်ပလောင်း စားယင်း သူ့တပည့်ကို အော်မေးသည်။

'လုပ်တာပေါ့၊ ကားတာယာ၊ ကားရွှေမှန် ဝိုက်ပါက ရော်ဘာ၊ ရော်ဘာ ရေချိုးကန်၊ ကလေး ကစားစရာ ပူပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ပြီးတော့ လူသေကောင်ထည့်တဲ့ ရော်ဘာအိတ်တွေ အကုန်လုပ်တယ်'

လက်ထောက်ဖြစ်သူ မိုက်က ပြန်ပြောသည်။ လေသဘော်သည် ဆောင်းတွင်း၌ ပျံသန်းခြင်း မရှိလှပေ။ ဆောင်းတွင်း၌ မိုင်ယာမီမြို့အနီး လေယာဉ်ကွင်း၌ ရောမ ဂိုဒေါင်ကြီး၌ သိမ်းဆည်း ထားလေ့ရှိသည်။

နွေဦးပေါက် ရာသီတိုင်းတွင် လေစီးကြောင်းပေါ် မူတည်၍ မြောက်ပိုင်းသို့ တနာရီလျှင် ရေမိုင်နှုန်း ၃၅မိုင်မှ၊ ၆၀မိုင်နှုန်းအတွင်း မောင်းလျက် ပြည်နယ်အလိုက် ကျင်းပသော ပြပွဲ မိုင်ပွဲများ၊ ဘော့(စ်)ဘောပွဲများသို့ လှည့်ပတ်သွားတတ်သည်။ အယ်(လ်)ဒရစ်(ချ်) ကုမ္ပဏီက ဆောင်းတွင်း၌ နေထိုင်ရန် လင်ဒါ့အတွက် မိုင်ယာမီ လေဆိပ် အနီးတွင် အိမ်ခန်း တခန်း ပေးထားသည်။

သို့သော် ယနေ့မူ လေသဘော်ကြီးကို ဂိုဒေါင်၌ သေသပ်စွာ သိမ်းဆည်းပြီးသည်နှင့် နယူးဝပ်(ခ်)မြို့ရှိ သူ၏နေအိမ်သို့ နေ့ရှင်နယ် လေကြောင်းကုမ္ပဏီ လေယာဉ်ဖြင့် ချက်ချင်းပြန်သွားလေသည်။ သူ့ အိမ်အနီးတွင် နယူးဂျာဇီပြည်နယ်၊ လိပ်(ခ်)ဟာ့(စ်)မြို့၌ လေသဘော်ကြီး၏ မြောက်ဘက် အခြေစိုက်စခန်း ရှိသည်။

လင်ဒါ၏ ဇနီးက သူ့ကို စွန့်ပစ်သွားသောအခါ ထိုအိမ်ကို သူ အပိုင် ရရှိခဲ့လေသည်။

ယနေ့ည လင်ဒါသည် ဂိုဒေါင်ထဲ၌ ညဥ့်အတော် နက်သည် အထိ အလုပ်လုပ်ယင်း ဒါလီယာ အပြန်ကို စောင့်နေသည်။





သူသည် အီပေါ်စီ အင်တဲ့ အရည်တဗူးကို ခုံရှည် ပေါ်တွင် ...ထားသည်၊ အနံ့ပြင်းသဖြင့် ဂိုဒေါင်တခုလုံး မွှန်နေသည်။ သူ့ ...ဘက် ကြမ်းပြင်ပေါ်တွင် ၁၈ပေ ရှည်သော ပစ္စည်းတခု ...သည်။

ယင်းကား ရွက်လှေငယ်တစင်း၏ဝမ်းဗိုက်သားမှ ဖြတ်ထုတ် ...ပြုလုပ်ထားသော ပုံစံခွက်ငယ်တခု ဖြစ်သည်။ ၎င်းပုံစံခွက်ကို ...ပေါ်တည့်တည့်မှ ကြည့်လျှင် မြင်း သံခွာနှင့်တူ၏။ ၎င်းခွက် ...ကို သူ အလုပ် အားလပ်ချိန်တွင် ပြုလုပ်ရာ ရက်သတ္တပတ် ...တော် ကြာသွားခဲ့သည်။

ယခု ထို ပုံစံခွက်ကို ချောဆီ သုတ်ထားပြီး အသုံးပြုရန် ...င့် ဖြစ်နေပြီ။

လင်ဒါသည် လေချွန်ယင်း ဖိုက်ဘာမှန် အဝတ်စနှင့်အင်တဲ့ ...ကို ပုံစံခွက်အတွင်းသား၌ အထပ်ထပ် သုတ်လိမ်းနေသည်။ ...းများကို တိတိကျကျ အချောသပ်သည်။ ဖိုက်ဘာ မှန်စ ...း ခြောက်သွားပြီး ပုံစံခွက်မှ ထွင်း၍ ထုတ်ယူသောအခါ ...သဘော်၏ အောက်တွဲ ဂွန်ဒိုလာ ယာဉ်ငယ်၏ အောက်ခြေ ...င် နေရာတကျ စွပ်၍ရမည့် အခွံတခု ရရှိမည်။ အလယ်ဗဟို ...အပေါက်မှ လေသဘော်၏ တခုတည်းသောဘီးနှင့် အသံ ...း တိုင်တို့ကို ထုတ်၍ရမည်။ အပြင်ခွံစွပ်မည့် အလေးချိန် ...သောဘောင်ကို ဂိုဒေါင် နံရံပေါ်တွင် ချိတ်ထားသည်။ ...ဘောင်မှာ အားကောင်း ခိုင်ခံ့ပြီး အထူး ပေါ့ပါးသော ...ယံ သတ္တုတမျိုးဖြင့် ပြုလုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါသည် ကားနှစ်စီးဆံ့ ဂိုဒေါင်ကို သူ အိမ်ထော မကွဲမီကပင် အလုပ်ရုံဖြစ်အောင် ပြောင်းလဲပစ်ခဲ့သည်။ အလု ရုံသုံး ပစ္စည်းများကို ဗီယက်နမ်သို့ မသွားမီကပင် သူကိုယ်တို ပြုလုပ်ခဲ့သည်။ သူ့ဇနီး ယူမသွားသော ပစ္စည်းများ ဖြစ်သ ကုလားထိုင် အမြင့်တလုံး၊ ခေါက်စားပွဲတလုံး၊ ကြိမ်ထိုး ဘောဂ ပစ္စည်းများ အားလုံးကို အလုပ်ရုံ ထပ်ခိုးပေါ်တွ ထားရှိသည်။

မီးချောင်းက လင်းလွန်းလှသည်။ လင်ဒါသည် ဘေ ဘောသမားဦးထုပ်ကို ဆောင်းထားပြီး ခပ်တိုးတိုး လေချွန်ယ ပုံစံခွက်ကို ဆက်လုပ်နေသည်။

ခဏရပ်ပြီး စဉ်းစားနေသည်။

ထို့နောက် မျက်နှာပြင်ကို အချောကိုင်သည်။ အောက် ၌ ခင်းထားသော သတင်းစာများ မစုတ်ပြဲစေရန် သူ လ လျှောက်သည့်အခါ သတိထားပြီး ခြေထောက်ကို မြှောက် လျှောက်သည်။

မနက် လေးနာရီ ထိုးပြီးခါစတွင် တယ်လီဖုန်း လာသည် လင်ဒါက ဂိုဒေါင်ထဲရှိ ဖုန်းမှ ထူးလိုက်သည်။

'မိုက်ကယ်'

သူမ၏ အင်္ဂလိပ်ဆန်သော လေသံ ကြားရတိုင်း လင် အံ့ဩမိသည်။ သူမ၏ နက်မှောင်သော ဆံပင်အုပ်ကြားမှ တ လီဖုန်းခွက် ကိုင်ထားပုံကို မြင်ယောင်မိသည်။





'ဘယ်သူထင်လို့တုန်း'

'အဘွားနေကောင်းတယ်။ ကျွန်မ လေဆိပ်မှာ၊ တအောင့် ကြာ လာခဲ့မယ်၊ အိပ်ချင်အိပ်နှင့်'

'ဘာဖြစ်လို့'

'မိုက်ကယ် ကျွန်မ ရှင့်ကို သိပ်တွေ့ချင်လှပြီ'

ဖုန်းချသွား၏။

လင်ဒါ၏ အိမ်ရှေ့ ကားလမ်းသွယ်လေးပေါ်မှ ဒေါ်လီယာ ကိုယ်တိုင် ကားမောင်း ဝင်လာသော အခါ နေထွက်စပြုပြီ။ ဘင်းပေါက်များ မှောင်မည်းနေ၏။ သူမ နှာနည်း ငယ် ကြောက်နေသည်။

သို့သော် သူနှင့် ပထမဆုံးအကြိမ် တွေ့ရစဉ်ကလောက်တော့ ကြောက်တော့။ ထိုစဉ်က သူမသည် ရှာမတွေ့နိုင်သော မြေ အကောင်နှင့် တခန်းတည်း အောင်းနေရသကဲ့သို့ ခံစားမိခဲ့ သည်။ သူနှင့်အတူ နေမိသောအခါ၊ မိုက်ကယ်၏ ကြောက် တော်ဖွယ် ကောင်းသော အသွင်သဏ္ဍာန် အပိုင်းကို သီးခြား ယ်ထားလိုက်လေသည်။

ယခု သူတို့ နှစ်ယောက်စလုံးသည် မြေတကောင်နှင့် တခန်း တည်း ရှိနေပြီး၊ ၎င်းမြေ ဘယ်မှာရှိကြောင်း၊ ဘာလုပ်နေ ကြောင်း၊ သူမ သိမြင်နေသကဲ့သို့ ဖြစ်နေလေပြီ။

သူမသည် အိမ်ထဲသို့ အသံဗလံ ကြားအောင် တမင်တကာ လုပ်၍ ဝင်လာပြီး မိုက်ကယ့်နာမည်ကို ခပ်တိုးတိုးခေါ်လျက် လှကားမှ တက်လာသည်။ မိုက်ကယ့်ကို မလန့်ဖျပ်စေလိုပေ။ ခန်းမှာ ပိန်းပိတ်အောင် မှောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်မှနေ၍ မိုက်ကယ်၏ စီးကရက်မီးကို မျက်လုံ
နီနီလေး တလုံးပမာ လှမ်းမြင်နေရသည်။

'ဟဲလို'

'လာခဲ့လေ'

သူမသည် မီးနီလေးဆီ မှောင်ထဲမှ လျှောက်သွားသည်။ သူ
သည် သူ့ ခုတင်ခြေရင်း ကြမ်းပြင်ပေါ်မှ နှစ်လုံးပြူးသေနတ်
ထိမိသည်။ မြေကြီး အိပ်ပျော်နေပါကလား။

လင်ဒါသည် ဝေလငါးများအကြောင်း အိပ်မက် မက်
သည်။ သူ အိပ်ရာမှ မထချင်သေး၊ အိပ်မက်ထဲတွင် သူသ
ရေတပ်မတော်မှ လေသင်္ဘောကြီးကို ရေခဲပြင်ပေါ်မှ ဖြ
မောင်းသွားသည်။ သူ့ အဖို့ တနေ့တာမှာ ကုန်ခဲ့လှသည်
၁၉၅၆-ခုနှစ်၊ သူ မြောက်ဝင်ရိုး စွန်း ပေါ် ဖြတ်ပျံ လျ
ရှိသည်။

ဝေလငါးများသည် အာတိတ် နေမင်းကြီးအောက်တွင် 
ပူစာ လှုံနေကြသည်။ သူတို့ခေါင်းပေါ်သို့ လေသင်္ဘောကြ
ရောက်လာမှသာ သူတို့ လေသင်္ဘောကြီးကို မြင်ကြ၏။ သူ
အာတိတ်သမုဒ္ဒရာ ရေ လှိုင်း အောက် သို့ ငုပ်လျှိုးဆင်းသွားက
သည်။

ဂွန်ဒိုလာမှ ငုံ့ကြည့်သောအခါ ရေခဲကျောက်ဆောင် 
အောက်နားတွင် ရှိနေသော ဝေလငါးများကို လင်ဒါ မြင်
ရသည်။ အေးစက်သောနေရာ တနေရာ။ ဘာသံမှမကြားရ





မြောက်ဝင်ရိုးစွန်းမှ ဖြတ်ကျော်သွားပြီး၊ သူ၏ သိလိုက်
ကွန်ပါ အိမ်မြောင်မှာ ချာလပတ် လည်သွားသည်။

'ကွန်ပါ...ကွန်ပါ'

မိုက်ကယ်လင်ဒါသည် အိမ်ထဲ၌ လျှောက်သွားယင်း ရေရွတ်
နေသည်။

'မနက်စာ ပြင်ထားပြီးပြီ မိုက်ကယ်'

ဒါလီယာက လင်ဒါ၏ပခုံးပေါ် လက်နှင့်ဖိတပ်လျက် ပြော
လိုက်သည်။ မိုက်ကယ်၏ အိပ်မက်အကြောင်း သူမ သိသည်။
သူ ဝေလငါးများအကြောင်း မကြာခဏ အိပ်မက်ပါစေဟု
သူမ မျှော်လင့်သည်။ ထိုအခါမျိုး၌ ,သူမအဖို့ ပိုလွယ်ကူသည်
မဟုတ်လား။

လင်ဒါသည် ယနေ့ ဗင်ပန်းဖွယ်ရှိ၏။ သူမသည် သူနှင့်
အတူ မနေနိုင်။ သူမက ခန်းဆီးများကို ဆွဲဖွင့်လိုက်သည်။
နေရောင်ကြောင့် အခန်းတခုလုံး လင်းသွားသည်။

'ရှင် မသွားရပါစေနဲ့လို့ ကျွန်မ ဆုတောင်းနေတာ'

'ငါ ထပ်ပြောဦးမယ်၊ မင်းမှာ ယေယျာဉ်မှုးလက်မှတ်ရှိတယ်
ဆိုယင် သူတို့က ဂရုစိုက် ကြည့်ကြမှာပဲ၊ ငါ သတင်းမပို့ယင်
သူတို့က စစ်ပြန်အဖွဲ့အစည်းက ဝန်ထမ်းတဦးကို မေးခွန်းလွှာ
ပို့စ်နဲ့ ဒီကို လွှတ်လိုက်လိမ့်မယ်'

'ရှင် ...ဒီလောက်တော့ ရပါတယ်'

'လေကြောင်းပျံသန်းမှု အဖွဲ့ချုပ်ကို ဖုန်းဆက်လိုက်တာနဲ့
ငါ့အဖို့ မလွယ်ဘူး၊ ငါ လေယာဉ်မောင်းခွင့် ရမှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဝန်ထမ်းက ငါ့ကိုဒေါင်ထဲဝင်ကြည့်ယင်ကော၊ နောက်ပြီး စာရေးတွေကိုလဲ ငါ တခေါက် ထပ်ကြည့်ချင်သေးတယ်'

လင်ဒါက လိမ္မော်ရည် သောက်ယင်း ပြောလိုက်သည်။

ဒါလီယာသည် ပြတင်းပေါက်ဘေးတွင် ရပ်နေသည်။ သူမ၏ ပါးနှင့် လည်ပင်းပေါ်သို့ နွေးထွေးသော နေရောင်ခြည် ထိုးကျ နေသည်။

'ရှင် ဘယ်လိုနေသလဲ'

'ဘာလဲ...ဒီနေ့ ငါရူးနေတယ် ကြောင်နေတယ် ထင်လို့ လား၊ ငါ ဘာမှမဖြစ်ဘူး'

'ကျွန်မ ဒီသဘောပြောတာ မဟုတ်ဘူး'

'ဒါဖြင့် ပြီးရော၊ အေး.... ဒီ စာရေးတကောင်နဲ့ သူတို့ ရုံးခန်းကျဉ်းကျဉ်းကလေးထဲ ဝင်လိုက်သွားပြီးတဲ့အခါ သူတို့က ငါ့အတွက် အစိုးရက ဘာတွေ ထပ်လုပ်ပေးဖို့ စီစဉ်နေတယ်ဆို တာ ပြောပြကြလိမ့်မယ်'

'ဒီမယ်၊ ရှင် ဒီနေ့ စိတ်ဖောက်ပြန် နေသလား၊ ရှင် အားလုံးကိုဖျက်ဆီးမလို့လား၊ အဲဒီ စစ်ပြန်အဖွဲ့က စာရေးကိုလည်ပင်း ညှစ်သတ်ပြီး ရှင် ထောင်ကျခံမလား'

သူမက ခလုတ်နှစ်ခု တပြိုင်တည်း ဆွဲလိုက်သည်။ ယခင်က တော့ ခလုတ်တခုစီ ဆွဲ၍ စမ်းကြည့်ဖူးသည်။ ယခု တပြိုင်တည်း ဆွဲလျှင် ဘာဖြစ်မလဲ ကြည့်ရမည်။

လင်ဒါ၏ မှတ်ဉာဏ်က အံ့သြဖွယ် ကောင်းလှသည်။ နိုးနေ သည့်အခါ သူ၏ ဖြစ်ရပ်ဟောင်းများကြောင့် မျက်နှာ ရှုံ့မဲ့ရှုံ့မဲ့





နိုးသော်လည်း အိပ်ပျော်နေသည့်အခါ ကြောက်လန့် တကြား အော်ဟစ်တတ်သည်။

'အမေရိကန် ပြည်သူများနှင့် သမ္မတ နစ်ဆင်တို့အား ဘုရား သခင် စောင့်ရှောက်ပါစေ'

စစ် သုံ့ပန်းများ လွတ်မြောက်လာသော အခါ ဖိလစ်ပိုင် နိုင်ငံ၊ ကလပ်ခ် လေတပ် အခြေစိုက် စခန်းသို့ ပြန်လာစဉ် စီ-၁၄၁ လေယာဉ် ပြတင်းပေါက်သို့ လေတပ် ဗိုလ် တဦးက ထို စာတန်းရေးထားသော စာရွက်ကို ထောင်ပြခဲ့သည်။ မင်းလမ်း အဘက်၌ထိုင်နေသော လင်ဒါသည် နေရောင်နောက်မှ ထိုးနေ သော ၎င်း စာရွက်ကို ပြောင်းပြန် ဖတ်ခဲ့ရပေသည်။

ဒါလီယာအား ရီဝေသော မျက်လုံးဖြင့် ကြည့်နေသည်။ သူ့ပါးစပ် ဟောင်းလောင်း ဖြစ်နေသည်။ မျက်နှာက ကြောင် တောင်တောင်။ ကြောက်စရာကောင်းသော အချိန်ဖြစ်၏။

'သူတို့ကို တယောက်ချင်း သတ်လို့ မရဘူး မိုက်ကယ်၊ ပြီးတော့ ရှင် တယောက်တည်း အတွက်လဲ မလုပ်ပါနဲ့၊ ရှင့် အတွက် ကျွန်မ လုပ်ပေးပါရစေ၊ ကျွန်မ သိပ် လုပ်ပေးချင်နေ ပါတယ်'

သူမအမှန်အတိုင်း ပြောနေခြင်း ဖြစ်သည်။ လင်ဒါ ကောင်း ကောင်းသိသည်။ သူ့မျက်လုံးများ ပြန်ပြူးလာသည်။ သူ့နှလုံး ခုန်သံကို မကြားမီ၌ သူ ဆက်လက် မကြားရတော့ပေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



စကြိုမျှား၌ ပြတင်းပေါက် မရှိ။ မိုက်ကယ် လင်ဒါသည် အစိုးရရုံး အဆောက်အအုံတွင်းရှိ အထပ်များမှ လမ်းလျှောက်သွားလျက်ရှိသည်။ အထွေထွေ ဆောင်ရွက်မှု အုပ်ချုပ်ရေး ဌာန၌ အပြာရောင်ယူနီဖောင်းဝတ် အစောင့်များသည် အထုပ်အပိုးများကို စစ်ဆေးနေကြသည်။ လင်ဒါ၌ ဘာအထုပ်မှ မပါ။

ညှော်ကြို တာဝန်ခံ စာရေးမလေးသည် 'လက်ထပ် ရမည့်သူနာပြု ဆရာမလေး' အမည်ရှိ ဝတ္ထုစာအုပ်ကို ဖတ်နေသည်။

'ကျွန်တော့် နာမည် မိုက်ကယ်လင်ဒါပါ'

'ထိုကင်နံပါတ် ယူပြီးပြီလား'

'ဟင့်အင်း'

'နံပါတ် ယူပါ'

လင်ဒါက စားပွဲဘေး လင်ဗန်းထဲမှ နံပါတ်ပြား အဝိုင်းလေးကို ကောက်ယူလိုက်သည်။

'ရှင့် နံပါတ် ဘယ်လောက်လဲ'

'၃၆'

'နာမည်'

'မိုက်ကယ်လင်ဒါ'

'ရှင့်မှာ ဘာ ချိတ်ယှင်းမှုရှိလဲ'

'မရှိဘူး၊ ဒီနေ့မှ သတင်းပို့တာ'

သူက ညှော်ကြို စာရေးမလေးအား စစ်ပြန် အဖွဲ့အစည်းမှ ပေးပို့သော စာကို ထုတ်ပေးသည်။

'ခဏထိုင်ပါ'





သူမက မိုက်ခွက်ဘက် လှည့်ပြီး....

'နံပါတ် ၁၇'

ဗိုင်နယ်လ် ပလပ်စတစ် ဂျာကင် ဝတ်ထားသော လူငယ်တယောက်သည် လင်ဒါ့ဘေးမှ ဖြတ်၍ စာရေးမ နောက်ဘက်ရှိ အခန်းထဲသို့ ဝင်သွားသည်။ ညှော်သည် စောင့်ဆိုင်းရန် အခန်းထဲရှိ ထိုင်ခုံ အလုံး ငါးဆယ်၏ ထက်ဝက်တွင် လူများ ရှိနေသည်။ အများစုမှာ လူငယ်များ ဖြစ်ကြသည်။ 'စပက် ၄' တပ်ခွဲမှ တပ်သားဟောင်းများ ဖြစ်ပုံရ၏။ စစ်ဝတ်စုံ ဝတ်ထားကြသော်လည်း စစ်သားပုံ မထွက်သော သူများ ဖြစ်၏။ တကယ်တော့ သူတို့တွေမှာ ဘတ်စ်ကားဂိတ်တွင် ပင်ဘော်လ်ကစားခုံများ၌ ကစား နေတတ်ကြသည့် အရွယ် များပင် ဖြစ်သည် မဟုတ်လား။

လင်ဒါ၏ရှေ့တည့်တည့်တွင် နားထင်အပေါ် နား၌အမာရွတ်ရှိသော လူတဦး ထိုင်နေသည်။ အမာရွတ်ကို ဆံပင်နှင့် ဖုံးအုပ်ရန် ကြိုးစား၍ ဖြီးထားသည်။ နှစ်မိနစ်ခန့်ရှိတိုင်း သူ့ အိတ်ထဲမှ ဆေးလိပ်ဘူးကိုင်ပလိုင်ထုတ်ကြည့်ပြီးပြန်ထည့်သည်။ သူ့ အင်္ကျီအိတ်တိုင်း၌ သက်ကိုင်ပလဝေါ်များ ပါရှိ၏။

လင်ဒါ၏ ဘေးရှိလူမှာ သူ့ ပေါင်ကို လက်နှစ်ဘက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်လျက် မလှုပ်မယှက် ထိုင်နေသည်။ သူ့ မျက်လုံးများသာ လှုပ်ရှားကြသည်။ သူ့ မျက်လုံးများသည် တစက္ကန့်မျှ မတည်ငြိမ်။ အခန်းထဲမှ ဖြတ်လျှောက်သွားသူ မှန်သမျှကိုအကဲခတ်နေသည်။ ရံဖန်ရံခါတော့ သူ့ ခေါင်းကို လှည့်မကြည့်ဘဲ သဖြင့် မျက်လုံးများကို ကျုံ့၍ ကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ကြို စားပွဲနောက်ဘက်ရှိဝက်ဘာထဲမှ ရိုးခန်းငယ်လေးထဲတွင် ပေါ့ဂ် သည် လင်ဒါအား စောင့်နေသည်။

ပေါ့ဂ် သည် အထွေထွေဆောင်ရွက်သူ ဌာနခွဲ ၁၂ မှဖြစ်ပြီး ရာထူးတိုးခွင့် ရမည့်သူတဦး ဖြစ်သည်။ သူသည် စစ်ပြန် စစ်သုံ့ပန်းများဆိုင်ရာ အထူးဌာနခွဲ၌ တာဝန်ကျနေခြင်း ဖြစ်သည်။

ပေါ့ဂ်၏ တာဝန်သစ်အရ စာရွက်စာတန်းများစွာကို ဖတ်ရှုနေရသည်။ ထို စာရွက်စာတမ်း မှတ်တမ်းများထဲတွင် လေတပ်မတော်မှ ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံလုံးဆိုင်ရာ စိတ္တဗေဒ အကြံပြုချက်လည်း ပါရှိသည်။

'လူတဦးသည် တဦးတည်း ခွဲခြားထားရှိခံရခြင်း၊ သိက္ခာချခံရခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ စော်ကားခံရခြင်းတို့ကြောင့် ဒေါသစိတ်လွန်ကဲကာ အချိန်အတန်ကြာအောင် စိတ်ကျရောဂါ ရရှိနေလိမ့်မည်ကား သေချာလှ၏။ ဤ စိတ်ကျရောဂါကြောင့် သူ၏တုံ့ပြန်မှုမှာမည်သည့်အချိန်တွင် မည်သို့မည်ပုံပြန်လည်ပေါ်ပေါက်လာမည်ကိုသာ စောင့်ကြည့်ရန် လိုပေသည်။

ဟူ၍ ၎င်းမှတ်တမ်း၌ ဖော်ပြထားသည်။

ပေါ့ဂ် သည် အချိန်ရသ၍ ၎င်းမှတ်တမ်း အကြံပြုချက်များကို ဖတ်နေတတ်သည်။ ပေါ့ဂ်၏ စားပွဲပေါ်မှ စစ်မှုထမ်းမှတ်တမ်းများမှာ လေးစား လောက်ပေ၏။ လင်ဒါအားစောင့်ဆိုင်းယင်း ၎င်း၏ မှတ်တမ်းကို တခေါက် ထပ်ဖတ်ကြည့်ပြန်သည်။





လင်ဒါ၊ မိုက်ကယ်၊ ဂျေ၊ ၀၂၁၄၂၇၈၆၀၃။ ကိုရီးယား ၁၉၅၁။ ရေတပ်မတော်။ အမှတ်ကောင်းသည်။ ၁၉၅၄။ ...ခ်ဟာ့စ် နယူးဂျာစီပြည်နယ်။ လေထက်ပေါ့သော ယာဉ်များမောင်းရန် သင်တန်းတက်ဖူးသည်။ အမှတ် အထူးကောင်းခဲ့သည်။ လေယာဉ် မွမ်းမံမှု သုတေသန လုပ်ခြင်း အတွက် ...ပြု မှတ်တမ်းတင်ခံရသည်။ ၁၉၅၆တွင် ရေတပ်မတော်၏ ဝင်ရိုးစွန်း လေ့လာရေးလုပ်ငန်း၌ ပါဝင်ခဲ့သည်။ ၁၉၆၄၌ ရေတပ်မတော်မှ လေသဘော် အစီအစဉ်များ လျှော့ချလိုက်သောအခါ အုပ်ချုပ်ရေးသို့ ပြောင်းရွှေ့ခဲ့ရသည်။ ၁၉၆၄ တွင် ရဟတ်ယာဉ်မောင်းရန် မိမိဆန္ဒ အလျောက် တောင်းဆိုခဲ့သည်။ နှစ်ကြိမ် ပျံသန်းခဲ့ပြီး ၁၉၆၇ခုနှစ် ဖေဖေါ်ဝါရီလ ၁၀ရက်၊ ဒေါင်ဟိုင်မြို့အနီးတွင် ပစ်ချခံခဲ့ရသည်။ စစ်သုံ့ပန်းအဖြစ် ခြောက်လကြာ အကျဉ်းချခံခဲ့ရသည်။

သူ့လက်ပတ်နာရီကို ကြည့်သည်။ ၃ း ၄၀ နာရီ။ လင်ဒါ နောက်ကျနေပြီ။ စားပွဲပေါ်ရှိ တယ်လီဖုန်းခလုတ်ကို နှိပ်လိုက်သည်။ စာရေးမက ထူးသည်။

'မစ္စတာလင်ဒါ ရောက်ပြီလား'

'ဘယ်သူလဲ၊ မစ္စတာပေါ့ဂ်'

'လင်ဒါ လင်ဒါ၊ သူက ထူးခြားတဲ့အုပ်စုထဲက တယောက်၊ သူလာယင် ငါ့ဆီတန်းလွှတ်ဖို့ မင်းကို တာဝန်ပေးထားတယ်'

'ဟုတ်ကဲ့—လွှတ်လိုက်ပါ့မယ် မစ္စတာပေါ့ဂ်'



www.burmeseclassic.com

www.burmeseclassic.com



စာရေးမသည် ဝတ္ထုဆက်ဖတ်နေ၏။ ၃း ၅၀ နာရီတွင် စာအုပ်ကိုညှပ်ရန် အရာတခုကိုရှာဖွေရာ လင်ဒါ၏စာကို ကောက်ယူမိသည်။ စာပေါ်မှ နာမည်ကို တွေ့သွား၏။

'ဥဗ်—ဥဗ်...'

သူမက ပေါ်ဂ် ၏ ရုံးခန်းသို့ ဖုန်းခေါ်လိုက်သည်။

'မစ္စတာလင်ဒါ ရောက်ပါပြီ'

× ×

လင်ဒါ၏ ရုပ်သွင်သဏ္ဍာန်ကို မြင်သောအခါ ပေါ်ဂ် အနည်းငယ် အံ့ဩသွားသည်။ လင်ဒါသည် ပုဂ္ဂလိက လေကြောင်းလေယာဉ်မှူးဝတ်စုံကို ဝတ်ထားသဖြင့် ခန့်ညားနေ၏။ သူသည် တောင့်တောင့်ကြီး လှပ်ရှားပြီး သူ့အကြည့်က စူးရှသည်။ ပေါ်ဂ်သည် မျက်လုံးမပါသော လူများနှင့် ဆက်ဆံရခြင်းကို မကြာခဏ စိတ်ကူးကြည့်ဖူး၏။

ပေါ်ဂ်၏အသွင်ကြောင့် လင်ဒါ မအံ့ဩမိပါ။ သူ့ဘဝတလျှောက်လုံး စာရေး စာချိမျှား အားလုံးကို မုန်း၏။

'ခင်ဗျား ဟန်ကျနေပုံရတယ်၊ ဗိုလ်မှူး....ခင်ဗျားဘဝ ပြန်စုံပြည့်လာပြီ ထင်ပါရဲ့'





'ဟုတ်ကဲ့'

'ကိုယ့်မိသားစုနဲ့ ပြန်တွေ့ရတော့ ဝမ်းသာစရာပေါ့ဗျာ'

လင်ဒါပြုံးလိုက်သည်။ သို့သော် သူ့မျက်လုံးများက သူပြုံးခြင်းနှင့် မသက်ဆိုင်ပေ။

'ကျွန်တော့် မိသားစု အဆင်ပြေကြတယ်လို့တော့ ကြားတာပဲ'

'အို.... ခင်ဗျားနဲ့ အတူ မနေကြဘူးလား၊ ခင်ဗျား အိမ်ထောင်ရှိတယ်လို့ ဒီမှာ ရေးထားတယ်၊ ကလေး နှစ်ယောက်ရှိတယ် ဆိုပါလား'

'ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ဇနီးနဲ့ ကွာရှင်းပြီးပါပြီ'

'ဆောရီးဗျာ၊ ခင်ဗျားရဲ့ ကိစ္စကို တာဝန်ယူရတဲ့ ကျွန်တော့် အလျင်လူ ဂေါ်မင်က မှတ်တမ်းမှာ သေသေချာချာ ရေးသွားသို့'

လင်ဒါက ပေါ်ဂ်အား သေသေချာချာ ကြည့်နေသည်။

'ခင်ဗျား ဘယ်တုန်းက ကွာရှင်းခဲ့သလဲ ဗိုလ်မှူး၊ ကျွန်တော့် မှတ်တမ်းမှာ ပြည့်စုံစေချင်လို့ မေးတာပါ'

ပေါ်ဂ်သည် ရွှံ့အိုင်ကြီး အစွန်အဖျားၓ မြက်စားနေသော်လည်း မိမိအား ချောင်းကြည့်နေသော မည်းမည်း သတ္တဝါကြီး၏ အရိပ်အကဲကို နားမလည်သည့် နွားတကောင်နှင့် တူလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ပင် လင်ဒါသည် သူ ဘယ်တော့မှ စဉ်းစားမရနိုင်သော အရာများ၊ ဘယ်တော့မှ မစဉ်းစားဖူးသော အရာများကို ဖွင့်ဟ ပြောဆိုနေမိလေတော့သည်။

'ကျွန်တော့်မိန်းမ ကျွန်တော်နဲ့ ကွာရှင်းဖို့ တောင်းဆိုတာ ကျွန်တော် ပြန်ရောက်ပြီး နှစ်လအကြာမှာပေါ့၊ ရွေးကောက်ပွဲတွေ ကျင်းပခါနီး မဲရစ် ဆွေးနွေးပွဲတွေ ရုပ်ဆိုင်းထားခိုင်းပြီး အဲဒီတုန်းက သူ တခါတည်း အပြတ် မလုပ်နိုင်ဘူး။ ကျွန်တော် ပြန်ရောက်ပြီး တနှစ် အကြာမှာ သူ့အိမ်က ထွက်သွားတယ်လေ၊ သူ သိပ်စိတ်မကောင်းမဖြစ်ပါဘူး၊ ဒီစိုးရိမ် လဲ တတ်နိုင်သမျှ ကူညီပါတယ်'

'ဟုတ်ပါတယ်'

'ကျွန်တော် အဖမ်းခံရပြီးတော့ ရေတပ်ဗိုလ်တဦးဟာ မာဂရက်ဆီ မကြာခဏ လာတွေ့ပြီး အားပေးစကား ပြောခဲ့သတဲ့၊ ဒါဟာ စစ်သုံ့ပန်းတွေရဲ့ ဇနီးတွေအတွက် ကိုယ့်ခင်ပွန်း ပြန်လွတ်လာတဲ့အခါ ကြုံတွေ့ရမယ့် အပြောင်းအလဲတွေကို ရင်ဆိုင်နိုင်အောင် လုပ်ပေးနေကျ ကိစ္စတရပ်ပါ။

'ဟုတ်....ကဲ့'

လင်ဒါက စကား ရပ်လိုက်ချင်သည်။ ရပ်လိုက်မှ ဖြစ်မည်။

'တကယ်တော့ လုပ်သင့်တာက....'

'ပြန်လွတ်လာတဲ့ သုံ့ပန်း တဦးဟာ ပျမ်းမျှ သက်တမ်းရဲ့ တဝက်အထိပဲ အသက်ရှည်မယ်လို့ သူက ရှင်းပြခဲ့တယ်ဗျ'

လင်ဒါသည် ဝင်းပစ္စာဖြင့် ပုံးနေလေပြီ။





'ဟုတ်ပါတယ် ဗိုလ်မှူး၊ ဒါပေမယ့်.... တခြား အကြောင်းအချက်တွေလဲ ရှိဦးမှာပါ'

'ဟုတ်သပေါ့၊ သူက ကျွန်တော့် ကွယ်ရာမှာ နောက်မီးလင်းနေတာကို'

လင်ဒါ ရယ်လိုက်သည်။

လင်ဒါ မျက်လုံး မှိတ်လိုက်သည်။ ပါ့ဂ်၏လည်ပင်းပေါ်မှ သွေးကြော ခုန်နေပုံကို မကြည့်ချင်။

ပါ့ဂ်ကလည်း ရော၍ ရယ်သည်။ ချက်ချင်း ရပ်လိုက်သည်။ ထို့ကြောင့် သူ အသက်ဘေး ချမ်းသာရာ ရသွား၏။ ဖိုင်တွဲကို ပြန်ကောက်ယူသည်။

'အဲဒီ ကိစ္စအတွက် ခင်ဗျား အကြံဉာဏ်မတောင်းခံဘူးလား'

'စိန့်အယ်လ်ဘန် ရေတပ်မတော် ဆေးရုံက စိတ္တဗေဒပညာရှင်တဦးက ကျွန်တော်နဲ့ လာဆွေးနွေးပါတယ်'

'အဲဒီအတွက် ခင်ဗျား ထပ်ပြီး အကြံဉာဏ်ယူ ဆွေးနွေးချင်တယ်ဆိုယင် ကျွန်တော် စီစဉ်ပေးလို့ ရပါတယ်'

လင်ဒါက မျက်တောင် ခတ်လိုက်သည်။

'ဒီမယ် မစ္စတာပါ့ဂ်၊ ခင်ဗျားရော ကျွန်တော်ရော ယောကျ်ားတွေပါ၊ ဒါတွေဟာ ဖြစ်နေကျ သဘာဝပဲ၊ ကျွန်တော် ခုလာတွေ့တာက ဟောဒီက ဒဏ်ရာအတွက် လျော်ကြေး လာတောင်းတာပဲ'

လင်ဒါက သူ၏ လက်ကို ထောင်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါ့ဂ်နှားလည်လိုက်ပြီ။ ဖိုင်တွဲထဲမှ လင်ဒါ၏ လျှောက်လွှာ ပုံစံ ၂၁၄ ကို ဆွဲထုတ်လိုက်သည်။

'ခင်ဗျားမှာ လုံးဝ ကိုယ်လက်အင်္ဂါချို့တဲ့သူ မဟုတ်တော့ ကျွန်တော်တို့ ခင်ဗျားကို ကူညီဖို့ တနည်းတလမ်း ရှာရတော့ပေါ့ဗျာ....'

ပါ့ဂ်က မျက်စိတဘက် မှိတ်ပြလိုက်သည်။

စစ်ပြန်အုပ်ချုပ်ရေးအဖွဲ့ရုံးကြီးမှ လင်ဒါပြန်ထွက်လာသော အခါ ညနေ ၄း၃၀ ရှိပြီမို့ ရုံးဆင်းသူများ ကားများ ရှုပ်ထွေးစ ပြုနေပေပြီ။ လင်ဒါ၏ အင်္ကျီကျောတွင် ချွေးရွှဲနေ၏။ ၂၃လမ်း မြေအောက်ရထားဘူတာသို့ အဝတ်အထည်လုပ်ငန်း ရပ်ကွက်မှ လူများ ဆင်းသွားလျက် ရှိကြပုံကို လင်ဒါ လှေကား ပေါ်မှ ငေးကြည့် နေသည်။ သူတို့တွေနှင့် ပြွတ်သိပ် ကျပ်ညပ်လျက် ရထား အတူ စီးမသွားချင်ပေ။

စစ်ပြန်အုပ်ချုပ်ရေးရုံးမှ ဝန်ထမ်း အတော်များများသည် လည်း ရုံးက အချိန်မစေ့မီ ဆင်းနေကြသည်။ သူတို့တွေ တိုးဝှေ့ ထွက်လာကြသောကြောင့် လင်ဒါ့ခမျာ တိုက်နံရံတွင် ကပ်၍ ရှောင်ပေးနေလိုက်ရသည်။ သူ ရန်ဖြစ်ချင်သည်။ မာဂရက်က သူ့ဆီ ခပ်သုတ်သုတ် ပြေးကပ်လာသည်။ သုံးထပ်သား စားပွဲ ပေါ်မှကျော်၍ စကားပြောနေသည်။ ပြုံးခုံနေသည်။ သူ စဉ်းစားရဦးမည်။

ရေနွေးကရားမှ ဝီစီသံ ကြားရသည်။ သူ့အူမကြီးထဲက အေးစက် ကိုက်ခဲလာသဖြင့် လိုမိုတေးလ်ဆေးပြားကို နိုက်





သည်။ ဆေးပြားသောက်ရန် နောက်ကျသွားပြီ။ အိမ်သာ ခန်းတခု ရှာရမည်။ မြန်မြန်ရှာမှ။ စောင့်ဆိုင်းခန်းထဲသို့ သူ ပြန်ဝင်သွားသည်။ မျက်နှာ သွေးလျော့ပြီး နဖူးချွေး ရွှဲလျက် အိမ်သာခန်းလေးထဲ ဝင်သွားသည်။

အိမ်သာ တလုံးသာရှိပြီး လူတယောက်က အပြင်၌ ရပ် စောင့်နေသည်။ လင်ဒါ စောင့်ဆိုင်းခန်းဆီ ပြန်ထွက်လာ သည်။ သူ့ရောဂါမှာ အူမကြီး၌ အကြောဆွဲခြင်းဟု ဆေး စာတမ်း၌ ဖော်ပြထားသော်လည်း ဆေးမပေးထား။ လိုမိုတေးလ်ဆေးကို သူ့ဘာသာ ရှာတွေ့ခဲ့သည်။

ငါ အယင်က ဘာလို့ မသောက်ခဲ့မိပါလိမ့်။

မျက်လုံး ကစားကြည့်နေသော လူက လင်ဒါကို ခေါင်း ရွှေ့ပြီနှင့် မျက်စိတဆုံး လိုက်ကြည့်နေသည်။ ဗိုက်ထဲက ထိုးထိုး ပြီး အောင့်လာသည်။ လက်မောင်းများ၌ ကြက်သီးမွေးညင်း ထလာသည်။ အသက်ရှူ ကျပ်လာသည်။

ဝဝတုတ်တုတ် သန့်ရှင်းရေး သမားကြီးက ဝန်ထမ်းများ သုံးသော ရေအိမ်သာတံခါးသော့ကို ဖွင့်ပေးသည်။ သန့်ရှင်း ရေးသမားကြီး အပြင်၌ စောင့်နေသဖြင့် အိမ်သာထဲမှ လင်ဒါ၏ စိတ်မချမ်းသာဖွယ် အသံများကို သူ မကြားရပေ။ နောက်ဆုံး၌ လင်ဒါသည် မျက်နှာကျက်ကို မော့ကြည့်လိုက်သည်။ အော့ အန်ခြင်းကြောင့် မျက်လုံးများမှ မျက်ရည်ကျလာသည်။

အားလုံး ဘာမှပြောင်းလဲမသွားပါ။ အတူတူပင်ဖြစ်သည်။ ရေနွေးကရားမှ ဝီစီသံ ကြားရပြန်ပြီ။

'မအေပေးတွေ'



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါသည် အသံကွဲအက်စွာဖြင့် ရေရွတ်ပြီး သူ့မျက်နှာကို သူ၏ အကျည်းတန်သော လက်ဖြင့် ပွတ်လိုက်လေသည်။

× × ×

လင်ဒါ၏ အကြွေးဝယ် ကတ်များဖြင့် တနေ့လုံး အလု ရှုပ်နေခဲ့သော ဒါလီယာသည် လင်ဒါရုံထားပေါ်မှ ဆင်းလာ သောအခါ ပလက်ဖောင်းပေါ်၌ စောင့်ကြိုနေသည်။ လင်ဒါ သည် သူ့ကိုယ်သူ ညှာ၍ ဆင်းလာပုံ တွေ့ရသဖြင့် သူ ယ ဗိုက်နာရောဂါ ဖြစ်နေကြောင်း သူမ သိလိုက်သည်။

သူမသည် ရေပန်းစက်မှ စက္ကူခွက်ငယ်လေးဖြင့် ရေတခွ ခပ်ပြီး သူမ ပိုက်ဆံအိတ်ထဲမှ ပုလင်းလေးကို ထုတ်လိုက်သည် ရေခွက်ထဲ ဆေးထည့်လိုက်သောအခါ ရေနောက်သွားသည်

လင်ဒါသည် သူ့ဘေးသို့ ဒါလီယာရောက်လာပြီး ရေတခွ ကမ်းပေးမှ သူမအား သတိပြုမိလေသည်။

ဆေးကို သောက်လိုက်သည်။ လျှာနှင့် နှုတ်ခမ်းများ ပူ သွား၏။ ကားဆီ မရောက်မီပင် ဗိုက်နာ သက်သာသွား၏ ငါးမိနစ်အကြာတွင် လုံးဝပျောက်သွားသည်။ အိမ်ရောက်သော





အခါ အိပ်ရာထဲ တန်းဝင်ပြီး သုံးနာရီလုံးလုံး အိပ်ပျော်သွား သည်။

× × ×

လင်ဒါသည် အိပ်ရာမှ ခေါင်းမကြည်စွာဖြင့် နိုးလာသည်။ သော် နိုးကြားနေသည်။

ယနေ့ သူ့အကြံ အောင်မြင်ခဲ့သည်။ တော်ပါသေးရဲ့။

ရေနွေးကရားကို သတိရသည်။ သူ့လည်ပင်း တင်းကျပ် သွားသည်။ ပခုံးနှင့် လည်ချောင်းကြားတနေရာမှာ ယားယံ နေသော်လည်း ကုပ်ရ ခက်နေသည်။ သူ့ခြေထောက်များ လှုပ် နေသည်။

အိမ်တအိမ်လုံး မှောင်မည်းနေသည်။ လှေကားမှ တက်လာ နေသော မီးရောင် မှိတ်တုတ်မှိတ်တုတ်ကို သူ အိပ်ရာပေါ်မှ မြင်ရသည်။ ဒါလီယာသည် ဖယောင်းတိုင် ထွန်းလျက် တက်လာခြင်း ဖြစ်သည်။ သူမသည် ကြမ်းပြင်ထိ ရှည်လျား သော အရောင်ရင့်ရင့် ဝတ်ရုံရှည်ကြီးကို ဝတ်ထားသည်။ သူမ ပ် စီးထားသဖြင့် ခြေသံ မကြားရ။ လင်ဒါ၏ ဘေး၌ ယင်း ဖယောင်းတိုင်ကို ကိုင်ထားသည်။ လက်ကမ်း ေးသည်။

'လာ...မိုက်ကယ်၊ ကျွန်မနဲ့ အတူ လိုက်ခဲ့'

သူမက ခန်းမဆောင်မှ နောက်ပြန် ဆုတ်ယင်း မိုက်ကယ် လင်ဒါအား ဆွဲခေါ်သွားသည်။ လင်ဒါ၏ မျက်နှာကို စိုက် ကြည့်နေသည်။ သူမ၏ ဆံပင်နက်များက သူမ၏ ပခုံးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဖြာကျနေ၏။ သူမ နောက်ဆုတ် သွားယင်း ဝတ်ရုံ အနား အောက်မှ ခြေဖဝါးဖြူဖြူကလေးများ ထွက်လာသည်။

ခုနစ်လလုံးလုံး အသုံးမပြုပဲ ပစ်ထားခဲ့သော ကစားခန်း အခန်းထဲသို့ ပြန်သွားနေခြင်း ဖြစ်သည်။ အခန်း အစွန်းတွင် ကြီးမားသော ခုတင်ကြီးနှင့် နံရံများကို အုပ်ကာထားသော ခန်းဆီး ထူထူကြီးများကို ဖယောင်းတိုင် အလင်းရောင်ဖြင့် မြင် ရလေပြီ။ အမွှေးတိုင်နံ့ရသည်။ ရေနံဆီ မီးခွက်ကလေးမှ ပြာ လွဲ့လွဲ့ မီးရောင်ကို ခုတင်ဘေး စားပွဲပေါ်၌ တွေ့ရသည်။ မေ ဂရက် နေခဲ့သော အခန်းမဟုတ်တော့ပေ။ ဟင့်အင်း၊ ဟာ အင်း။

ဒါလီယာက ဖယောင်းတိုင်ကို မီးခွက်ဘေး၌ ချလိုက်ပြီ လင်ဒါ၏ ညဝတ် ရှပ်အင်္ကျီကို ညင်သာ ယုယစွာ ဆွဲချွတ်လိုက် သည်။ ဘောင်းဘီ သားရေကြိုးစကိုဖြေ၍ ချွတ်ချပေးသည် သူမ၏ ဆံပင်များက လင်ဒါ၏ပေါင်ကို ထိသွားသည်။

'ရှင် ဒီနေ့ သိပ် အားရှိနေပုံရတယ်'

သူမက သူ့ကို အိပ်ရာပေါ် အသာလေး တွန်းချသည် လင်ဒါ၏အောက်မှ ပိုးသား အိပ်ရာခင်းမှာ အေးစက်နေ၏

သူမက ဆေးတံတချောင်းကို မီးညှိပြီး လင်ဒါအား ကမ်း ပေးသည်။ ဖယောင်းတိုင် မီးကြောင့် အရိပ်များ လှုပ်ရှားနေ ကြသည်။

လင်ဒါသည် အဆုံးအစမရှိသော မျက်လုံးများထဲသို့ လိမ့် ကျသွားလျက် ရှိသလို ခံစားရပြန်သည်။





သူ့ကလေးဘဝ နွေရာသီ ညများ၌ မြက်ခင်းပေါ် ထိုင်ပြီး ဘောင်းကင်မှ ကြယ်များကို မော့ကြည့်ယင်းနှင့် ကြယ်များဆီ မျောပါ လွင့်စင်ကျသွားတတ်ပုံကို သတိရသည်။

ဒါလီယာက သူမ၏ ဝတ်စုံကို ချွတ်ချပြီး သူ့ရှေ့၌ မတ် တတ် လာရပ်သည်။

သူမ၏အသွင်ကပထမဆုံးအကြိမ် တွေ့မြင်ခဲ့ရစဉ်က ကဲ့သို့ပင် သူ့အား ဖမ်းစားလိုက်သည်။ အသက်ရှူတချက် ရပ်သွားသည်။ သူမ တကိုယ်လုံး၏ မျဉ်းကွေး မျဉ်းကောက်များမှာ ဖယောင်း တိုင် မီးရောင်ထဲ၌ ပီပြင် ထင်ရှားနေ၏။

သူမသည် ဆီမီးခွက် အပေါ် နားမှ မွှေးကြိုင်သော ဆီပုလင်း လေးကို လှည့်ယူလိုက်သောအခါ လင်ဒါ တုန်လှုပ်သွားသည်။ လင်ဒါ၏ ကိုယ်ပေါ်မှ ခွကာ လင်ဒါ၏ ရင်ဘတ်နှင့် ဝမ်းဗိုက် ကို ဆီလိမ်းပေးသည်။

သူမ၏ ကျယ်ဝန်းသော မျက်လုံးများသည် လင်ဒါ၏ မျက် နှာပေါ်မှ လုံးဝ မခွာတော့ပေ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃ ။

မိုးချုန်းသံလို အသံကြီးကြောင့် အိပ်ခန်းထဲရှိ လေထုသည် လှုပ်ခါသွားပြီး ဖယောင်းတိုင်မီးကလေး မှိတ်တုတ် မှိတ်တုတ် ဖြစ်သွားသည်။ အလုပ်ရှုပ်နေကြသော ဒါလီယာနှင့် လင်ဒါ သတိမပြုမိပေ။ ထိုအသံမှာ ရိုးနေသော အသံတခုဖြစ်၏။ နယူးယောက်မှ ဝါရှင်တန်သို့ နောက်ဆုံး ထွက်ခွာသော ဂျက်လေယာဉ်ပျံသံဖြစ်သည်။ ဘိုရင်း ၇၂၇ ကြီးသည် လိပ်ခ်ဟာ မြို့အထက် ပေ ၆၀၀၀ သို့ ရောက်သွားပြီး ဆက်လက် ပျံတက် သွားနေဆဲ ဖြစ်သည်။

ယနေ့ည ထိုလေယာဉ်ပေါ်၌ 'မုဆိုးကြီး' ပါသွားသည်။ သူသည် ပခုံးကျယ်သူ ဖြစ်ပြီး အရောင်ရင့်ရင့် ဝတ်စုံကို ဝတ်





သွားသည်။ အတောင်ပံ နောက်ဘက်ကပ်လျက် မင်းလမ်းဘေး ထိုင်ခုံ၌ထိုင်နေသည်။ လေယာဉ်မယ်လေးသည် လေယာဉ်ခများ ထိုက်ကောက်ခံနေသည်။ သူက သူမအား ဒေါ်လာ ၅၀ တန် ငွေစက္ကူအသစ် စက်စက် တရွက် ပေးလိုက်သည်။ သူမက ၎င်းငွေ စက္ကူကို မျက်မှောင်ကြုတ် ကြည့်လိုက်သည်။

'အကြွေ မပါဘူးလားရှင်'

'နှစ်ယောက်အတွက်လေ၊ သူနဲ့ ကျုပ်အတွက်ပေါ့'

ထိုလူက သူ့ဘေးခုံ၌ အိပ်ပျော်နေသော လူကြီးကို လက် ညှိုးထိုး ပြောလိုက်သည်။ သူ့စကား ပြောသံဝဲဝဲကို လေယာဉ် မယ်လေး စဉ်းစားမရ။ ဘာလူမျိုးမှန်းမသိ။ ဂျာမန် သို့မဟုတ် ဒတ် ချ် ဖြစ်မည်။ သူမ မှားသွား၏။

ထိုလူသည် အစ္စရေး လျှို့ဝှက် ထောက်လှမ်းရေး ဌာန ဖြစ်သော မိုဆတ်ဒ် အလီယာဘက် (အများသိသော 'မော့ဆက်') မှ ဗိုလ်မှူး ဒေးဗစ်ကာဘာကော့ ဗ် ဖြစ်သည်။ ကာဘာကော့ဗ် သည် မင်းလမ်း တဘက် မိမိ၏ နောက်တန်း၌ ထိုင်နေသော လူသုံးဦးလည်း ၎င်းတို့ လေယာဉ်ခများကို အကြွေ ငွေစက္ကူ များဖြင့် ပေးချေနိုင်ကြပါစေဟု ဆုတောင်းမိသည်။ သို့မဟုတ် ပါက လေယာဉ် မယ်လေးသည် ၎င်းတို့အား မှတ်မိသွား နိုင်သည်။

ကနေဒီ သေဆိပ်မှ အဆက်အသွယ်သည် အကြွေ လဲပေးနိုင် သည့် အချိန် မရလိုက်ရှာပေ။ အမှားကလေး ဖြစ်သော်လည်း သူ့အဖို့ စိတ်ခုစရာ ဖြစ်ရသည်။ ဗိုလ်မှူး ကာဘာကော့ ဗ် သည်



www.burmeseclassic.com

www.burmeseclassic.com



အသက် ၃၇ နှစ်တိုင်အောင် အသက် ရှင်နေခြင်းမှာ အများ အယှင်း များများ စားစား မလုပ်မိခဲ့သောကြောင့် ဖြစ်လေ သည်။

သူ့အေးရှိ တပ်ကြပ်ကြီး ရောဘတ် မိုရှက်ဒ် စကီးသည် ခေါင်း နောက်လှန်လျက် တခေါခေါနှင့် အိပ်မောကျနေ သည်။ တယ်လာဗစ်မြို့မှ လေယာဉ်ခရီး ရှည်ကြီးပေါ်တွင်လည်း ကာဘာကော့ဗ် မိုရှက်ဗ် စကီးတို့သည် ၎င်းတို့ နောက်ဘက်မှ လူသုံးဦးကို လုံးဝ မသိချင်ဟန်ဆောင်နေခဲ့ကြသည်။

စင်စစ်တွင် သူတို့ အားလုံး ရင်းနှီးသော မိတ်ဆွေရင်းချာ များ ဖြစ်ကြသည်။ သူတို့ သုံးဦးသည် ကိုယ်လုံး တုတ်သော မျက်နှာ ကြမ်းတမ်းသော လူကြီးများဖြစ်ပြီး ဝတ်စုံ ပွပွကြီး များကို ဝတ်ထားကြ၏။ သူတို့သည် လူသတ်သမားများ ဖြစ် ကြသည်။

ဘေရွတ်တွင် ဟာဖက်ဇ် နာဂျီးယားအား သတ်ဖြတ်ခဲ့ပြီး နောက် သုံးရက်တိုင်တိုင် ကာဘာကော့ဗ်သည် ကောင်းစွာအိပ် ခွင့် မရသေးပေ။ အမေရိကန် မြို့တော်ကြီးသို့ ပြန်ရောက်သော အခါ အသေးစိတ်အစီရင်ခံ ရှင်းလင်းပွဲ ထိုင်ရဦးမည်။ ဘုလက် စက်တင်ဘာ ဦးစီးအဖွဲ့စခန်းကို ဝင်တိုက်ခိုက်ရာမှ ရခဲ့သော ပစ္စည်းပစ္စယ များကို ပြန်လည် ဆန်းစစ် သရုပ်ခွဲပြီးနောက် တိပ်ခွေကို ဖွင့်ပြီးပြီးချင်း မိုဆတ်ဒ် အဖွဲ့ကြီးသည် ချက်ခြင်းပင် လှုပ်ရှား တုန့်ပြန်ခဲ့ပေသည်။ အမေရိကန် သံရုံး၌ ရုတ်တရက် အစည်းအဝေး ပြုလုပ်ပြီးနောက် ကာဘာကော့ဗ်အား စေလွှတ် လိုက်သည်။





တယ်လာဗစ်မြို့ အစည်းအဝေးတွင် အမေရိကန်နှင့် အစ္စရေး ဘက် လှမ်း ရေးတို့ နှစ် ဦး စလုံးက ကာဘာကော့ဗ်အား သက် စက်တင်ဘာ၏ ခြိမ်းခြောက်မှု အမှန်တကယ် ဟုတ် တ်နှင့် အကြမ်းဖက် သမားများကို ဖော်ထုတ်ရန်အတွက် မေရိကန် အစိုးရနှင့် ပူးပေါင်းကူညီရန် စေလွှတ်လိုက်ခြင်း သည်။

ာဘာကော့ဗ်အား တိကျ ရှင်းလင်းသော အမိန့်ကို ပေး ်ကြ၏။

သို့သော် မိုဆတ်ဒ် အထက်အရာရှိပိုင်းက သူ့ကို ပိုမိုပြတ်သား သော ညွှန်ကြားချက်ကိုပါ တပါတည်း ပေးလိုက်ကြသည်။ ာရပ်များကို လိုအပ်သလို ဖြစ်သည့်နည်းနှင့် တားဆီးကြရန် သည်။

ဖင်တွမ်နှင့် စကိုင်းဟောက်ခ် ဂျက်လေယာဉ်များကို အစ္စရေး ရောင်းချရေး ဆွေးနွေး ညှိနှိုင်းမှုများမှာ အထွတ်အထိပ် က်နေချိန်ဖြစ်ရာ အာရပ်များကထိုရောင်းဝယ်မှုကို အနောက် ံများသို့ ရေနံ လျှော့ချခြင်းဖြင့် ဆန့်ကျင် ဖျက်ဆီးရန် ပမ်းနေလေသည်။ အစ္စရေးသည် ထိုလေယာဉ်များကို မရှိ ဖြစ် လိုအပ်၏။ သဲကန္တာရပေါ်မှ အစ္စရေး ဖင်တွမ် ဂျက်လေ ာဉ် တစင်းမျှ မဖြတ်သန်းသော နေ့တနေ့မှစပြီး အာရပ် ်ကားများ လှိမ့်ဝင်လာကြပေမည်။

အမေရိကန် ပြည်ထောင်စု အတွင်း၌ ကြီးမားသော သတ် ်မှုကြီးတခု ပြုလုပ်လျှင် သူတပါးနှင့် မပတ်သက်လိုသော



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် တသီးပုဂ္ဂလ ဝါဒီများဘက်သို့ ဩဇာ အာဏာကို အလေးထိုး ပေးလိုက်သကဲ့သို့ ဖြစ်သွားပေမည်။ အမေရိကန် အနေဖြင့် အစ္စရေးအား အလွန်စွန့်စားရသော ကူညီမှုမျိုး မပြုသင့်ပေ။ တော်ရုံ တန်ရုံသာ ကူညီသင့်၏။

အမေရိကန်နှင့် အစ္စရေးပြည်ထဲရေး ဝန်ကြီးဌာနများသည် ကာဘာကော့ဗ် နောက်ဘက်တွင် ထိုင်နေသော လူကြီးသုံး ယောက်ကို မသိကြပေ။ သူတို့သည် 'အမျိုးသားလေဆိပ် အနီးရှိ တိုက်ခန်းတွင် တည်းခိုကြပြီး ကာဘာကော့ဗ်ကို ဖုန်း ဆက်ခေါ်သည်အထိ စောင့်နေကြလိမ့်မည်။ လက်တွေ့တွင် ထိုသို့ ဖုန်းဆက် ခေါ်ရန် မလိုအပ်ပါစေနှင့်ဟု ကာဘာကော့ဗ် ဆုတောင်းမိသည်။ သူ့ဘာသာ တယောက်တည်း တိတ်တိတ် ဆိတ်ဆိတ် ကြည့် လုပ်လိုက်ချင်သည်။

သံဘမန်များ ဝင်မရှုပ်ကြပါစေနှင့်ဟုလည်း မျှော်လင့် သည်။ သံဘမန်များရော၊ နိုင်ငံရေးသမားများကိုပါ သူမယုံ။

ကာဘာကော့ဗ်သည် ပြတ်သားသောလူ ဖြစ်သည်။ သို့သော် အလွန် အသိဉာဏ် အမြော်အမြင် ရှိသူလည်း ဖြစ်၏။

ပေါ့ဆသော ဂျူးများသည် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံး ကြပြီး အားနည်း ပျော့ညံ့သော ဂျူးများသည် သံဆူးကြိုး နောက်ကွယ်သို့ ရောက် သွား ကြ ရ သည် ဟု ကာဘာကော့ဗ် ယုံကြည်သည်။ သူသည် စစ်ဒဏ်ကို ကလေးဘဝက ကြုံတွေ့ခဲ့ရသူ ဖြစ်သည်။ လတ်ဗီးယားသို့ ဂျာမန်များ ဝင်မလာမီနှင့် ရုရှား များ၏လက်ထဲ မကျရောက်မီ သူ့မိသားစုနှင့်အတူ ထွက်ပြေးခဲ့ ရသည်။





ထရိဘလင်ကာတွင် သူ့အဖေ ဆုံးသွားသည်။ သူ့မိခင် ကြီးသည် သူနှင့် သူ့နှမတို့အား အီတလီသို့ ခေါ်သွားစဉ် လမ်းခရီး၌ ဆုံးသွားပြန်သည်။ ထရိစ်မြို့သို့ ရုန်းကန် ချီတက် သွားစဉ်က သူမသည် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သော်လည်း သူမခန္ဓာကိုယ်က စိတ်နောက်သို့ မလိုက်နိုင်ခဲ့ပေ။

လွန်ခဲ့သော အနှစ်သုံးဆယ်က ထရိစ်မြို့သို့ အသွားခရီးကို ကာဘာကော့ဗ် ကောင်းစွာ သတိရနေသေး၏။ သူ့မျက်စိ မြင်ကွင်းထဲမှ တုံလှုံလှုပ်နေသော သူ့အမေ၏လက်များ၊ သူမ၏ ညစ်ပတ်စုတ်ပြတ်နေသော အဝတ်အစားအောက်မှ အရိုးပေါ် နေသော တံတောင်ဆစ်နှင့် လက်မောင်း၊ လက်ဖျံများ၊ ပြီးတော့ သူမ၏မျက်နှာ၊ မြောင်းတခုထဲ၌ သူတို့ စုရုံးအိပ်နေ ကြစဉ် နေထွက်သည်နှင့် သူမသည် ကလေးများကို လာနှိုး လေ့ရှိသည်။

ထရိစ်မြို့တွင် သူမသည် ဇိုင်ယွန်ဝါဒီ မြေအောက်အဖွဲ့ လက် ထဲသို့ ကလေးနှစ်ယောက်ကို လွှဲအပ်ပြီး လမ်းပေါ်ရှိ အိမ် အခါးပေါက် တခုရှေ့တွင် သေဆုံးသွားခဲ့လေသည်။

ဒေးဗစ်ကာဘာကော့ဗ်နှင့် သူ့နှမတို့သည် ပါလက်စတိုင်း သို့ ၁၉၄၆ ခုနှစ်တွင် ရောက်ရှိသွားကြပြီး ဆက်လက်ပြေးစရာ မလိုအပ်တော့ချေ။ အသက် ဆယ်နှစ်အရွယ်တွင် ဒေးဗစ်သည် ပါလ်မာ့ချ်အဖွဲ့၏ ဆက်သားတဦး ဖြစ်နေပြီး တယ်လာဗစ် ဂျေရုဆလင် လမ်းမပေါ်တွင် ခုခံတိုက်ခိုက်ခဲ့၏။

၂၇ နှစ်လုံးလုံး စစ်တိုက်ခဲ့သူ ကာဘာကော့ဗ်သည် ငြိမ်း ချမ်းရေး၏ တန်ဖိုးကို အခြားသူများထက် ပိုသိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အာရပ်များကို မမုန်းပါ။ သို့သော် အယ်လ်ဖာတာ ပြောက်ကျားတပ်ဖွဲ့ကြီးနှင့် ညှိနှိုင်းဆွေးနွေးခြင်းသည် အချည်းအနှီးသာ ဖြစ်သည်ဟု သူ ယုံကြည်၏။

ထိုအချက်ကို သူ၏အထက်လူကြီးများနှင့် ဆွေးနွေးထောက်ပြလေ့ရှိခဲ့သည်။ အထက်လူကြီးက သူ့ကို ရံဖန်ရံခါမှသာ ခေါ်ယူ အကြံပေး ဆွေးနွေးကြပေသည်။

မိုဆတ်ဒ်အဖွဲ့ကြီးသည် ကာဘာကော့ဗ်အား ထောက်လှမ်းရေး အရာရှိကောင်းတဦးအဖြစ် အသိအမှတ်ပြုထားသည်။ သူ၏တိုက်ခိုက်မှု ရာဇဝင်မှာ လေးစားလောက်ပေသည်။ သူ့အား စားပွဲထိုင်အလုပ် ပေးအပ်ရန်မှာ လုံးဝ မသင့်လျော်ပေ။

သူသည် တာဝန်အရ လုပ်ဆောင်ရာ၌ ဘယ်တော့မှ ရန်သူ့လက်တွင်း အဖမ်းမခံရ။ ထို့ကြောင့် သူ့အား မိုဆတ်ဒ်အဖွဲ့ဝင်တဦးမှန်းမသိသာအောင် အတွင်းကျသော အဖွဲ့အစည်းများနှင့် မပတ်သက်အောင် ဘေးဖယ်ထားကြသည်။ သူသည် ထောက်လှမ်းရေးအဖွဲ့ကြီး၏ လက်မောင်းကြီးတခုသဖွယ် လက်တန္တိန်နှင့် ဂျော်ဒန်ရှိ အယ်လ်ဖာတာ ပြောက်ကျား ခံတပ်စခန်းများကို ထပ်ခါတလဲလဲ ထိုးနှက် ဖျက်ဆီးလျက် ရှိနေပေသည်။

မိုဆတ်ဒ်အဖွဲ့၏ အတွင်းအကျဆုံး အသိုင်းအဝန်းက သူ့ကို 'နောက်ဆုံး အဖြေ'ဟု ခေါ်ကြ၏။ သူ့ရှေ့တွင်တော့ ထိုသို့ မည်သူမျှ မခေါ်ဝံ့ပေ။

အမျိုးသားလေဆိပ်သို့ ဆင်းသက်ရန် လမ်းကြောင်းအတိုင်း နေရာ ယူလိုက်သောအခါ လေယာဉ်တောင်ပံကြီး၏ အောက်သာ်မှ ဝါရှင်တန်မြို့တော်၏ မီးရောင်များကို လှမ်းမြင်ရလေပြီ။ ဆလိုက်မီးမောင်းများ ထိုးထားသော ဖြူဖြူဖွေးဖွေး ကက်ပီတော်လ် အဆောက်အအုံကြီးကို ကာဘာကော့ဗ် တွေ့ရသည်။ အကြမ်းဖက်သမားများသည် ကက်ပီတော်လ်ကို ပစ်မှတ်အဖြစ် ရွေးထားကြသလော။

ဝါရှင်တန်မြို့၊ အစွဲရေး သံရုံးရှိ အစည်းအဝေး ခန်းငယ်လေးထဲသို့ သံအမတ်ကြီး ယိုခင်မ်တဲလ်နှင့်အတူ ကာဘာကော့ဗ် ဝင်သွားသောအခါ လူနှစ်ယောက် ထိုင်စောင့် နေကြသည်။ ကာဘာကော့ဗ်အားကြည့်နေယင်းအက်ဖ်ဘီအိုင်ကဆမ်ကော်လီသည် လွန်ခဲ့သောအနှစ်နှစ်ဆယ်က ဖိုတင်းနင်းတပ်စခန်းမှ သူ၏ တပ်ရင်းမှူး ဖြစ်သော ရိန်းဂျား တပ်ဖွဲ့မှ ဗိုလ်ကြီးကို ပြန်မြင်ယောင်မိလေသည်။

စီအိုင်အေမှ 'ဖောင်လာ'ကား တခါမှ စစ်မှုမထမ်းဖူးပေ။ ကာဘာကော့ဗ်သည် ခွေးဘီလူးကြီးနှင့် တူသည်ဟု သူ ယူဆ၏။ ဖောင်လာရော၊ ကော်လီပါ ကာဘာကော့ဗ်နှင့် ပတ်သက်သော အစီရင်ခံစာများ၊ မှတ်တမ်းများကို ဖတ်ရှုလေ့လာပြီး ဖြစ်ကြသည်။ သို့သော် ၎င်းမှတ်တမ်းများ သည် ခြောက်ရက်စစ်ပွဲ၊ အောက်တိုဘာစစ်ပွဲနှင့် စီအိုင်အေ၏ အရှေ့အလယ်ပိုင်းဌာနခွဲမှ မှတ်တမ်း မိတ္တူ အများအပြားသာ ပါဝင်ပေသည်။ သတင်းစာဖြတ်ပိုင်းများလည်း ပါ၏။ 'မစ်တလာ တောင်ကြား လမ်းမှ ကျားကြီး ကာဘာကော့ဗ်' ဟု စာနယ်ဇင်းများက သူ့ကို ဘင်ပွန်းတပ်ပေးထားကြသည်။







www.burmeseclassic.com

www.burmeseclassic.com



သံရုံးညှိခံပွဲတခုမှ ညစာ စားပွဲဝတ်စုံနှင့် ပြန်ရောက်လာသော သံအမတ်ကြီးတယ်က သူတို့သုံးဦးကိုမိတ်ဆက်ပေးသည်။

အခန်းတခုလုံး တိတ်ဆိတ်သွားသည်။ ကာဘာကော့(ဗ်)က သူ၏ တိပ်ရိကော်ဒါလေးမှ ခလုတ်ကို နှိပ်လိုက်သည်။ ဒါလီယာ အိုင်ယတ်ဗ်၏ အသံ ထွက်ပေါ်လာသည်။

'အမေရိကန်ပြည်သူများရှင်....'

တိပ်ခွေမှ စကားဆုံးသွားသောအခါ ကာဘာကော့(ဗ်)က သူ့စကားလုံးကို တလုံးချင်း ချိန်ဆ၍ ပြောသည်။

'ဒါလက်စက်တင်ဘာ အဖွဲ့ဟာ ဒီမှာ လာတိုက်ခိုက်မယ်လို့ ကျွန်တော်တို့ ယူဆထားပါတယ်၊ ဒီတခါတော့ သူတို့တွေ စားစရာခံဖမ်းတာမျိုး၊ ညှိနှိုင်းဆွေးနွေး အပေးအယူ လုပ်တာမျိုး၊ တော်လှန်ရေးပြဇာတ် ဆန်ဆန်မျိုး အပြုအမူ တွေကို လုံးဝ လုပ်ကြတော့မှာ မဟုတ်ဘူး၊ သူတို့အနေနဲ့ လူအများကြီးကို ထိခိုက် သေကြေပျက်စီးစေချင်ကြပါတယ်၊ ခင်ဗျားတို့အားလုံး အော့နှလုံး နာအောင် လုပ်ချင်ကြတယ်၊ ဝေဒနာ ရစေချင်တယ်၊ ဒီစီမံကိန်းဟာ ခုဆို အတော်လေး ခရီးပေါက်နေပြီ၊ ဒီမိန်းမဟာ ဒီအထဲမှာ အရေးပါတယ်၊ သူ ဒီနိုင်ငံမှာ ရှိနေမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်'

'ဒါဖြင့် ဒီတိပ်နဲ့ပတ်သက်တဲ့ သတင်း ခင်ဗျား ရထားပြီး ရောပေါ့'

ဖောင်လာက ပြောသည်။





'သူတို့ ဒီနိုင်ငံမှာလာတိုက်မယ်ဆိုတာလောက်ပဲကျွန်တော်တို့ သိတယ်၊ ဒီတိပ်ခွေ ရှာတွေ့ခဲ့တဲ့ အခြေအနေ အရ သိရတယ်၊ သူတို့ အယင်ကလဲ ကြံစည်ပြီးပြီ'

ကာဘာကော့(ဗ်)က ပြောသည်။

'နာဂျီးယားကို ခင်ဗျားသတ်ပြီး သူ့အခန်းထဲက ဒီတိပ်ခွေကို ယူခဲ့တာ မဟုတ်လား'

'ဟုတ်တယ်'

'သူ့ကို အယင် မမေးကြည့်ဘူးလား'

'နာဂျီးယားကိုမေးနေလို့ ဘာမှ မထူးဘူး'

ဖောင်လာ ဒေါသထွက်သွားကြောင်း ဆမ်ကော်လီ သတိပြုမိသည်။ ကော်လီက သူ့ရှေ့မှ ဖိုင်တွဲကို ဖြတ်ကနဲ လှမ်းကြည့်သည်။

'အဲဒီအခန်းမှာ တွေ့ခဲ့တဲ့ မိန်းမဟာ ဒီတိပ်ခွေမှာ စကားပြောတဲ့ သူပဲလို့ ခင်ဗျား ဘာလို့ ယူဆသလဲ'

'နာဂျီးယားဟာ ဒီတိပ်ခွေကို လျှို့ဝှက်အောင် ဝှက်ဖို့ အချိန်ရလိုက်ဘူး၊ သူဟာ ပေါ့ဆတဲ့လူစား မဟုတ်ပါဘူး'

'ဒါကြောင့်လဲ သူ အသတ်ခံရတာပဲ'

ဖောင်လာက ပြောလိုက်သည်။

'နာဂျီးယားဟာ သေသင့်တာ ကြာပြီ၊ ဒီကောင့်ကြောင့် မြူးနစ်ကိစ္စ၊ လော့ဒ်လေဆိပ် သတ်ပွဲတွေ ဖြစ်ပွားခဲ့ရတာပဲ၊ ခင်ဗျားတို့လဲ သတိမထားယင် အမေရိကန် ပြည်သူတွေရဲ့ ခြေထောက်တွေ၊ လက်တွေ လေထဲပျံတက်သွားလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'နာဂျီးယားသေသွားတာတောင်ဒီစီမံကိန်းကို ဆက်လုပ်ကြလိမ့်မယ်လို့ ခင်ဗျား ဘာလို့ထင်သလဲ'

ကော်လီသည် စက္ကူညှပ်ကလေး တခုကို စိုက်ကြည့်နေရာမှ မော့ကြည့်ပြီး ဖောင်လာ၏ အမေးကို ကြားဝင်ဖြေလိုက်သည်။

'တိတ်ခွေက သိပ်အန္တရာယ်ရှိလို့ပေါ့၊ ဒီတိတ်ခွေကို အသံသွင်းတာ နောက်ဆုံး အဆင့်ပဲ၊ အမိန့်အားလုံးပေးပြီး လောက်ပြီ၊ ဟုတ်သလား ဗိုလ်မှူး'

ကာဘာကော့ဗ်သည် ကော်လီအား ကျမ်းကျင်သော စစ်ဆေး မေးမြန်းသူ တဦးမှန်း ရုတ်ခြည်း သိလိုက်၏။

'ဟုတ်ပါတယ်'

'ဒီစစ်ဆင်ရေးကို ဒီပြင် နိုင်ငံတခုမှာ အင်အားစုစည်း စီမံပြီး နောက်ဆုံး အချိန်ကျမှ ဒီမှာလာ အကောင်အထည် ဖော်ကြမှာပဲ၊ ဒီမိန်းမ ဒီနိုင်ငံမှာ အခြေစိုက် ရှိနေမယ်လို့ ခင်ဗျား ဘာ့ကြောင့် ယူဆသလဲဗျာ'

ကော်လီက မေးသည်။

'နာဂျီးယား အခန်းကို စောင့်ကြည့်နေတာ အတော်ကြာပြီ၊ နာဂျီးယား အခန်းကို ဝင်တိုက်ချိန် မတိုင်ခင်ကရော၊ အဲဒီနောက်ပိုင်းရော ဘော်ရွတ်မှာ သူ့ကို မတွေ့မိဘူး၊ တိတ်ခွေက စကားပြောသံကို မိုဆက်ဒ်ရဲ့ ဘာသာ စကား သုရုပ်ခွဲပညာရှင်များက ဆန်းစစ်ကြည့်ပြီးပြီ၊ သူဟာ ငယ်ငယ်က ဗြိတိသျှ လူမျိုး တဦး လက်အောက်မှာ အင်္ဂလိပ် စကားပြော သင်ခဲ့သူဖြစ်မယ်၊ လွန်ခဲ့တဲ့ တနှစ် နှစ်နှစ်လောက်ကတော့ အမေရိကန်နိုင်ငံသုံး အင်္ဂလိပ် စကားပြောဟန်ကို ထိတွေ့ အသုံးချတတ်လာခဲ့တယ်၊ အခန်းထဲမှာ အမေရိကန်ပြည်ဖြစ် အဝတ်အစားတွေ တွေ့ရတယ်'

'သူဟာ ဆက်သားတယောက်ပဲ ဖြစ်ချင် ဖြစ်မယ်။ နာဂျီးယားဆီ နောက်ဆုံး ညွှန်ကြားချက်တွေ ယူလာပေးတာပေါ့၊ ညွှန်ကြားချက်ဆိုတာ ဘယ်နေရာမဆို ပေးပို့လို့ရတာပဲ'

ဖောင်လာက ပြောသည်။

'သူဟာ ဆက်သားဖြစ်ယင် နာဂျီးယား မျက်နှာကို မြင်ခွင့်ရမှာ မဟုတ်ဘူး၊ ဘလက် စက်တင်ဘာက သိပ် စည်းကမ်းကြီးတယ်၊ သူတို့ အေးဂျင့် အတော်များများဟာ ကိုယ့်အုပ်စုဝင်အချင်းချင်း တယောက် နှစ်ယောက်ထက် ပိုပြီး သိခွင့်မရှိဘူး'

'ဒီမိန်းမကို ခင်ဗျား ဘာလို့ သတ်မပစ်ခဲ့သလဲ ဗိုလ်မှူး'

ဖောင်လာက ကာဗာကော့ဗ်အား မကြည့်ပဲ မေးလိုက်သည်။ အကယ်၍ ကာဘာကော့ဗ်အား ကြည့်နေလျှင် သူကြာကြာ ကြည့်ဝံ့မည် မဟုတ်။

သံအမတ်ကြီးက ပထမဆုံးအကြိမ် စကားပြောလိုက်သည်။

'အဲဒီတုန်းက သူ့ကို သတ်စရာ အကြောင်းမရှိဘူးလေ။ သူ သတ်ပစ်ခဲ့ပါစေလို့ ခင်ဗျား ဆုမတောင်းစေချင်ဘူး မစ္စတာဖောင်လာရယ်'

ကာဘာကော့ဗ် က မျက်တောင်ခတ်လိုက်သည်။ ဤလူများသည် အန္တရာယ်၏ အဓိပ္ပာယ်ကို နားမလည်ကြပေ။ သူတို့ကို သတိပေး နှိုးဆော်၍ မရ။ ကာဘာကော့ဗ် သည် ဆိုင်နေ







www.burmeseclassic.com

www.burmeseclassic.com



သဲကန္တာရ'ကို ဖြတ်၍ မြို့များထဲ ဝင်လာသော အာရပ် စစ်တပ်များက ဂျူးများကို ကွဲ နွားအုပ် မောင်းသလို မောင်းထုတ်နေပုံတို့ကို မြင်ယောင်မိသည်။ ဂျူးများဘက်မှ လေယာဉ်များ မရှိသောကြောင့် ဤသို့ ဖြစ်ရခြင်းပင်တည်း။ အမေရိကန်များ အထိ နာနေသောကြောင့် ပင်တည်း။ ဤ မိန်းမကို သူ မသတ်ခဲ့မိသောကြောင့်ပင်တည်း။ သူ၏ အောင်ပွဲပေါင်း တစ်ရာသည် သူ့ ပါးစပ်ထဲ၌ ပြောမှုန့်များ ဖြစ်သွားလေပြီ။ ဤ မိန်းမကို သူက အရေးပါသူ တဦး အဖြစ် မထင်မှတ်ခဲ့ခြင်းကြောင့် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်တော့ပေ။ ဘေရွတ် စစ်ဆင်ရေးသည် ရာနှုန်းပြည့် အောင်မြင်မှု မရှိခဲ့ပါတကား။

ကာဘာကော့ဗ် က ဖောင်လာ၏ ဖောင်းအစ်အစ်မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး

'ဟာဖက်ဇ် နာဂျီးယား ရဲ့ ကိုယ်ရေးရာဇဝင် မှတ်တမ်း ခင်ဗျားမှာ ရှိလား'

'အယ်လ် ဖာဘာ စစ်ဗိုလ်တွေစာရင်းအရ ကျုပ်တို့ ဖိုင်တွေထဲမှာတော့ သူ ပါတာပဲ'

'သူ့ အတ္ထုပ္ပတ္တိ အပြည့်အစုံကို ကျွန်တော့် အစီရင်ခံစာမှာ ပူးတွဲထည့်ပေးထားတယ်၊ ဓာတ်ပုံတွေကို ကြည့်ပါ၊ မစ္စတာ ဖောင်လာ၊ နာဂျီးယားရဲ့ စောစောပိုင်းက ဓာတ်ပုံတွေ ဖြစ်ပေါ်ပြီးတဲ့ နောက်ပိုင်းမှာ ရိုက်ယူခဲ့တဲ့ ပုံတွေပါ'

'အို....ရက်စက်ကြမ်းတမ်းမှုတွေကို ကျုပ် မြင်ဖူးပါတယ်'

'ဒါမျိုးတော့ ခင်ဗျား မတွေ့ဖူးသေးပါဘူးဗျာ'





ကာဘာကော့ဗ် က အသံကိုမြှင့်၍ ပြောလိုက်သည်။

'နာဂျီးယား သေသွားပြီပဲ၊ ဗိုလ်မှူး ကာဘာကော့ဗ်'

'ဒါနဲ့တင် မပြီးပါဘူး မစ္စတာ ဖောင်လာ၊ ဒီမိန်းမကို ရှာတွေ့ရင် ဘာလက်စက်တင်ဘာ အဖွဲ့က ခင်ဗျားရဲ့ နှာခေါင်းကို ခင်ဗျားရဲ့ အူခွေထဲ ပွတ်ချပစ်လိမ့်မယ်'

ဖောင်လာကသံအမတ်ကြီးအားကြားဝင်ဧလိုဟန်ဖြင့် လှမ်းကြည့်သည်။ သံအမတ်ကြီး ယိုခင် မ်၊ တဲလ် က ကာဘာကော့ဗ် ဘက်မှ ရပ်တည်နေ၏။

'ခင်ဗျား ကျွန်တော်ပြောတာယုံစမ်းပါ၊ မစ္စတာဖောင်လာ'

'ခင်ဗျား ဒီမိန်းမကို နောက်တခါ ထပ်တွေ့ရင် မှတ်မိပါ့မလား ဗိုလ်မှူး'

ကော်လီက မေးသည်။

'မှတ်မိတာပေါ့'

'သူ ဒီမှာ အခြေစိုက်နေတယ်ဆိုရင် ဘေရွတ်ကို ဘာလို့ သွားရမှာတုန်း'

'သူ ဒီမှာ မရနိုင်တာ တခု လိုအပ်နေလို့ပေါ့၊ နာဂျီးယား အယောက်သာ ယူပေးနိုင်တဲ့ပစ္စည်းတခု လိုနေလို့၊ အဲဒီပစ္စည်းကို နာဂျီးယား သေချာပေါက် ယူပေးဖို့ သူကိုယ်တိုင် သွားပြောမှ ဖြစ်မယ့် အခြေအနေ ရှိလို့ပါပဲ'

မိမိ စကားက မရေရာလှကြောင်း ကာဘာကော့ဗ် သူ့ဘာသာ ရိပ်မိ၏။ 'တစုံတခု' ဆိုသော ဝေါဟာရကို သုံး၍မိမိ ကိုယ်တိုင် ဆက်တိုက် ပြောမိခြင်းကိုလည်း သူ့ဘာသာ မကျေနပ်။



www.burmeseclassic.com

www.burmeseclassic.com



ဖောင်လာက စကားဟသော်လည်း ကော်လီက ကြားဖြ... ပြောသည်။

'သေနတ်တွေတော့ မဖြစ်နိုင်ပါဘူး'

'ဒီကို သေနတ်တွေ ယူလာယင် မီးသွေး ထွက်တဲ့ နေ... ကာဆယ်လ်မြို့ကို မီးသွေး သွားရောင်းသလို ဖြစ်မှာပေါ့'

ဖောင်လာက ပြောသည်။

'ပစ္စည်းကိရိယာတခုခု၊ ဒါမှမဟုတ် တခြား အဖွဲ့ငယ်တ... ဆက်သွယ်ဖို့၊ ဒါမှမဟုတ် အထူး လျှို့ဝှက် စေလွှတ်ထာ... အေးဂျင့်တဦးဦး ဖြစ်မယ်၊ ဒါပေမယ့် အေးဂျင့်တယောက်... သုံးဖို့ သူ့လိုအပ်မယ် မထင်ပါဘူး၊ ဒီနိုင်ငံမှာ အာရပ်နိုင်... သူလျှိုတွေ သိပ်မစားသာပါဘူး'

'ဟုတ်တယ်၊ ကျုပ်တို့ သံရုံးက တောက်တိုမယ်ရ အ... သမားဟာ အမှိုက်ခြင်းထဲက စာရွက်စာတမ်းတွေ သူတို့ကို... ရောင်းနေကျပဲ၊ သူကလဲ သူတို့တွေရဲ့ တောက်တိုမယ်ရ အ... သမားဆီက စက္ကူစုတ်တွေ ပြန်ဝယ်တယ်၊ ကျုပ်တို့ အ... ခြင်းထဲမှာတော့ အကြေးတောင်းစာတွေနဲ့ တူးဆန်းတဲ့ (... ကိစ္စသုံး) ရော်ဘာပစ္စည်း ကြော်ငြာတွေ ပါလာတတ်တယ်'

နောက်နာရီဝက် အကြာတွင် အစည်းအဝေး ပြီးဆုံး... အမေရိကန်နှစ်ဦး ပြန်ရန် ထလိုက်ကြသည်။

'ကျွန်တော် ဒီကိစ္စကို(စီအိုင်အေဌာနချုပ်ရှိရာ)လင်ဂလေ... အေဂျင်ဒါထဲ မနက်ကျ ပါသွားအောင် လုပ်လိုက်ပါ့မယ်'

ကော်လီက ပြောသည်။





'တကယ်လို့ ခင်ဗျား အနေနဲ့ ကျွန်တော် လုပ်ပေး...'

ဖောင်လာက ကြားဝင်ပြန်သည်။

'ခင်ဗျားရဲ့ သတင်းပို့ချက်နဲ့ တိတ်ခွေရတာ လုံလောက်ပါပြီ... ...မှုး ကျေးဇူးဘဲဗျ'

အမေရိကန်နှစ်ဦး သံရုံးမှ ပြန်ထွက်လာသောအခါ မနက် ...နာရီ ရှိလေပြီ။

'အာရပ်တွေ လာနေပြီ၊ အာရပ်တွေ လာနေပြီ'

ဖောင်လာက မော်တော်ကားများဆီ လျှောက်သွားစဉ် ...ကော်လီအား ပြောလိုက်သည်။

'ခင်ဗျား ဘယ်လို သဘောရသလဲ'

'နက်ဖြန်ကျ ဒီကိစ္စနဲ့ခင်ဗျား 'မျက်လုံးပြဘင်နက်' ကိုအချိန် ...န်အောင် ဒုက္ခသွားပေးမှာ ကျုပ် မနာလို မဖြစ်မိပါဘူး ...၊ ဒီကိစ္စမှာ ချတ်ယှင်းချက်ရှိယင် စီအိုင်အေတော့ မပါပါရ ...စေနဲ့။ အမေရိကန်ပြည်ထောင်စုထဲမှာတော့ ဘာမှ ဗရုတ်ဗယက် ...လုပ်ချင်ဘူး၊ ကျုပ်တို့ရဲ့ အရှေ့အလယ်ပိုင်း ဌာနခွဲက သတင်း ...ရယင် ခင်ဗျားကို အသိပေးပါ့မယ်'

'ခင်ဗျားခုနသံရုံးထဲမှာ ဘာလို့ ရှုပ်ရှုပ်ဖြစ်နေတာလဲ'

'ကျုပ် စိတ်ကုန်လွန်းလို့၊ကျုပ်တို့တွေအစ္စရေးတွေနဲ့ လန်ဒန်... ...ရောမ၊ ပဲရစ်၊ပြီးတော့ တိုကျိုမှာတောင် အလုပ်တွဲလုပ်ခဲ့ ...ပြီ၊ အာရပ် တကောင်ကို သူတို့အတွက် လက်ညှိုးထိုးပြပေး ...ယင် ဒီကောင့်တွေက ဒီအာရပ်ရဲ့ မိတ်ဆွေတွေ ဘယ်သူတွေလဲလို့ ...အောတပြုတ် စောင့်ကြည့်ပြီး အားလုံးကို အပြတ် ရှင်းပစ်တာပဲ၊ ...ကျုပ်တို့က ပါးစပ်ဟောင်းလောင်းနဲ့ ကျန်ခဲ့တာချည်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကာဘာကော့ဗ်ကို သူတို့ လွှတ်လိုက်ရော မလိုပါဘူး'

'ခု လွှတ်လိုက်တော့ ဘာတတ်နိုင်လဲ၊ ခုနက သံရုံးမှာ သံမှူးကြီး ဝိုက်စ်မင်းကို မတွေ့ခဲ့ရဘူး မဟုတ်လား၊ ထောက်လှမ်းရေးကိစ္စတွေ လုပ်ရတာ ကျုပ်တို့ သိသားပဲ၊ ဖင်တုံ့မ် ဂျက်လေယာဉ် ရောင်းဝယ်ရေး ကိစ္စမှာ ပူးတွဲ ရှက်နေတယ်၊ သူတို့က ဒီကိစ္စ နှစ်ခုကို တရားဝင် မဆက်စပ် ချင်ကြဘူး'

'ခင်ဗျား နက်ဖြန် လင်ဂလေကို သွားမှာလား'

'သွားမှာပေါ့၊ ကာဘာကော့ဗ်ကြောင့် ခင်ဗျား ဒုက္ခ မါစေနဲ့'

× × ×

ကြာသပတေးနေ့ နံနက်ပိုင်းတွင် ဗာဂျီးနီးယား ပြည် လင်ဂလေမြို့ရှိ စီအိုင်အေ ဌာနချုပ်ရှိ ခဲသတ္တုဖြင့် ကာရံ သော ပြတင်းပေါက် လုံးဝ မရှိသော အခန်းထဲ၌ အမေရိက ထောက်လှမ်းရေး အဖွဲ့ပေါင်းစုံမှ ပုဂ္ဂိုလ်များ အစည်းအဝေး ထိုင်လျှက်ရှိ၏။

ထိုအဖွဲ့များမှာ စီအိုင်အေ၊ အက်(ဖ်)ဘီအိုင်၊ အမျိုးသား လုံခြုံရေး အေဂျင်စီ (အင်-အက်စ်-အေ) လျှို့ဝှက်ထောက်လှမ်း





အမျိုးသားကင်းထောက်ရုံးနှင့် ကာကွယ်ရေးဦးစီးချုပ် စစ်ဘက် ထောက်လှမ်းရေး အကြံပေး အရာရှိများ ကြသည်။

ထိုအပ်သောအခါ အထူး ကျွမ်းကျင်သော ပညာရှင်များ ခေါ်ယူတတ်သည်။ အစည်းအဝေးအစီအစဉ်၌အကြောင်း (၁၄)ခု ပါဝင်သည်။ ဆွေးနွေးစရာကိစ္စ များစွာရှိ၏။ နှိုက် ကန့်သတ်ထားသည်။

ကော်လီက ဆယ်မိနစ်၊ ဖောင်လာက ငါးမိနစ် စကားပြော သည်။ လူဝင်မှု ကြီးကြပ်ရေးနှင့် နိုင်ငံသား မှတ်ပုံတင်ရုံးမှ စားလှယ်က သူတို့လောက် ကြာကြာ မပြောပေ။

ကော်လီ အစည်းအဝေးမှ ပြန်ရောက်လာသောအခါ ကာ ဘာကော့ဗ်သည် အက်ဖ်ဘီအိုင် ဌာနချုပ်ရှိ ကော်လီ၏ ရုံးခန်း ထဲ၌ ထိုင်စောင့်နေသည်။

'ခင်ဗျား လာတဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ရကလဲ ခင်ဗျားတို့ သံအမတ်ကြီးကို ကျေးဇူးတင်တယ်၊ လာဗစ်သံရုံးက ကျွန်တော်တို့သံအမတ်ကြီးကလဲ ယီဂယ်လ် ယ်လွန်ကို ကျေးဇူးတင်စကား သွားပြောလိမ့်မယ်'

ကော်လီက ပြောလိုက်သည်။

'ကိစ္စမရှိပါဘူး ကဲ ..ခု ခင်ဗျား ဘာလုပ်မလဲ'

'ဘာမှလုပ်စရာ သိပ်မရှိဘူး၊ ဖောင်လာက ကိုင်ရိုအာလ်လွှင့် ဌာနနဲ့ ဘောရှုတ် အသံလွှင့်ဌာနက အသံဖမ်းယူခဲ့တဲ့ တိပ်ခွေ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ယူလာတယ်၊ အဲဒီက ခြိမ်းခြောက် ပြောဆိုမှုတွေ အား လုံးဟာ ဘာမှ အရာမရောက်ပါဘူးလို့ သူပြောတာပဲ၊ စီအိုင် အေကတော့ ခင်ဗျားရဲ့ တိပ်ခွေက အသံလှိုင်းတွေကို ပုံနှိပ် ထုတ်ယူပြီး ဖောင်လာ တိပ်ခွေက အသံလှိုင်းပုံစံတွေနဲ့ နှိုင်း ယှဉ် ကြည့်နေကြတယ်'

'ခုတိပ်ခွေက ခြိမ်းခြောက်တာ မဟုတ်ဘူး၊ သူတို့ စစ်ဆေး ရေးပြီးမှ သုံးဖို့ သွင်းထားတာ'

'စီအိုင်အေဟာ လက်ဘနွန်က သတင်း ဇစ်မြစ်တွေနဲ့ ပြန် စစ်ဆေး စုံစမ်းနေတယ်'

'လက်ဘနွန်မှာ စီအိုင်အေဟာကျုပ်တို့လိုပဲ၊ကျုပ်တို့ သတင်း ဝယ်တဲ့ လူတွေဆီက သောက်သုံးမကျတဲ့ သတင်းတွေကို ဝယ် နေကြတာပါ၊ သတင်းစာတွေထက် နှစ်နာရီစောတဲ့ သတင်း မျိုးပေါ့'

'တခါတလေတော့လဲ နှစ်နာရီတောင် မရှိဘူး၊ လော လောဆယ် ခင်ဗျား ဓာတ်ပုံတွေ ကြည့်ချင် ကြည့်နိုင်တယ် ကျွန်တော်တို့ ဖိုင်တွဲမှာ ဂျူလိုင် (၅) ရက်နေ့ လုပ်ရှားမှုမှာ ပါခဲ့တယ်လို့ ယူဆရတဲ့ အလ်ဖာတာ နောက်လိုက် (၁၀၀) လောက်ကို ရထားတယ်၊ လူဝင်မှု ကြီးကြပ်ရေး ဌာနကတော့ အတိအလင်း မကြေငြာပေမယ့် မသကာဖွယ် ဝင်ရောက်နေ ထိုင်ကြတဲ့ အာရပ်တွေနဲ့ ပတ်သက်တဲ့ဖိုင်လဲ ရှိတယ်၊ အဲဒီအတွက် တော့ ခင်ဗျား နယူးယောက်ကို ကိုယ်တိုင် သွားရလိမ့်မယ်'

'ခင်ဗျားတို့ အမိန့် အာဏာအရ အကောက်ခွန် ဌာနတွေ အားလုံးကို သတိပေးနှိုးဆော် ခိုင်းလိုက်ပြီလား'





'လုပ်ပြီးပြီ၊ ဒါစိတ်အချရဆုံးပဲ အလုပ်ကြီးတခုအတွက် တော့ သူတို့ ဗုံးသုံးဖို့ ကြံထားယင် ပြည်ပကနေ ခိုးသွင်း ရမှာပဲ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်း ဂျူလိုင်(၅)ရက် လှုပ်ရှား ဆက်နွယ်နေတဲ့ ဗုံးပေါက်ကွဲမှု အငယ်စားလေး သုံးခု ရှိခဲ့ နယူးယောက်မြို့က အစ္စရေးရုံးသုံးခုမှာ ပေါက်တာပဲ။ ...အနေ....'

'ပထမတကြိမ်က ပလတ်စတစ်ဗုံး၊ နောက်နှစ်ကြိမ်က ဒိုင်း ...နဲ့ ခဲ့တာ'

'ဟုတ်တယ်၊ ခင်ဗျား တကွက်မှ မျက်ခြည်မပြတ်ပါကလား၊ ...သမယ့် ဒီနိုင်ငံမှာ ပလပ်စတစ်ဗုံးတွေ သိပ်မပေါ်ဘူး၊ ဒိုင်း ...တွေ တန်းလန်း ဆွဲပြီး လမ်းသလားလို့လဲ မဖြစ်ဘူး၊ ...ဂါလစ်ဆလင်းကို ဖော်စပ်ယင်းနဲ့ ပေါက်ကွဲပြီး အသေ ...ကြပါဘူး'

ဂျူလိုင်(၅)ရက် လှုပ်ရှားမှုမှာ အပျော်တမ်းလုပ်တဲ့ ငနဲတွေ ...ားကြီး ပါနေတယ်၊ ဒီအလုပ်အတွက် နာဂျီးယားဟာ ...ောင်တွေကို စိတ်ချ လွဲအပ်မှာ မဟုတ်ဘူး၊ လက်နက်ပစ္စည်း ...ာ တသီးတခြား ဖြစ်လိမ့်မယ်၊ ခုဒီမှာ ရောက်မနေသေးယင် ...တို့ ခိုးသွင်းလာမှာပဲ'

ကာဘာကော့ဗ်သည် ပြတင်းပေါက်နားသို့ ထ သွား၏။

'ဒီတော့ ခင်ဗျားတို့ အစိုးရက ကျွန်တော့်ကို သူတို့ရဲ့ ဖိုင်တွဲ ...ာ ကြည့်ခွင့်ပေးပြီး ဗုံးတွေ ခိုးသွင်းလာမယ့် ကောင်တွေကို ...ောင့်ကြည့်ဖို့ အကောက်ခွန်ဌာန အားလုံးကို နှိုးဆော်ထား ...းတယ်ပေါ့၊ ဒါပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းနည်းပါတယ် ဗိုလ်မှူး၊ ကျွန်တော်တို့ လောလောဆယ် ရရှိထားတဲ့ သတင်း အချက်အလက်အရ ဒီလောက်ပဲ လုပ်ပေး နိုင်ပါတယ်'

'ဒီကိစ္စမှာ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာန မပါဘူး နော်'

ကော်လီက ပြောသည်။

'အမေရိကန် ထောက်လှမ်းရေး အဖွဲ့အစည်းက အာရပ်တွေ အမေရိကန်မှာ လုံးလုံး လာတိုက်ခိုက်လိမ့်မယ်လို့ မထင်ကြဘူး မဟုတ်လား ကော်လီ'

'ဟုတ်တယ်၊ အာရပ်တွေ ဒီလောက်ထိ လုပ်ရဲလိမ့်မယ်လို့ မထင်ကြဘူးဗျ'

ဆမ်ကော်လီက အားလျော့စွာဖြင့် ပြောလိုက်လေသည်။

■



## အခန်း ။ ၄ ။

ထိုအချိန်တွင် လက်တီးရှား ကုန်တင် သင်္ဘောကြီး သည် အာဇိုးစ်ကျွန်းစု (ပေါ်တူဂီ)နှင့် နယူးယောက်မြို့တော်ကြီးဆီသို့ ခုတ်မောင်းလျက် ရှိသည်။ သင်္ဘောဝမ်းဗိုက်ဦးပိုင်းထဲ အတွင်း ကျဆုံး သိုလှောင်ခန်းထဲတွင် ပလပ်စတစ်ဗုံးပြုလုပ်မည့် ပလပ် စတစ်ပေါင် ၁၂၀၀ ကို ထည့်ပြီး သော့ခတ်ထားပေသည်။

ထိုသေတ္တာများအားတွင် ပိန်းပိတ်အောင် မှောင်မည်းနေ သည့် အမှောင်ထုထဲ၌ အလီဟာဆန်သည် သတိမရ တချက် ရတချက်နှင့် လဲနေသည်။ ကြွက်ကြီးတကောင်သည် သူ့ဗိုက် ပေါ်မှဖြတ်၍မျက်နှာဆီသို့ ပြေးတက်သွားသည်။ ဟာဆန်အား (ရေယာဥ်မှူး) ကပ္ပတိန် ကာလ်မဲလ်လာမိုဆိုက ဝမ်းဗိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



သေနတ်နှင့် ပစ်ခဲ့ပြီးနောက် သုံးရက်လုံးလုံး ဤသို့ လဲနေခဲ့ခြင်း ဖြစ်သည်။

သူ စောင့်ဦးမှဖြစ်မည်။ ဟာဆန်၏ဖယ်လက်ထဲတွင် ကပ္ပတိန် လာမိုဆိုအား သေတ္တာများကြား၌ အငိုက်ဖမ်းမိစဉ်က ပစ်ချခဲ့သော သံတူရှင်းကြီး ရှိနေသည်။

သူ၏ ညာဘက် လက်တွင်ကား နောက်ကျမှ ဆွဲထုတ်ဖြစ်ခဲ့သည့် ဝေါလ်တာပီပီကေ ပစ္စတိုရှိသည်။ ယခုမှ သေနတ်ပစ်၍ မဖြစ်တော့ပြီ။ တစုံတယောက် ကြားသွားနိုင်၏။ အကယ်၍ ဤသို့လှောင်ခန်းထဲသို့ လာမိုဆို နောက် တခေါက် ပြန်ဝင်လာလျှင် မိမိအား သေပြီဟု ယူဆပေလိမ့်မည်။

ကြွက်နှာခေါင်းက ဟာဆန်၏ မေးစေ့ကို လာထိလုနီးပါး ဖြစ်နေသည်။ ဟာဆန်၏ အသက်ရှူသံက ကြွက်နှုတ်ခမ်းမွေးများကို ထောင်သွားစေ၏။ ဟာဆန်သည် သံတူရှင်းဦးချွန်နှင့် ကြွက်၏ကိုယ်ကို ထိုးပစ်လိုက်သည်။ ကြွက်သည် သူ့ကိုယ်ပေါ်မှ ခုန်ဆင်းပြေးသွားသည်။

မိနစ် အနည်းငယ် ကြာသွား၏။

လှုပ်ရှားသံ တခု။ သူ့ ဘောင်းဘီ ခြေထောက် အတွင်းမှ ဖြစ်သည်။ သူ၏ခါးအောက်ပိုင်းမှာ ဘာမှခံစားမှုမရှိတော့ပေ။ ထိုအတွက် သူ ဝမ်းသာ၏။

သူ့ကိုယ်သူသတ်ပစ်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။ ဝေါ(လ်)တာ ပီပီကေကို နားထင်နားသို့ ကပ်၍ပစ်ရန် သူ့မှာ ခွန်အား ကျန်ရှိသေးသည်။ မိုဟာမက်ဖာဆေးလ် လာလာချင်း သူခလုတ်





ဆိုက်မည်။ ထိုအချိန်တိုင်အောင် သေတ္တာများကို စောင့်ကြပ်ထားရန် သူ့မှာ တာဝန် ရှိ၏။

အမှောင်ထဲ၌ သူ မည်မျှကြာကြာ လဲနေမှန်း သူ မသိ။ ယခု တကြိမ်တော့ သူ့ဦးနှောက်က မိနစ်အနည်းငယ်သာ ကြည်လင်လိမ့်မည်။ စဉ်းစား ရမည်။ လက်တီရှား သင်္ဘောကြီးသည် အာဇိုး(စ်)ဆိပ်ကမ်းသို့ ဆိုက်ရန် သုံးရက်အလိုတွင် ကက်ပတိန် ဟာမိုဆိုအား ဤသေတ္တာများကို လျှောက်မွေ့ရန် ကြံနေစဉ် သူ တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

နိုဝင်ဘာ ၂-ရက်နေ့တွင် ကြိုတင် စီစဉ်ထားသည့်အတိုင်း အာဇိုး(စ်) ဆိပ်ကမ်းမှ ဟာဆန်၏ ကြေးနန်းကို မရလျှင် ဖာဆေးလ်အဖို့ လက်တီရှား ပြန်မထွက်မီ အလုပ်လုပ်ရန် အချိန် နှစ်ရက် ရပေမည်။ အာဇိုး(စ်)သည် နယူးယောက်သို့မရောက်မီ နောက်ဆုံး ဆိပ်ကမ်း ဖြစ်ပေသည်။

ဖာဆေးလ် လုပ်ဖြစ်ပါစေ။ ငါ့ တာဝန် မပျက် စေရဘူး။

လက်တီရှားသင်္ဘော၏ အင်ဂျင်ဟောင်းကြီးများ၏ လှုပ်ရှားမှုတိုင်းသည် ဟာဆန်၏ ဦးခေါင်း အောက်ရှိ သစ်သားပျဉ်ချပ်များကို တုန်ခါလျက် ရှိစေ၏။

သူ့မျက်လုံးများတွင် အနီရောင် လိုင်းငွေများ ပျံ့လွင့်လာလျက်ရှိသည်။ ဒီဇယ်အင်ဂျင်သံများကို အာရုံစိုက် နားထောင်သည်။ ဘုရားသခင် ကိုယ်တော်မြတ်၏ သွေးခုန်သံ ပေလား။

ဟာဆန် လဲကျနေရာမှ အထက်ပေ(၆၀)၌ ကက်ပတိန် ဟာမိုဆိုသည် သူ့အခန်းထဲတွင် ‘ဆာပိုရာ’ တီယာ[illegible]လင်းကို



www.burmeseclassic.com

www.burmeseclassic.com



မော့ယင်း ရေဒီယိုမှ သတင်း နားထောင်လျက်ရှိ၏။ လက်ဘာနွန် စစ်တပ်နှင့်ပြောက်ကျား တိုက်ခိုက်နေကြပြန်ပြီ။ ကောင်းတယ်။ နှစ်ဘက်စလုံး နာမှာပဲ။ ကောင်းတယ်။

လက်ဘာနွန်က ကောင်တွေက သူ့စာရွက်များကို ကြည့်ပြီး ခြိမ်းခြောက် ကြသည်။ ပြောက်ကျားများက သူ့ အသက် အန္တရာယ်ကို ခြိမ်းခြောက်ကြသည်။ ဘေရွတ်(သို့မဟုတ်)တိုင်ဗျာ (သို့မဟုတ်) တီဘာရပ်သို့ ရောက်လျှင်တော့ နှစ်ကောင်စလုံးကို ရှင်းပစ်ရမည်။ ပြောက်ကျားများနှင့် လက်ဘာနွန်အကောက်ခွန် အရာရှိများ သိပ်မကွာခြားလှ။

ပြောက်ကျားများနှင့် ပူးတွဲကူညီဖို့ သူ စိတ်ထက်သန်နေပြီး သေတ္တာများ ကြားတွင် ဟာဆန်နှင့် ပက်ပင်း တိုးမိခဲ့ပြီး ကတည်းက သူ ဆုံးဖြတ်ခဲ့သည်။ ဘေရွတ်သို့ ပြန်ရောက်လျှင် ဖာဆေးလ်နှင့် အဖွဲ့သည် သူ့နောက်သို့ လိုက်လာကြမည်။

လက်ဘာနွန် အစိုးရသည် ဘုရင်ဟူစိန် ထံမှ သတင်းရပြီး ပြောက်ကျားများကို နှင်ထုတ်ပစ်လိမ့်မည်။ ထိုအခါကျလျှင် သူ အကြွေးပေးဆပ်ရန် ဂိုဏ်းတခုတည်းသာ ကျန်လိမ့်မည်။ သူ အတော်စိတ်ကုန်မိသည်။

'သူ့ကို ခေါ်သွားစမ်း'

'သေနတ်တွေ ယူခဲ့'

'ဘာမှ မပြောနဲ့'





ကျုပ် နှုတ်လုံဖို့ လိုကြောင်း သိပါတယ်။ ကျုပ် ဒီလောက် ... ပါဘူး။ တခါကလည်း လက်တီရှား၏ သဘော် နံရံတွင် ...သားသော 'လင်းပက်' မိုင်းဗုံးတလုံးကို ဖောက်ခွဲရန် ...ကာ်ဘိတပ်လျက် တွေ့ခဲ့ရသည်။ ပြောက်ကျားများ၏တောင်း ...ချက် များကို ငြင်းဆိုလျှင် ဖောက်ခွဲခံရမည်ဟု ခြိမ်း ခြောက်၏။

လာမိုဆိုသည် ကိုယ်လုံး ကြီးမားသော၊ အမွေး အမှင် ...းသာလူကြီးဖြစ်သည်။ သူ့ကိုယ်နံ့ကြောင့် သူ့တပည့်သင်္ဘော ...သားများ မျက်ရည် ကျကုန်တတ်၏။ သူ့ကိုယ် အလေးချိန် ကြောင့် သူ့အိပ်စင်မှာ ကြမ်းပေါ်ထိ ညွတ်ကျလာတတ်၏။

ဆာပိုရာဘီယာပုလင်း အသစ်၏ အဖုံးကို သွားနှင့် ကိုက် ...ပြီး မော့ချလိုက်သည်။ သူ့မျက်လုံး များက နံရံပေါ်၌ ...ပ်ထားသော အီတလီမဂ္ဂဇင်းထဲမှ ညစ်ညမ်းသော ဓာတ်ပုံ ...ပုံကို ကြည့်နေသည်။

ထိုနောက် အိပ်စင်ဘေး ကြမ်းပြင်ပေါ်မှ မယ်တော်မာရီ ...ုပ်တုလေးကို ကောက်ယူပြီး ရင်ဘတ်ပေါ် ထောင်ထားလိုက် သည်။ ရုပ်တုလေး၏ဇာစ်မြစ်ကို သူ သိသိချင်း ခေါးနှင့်ဖမ်းလိုက် သောကြောင့် အပွန်းအပဲ့များ ဖြစ်သွားခဲ့၏။

လာမိုဆိုသည် ဗုံးများကို ငွေဖြစ်အောင် ပြောင်းလဲပေးမည့် နေရာ သုံးခုကို သိထားသည်။

ဆုလာဘ်လည်း ရဦးမည်။ အမေရိကန်များနှင့် အလုပ် လုပ်လျှင် အခြား အကျိုး ကျေးဇူးများလည်း ခံစားရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း လာမိုဆို သိ၏။ သူ့အပေါ် အမေရိကန်အကောက်ခွန်ဌာနက ငြိုငြင်မှုများကို မေ့ပစ်လိုက်ကြလိမ့်မည်။

လာမိုဆိုသည် ပစ္စည်းတင်သွင်းသူ ဘင်ဂျမင်မြူဇီ အပေါ် ခေါင်းပုံ ဖြတ်လိုသောကြောင့် ဤသေတ္တာများကို ကိုယ်တိုင်ဖွင့်ကြည့်ခဲ့ခြင်း ဖြစ်သည်။ သူ မည်မျှ တောင်းဆိုရမည်ကို ခန့်မှန်းနိုင်ရန် ပစ္စည်း တန်ဖိုးကို အတိအကျကို သိထား လိုသည် မဟုတ်လား။

လာမိုဆိုသည် မြူဇီ၏ ကုန်ပစ္စည်းများကို တခါမှ အသုံးစား မလုပ်ဖူးခဲ့ပေ။ မြူဇီတယောက် လုပ်ငန်း ဖျက်သိမ်းတော့မည်ဟု အရှေ့အလယ်ပိုင်း၌ ကောလဟလ သတင်းထွက်နေသည်။

သို့ဆိုလျှင် မြူဇီ၏ မတရားဝင်ငွေများ ဆိုးရွားစွာ လျော့နည်းသွားမည်။ ဒီတော့ လာမိုဆိုသည် တတ်နိုင်သမျှ များများစားစား ရအောင် ခေါင်းပုံဖြတ်နိုင်မှ ဖြစ်မည်။

ပထမတော့ အယ်(လ်)ဖာတားများထံမှ မြူဇီ ဝယ်ယူတင်သွင်း နေကျဖြစ်သည့် 'ဟာရှစ်' ဆေးခြောက်များ တ တခေါင်းကြီး ဖြစ်မည်ဟု လာမိုဆို ယူဆခဲ့သည်။ သို့သော် ပလပ်စတစ်ဗုံးများကို တွေ့ခဲ့ရပြီး၊ ဟာဆန်နှင့် ပက်ပင်းတိုး သည်။

ဟာဆန်သည် အရှုံးတယောက်ပီပီ သေနတ်ဆွဲရန် ကြံသည်။ ပလပ်စတစ်ဗုံးသည် အန္တရာယ်ကြီးမားသော လုပ်ငန်းဖြစ်သည်။ မူးယစ်ဆေးဝါးလုပ်ငန်းမှာလို တယောက်အပေါ် တယောက် အကျပ်ကိုင်၍ မရ။





လာမိုဆိုသည် မြူဇီနှင့် ပြောက်ကျားများ ပြဿနာ ကြည့်ရှင်းကြပါစေဟု မျှော်လင့်ထားသည်။ ဘာပဲဖြစ်ဖြစ် ပလပ်စတစ်ဗုံးများအပေါ် သူ အမြတ်ထုတ်၍ ရမည်။ သူ့ သေတ္တာများကို နှောင့်နှေးခြင်းကြောင့် မြူဇီက မိမိအား ဒေါ်ပွဦးမည်ကား သေချာသည်။

လောလောဆယ်တော့ မိမိ ရောင်းချရမည့် ပစ္စည်းကို စာရင်း ပြုစုပြီး မလိုအပ်သော ပစ္စည်းများကို ဖယ်ထုတ်ရမည်။ ဟာဆန်အား ချက်ကောင်း ထိအောင် ပစ်နိုင်ခဲ့ကြောင်း လာမိုဆို သိ၏။ ဟာဆန်အား အသက်ထွက်ဖို့ အချိန်များစွာ ပေးခဲ့သည်။ အာဇိုးစ် ဆိပ်ကမ်းမှ ထွက်ခွာပြီး နောက်တွင် ဟာဆန်၏ အလောင်းကို ရေထဲ ပစ်ချခဲ့ရုံသာ ရှိ၏။

× × ×

မိုဟာမက် ဖာဆေးလ်သည် ဘေရွတ်မြို့ ကြေးနန်းရုံးတွင် သနေ့လုံး တနာရီ တခေါက်ကျ မိမိအတွက် ကြေးနန်း ရောက် မရောက် သွားမေးလျက် ရှိသည်။

အာဇိုးစ်မှ ဟာဆန်၏ ကြေးနန်းသည် လမ်းခရီး၌ နှောင့်နှေးမှု ရှိနေမည်ဟု ပထမက ယူဆသည်။ ယခင်ကဆိုလျှင် ကြေးနန်းသည် နေ့ခင်း မွန်းမတည့်မီ ရောက်လာစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



လက်တီးရှား သင်္ဘောကြီး အနောက် အရပ်သို့ ဦးတည် ခုတ်မောင်းလာစဉ် ခရီးတလျှောက်၌ ဘင်ဂါဇီ၊ တူနစ်၊ ... ဘွန်း မြို့များမှ ကြေးနန်းသုံးစောင် လက်ခံ ရရှိခဲ့ပြီးပြီ။

ကြေးနန်းစာမှ အကြောင်းအရာမှာ အနည်းငယ်စီ ... သော်လည်း ဆိုလိုရင်း အဓိပ္ပာယ်မှာ အမျိုးတည်းသာဖြစ်... စုံးများကို မည်သူမျှ သွားမကိုင်သေးပေ။ နောက် ကြေး နန်းစာမှာ 'အမေ ယနေ့ ပိုသက်သာလာသည်' ဟူ၍ ဖြစ်မည်... လက်မှတ်ထိုးသူက 'ဟိုဆေး' ဖြစ်ရမည်။ ညနေ ခြောက်နာ... အထိ ကြေးနန်း ရောက်မလာသောအခါ ဖာဆေးလ်သည် ... လေဆိပ်သို့ ကားမောင်းထွက်သွား၏။

သူ့တွင် အယ်လ်ဂျီးရီးယား နိုင်ငံသား ခေတ်ပုံဆရာတ... ဖြစ်ကြောင်း မှတ်ပုံတင်နှင့် ဒဿမ ၃၇၇ မဂ္ဂနမ် ခြောက်... ပြူးတလက်၊ ဝှက်ထားသော ကင်မရာတလုံး ပါရှိသည်။

ဖာဆေးလ်သည် လေယာဉ်လက်မှတ်ကို လိုရမယ်ရသော... ဖြင့် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်က ကြိုဝယ်ထားခဲ့၏။ ထိုလ... မှတ်ဖြင့် နောက်နေ့ညနေ ၄ နာရီ၌ ပွန်တာဒယ်လ်ဂါဒါသို့ ... ရောက်ရှိသွားလိမ့်မည်။

× × ×

နိုဝင်ဘာ ၂ ရက်နေ့၊ နံနက်ခင်း စောစော။

ကက်ပတိန်လာမိုဆိုသည် သူ၏ ပထမ အရာရှိထံမှ သင်္ဘော... မှဲ့ကိုင် တာဝန်ကို လွှဲပြောင်း ယူလိုက်သည်။ လက်တီးရှား... သင်္ဘောသည် ဆန်တာမာရီယာ ကျွန်းလေးနား ရောက်နေပြီ...





...အနောက် တောင်ဘက်ခြမ်းမှ ကွေ့ပြီး မြောက်ဘက်လှည့် ...သော ဆန်မီဂွားလ်နှင့် ပွန်တာဒယ်လ်ဂါဒါ ဆိပ်ကမ်းဆီ ဦးတည် ...ချက် ဆက်လက် မောင်းနှင်သွားလေသည်။

ပေါ်တူဂီနိုင်ငံ၏ မြို့ဖြစ်သော ဆန်မီဂွားလ်သည် ဆောင်း ...နံနက် နေရောင်ခြည်အောက်တွင် ဖူးဖွေးလှပနေ၏။

အဆောက်အအုံများမှာ ဆေးဖြူသုတ်ထားပြီး ခေါင်မိုး ...များမှာ အနီရောင် အုတ်ကြွပ်များ ခင်းထား၏။

ဆယ့်နှစ်ရာသီ ပင်များသည် ခေါင်းလောင်း မျှော်စင်ကြီး ...များ မြင့်မားစွာ စိမ်းစိုလျက် ပေါက်ရောက်နေကြသည်။ မြို့၏ ...ဘက်ဘက်တွင် ပြေပြစ်သော တောင်ကုန်းလျှောများ၊ လယ် ...ကွင်းများ တွေ့ရသည်။

ဆိပ်ကမ်းတွင် လက်တီးရှားသင်္ဘောပေါ်မှ ပြန်ပို့မြင်ထား ...သော အပေါ့စား လယ်ယာစိုက်ပျိုးရေး စက်ကိရိယာများကို ...ထားပြီး ဘိလပ်ရည်ပုလင်း သေတ္တာများကို တင်လိုက်ကြ ...သည်။

...လာမိုဆို မစိုးရိမ်ပါ။ ဤသေတ္တာများကို သင်္ဘောပဲ့ပိုင်း ...လှောင်ခန်း၌သာ ထားမည်ဖြစ်၏။ ဦးပိုင်းရှိ သော့ခတ်ထား ...သော သိုလှောင်ခန်းကလေးကို မည်သူမျှ ဖွင့်စရာမလို။

ဒုတိယနေ့ နေ့လယ်ခင်းတွင် ကုန်တင် ကုန်ချ ကိစ္စ အတော်... ...များ ပြီးစီးသွားပြီး သင်္ဘောသားများအား ကုန်းပေါ် ...တက်ခွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ဘဏ္ဍာစိုးကြီးက သဘော်သားတဦးစီအား အရေ
ဆိုင်နှင့် ပြည့်တန်ဆာအိမ်၌ သုံးဖြုန်း နိုင်ရုံလောက်သာ အသ
စရိတ်ငွေများ ဖြန့်ဝေပေးလိုက်သည်။

သဘော်သားများသည် ဆိပ်ကမ်းသို့ ခပ်သွက်သွက် ဆင
သွားကြသည်။

သူတို့အားလုံး ညနေခင်း၏ စည်းစိမ်များကို ခံစား
ဆန္ဒပြင်းပြလျက်ရှိသည် မဟုတ်လား။

သူတို့ဆင်းသွားစဉ် 'အမျိုးသား ရေကြောင်းဘဏ်တိုက
ကြီး၏ ဆင်ဝင်အောက် မှောင်ရိပ်မှနေ၍ လူဦးရေကို ရေတ
စစ်ဆေးနေသော လူတယောက်အား မည်သူမျှ သတိမထာ
ကြပေ။

သဘော်ကြီးပေါ်၌ တိတ်ဆိတ်သွားပြီ။

သဘော်စက်ခန်းတွင်းရှိ အလုပ်ရုံကလေးသို့ ဆင်းလာသေ
ကပ္ပတိန် လာမိုဆို၏ ခြေသံများသာ ကြားနိုင်၏။

ယင်းအလုပ်ရုံမှာ မီးတလုံး မှိန်မှိန်ထွန်းထားသော သံ
ခန်းလေး ဖြစ်သည်။

လာမိုဆိုသည် ထိုအခန်းထဲမှ ပစ္စတင်ချောင်းကြီးတ
မှေနောက်၍ ထုတ်ယူပြီး လက်ထဲ၌ ချိန်ဆကြည့်သည်။

ဟာဆန်၏ အလောင်းကို အတ္တလန်တိတ် သမုဒ္ဒရာထ
နစ်မြုပ်အောင် ဆွဲချသွားနိုင်လောက်သော အလေးချိန်ရှိသ

လာမိုဆိုသည် ထိုပစ္စတင်ချောင်းကြီးကို သဘော်ပွဲပိုင်း
ထဲတွင် ကြိုးချည်လျက် ထည့်သိမ်းထားလိုက်သည်။





ထို့နောက် စားဖိုခန်းမှ အမှိုက်ထည့်သော အိတ်ကြီးတလုံး
ပြီး သဘော်ရှေ့ခြမ်း လူသွား လမ်းပေါက်သို့ ယူသွား
ည်။

အိတ်ကြီးကို ပခုံးပေါ်တင်လျက် သွားစဉ်ကာ လေချွန်နေ
သေး၏။

လူသွားလမ်း၌ သူ့ ခြေသံများက ကျယ်လောင်လှပေသည်။
ခိုက် သူ့နောက်မှ ခြေသံတခု ကြားရသည်။ လာမိုဆို
နားစွင့်လိုက်သည်။ သဘော် ကုန်းပတ်ပေါ်၌ ကျောက်
တာဝန်ကျသော အဘိုးကြီး၏ ခြေသံ ဖြစ်မည်။

လာမိုဆိုသည် သဘော်ဦးပိုင်း သိုလှောင်ခန်းဆီသို့ သတ္တု
ားငယ်မှ ဆင်းသွားသည်။ သိုလှောင်ခန်း ပေါက်ဆီသို့
ည်အပြု တံခါးကို ဆောင့်ဖွင့်ပြီး သဘော်ဝမ်းဗိုက် နံရံ
ပ်ကာ လှေကားထိပ်သို့ မော့ကြည့်လိုက်သည်။

သူ့ လက်ကြီးထဲ၌ ကျည် ငါးတောင့်ပါသော စမစ်အင်
ဆန် အဲယားဝိတ် သေနတ်မှာ ကလေးကစားစရာ တခုပမာ
ငယ်လွန်းလှ၏။

ထိုအခိုက် အဝတ်လဲခန်း တံခါးပွင့်လာပြီး မိုဟာမက်
ားလီ၏ သေးငယ်သပ်ယပ်သော ဦးခေါင်းသည် သား
င်ရှာဖွေသော မြွေတကောင်ပမာ ဖြည်းညင်းစွာ ထွက်
လာလေသည်။

ာမိုဆိုက ဦးစွာပစ်လိုက်သည်။ ကျည်ဆန်သည် လှေကား
လက်ရန်းကို ထိမှန်သွားသည်။ လာမိုဆိုသည် သိုလှောင်
ဝင်ပြီး တံခါးဆွဲပိတ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူချွေးပြန်နေ၏။ သိုလှောင်ခန်း အမှောင်ထု အတွင်း၌ …
ချေးနံ့နှင့် သံချေးနံ့ ချောဆီနံ့များ ရောထွေးနေသည်။

သတ္တုလှေကားမှ ခြေသံများသည် ခပ်မှန်မှန် ဆင်း…
လျက်ရှိ၏။ ဖာဆေးလိပ်သည် သေနတ်ကို လက်တဘက်က…
ပြီးအခြားတဘက်ဖြင့် လက်ရန်းကို ထိန်းလျက် ဆင်းလာ…
ဖြစ်ကြောင်းလာမိုဆို သိသည်။

သူ့သေနတ်ပြောင်းဝသည် ပိတ်ထားသော သိုလှောင်ခ…
တံခါးဆီသို့ချိန်ထားလျက်ရှိမည်။ လာမိုဆိုသည် တံခါးပေ…
မှ ဆယ့်နှစ်ပေ အကွာတွင်ရှိသော သေတ္တာနောက်တွင် ဝင်…
သည်။

သူ့အတွက် အချိန် အများကြီးရှိသည်။ သင်္ဘောသားမ…
ကတော့ အေးအေးဆေးဆေး ပြန်ရောက်လာကြ လိမ့်မည်…
ဖာဆေးလိပ်နှင့် အပေးအယူ လုပ်ရမည်။

သို့သော် သူ လက်ခံလိမ့်မည် မထင်။ သူ့မှာ ကျည်…
လေးတောင့် ကျန်သေးသည်။ တံခါးပေါက်မှ ဝင်လာ…
နှင့် ဖာဆေးလိပ်အားပစ်သတ်မည်။ ဤအကြံ အကောင်းဆုံး…
မည်။

စင်္ကြံလမ်းမှာ တစက္ကန့်မျှ တိတ်သွားသည်။ ထို့နော…
ဖာဆေးလိပ်၏ မဂ္ဂနမ် သေနတ် မြည်ဟိန်းသွားသည်။ ကျည်…
များက သိုလှောင်ခန်း တံခါးချပ်၏ သတ္တု အပိုင်းများကို…
ထုတ်၍ ထိုးဖောက် ဝင်လာကြသည်။

လာမိုဆိုက တံခါးချပ်ဆီ ပြန်ပစ်ရာ ဒသမ ၃၈ စပယ်…
ကျည်ဆန်သည် သတ္တုကို ချိုင့်စေရုံမျှသာထိရောက်၏။ ထ…





…သောအခါ လာမိုဆိုသည် သေနတ်ကို ဆက်ပစ်ထည့်
…သည်။

နောက်ဆုံးကျည်ဆန်ပစ်လွှတ်လိုက်ချိန်ကျမှ သူသည် အဝတ်
…ခန်းမှ ဆီဖာခေါင်းအုံး တလုံးကိုသာ ပစ်ထည့်မိကြောင်း
…နတ် မီးပွင့် အလင်းရောင်၌ သတိပြုမိသည်။ လာမိုဆိုသည်
…သော် သိုလှောင်ခန်း ရှေ့ပိုင်းသို့ ဒရောသောပါး ထွက်ပြေး
သွားသည်။

ဟာဆန်၏ ပစ္စတိုကို သွားယူပြီး ဖာဆေးလိပ်ကို ပြန်ပစ်
သတ်မည်။

လာမိုဆိုသည် ခန္ဓာကိုယ် ကြီးထွားသော်လည်း ကောင်းစွာ
ပြေးလွှားနိုင်သူဖြစ်သည်။ သွက်လက်သည်။ စက္ကန့် သုံးဆယ်
…တွင်း၌ သင်္ဘောဦးပိုင်းရှိ တံခါးသော့ကို ဖွင့်နိုင်သည်။ အထဲ
…ဝင်လိုက်သည်နှင့် အပုပ်နံ့ ရသည်။ ကြမ်းပေါ်၌ လေးဘက်
…ထောက်၍ ဟာဆန်၏အလောင်းဆီ စမ်းသွားသည်။ မှောင်ထဲ၌
… မီးမထွန်းဝံ့ပေ။ သေတ္တာများနှင့် ရံဖန်ရံခါ ဝင်ဆောင့်
…သော ဘေးမှ ကွေ့ပတ်သွားရသည်။ ဖိနပ်တခုကို လက်နှင့်
…စမ်းမိသည်။

လာမိုဆိုသည် ခြေထောက်မှ ဗိုက်သို့ ဆက်စမ်းကြည့်သည်။
…ဘောင်းဘီ ခါးကြားမှာ သေနတ်မရှိ။ ဘေးတဘက်စီ၌ စမ်း
ကြည့်သည်။ လက်မောင်းကို စမ်းမိ၏။ လက်မောင်း လှုပ်လာ
သည်။ သေနတ်ကို ရှာမတွေ့မီ သူ့မျက်ခွက် သေနတ်မှန်ပြီး
…ထွက် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖာဆေးလ်၏ နားတွေ အူသွားသည်။ မိနစ် အနည်းငယ် ကြာမှ ချောင်းထဲမှ 'ဖာဆေးလ်....ဖာဆေးလ်' ဟူသော အသံ ကွဲကွဲနှင့် ခေါ်သံကို ကြားရသည်။

ဖာဆေးလ်သည် သိုလှောင်ခန်းထဲသို့ လက်နှိပ် ဓာတ်မီး ငယ်လေးဖြင့် ထိုးကြည့်သည်။ ပြေးလွှားနေသော ကြွက်များ ထောက်လေးများကိုတွေ့ရ၏။ ပက်လက်လဲနေသော လာမိုဆီ သွေးရွှဲနေသည့် မျက်နှာကြီးကို မြင်ရမှ ဖာဆေးလ် အထဲသို့ လာသည်။

ဖာဆေးလ် ဒူးထောက်ပြီး၊ ကြွက်များ ကုတ်ဖြဲထားသော အလီဟာဆန်၏ မျက်နှာကို လက် နှစ်ဘက်ဖြင့် မယူသည်။ ဟာဆန်သည် နှုတ်ခမ်းများသာ လှုပ်နိုင်၏။

'ဖာဆေးလ်....'

'မင်း တာဝန်ကျေပါတယ် ဟာဆန်၊ ငါ ဆရာဝန် ခေါ် ပေးမယ်'

သို့သော် အကြောင်းထူးမည် မဟုတ်ကြောင်း ဖာဆေးလ် သိသည်။ ဟာဆန်အဖို့ အချိန် မရှိတော့ပေ။ လက်တီးရှား သင်္ဘော မထွက်မီ နာရီဝက်အတွင်း ဆရာဝန် တယောက် ဖာဆေးလ် ပြန်ပေးဆွဲ ခေါ်လာပေးနိုင်၏။ နယူးယောက် သင်္ဘော မဆိုက်မီ ထိုဆရာဝန်ကို သတ်ပစ်နိုင်သည်။ ဟာဆန် အတွက် ဤမျှလောက်တော့ လုပ်ပေးသင့်သည်။ လူမှုရေးအရ လူသားတဦးပီပီ ဤမျှတော့ ကရုဏာထားသင့်သည်။





'ဟာဆန်၊ ငါ မင်းအတွက် ဆေးသေတ္တာ သွားယူပြီး ငါးမိနစ်အတွင်း ပြန်လာမယ်၊ မင်းကို လက်နှိပ်ဓာတ်မီး ပေး ထားခဲ့မယ်'

'ကျွန်တော့်တာဝန် ပြီးသွားပြီလား'

'ပြီးသွားပြီ၊ အားတင်းထားပါ သူငယ်ချင်း၊ ငါ မော်ဖင်း ဆေး ခုချက်ချင်းယူပြီး ဆရာဝန် သွားခေါ်ပေးမယ်'

ဖာဆေးလ်သည် သင်္ဘောပဲ့ပိုင်းသို့ မှောင်ထဲ၌ စမ်းတဝါး ဝါးဖြင့် ပြန်သွားစဉ် လမ်းတဝက် အရောက်၌ ဟာဆန်၏ [illegible]ထဲမှ ပစ္စတိုပေါက်ကွဲသံကို ကြားလိုက်ရလေသည်။

ဖာဆေးလ် ရပ်ပြီး သင်္ဘော၏အေးစက်သော နံရံကို ခေါင်း တိုက်သည်။ 'ဒီအတွက် မင်းတို့တွေ ပေးဆပ်ရဦးမယ်တော့' ဖာဆေးလ်က တိုးတိုးကလေး ရေရွတ်သည်။ သူသည် တခါမျှ မမြင်ဖူးသေးသော လူများကို ရည်ရွယ် စကား ဆိုလိုက်လေ သည်။

× × ×

ကျောက်ဆူးစောင့် တာဝန်ကျ အဘိုးကြီးသည် ဖာဆေးလ် ၏လက်ချက်ကြောင့် နောက်စေ့ ဒဏ်ရာဖြင့် သတိလစ်နေခဲ့ ရသည်။ ဖာဆေးလ်က အဘိုးကြီးကို ပထမအရာရှိအခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူသွားပြီး အိပ်စင်ပေါ် တင်ကာ ဓာတ်ဖြုတ် ထိုင်စဉ်းစား
နေလေသည်။

မူလ ပထမ အစီအစဉ် အရ နယူးယောက်မြို့၊ ဘရွတ်ကလ
ဆိပ်ကမ်းတွင် သေတ္တာများကို ကုန်တင်သွင်းသူ ဘင်ဂျမင်မြ
က လာရောက် ရွေးယူရန် ဖြစ်သည်။ လာမိုဆိုသည့် မြူဇီအ
ဆက်သွယ်ပြီး သူ၏ သစ္စာဖောက် အကြံအစည်တွင် ပူးပေါ
ပါဝင်ရန် စီစဉ် ပြီး၊ မပြီး၊ လာမိုဆို အတပ် မသိနိုင်ပေ။ မြ
ကိုတော့ အပြတ်ရှင်းပစ်မှ ဖြစ်မည်။ သူသိထားတာတွေ အမျာ
ကြီး ရှိနေပြီ။

လာမိုဆို ပျောက်ဆုံးမှုကြောင့် အကောက်ခွန်ဌာနမှ မသင်
ဖြစ်ကြမည်။ မေးလား မြန်းလား လုပ်ကြမည်။ သင်္ဘောသာ
များသည် ဤသေတ္တာထဲ၌ ဘာတွေ ရှိမှန်း သိမည် မဟုတ်
လာမိုဆို၏ သေ့ာများမှာ သင်္ဘောဦးပိုင်း သိုလှောင်ခန်း တ
တွင် စောစောက တန်းလန်းကျနေသည်။ ယခုတော့ ဖာဆေး
အိတ်ထဲ ရောက်နေပြီ။ ပလပ်စတစ် ပုံးများကို နယူးယော
ဆိပ်ကမ်းသို့ သယ်ယူသွား၍ မဖြစ်တော့ပေ။

ပထမအရာရှိ မူစတာဖာဖော်ဇီသည် တွေးခေါ် မြော်မြ
တတ်ပြီး သတ္တိနည်းသူ တဦး ဖြစ်သည်။ ညသန်းခေါင်ကျေ
တွင် သင်္ဘောပေါ် ပြန်တက်လာသော အခါ ဖော်ဇီအ
ဖာဆေးလ်က တွေ့ဆုံ စကားပြောသည်။

ဖာဆေးလ်၏ လက်တဘက်တွင် ခြောက်လုံးပြူး တလ
ကိုင်ထားပြီး အခြား တဘက်တွင် ဒေါ်လာငွေ ၂၀၀၀ ကို
ထားသည်။ ဘရွတ်မြို့ရှိ ဖော်ဇီ၏ မိခင်နှင့် နှမငယ်တို့ နေထို





ကောင်းပါရဲ့လားဟု မေးသည်။ ၎င်းတို့ ကျန်းမာရေး ဆက်၍
ကောင်းမွန်စေရန် ဖော်ဇီအနေဖြင့် ပူးပေါင်းကူညီသင့်ကြောင်း
အကြံပြုသည်။ ဖော်ဇီက ထိုအကြံကို လျှင်မြန်စွာ လက်ခံလိုက်
သည်။

× ×

(အမေရိကန် ပြည်ထောင်စု) အရှေ့ပိုင်း စံတော်ချိန် ည
နာရီတွင် မိုက်ကယ် လင်ဒါ၏ အိပ်ခန်း၌ ဖုန်းလာသည်။
င်ဒါသည် အလုပ်ရုံထဲ၌ အလုပ်လုပ်နေသဖြင့် ဂိုဒေါင်တွင်း
န်းကို ကောက်ကိုင်သည်။ ဒါလီယာသည် သင်္ဘောဆေး
ူးကို ရေစပ်နေသည်။

ဖုန်းသံက မကြည်လင်။ အဝေးမှ ခေါ်ခြင်း ဖြစ်မည်။
ဒါလီယာကဲ့သို့ပင် ပြတ်သားသော အင်္ဂလိပ်စကားသံမျိုး ဖြစ်
သည်။ ထိုပုဂ္ဂိုလ်က 'အိမ်ရှင်မ' နှင့် တွေ့ခွင့်တောင်းသည်။

ဒါလီယာသည် ချက်ချင်း ဖုန်းလာကိုင်ပြီး စိတ်ဝင်စားဖွယ်
ကောင်းသည့် အမျိုးအဆွေများ အကြောင်း၊ အိမ်မြေ ရောင်း
ယ်မှု အကြောင်းတို့ကို ပြောဆိုသည်။ ထိုနောက် စက္ကန့်နှစ်ဆယ်
ျှ အာရေဗျ ဘာသာဖြင့်လည်း ကြားညှပ်ပြောပြန်သည်။

ဒါလီယာသည် ဖုန်းခွက်ကို လက်နှင့်ဆုပ်ကာ လင်ဒါ့အာ
ည့်ကြည့်သည်။ 'မိုက်ကယ်....ကျွန်မတို့ ပလပ်စတစ်ကို လယ်
မှာ သွားယူရလိမ့်မယ်၊ လှေတစင်းလောက် ရနိုင်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ် လင်ဒါက ခပ်မြန်မြန် စဉ်းစားလိုက်သည်။

'အေး....ရပါတယ်၊ ဆုံတွေ့ကြရမယ့် နေရာကို အတိအကျ ပြောထား၊ နေမဝင်ခင် နာရီဝက်အလို၊ဘာနိဂတ် မီးပြတိုက် အရှေ့စူးစူး မိုင်လေးဆယ်မှာ ဆုံကြမယ်၊ မီးရောင်နဲ့ အချက် မယ်လို့ပြော၊ လေ ပြင်းပြင်းတိုက်ယင် ၂၄-နာရီ ရွှေ့ဆိုင်း လိုက်မယ်၊ လူတဦး သယ်နိုင်ရုံလောက်သေတ္တာတွေ ခွဲထား စီမံခိုင်းလိုက်ချေ'

ဒါလီယာက ဖုန်းမှ ပြန်ပြောပြီး ဖုန်းချလိုက်သည်။

'အင်္ဂါနေ့၊ ၁၂-ရက်၊မိုက်ကယ်....ရှင် ခုနကစ္စ ခေါင်းထဲက စဉ်းစားတာ မြန်လှချေလား'

'မမြန်ပါဘူးကွာ'

လင်ဒါအား ဘယ်တော့မှ လိမ်ညာပြော၍ မရနိုင်ကြောင်း ဒါလီယာ စောစောကပင် သိခဲ့၏။ လင်ဒါအား ညာပြောခြင်း သည် ကွန်ပြူတာထဲသို့ ရာနှုန်း ၅၀ သာ မှန်သောအချက်များ ထည့်မေးပြီး ရာနှုန်းပြည့် မှန်ကန်သော အဖြေများ တောင်း ခြင်း ကဲ့သို့ပင် ဖြစ်လိမ့်မည်။ သူမ မည်သည့်အခါမျိုးတွင် လိမ် ညာ ပြောဆိုဖို့ စိတ်ကူးမိကြောင်းကိုပင် လင်ဒါ သိ၏။

ယခုတော့....ပလပ်စတစ်ဗုံးများ မည်သို့မည်ပုံ ခိုးသွင်း လာ မည် ဖြစ်ကြောင်း လင်ဒါအား ကြိုတင် ပြောပြထားပြီး ဖြစ် သည့် အတွက် သူမ ရင်လေးစရာ မလိုတော့ပေ။

သဘောပေါ်မှ အဖြစ်အပျက်များကို ဒါလီယာက ပြန် ပြောရာ လင်ဒါက ငြိမ်သက်စွာ နားထောင်နေသည်။

'မြူဇီတာ လာမိုဆိုနဲ့ ပေါင်းကြံနေတယ် ထင်သလား'





လင်ဒါက မေးလိုက်သည်။

'ဖာဆေးလ်တော့ မသိဘူး၊ လာမိုဆိုကို မေးဖို့လဲ အချိန် လိုက်ဘူး၊ ဟုတ်ချင် ဟုတ်မှာပေါ့၊ တကယ်လို့ မြူဇီဟာ ပစ္စည်းတွေကို ကုလီကူမာ လုပ်မယ်၊ ကျွန်မကို ပေးထားတဲ့ ငွေကို ယူပြီး တခြားကို ရောင်းစားမယ် ဆိုယင် ကျွန်မတို့ကို အစိုးရလက်ထဲပို့ဘာနဲ့ အတူတူပဲပေါ့၊ ဒီလိုလုပ်ယင် သူ့အတွက် မလွယ်ပါဘူး၊ ကျွန်မတို့ကို သစ္စာမဖောက်တောင် သူ့ကို တော့ ရှင်းပစ်မှ ဖြစ်မယ်၊ သူ ရှင့်ကို မြင်ဖူးတယ်၊ သူ အကုန် သိနေတယ်၊ ရှင့်ကို သူ လက်ညှိုးထိုးပြလို့ ရနေပြီ'

'မင်း သူ့ကို အစောကြီးကတည်းက သတ်ဖို့ ကြံထားပြီး သား မဟုတ်လား'

'ဟုတ်တယ်၊ သူက ကျွန်မတို့ ဂိုဏ်းသားမဟုတ်ဘူး၊ သူ့ အလုပ်က အန္တရာယ် သိပ်များတယ်၊ တခြားကိစ္စတခုနဲ့ အာ ဏာပိုင်တွေက သူ့ကို စစ်ဆေးတဲ့အခါ သူ ကျွန်မတို့အကြောင်း ထုံမပြောပဲ မနေဘူးလို့ ဘယ်သူ အာမခံနိုင်မလဲ၊ သူဟာ ရှင့်အဖို့ အန္တရာယ်ကောင် တယောက်ပဲလို့ ကျွန်မ ထင်တယ် ကကယ်၊ အရေးအကြောင်း ကြုံလာယင် ပလပ်စတစ်ဗုံးတွေ ကို ပင်လယ်ထဲမှာ သွားယူဖို့ ရှင် ကြိုတင် စီစဉ်ထားပြီးသား ဟုတ်လား၊ မိုက်ကယ် သိပ်တော်တာပဲနော်'

'အေး ထားပါတော့၊ တခုတော့ ပြောချင်တယ်၊ ငါတို့ လက်ထဲ ပလပ်စတစ်ဗုံးတွေ မရမချင်း မြူဇီကို ဘာမှ မလုပ် နဲ့၊ တကယ်လို့ သူ့အန္တရာယ် လုံခြုံရေးအတွက် ကိုတွေကို သွားတိုင်ယင် ငါတို့ကို ဆိပ်ကမ်းမှာ စောင့်ဖမ်းကြမှာ၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆိပ်ကမ်းကို တက်လာမှာ သိသ၍ သူတို့ လူတွေကို ဖ
လယ်ထဲ လွှတ်ပြီး ဖမ်းခိုင်းမှာ မဟုတ်ဘူး၊ သင်္ဘောမစိုက်
မြူဇီကို သတ်ပစ်ယင် ငါတို့ ဆိပ်ကမ်းကို ကပ်တော့မှာ မဟုတ်
ဘူးလို့ သူတို့ ယူဆလိမ့်မယ်၊ ငါတို့ သင်္ဘောဆီ သွားတဲ့အခါ
ကျယင် သူတို့က ဆိပ်ကမ်းက စောင့်နေကြလိမ့်မယ်၊ ဒီတော့
မင်းတို့ ဆရာကြီးတွေက မြူဇီကိုမှ အားကိုး ခဲ့ကြ တယ်ေ
ကောင်းရော’

လင်ဒါသည် ပြောယင်းနှင့် ဒေါသထွက်လာပြီး နှုတ်ခမ်း
များပင် ဖြူလာ၏။ ဒါလီယာက မျက်နှာတချက်မရှုံ့။ တကယ်
တော့ မြူဇီထံ ပထမဆုံး သွားခဲ့သူမှာ လင်ဒါပင်ဖြစ်ကြောင်း
သူမ ပြန်ထောက်ပြမနေတော့ပေ။ လင်ဒါ ပို၍ ဒေါသ ထွက်
လာဖွယ်ရှိ၏။ လင်ဒါ မျက်လုံးမှိတ်လိုက်၏။

‘မင်း ဝယ်စရာ ခြမ်းစရာလေးတွေ သွားဝယ်ဦး၊ ငါ့ကို
ခဲတံပေးစမ်း’

■



အခန်း ။ ၅ ။

ဟာဖက်ဇ် နာဂျီးယားနှင့် အာဘူအာလီတို့ သေသွားပြီ
ဖြစ်သောကြောင့် လင်ဒါကို သိသူမှာ ဒါလီယာနှင့် ဖာဆေးလ်
တို့သာ ကျန်ရှိ၏။ သို့သော် မြူဇီသည် လင်ဒါအား အကြိမ်ကြိမ်
မြင်ဖူး ထားပေသည်။ စင်စစ်တွင် မြူဇီသည် လင်ဒါအား
အလက်စက်တင်ဘာဂိုဏ်းနှင့် ပလက်စတစ်ဗုံးများကို ပထမဆုံး
ဆက်သွယ်ပေးသောသူ ဖြစ်ပေသည်။

ကနဦးကပင် ဗုံးများမှာ ရောမ ပြဿနာကြီးတခု ဖြစ်ခဲ့၏။
ပထမ သူ ဘာလုပ်တော့မည်ကို သိပြီးထားသည့်နောက် သူ့
အကြံ အတွက် အကူအညီ လိုအပ်မည်ဟု သူ မထင်မှတ်ခဲ့။
သူတယောက်တည်း လုပ်၍ ရနိုင်မည်ဟု ထင်ခဲ့သည်။ သူ၏



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည် တဖြည်းဖြည်း ကျယ်ပြန့် ကြီးထွားလာသည်နှင့် အမျှ၊ ပရိသတ်များကို မကြာခဏ ငုံကြည့် မိသည်နှင့် အမျှ သူ ဝယ်၍ ခိုး၍ ရသမျှ ဒိုင်းနမိုက်များဖြင့် လုံလောက်လိမ့်မည် မဟုတ်ကြောင်း ရိပ်မိလာသည်။

တခါတရံ သူ အိပ်ရာပေါ်၌ လှဲနေစဉ် မျက်နှာကြက်ပေါ်တွင် မါးစပ် ဟောင်းလောင်းနှင့် ခေါင်းမော့ ကြည့်၍ အော်ဟစ်နေသော ပွဲကြည့် ပရိသတ်များ၏ မျက်နှာများကို လေတိုက်၍ လွင့်ပါးသွားသော ပန်းပွင့်များပမာ တွေ့မြင်နေရ တတ်သည်။

ထိုမျက်နှာ အများအပြားသည် မာဂရက်၏ မျက်နှာများ ဖြစ်လာကြ၏။ ထိုနောက် ဇရာမ မီးလုံးကြီးသည် သူ့မျက်နှာ ပေါ်မှ ပျံတက်သွားပြီး၊ မျက်နှာကြက် ပေါ်မှ မျက်နှာ အားလုံးကို ပြာကျသွားစေလေတော့သည်။ သို့နှင့် သူ အိပ် ပျော်သွား၏။

## ပလပ်စတစ်ဗုံးများကို ရမှ ဖြစ်မည်။

လင်ဒါသည် ပလပ်စတစ် ဗုံးများကို အမေရိကန် နိုင်ငံ တလွား နှစ်ခေါက်မျှ ဖြတ်သန်း သွားလာ၍ ရှာဖွေခဲ့သည်။ စစ်လက်နက်ပစ္စည်း စခန်းသုံးခုဆီ သွားပြီး ခိုးယူရန် ကြံသော် လည်း မအောင်မြင်။ မလွယ်ကူ။ နပမ်းဗုံးလုပ်သည့် နပမ်းရည်၊ စက်မှု လုပ်ငန်းသုံး ပလာစတာ တိပ်ခွေများ၊ ပလပ်စတစ် ဗုံးများ ထုတ်လုပ်သည့် ဇရာမ ကော်ပိုရေးရှင်းကြီး တခု၏





စက်ရုံ တခုဆီ သွား အကဲခတ်သည်။ စစ် လက်နက် ပစ္စည်း သိုလှောင် စခန်းကြီး ကဲ့သို့ပင် လုံခြုံရေး တင်းကျပ်သည်။ ဒိုင်းနမိုက်ထဲမှ နိုက်ထြို ဂလစ်စရင်းကို ဖော်စပ်ရန်မှာလည်း လွယ် မလွယ်ကူ။

လင်ဒါသည် သတင်းစာများ၌ အကြမ်းဖက်မှုများ၊ ဗုံး ခွဲမှု သတင်းများကို သေသေချာချာလေ့လာဖတ်ရှုသည်။ သူ့ အိပ်ခန်းထဲတွင် သတင်းစာဖြတ်ပိုင်း အစ အန လေးများ များလာသည်။ ဤလုပ်ရပ်မှာ သူကဲ့သို့ပင် စိတ်မမှန်သူများ၏ လုပ်ရပ် တခုဖြစ်ကြောင်း လင်ဒါ သိလျှင် အံ့ဩဝင်ကျမည် မဟုတ်။ စိတ္တဇ ရာဇဝတ်ကောင်များသည် မိမိတို့၏ အကြံအစည် ကို အကောင်အထည် ဖော်ခွင့်ရမည့် နေ့အထိ သူတို့၏ အိပ်ခန်း ထဲမှာ ယင်းသို့သော သတင်းစာဖြတ်ပိုင်းလေးများ စုဆောင်း ထားတတ်ကြပေသည်။

လင်ဒါ၏ သတင်းစာဖြတ်ပိုင်းများတွင် ရောမ၊ ဟယ်လ်စင်ကီ၊ ဒါမတ်စကပ်၊ သည်ဟိတ်ဂ်၊ ဘေရွတ် စသော နိုင်ငံခြားတိုင်း ပြည်များမှ သတင်းများ ပါဝင်၏။

ဂျူလိုင်လလယ်တွင် စင်စင်နာတီမြို့၊ ဟိုတယ်တခု၌ လင်ဒါ အကြံရရှိခဲ့သည်။ ထိုနေ့က ပြပွဲ ခင်းကျင်းရာ ကွင်းပေါ်သို့ သူ၏လေသဘော်ကြီး မောင်းခဲ့ပြီးနောက် ဟိုတယ်ညေ့ခန်းတွင် အရက်သောက်ယင်း ခပ်ထွေထွေ ဖြစ်နေသည်။

ညဥ့် အတော်နက်ပြီ။ အရက် ဘားခန်း အပေါ် နားတွင် မျက်နှာကြက်မှ ရုပ်မြင် သံကြား စက်တလုံး ကို တွဲလောင်း ချိန်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါသည် ငုဝ်းရုပ်သံစက်အောက် တည့်တည့်လောက် ထိုင်ပြီး အရက်မော့နေသည်။ အခြားသော ဧည့်သည်အများ မှာ ခုံရှည်များတွင် ထိုင်ကာ သူ့ကို မျက်နှာမူထားကြသည် သူတို့ မျက်နှာများ ပေါ်တွင် ရုပ်သံစက်မှ မီးရောင်များ ထောက်နေ၏။

လင်ဒါ ရုတ်တရက် နိုးကြားလာသည်။ ရုပ်သံ ကြည့် သော လူများ၏ မျက်နှာထားကား တမျိုးတဖုံ ပြောင်း လာသည်။

သူတို့ မျက်နှာထားက တစုံတခုကို မကျေနပ်သလို၊ ဒေါ် ဖြစ်သလို။ ကြောက်ရွံ့ခြင်းမဟုတ်။ သူတို့ ဘာမှ ကြောက် မလို။ လုံခြုံမှု ရှိသည်။

မိမိ ပြတင်းပေါက်အပြင်ဘက်မှ ဝံပုလွေများကို လှမ်းကြ နေရသလို။ လင်ဒါသည် အရက်ခွက်ကို ယူပြီး ရုပ်သံစက် ထသွားသည်။

ရုပ်သံစက်တွင် ဘိုရင်း ဂျက်လေယာဉ်ကြီးတစင်း ရုပ်ထ ပုံကို ပြထားသည်။ မကြာမီ လေယာဉ်ကြီး၏ ဦးပိုင်းနှင့် ခ ပိုင်းမှ ပေါက်ကွဲသွားပြီး လေယာဉ်တစင်းလုံး မီးလောင်ကျွ သွားလေသည်။

အာရပ် အကြမ်းဖက်မှုနှင့် ပက်သက်သော အထူး သတင် အစီအစဉ်တခုတွင် သဘင်းကား ဖြတ်ပိုင်းဟောင်းတခုကို ပြ လည် ပြသနေခြင်း ဖြစ်သည်။

မြူးနစ်မြို့ကို ပြသည်။ အိုလံပစ် အားကစားရွာမှ ဘာလ စက်တင်ဘာဂိုဏ်း၏ သတ်ဖြတ်မှုများ တွေ့ရသည်။





လေဆိပ်သို့ ရဟတ်ယာဉ်တစင်း ဆင်းလာသည်။ တိုက်ခန်း ထဲမှ အစ္စရေး အားကစား သမားများကို စက် သေနတ် ဖြင့် ပစ်ခတ်သံ ခပ်အုပ်အုပ် ကြားရသည်။ ခါတူမ်မြို့သံရုံး၌ မေရိကန်နှင့် ဘယ်လ်ဂျီယံ သံအဖွဲ့ဝင်များ အသတ်ခံရသည်။ င်လ်ဖာတား ပြောက်ကျား ခေါင်းဆောင် ယာဆာ ရာဖတ်က မိမိနှင့် မပတ်သက်ကြောင်း ငြင်းဆိုနေသည်။

အာရာဖတ် ဘေရွတ်မြို့၌ သတင်းစာ ရှင်းလင်းပွဲ လုပ်နေ သည် အာရပ် ပြောက်ကျားများအား အစ္စရေး တပ်များ ဆုက်စီးနှင်း တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အင်္ဂလိပ်နှင့် မေရိကန်တို့အား စွပ်စွဲ အပြစ်တင်နေသည်။

'ကျုပ်တို့ လက်စားချေယင်တော့ ဒီထက် ဆိုးရွားကြီးကျယ် မယ်'

အာရာဖတ်က ပြောသည်။ ရုပ်မြင်သံကြား ဆလိုက်မီးလုံး ကြောင့် သူ့မျက်လုံးများက စန္ဒာလမင်းကြီး နှစ်စင်းပမာ င်းလက် တောက်ပနေသည်။

'အမေရိကန်နိုင်ငံကို အားရ ပါးရ၊ ပါးရိုက်ပစ်ဖို့ ကောင်း ယ်'

နပိုလီ ဝါဒ လက်ခံသူ၊ အာရာဖတ်၏ ရဲဘော် ရဲဘက်ကြီး မူးကြီး ကဒါဖီက ထောက်ခံစကားတခွန်းပြောလိုက်သည်။

'အလကား ခွေးသူတောင်းစားတွေ'

လင်ဒါ၏ဘေးတွင် ထိုင်နေသော ဘောင်းလင်း 'ဘောလုံး ကစားသမား ဂျာကင် ဝတ်ထားသူ လူကြီးက ရေရွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လင်ဒါက ကျယ်လောင်စွာ ရယ်လိုက်ရာ အခြား အရေ သောက်သူများက သူ့ကို လှည့်ကြည့်ကြသည်။

'ဘာ ရယ်စရာရှိလဲ....မိတ်ဆွေ'

'ဟင့်အင်း၊ ဘာမှ ရယ်စရာမရှိပါဘူး၊ ခွေးသူတောင်းတ ကြီးရယ်' လင်ဒါက ပြန်ပြောပြီး၊ ဘား ကောင်တာပေ ပိုက်ဆံတင်ကာ ထွက်သွားလေသည်။ ဘောင်းလင်းဂျာကင်နှ လူကြီးသည် သူ့ကို အော်ဟစ်ဆဲဆိုလျက် ကျန်ရစ်၏။

လင်ဒါမှာ အာရပ်လူမျိုး အသိမိတ်ဆွေ တယောက်မျှ ပါလက်စတိုင်းများအား အားပေး ထောက်ခံသော အာ အမေရိကန် အသင်းအဖွဲ့များ၏ သတင်းများကို စတင်လေ့ သည်။

ဘာရွတ်ကလင်၌ လင်ဒါ သွားတက်ရောက် နားထော သော အာရပ် အမေရိကန်နိုင်ငံသား ကော်မတီကို သူ့စိတ်ကြိုး မတွေ့။ သူတို့တွေ ပျော့လွန်းသည်။

ဤအုပ်စုကြား၌ တက်ကြွသော သူများအား သူစာရေး လျှို့ဝှက်ရှာဖွေလျှင် အရပ်ဝတ်နှင့် ရဲတဦးဦးက သူ့ကို ဖမ်း သွားနိုင်သည်။

မန်ဟက်တန်၌ ပြုလုပ်သော ပါလက်စတိုင်း ထောက်ခံသူ ၏ဆန္ဒပြပွဲမှာလည်း သိပ်အရာမရောက်။ ကမ္ဘာ့ကုလသမဂ္ဂရင်ပြ နှင့် ယူနီယံ ရင်ပြင်တို့တွင် အာရပ်လူငယ် ၂၀-ခန့်ကို ဂျူးလူမျိုး ထောင်သောင်းမက ဝန်းရံထားကြောင်း တွေ့ရ၏။





အရှေ့အလယ်ပိုင်း၌ အသက်အရွယ် ကောင်းကောင်းရှိသည့် ဘာဘကြီးသော လူလိမ်လူကောက် တဦးကို လင်ဒါလိုချင် သည်။ ထိုသူ့ကို သူရှာတွေ့သွား၏။

လင်ဒါသည် ဘင်ဂျမင်မြူဇီ၏နာမည်ကို အရှေ့အလယ် ပိုင်းမှ မှတ်ဆိတ်ရိတ် ကိရိယာထဲ၌ စိတ်ဝင်စားဖွယ် ပစ္စည်းများ ပါသည့်ပြီး ကုန်တင်သွင်းသူ (မြူဇီ)ထံ ပြန်ရောင်းသော လေ ဘာဦးမှူး တဦးထံမှ ကြားလာခဲ့သည်။

မြူဇီ၏ မှောင်ကုပ်ကုပ်၊ စုတ်ချာချာ ရုံးခန်းမှာ ဘာရွတ် ကလင် မြို့နယ် ဆက်ဂျ ဝစ်ခ် လမ်းရှိ သိုလှောင်ရုံဟောင်းကြီး တခု၏ နောက်ဘက်တွင် တည်ရှိ၏။ လင်ဒါအား ခေါင်းတုံး ပြောင်အောင် ရိတ်ထားပြီး၊ ကိုယ်နှံ့ နံစော်လှသည့် ကိုယ်လုံး ထွားထွား ဂရိကြီးက မြူဇီ၏ ရုံးခန်းလေးထဲသို့ လိုက်ပို့ပေး သည်။

ရုံးခန်း တံခါးတချပ်သည်သာ တန်ဖိုးရှိသော အရာဝတ္ထု ဖြစ်ပေသည်။ ထိုတံခါးမှာ ဂျက် နှစ်ခုနှင့် ဖောက်ဇ် သော့ အကောင်းစား ခတ်ထားသော သံမဏိတံခါးကြီး ဖြစ်သည်။

စာထည့်ရန် အပေါက်မှာ လူတဦး၏ ဝမ်းဗိုက် အမြင့်တွင် ဖောက်ထားသည်။ ၎င်း အပေါက်ကို အတွင်းမှ သတ္တု အဖုံး လေးဖြင့် ဂျက်ချ၍ အသေ ပိတ်နိုင်သည်။

မြူဇီသည် အလွန် ဝသော လူကြီးတဦး ဖြစ်ပြီး ကုလား ထိုင်ပေါ်မှာ ဘောက်ချာစာရွက်များ၊ ပြေစာများကိုဖယ်ရှား ပေးပြီး လင်ဒါအား ထိုင်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'တခု ကျေးမွေးပါရစေ၊ ဘာ သောက်ဦးမလဲ'

'ဘာမှ မစားပါရစေနဲ့'

မြူဇီသည် သူ့လက်ထဲမှ ပါရီယေ ရေပုလင်းကို မော့ချ ရေခဲဗူးထဲမှ ပုလင်းအသစ်တလုံး ထပ်ထုတ်သည်။ အကဲစပ ဆေးပြား နှစ်ပြား ပစ်ထည့်ပြီး အားရပါးရ မော့ချလိုက်

'ခင်ဗျား ကျုပ်နဲ့ အရေးကြီးတဲ့ လျှို့ဝှက်ကိစ္စတခု ပြော တယ်လို့ ဖုန်းထဲမှာ ပြောတယ်၊ ခင်ဗျား နာမည်ကို မပြော အတွက် ကျုပ် ခင်ဗျားကို ဟော့ပ်ကင်းစ် လို့ ခေါ်မယ်၊ ခွ ပါ့မလား'

'ရပါတယ်'

'ကောင်းပြီ မစ္စတာ ဟော့ပ်ကင်းစ် 'လျှို့ဝှက်' ဆို ဝေါဟာရကို သုံးတဲ့အခါ တရားဥပဒေနဲ့ ရှောင်ရှားချ အဓိပ္ပာယ် ပေါ်ပါတယ်၊ အဲဒါ ဆိုယင်တော့ ခင်ဗျားနဲ့ကျ ဘာမှ မပတ်သက်ဘူး၊ နားလည်လား'

လင်ဒါက အိတ်ထဲမှ ငွေစက္ကူတထုပ်ကို နှိုက်၍ မြူဇီ၏စား ပေါ် တင်လိုက်သည်။ မြူဇီသည် ငွေစက္ကူထုတ်ကို မကြ လက်ဖျားနှင့်လည်းမတို့။ လင်ဒါက ငွေစက္ကူထုပ်ကို ပြန်ယူ တံခါးဆီ ထသွား၏။

'ခဏ နေပါဦး မစ္စတာဟော့ ပ်ကင်းစ်'

မြူဇီက ဂရိုကြီးအား အချက်ပြရာ လင်ဒါအား စေ စပ်စပ် စမ်းသပ်ရှာဖွေသည်။ ဂရိုကြီးက မြူဇီအား ကြည့် ခေါင်းခါပြသည်။





ထိုင်ပါဦး၊ ကျေးဇူးပဲ ဆာလော့ပ်မင်း အပြင်မှာစောင့်

ဘုံးလိုက်တဲ့ နာမည်၊ ဆာလော့ပ် တဲ့'

ဟုတ်တယ်၊ ဒါပေမယ့် သူ ဒါကို မသိပါဘူး'

မြူဇီက သူ့မျက်နှာကို လက်ကိုင်ပဝါနှင့် ချွေးသုတ်ယင်း ပြောလိုက်သည်။ သူ့ မေးစေ့ကို လက်ဖြင့်ထောက်ကာ စောင့် သည်။

'ခင်ဗျားမှာ အဆက်အသွယ် ကောင်းတယ်လို့ ကျွန်တော် ရတယ်'

လင်ဒါက စကား စလိုက်သည်။

'ဟုတ်တယ်'

'အကြံကောင်း ဉာဏ်ကောင်း'

'ဒီမယ် မစ္စတာဟော့ပ်ကင်းစ်၊ ဒီရုံးခန်းမှာ စိတ်ချလက်ချ ပြောနိုင်ပါတယ်၊ လျှို့ဝှက် အသံဖမ်းတဲ့ မိုက်ခွက်တွေ လုံး မရှိပါဘူး၊ ကဲ ခင်ဗျား ဘာလိုချင်လဲ ပြော'

'အယ်လ်ဖာတာ အဖွဲ့ရဲ့ ထောက်လှမ်းရေး ခေါင်းဆောင်နဲ့ ဆက်ပေးဖို့ စာတစောင်ရေးပြီး ပို့ပေးပါ'

'အဲဒီပုဂ္ဂိုလ်က ဘယ်သူတုန်း'

'ဘယ်သိပါ့မလဲ၊ ခင်ဗျားဘာသာ စုံစမ်းပေါ့၊ ဘေရွတ်မှာ ခင်ဗျား ဘာမဆို လုပ်လို့ရတယ်ဆို၊ စာကိုတော့ ပညာသား ပါပါ ပိတ်ပြီး ယူသွားရမယ်၊ ဘေရွတ်ကို ကြားက အဆက် ခံရုပ် ရောက်သွားစေရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…'

'ခင်ဗျား စာအိတ်ထဲ ဗုံးထည့်ပေးမယ် ထင်လို့လား၊ မဟုတ်ပါဘူး၊ စာအိတ်ထဲကို ဘာတွေထည့်သလဲဆိုတာ ခင်ဗျားဆယ်ခါပဲအကြာက ရပ်ကြည့်နိုင်တယ်၊ စာအိတ်အဖုံးကို ခင်ဗျားကိုယ်တိုင် တံဆိပ်ခတ်ပြီး ပိတ်ပေး၊ ပြီးမှ ကျုပ် တခြားချိတ်တွေ ဘာတွေ ပိတ်မယ်'

'ကျုပ်က ငွေကို စိတ်ဝင်စားတဲ့ လူတွေနဲ့ပဲ အလုပ်လုပ်တယ်၊ နိုင်ငံရေးသမားတွေဟာ ငွေအကြေ မချေတဲ့အပြင် တခါတလေ လူပါ သတ်ချင်ကြသေးတယ်၊ ဒီအတိုင်းဆိုယင်တော့….'

'နှစ်ထောင်ကို ခုပေးမယ်၊ စာရောက်သွားယင် နှစ်ထောင် ထပ်ပေးမယ်။ ပြီးတော့ ခင်ဗျား 'သည်ဟိဂ်'မြို့တော်မှာ ခင်ဗျားနာမည်နဲ့ ဘဏ်စာရင်းတခု ဖွင့်ဖို့လဲ ကျုပ်အကြံပေးပါရစေ'

'ဘာအတွက်လဲ'

'ခင်ဗျား အငြိမ်းစား ယူတဲ့အခါ လစ်ဗျားကငွေတွေ ထည့်ပေးဖို့'

အခန်းထဲ အတန်ကြာ တိတ်သွားပြီး လင်ဒါက စကား ပြန်ကောက်သည်။

'ဒီစာကို တခါတည်းနဲ့ မှန်မှန်ကန်ကန် ရောက်သွားဖို့ အရေးကြီးတယ်၊ လက်ဆင့် လျှောက်ကမ်းလို့တော့ မဖြစ်ဘူး'

'ခင်ဗျား ဘာလိုချင်မှန်း ကျုပ်မသိရတော့ မျက်ကန်းတယောက် အလုပ်လုပ်သလို ဖြစ်နေတယ်၊ စုံစမ်းလို့တော့ရတယ်၊ ဒါပေမယ့် တချို့ စုံစမ်းမှုတွေကလဲ အန္တရာယ် အများသား၊ ကယ်လ်ဖဘာ အဖွဲ့ကြီးဟာ ပြိုကွဲနေတာ ခင်ဗျားသိမှာပေါ့'

'ဒါဖြင့် ဘာလက်ဆောင်ဘာဂိုဏ်းကို ပေးလိုက်ဗျာ'

'ဒါဆို ၄၀၀၀-နဲ့ မရဘူး'

'ဘယ်လောက်လဲ'

'စုံစမ်းရတာ ပိုခက်ခဲမယ်၊ စရိတ်စက များမယ်၊ ပြီးတော့ အာမ မခံနိုင်ဘူး'

'ဘယ်လောက် ပေးရမလဲ ပြော'

'လက်ငင်း ဒေါ်လာ ၈၀၀၀ ပေးပါ၊ ကျုပ် အစွမ်းကုန် ကြိုးစား လုပ်ပေးပါ့မယ်'

'ခု ဒေါ်လာ ၄၀၀၀ ယူ၊ ပြီးယင် ၄၀၀၀ ထပ်ပေးမယ်'

'၈၀၀၀ တခါတည်း ပေးပါ၊ မစ္စတာ ပေါ်ပ်ကင်းစ် ကျုပ်ဘာဝန်ပြီးယင် ခင်ဗျား ဒီကို မလာနဲ့တော့၊ ခင်ဗျားကို ကျုပ် လုံးဝ မသိတော့ဘူး'

'ကောင်းပြီ'

'ကျုပ် တပတ်အတွင်း ဘေရွတ်ကို သွားမယ်၊ ကျုပ်သွားခါနီးမှပဲ ခင်ဗျားဆီက စာယူမယ်၊ ခုနစ်ရက်နေ့ ညကျယင် စာကိုယူလာခဲ့၊ ကျုပ် ရှေ့တင် စာအိတ် ပိတ်ပါ၊ အထဲမှာ ဘာတွေရေးထားသလဲဆိုတာ ကျုပ် မသိချင်ဘူး၊ ကျုပ်မဖတ်ဘူးဆိုတာ ယုံပါ'

စာထဲတွင် လင်ဒါ၏ အမည်ရင်းနှင့် လိပ်စာ၊ ပါလက်စတိုင်း သူပုန်များမှ အတွက် မိမိအနေဖြင့် တတပ် တအား ကူညီနိုင်




www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ကမ္ဘာ့အနောက်ခြမ်း တနေရာ၌ ဘလက်စက်တင်အ ဂိုဏ်းဝင် ကိုယ်စားလှယ်တဦးနှင့် တွေ့လိုကြောင်း ဖော်ပြ ၎င်းကိုယ်စားလှယ် အတွက် ခရီးစရိတ် အဖြစ် ငွေပို့လွှာဖြ ဒေါ်လာ ၁၅၀၀ ကို ထည့်ပေး လိုက်လေသည်။

မြူဇီက ထိုစာကို လက်ခံပြီး ဒေါ်လာ ၁၀၀၀ ကိုပါ လိုက်သည်။ မြူဇီသည် သူနှင့် ဈေးတည့်လျှင် စကားတည်သူ ဖြစ်သည်။

တပတ် ကြာသောအခါ လင်ဒါထံသို့ ဘေရွတ်မှ ဓာတ် ပို့စကတ်လေး တခု ရောက်လာသည်။

၎င်းပို့စကတ်တွင် ဘာစာမှ ရေးမထား။ မြူဇီသည် မိမိ စာကို ဖောက်ဖတ်ပြီး နာမည်နှင့် လိပ်စာကို ရခဲ့သလား လင်ဒါ မသင်္ကာ ဖြစ်မိသည်။

သုံးပတ် ကြာသွားသည်။ လိပ်ခ်ဟာ့စ်မြို့မှ လေယာဉ်ဖြ လေးခေါက် ခရီး ထွက်ခဲ့ရသည်။ ထိုအပတ်အတွင်း နှစ်ကြိမ် တိုင်တိုင် လေဆိပ်သို့ ကားနှင့်အသွား တစုံတယောက်က သူ့ကို နောက်ယောင်ခံလိုက်သည်ဟု ယူဆမိသည်။

ဩဂုတ် ၁၅၊ ကြာသပတေးနေ့ညတွင် အက်တလန်တစ်မြို့ တော်၏ ကောင်းကင်ယံမှ ကွန်ပြူတာဖြင့် ထိန်းချုပ်သော လျှပ်စစ်မီးကြော်ငြာများကို လေသဘော်ကြီး၏ ဘေးတဘက်ခြမ်း တွင် တပ်ဆင်ကာ ပျံသန်းခဲ့ရသည်။

လိပ်ခ်ဟာ့စ်မြို့သို့ ပြန်လာပြီး သူ့ကားထဲ ဝင်လိုက်သော အခါ ရှေ့မှန်ပေါ်မှ ဝိုက်ပါကြားတွင် ညှပ်ထားသော ကတ် ပြားလေးတခုကို တွေ့ရလေသည်။





ကြော်ငြာစာရွက်ဟု ထင်မှတ်ပြီး စိတ်တိုတိုနှင့် အပြင်ထွက်၍ ကတ်ပြားကို ဆွဲယူ စစ်ဆေး ကြည့်လိုက်သည်။ လိပ်ခ်ဟာ့စ်မြို့ ရှိ မက်ဇီ၏ ရေကူးအသင်း သို့ ရေကူးခွင့် လက်မှတ် ဖြစ်ပြီး နောက်ကျော၌ 'နက်ဖြန် ညနေ သုံးနာရီ၊ သဘောတူလျှင် ယခု ချက်ချင်း ကားမီး တချက် ဖွင့်ပြပါ' ဟု ရေးထားသည်။

လင်ဒါသည် မှောင်မည်း နေသော လေယာဉ်ကွင်း ပတ် ပတ်လည်ကို လှည့်ကြည့်မိသည်။ မည်သူမျှ မတွေ့။ ကားမီးများ ချက်ဖွင့်ပြပြီး၊ အိမ်ပြန်သွားသည်။

နယူးဂျာစီပြည်နယ်တွင် ပုဂ္ဂလိက ရေကူးအသင်း များစွာ ရှိသည်။ သားနားစွာ တည်ဆောက်ထားပြီး၊ အသင်းဝင်ကြေး ကြီးမားသည်။ စည်းကမ်းချက်များလည်း အမျိုးမျိုး ထားရှိ ကြသည်။

မက်ဇီ ရေကူးအသင်းတွင် ဂျူးလူမျိုးအသင်းဝင် အတော် များသည်။ သို့သော် ပိုင်ရှင် မက်ဇီသည် အခြားအသင်းပိုင်ရှင် များကဲ့သို့ မဟုတ်ပဲ သူ့မိတ်ဆွေ လူမည်းအချို့နှင့် ပွာတိုရီကန် လူမျိုး အချို့အား ရေကူးခွင့် ပေးတတ်သည်။

လင်ဒါသည် ရေကူးကန်သို့ ညနေ ၂း၄၅ နာရီတွင် ရောက် လာပြီး၊ အဝတ်လဲခန်း၌ ရေကူးဘောင်းဘီ လဲဝတ်သည်။

နေပူရှိန်နှင့် ကလိုရင်း ဓာတ်ဆေး အနံ့၊ ဆူညံနေသော ကလေးများ၏ အသံတို့က သူ့အား စစ်ဗိုလ်များကလပ် ရေကူး ကန်၌ ရေကူးစဉ်က မာဂရက်နှင့် သူ့သမီးများအား ပြန်သတိ ရစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးပြီးနောက် မာဂရက်သည် ယမကာ ဖန်ခွက်ရှည်ကို လက်ထဲ ကိုင်မြှောက်ကာ ရေစိုနေသော ဆံပင်များကို ဟိုဖယ်ရမ်းယင်း ရယ်မောနေတတ်သည်။

ခပ်ငယ်ငယ် (၃)ဗိုလ်ကလေးများက သူမအား ငမ်းနေကြောင်း သူမ သိ၏။ ယခုအခါ လင်ဒါသည် အထီးကျန် ဆန်မှုကို ပိုမို ခံစားရသည်။ သူ၏ ဖြူဖွေးသော ခန္ဓာကိုယ်နှင့် ရုပ်ဆိုးသော လက်တဘက်ကို သူ့ဘာသာ သတိပြုမိသည်။

ပူနေသော ကွန်ကရစ်ပေါ်မှ လျှောက်သွားသည်။ သူ၏ တန်ဖိုးရှိသော ပစ္စည်းများကို ကြိမ်ခြင်းတောင်းထဲ ထည့်ပြီး၊ အစောင့်တယောက်ထံ အပ်ကာ ပလပ်စတစ် ကတ်ပြားလေးကို ရေကူးဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။

ရေကူးကန်မှာ ပြာလဲ့ကြည်လင်ပြီး နေရောင်ကြောင့် လင်ဒါ့ မျက်စိကို ကျိန်းစပ် စေ၏။

ရေကူးကန်၌ အကျိုးရှိသော အချက်များရှိသည်။ ဤနေရာတွင် မည်သူမျှ သေနတ် ကိုင်ဆောင်၍ မရ။ တိပ်ရိကော်ဒါဖြင့် အသံ ခိုးဖမ်းချင်၍မရ။ လက်ဗွေပုံစံကို လျှို့ဝှက် ရယူနိုင်စွမ်း မရှိ။

လင်ဒါသည် နာရီဝက်ခန့် ပျင်းရိစွာ ရေကူး နေသည်။ ရေကန်ထဲ၌ ရော်ဘာကွင်းများ၊ ကစားစရာ အရုပ်များဖြင့် ကလေး ဆယ့်ငါးယောက်ခန့် ရှိသည်။

လူငယ် မောင်နှံ စုံတွဲအချို့ကား ဘောလုံး ပစ်ကစားနေကြသည်။ ဗလ ကောင်းသော၊ ကြွက်သား လုံးပသော လူငယ်





တဦးကား ရေကန်ဘေးတွင် နေရောင်ခံ အသားလှဆီ သုတ်လိမ်းနေသည်။

လင်ဒါသည် ကိုယ်ကို လှိမ့်ပြီး နောက်ပြန် ကူးခတ်သွားသည်။ ဒိုင်ဗင်ထိုးသူများနှင့် ဝေးရာသို့ ဆုတ်သွားသည်။

ဤတက်ခြမ်း၌ ရေနက်သည်။ သူ့ကို ရေကူးသမားတဦးက ဝင်တိုက်မိသည်။ ရေငုပ် မျက်နှာဖုံး စွပ်ပြီး အောက်ခြေကို ငုံ့လျက် ကူးလာသော မိန်းကလေး တဦး။

'ဆောရီး နော်'

သူမက တောင်းပန်ပြီး ဆက်ကူးသွားသည်။ လင်ဒါသည် နှာခေါင်းထဲမှ ရေမှုတ်ထုတ်ပြီး၊ ဘာမှမပြောပဲ ဆက်ကူးသွားသည်။ ရေကန်ထဲ၌ နောက်ထပ် နာရီဝက် ဆက်နေပြီး၊ အပေါ် တက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအခိုက် သူ့ရှေ့၌ စောစောကသူ့ကိုဝင်တိုက်သော ကောင်မလေး ဘွားကနဲ ပေါ်လာသည်။ သူမ မျက်နှာဖုံးကိုချွတ်ပြီး ပြုံးပြသည်။

'ရှင့်ဆီက ဒီဥစ္စာလေး ထွက်ကျသွားတယ်ထင်တယ်၊ ကျွန်မ ရေကန်အောက်ခြေမှာ တွေ့လို့'

သူမက ပစ္စည်းအပ် ပလပ်စတစ်တိုကင်ပြားလေးကို ထောင်ပြ၍ မေးသည်။

လင်ဒါသည် သူ့ရေကူးဘောင်းဘီအိတ်အတွင်းသား အပြင် ထွက်နေကြောင်း တွေ့ရသည်။

'ရှင့်ပိုက်ဆံအိတ်ကို ဖွင့်ပြီး၊ ဘာမှ မပျောက်မရှိအောင် ပြန်စစ်ဆေးဦးနော်'



www.burmeseclassic.com

www.burmeseclassic.com



သူမ ရေငုပ်သွားပြန်၏။

ပိုက်ဆံအိတ်ထဲ၌ ဘေရွတ်သို့ သူ ပို့ပေးလိုက်သော … ပို့လွှာ ပြန်ရောက်နေသည်။ သူ့ ပစ္စည်းများ ပြန် ရွေး… ခြင်းတောင်းကို အစောင့်အား ပြန်ပေးသည်။ ရေကန်ထဲ… ကောင်မလေးနှင့် ပြန်တွေ့သည်။

ကောင်မလေးသည် ချာတိတ်နှစ်ယောက်နှင့် သတ်ပုတ်… သည်။ သူမ ရှောင်ထွက်သွားသောအခါ ကောင်လေး နှ… ယောက်က မကျေမနပ်နှင့် လှမ်းတားကြသည်။

သူမသည် ရေထဲ၌ အလွန်ကြည့်ကောင်းသူလေး ဖြစ်သည်။ လင်ဒါသည်ချမ်းနေပြီ။ တကိုယ်လုံးကြုံ့နေ၏။ သူ့ ပုံသဏ္ဌာန်… သူ့ဘာသာ ဘဝင်မကျ။

'ရေထဲမှာ စကားပြောကြရအောင်၊ မစ္စတာ လင်ဒါ'

သူမက ရင်သားများအထိသာ ရေနက်အပိုင်းတွင် သွား… ရပ်၍ ဖိတ်ခေါ်သည်။

'ကောင်းပါပြီတဲ့ဗျား'

သူမက လင်ဒါအား သေသေချာချာ အကဲခတ်နေသည်။ သူမ၏ မျက်လုံးများမှာ အရောင်စုံ ယှက်သမ်းနေသည်။

သူက သူမ၏ လက်မောင်းကို အရှုပ်ဆိုးသော လက်ကြီးဖြင့် ဆုပ်ကိုင်လိုက်ပြီး၊ သူမ၏ မျက်နှာကို စိုက်ကြည့်သည်။ သူမ ပြုံးလိုက်၏။ ရေမျက်နှာပြင် အောက်၌ သူမ လက်တဘက်က လိုအပ်လျှင် အသုံးပြုရန် လက်သီးဆုပ်ထားသည်ကို လင်ဒါ မမြင်ပေ။





'ရှင့်ကို မိုက်ကယ်လို့ ခေါ်ပါရစေ၊ ကျွန်မနာမည်က ဒါလီ …ဆိုင်ယတ်ဒ်၊ ဒီနေရာမှာ စကားပြောလို့ကောင်းပါတယ်'

'ငါ့ ပိုက်ဆံအိတ်ထဲက ပစ္စည်းအားလုံးကို မင်း ကျေနပ်ရဲ့လား—'

'ကျွန်မ ရှာဖွေ စစ်ဆေးတာကို ရှင် ကျေနပ်သင့်ပါတယ်၊ …အနေနဲ့ ငတုံး ငအ တယောက်နဲ့ ဘယ်ဆက်ဆံချင်လိမ့်မလဲ…'

'ငါ့အကြောင်း မင်း ဘယ်လောက်သိသလဲ'

'ရှင် ဘာအလုပ်နဲ့အသက်မွေးသလဲဆိုတာ သိတယ်၊ ရှင့်မှာ …သို့ ပန်းတဦး ဖြစ်ဖူးတယ်၊ အခု တယောက်တည်းနေတယ်၊ …မိုးချုပ်အောင် စာဖတ်ဘတ်တယ်၊ အပေါစား ဆေးခြောက် …တယ်၊ ရှင့်တယ်လီဖုန်းကို ဘယ်သူမှ ခိုးနားမထောင်ဘူး၊ …နည်းအားဖြင့် ရှင့်အိမ်မြေအောက်ခန်း တယ်လီဖုန်းလိုင်းဆီ …နေ ကြားဖြတ် မဆက်သွယ်ထားဘူး၊ အိမ်အပြင်က ဖုန်းတိုင် …သဲ ဆက်မထားဘူး၊ ဒီလောက်တော့ သေချာတယ်၊ ရှင် ဘာလိုချင်သလဲတော့ ကျွန်မ လုံးလုံးမသိရသေးဘူး'

ဤမိန်းကလေးကို မကြာမီ သူ ဖွင့်ပြောရတော့မည်။

ဤမိန်းမကို သူ သိပ်မယုံ။ သူ ဖွင့်ပြောရမှာ နှုတ်လေးနေသည်။ စိတ်ရောဂါကု ဆရာဝန်ရှေ့မှောက်၌ ကိုယ့်အကြောင်းကိုယ် ဖွင့်ပြောရသကဲ့သို့ ဖြစ်မည်။ မတတ်နိုင်။

'ငါ ဆူပါဘိုးလ် ကစားပွဲတော်ကြီးမှာ ပေါင်ချိန် ၂၀၀ ရှိတဲ့ ပလပ်စတစ်ဗုံးတွေ ဖောက်ခွဲပစ်ချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင့်မှာ ပလပ်စတစ်ဗိုး လိုနေတယ်မဟုတ်လား မိုက်ကယ်

'အေး....မင်း ယူပေးနိုင်မလား'

'သိပ်မလွယ်ဘူး၊ ရချင် ရမယ်'

'ငါ ဒီစကားမျိုး မကြားချင်ဘူး၊ အပြတ်ပြောစမ်းပါ'

'ရှင် ဒီကိစ္စလုပ်နိုင်မယ်...၊ တကယ် လုပ်နိုင်မယ်လို့ ကျွန်မ ယုံကြည်ယင်၊ ကျွန်မက တပ်မှူးကို ယုံအောင် ပြောပြနိုင်မယ် ဆိုယင် ပလပ်စတစ်ကို ကျွန်မ ရအောင် ယူပေးပါ့မယ်'

'ကောင်းပြီ'

'ကျွန်မ အားလုံး သိရမှ၊ မြင်ရမှ ဖြစ်မယ်၊ ရှင်နဲ့အတူ ပြန်ပါရစေ'

'ရပါတယ်'

လင်ဒါ၏အိမ်သို့ သူတို့ တန်း၍မပြန်။ ညပိုင်း ကြော်ငြာ တာဝန်ရှိသေးသဖြင့် ဒါလီယာအား လေသဘော်ကြီးပေါ် ခေါ်သွား၏။

လေသဘော်ပေါ်တွင် ဧည့်သည်များ ခေါ်ယူလေ့မရှိပေ။ လေသဘော်ကြီးပေါ်တွင် တပ်ထားသော မီးလုံးငယ် ၇၀၀၀ ကို ထိန်းချုပ်ရသော ကွန်ပြူတာကြီး တင်ဆောင်နိုင်ရန် လေ သဘော်စက်ခန်း ယာဉ်တွဲ (ဂွန်ဒိုလာ)အတွင်း၌ ထိုင်ခုံများကို ဖြုတ်၍ နေရာလုပ်ပေးထားရသည်။

သို့တစေ တွဲဘက်ယာဉ်မှူး ဖာလီသည် ယခင်က ဖလော်ရီဒါ မှ သူ့ ရည်းစားလေးကို နှစ်ကြိမ် ခေါ်တင်လာဖူးရာ၊ ယ





ဒါလီယာ အတွက် ထိုင်ခုံ ဖယ်ပေးရသော အခါ သူ ဘာမှ ... ဘောက်ဖျစ်တောက် မပြောသာတော့ပေ။

ဖာလီနှင့် ကွန်ပြူတာ ကွပ်ကဲသူတို့သည် လင်ဒါနှင့်ဒါလီယာ ... ရာ ယာဉ်နောက်ပိုင်းမှနေ၍ ဒါလီယာကို ဝိုင်းငမ်းယင်း ... တတ် နောက်ပြောင် နေကြလေသည်။

... ၂၅၀၀မှ ဖြတ်ပျံလာသောအခါ မန်ဟက်တန် မြို့သည် အမှောင်တွင်း၌ ဧရာမ စိန်တုံးပုံသဏ္ဌာန် သဘော်ကြီးနှင့် ... နေသည်ကို တွေ့ကြရ၏။ ရှီးယား အားကစား ကွင်းကြီးထဲ ... ယန္ကေ ဘောလုံး ကစားနေကြသည်။

လေသဘော်ကြီးသည် ၎င်း ကစားကွင်းပေါ်မှ 'အရသာ ... ကောင်းသော ဝင်စတန် စီးကရက်' ဟူသော ကြော်ငြာ ... မီးကစား ပြသွားသည်။

အရေးထဲ စာလုံးပေါင်း မှားသွား၍ ကွန်ပြူတာ ကွပ်ကဲ ... ကပျာကယာ ခလုတ်နှိပ်၍ ကောက်ပြင်လိုက်ရ သေး၏။

ထိုနောက်တွင် မြေပြင်မှ ထိန်းသိမ်းရေး သမားများသည် ... မောင်းများ ထိုးထားသော လေသဘော်ကြီးကို တညတာ ... ခိုရန်အတွက် ဆိုင်းကြိုးများ ထိန်း၍ 'ကျောက်ချ' လိုက်ကြ ... သည်။

လင်ဒါနှင့် ဒါလီယာ တို့သည် လေသဘော် အောက်၌ ... သောင်း ချိတ်ထားသော ဂွန်ဒိုလာ လေယာဉ် ယဉ်လေးတွင် ... ကွင်းနစ် ဝတ်စုံများ ဝတ်ထားသူများက ကွန်ပြူတာကို ပြန် ... သည် ထုတ်ယူပြီး ထိုင်ခုံများ ပြန်တပ်ပေးကြပုံကို ခပ်လှမ်းလှမ်း ... လေ့လာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါက ဂွန်ဒိုလာယာဉ်ငယ်၏ အောက်ခြေ ပတ်ပတ်လည် တလျှောက်တပ်ဆင်ထားသော လက်ကိုင်တန်းကို လက်ညှိုးထိုး ပြသည်။ တဖန် ဂွန်ဒိုလာ ဖင်ပိုင်း၌ လျှပ်စစ်ခေါင်းအား ပေးသော တာဘိုဂျင်နရေတာကြီး ဖြုတ်ချပုံကို သွားကြည့်ကြ၏။

ဂျင်နရေတာသည် ပါးစပ်ကြီးသော ငါးကြီးတကောင်နှင့် သဏ္ဍာန်တူသော လေးလံသည့် ပစ္စည်းတခုဖြစ်ပြီး ချိတ်သုံး ပါရှိသည်။ ဖာလီသည်မှတ်တမ်း ဘုတ်ပြားကိုင်လျက် သူ၏ အနီးသို့ ချဉ်းကပ်လာသည်။

'ခင်ဗျားတို့ ဒီမှာ တညလုံး နေကြမလို့လား'

ဒါလီယာက ပြုံးပြသည်။

'သိပ် စိတ်ဝင်စားစရာ ကောင်းလို့ပါ'

'အင်း....'

ဖာလီက မျက်လုံးတဘက် မှိတ်ပြပြီး တယောက်တည်း ရယ်ယင်း ထွက်သွားသည်။ ဒါလီယာမျက်နှာ နီရဲသွားသည်။ လင်ဒါ၏အိမ်သို့ ကားနှင့် ထွက်လာကြ၏။

လင်ဒါသည် သူ့အိမ်၌ ဘာအစွမ်းမှ ပြလိမ့်မည်မဟုတ်။ သူမ စောစီးစွာပင် ယူဆထားခဲ့သည်။ သူ့ကို မနှစ်မြို့ကြောင်း မရိပ်မိစေရန်လည်း ကြိုးစားရမည်။

သူမ၏ ခန္ဓာကိုယ်သည် လင်ဒါ၏ အိမ်ထဲသို့ ရောက်ရှိလာ ခြင်းမှာ လုပ်သင့် လုပ်အပ်သောကြောင့် ဖြစ်၏။ သူမ ဤ သဘောထားသည်။ သူမသည် လင်ဒါ့အပေါ် ညင်သာ ယဉ် စွာ ဆက်ဆံသည်။





သို့သော် တကယ် အလုပ်လုပ်သည့်အခါတွင် အိပ်ရာပေါ် ...ဟန်အမူအရာနှင့် များစွာ ကွဲပြားလှ၏။

လင်ဒါသည် သူ၏ စက်မှုနည်းနာ ဉာဏ်ပညာဖြင့် သူမ အပေါ် လူလည်ကျချင်၍ မရနိုင်ကြောင်း လျှင်မြန်စွာ တွေ့ရှိ သာ၏။

သူမအား သူ့စီမံကိန်းကို စိတ်ရှည်လက်ရှည် အသေးစိတ် ...ဦးပြရသည်။ လူတွေကို မည်သို့မည်ပုံ ကိုင်တွယ်ရမည်ဆိုသော ...ပိုင်း၌ သူမနှင့် လင်ဒါ သဘောထား ကွဲလွဲတတ်သည်။

တကယ်တော့ သူမသည် ဖိနှိပ်ခံရသဖြင့် ကြောက်လန့်နေ သော လူများ၏ အပြုအမူများကို ကျွမ်းကျင်စွာ အကဲဖြတ်နိုင် သူ ဖြစ်ကြောင်း လင်ဒါ သိရှိလာသည်။

သဘောထား ကွဲလွဲသည့်အခါ သူမ ဇွတ်အတင်း ငြင်းနေ သော်လည်း သူမ၏ မျက်နှာထားက တစုံတခုကို အာရုံစိုက် သည့်ဟန်က လွဲ၍ အကြီးအကျယ် ပြောင်းလဲမှု မရှိပေ။

စက်မှု နည်းနာပိုင်း ပြဿနာများ သိအိုရီအရ ရှင်းလင်း သွားသောအခါ ဤစီမံကိန်းကြီး တခုလုံး၏ အကြီးမားဆုံး အန္တရာယ်မှာ လင်ဒါ၏ စိတ်မတည်ငြိမ်မှုပင် ဖြစ်မည်ဟု ဒါလီ ယာ သဘောပေါက် သွားလေသည်။

လင်ဒါသည် လူသတ်ရန် စိတ်ပြင်းပြနေသော ကလေး တယောက်ကို အလွန် ပြောင်မြောက်သော စက်ယန္တရားကြီး ...မှာ ကပ်ကဲ လွှဲအပ်ပေးထားသည်နှင့် တူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါလီယာသည် လင်ဒါအား ပို၍ ထောက်ပံ့ အားပေးလျက် ရှိပေသည်။ ဤအပိုင်းတွင် သူမသည် အမြဲကြိုတင်တွက်ချက်၍ မရနိုင်။ တိုက်ရိုက် ထိတွေ့ခံစားဖို့သာ ရှိ၏။

လင်ဒါနှင့် အတူနေထိုင်စဉ် ရက်များအတွင်း လင်ဒါသည် သူ့အကြောင်းကို သူ့ဘာသာ ဟစတစ ဖွင့်ပြောလာသည်။ သူ့အား ပို၍ ဝေဒနာ မခံစားစေရမည့် အကြောင်းများသာ ဖြစ်သည်။

အချို့သော ညနေခင်းများတွင် အရက်ခပ်မူးမူးနှင့် တပ်မတော်၏ တရား မမျှတမှုများကို မရပ်မနား ပြောနေတ သည်။ ဒါလီယာ ညသန်းခေါင်၌ အိပ်ရာသို့ ဝင်သွားချိန်တ ရုပ်သံစက်ကို ကြည့်ယင်း ရှုတ်ချလျက် ကျန်ရစ်ခဲ့ပေသည်။

တညတွင် လင်ဒါသည် ဇာတ်လမ်းတခုကို လက်ဆောင်ပ ကောက်ကာ ငင်ကာ အိပ်ရာဘေး၌ ဖွင့်ပြောပြလေသည်။ ယင်းကား လေသဘောတစင်းကို သူ့ဘဝ၌ ပထမဆုံး မြင်ဖူးခဲ့စဉ်က အဖြစ်အပျက် ဖြစ်လေသည်။

သူ့အသက်ကရှစ်နှစ်။ ကျောင်းရှေ့ကစားကွင်း၌ ဒူးထော ကစားနေစဉ် လေသဘောကြီးကို သူမော့ကြည့်မိသည်။ ရောင်တောက်နေသော လေသဘောကြီးပေါ်မှ ချော့ကလ ပြားလေးများကို ကြဲချသွားသည်။

အခြား ကလေးများသည် မြေပြင်ပေါ်သို့ ကျလာသော ချော့ကလက်ပြားလေးများကို အပြေးအလွှား လုကောက် ကြစဉ် မိုက်ကယ်လင်ဒါကတော့ လေသဘောကြီး၏ အရိပ်မည်းကြီး အောက်၌ ပြေးလိုက်သွားလျက် ရှိသည်။





ထို့နောက် ကျောင်းဝင်းအစွန်နားရှိ လယ်ကွင်းနား ရောက် သွားသည်။ လင်ဒါသည် လယ်ကွင်းထဲ၌ လဲကျသွားသည်။ ောင်းဘီကို ဝတ်ထားသဖြင့် ဒူးခေါင်းနှစ်ဘက် ပွန်းပဲ့သွား သည်။

လေသဘောကြီးကို မြင်ကွင်းမှ ပျောက်ကွယ် သွားသည် အထိ ကြည့်နေသည်။ ဒူးခေါင်း၌ သွေးစီးကျလာသည်။

သူ့လက်ထဲတွင် လေထီးငယ်လေး ချိတ်ထားသော ချော့ ကလက်ပြားကလေးကို ဆုပ်ကိုင်ထားသည်။

လင်ဒါသည် သူ့ဇာတ်လမ်းကို အားရပါးရ ပြန်ပြောပြ စဉ် ဒါလီယာ သည် အိပ်ရာ ပေါ်တွင် လင်ဒါ ဘေး၌ ောင်း ဆန့်ထုတ်ယင်း နားထောင်နေသည်။

ထို့နောက် လင်ဒါသည် ကစားကွင်းထဲမှ သည် သူမထံသို့ ောက်ရှိလာသည်။ လင်ဒါ ရှက်ရမှန်း မသိတော့ပေ။

လင်ဒါ၏ ကြောက်မက်ဖွယ်ဆုတောင်းကို သူမ၏ဆုတောင်း ဖြစ် မှတ်ယူ လက်ခံလိုက်သည်။

လင်ဒါ့တွင် အကျည်းတန်သော အရာများကို သူမ မမြင် ။

လင်ဒါသည် သူမအား ဘာမဆိုဖွင့်ပြောချင်စိတ် ပေါက် သည်။ မာဂရက်ကိုပင် မပြောပြခဲ့သော အရာများကိုပါ ပြောပြလိုက်သည်။

ဒါလီယာသည် လင်ဒါ ပြောသမျှကို စိတ်ဝင်တစား နား ထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါသည် စကားပြောယင်းနှင့် တခါတရံ အခြာ မျှားကြောင့် သူ ထိခိုက်ခဲ့ရသော ဒဏ်ရာ ဒဏ်ချက်များအ ဒါလီယာ့ အပေါ် ဒေါသ ထွက်လာသည်။

ဒါလီယာ အနေနှင့် လင်ဒါ့ အကြောင်း ကောင်းစ သိထားမှ ဖြစ်မည်။ လင်ဒါ့ကို သေသေချာချာ လေ့လာ သူများတကာတွေထက် ပိုသိရမည်။

အထူးသဖြင့် သူ၏ နောက်ဆုံး အလုပ် အတွက် 'ဖဲကြိုး ကော်မရှင်' ကိစ္စကိုပါ သိထားရမည်။ စုံစမ်း စစ်ဆေးသူ သည် ၎င်းတို့၏ မှတ်တမ်းများ၊ ဓာတ်ပုံများ တထုပ်တပိုး ပေါ်သာ မှီခို အားထားခဲ့ရသည်။

မျက်မြင် သက်သေများမှာလည်း ထိုင်ခုံ၌ တောင့် ကြီး ထိုင်နေခဲ့ကြရသည်။ ဒါလီယာကတော့ ကိုယ်တိုင် န ဆတ်ဆတ် ကြားခဲ့ရသည်။

လင်ဒါ့ကို အသုံးချရန်အတွက် သူ့ အကြောင်း လေ့လာ ဖြစ်သည်။ သို့သော် မည်သူကမျှ အလကား၊ အကြော နားထောင်သင့်သနည်း။

အကယ်၍သာ သူမ၏ ရည်ရွယ်ချက်မှာ လူသတ်ရန် မ ပါက လင်ဒါ့အတွက် ဟောင်းကျူး များစွာ ဆောင်ရွက် နိုင်ပေလိမ့်မည်။

သူမ၏ ပွင့်လင်းမှုနှင့် သူမ၏ ဆင်ခြင် ဆုံးဖြတ်ချက် ကြောင့် သူ၏ အတိတ်ကာလသို့ လှမ်းကြည့်ရန် ပြတင်းပေ များ ဖြစ်ပေါ်စေသည်။ ထိုပြတင်းပေါက်များမှ နေ၍ သူ လက်နက်ဖြစ်ပေါ်လာပုံကို သူမ လှမ်းကြည့် နေလေသည်။





၁၉၄၁၊ ဖေဖော်ဝါရီ၊ ၂ ရက်။
တောင်ပိုင်း ကယ်ရိုလိုင်းနား ပြည်နယ်၊ ဒီလက် မြို့နှင့် ဆိုရင့်(စ်)မြို့ကြားရှိ ဒီလက်-လိုရင့်(စ်) ကျေးရွာကျောင်း။

မိုက်ကယ်....မိုက်ကယ်လင်ဒါ၊ ဒီကိုလာပြီး မင်း စာရွက်ကို ပြစမ်း၊ သေသေ ချာချာ နားထောင်ကြစမ်း၊ ဘတ်ဒီ (ဗ်၊စ်)၊ ဂျူနီယာ အက်ကင်စ်လဲ အတူကူပဲ၊ နင်တို့တွေ မြို့ကြီး မီးလောင်တုန်း တယောထိုးနေကြတယ်၊ ရက်သတ္တ ပတ် စာမေးပွဲကျယင်တော့ ဟောဒီ အတန်းကို သိုးနဲ့ တွေအဖြစ် ခွဲခြား ပစ်ရလိမ့်မယ်'

မိုက်ကယ့်နာမည် နှစ်ခါ ထပ်ခေါ်ခံရသည်။ မိုက်ကယ်သည် ထမ်းမှ လျှောက်သွားသောအခါ သူ့ ကိုယ်လုံး ပို၍ သေး နေ၏။

ဒီလက်-လိုရင့်(စ်) ကျောင်းကလေးတွင် ထူးချွန်သူ ကျောင်း သား ကလေးများအတွက် အရှိန်အဟုန် မြှင့် သင်ကြားရေး အစဉ် မရှိပေ။

သို့တစေ....မိုက်ကယ့်အား သူများထက် ကျော်၍ အတန်း ပေးခဲ့ပြီ။ သူ့ အသက်က ရှစ်နှစ်၊ လေးတန်း ရောက်ပြီ။

မိုက်ကယ်သည် ရာဇဝင်ကြေး ဆပ်ရလိမ့်မည်ဟု သိထား၏။ အတန်း၏ရှေ့တွင် ဘောင်းဘီတိုကို ပွပွကြီး ဝတ်ထားပြီး၊ အသ ကျရှုံမှု ဖတ်ယင်း သူ ပေးဆပ်ရဦးမည်ဟုပင် စိတ်ထဲ ရေရွတ် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကစားကွင်းထဲမှာပဲ ဖြစ်ပါစေ။ ရိုက်နှက်ခံချင် ခံရပါစေ၊ အိမ်သာထဲ ခေါင်းစိုက်ချ မခံရလျှင် တော်ပြီ။

မိုက်ကယ့် ဖခင်သည် တရားဟောဆရာ တဦးဖြစ်ပြီး၊ သူ့ မိခင်မှာ မိဘဆရာအသင်း၌ ဩဇာ အာဏာရှိသူ ဖြစ်၏။

မိုက်ကယ်သည် ချစ်စရာကောင်းသော၊ စွဲမက်ဖွယ် ကောင်းသော ကလေးတယောက် မဟုတ်ပေ။ သူ့မှာ တစုံတခု ဆိုးဆိုးရွားရွား ချွတ်ယွင်းနေသည်ဟု ထင်၏။

သူ မှတ်မိသရွေ့ ဆိုလျှင် သူ့မှာ သူ နားမလည်နိုင်သော ခံစားချက်များ ကိန်းအောင်းနေသည်။ မိမိကိုယ်ကို ဘဝင်မကျခြင်းနှင့် ဒေါသကြီးခြင်းတို့ကို သူ အဓိပ္ပာယ်မပေါက်သေးပေ။

တကယ်တော့ သူ့ကိုယ်သူ ကြည့်မရ။ သိပ်မုန်းသည်။ အခြားသော ရှစ်နှစ်သား ကောင်လေးများ ချုပ်ဖုတ်မှ ကြား၌ လူရိုင်းနှင့် ကောင်းဘွိုင်လုပ်တမ်းကစားနေကြသည်ကို သူ ငေးကြည့်နေတတ်သည်။

သူဝင်ကစားရန် ကြိုးစားသည်။ လက်ညှိုးကို သေနတ်လုပ်ပြီး 'ဒိုင်း ဒိုင်း' ဟု အော်ဖူးသည်။ ပေါကြောင်ကြောင်နိုင်သည်ဟု ထင်၏။ သူသည် ကောင်းဘွိုင်ဟု သူ့ကိုယ်သူ မမှတ်။

ကလေးများ၏ ကစားပွဲ၌ သူသက်ဝင်ယုံကြည်မှုမရှိကြောင်း အခြားကလေးများ သိသည်။

မိုက်ကယ်သည် သူ့အတန်းထဲမှ ကောင်လေးများဆီ ယောင်လည်လည် လျှောက်သွားသည်။ သူတို့တွေ ၁၁ နှစ်၊ ၁၂-နှစ် ခန့်စီ ရှိကြသည်။ ဘောလုံးကန်ရန် အုပ်စုခွဲနေကြသည်။ ရမ်စောင့်နေသည်။





နောက်ဆုံးမှ အရွေးခံရခြင်းသည် အဆိုးမဟုတ်။ အရွေးခံ ရလျှင်ပဲ နည်းလား။

သို့သော် ဘောလုံးကန်မည့် အုပ်စုနှစ်ခု၏ အလယ်ခေါင်၌ သူ ငုတ်တုတ်ကြီး ကျန်နေသည်။ သူ အရွေးမခံရပါကလား။

မည်သည့်အသင်းက နောက်ဆုံးလူကို ရွေးချယ်သလဲ။ သူက အခြားအသင်းသို့ ချဉ်းကပ်သွားသည်။

ထိုအသင်းက သူချဉ်းကပ်လာသောအခါ အားလုံး မျက်နှာ လွှဲလိုက်ကြသည်။ မိုက်ကယ် ကစားချင်လျှင် အသနားခံ၍ ရ၏။ သူ့မျက်နှာ ပူထူလျက် သူတို့နားမှ လှည့်ထွက်လာသည်။

ဤ ရွှံ့နီခဲ ဖုံးလွှမ်းသော ကစားကွင်းပေါ်တွင် သူ ပုန်းကွယ်ရာ လုံးဝမရှိ။

မိုက်ကယ်သည် တောင်ပိုင်းပြည်နယ်သား ဇာတိဖြစ်သူ ပီပီ 'စည်းကမ်းချက်' ကို နားလည်၏။ လူတယောက်သည် စိန်ခေါ်ခံရမှသာ ထိုးကြိတ် သတ်ပုတ်ရသည်။

ယောကျ်ားမှန်လျှင် သန်မာရသည်။ ကြမ်းတမ်းရသည်။ ရင့်လင်းရသည်။ ဂုဏ်ရှိရသည်။ ဘောလုံးကန်နိုင်သည်။ အမဲလိုက်နိုင်သည်။ မိန်းမတွေကြား ညစ်ညမ်းစွာ စကားမပြောရ။

ယောကျ်ား အပေါင်းအပေါ်များ ကြား၌သာ ပြောသင့်သည်။

ကလေးအရွယ် ဖြစ်နေသောအခါ စည်းကမ်းချက် ရှိပြီး၊ 'စည်း ကီရီယာ' မရှိပါက၊ မိမိ အရှုံးနှင့် ရင်ဆိုင်ရမည်။ မိုက်ကယ်သည် တတ်နိုင်လျှင် ၁၂ နှစ်သားများနှင့် ရန်ဖြစ်ဖို့ ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သရဲဘောကြောင်သူဟု ပြောကြသည်။ ဒါကို သူ လက်ခံသည်။ ဖုံးကွယ်ရန်လည်း မကြိုးစား။ သူ့ကို မိန်းမလျှာ ဟုလည်း ခေါ်ကြသည်။ ဟုတ်လိမ့်မည် ထင်၏။

အတန်းရှေ့၌ သူ့ စာစီစာကုံးကို ဖတ်ပြပြီးသွားလေပြီ။ အက်ကင်းစ်၏ အာပုပ်နံ့ကိုပင် သူ ရှူမိသလို ထင်ရသည်။ မိုက်ကယ်သည် လိမ္မာသော ကျောင်းသားလေး ဖြစ်သည်ဟု ဆရာမက ပြောသည်။

မိုက်ကယ် ဆရာမမျက်နှာကို မကြည့်ရဲခြင်းကို ဆရာမ နား မလည်ပါ။

၁၉၄၇။ စက်တင်ဘာ ၁၀။ ဗီလက်-လိုရင့်စ် ကျောင်း နောက်ဘက် ဘောလုံးကွင်း။

မိုက်ကယ် လင်ဒါ ဘောလုံးပွဲ သွားသည်။ သူ ဆယ်တန်း ရောက်နေပြီ။ သူ့ မိဘများကို အသိမပေးပဲ ထွက်လာခြင်း ဖြစ်သည်။ သူ ဤသို့လုပ်မှ ဖြစ်မည်ဟု နားလည်သည်။

ဘောလုံးနှင့် ပတ်သက်၍ သူ့ အတန်းသား သူငယ်ချင်း များကဲ့သို့ပင် အရသာကောင်းကောင်း ခံစားလိုသည်။

သူ့ကိုယ်သူ စူးစမ်းမိသည်။ ဘောလုံးသမား ယူနီဖောင်း ဝတ်ထားသည့်အခါ သူ့ကိုယ်သူ မမြင်ရသကဲ့သို့ ဖြစ်နေသည်။

ယောကျာ်းလေးတယောက် ဆယ်တန်းရောက်မှ ဘောလုံး ကစားခြင်းသည် အတော်နောက်ကျနေပေပြီ။ သူ လေ့လာရေး တွေ အများကြီး လိုသေး၏။





ကစားဖော်များ သူ့အပေါ် စိတ်ရှည်ကြကြောင်း တွေ့ရ သောအခါ သူ အံ့သြမိ၏။ မိုက်ကယ်၏သဘောထားကို သူတို့ နားလည်ကြ၏။

မိုက်ကယ်သည် အနည်းငယ် အ,သေးသော်လည်း တနေ့နေ့ တော့ ဘောလုံးကစား တော်လာမည်။ သူ့မှာ တတ်ချင်စိတ် ရှိသည်။

မိုက်ကယ် ပျော်သည်။ တပါတ် ကြာသွားပြီ။ သူ့မိဘ များက သူ ဘောလုံး သွားကစားတတ်ကြောင်း ရိပ်မိလာ၏။

ဘောလုံး နည်းပြဆရာကို သူ့မိဘများက မုန်းကြသည်။ ဘုရား မကိုင်းရှိုင်းသူ၊ အိမ်မှာ အရက်ပုလင်းတွေ အမြဲထားသူ အဖြစ် သတင်းကြားဖူး၏။

မိုက်ကယ့်ဖခင် ဘုန်းတော်ကြီး လင်ဒါသည် ယခု ကျောင်း အုပ်ချုပ်ရေးအဖွဲ့၌ ပါဝင်နေသည်။

လင်ဒါတို့ ဇနီးမောင်နှံသည် မိုက်ကယ် ကစားရာသို့ လိုက် လာသည်။ အမေက မိုက်ကယ့်ကို ကားပေါ်မှ ပြေးဆင်းပြီး အော်ခေါ်သည်။

အဖေက ကားထဲမှာ ထိုင်စောင့်နေသည်။

'မင်းကိုယ်ပေါ်က မျောက်ဝတ်စုံကြီး ချွတ်ပစ်လိုက်စမ်း'

မိုက်ကယ် မကြားချင်ယောင် ဆောင်နေသည်။

'ဟဲ့... ငါပြောတာ မကြားဘူးလား၊ မျောက်ဝတ်စုံကြီး ချွတ်လိုက်စမ်းဆိုတာ၊ သွား....ကားပေါ်တက်'

အမေက ဒေါသတကြီးနှင့် အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ် ပြန်အော်လိုက်ချင်သည်။ အော်လိုက်လျှင် သူ့အဖို့ ပိုကောင်းသွားမည်။

သို့သော် သူ အဝတ်လဲခန်းသို့ သွားသည်။ သူ့ကျောဘက်မှာ သူ့ကို လှောင်နေကြ၊ ဟားနေကြသည်။

'အမေကြောက်ရတဲ့ ကလေးတွေကို တို့အသင်းမှာ ခေါ် မကစားဘူးကွ'

နည်းပြဆရာက အခြား ကောင်လေးများကို ပြောလိုက်သည်။

သူတို့ ဝါးကနဲ ရယ်သည်။

မိုက်ကယ်သည် သူ့ဘောလုံးသမားဝတ်စုံကို ခံရှည်ပေါ် ပုံထားပြီး အဝတ်ဗီရိုသော့ကို အဝတ်ပုံပေါ် တင်ထားခဲ့သည်။ သူ့ရင်ထဲမှာ လေးလံနေရုံမျှသာ ဖြစ်သည်။

အပေါ်ယံက ဒေါသမထွက်။

အိမ်ပြန်လိုက်သွားသောအခါ ကားပေါ်၌ အဖေနှင့်အမေက ဆူကြသည်။

ဟုတ်ကဲ့။ ကျွန်တော် မိဘ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိပါတယ်။

ဟုတ်ကဲ့။ ကျွန်တော့် လက်ချောင်းကလေးတွေကို စန္ဒရားတီးဖို့ ဂရုတစိုက် မွေးထားပါ့မယ်။

ဇူလိုင် ၁၈။ ၁၉၄၈။

မိုက်ကယ် လင်ဒါ အသက် ၁၇ နှစ်တွင် အရပ် မြင့်မြင့် ကိုယ်လုံး သွယ်သွယ် တောင့်တောင့် တင်းတင်းနှင့် ဖြစ်နေပြီး





လူပျိုပေါက် ဖြစ်နေပြီ။ မျက်နှာ မွဲခြောက်ထူသော သူ့ထက် အသက်နှစ်နှစ် ပိုကြီးသော ကောင်မလေးတယောက် အကူအညီဖြင့် မိုက်ကယ် 'လူကြီး' တယောက် ဖြစ်သွားရသည်။

သူ့ကို မိန်းမလျာဟု နှစ်ပေါင်းများစွာ သမုတ် ခံခဲ့ရခြင်းမှ လွတ်ကင်းပြီမို့ သက်ပြင်းချသွားနိုင်သည်။ မိုက်ကယ်သည် ကျောင်းသားဘဝတွင် အမြဲတစေ သူများထက် စာတော်သူ ဖြစ်သောကြောင့် သူ့ကို အတန်းသားများက ချဉ်၏။

မင်းတို့အားလုံး သေလိုက်ကြ။ ဘုရားသခင် ဒဏ်ခတ်ပါစေ။ မိုက်ကယ် ရင်ထဲက ကျိန်ဆိုသော် ပြောမိသည်။

မိုက်ကယ်သည် မကျေနပ်မှုများ၊ ဘဝင်မကျမှုများ၊ ဒေါသစိတ်များကို မိမိဘာသာ မျိုသိပ် ချုပ်တီးထားသူ ဖြစ်နေလေပြီ။ မိုက်ကယ်သည် လောင်းကစားမှု လုံးဝမလုပ်။

အပျော်တမ်းလည်း ဘာမှ မကစား။ မိုက်ကယ်အဖို့ထွက်ပေါက်မရှိ။ မိုက်ကယ်သည် အဆိပ်များစွာ မျိုချထားသူ ဖြစ်၏။

ဘုရားရှိခိုးကျောင်း သွားခြင်းကို သူ စက်ဆုပ်သော်လည်း နေ့စဉ်သူ ဘုရားရှိခိုးသည်။ ဝတ်ပြုသည်။ မိုက်ကယ်သည် မအိပ်ပဲ နေသည့်အခါ သူ့ဘာသာ စိတ်ထဲက ဘုရားသခင်နှင့် အပြန်အလှန် စကား ပြောနေတတ်သည်။ ယခုလည်း သူအိမ်နောက်ဘေး၌ မြက်ရိတ်ယင်း ထိုသို့ ပြောနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျောင်း ကွက်လပ်ထဲမှာ အလုပ်လုပ်နေတဲ့ အဘွားကြီး မစွပ်ဖွဲ့လ်-စ် တယောက် ဘယ်တော့မျှ အငြိမ်းစား ယူမလဲမသိဘူး၊ ဒီကျောင်းမှာ သူ အလုပ်လုပ်တာ အတော်ကြာပြီ'

'ဒါဖြင့်မင်း သူ့ကို ကင်ဆာနဲ့ သေစေချင်သလား'

'အို....ယေရှုကိုယ်တော်မြတ်ကြီး၊ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ၊ သူ့ကို ကင်ဆာရောဂါနဲ့ မသေစေချင်ပါ။ တပည့်တော်ပဲ သူ့အစား ကင်ဆာရောဂါ ရလိုက်ချင်ပါတယ်၊ အိုဘုရားသခင်၊ ကျွန်ုပ်အား ကင်ဆာနှင့် သေအောင် ဖန်တီးတော် မူပါလော့'

မိုက်ကယ်သည် တံခါး နောက်ဘက်ဂျက်ကို လက်နှင့် လှမ်းဖြုတ်ဟန် ဆောင်လိုက်ရာ သူ့နဖူးနှင့် ဒူးခေါင်း ထိသွားလေသည်။ ဤကား မိုက်ကယ်သည် လူမြင်ကွင်း၌ ပတ်ဝန်းကျင်မှ မရိပ်မိအောင် ဘုရားဝတ်ပြုနည်း ဖြစ်လေသည်။ မြက်ခင်းကို အပြီး ရိတ်မှ ဖြစ်မည်။ မြက်ရိတ်၍ရသော မုန့်ဖိုးများကိုစုထားပြီး လေယာဉ်မောင်းသင်တန်း သွားတက်ရမည် မဟုတ်လား။

× × ×





မိုက်ကယ်သည် အစကနဦးကပင် စက်မှုပညာကို စိတ်ဝင်စားခဲ့ပြီး စက်ကိရိယာများနှင့် အလုပ်လုပ်ရန် ပါရမီလည်း ပါခဲ့သူ ဖြစ်၏။ ထို့ကြောင့် စက်ကိရိယာများသည် သူ၏ ခန္ဓာကိုယ်ကြီးသဖွယ် ဖြစ်လာတတ်သည်။ သူသည် လင်ဒါ မဟုတ်။ သူသည် စက်ဖြစ်၏။ ယာဉ်တခုဖြစ်၏။

သူ၏ ပထမဆုံး လေယာဉ်မှာ မြက်ခင်းပေါ်မှ ပိုက်ပါကလပ် လေယာဉ်ငယ်လေး ဖြစ်သည်။ လေယာဉ် မောင်းနေစဉ် အချိန်အတွင်း မိုက်ကယ်လင်ဒါဆိုသော လူငယ်ကလေးကို သူ မမြင်တော့။ ပိုက်ပါ လေယာဉ်ကလေး ဝဲလိုက်၊ ဝေ့လိုက်၊ တိမ်းလိုက်၊ စောင်းလိုက်နှင့် လှလှပပ ပျံသန်းနေပုံကိုသာ သူ မြင်နေသည်။

အသက် ၁၆ နှစ်တွင် 'ရေတပ်မတော်သို့ ဝင်ပြီး သူ့အိမ်ကို တခေါက်မှ ပြန်မသွားတော့ပေ။

သူ ပထမဆုံး အကြိမ် လျှောက်လွှာ တင်စဉ်က လေတပ်၌ အခွင့်မခံရ။ ကိုရီးယား စစ်ပွဲကြီးတွင် 'ကိုရဲလ်ဆီး' လေယာဉ်တင် သင်္ဘောပေါ်၌ ခဲယမ်းမီးကျောက် လက်နက်တပ်ဖွဲ့၌ အမှုထမ်းခဲ့ရသည်။

သူ့ခေတ်ပုံ အယ်လ်ဘမ်ထဲမှ ခေတ်ပုံတပုံတွင် လင်ဒါသည် ကော်စ်အဲယား လေယာဉ်ရှေ့၌ မြေပြင် လေကြောင်းထိန်းသိမ်းရေး ဝန်ထမ်းတစုနှင့်အတူ မတ်တတ်ရပ်နေသည်။

သူတို့ဘေးတွင် လေယာဉ်တင်ဗုံးများ တန်းစီ ထောင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားသူများက ပြုံးနေကြပြီး တယောက်ပခုံးတယောက် ဖက်ထားကြသည်။ လင်ဒါ ပြုံးမနေပါ။ သူ့လက်ထဲတွင် ဗုံးစနက်တံတခုကို ကိုင်ထား၏။

၀၉၅၃၊ ဇွန် ၁-ရက်နေ့တွင် လင်ဒါသည် နေထွက်ပြီးခါစ ဟွင်နယူးဂျာစီပြည်နယ် ဃပ်ပ်ခ်ဟာ့စ်မြို့စစ်တန်းလျားထဲရှိ အိပ်ရာပေါ်၌ အိပ်ရာမှ နိုးလာသည်။

သူ၏ တာဝန်သစ်ကို ထမ်းဆောင်ရန် မနေ့ညက မိုးချုပ်မှ ဤစစ်တပ်သို့ ရောက်ရှိလာခဲ့သည်။ အိပ်ရာထပြီး ရေအေးနှင့် ရေချိုးသည်။ အဝတ်အစား ကျကျနန ဝတ်သည်။

ရေတပ်မတော်ကြီးသည် လင်ဒါ့အပေါ် သဘောကောင်းပါသည်။ ရေတပ်ယူနီဖောင်းကို သူကြိုက်သည်။ ထိုယူနီဖောင်း ဝတ်ထားခြင်းဖြင့် သူသည် သူများထက် ပို ထူးခြားမနေခြင်းကိုလည်း သူ နှစ်သက်သည်။

ယနေ့ တာဝန်သစ် ထမ်းဆောင်ရန် သူ သတင်းပို့ရမည်။ ယင်းကား ရေငုပ်သင်္ဘော တန်ပြန်တိုက်ခိုက်ရေးစစ်ပွဲ၌ အသုံးပြုမည့် လေဖိအားသုံး ရေအောက်ဗုံးများ စမ်းသပ်ရန် ဖြစ်သည်။ လင်ဒါသည် လက်နက်ခဲယမ်း ကျွမ်းကျင်သူ ဖြစ်သည်။

လင်ဒါသည် အေးစက်နေသော နံနက်ခင်း၌ လက်နက်ခဲယမ်း သိုလှောင်ထားသော တိုက် အဆောက်အအုံ များဆီ လျှောက်သွားသည်။

ညက မှောင်ကြီးထဲ ရောက်လာခဲ့သဖြင့် ဘာမှ မမြင်ခဲ့ရ။ လေသင်္ဘောကြီးများ သိမ်းထားသော ဇရပ်မ ဂိုဒေါင်ကြီးများ ရှိသည်။ အနီးရှိ ဂိုဒေါင်ကြီးမှ တံခါးများ ဖွင့်သံမှာ ... နှိုးသံဘမျှ ကျယ်လောင်လှ၏။

လင်ဒါ လက်ပတ်နာရီကို ကြည့်သည်။ ပလက်ဖောင်း ... ပြီး အကဲခတ်နေသည်။ လေသင်္ဘောကြီး၏ နှုတ်သီးက ... ထွက်လာပြီးမှ တကိုယ်လုံး တဖြည်းဖြည်း ထွက်လာသည်။

... လေသင်္ဘောကြီးမှာ ဇက်ပီလင် (၁) အမျိုးအစားဖြစ်ပြီး ... ပေါင်း တသန်းခန့် ဟီလီယမ်ဓာတ်ငွေ့ဖြည့် ထား သော ... ထည်ရှိသည်။

လင်ဒါသည် တခါမှ လေသင်္ဘောကြီးနှင့် နီးကပ်စွာ မကြုံ ... ခဲ့သေး။ လေသင်္ဘောကြီး အလျားက ၃၂၄ ပေ ရှည် ... သည်။

နေရောင်ထဲ၌ ငွေရောင် ဖိတ်ဖိတ် တောက် နေ သည်။ လင်ဒါသည် ကွန်ကရစ်လမ်းမှ ခပ်သုတ်သုတ် လျှောက်သွား သည်။

မြေပြင်အလုပ်သမားများသည် လေသင်္ဘောကြီး အောက်၌ ... ရှားနေကြသည်။ ဗယ်ဘက်မှ အင်ဂျင်စက်တလုံး ငိုးကနဲ ... ပြီး ဖင်မှ မီးခိုးများ မှုတ်ထုတ်သည်။

လင်ဒါသည် လေသင်္ဘောများ၌ ရေမြုပ်ဗုံးများ မတင်ဆင် ... လိုပေ။ သူသည် လေသင်္ဘောများကို ထိန်းသိမ်းခြင်း၊







www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်မှ ထုတ်ခြင်း၊ သွင်းခြင်း မလုပ်လို။ သူသည် လေသဘော ထိန်းကျောင်း မောင်းနှင်ရသည့် စက်ခလုတ် များကို မျက်စိထဲ မြင်နေလေသည်။

× × ×

ဗိုလ်လောင်းသင်တန်းကျောင်းအတွက် စာမေးပွဲကို မော အောင်မြင်သွားသည်။

၁၉၅၃၊ ဇူလိုင်လ။ ပူပြင်းသောနေ့တွင် စစ်သားပေါ ၂၀၀ သည် ရင်းစာမေးပွဲ ဝင်ဖြေကြသည်။ လင်ဒါ ပ ရသည်။

ဗိုလ်လောင်းသင်တန်းမှ သူကြိုက်ရာ တာဝန်များ ရွေးခ ခွင့်ရသွားသည်။

ထို့ကြောင့် သူ လေသဘောကြီးများ မောင်းရန် ရွေးချ လိုက်သည်။

လင်ဒါသည် ပါရမီပါသူတဦးပင်ဖြစ်သည်ဟုဆိုရပေမည်

လေသဘောကြီး၏ စက်ခလုတ်ခုံရှေ့သို့ ရောက်နေသော အခါ လင်ဒါသည် စိတ်ပေါ့ပါး လွတ်လပ်နေသည်။





သူ့အလုပ်ကို သူပိုင်နိုင်စွာ လုပ်နိုင်စွမ်း ရှိသည်။ သွက် လက်စွာ ဆုံးဖြတ်တတ်သည်။

ဆိုသို့ ပျံသန်းနေစဉ် သူ့ဦးနှောက်က ရှေ့သို့ ဘလံမျှ ကြို ပြေး၍ ဖြစ်ပေါ်လာတော့မည့် ပြဿနာတရပ်ကို တွက်ဆ ဖြေ ရှင်းနေသည်။

၁၉၅၅-ခုနှစ်တွင် လင်ဒါသည် ကမ္ဘာပေါ်၌ အကျွမ်း ကျင်ဆုံး လေသဘော လေယာဉ်မှူးတဦး ဖြစ်လာသည်။

ဒီဇင်ဘာလတွင် လင်ဒါသည် တောင်ပိုင်း 'ဝေးမှောက်' လေတပ် လေယာဉ်စခန်းမှ နေ၍ ရာသီဥတု ဆိုးရွားသောအခါ လေခဲစုပြုံမှုကို လေ့လာ စမ်းသပ်ရသော အန္တရာယ်များသည့် လေသဘော ပျံသန်းမှုများတွင် ဒုတိယ အရာရှိအဖြစ် လိုက်ပါ သွားခဲ့ရသည်။

ထိုပျံသန်းမှုများကြောင့် သူတို့ အုပ်စု ထိုနှစ်က 'ဟာမွန်' ဒေါလားဆုကို ချီးမြှင့် ခံကြရသည်။

ပြီးတော့ မာဂရက် ကိစ္စ ရှိသေးသည်။ ဇန်နဝါရီလတွင် ဝင်(ခ်)ဟာ့(စ်)မြို့၊ စစ်ဗိုလ်များအသင်းတွင် သူမအား စတင် တွေ့ရှိခဲ့သည်။ ထိုအချိန်က လင်ဒါတယောက် ဆုရပြီး နာမည် ကြီးနေချိန်။ ထိုနှစ်အစသည် သူ့ဘဝတွင် အကောင်းဆုံးနှစ်၏ အဦးအစ ကာလပင် ဖြစ်သည်။

သူမသည် အနောက်ပိုင်း ဗာဂျီးနီးယားပြည်နယ် ဇာတိ ဖြစ်သည်။ အသက် နှစ်ဆယ်။ ရုပ်ချောသည်။ လေယာဉ်မှူး ယူနီဖောင်းဝတ်ယားသော မိုက်ကယ်လင်ဒါကို သူမ ချစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမအဖို့ လင်ဒါသည် ပထမဆုံးချစ်သူပင် ဖြစ်လေသ ယိပ်ခ်ိ ဟာ့ဒ်စ် မြို့၊ ဘုရားကျောင်း၌ လက်ထပ်လိုက်ကြသည်။

လင်ဒါသည် မာဂရက်နှင့် သူ့အလုပ်အပေါ်မှုတည်၍ ကိုယ်သူ့ သရုပ်ဖော် သတ်မှတ်လာခဲ့သည်။

သူသည် ကမ္ဘာပေါ်၌ အကြီးမားဆုံး၊ အရှည်လျား အလှပဆုံးသော လေသင်္ဘောကို မောင်းသူ ဖြစ်သည်။

မာဂရက်သည် ကမ္ဘာပေါ်၌ အလှအပဆုံး၊ ကြည့်အကော ဆုံး မိန်းမတယောက်ဟု သူ ယူဆသည်။

မာဂရက်နှင့် လင်ဒါ၏ မိခင်သည် ခြားနားလှပေစွ။

တခါတရံ သူ့မိခင်အကြောင်း အိပ်မက် မက်ပြီး အိပ် နိုးထလာသောအခါ မာဂရက်ကို အကြာကြီးကြည့်ယင်း အ နှင့် မာဂရက်တို့ ရုပ်ခန္ဓာ ခြားနားမှုတို့ကို နှိုင်းယှဉ်ဆန်းစ မိသည်။

ကလေးနှစ်ယောက် ရပြီးနောက် နွေရာသီတခု၌ ချ ဆိပ်ကမ်းသို့ လှေဖြင့် အပျော်သွားကြသည်။ ထိုစဉ်က ပျော်ရွှင် ကြည်နူးခဲ့ကြရလေသည်။

မာဂရက်သည် တဖြည်းဖြည်းနှင့် လင်ဒါ့အား မိမိထင် ထားသလို လူစားမျိုး မဟုတ်ကြောင်း တွေ့ရှိလာလေသ

လင်ဒါသည် အလုပ်၌ ဖြစ်စေ၊ အိမ်၌ ဖြစ်စေ၊ ပြဿ ကြုံရလျှင် အေးတိ အေးစက်ကြီးနှင့် ငူတူတူကြီး ဖြစ်နေတ လေသည်။





ရှိန် ရုံခါ၌ လင်ဒါ၏ ရက်စက်မှု အရိပ်အရောင်များ ကြောင့် သူမ ကြောက်ရွံ့လာတတ်၏။ သူတို့ နှစ်ဦးသည် မိမိတို့ နာများကို မဆွေးနွေးကြပေ။

၁၉၆၀-ခုနှစ်များ၏ ကနဦးပိုင်း ကာလများတွင် သူသည် ၁-၃ ဒဗလျူ လေသင်္ဘောကြီးကို မောင်းနှင်နေသဖြင့် သိပ်မရှိတတ်။ ၎င်းမှာ အလျား ၄၀၃ ပေ ရှိသည်။ ၎င်း းအစားတွင် အကြီးမားဆုံး ဖြစ်၏။

ကိုယ်ထည်အတွင်းရှိ လည်ပတ်နေသော ပေ ၄၀ ရေဒါတိုင် သည် အစိုးရအဖို့ ကြိုတင်သတိပေးစံနစ်အတွက် အဓိက သော သေချာက်တခု ဖြစ်သည်။ လင်ဒါ ပျော်နေ၏။ အိမ်၌ း သူ၏ အပြုအမူများမှာ အဆင်ပြေသည်။

သို့သော်....မြေပြင်ပုံသေ အဝေးမှ ကြိုတင် သတိပေးစံနစ် များ တည်ထောင်ခြင်းကြောင့် လေသင်္ဘောများ၏ ကာ ရေး တာဝန်များမှာ လျော့ပေါ့လာခဲ့ရသည်။

၁၉၆၄-ခုနှစ်တွင် လင်ဒါအဖို့ ရေတပ်မတော်၊ လေသင်္ဘော င်းသူတာဝန် ပြီးဆုံးသွားသည်။ သူတို့၏ လေယာဉ်မှူး လည်း ပြိုကွဲသွားသည်။

လေသင်္ဘောများကိုလည်း ဖျက်သိမ်းလိုက်ကြသည်။ လင်ဒါ ပြင် ပြန်ရောက်သွားသည်။

အုပ်ချုပ်ရေးဌာနသို့ တာဝန်ပြောင်းရသည်။

မာဂရက်အပေါ် သူ၏ အပြုအမူများမှာ ယိမ်းယိုင်လာ သည်။ သူတို့အတူနေသည့်အခါ စကား သိပ်မပြောဖြစ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းများ၌ သူမ၏ တနေ့တာ လုပ်ရှားမှု
လင်ဒါက စစ်ဆေး မေးမြန်းသည်။ သူမအား သံသယ
မရှိ။

သို့သော် လင်ဒါမယုံ။

လင်ဒါသည် သွေးသား ကိစ္စ၌ပါ သူမအပေါ် စိ
လာသည်။

၁၉၆၄ခုနှစ် ကုန်ခါနီးတွင် သူမ၏ နေ့ခင်းဘက်
မှုများမှာ အပြစ်မကင်းစင်တော့ပေ။

စင်စစ်တွင် သူမသည် ကာမ ကိစ္စအပြင် ခင်မင်ကြင်နာ
မှုများကိုပါ ရှာဖွေခဲ့ခြင်း ဖြစ်ပေသည်။

လင်ဒါသည် ဗီယက်နမ်စစ်ပွဲ တိုးချဲ့တိုက်ခိုက်ရာတွင်
ယာဉ်များ မောင်းရန် မိမိဆန္ဒအလျောက် လျှောက်လွှာ
သည်။ သူ့ကို ရွေးချယ်လိုက်ကြသည်။ သူ ပြန်လေ့ကျင့်
ဝေဟင်ထဲ ပြန်သွားရသဖြင့် သူပျော်နေပြီ။

မာဂရက်အား ဈေးကြီးသော လက်ဆောင်များ
သည်။ သူမစိတ်က ဘဝင်မကျ။

သို့သော် ယခင်ထက် စာလျှင် လင်ဒါသည် ပို
ကောင်းလာသည်။

ဗီယက်နမ်သို့ မသွားမီ သင်တန်းမှ နောက်ဆုံး
ထွက်ခွင့် ရသောအခါ သူတို့ လင်မယား ဘာမူဒါ
အပန်းဖြေ ခရီးထွက်ကြသည်။





ဒါ တယောက် လေယာဉ်ပျံစက်ကိရိယာများ အကြောင်း
နေတတ်သည့်တိုင် ယခင်ကထက်တော့ သူမအား ပိုဂရု
သည်။ ပိုချစ်နေသည်။
ရက်ကလည်း လင်ဒါ့အလိုကျ တုံ့ပြန်သည်။ လင်ဒါ
သူမအား ယခင်က ဤမျှ မချစ်ဖူးခဲ့သေးဟု သူထင်၏။

× × ×

၁၉၆၇ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၀ ရက်တွင် လင်ဒါသည်
ပိုင်း တရုတ် ပင်လယ်ရှိ လေယာဉ်တင် သင်္ဘောကြီး
ဒရိုဂါးမှနေ၍ ၁၁၄ ကြိမ်မြောက် လေကြောင်း ရေ
း ကယ်ဆယ်ရေးတာဝန်နှင့် ရဟတ်ယာဉ် မောင်းရမည်။
ထွက်ပြီး နာရီဝက် အကြာတွင် ဒေါင်ဟိုင် မြို့ပြင်
ယ်နက်ကြီးပေါ်တွင် ရောက်နေသည်။
ဒါသည် ဗုံးကြဲ တိုက်ခိုက်ပြီး ပြန်လာကြမည့် အက်-ဖ်
စကိုင်းရိတ်ဒါး (ရိုက်ဒါးမဟုတ်) ဂျက် တိုက်လေယာဉ်
ကို ပင်လယ်ပြင်၌ ၁၅မိုင် ပတ်ချာလှည့် ပျံသန်း၍စောင့်
သည်။
င်တွမ်ဂျက်တစီး ရန်သူ့လက်ချက် ထိသွားသည်။



www.burmeseclassic.com

ပိုင်းလော့က သူ၏ ညာဘက် အင်ဂျင် ပျက်သွားပြီး ... လောင်နေကြောင်း သတင်း ပို့သည်။ ပင်လယ်ထဲသို့ လေ... ကို ထိုးမချမီ ပိုင်းလော့နှင့် တွဲဘက်ပိုင်းလော့တို့ လေယာဉ်... ခုန်ထွက်ရန် ကြံစည်ထားကြသည်။

လင်ဒါသည် သွက်သွက်ခါ လှုပ်နေသော စက်ခန်းထဲမှ... ထိုပိုင်းလော့အား အဆက်မပြတ် စကားပြောနေသည်။ ... ဗယ်ဘက်တွင် ဗီယက်နမ် နိုင်ငံသည် အမှောင်ထုကြီး သ... ရှိနေ၏။

'ဒင်-ဇီးရိုးဝမ်း၊ ရေထဲကျော်ဝင်လာယင် မီးဖွင့် အချ...

ဖင်တွမ် ဂျက်ကို လျှပ်စစ် ခြေရာခံ ရှာဖွေကိရိယာနှင့် ... ရှာလျှင် ရနိုင်သော်လည်း လင်ဒါ အချိန် မဖြုန်းလိုပေ။

'မစ္စတာ ဒီလွှန်၊ ခင်ဗျား အဲဒီမှာပဲ ဆက်နေ၊ အောက်... မယ်၊ ဒီနားမှာ ကျုပ်တို့ဘက်က သင်္ဘောတွေ တစင်းမှ မရှိ... ကွယ့်၊ ဒီတော့ တွေ့သမျှဟာ ရန်သူပဲ'

လင်ဒါက ရဟတ်ယာဉ် ပေါက်ဝမှ စက်သေနတ်သမာ... လှမ်းပြောသည်။

ထိုအခိုက်.... ပျက်နေသော ဖင်တွမ်ဂျက်မှ ပိုင်းလော... အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'မစ်ဇ်မာစတာ....နောက်အင်ဂျင်ပါ မီးလောင်နေပြီ၊ ... တွေ အရမ်းထွက်နေတယ်၊ ကျွန်တော်တို့ ခုန်ထွက်တော့မယ်...

ပိုင်းလော့က ဆက်လက်၍ ၎င်းတို့လေယာဉ် တည်ရှိရာ... ပြောပြသည်။





...င်ဒါ ပြန်လည်မရွှတ်ပြနိုင်မီ ပိုင်းလော့အသံ ပျောက်... ...၏။

...င်တွမ်ဂျက်မှ ပိုင်းလော့နှစ်ဦး ထိုင်ခုံများနှင့်အတူ လေယာဉ် ...ထွက်ပြီး လေထီးဖြင့် တောင်ကြီးမြက်မည်းထဲ ဆင်းသွား ...လေပြီ။

...င်ဒါသည် ရဟတ်ယာဉ်ကို ကုန်းမြေဘက်သို့ မောင်း ...သည်။

...သူ့ ရွေးစရာ နှစ်လမ်းရှိသည်။ လေတပ်မှ ကာကွယ်ပေးမှုကို ...ပြီး ပိုင်းလော့နှစ်ယောက်ကို ဆက်သွယ်ရန်။ သို့မဟုတ် ...ဘာသာ ဆင်းကယ်ရန်။

'တွေ့ပြီ ဆရာ'

လင်ဒါ၏ တွဲဘက် ပိုင်းလော့က ပြောသည်။

...ကုန်းပေါ် ပျက်ကျ ပေါက်ကွဲသွားသော ဖင်တွမ်ဂျက်ဆီမှ ...း မီးလျှံများကို မြင်ရသည်။

ရဟတ်ယာဉ် ကမ်းခြေပေါ် အရောက်တွင် ခြေရာခံကိရိယာမှ ...ျက်ပြမီး တွေ့ရသည်။

လေတပ်မှ ကာကွယ်ပေးရန် အကြောင်း ကြားပြီးနောက် ...မစောင့်တော့ပဲ သစ်တော ထိပ်ဖျားပိုင်းမှ ဖြတ်သန်း၍ ...းလော့နှစ်ဦးဆီ ချဉ်းကပ်သွားသည်။

အချက်ပြမီးမှာ အောက်ဘက်ရှိ ကျဉ်းမြောင်း စုတ်ပြတ် ...သော လမ်းကလေး၌ ဖြစ်သည်။

ဖင်တွမ်ဂျက်မှ ပိုင်းလော့နှစ်ဦးသည် သူ့အတွက် ဆင်းရန် ...နေရာ သတ်မှတ်ပေးထားသည်။

www.burmeseclassic.com



လမ်းဘေးကပ်ပေါက်သော သစ်ပင်တန်းများ၏ကြားတွင် ရဟတ်ယာဉ်ဒလက်များ ဝင်နိုင်လောက်သော နေရာ ရှိသည်။ ရဟတ်ယာဉ်ကို မြေပြင်သို့ ဆင်းစေခြင်းသည် ၎င်းတို့နှစ်ဦးအား လေထဲမှ ချိတ်နှင့် တယောက်စီ ဆွဲတင်သည်ထက် ပိုမြန်မည်။

ရဟတ်ယာဉ်သည် သစ်ပင်များကြားမှ ဆင်းသွားသည်။ ညသည် ရုတ်တရက် လိမ္မော်ရောင် ယှက်သမ်း ထိန်လင်းသွားသည်။

တဲ့ဘက် လေယာဉ်မှူးသည် သွေးများ ပန်းထွက်လျက် မှောက်လျက် ကျသွားသည်။ ရဟတ်ယာဉ် ဘေးပတ်လည်၌ ဆူညံသွား၏။

× × ×

ဟန္နိုင်းမြို့၏ မြို့ပြင်ဘက်ပိုင်းရှိ ဆေးရုံတခုတွင် လင်ဒါ၏ လက်ကို ကုသပေးကြသည်။ ဆေးရုံ၏ အတွင်းပိုင်းမှာ ဖြူဖွေး နေသည်။ ဗုံးဒဏ်ကြောင့် ကွဲသွားသော မှန်ပြတင်းပေါက်များ အစား ဝါးယင်းလိပ်များ ကာထားကြသည်။

ကြိုးစားပမ်းစား လုပ်ပေးသဖြင့် လင်ဒါ၏လက် ပြန်လှုပ် ရှားနိုင်လာသည်။ ဆရာဝန်သည် အင်္ဂလိပ်လို ပြောတတ်သည်။ အင်္ဂလိပ်စကားပြော အလေ့အကျင့် ရလိုသောကြောင့် လင်ဒါ အား လက်ကိုကုသပေးယင်း ငြိမ့်ငြေ့ဖွယ် ကောင်းအောင် စကား ပြောနေတတ်သည်။

လင်ဒါသည် သူ့လက်ကို ခွဲစိတ်ကုသပေးနေစဉ် အာရုံ ပြောင်းစေရန် မျက်စိလွှဲထားသည်။

ထိုအခိုက် ခွဲစိတ်ခန်းထောင့် တနေရာ၌ ပြင်သစ်ပြည်ဖြစ် အသက်ရှူစက်ဟောင်းကြီး တလုံးကို တွေ့သွားသည်။

မော်တာလောင်၍ ပျက်နေသည်ဟု ဆရာဝန်ကပြောသည်။

လင်ဒါသည် ဝေဒနာကို မေ့ထားရန် ၎င်းစက်ကို မည်သို့ ပြန်ပြင်၍ ရနိုင်ကြောင်း ပြောပြနေမိသည်။ လင်ဒါ့မျက်နှာ၌ ချွေးသီးနေပြီ။

'ခင်ဗျား ပြင်ပေးနိုင်မလား'

ဆရာဝန်က မေးသည်။

'အင်း....'

'ကဲ...ကဲ... ခင်ဗျားလက် ပြီးသွားပြီ'

အမေရိကန် စစ်သုံ့ပန်း အများစုသည် အမေရိကန် တပ် မတော်အဖို့ ဂုဏ်ယူလောက်ဖွယ်ကောင်းသော အပြု အမူများ ဖြင့် သုံ့ပန်းဘဝ၌ နေထိုင်ခဲ့ကြလေသည်။

သူတို့အားလုံး စိတ်ဓာတ် ကြံ့ခိုင်သောသူများ ဖြစ်ကြသည်။ သူတို့သည် ယုံကြည်ချက် ခိုင်မြဲသူများလည်း ဖြစ်ကြသည်။

ဗိုလ်မှူးကြီး ဒီကျောင်းသည် ၎င်း အမျိုး အစားထဲမှ တစ်ဦး ဖြစ်သည်။ တိုက်ပိတ်ခံရပြီး ပြန်ထွက်လာသောအခါ ဒီကျောင်း သည် ကိုယ်အလေးချိန် ပေါင် ၁၄၀သာ ရှိသည်။







www.burmeseclassic.com

www.burmeseclassic.com



ဒီဂျောင်းသည် စစ်သို့ ပန်းများကို ပြန်အုပ်ချုပ်ရသည်။ သူ့မျက်ခွက်တွင် သူ၏မျက်လုံးများက နီရဲတောက်ပနေသည်။

လင်ဒါ့ကို သူ့အခန်းလေးထဲ၌ မြောက်ဗီယက်နမ်စစ်သား တို့ပိုင်ဆိုင်သော မော်တာစက်တလုံး ပြန်ပတ်ပေးနေပုံကို ကိုယ်တိုင် တွေ့လိုက်ရသောအခါ ဒီဂျောင်းက ဆုံးဖြတ်ချက် တခု ချလိုက်သည်။

ဒီဂျောင်းက သို့ ပန်းစခန်းတခုလုံး သတင်းဖြန့်လိုက်သည်။

လင်ဒါ့ကို စကားမပြောကြနှင့်။ သူတို့က အပယ်ခံ အဖြစ် သတ်မှတ်လိုက်ကြပြီ။ နောက်ပြီး လင်ဒါ၏အခန်းထဲ၌ ငါးအရိုး များပါသည့် ပန်းကန်တချပ်လည်း တွေ့ခဲ့ရသည် မဟုတ်လား။

အပယ်ခံဖြစ်ရခြင်းသည် လင်ဒါအဖို့ ငယ်ငယ်က ဘဝသို့ ပြန်ရောက် သွားရသကဲ့သို့ပင် ဖြစ်သည်။ သိပ် အဆန်း မဟုတ်။ သူ့ကို စကားပြောမည့်သူမှာ ဂျာဂင်စ်တယောက်သာရှိ၏။

သို့သော် ဂျာဂင်စ်သည် မရပ်မနားအော်ဟစ်နေသည့်အခါ တိုင်း တိုက်ပိတ်ခံရမြဲ။

လင်ဒါသည် ဒဏ်ရာကြောင့် အားအင် လျော့နည်းသွားပြီး ငှက်ဖျားကလည်း ဝင်လာသဖြင့် သူ၏တွဲဘက်မညီသော စိတ် နှစ်ပိုင်းသာ သူ့မှာ ကျန်ရစ်ခဲ့လေတော့သည်။

တပိုင်းက လူမုန်းခံရသော၊ လူတွေကိုမုန်းနေသော ကလေး။ တပိုင်းက သူဖြစ်ချင်လှသော စိတ်ကူးပုံဖော်ထားသော လူကြီး။ ငယ်ငယ်က စကားအပြန်အလှန် ပြောဆိုသံများ ပြန်ကြားလာ သည်။





သို့သော် တည်ငြိမ်သော စိတ်က ပို၍ အားသန်သည်။

ဤ အခြေအနေ အတိုင်း လင်ဒါ ခြောက်နှစ်လုံး ခံနိုင်စွမ်း ရှိခဲ့သည်။

အကျဉ်းကျနေစဉ် နောက်ဆုံး ခရစ္စမတ် ပွဲတော် ချိန်ခါ၌ မာဂရက်ထံမှ စာတစောင် ရရှိသည်။ သူမ အလုပ် လုပ်နေသည် ဆို၏။ ကလေးတွေ နေထိုင်ကောင်းကြသည်။

အိမ်ရှေ့၌ ကလေးများနှင့်အတူ ရိုက်ထားသော မာဂရက် ဓာတ်ပုံ တပုံလည်း ပါသည်။ ကလေးတွေ အရပ်ရှည်လာကြပြီ။ မာဂရက် နည်းနည်း ဝလာသည်။

ဓာတ်ပုံဆရာ၏ အရိပ်က ဓာတ်ပုံထဲမှာ ပါနေသည်။ အရိပ် သည် ဘေးသို့ ကျနေ၏။ သူတို့တစု၏ ခြေထောက်ပေါ် အထိ ကျနေသည်။ ဓာတ်ပုံဆရာသည် မည်သူနည်း။

လင်ဒါသည် ဓာတ်ပုံထဲမှ သူ့ဇနီးနှင့် ကလေးများထက် အရိပ်ကိုသာ စိုက်ကြည့်နေမိသည်။

× × ×

၁၉၇၃၊ ဖေဖော်ဝါရီလ၊ ၁၅ ရက် နေ့တွင် လင်ဒါသည် ဟန်နွိုင်မြို့၌ အမေရိကန် လေတပ်မတော်မှ လေယာဉ်စီး ၁၄၁ ပေါ် တက်ခွင့် ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်ဒလီ တယောက်က သူ့အား ထိုင်ခုံ ခါးပတ် ပတ်ပေးသည်။ လင်ဒါသည် ပြတင်းပေါက်မှ အပြင်သို့ မကြည့်။

ဗိုလ်မှူးကြီး ဒိဂျောင်းလည်း ထိုလေယာဉ်၌ ပါသည်။ သူ့ရုပ်ကို အလွယ်တကူ မမှတ်မိနိုင်။ ယခုလည်း လင်ဒါ့ကို သူမသိချင်ယောင် ဆောင်နေသည်။ နမူနာပေးခြင်း ဖြစ်၏။ လင်ဒါကလည်း သူ့ကို သိပုံမရ။ တကယ် မမှတ်မိခြင်းလား။ လင်ဒါအတော် ချောင်ကျနေသည်။ အချိန်မရွေး ငိုက်မျဉ်း တက်နိုင်သည်။ လေတပ်မှ ဆရာဝန်က သူ့ကို အထူး ဂရုစိုက်နေသည်။ သူ စားသောက်ဖို့ မကြာခဏ စီမံပေးသည်။

စစ်သို့ပန်းများ စကားပြောဖော်ရစေရန် အရာရှိအချို့ကို လေယာဉ်ပေါ် တက်ခွင့် ပေးထားသည်။ ထိုအုပ်စုမှ စစ်ဗိုလ်တဦးက လင်ဒါ့ ဘေး၌ လာထိုင်သည်။ လင်ဒါ စကားမပြောချင်။

စစ်ဗိုလ်က စားစရာ သောက်စရာ တင်သည့် တွန်းလှည်းလေးကို လာပို့ခိုင်းသည်။

လင်ဒါက အသားညှပ်ပေါင်မုန့် ယူစားပြီး အကျန်ကို သူ့အိတ်ထဲ ထည့်သည်။ နောက်တခုကို ထပ်ယူပြီး အိတ်ထဲ ထည့်သည်။

စစ်ဗိုလ် က လင်ဒါ၏ လက်မောင်း ကို ပုတ်လိုက်သည်။ လင်ဒါ မလှုပ်။

ဖိလစ်ပိုင်နိုင်ငံ။ ကလပ်ခ်လေတပ် အခြေစိုက် စခန်း။ စစ်တီးဝိုင်းနှင့် အတူ အခြေစိုက်စခန်း တပ်ရင်းမှူးကြီးသည် စစ်သို့ပန်းများကို စောင့်ကြိုနေသည်။





ရုပ်မြင်သံကြား ကင်မရာများကလည်း စောင့်နေကြသည်။ လေယာဉ်ပေါ်မှ ဗိုလ်မှူးကြီး ဒိဂျောင်း ဦးစွာ ဆင်းလာသည်။ ဒိဂျောင်းသည် မင်းလမ်းမှ တံခါးပေါက်သို့ လျှောက်သွားပြီး လင်ဒါ့ကို မြင်သောအခါ စက်ဆုပ်စွာ ကြည့်ယင်း ခေတ္တ ရပ်လိုက်သည်။

သူ့တကိုယ်လုံး တုန်လှုပ်နေသည်။ ဒိဂျောင်း ပါးစပ်ဟပြီး ပြန်ပိတ်ကာ လေယာဉ်အပြင်သို့ ထွက်သွားသည်။

လင်ဒါအား ကွင်း(န်၊စ်)မြို့၊ စိန့်အဲ(လ်)ဘန် ရေတပ်ဆေးရုံသို့ ပို့လိုက်ကြသည်။ ဆေးရုံ၌ ဂျာနယ် မှတ်တမ်းတစောင် ရေးသည်။ ရေရှည်၌ ဆက်မရေးဖြစ်။ လင်ဒါ ဖြည်းညင်းစွာ ဂရုတစိုက် ရေးသားသည်။

မြန်မြန်ရေးလျှင် ဖောင်တိန်က သူ မဖြစ်ချင်သော အရာများကို သူ့အလိုလို လျှောက်ရေးသွားမှာ သူ စိုးရိမ်သည်။

သူ၏ ဂျာနယ်မှ ပထမစာမျက်နှာ လေးရွက်တွင် ဤသို့ ရေးထားသည်။

[မှတ်ချက်။ ။ လင်ဒါ၏ စိတ်မမှန်မှုကို ပေါ်လွင်စေရန် စာပြော၊ စကားပြော ရောထွေးပြီး၊ အဆီအငေါ် မတည့်သော ရေးသားပုံအတိုင်း ဘာသာပြန်ပေးထားပါသည်။ (မြန်မာပြန်သူ) ]



www.burmeseclassic.com

www.burmeseclassic.com



စိန့်အဲ(လ်)ဘန်ဆေးရုံ၊ မတ်လ၊ ၂။

ကျွန်တော် လွတ်ပြီ။ ကျွန်တော့်ကို ပထမ ရှစ်ရက်လုံး နေ့စဉ် မာဂရက် လာတွေ့သည်။ ဒီအပတ် သူ သုံးခေါက် လာသည်။ မာဂရက် ကြည့်ကောင်း ရှုကောင်းရှိသည်။ ယခင်က ကျွန်တော် မြင်သလိုမျိုး မဟုတ်။ သူမ အံမြဲကျနေပုံရ၏။ သမီးလေးတွေကို နှစ်ခေါက် ခေါ်လာသည်။ ယနေ့လည်း သူတို့ ပါလာသည်။

သူတို့ထိုင်ပြီး ကျွန်တော့်ကိုကြည့်ကြသည်။ အခန်းပတ်လည် လှည့်ကြည့်သည်။ ကျွန်တော့် လက်ကို အိပ်ရာဖုံးအောက် ဝှက်ထားသည်။ ဆေးရုံမှာ သူတို့ လုပ်စရာ ဘာမှ မရှိ။

အပန်းဖြေခန်းသို့သွားပြီး ကိုကာကိုလာ အတူသွားသောက်လျှင် ကောင်းမည်။ ပိုက်ဆံအကြေ ယူသွားဖို့ မမေ့နဲ့။ မာဂရက်က သူတို့ကို အကြေပေးသည်။

သူတို့ မျက်စိထဲမှာ ကျွန်တော် အထူးအဆန်း ဖြစ်နေမည်။ မာဂရက် သဘောကောင်းသည်။စိတ်ရှည်သည်။ သူတို့ကလည်း သူ့စကားကို နားထောင်ကြသည်။

မနေ့ညက 'ဝီဆယ်(လ်)' (မြီးတို မြွေပါ) အကြောင်း အိပ်မက် မက်သည်။ သူတို့နှင့် စကားပြောယင်း သတိ မေ့နေသည်။ မာဂရက်က စကားကို မရပ်မနား ပြောနေသည်။





စိန့်အဲ(လ်)ဘန်ဆေးရုံ၊ မတ်လ၊ ၁၂။

ကျွန်တော့်မှာ ငှက်ဖျားရောဂါတမျိုး ရှိသည်ဟု ဆရာဝန်များက ပြောသည်။ ဒါကြောင့် အဖျားအတက်အကျ မမှန်ခြင်း ဖြစ်သည်။

ကျွန်တော့်ကို ကွီနိုင်း ဆေး ပေးသော်လည်း အခု ထိ အခြေ ချက်ချင်း မရှိ။

ယနေ့ မာဂရက် ရှိနေတုန်း ကျွန်တော် ချမ်းလာသည်။ သူမ ဆံပင် အတိုညှပ်ထားသည်။ သူမ ရုပ်ပြောင်းသွားသည်။

သို့သော် သူမ ဆံပင်က မွှေးသည်။ ကျွန်တော် အဖျားတက်တုန်း သူမ ဖက်ထားပေးသည်။ သူမကိုယ်က နွေးသည်။ သူမမျက်နှာ တဘက်လှဲထား၏။ ကျွန်တော့် ကိုယ်က နံစော်နေသလား။ မါးစပ်က နံသလား။

မာဂရက် တခုခု ကြားသွားမှာ ကျွန်တော် စိုးရိမ်သည်။ ထို ရုပ်ရှင်ကားကို သူမ ဘယ်တော့မှ မမြင်သွားပါစေနှင့်ဟု ကျွန်တော် ဆုတောင်းမိသည်။

သတင်းကောင်း ကြားရသည်။ ကျွန်တော့်ထက် ၁၀ ရာခိုင်နှုန်းမျှသာ ချွတ်ယွင်း ပျက်စီး သွားသည် ဟု ဆရာဝန်များက အကဲဖြတ်ကြသည်။

ကျွန်တော် လေယာဉ်မောင်းခြင်းကို မထိခိုက်။ ကျွန်တော့် လက်ကို မကြာခင်တော့ မာဂရက်နှင့် ကလေးများ တွေ့သွားမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန့်အဲ(လ်)ဘန် ဆေးရုံ၊ မတ် ၂၀။

ဂျာဂင်စ်သည် ဤအဆောင် အစွန်နားတွင်ရှိသည်။ 
ကျောင်းဆရာမ ပြန်လုပ်ရန် စိတ်ကူးထား၏။

သို့သော် သူ့အခြေအနေ သိပ်မကောင်း။ ကျွန်တော် 
နှစ်ဦး နှစ်နှစ်ခန့် အကျဉ်းခန်း အဖော်များ ဖြစ်ခဲ့ကြသည် 
(၇၄၅) ရက်ဟု သူပြောသည်။ သူလည်း အိပ်မက်သမားတ 
ပင် ဖြစ်သည်။ တခါတရံ သူ'မြီးတိုမြေပါ'အကြောင်း အိပ် 
မက်တတ်သည်။

ဆေးရုံမှ သူ့အခန်းကို တံခါးဖွင့်ထား ပေးကြရသည် 
နောက်ဆုံး တခေါက် တိုက်ပိတ်ခံရခြင်းကြောင့် သူ ရော 
ပိုဆိုးရွားသည်။

ညဘက် သူ့အကျဉ်းခန်း ထဲ၌ သူ အော်ဟစ် နေခြင်း 
ရူးသွားခြင်းကြောင့် ဖြစ်ကြောင်း သူတို့ မယုံကြ။ 'မြီး 
မြေပါ'က သူ့ကို အော်ပြီး ဗိုလ်ချုပ်စမက်ဂ်မာကို လှမ်းခေ 
သည်။

စမက်ဂ်မာ၏ အမည်ရင်းမှာ ဗိုလ်ကြီး လီဘာရွန်နူ ဖြစ်သည် 
ပြင်သစ် ဗီယက်နမ် ကပြား။

စိန့်အဲလ်ဘန် ဆေးရုံ၊ မြေ ၁၊ ၁၉၇၃။

နောက် လေးရက် အကြာတွင် ကျွန်တော် အိမ်ပြန်ရမည် 
မာဂရက်ကို ပြောပြသည်။ ကားငှားဌာနတွင် သူမ အ 
လုပ်နေရာမှ ကျွန်တော့်ကို လာခေါ်မည်။





ကျွန်တော် အားပြန် ရှိလာပြီမို့ ဒေါသကို ထိန်းရမည်။ 
ဂရက်က ကားအလဲအလှယ် လုပ်မည်ဆိုသဖြင့် ကျွန်တော် 
ေါသ ထွက်သွားသည်။

ဒီဇင်ဘာတွင် စတေရှင်ဝက်ဂွန်း တစီး မှာထားပြီး ဖြစ် 
ည် ဆို၏။ သူမ စောင့်ဖို့ သင့်သည်။

ကျွန်တော် ဒီထက် ကောင်းသော ကားကို လဲယူနိုင်စွမ်း 
သည်။ ကားပွဲစားက သူမအား စေတနာနှင့် လဲပေးခြင်း 
ဖြစ်သည်ဟု သူမ ပြောသည်။

ကျွန်တော့်မှာ ကွန်ပါ စက်ဝိုင်းခြမ်း၊ ကြိုး တချောင်းနှင့် 
မ်းပြ ကိရိယာ စာရင်း ဇယားချပ်များ ရှိနေလျှင် ပြက္ခဒိန် 
ပ်နှင့် နေ့စွဲကို ရှာနိုင်သည်။

ကျွန်တော့် ပြတင်း ပေါက်မှ နေရောင်ခြည် တနာရီ တိတိ 
တိုက်ရိုက် ရရှိသည်။ ပြတင်းဘောင်မှ သစ်သားစလေးများ 
သည် နံရံပေါ် သို့ ကြက်ခြေခတ်ပုံ အရိပ်ကျစေသည်။ ကျွန်တော် 
ယ့်နှစ်နာရီရှိမှန်း သိသည်။

ဆေးရုံ၏ လောင်ဂျီတွဒ် လတ္တီတွဒ်များကို ကျွန်တော်သိသည်။ 
အချက်နှင့် နေ၏ထောင့်တို့မှနေ့စွဲကို တွက်ရသည်။ နံရံပေါ် 
ာ တွက်ရ၏။

X X X

လင်ဒါ ပြန်လာသည့်အတွက် မာဂရက် စိတ်ညစ်ရသည်။

သူမသည် လင်ဒါ မရှိစဉ်ကာလ၌ ခြားနားသောလူများနှင့် 
ခြားနားသောဘဝကို တည်ဆောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါအား အိမ် ပြန်ခေါ်လာခြင်းဖြင့် ထိုတဝကို အ
ဘာသာ ရပ်ဆိုင်းပစ်လိုက်ရသကဲ့သို့ ဖြစ်သွားသည်။

၁၉၆၇ ခုနှစ်က လင်ဒါ အိမ်ပြန်လာစဉ်က သူမ စွန့်ခွာ
ကောင်းသည်။

သူ စစ်သို့ ပန်း ဖြစ်နေစဉ် ကွာရှင်းခွင့် တောင်း၍မဖြ
သူ မကျန်းမာတုန်း စွန့်ပစ်ဖို့ကလည်း လူမဆန်ရာ ကျသွားမည်

ပထမလက အတော် စိတ်ကုန်စရာ ကောင်းသည်။

လင်ဒါသည် စိတ် တုန်လှုပ် ခြောက်ခြားနေသည်။

သူ့ ဆေးလုံးများကလည်း သူ့ကို မသက်သာ စေနိုင်
ညဘက် တံခါး သော့ခတ်လျှင် သူ မနေတတ်။

ည သန်းခေါင် ကျော်လျှင် သူ တံခါးများ ဖွင့်ထား
ရှိမရှိ လိုက်စစ်ဆေးသည်။ တနေ့လျှင် အခါ နှစ်ဆယ်မျှ
သေတ္တာဆီ သွားပြီး စားသောက် ဖွယ်ရာများ အပြည့် ရှိ
စစ်ဆေးတတ်သည်။

ကလေးတွေက သူ့ကို ရိုသေကြသည်။ သူတို့ စကားပြော
သောအခါ သူ မသိသောလူများ အကြောင်းချည်းဖြစ်နေသည်

တဖြည်းဖြည်းနှင့် သူ အားပြည့်လာသည်။ သူ စစ်တ
ပြန်ထမ်းရန် ပြောနေတတ်သည်။

ပထမ နှစ်လအတွင်း ကိုယ်အလေးချိန် ၁၀-ပေါင် တိုး
ကြောင်း ဆေးရုံ မှတ်တမ်းများ၌ ဖော်ပြသည်။

မေလ ၂၄ ရက်နေ့တွင် ဗိုလ်မှူးကြီး ဒီဂျောင်း၏ တိုင်ကြ
ချက်အရ ရန်သူနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်သေ





စွပ်စွဲချက်များကို ဖြေရှင်းရန် လင်ဒါအား ရေတပ်မတော်၏
တရားသူကြီးချုပ်က ဆင့်ခေါ်ခဲ့သည်။

ထို စစ်ဆေးမှုကို အခန်းပိတ် စစ်ဆေးခဲ့သည်။

သက်သေခံ ပစ္စည်း အမှတ် (၇) ဖြစ်သော မြောက်ဗီယက်
နမ်မှ ဝါဒဖြန့် ရုပ်ရှင်ကားကို ခုံရုံး၌ ပြသသည်။

ထို့နောက် ၁၅ မိနစ်နားသည်။ တရားခံလင်ဒါက အပြင်
ထွက်ခွင့်တောင်းသည်။ ထို့နောက် လင်ဒါနှင့် ဒီဂျောင်းတို့၏
ဝန်ခံချက်များကို ကြားနာသည်။

လင်ဒါသည် စစ်သို့ ပန်း မဖြစ်မီက ထူးခြားသော အရည်
အချင်းရှိခြင်း ဆုတံဆိပ် ရရှိခြင်း တို့ကြောင့်လည်းကောင်း၊
လေယာဉ်ပျက်ကျသွားသော လေယာဉ်မှူး နှစ်ဦးကို စွန့်စား၍
ဆင်း ကယ်ရာမှ အဖမ်း ခံခဲ့ရခြင်း ဖြစ်သော ကြောင့်လည်း
ကောင်း၊ စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သော စစ်ဗိုလ် ကြီးများ
က သက်ညှာစွာ စဉ်းစားကြသည်။

လင်ဒါ စစ်တပ်မှ ဆန္ဒအလျောက် နှုတ်ထွက်မည် ဆိုပါက
ဗိုလ်မှူးကြီး ဒီဂျောင်းက စစ်သို့ ပန်း လင်ဒါ၏ တပ်မတော်
သက်သက္ခာ ညှိုးနွမ်းဖွယ်ရာ အပြုအမူများအပေါ် စွပ်စွဲ တိုင်
ကြားချက်များကို ပြန်လည်ရုပ်သိမ်းပေးပါမည်ဟုလည်း ဖော်
ပြထားလေသည်။

လင်ဒါနှုတ်မထွက်လျှင် စစ်ခုံရုံးတွင် စစ်ဆေးခံရမည်။

လင်ဒါသည် ထိုရုပ်ရှင်ကို နောက်တခါ ထပ်မကြည့်ချင်
တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါ နှုတ်ထွက်စာ တင်လိုက်၏။

တရားရုံးခန်းမှ ထွက်လာသောအခါ လင်ဒါ တကိုယ်လုံး ထုံနေ၏။ သူ၏ လက်နှစ်ဖက် ခြေမျှား ရိုက်ချိုးပစ်ခံရသကဲ့သို့ ခံစားရသည်။

မာဂရက်ကို အမြန်ဖွင့်ပြောမှ ဖြစ်မည်။

မာဂရက်သည် ရုပ်ရှင်ကားအကြောင်း မပြောသော်လည်း သူ နှုတ်ထွက်ရသည့် အကြောင်းကိုတော့ သိပေလိမ့်မည်။

သာယာလှပကြည်လင်သော မိုးဦးရာသီ နေ့ခင်း၌ လင်ဒါသည် သူ နောက်ထပ်ဝတ်ရတော့မည် မဟုတ်သော ယူနီဖောင်းကို ဝတ်လျက် ဝါရှင်တန် မြို့တော်ကြီး၌ ယောင်လည်လည် လျှောက်သွားနေမိသည်။ သူ့ အာရုံထဲမှာမူ ထိုရုပ်ရှင်ကားသည် မရပ်မနား ပေါ်နေသည်။

အသေးစိတ်အားလုံး မြင်ရသည်။

သို့သော် သူ၏ စစ်သုံ့ပန်း ယူနီဖောင်းအစားတော်င်းဘီထိုတထည် လဲဝတ်ထားသည်။

လင်ဒါသည် အိုလစ် (ပ်၊ စ်) ရပ်ကွက်အနီးရှိ ခုံတန်းလျားတလုံး၌ ထိုင်ချလိုက်သည်။

အာလင်တန်သို့သွားသော တံတားနှင့် သိပ်မဝေး။ မြစ်နှင့်လည်း နီးသည်။

သူသေလျှင် သူ ဘ ရာဇာ ကြီး သည် သူ့ လက်နှစ်ဘက်ကို ရင်ဘတ်ပေါ် ယှက်တင်ထားပါ့မလား။





ညာဘက်လက်ကို ဗယ်လက်ပေါ် တင်ထားပေးပါလို့ စာရွက်နှင့် ရေးမှာခဲ့ရ ကောင်းမလား။

သူ့ အင်္ကျီအိတ်ထဲမှ ထိုစာရွက်လေး ရေစိုစုတ်ပြဲသွားလေသလား။

သူ ဝါရှင်တန် ကျောက်တိုင်ကြီးကို ငေးကြည့်နေသော်လည်း သူ့ မျက်စိထဲ ဘာမှမမြင်။

ကျောက်တိုင်ထိပ်ဖျားနားမှ တစုံတခု ဖြတ်သန်းသွားသည်။ သူ ကလေးဘဝက လိုက်ကြည့်ခဲ့သော ငွေရောင် လေသင်္ဘောကြီး။ အယ်လ်ဒရစ်ချ် ကုမ္ပဏီ၏ လေသင်္ဘောကြီး။

လင်ဒါသည် ခုံတန်းလျားဖင်ကို လက်နှင့်ဆုပ်ကိုင်ထားပြီး လေသင်္ဘောကြီးကို ငေးမောကြည့်နေသည်။

လေသင်္ဘောကြီးသည် လေစီးကြောင်းနှင့်အတူ ညာဘက်သို့ တိမ်းပြီး လင်ဒါ၏ ဦးခေါင်းပေါ် တည့်တည့် ရွေ့လျားလာသည်။

လင်ဒါ မျော်လင့်ချက် ရသွားပြီ။

အယ်လ်ဒရစ်ချ် ကုမ္ပဏီက လင်ဒါအား ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။

ရုပ်မြင်သံကြားမှ ၉၀ စက္ကန့်ကြာအောင် မိမိတိုင်းပြည်ကို ရှုတ်ချခဲ့သော လင်ဒါ၏ မျက်နှာကို မြင်ဖူးကြလျှင်သည်း အယ်လ်ဒရစ်ချ် ကုမ္ပဏီမှ အရာရှိများ မေ့ချင်ယောင်ဆောင်နေကြဟန် တူ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါအား လေယာဉ်မောင်း ကျွမ်းကျင်သူမှန်း သိသည်။ ကျွမ်းကျင်မှုနှင့် လိုလောက်ပေပြီ။

ပထမဆုံးအကြိမ် ပျံသန်းမှုကို မစစ်ဆေးမီညက ညတဝက်မျှ သူ တူနှ်လှုပ်နေခဲ့သည်။

သူ့ကို လေယာဉ်ကွင်းသို့ ကားနှင့် မောင်းပို့သောအခါ မာဂရက် လုံးဝ မျှော်လင့်ချက် မရှိ။

လေယာဉ်ကွင်းနှင့် အိမ်သည် ငါးမိုင်မျှသာ ကွာသည်။ သူမ စိုးရိမ်စရာ မလို။

လေသဘောကြီးဆီ လျှောက်သွားနေစဉ် လင်ဒါ ပြောင်းလဲသွားသည်။ သူ့လက်များ ပြန်တည်ငြိမ်သွားသည်။ စိတ်လည်း ငြိမ်သွားသည်။

ပျံသန်းခြင်းသည် သူ့အတွက် ဆေးကောင်း တခွက်ကဲ့သို့ ဖြစ်သည်။ သို့သော် လင်ဒါ၏ စိတ်မှာ နှစ်ပိုင်း ကွဲနေဆဲ။

တပိုင်းက မိမိကိုယ် ယုံကြည်မှု ကြီးမား လာသလောက် တပိုင်းက ပျော့ညံ့နေဆဲ။

၁၉၇၃၊ ဆောင်းဦးနှင့် ဆောင်းရာသီ အတွင်း ဟန်ဒိုင်နှင့် ဝါရှင်တန်တို့၌ သူသိကျွာကျ၊ အရှက်ရခြင်းတို့ကြောင့် ခံဖြင်သော စိတ်များက ပိုမိုကြီးထွားလာသည်။

သူ ဖြစ်ချင်သော သူ့အသွင်နှင့် အမှန်တကယ် ဖြစ်ပေါ်လာသော အသွင်တို့၏ ဝိရောဓိမှာ ပိုမိုအရှပ်ဆိုး၊ အကျည်းတန်လာလေတော့သည်။





ညအိပ်သောအခါ၌ သူ၏ ယုံကြည်မှုက သူ့အား စိတ်ငြိမ်းချမ်းသာမှု မပေးနိုင်။ အိပ်ရာထဲ၌ ချွေးပြန်သည်။ အိပ်မက်ဆိုးမက်သည်။ ပန်းညိုးရောဂါ ရလာသည်။

ညအခါ၌ သူ၏ခန္ဓာကိုယ်တွင်းမှ လူတွေကို မုန်းတတ်သော အစိတ်ကလေးက လူကြီး မိုက်ကယ်လင်ဒါကို ခပ်တိုးတိုး မေးလာသည်။

'မင်း ဘာအရှုံးပေးခဲ့သလဲ၊ မာဂရက် အိပ်ရာထဲမှာ လူးလွန့်နေတာပဲ မဟုတ်လား၊ မင်း မရှိတုန်း သူဖောက်ပြန်တယ် ထင်လား'

'ဟင့်အင်း'

'သွားမေးကြည့်ပါလား တိုးရဲ့'

'မေးစရာ မလိုဘူး'

'ခင်ဗျား အလကားလူကြီး'

'မင်း ပါးစပ်ပိတ်ထား'

'ခင်ဗျားကြီး ထောင်ကျနေတုန်း သူကဖောက်ပြန်နေတာ'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူး'

'သွား မေးကြည့်'

အောက်တိုဘာလကုန်ခါနီး၊ အေးစက်သော တညနေခင်း၌ သူမအား သူ မေးကြည့်သည်။ သူမသည် မျက်ရည် ဝဲလျက် အခန်းထဲမှ ထွက်သွားသည်။ သူမမှာ အပြစ်ရှိသလား။ မရှိဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူ့အပေါ်၌ သစ္စာမရှိဟူသော အတွေးကို စွဲလန်းလာသည်။

သူမ ဆေးစယ်နေကျ ဆိုင်မှ လူကြီးအား လွန်ခဲ့သေ နှစ်နှစ်တာအတွင်း၊ သူမ သန္ဓေတားဆေးများ မကြာ မပြ ပြောင်းလဲ သောက်သုံးခဲ့သလားဟု သူ သွားမေးသည်။

ဆေးဆိုင်မှ လူကြီးက သူ့အလုပ် မဟုတ်ဟု ပောက်လွှ သည်။ သူမ ဘေးတွင် လှဲအိပ်ယင်း အခြား ယောကျ်ားများ သူမ ချစ်ဗျူဟာ ခင်းပုံများကို သူ့မျက်စိထဲ မြင်ယောင်ေ သည်။

တခါတရံ ထိုလူများသည် ကျောင်းတုန်းက သူ့အတ ဖော်များ ဖြစ်သည့် ဘတ်ဒီအိုက်ပ်စ်နှင့် ဂျူနိုယာ အက်ကင် တို့ ဖြစ်နေတတ်သည်။

သူမအပေါ် စိတ်ဆိုးပြီး မသက်ာ ဖြစ်လာသောအခါ သူ အား ရှောင်ခွာနေရန် သူ အကျင့်လုပ်ယူနိုင်ခဲ့သည်။

ထို့ကြောင့် ညနေပိုင်းများတွင် သူ အလုပ်ရုံထဲ၌ အ ဖြုန်းနေတတ်၏။

အခြားသောညများတွင် သူမ၏အလုပ်အကြောင်း၊ ကာ များ ကျောင်း၌ ဘာတွေလုပ်ခဲ့သည် ဆိုသည့် အကြောင်းမျ ကို စိတ်ဝင်စားဟန်ဖြင့် သူမအား မေးမြန်း ပြောဆိုနေခဲ့သည်

လင်ဒါ၏ ရုပ်သွင်သဏ္ဍာန် ပြန်လည်ကောင်းမွန်လာပုံ အလုပ်၌ အောင်မြင် တိုးတက်လာပုံတို့ကြောင့် သူမ လှည့်ေ ခံရသည်။





သူ ရာနှုန်းပြည့် ကောင်းနေပြီဟု သူမ ယူဆ၏။

သူ၏ ပန်းညှိုးရောဂါ ပျောက်သွားလိမ့်မည်ဟု သူမက နှစ်သိမ့် အားပေးသည်။

ရေတပ်မတော်မှ အကြံပေးအရာရှိက သူမအား ဤသို့အဖြစ် မျိုး ရင်ဆိုင်ရဖွယ်ရှိကြောင်း ကြိုတင် ပြောခဲ့ဖူးသည်ဟု သူမက ပြောပြသည်။

၁၉၇၄ နွေဦးရာသီတွင် အရှေ့မြောက်ပိုင်း တခွင်၌ လေ သဘော မောင်းရသည်။ လင်ဒါသည် အိုးမကွာ အိမ်မကွာ အလုပ်ဆင်းရသည်။

ဒုတိယတန်း ခရီးစဉ်တွင် ဖလော်ရီဒါအထိ အရှေ့ဘက် တမ်း ချီးတန်း တခွင် ပျံသန်းရသည်။ အိမ်နှင့် ရက်သတ္တ သုံးပတ် ဝေးမည်။

လင်ဒါ ခရီးမထွက်မီ ညက မာဂရက်၏ မိတ်ဆွေအချို့ ဖိတ် ကြားသော ပါတီသို့ သွားကြသည်။ လင်ဒါ အုံ့မှုန်းနေသည်။

သူကိုယ်တိုင်က ပါတီတက်ရန် မာဂရက်အား ဆွယ်ခဲ့သည်။ ထိုပါတီ၌ ဇနီးမောင်နှံ ရှစ်စုံတွဲရှိသည်။ စားကြ၊ သောက်ကြ၊ ကခုန်ကြသည်။ လင်ဒါတော့ ဝင်မက။

ခင်ပွန်းသည် တစုအား လေသဘော၏ စက်ကိရိယာ အစိတ် အပိုင်းများအကြောင်း နဖူးပေါ် ချွေးပြန်လာသည်အထိ မရပ် မနား ပြောပြနေသည်။

မာဂရက်က သူ့ကို အိမ်ပြင် ကွက်လပ်သို့ ခေါ်ထုတ်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြန်ဝင်လာသောအခါ ကြေးစား ဘောလုံးလောက အကြောင်း ပြောသည်။ လင်ဒါသည် ဟောပြောပွဲ ကျင်းပနေသည်။

မာဂရက်က အိမ်ရှင်အမျိုးသားနှင့် နှစ်ကြိမ်တွဲက,သည်။ ဒုတိယအခေါက်တွင် သီချင်း ဆုံးသွားသော်လည်း ထိုလူက မာဂရက်၏ လက်ကို ဆက်လက် ကိုင်ထားသည်။

လင်ဒါက သူတို့ကို ကြည့်နေသည်။ သူတို့နှစ်ဦး ခပ်တိုးတိုး ပြောနေကြသည်။ သူ့အကြောင်း ပြောနေကြမှန်း သူသိသည်။

လင်ဒါ စကားဆက်ပြောနေသော်လည်း နားထောင်သူများ က မိမိတို့၏ ယမကာခွက်များကိုသာ ငုံ့ကြည့်နေကြသည်။ မာဂရက် အတော် သတိထား လုပ်နေရသည်။

သို့သော် မာဂရက်သည် ယောကျ်ားများကို ဆွဲဆောင်နေမှန်း သူသိသည်။

အိမ်သို့ ကားနှင့်ပြန်လာစဉ် သူ ဒေါသထွက်နေသည်။ စကား လုံးဝ မပြော။

အိမ်ရောက်၍ မီးဖိုခန်းထဲ ရောက်သောအခါ မာဂရက် သည်းမခံနိုင်တော့။

'ရှင် မကျေနပ်တာ ပါးစပ်က ဖွင့်ပြောလိုက်စမ်းပါ။ ရှင် ထင်တာတွေ အော်လိုက်စမ်းပါ'

သူမက လင်ဒါ့အား ပြောလိုက်သည်။ သူမ၏ ကြောင်မလေးက လင်ဒါ၏ ခြေထောက်နားပွတ်လျက်ဝင်လာရာ လင်ဒါ ကန်ထုတ်မည်စိုး၍ သူမ ကပျာကယာ ပွေ့ယူလိုက်သည်။





'ကျွန်မ ဘာလုပ်လိုလဲမိုက်ကယ်၊ ပြောစမ်းပါဦး၊ ကျွန်မရော ရှင်ရော ပျော်ဖို့သွားကြတာပဲ မဟုတ်လား'

မာဂရက် သိပ်လှသည်။ သိပ် ချစ်စရာကောင်းသည်။ လင်ဒါ ...န်းမျှ မဟ။ မာဂရက်နား ကပ်လာပြီး မျက်နှာကို စေ့စေ့ ကြည့်သည်။ သူမက နောက်သို့ မဆုတ်။

သူမအား သူ တခါမှ မရိုက်ဖူး။ ဘယ်တော့မှလည်း ရိုက်မည် မဟုတ်။

ကြောင်လေးကို ဆွဲယူပြီး လက်ဆေးခွက်ဆီ လျှောက်သွားသည်။

လင်ဒါ အားမသက်သာဖြစ်၍ သူမလိုက်သွားကြည့်သောအခါ ကြောင်ကလေး အမှိုက်ပုံးထဲ ရောက်သွားပြီ။

ကြောင်ကလေးကို အမှိုက်ကြိတ်စက်ထဲ ထည့်ကြိတ်နေစဉ် မာဂရက်က ခလုတ်ပေါ်မှ သူ့လက်များကို ဆွဲဖယ်သည်။

လင်ဒါသည် သူမမျက်နှာကိုသာ စိုက်ကြည့်နေသည်။

သူမ၏ အော်ဟစ်သံများကြောင့် ကလေးများ အိပ်ရာမှ နိုးသွားသည်။ သူမ ကလေးများ အခန်း၌ သွားအိပ်သည်။ နံနက် မိုးလင်းလင်းချင်း သူ အိမ်မှ ထွက်သွားသည်။

နော်ဖောခ် မြို့မှ သူမထံ ပန်းများပို့လိုက်သည်။ အက်လန်တာမြို့မှ နေ၍ သူမအား ဖုန်းဆက်သည်။ သူမ ဖုန်းလာမှကိုင်၍ ဆက်သက် အထင်လွဲမိခြင်း ဖြစ်ကြောင်း သူမအား ရှင်းပြချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဆန်ဗီးလ် မြို့မှ စာရှည်တစောင် ရေးပို့သည်။ သူမှာ ကြောင်း တောင်းပန်သည်။ နောင် ဘယ်တော့မှ ဒါမျိုး မဖြ စေရဟု ကတိပေးသည်။

သုံးပတ် ခရီးစဉ်၏ ၁၀-ရက်မြောက် နေ့တွင် တွဲဘ လေယာဉ်မှူးသည် လေသဘောကြီးကို မြေပြင်သို့ ဆင်းချ လေပြင်းတချက် တိုက်သောအခါ ပြုပြင် ထိန်းသိမ်းရေး ထ ကားကြီးနှင့် ဝင်တိုက်မိရာ လေအိတ် စုတ်ပြဲသွားသည်။

တရက်နှင့် တညတိုင် ပြန် ဖာထေးပြင်ဆင်ရသည်။ လင် သည် မာဂရက်ထံမှ စကားတခွန်းမှ မကြားရပဲနှင့် ဟိုတယ်ခ တွင် တနေ့နှင့် တညလုံးလုံး မနေနိုင်။

နယူးဝပ်ခ် သို့ လေယာဉ်နှင့်သွားပြီး၊ အိမ်မွေးတိရစ္ဆာန် စုံဆိုင် တဆိုင်မှ 'ပါရှင်' ကြောင်လေးတကောင် ဝယ်သည်။

သူ့ အိမ်သို့ နေ့ခင်းရောက်သည်။ တအိမ်လုံး တိတ်ဆိတ် သည်။ ကလေးတွေ နွေရာသီစခန်း သွားကြသည်။

မာဂရက်၏ ကားမှာ ကားလမ်းသွယ်လေး၌ရပ်ထားသည လက်ဖက်ရည်အိုး တည်ထားသည်။ သူမအား ကြောင်လေ လက်ဆောင်ပေးပြီး ခွင့်လွှတ်ပါဟု တောင်းပန်မည်။

ကြောင်လေးကို ခြင်းထဲမှထုတ်ပြီး လည်ပင်းမှ ဖဲပြားလေ ကို ပြင်ပေးသည်။ အပေါ်ထပ် တက်သွားသည်။

အိပ်ခန်းထဲမှာ မာဂရက်နှင့် သူစိမ်းယောကျ်ား တယော အတူအိပ်နေကြသည်။ လင်ဒါ၏ စူးစူးဝါးဝါး အော်ဟ ကြားမှ သူတို့နှစ်ဦး လင်ဒါ ရောက်လာမှန်း သိသွားသည်





သိပ်ကြာကြာ မသတ်ပုတ်လိုက်ရ။ လင်ဒါက အားရှိသည်။ သို့သော် ကြာကူလီငနဲက ပိုထွားသည်။ ပိုလက်မြန်သည်။ ကြာက်နေသဖြင့် လင်ဒါ၏ နားသယ်ကို နှစ်ချက် ပစ်ထိုး က်ပြီး မာဂရက်နှင့်အတူ လစ်ပြေးကြသည်။

လင်ဒါ ကြမ်းပြင်ပေါ်၌ နံရံကို ကျောမှီပြီး ထိုင်နေသည်။ သူ့ ပါးစပ် ဟလျက် သွေးများစီးကျနေသည်။ မျက်လုံးများ ဝေနေသည်။

လက်ဖက်ရည်အိုး ဆူသဖြင့် ဝီစီသံက နာရီဝက်လုံးလုံး မြည် နေ၏။ လင်ဒါ မလှုပ်။ အိမ်ထဲ၌ ရေနွေးကရား မီးကျွမ်းနံ့ မွှန် သွား၏။

× × ×

လင်ဒါ ထိုင်ရာမှထပြီး မျက်နှာသစ်သည်။ အိမ်မှ ထွက်ပြီး ဆော်ရိဒါသို့ ပြန်သွားသောအခါ သူ နဂိုစိတ် ပြန်ဖြစ်သွားပြီ။ ခေါင်းထဲ၌ တယောက်တည်း စကား ပြောခြင်းမျိုး မရှိ တော့။

ယခု အသံ တခုတည်းသာ ရှိတော့သည်။ လူကြီးလင်ဒါအား သေး လင်ဒါက ဘောင်ဖွတနေသောကြောင့်၊ သူ၏ ထက်မြက် သော ဦးနှောက်နှင့် ပညာပါသော လက်ချောင်းများကို သုံးပြုလိုသောကြောင့် လင်ဒါသည် ပြည့်စုံ ကောင်းမွန်စွာ ဖြစ်သွားနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်သက်သာရာရရန် လူသတ်ရမည်။ သတ်ရမည်။သ
ရမည်။ ပြီးတော့ သူ သေရမည်။

သူ ဘာလုပ်ရမှန်း မသိသေး။ သို့သော် အားကစားကွ
ကြီးများအပေါ် တပတ်ပြီး တပတ် လေသဘော်ဖြင့် ဖြတ်
သွားယင်း သူစိတ်ကူးရသည်။

သူအကြံရလာသောအခါ အကောင်အထည်ဖော်ရန် ပစ္စည်
လိုလာသည်။

ပစ္စည်းမရမီ ဒါလီယာ အလျင် ပေါ်လာသည်။

ဒါလီယာသည် ဤ အကြောင်းအရာ အချို့ကို ကြား
လာ၏။

မာဂရက် နောက်မီး လင်းနေသည်ကို ပက်ပင်းတိုးမိပုံ
ပြောပြစဉ်က လင်ဒါ အရက်မူးနေသည်။ ထို့နောက် သူဒေ
ကြီးလာသည်။ သူမက သူ၏ နားရွက် နောက်နားသို့ လ
ဖနှောင့်နှင့် ဆောင့်ရိုက်ချရာ သတိလစ်သွားသည်။

မနက် အိပ်ရာမှ နိုးသောအခါ သူမ ရိုက်ကြောင်း သူ လုံး
မသိ။

လင်ဒါနှင့် အတူ အိပ်၊ အတူ နေ၊ လင်ဒါအား ဘဏ
ထောင့်စုံမှ အကဲခတ်၊ သူ့ အကြံအစည်ကို လေ့လာ၊ နားထော
နေခဲ့ရခြင်းသည် နှစ်လ ကြာသွားသည်။

ထိုအချိန်ကျမှ လင်ဒါအား ဒါလီယာ စိတ်ချ ယုံကြည်သွ
သည်။

ထိုအခါ သူမက ဟာဗက်ဇ်နာဂျီးယားအား ဖွင့်ပြောသည်
နာဂျီးယား သဘောကျသွား၏။





ယာခု...

ပလပ်စတစ်ဗုံးများကို တင်ဆောင် လာသော သက်တီးရှား
ကုန်တင်သဘော်ကြီးသည် ရေမိုင် ၁၂ မိုင်နှုန်းဖြင့် အမေရိကန်
ပြည်ထောင်စု နယ်မြေသို့ ဆိုက်ကပ် လာခဲ့တော့သည်။

လင်ဒါ၏ စီမံကိန်း တခုလုံးမှာ ကပ္ပတိန် လာမိုဆိုနှင့်
ဘင်ဂျမင်မြူဇီတို့၏ သစ္စာဖောက်မှုကြောင့် ပျက်စီးရဖွယ် ရှိ၏။
လာမိုဆိုသည် မြူဇီ၏ အမိန့်အရ သေတ္တာများကို မွှေနှောက်
ကြည့်မိသလား။

မြူဇီသည် စရိုင်ငွေကို ယူပြီး လင်ဒါနှင့် ဒါလီယာအား
အစိုးရ လက်သို့ ထည့်လိုက်ကာ ဗုံးများကို တခြား တဦးအား
တခြား တနေရာ၌ သွားရောင်းရန် ကြံထားလျှင်ကော။

သို့ဆိုလျှင် နယူးယောက် ဆိပ်ကမ်းမှာ ဗုံးတွေ သွားယူလို့
မဖြစ်။ ပင်လယ်ပြင်ပေါ်၌ သွားယူခြင်းက စိတ်ချရမည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၆ ။

ရှက်လှေမှာ သမားရိုးကျ ပုံစံမျိုး ဖြစ်သည်။ ၃၀ ပေ ရှည်သည်။ ပိုက်ဆံချမ်းသာပြီး အချိန်ဖြုန်းလိုသော လူများ အသုံးပြုလေ့ရှိသော ရှက်လှေမျိုး။

ဤရာသီချိန်ခါ၌ သီတင်းပတ် ဆုံးရက်များတွင် ထိုလှေ များဖြင့် ကိုယ်လုံးတုတ်တုတ်၊ ဘာမြူဒါ ဘောင်းဘီတို ဝတ် ထားသော လူကြီးများသည် ငါးကြီးများ ပေါသည့် နယ် ဂျာဝီ ကမ်းရိုးတန်းသို့ ငါးများ ထွက်မြဲ ဖြစ်သည်။





သို့သော် ဖိုက်ပါမှန်နှင့် အလူမီနမ် (အလူမီနီယမ် မဟုတ်) ဖြင့် တည်ဆောက်သော လှေပေါ်များသည့် ခေတ်တွင် ဤလှေမှာ ဖိလစ်ပိုင်မှ မဟော်ဂနီ သစ်သားဖြင့် ပြုလုပ်ထား သည်။

လှေကို ခိုင်ခံ့လှပစွာ တည်ဆောက် ထားသည်။ စရိတ် းတော် ကုန်သည်။

လှေ၏ ပင်မ အဆောက်အအုံ အထပ်ကိုပင် သစ်သားဖြင့် ပြုလုပ်ထားသည်။

သို့သော် မသိသာအောင် ဆေးသုတ်ထားသည်။ သစ်သား သည် ရေဒါဖမ်းရခက်သော အရာဝတ္ထု တမျိုး ဖြစ်သည်။

ဝမ်းပိုက် စက်ခန်းထဲတွင် ကြီးမားသော တာဘိုဒီဇယ် င်ဂျင်နှစ်လုံး တပ်ဆင်ထားပြီး သာမန်လှေများ၌ ပါရှိသော ည်ခန်း၊ ထမင်းစားခန်း၊ နေရာ အတော်များများကို ဆီနှင့် အပိုအလျှံထားရန် နေရာယူထားသည်။

နွေရာသီချိန်ခါတွင် လှေပိုင်ရှင်သည် ဤလှေဖြင့် ဂျမေကာမှ ယာမိမြို့သို့ လမိုက်ညများ၌ ကာရိဘီယန်ပင်လယ်ကိုဖြတ်ကာ ရှစ်နှင့် မာရီဝါးနား ဆေးခြောက်များ ခိုးသွင်းလေ့ရှိ သည်။

ဆောင်းရာသီ၌ မြောက်ဘက်သို့လာပြီး လှေငှားစားသည်။ ငါသည်များကို မငှား။

သူ့လှေကို ကြိုက်သလို သုံးနိုင်သည်။

တနေ့ ဒေါ်လာ ၂၀၀၀။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်လုံသည်။

စဘော်ငွေကဇော့ များသည်။ လင်ဒါသည် ထိုလှေငှား...
သူ့အိမ်ကို ပေါင်နှံထားခဲ့၏။

ယာခု ၎င်းလှေသည် ဘာနဂတ် ပင်လယ်အော်အလွန် တွင်...
မြစ်ထဲရှိ လှေရော၊ လူပါ ကင်းရှင်းနေသော ပေါတီတား...
အဆုံး လှေအိမ် (လှေဂိုဒေါင်) ထဲတွင် ဆီအပြည့်ဖြည့်ပြီး အသ...
ရှိနေသည်။

နိုဝင်ဘာ ၁၂ ရက်၊ မနက် ၁၀ နာရီတွင် လင်ဒါ...
ဒါလီယာတို့ အငှား ဗင်ကားတစီးဖြင့် ထိုလှေဂိုဒေါင်သို့ ...
လာကြသည်။

ဆောင်းမိုး ဖွဲဖွဲလေး ရွာနေသည်။

ဆောင်းဥတုဌ် အသုံးများသော ပေါတီတားများမှာ လူ...
လူခြေ ကင်းမဲ့နေသည်။

လင်ဒါသည် လှေဂိုဒေါင်၏ ကုန်းပိုင်း တံခါးနှစ်ချပ်...
ဖွင့်ပြီး ဗင်ကားကို လှေ၏ပဲ့ပိုင်းမှ ခြောက်ပေ အကွာအ...
ရောက်အောင် ဖင်ထိုးသွင်းသည်။

ဒါလီယာသည် လှေကြီး၏ အရွယ်အစားကိုကြည့်ပြီး ...
တသြ ဖြစ်နေသည်။

လင်ဒါသည် သူ၏ စာရင်းကိုကြည့်ပြီး အလုပ်ရှုပ်နေသည်...
နောက် မိနစ်နှစ်ဆယ်အတွင်း လှေပေါ်သို့ ပစ္စည်းမျ...
တင်ကြသည်။





ကြိုးခွေ အပိုများ၊ ရှည်မျောမျော သွယ်သွယ် ရှက်တိုင် တခု၊ ပြောင်းရှည် နှင်လုံးပြူး နှစ်လက်၊ (၁၇) လက်မပြောင်း ဖြတ် နှစ်လုံးပြူး တလက်၊ အားကောင်းသော ရိုင်ဖယ်တလက်၊ အခေါင်းပါသော 'ဗော' လေးခုတွင် တပ်ထားသော ပလက်ဖောင်း (ဖောင်ငယ်) တခု၊ ထပ်မံယူလာသော ဇယားချပ်များနှင့် နေ့လည်စာ အပါအဝင် သေသပ်စွာ ထုပ်ပိုးထားသော အထုပ်များ ပါဝင်သည်။

လင်ဒါသည် ပစ္စည်းများအားလုံးကို ကျကျနန စေ့စေ့စပ်စပ် ထည့်ထားသည်။

လှေ မှောက်သွားသည့်တိုင် ၎င်းပစ္စည်းများ လွင့်စင် ပျောက်မည် မဟုတ်။

လှေဂိုဒေါင်နံရံမှ ခလုတ်ကို နှိပ်လိုက်ရာ ပင်လယ်ရေဘက်မှ တံခါးကြီး အပေါ်သို့ ပွင့်၍ တက်သွားသည်။

ဆောင်းဥတု၏ မီးခိုးရောင်အလင်းတန်းများ ဝင်လာသည်။

လင်ဒါ လှေပေါ်တက်ပြီး စက်များနှိုးကြည့်သည်။

လင်ဒါ အချက်ပြသည်နှင့် ဒါလီယာက ပဲ့ပိုင်းမှ ကြိုးများ ဖြုတ်လိုက်သည်။

လှေကို ဂိုဒေါင်ထဲမှနေ၍ အပြင်ဘက် မိုးရေစက်များအောက်သို့ ဦးမော့၍ မောင်းထွက်လာသည်။

တမ်(စ်) မြစ်ထဲမှ ထွက်လာပြီးသောအခါ လင်ဒါနှင့် ဒါလီယာတို့သည် အပေါ် ထိန်းချုပ်ခန်းမှနေ၍ အောက်ဘက်ထိန်းချုပ်ခန်းသို့ ဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာနဂတ် ရေလက်ကြားမှ ပင်လယ်ပြင်ကြီးဆီသို့ဆက်လက်မောင်းထွက်ကြရဦးမည်။

မြောက်လေ တိုက်နေသည်။ လှိုင်းအနည်းငယ် ထသည်။ သို့သော် စိုးရိမ်စရာ မလို။ မှန်ချပ်များပေါ်မှ မိုးရေများကို ဝိုက်ပါဖြင့် သုတ်ပေးနေရသည်။ အနီးပတ်ဝန်းကျင်၌ အခြားလှေတစင်းမျှ မတွေ့။

တနာရီ မရှိမီ၌ ဘာနဂတ် ရေလက်ကြားသို့ ရောက်လာကြသည်။

လေက အရှေ့မြောက်ဘက်မှ ပြောင်း၍ တိုက်လာသည်။ အတ္တလန်တိတ် သမုဒ္ဒရာမှ လှိုင်းလုံးကြီးများက လှေပေါ် လိမ့်တက် လာကြသည်။

လင်ဒါ ရယ်နေသည်။ သူတို့နှစ်ယောက် အပေါ်ထိန်းချုပ်ခန်းသို့ ပြန်တက်ကြသည်။

ရေလက်ကြားမှ ဖြတ်စဉ် ဤအခန်းမှ မောင်းနှင် ရမည်။

အေးစက်သော မိုးရေစက်ကလေးများက သူတို့ မျက်နှာပေါ်သို့ လာထိ နေကြသည်။

'အပြင်ဘက်ရောက်ယင် လှိုင်းတွေ ဒီလောက် မကြီးပါဘူးကွာ'

ဒါလီယာက သူ့မျက်နှာပေါ်မှ ရေစက်များကို လက်ဖမိုးနှင့် သုတ်လိုက်စဉ် လင်ဒါက ပြောသည်။

လင်ဒါ ပီတိ ဖြစ်နေကြောင်း ဒါလီယာ တွေ့သည်။ ရေပေါ်၌ သူရှိနေရခြင်းကို အရသာ တွေ့၏။ ရေပေါ် ပေါ်ယောပေါ်ခြင်းကို လင်ဒါ ကြိုက်သည်။





လင်ဒါသည် လက်ကိုင်ဘီးကို ဖြည်းညင်းစွာ တဘက်မှ တဘက်သို့ လှည့်၍ ထိန်းမောင်းနေသည်။

လှေ ဘေးနှစ်ဘက်ဆီတွင် ကုန်းမြေကို တွေ့ရသည်။

ဘာနဂတ် မီးပြတိုက်ကို ညာဘက်ခြမ်း၌ တွေ့ရသည်။

ကမ်းခြေမှ ဝေးလာသောအခါ မိုးပါးသွားသည်။ နေရောင်ခြည်နုနုလေး ထွက်ပေါ် လာသည်။

မီးခိုးရောင် တိမ်တိုက်များ ရှေ့၌ ဖွာဖွေးနေသော စင်ရော်များကို လှေနောက်ဘက်၌ ကျန်ရစ်ခဲ့ကြောင်း ဒါလီယာ တွေ့သည်။ သူမ ငယ်ငယ်က တိုင်ရာမြို့ ကမ်းခြေ၌ သူမ ရပ်နေစဉ် တွေ့ခဲ့ရသော စင်ရော်များကို ပြန်သတိရလာသည်။

လင်ဒါ၏ အတွေး ရေယဉ်ကြော၌ သူမ နစ်မျော နေမိခဲ့သည်မှာ အတော်ကြာသွားခဲ့ပြီ။ ဖာဆေးလ်နှင့် တွေ့လျှင် လင်ဒါနှင့် သူမ၏ ဆက်ဆံမှု မည်သို့ ပြောင်းလဲ သွားဦးမလဲ။

ဖာဆေးလ်သည် အသက်ရှင်လျက်နှင့် ဗုံးများကို စောင့်နေခဲ့ပါလား။ ဖာဆေးလ်နှင့် အမြန်ဆုံး စကားပြောမှ ဖြစ်မည်။ ဖာဆေးလ် အမှားအယွင်း အကြီးအကျယ် မလုပ်မိခင် နားလည်အောင် ပြောပြမှ ဖြစ်မည်။

သူမ ပင်လယ်ဘက်သို့ပြန်လှည့်ကြည့်သောအခါ လင်ဒါသည် ထိန်းတိုင်ခုံမှနေ၍ ဘီးကို လက်တဘက်နှင့် ထိန်းကာ သူမအား ငေးကြည့်နေသည်။ ပင်လယ်လေကြောင့် သူမ၏ ပါးပြင်မှာ ရဲရောင်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးများ တောက်ပလာသည်။ သိုးရေခံ ကုတ်အင်္ကျီ၏ ကော်လံများကို ထောင်ထားသည်။ လီဗိုင်းစ် ဂျင်းဘောင်းဘီက သူမ ပေါင်လုံးများ၌ တင်းကျပ်နေသည်။

လှေလှုပ်ရှားမှုပေါ် လိုက်၍ သူမ ဟန်ချက်ထိန်း ရပ်နေသည်။ လင်ဒါသည် အကြီးစား ဒီဇယ်အင်ဂျင် နှစ်လုံးတပ် ရွက်လှေကြီးကို စိတ်တိုင်းကျ နိုင်နိုင်နင်းနင်း မောင်းနေရသဖြင့် အားရပါးရ ရယ်လိုက်သည်။

လင်ဒါ တကယ်စိတ်ပါ၍ ရယ်ခြင်း ဖြစ်သောကြောင့် သူ အံ့သြသွားသည်။ ဤရယ်သံမျိုး သူမ ကြားရခဲသည်။

'မင်းဟာ ဒိုင်းနမိုက် မကလေးပဲ၊ သိရဲ့လား'

လင်ဒါက သူ့မျက်လုံးများတို လက်သီးနှင့် ပွတ်ယင်း ပြောလိုက်သည်။ သူမက ကုန်းပတ်ပေါ် ငုံ့ကြည့်ပြီး ခေါင်းပြန်မော့ကာ ပြုံးပြသည်။

'ကဲ....ပလပ်စတစ်ဗုံးတွေ သွားယူရအောင်'

'အေး.... ကမ္ဘာမှာ ရှိသမျှ ပလပ်စတစ် ဗုံးတွေဟာ ငါ့အတွက်ချည်းပဲ'

× × ×

နေ့ခင်းပိုင်းတွင် လှေကို ခေတ္တရပ်ပြီး လင်ဒါက ရေငုပ်လမ်းညွှန် ရှာဖွေကိရိယာဖြင့် ၎င်းတို့ ရောက်ရှိနေရာ အရပ်ကို ရှာဖွေကြည့်သည်။





နေဝင်ချိန်တွင် နွေခင့်ယှက်သံများ ပေါ်လာမည် စိုးသဖြင့် သတိထား၍ စောစောလုပ်ခြင်း ဖြစ်သည်။

ဇယားချပ်ပေါ်မှ ကြက်ခြေခတ် အမှတ်သို့ အရှေ့စူးစူးအတိုင်း မောင်းသွားကြစဉ် ဒါလီယာက စားဖိုခန်းသို့ သွားပြီး ဘူတို့ယူလာသော အသားညှပ် ပေါင်မုန့်များနှင့် အတူ သုံးဆောင်ရန် ကော်ဖီ သွားဖျော်သည်။

ပလာစတာ ခပ်သေးသေးဖြင့် ကောင်တာပေါ်တွင် ခုံစိတ်နှိုးသုံး ကပ်ကျေးတလက်၊ ပတ်တီးလိပ်၊ (မော်ဖင်းဖြည့်ထားသော) အိတ်ဆောင် ဆေးထိုးအပ် သုံးခု၊ ရက်တလင်ဆေးပါသော ဆေးထိုးအပ် တခုတို့ကို မရွေ့လျားအောင် ကပ်ထားသည်။

သစ်သားပြား တစုံကိုလည်း ကောင်တာအစွန်းတွင် ပလာစတာနှင့် ကပ်၍ ထုပ်ထားပြန်၏။

နေဝင်ခါနီး တနာရီအလိုတွင် ချိန်းဆိုထားသော နေရာသို့ ရောက်သွားကြသည်။

လင်ဒါသည် ရေဒီယို လမ်းညွှန် ကိရိယာဖြင့် မိမိတို့လှေ ရောက်ရာအရပ်ကို သေချာစွာ စစ်ဆေးသည်။

အရှေ့ မိုးကုပ်စက်ဝိုင်းဘက်မှ မီးခိုးတန်းကို ဦးစွာ မြင်ရသည်။ ထို့နောက် မီးခိုးအောက်မှ သင်္ဘောကြီး၏ ပွဲထိန်းစင်အဆောက်အအုံ နှစ်ခုကို အမဲစက်ကလေး နှစ်ခုအဖြစ် တွေ့ရသည်။

မကြာမီ သင်္ဘောကြီး တဖြည်းဖြည်း ချဉ်းကပ်လာသည်။ အနောက်တောင်တွင် နေမင်းကြီး နိမ့်ကျသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါသည် နေကိုကျောပေး၍ လှေကို သင်္ဘောဆီ ဦးတည် မောင်းသွားသည်။ သင်္ဘောကို အကဲခတ်နေစဉ် မိမိအား မှ ပြောင်းတပ် သေနတ်ဖြင့် လှမ်းပစ်မည့်သူ ရှိပါက နေရောင် မျက်စိစူးသဖြင့် အလွယ်တကူ ပစ်၍ ရမည်မဟုတ်။

လင်ဒါသည် လှေပေါ်မှ နေ၍ ကုန်တင်သင်္ဘောကြီးကို မှန်ပြောင်းဖြင့် ကြည့်နေသည်။

သင်္ဘော ဗယ်ဘက်ခြမ်းမှ အချက်ပြအလံနှစ်ခု ပေါ်လာ သည်။ တခုက အပြာခံပေါ် အဖြူရောင်ကြက်ခြေခတ်။ ၎င်း အောက်မှ အဖြူခံပေါ် အနီရောင် ဒိုင်းမွန်းကွက်။

'အမ်…အက်ဖ်…တဲ့'

လင်ဒါက ဖတ်လိုက်သည်။

'ဟုတ်ပြီ၊ မိုဟာမက် ဖာဆေးလ် ပဲ'

နေရောင် မိနစ်လေးဆယ်စာ ကျန်ရှိဦးမည်။ လင်ဒါက ရသမျှ အလင်းရောင်ကို အသုံးချရန် ကြံထား၏။

အနီးအနား၌ အခြားသင်္ဘောများ မရှိ။ ညအမှောင်ထဲမှာ ထက် နေရောင်ရှိတုန်း ပစ္စည်း အပြောင်းအရွှေ့ လုပ်ခြင်းက ပိုစိတ်ချရမည်။

လင်ဒါနှင့် ဒါလီယာတို့ ကုန်တင်သင်္ဘောကြီး၏ လက်ရန်း များကို မျက်စိ ဒေါက်ထောက်ကြည့်နေမှ ဖြစ်မည်။

ဒါလီယာက သင်္ဘော အချက်ပြအလံကို ဖွင့်ပြသည်။ သူတို့ လှေကလေး သင်္ဘောကြီးနား ကပ်သွားသည်။

ဒါလီယာနှင့် လင်ဒါတို့ ခြေအိတ်ရှည်များကို ခေါင်းမှ စွပ်၍ ရုပ်ဖျက်လိုက်ကြသည်။





'နှစ်လုံးပြူးကြီး ပေးစမ်း'

သူမက လက်ထဲထည့်ပေးသည်။ သူက စက်ခန်းမှ ရှေ့မှန်ချပ် ကို ဖွင့်ပြီး ပြောင်းကို ဦးပိုင်းသို့ ထုတ်ကာ နှစ်လုံးပြူးကြီး ချိန် ထားသည်။ ရီမင်တန် အော်တိုမက်တစ်၊ ပြောင်းရှည်နှစ်လုံးပြူး ဖြစ်သည်။

ရွေ့လျားနေသော လှေပေါ်မှ ရိုင်ဖယ်ဖြင့် တိကျ မှန်ကန် အောင် ပစ်ခတ်ရန် သိပ်မလွယ်ကြောင်း လင်ဒါ သိ၏။ ဤကိစ္စ တို ဒါလီယာနှင့်သူ အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြပြီးပြီ။

အကယ်၍ ဖာဆေးလ်သည် သင်္ဘောကို မထိန်းချုပ်နိုင်ခဲ့ပဲ၊ သူတို့အား ဝိုင်းပစ်ခတ်လာလျှင် လင်ဒါက လှေကို ပြန်ကွေ့ မောင်းပြေးသွားမည်။

ဒါလီယာက လှေဦးပိုင်းမှ နေ၍ နှစ်လုံးပြူးတလက်ဖြင့် ခုခံ ပစ်ခတ်ပေးရမည်။ အလှမ်း ဝေးလာသည်နှင့် ရိုင်ဖယ်ကို ပြောင်းလဲ ကိုင်ရမည်။

'လှေလှုပ်တာကို မင်း ဂရုမစိုက်နဲ့၊ သူတို့ကို ပစ်သာ ပစ်ထည့်၊ ခေါင်း မဖော်နိုင်အောင်သာ ဆော်ထည့်ချေ'

လင်ဒါက ဤသို့ မှာထား၏။ သို့သော် သူမသည် သူ့ထက် သေနတ်ငယ် ပစ်ခတ်မှု ကျွမ်းကျင်ကြောင်း ပြန်သတိရလာ သည်။

ကုန် သင်္ဘောကြီးသည် လှေငယ်နှင့် ဘေးချင်း ကပ်ရန် အနည်းငယ် ဘေးသို့ တိမ်းလာသည်။

ကိုက်၃၀၀ အကွာမှနေ၍ ကုန်းပတ်ပေါ်မှ လူ သုံးယောက်၊ ထိန်းစင်ထိပ်မှလူတယောက်တို့ကို လင်ဒါ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတယောက်က အချက်ပြ အလံတိုင်နားသွားပြီး အလံများ ချလိုက်သည်။

လင်ဒါ၏လှေမှ လွှင့်ထူထားသော ဒယ်လ်တာ အချက်ပြအလံကို အသိအမှတ် ပြုခြင်းဖြစ်သည်။

ရေဒီယိုဖြင့် ဆက်သွယ်လျှင် ပိုလွယ်သည်။

သို့သော် ဖာဆေးလ်သည် တချိန်တည်း၌ ကုန်းပတ် ပေါ်ရော ရေဒီယိုအခန်း၌ပါ ရှိမနေနိုင်။

'တွေ့ပြီ ဟိုမှာ၊ ကက်ဦးထုပ် အပြာနဲ့ဟာ ဖာဆေးလ်ပဲ'

ဒါလီယာက မှန်ပြောင်း ပြန်ချယင်း ပြောသည်။

လင်ဒါ၏လှေဂိုက် ၁၀၀ အကွာသို့အရောက်တွင်ဖာဆေးလ်က သူ့ဘေးမှ လူနှစ်ယောက်ကို တစုံတခု ပြောလိုက်သည်။

သက်ကယ်လှေချ စက်သီးငယ်ကို ဘေးချပေးပြီး လက်ရမ်းပေါ်တွင် သူတို့ လက်များကို မြင်သာအောင် တင်ထားကြသည်။

လင်ဒါလည်း စက်ရှိန်သတ်ပြီး ပြောင်းဖြတ် နှစ်လုံးပူး ကိုင်လျက် အပေါ် ထိန်းချုပ်ခန်းသို့ တက်သည်။

ဖာဆေးလ်သည် ကုန်သဘောကို ကွပ်ကဲထားနိုင်ပုံ ရ၏။

သူ့ခါးပတ်ကြားမှာ ခြောက်လုံးပြူးတလက် ထိုးထား၏။

ကုန်းပတ်ပေါ်သို့ သင်္ဘောသား တဦးနှင့် ပထမ အရာရှိအပ အားလုံးကို ရှောင်ခိုင်းထားပြီး ဖြစ်သည်။

ဒါလီယာက သင်္ဘောသားဆီ ကြိုးတချောင်း ပစ်ပေး၏။

ကြိုးကို သင်္ဘော ငုတ်တွင် ပတ်ရစ်မျှ ပတ်ပြီး ကြိုးအစကို ဒါလီယာထံ ပြန်ပစ်ပေးသည်။





လှေကို အလွယ်တကူ ကြိုးဖြုတ်၍ မောင်းထွက်နိုင်အောင် ကြိုတင်စီမံထားခြင်း ဖြစ်သည်။

ဖာဆေးလ်သည် ပလပ်စတစ်ဗုံး များကို ၂၅ပေါင်စီ လေးသော အိတ်များဖြင့် ပြန်ထုပ်ထားသည်။

သင်္ဘော ကုန်းပတ်ပေါ်တွင် ထိုအထုပ် ၄၈ ထုပ်ကို သူ့ဘေးမှာ ချထားသည်။ လက်တီးရှား သင်္ဘောဘေးမှ လှေကား ချလိုက်သည်။

ဖာဆေးလ်က လင်ဒါအား လှမ်းပြောသည်။

'ကျုပ်ဆီက လူတယောက် ဆင်းလာမယ်၊ လက်နက် မပါဘူး၊ ခင်ဗျားကို အိတ်တွေ ဝိုင်းသယ်ပေးလိမ့်မယ်'

လင်ဒါက ခေါင်းညိတ်ပြသည်။ သင်္ဘောသားတဦး ဆင်းလာ၏။ သင်္ဘောသားသည် ခြေအိတ် မျက်နှာဖုံး စွပ်ထားသော ဒါလီယာနှင့် လင်ဒါတို့အား မျက်စိ လွဲထားသည်။

သက်ကယ်လှေချစက်သီးကိုကုန်တင်ကုန်ချ ကရိန်းငယ်လေးမှာ အသုံးပြု၍ ပထမဆုံး အိတ်ခြောက်လုံးကို ကုန်တင် ပိုက်ကွန်ကြီးဖြင့် ချိတ်ဆွဲလျက် ချပေးသည်။

အောက်တိုမက်တစ်လက်နက်များကိုကင်းဗတ်စဖြင့် ပတ်၍ထည့်ပေးလိုက်သည်။

ရေပေါ်၌ လှုပ်စိလှုပ်စိဖြစ်နေသော လှေငယ်ပေါ်သို့ ဤသို့ စက်ဖြင့် ချရသော ပစ္စည်းများကို ချိန်သားကိုက်အောင် ချိတ်ဖြုတ်ပေးရခြင်းမှာ သိပ် မလွယ်ပေ။

တကြိမ်တွင် လင်ဒါနှင့် သင်္ဘောသားတို့ပင် ချော်လဲ ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာ စက်ခန်း ထဲတွင် အိတ် ၁၂ လုံး သွင်းပြီး ကုန်ချ ခြင်းကို ခေတ္တ ရပ်ကာ ဒါလီယာ၊ လင်ဒါနှင့် သဘော်ာသား တို့သည် အိတ်များကို သဘော်ာဦးပိုင်း အခန်းထဲ ပြောင်းရွှေ့ နေရာချကြသည်။

လင်ဒါသည် အိတ်များကို ချက်ချင်း ဖောက်ကြည့်ချင်စိတ် ပေါက်နေ၏။ ၁၂ အိတ်စီ အသုတ်လိုက် နှစ်ခေါက် ထပ်ချကြ သည်။ လှေပေါ်မှ သုံးဦးမှာ ရာသီဥတု အေးသော်လည်း ချွေး ရွှဲနေပြီ။

အဝေးကြည့် မျှော်စင်ပေါ်မှ လူ၏ အော်သံကို လေတိုက်၍ ကောင်းကောင်း မကြားရ။ ဖာဆေးလ်က နောက် လှည့်ပြီး လက်နှစ်ဘက်ကို နားရွက် နောက် ကပ်၍ နားစွင့်သည်။

မျှော်စင် အစောင့် သည် လက် နှစ် ဘက် ဝှေ့ယမ်း လျက် လက်ညှိုး ထိုးပြနေသည်။ ဖာဆေးလ်က လက်ရန်းမှ ကုန်း၍ အောက်သို့ လှမ်းအော် ပြောသည်။

'အရှေ့ဘက်က သဘော်ာတစင်း လာနေတယ်၊ ကျုပ်သွား ကြည့်ဦးမယ်'

၁၅ စက္ကန့် အတွင်း သူ သဘော်ာမျှော်စင်သို့ ရောက်သွားပြီး လန့်နေသော အစောင့်ထံမှ မှန်ပြောင်းကို ဆွဲယူကြည့်သည်။ ကုန်းပတ်ပေါ် ချက်ချင်း ပြန်ဆင်းလာသည်။

'သဘော်ာဦး နားမှာ အဖြူရောင် အစင်းတခုနဲ့ မော်တော် တစင်း လာနေတယ်'

'အဲဒါ ကမ်းရိုးတန်းစောင့်တပ်ရဲ့ ကင်းလှည့် မော်တော်ပဲ ဘယ်လောက် ဝေးလဲ'





လင်ဒါက ဖာဆေးလ်အား ပြန်မေးသည်။

'ရှစ် ကီလိုမီတာ၊ ဒါပေမယ့် သူ ခပ်မြန်မြန် မောင်းလာ နေပြီ'

'ဒါဖြင့်.... နောက်ဆုံး အသုတ်ကို မြန်မြန် ချပေးစမ်း'

ဖာဆေးလ်က သူ့ ဘေးမှ သဘော်ာသားကို ပါးတချက် ရိုက်ပြီး ထိုလူ၏ လက်များကို ကရိန်းထိန်းတံပေါ် တင်ပေး လိုက်သည်။

နောက်ဆုံး ပလပ်စတစ်ဖုံး အထုပ် ၁၂ ထုပ် ပါသော ပိုက် အိတ်ကြီး လှေပေါ်သို့ လျင်မြန်စွာ ကျလာသည်။

သဘော်ာကုန်းပတ်ပေါ်တွင် ဖာဆေးလ်က ချွေးပြန်နေသော သဘော်ာသားအား အမိန့် ပေးလိုက်သည်။

'ဒီလက်ရန်းပေါ် မင်းလက်တွေ တင်ထားပြီး ရပ်နေ'

သဘော်ာသားသည် မိုးကုပ် စက်ဝိုင်းဆီ အာရုံစိုက် ကြည့် လျက် အသက်အောင့်ထားသကဲ့သို့ တောင့်တောင့်ကြီး ရပ်နေ သည်။ ဖာဆေးလ်က သဘော်ာဘေး လှေကားမှ ဆင်းသွား သည်။

သဘော်ာ စက်ခန်းထဲ၌ ရပ်နေသော သဘော်ာသား သည် ဖာဆေးလ်အား လှမ်းကြည့်နေသည်။

ဖာဆေးလ်က ၎င်းအား ငွေစက္ကူအလိပ်တလိပ်ပေးပြီး နှုတ် ပိတ်နား ဒသနတ်ပြောင်း တော့ လျက် သတိပေးသည်။

'မင်း တာဝန် ကျေတယ်၊ နှုတ်လုံမှ မင်း အသက် ရှည်မယ်၊ နားလည်လား'



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသားသည် ဦးခေါင်း ညိတ်ပြ ချင်သော်လည်း နှာခေါင်းဝ၌ သေနတ်ပြောင်း ခံနေသဖြင့် ညိတ်၍မရ။

'ကဲ...သွားတော့'

သင်္ဘောသားသည် မျောက်တကောင်လို လှေခါးမှ လျှင်မြန်စွာ တက်သွားသည်။ ဒါလီယာက လှေထိန်းကြိုးကို ဖြေနေသည်။

ထိုအချိန်၌ လင်ဒါသည် သူ့အတွေးနှင့်သူ တွေဝေနေ၏။ ဖြစ်လာတော့မည့် အခြေအနေများကို ဖြေရှင်း ရင်ဆိုင်ဖို့အကြံထုတ်နေသည်။

ကင်းလှည့်မော်တော်သည် လက်တီးရှား သင်္ဘောကြီး၏ အခြားတဘက်မှ လာနေသဖြင့် လင်ဒါ၏ လှေငယ်ကို မမြင်နိုင်သေး။

ကုန် သင်္ဘောကြီး ရေလယ်၌ရပ်ထားပုံကို ကင်းလှည့် မော်တော် မသင်္ကာဖြစ်၍ လာ စစ်ဆေးသလား။ သို့မဟုတ် တစုံတယောက်က သတင်းပေးလိုက်သလား။

ဤ ရေပိုင်နက် အတွင်း၌ ကင်းလှည့်မော်တော် ခြောက်စီးရှိသည်။ အားလုံး ၈၂ပေ ရှည်သည်။ ဒီဇယ်အင်ဂျင်နှစ်လုံးတပ် မြင်းကောင်ရေ ၁၆၀၀အား။ ရေမိုင် ၂၀ထိ ကောင်းကောင်းမောင်းနိုင်သည်။ ရေဒါပါသည်။ သင်္ဘောသား ရှစ်ဦးပါသည်။ ဒသမ ၅၀ ကယ်လီဘာ မရှင်းဂန်းနှင့် ၈၁ မမ် မော်တာတလက်ပါသည်။





လက်တီးရှား သင်္ဘောကို ချက်ချင်း မီးရှို့ပစ်ရ ကောင်းမည်လား။ မဖြစ်သေး။ ပထမ သင်္ဘောသားက ဒမြ တိုက်နေသည်ဟု အော်ပြီး တိုင်လိမ့်မည်။ ပိုဆိုးမည်။ ရှာဖွေရေး လေယာဉ်များဖြင့် မိမိလှေကို လိုက်ရှာကြမည်။

အချို့ လေယာဉ်များမှာ လှေ၏အင်ဂျင်အပူချိန်ကို ထောက်လှမ်း ရှာဖွေနိုင်သော အင်ဖရာရက်ဒ် (အနီအောက် ရောင်ခြည်) ကိရိယာများပါသည်။

ည မှောင်တော့မည်။ လမထွက်။ ထွက်ပြေးတာ အကောင်းဆုံး။

လင်ဒါသည် သတိ ပြန်လည်လာသည်။ သူ စဉ်းစားတာ ငါးစက္ကန့်မျှသာ ကြာ၏။

လင်ဒါသည် လှေကို စက်ရှိန်မြှင့်ပြီး သင်္ဘောဘေးမှ ကွာထွက်သည်။ မိုင် ၄၀ အကွာရှိ ကုန်းပိုင်းသို့ ဦးတည် သွားသည်။ ကော်ကုန်ဖွင့်မောင်းသဖြင့် နားငြီးမတတ် ဆူညံနေသည်။

သင်္ဘော ဦးပိုင်းမှ လှိုင်းများကြောင့် ရေစက် ရေမှုန်များ တဖွားဖွား စင်လာသည်။

ကုန် အလေးချိန် စီးနေသော်လည်း လှေမှာ ရေမိုင် ၁၉မိုင်အထိ ပြေးနေနိုင်ပြီ။ ကင်းလှည့် မော်တော်က သူတို့ထက်တော့ မြန်မြန် မောင်းနိုင်သည်။

လောလောဆယ်တော့ ကြားမှာလက်တီးရှားသင်္ဘောကြီးကို ခံထားမှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါက အောက်ခန်းမှ ဖာဆေးလ်အား အော်ပြော သည်။

'၂၃၀၂ ကီသိုဆိုင်ကယ်ကို လှည့်လိုက်စမ်းပါ'

ရှင်းမှာ နိုင်ငံတကာ ရေဒီယိုတယ်လီဖုန်း အကူအညီတောင်း သည့် အသံလှိုင်းကြောင်း ဖြစ်သည်။

သဘော် တစင်းနှင့် တစင်း ခေါ်၍လည်း ရသည်။

နောက်ပြန်လှည့်ကြည့်သောအခါ ကင်းလှည့်မော်တော်ကို မြင်ရပြီ။

သို့သော်....လက်တီးရှား သဘော်နားသို့ပင် မရောက်သေး ဒုန်းစိုင်း လိုက်လာလျက် ရှိ၏။

ဖာဆေးလ်က အပေါ်ထိန်းချုပ်ခန်းသို့ လှေကားထိပ်အထိ ပြေးတက်လာပြီး သတင်းပို့သည်။

'ကျုပ်တို့ကို ရပ်ခိုင်းနေတယ်ဗျ'

'သောက်ဂရုမစိုက်နဲ့၊ ကုမ်းခြေစောင့်တပ်ရဲ့ လှိုင်းကို ခလုတ် ဖွင့်လိုက်၊ ဒိုင်ခွက်မှာ ရေးထားတယ်၊ သူ အကူအညီ ထပ် တောင်းသလားဆိုတာ ကြည့်ရအောင်'

လင်ဒါ၏လှေမှာ မီးများမဖွင့်ပဲ မောင်းပြေးလျက်ရှိသည်။ သူတို့နောက်မှ ကင်းလှည့် မော်တော်ကလည်း ထက်ကြပ်မကွာ လိုက်လာနေဆဲ။

ဒါလီယာသည် သဘော်မျှော်စင်ခန်း၏ လက်ရန်းပေါ်တွင် စွန်ပုံသဏ္ဍာန် ရေဒါ ခြေရာဖျောက် ကိရိယာကို တပ်ဆင်ပြီး သွားလေပြီ။





ငင်းကိရိယာကို သဘော်ပစ္စည်း အပို အရောင်းဆိုင်တခုမှ ဒေါ်လာပေး၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။

လင်ဒါက သူမအား အောက်ထပ်သို့ စေလွှတ်လိုက်သည်။ ...ည်းများ ခိုင်ခံ့စွာ ချည်နှောင်ထားခြင်း ရှိမရှိ စစ်ဆေး ...သည်။

ပြေးယင်း လွှားယင်းနှင့် ပစ္စည်းများ ရေထဲ လွင့်စင်ထွက် ...ခြင်း မရှိစေလိုပေ။

သူမသည် စက်ခန်းထဲဝင်ကြည့်ပြီး ဦးပိုင်းအခန်းသို့ ဝင် ...းသည်။

ဖာဆေးလ်က ရေဒီယိုရှေ့တွင် မျက်မှောင်ကြုတ်၍ ထိုင် ...သည်။

'ဘာမှ မကြားသေးဘူး၊ ဘာလို့ ရေဒါ ခြေရာဖျောက်ချင် ...ာလဲ'

ဖာဆေးလ်က အာရပ်လို မေးသည်။

'ကျွန်မတို့ကို ကင်းလှည့်မော်တော်က တွေ့သွားပြီ၊ ကင်း ...ည့်မော်တော်က ကက်ပတိန်ဟာ ကျွန်မတို့ကို မှောင်ထဲမှာ ...ဖမ်းရတော့မယ်ဆိုတာ ရိပ်မိယင် သူဟာ အခု မျက်စိနဲ့ ...တုန်းမှာ ရေဒါနဲ့ ခြေရာခံလိုက်ဖို့ စီစဉ်မှာပဲ၊ ဒါပေမယ့်.... ...ကိရိယာကြောင့် မှောင်သွားတဲ့အခါ သူတို့ရဲ့ ရေဒါပုံကွက်မှာ ...မရတဲ့ အစက်အကြီးကြီးတခုပဲ တွေ့ရမယ်'

'နေဦး....'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ကျွန်မ ပြောတာ နားထောင်၊ ရှင် ကျွန်မနဲ့ ရင်းနှီး သလို မနေနဲ့၊ လက်ဖျားနဲ့တောင် မတို့နဲ့၊ သိလား၊ သူ့ ရှေ့မှာ အင်္ဂလိပ်လိုပဲပြော၊ သူ့ အိမ်ကျယ်င် အပေါ်ထပ် ဘယ်တော့ တက်မလာနဲ့၊ သူ့ကို ရုတ်တရက် လန့်သွားအောင်လဲ မလုပ်နဲ့ ဒီ စစ်ဆင်ရေးကြီးအတွက် ရှင် အဲဒီဟာတွေကိုလဲ လိုက်နာပ

ဒါလီယာက လင်ဒါရှိရာ အပေါ်ထပ်သို့ ခေါင်းမော့ပြီ ဖာဆေးလ်အား မှာကြားသည်။

ဖာဆေးလ်၏ မျက်နှာမှာ ရေဒီယို မီးခလုတ် လေးမျာ ဒိုင်ခွက်များမှာ မီးရောင်ဟပ်၍ လင်းနေသည်။

မှောင်ရိပ်ကျသော သူ့မျက်တွင်း ချိုင့်ကြီးများထဲမှ သူ မျက်လုံးများက တောက်ပ နေသည်။

'အေး....၊ စစ်ဆင်ရေး အတွက်တော့ ငါ လိုက်နာပါ့မ ရဲတော် ဒါလီယာ၊ သူ လုပ်ရှားနေသရွေ့ ငါ သူ့ပျော်အော သူ့အကြိုက် လိုက်နေပြပါ့မယ်'

ဒါလီယာ ခေါင်းညိတ်ပြီး အပေါ် တက်သွားသည်။

မှောင်နေပြီ။ ကမ်းခြေစောင့် တပ်ဖွဲ့ မော်တော်၏ မီး မီးစိမ်းများ၊ သူတို့ကို ရှာဖွေနေသော ဆလိုက် မီးတန်း တို့ကို တွေ့ရသည်။

ကင်းလှည့်မော်တော်သည် လင်ဒါ၏ လှေထက် ရေမိုင်နှ မိုင်ဝက်မျှ သာသည်။

ယခု သူက သူတို့ထက် လေးမိုင်ခွဲမျှသာ ရှေ့ရောက်နေသည သူ့ဘေးသို့ ဖာဆေးလ် ရောက်လာသည်။





'ကင်းလှည့်မော်တော် ကက်ပတိန်က လက်တီးရှားသင်္ဘောကို ရှာဖို့ အကောက်ခွန်ဌာနကို ရေဒီယိုနဲ့ အကြောင်းကြားလိုက်ပြီ၊ ကျုပ်တို့ကိုတော့ သူကိုယ်တိုင် လိုက်ဖမ်းမယ်တဲ့'

'ဒါလီယာကို အချိန်ကျပြီလို့ ပြောလိုက်'

လင်ဒါ၏ လှေကို ကင်းလှည့်မော်တော်က မမြင်ရတော့ပေ။ သို့သော် သူ သွားသည့် လမ်းကြောင်းအတိုင်း လိုက်လာ ခဲ့ကြောင်း၊ သူ့ ခြေရာကို ကောက်လိုက်နေကြောင်း လင်ဒါ တွေ့ရသည်။

သူတို့ ရေဒါ၏ တန်ခိုးပေတည်း။ အနီးအနားမှာ သင်္ဘော သီးတလေရှိလျှင် ကောင်းမည်။

ဟာ... ကံကောင်းလိုက်တာ။

လှေဦး၏ ဗယ်ဘက်ပိုင်းမှာ သင်္ဘောတစင်း၏ မီးလုံးဖြူများ တွေ့ရသည်။ မြောက်အရပ်သို့ သွားနေသော ကုန်သင်္ဘော တစင်း။ လင်ဒါသည် လှေကို ၎င်းသင်္ဘော ဦးပိုင်းနှင့် တဆပ် တည်းကျအောင် ဦးလှည့် မောင်းသွားသည်။

ထိုအခါ ကင်းလှည့်မော်တော်မှ ရေဒါ ပုံကွက်ပေါ်တွင် ကုန်သင်္ဘော၏မီးစက်အကြီးနှင့် လင်ဒါ့လှေ၏ မီးစက်အငယ်တို့ ရောထွေးသွားမည်။

'အဆင်သင့် ဖြစ်ကြဟေ့'

လင်ဒါက ဒါလီယာအား အော်ပြောသည်။

'ဟဲ.... လုပ်စို့'



www.burmeseclassic.com

www.burmeseclassic.com



သူမက ဖာဆေးလ်အား ပြောလိုက်သည်။ ဖာဆေးလ်ဘာမှ ပြန်မမေး။ သူတို့နှစ်ဦး ရေပေါ် ပေါ်သော ဗောများပါသည့် ပလက်ဖောင်း (ဖောင်ငယ်) လေးကို ဆွဲထုတ်နေကြသည်။

ဗောများမှာ ငါးဂါလံဝင် စည်ပိုင်းများဖြစ်ပြီး အပေါ်တွင် အပေါက်ငယ်လေးနှင့် ဘေးတွင် သမရိုးကျ ဘုံဘိုင်ခေါင်းတို့ ပါရှိသည်။

ဒါလီယာက အခန်းထဲမှ အလံတိုင်နှင့် လက်ရန်းပေါ်မှ ရေဒါ ခြေရာဖျောက် ကိရိယာတို့ကို ယူလာသည်။

ပလက်ဖောင်းရှိ ဆော့ကက်တွင် အလံတိုင် စိုက်ထူပြီး ၎င်းတိုင်တွင် ရေဒါ ခြေရာဖျောက် ကိရိယာကို တပ်ပေးသည်။

ထို့နောက် ပလက်ဖောင်း အောက်တွင် ခြောက်ပေ ကြိုးတချောင်းတပ်၍ ကြိုးစ တဘက်ကို လေးလံသော ခဲတုံးတထုံး ချည်ပေးသည်။

လင်ဒါ၏ လှေသည် ကုန်သင်္ဘောကြီး၏ ဦးပိုင်းအောက်မှ ကပ်၍ ဖြတ်ကျော် မောင်းပြေးသွားသည်။

တဖန် မြောက်ဘက်သို့ ဦးလှည့်ပြီး ပဲ့ပိုင်း၌ ကျန်ရစ်ခဲ့သော ကုန်သင်္ဘောကြီးကို လှည့်ကြည့်သည်။

ကုန်သင်္ဘောကြီးသည် သူ့လှေနှင့် ကင်းလှည့် မော်တော်ကြား ရောက်နေပြီ။

လင်ဒါ၏ လှေမှ ရေဒါလှိုင်းများကို သင်္ဘောကြီးက ကာကွယ် ပေးထားသကဲ့သို့ ဖြစ်သွားပြီ။

လင်ဒါသည် ကင်းလှည့်မော်တော်နှင့် အကွာအဝေး လှည့်ကြည့်ပြီး ခန့်မှန်းသည်။





'ဘုံဘိုင်တွေ တဝက်လှည့်ဖွင့်'

ခေတ္တအကြာတွင် လှေကို စက်ရပ်လိုက်သည်။

'ကဲ.... ရေထဲချ'

ဒါလီယာနှင့် ဖာဆေးလ်တို့က ပလက်ဖောင်းကို ရေပေါ် ချလိုက်ကြသည်။ ရေပေါ်၌ လှုပ်နေသဖြင့် အလံတိုင်နှင့် ရေဒါ တန်ပြန် ကိရိယာတို့ ယိမ်းယိုင်လှုပ်ခါနေသည်။

ဖောင် အနည်းငယ် ငြိမ်သွားမှ လင်ဒါက စက်ဖွင့်ပြီး တောင်ဘက် စူးစူးသို့ ဦးတည် မောင်းထွက်သည်။

'ရေဒါ အော်ပရေတာကတော့ သူမြင်ရတဲ့ သင်္ဘောဟာ ကျုပ်တို့ဟာလား ဘယ်သူ့ဟာလဲဆိုတာ သိမှာမဟုတ်ဘူး၊ ရေဒါက ရေပေါ်မှာ ဘယ်လောက်ကြာကြာ ပေါ်နေမှာလဲ'

ဖာဆေးလ်က တဆက်တည်း မေးသည်။

'ဘုံဘိုင်ခေါင်း တဝက် ဖွင့်ထားယင် ၁၇ မိနစ် ကြာမယ်၊ မော်တော် ဒီနား ရောက်လာတဲ့အခါ မြုပ်သွားလောက်ပြီ'

ဒါလီယာက ဖြေသည်။

'ဒါဆို သင်္ဘောကြီး ဘေးကနေ မြောက်ဘက်ကို ငါတို့ လိုက်သွားနေတယ်ထင်ပြီး သင်္ဘောကြီးနောက် သူတို့လိုက်လာကြမှာလား'

'ဖြစ်နိုင်တယ် ထင်တာပဲ'

'ငါတို့ကို သူ မြင်ရသေးလား'

'မမြင်ရတော့ပါဘူး၊ အသံလဲ ကြားရတော့မှာ မဟုတ်ဘူး၊ သင်္ဘောကြီးက စက်သံနဲ့ လှိုင်းသံကြောင့် ကျွန်မတို့ လှေရဲ့ စက်သံကို ဘယ်နည်းနဲ့မှ သူတို့ မကြားနိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်ခန်းပေါ်တွင် လင်ဒါသည် ကင်းလှည့်မော်တော်၏ မီးဖြူနှစ်လုံးနှင့် ဗယ်ဘက်ဘေး မီးနီတို့ကို မြင်ရသည်။

အကယ်၍ မိမိ နောက်သို့ လိုက်လာရန် ဦးလှည့်လိုက်လျှင် ၎င်း၏ ညာဘက်ခြမ်းမှ မီးစိမ်းကို မြင်ရလိမ့်မည်။

သူ့ဘေးတွင် ဒါလီယာ ရောက်နေသည်။

ကင်းလှည့် မော်တော်၏ မီးများကို နှစ်ဦး အတူ အကဲခတ်နေကြသည်။ မီးနီကိုသာ မြင်ရ၏။

အတော်ဝေးသွားသောအခါ မီးအဖြူစက်ကလေးများနှင့် ရှိဖန်ရံခါ ဆလိုက်မီးတန်းတို့ကိုသာ တွေ့ရတော့သည်။

မျှော်စင်ပေါ်သို့ တတိယမြောက် လူသားတဦး ထပ်ရောက်လာကြောင်း လင်ဒါ သိလိုက်သည်။

'ခင်ဗျားရဲ့ အစွမ်းဟာ ချီးမွမ်းလောက် ပါပေတယ်ဗျာ' မိုဟာမက်ဖာဆေးလ်က ပြောလိုက်သည်။

လင်ဒါက ဘာမှ ပြန်မပြောပေ။

■



## အခန်း ၇ ။

ဗိုလ်မှူး ကာဘာကော့ဗ်၏ မျက်လုံးများ နီနေသည်။ သူ စိတ်တိုနေသည်။

နယူးယောက်မြို့ရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် နိုင်ငံသားခံယူရေးရုံးမှ စာရေးများသည် ယခုအခါ နေ့စဉ်နှင့်အမျှ စားပွဲဝိုင်း၍ အမေရိကန် ပြည်ထောင်စုတွင်း နေထိုင်လျက် ရှိသည့် နိုင်ငံခြားသား၊ အာရပ်များ၏ မှတ်ပုံတင်စာတင်ပုံများကို စိစစ်လာနေသော ကာဘာကော့ဗ် ဘေးမှ ခြေသံဖွဖွ နင်း၍ လမ်းလျှောက်တတ်နေကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှည်ကြီး ပေါ်၌ ကာဘာကော့ဗ်၏ ဘေး တ ဘ တချက်စီတွင် ရှိသော လယ်ဂျာစာရင်း စာအုပ် အရွယ် စာအု ကြီးများတွင်ဓာတ်ပုံနှင့်အချက်အလက်စုစုပေါင်း ၁၃၇,၀၀ ပါရှိသည်။

၎င်းတို့အားလုံးကို တခုမကျန် ကြည့်ရှု စစ်ဆေးရန် ကာဘာ ကော့ဗ် ဆုံးဖြတ်ထား၏။

ဤမိန်းမသည် တာဝန်အရ ဤနိုင်ငံ၌ ရောက်ရှိ နေပါ သူမ အတွက် 'အရေခြုံ' စရာ တခု ကြံဖန် လုပ်ပေးထားမည် ဖြ ကြောင်း သူ ယုံကြည်သည်။

လူဝင်မှု ကြီးကြပ်ရေးရုံးမှ စုဆောင်းထားသော 'မသင်္ကာ ဖွယ်ရာ အာရပ်များ' စာရင်း ဖိုင်တွဲ၌ မိန်းမ အနည်းငယ်သာ ပါရှိပြီး ၎င်းတို့အနက် တဦးတယောက်မျှ ဟာဗက်ဇ်နာဂျီးယာ ၏ အိပ်ခန်းထဲ၌ တွေ့ခဲ့ရသော မိန်းမများနှင့် လုံးဝ မဆင် ကြချေ။

လူဝင်မှုရုံးမှ ခန့်မှန်းချက်အရ အရှေ့ဘက် ကမ်းရိုးတ သို့ မတရား ခိုးဝင်လာပြီး၊ မည်သည့် ရုံး၊ ဌာန စာရင်းဇယာ များထဲတွင်မှ မရှိသော အာရပ်များမှာ လူဦးရေ ၇၅,၀၀၀ ခ ရှိသည်။ ၎င်းတို့ အများစုသည် မထင်ရှားသော အလုပ်များ ဝင်လုပ်ကိုင်ပြီး၊ သူတပါးကို နှောင့်ယှက်ခြင်း မရှိကြ။

သူတို့အပေါ် အာဏာပိုင်များ စိတ်ဝင်စားလောက်ဖွ အပြုအမူများ လုံးဝ မလုပ်ကြပေ။

ယခု...မသင်္ကာဖွယ် မိန်းမသည်လည်း ဤသို့သော လူမျ ထဲမှ တယောက် အပါအဝင် ဖြစ်လိမ့်မည်။





ကာဘာကော့ဗ်သည် စိတ်ပျက်စွာဖြင့် စာမျက်နှာ နောက် တရွက် လှန်လိုက်သည်။ မိန်းမ တယောက်။ ကက်သရင်း ဂါလစ်ဘ် တဲ့။ ဖီးနစ်ဇ် မြို့တွင် ထုံထိုင်းသော ကလေးများအား ပညာသင် စောင့်ရှောက်ပေးနေသည်။ အသက် ၅၀ ရှိပြီ။

စာရေးတယောက်က ကာဘာကော့ဗ် တတောင်ဆစ်နား ကပ်လာပြီး....

'ဗိုလ်မှူး ရုံးခန်းထဲမှာ ခင်ဗျားဆီ ဖုန်းလာနေတယ်'

'ကောင်းပြီ၊ ဒီစာအုပ်တွေကို မရွှေ့နဲ့နော်၊ နေရာ ပျောက် သွားဦးမယ်'

ဖုန်းခေါ်သူမှာ ဝါရှင်တန်မှ ဆမ်ကော်လီ ဖြစ်သည်။

'ဘယ်လိုလဲ'

'မထူးသေးဘူး၊ အာရပ် ၇၀၀၀၀ ကို ဆက် စစ်ဆေးရ ဦးမယ်'

'ကမ်းစောင့်တပ်က သတင်းတခု ရတယ်၊ ကျုပ်တို့ အတွက် အသုံးဝင်ချင်လဲ ဝင်မယ်၊ မဝင်ချင်လဲ မဝင်ဘူးပေါ့၊ မနေ့ နေ့ခင်းက သူတို့ ကင်းလှည့် မော်တော်တစီး နယူးဂျာစီ ကမ်းရိုး တန်း အလွန် ပင်လယ်ပြင် တနေရာမှာ လစ်ဗျား ကုန်တင် သင်္ဘောတစင်း ဘေးမှာ အားကောင်းတဲ့ လှေတစင်းကို တွေ့ လိုက်သတဲ့၊ အနီးကပ်သွားပြီး အကဲခတ်မယ်လုပ်တော့ ထွက် ပြေး သွားသတဲ့'

'မနေ့က ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ သူတို့အပြန်မှာ သင်္ဘောတစင်း မီးလောင်လို့ အလုပ်ရှုပ်သွားသေးတယ်၊ အဲဟိုကုန်သင်္ဘောကတော့ဘေးရှိတ်က လာတာတဲ့'

'ခု...ဒီသင်္ဘော ဘယ်ရောက်သွားလဲ'

'ဘာရှုတ်ကလင်း ဆိပ်ကမ်းမှာ ခဏ ထိန်းသိမ်းထားတယ်၊ ကက်ပတိန် တော့ ပျောက်နေတယ်၊ အသေး စိတ် တွေ မသိ သေးဘူး'

'ထွက်ပြေးတဲ့ လှေရော'

'မှောင်ထဲမှာ ခြေရာဖျောက်သွားလေရဲ့'

ကာဘာကော့ဗ်က ညစ်ညမ်းစွာ ရေရွတ် ကျိန်ဆဲလိုက်၏။

'ဒီကောင်တွေ ခုမှ ဘာလို့ ဒီသတင်းပြောရသလဲ'

'မပြောတတ်ပေါင်....၊ ခု သိရတော့လဲ သိရသလောက် ဆက်စုံစမ်းကြတာပေါ့၊ အကောက်ခွန်ကို ကျုပ် စုံစမ်းကြည့် ပေးမယ်၊ သူတို့က ရှင်းပြလိမ့်မယ်'

× × ×

လက်တီးရှားသင်္ဘော၏ ပထမ အရာရှိနှင့် ယာယီကက်ပတိန် ဖြစ်သူ၊ မူစတာဖာဖော်ဇီသည် သူ၏ အခန်း ကျဉ်းကျဉ်းလေး ထဲ၌ တူရကီ စီးကရက်ကို မီးခိုးမွှန်အောင် ဖွာယင်း အကောက် ခွန် အရာရှိများနှင့် တနာရီကြာမျှ စကားထိုင်ပြောနေသည်။





ဟုတ်ကဲ့။ လှေက ကျွန်တော်တို့သင်္ဘောနား ကပ်လာတယ်၊ ခေါက်ဆိမလောက်လို့ ခေါက်ဆိ နည်းနည်းချေးပါလို့ ပြောတယ်၊ ငင်လယ်ရေကြောင်း ဥပဒေစည်းကမ်းချက် အရ ကျွန်တော် ကူညီလိုက်ပါတယ်။

ဖော်ဇီက ပြောပြသည်။

သို့သော် လှေနှင့် လှေပေါ်ပါသူများနှင့် ပတ်သက်၍ သူ တိတိ ကျကျ ဘာမှ မပြောနိုင်။

ယခုကိစ္စမှာ နိုင်ငံတကာ ရေပိုင်နက်တွင်း၌ ဖြစ်ပွားခြင်း ဖြစ် ကြောင်း သူ ထောက်ပြသည်။

မိမိသင်္ဘောကို သက်ဆိုင်ရာတို့၏ ဆန္ဒအလျောက် ရှာဖွေခွင့် မပြုနိုင်ပါ။

သင်္ဘောမှာ လစ်ဗျားနိုင်ငံပိုင် ဖြစ်သည်။

ကက်ပတိန် လာမိုဆိုက ကံဆိုး၍ သင်္ဘောပေါ်မှ လိမ့်ကျ သေဆုံးခဲ့ခြင်းကြောင့် မိမိမှာ လုံး၀ တာဝန်ရှိနေသည်။

အကောက်ခွန် အာဏာပိုင်များသည် အရှေ့ အလယ်ပိုင်း အရေးအခင်းများ ကြီးထွားနေချိန်၌ လစ်ဗျားနှင့် ပြဿနာ မဖြစ်လိုကြပေ။

ကမ်းစောင့်တပ်မှ ကင်းလှည့် မော်တော် မြင်တွေ့ ရသော အခြေအနေအရ ဤသင်္ဘောကြီးကို ရှာဖွေရန် ဝရမ်း ထုတ်ယူ ခွင့် မပြုသင့်။

သို့နှင့် အကောက်ခွန် အရာရှိများ သင်္ဘောပေါ်မှ ပြန် ဆင်းသွားကြသည်။ နိုင်ငံခြားရေးဌာန တရားရုံးချုပ်တို့နှင့် ပြန် တိုင်ပင် ကြရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ဇီသည် ကွယ်လွန်သူ ကက်ပတိန် လာမိုဆို၏ ဘီယာ ပုလင်းကိုမော့ကာ ရက်ပေါင်းများစွာ အတွင်း၌ ပထမဆုံး အကြိမ် နှစ်ခြိုက်စွာအိပ်ပျော်သွားလေသည်။

× × ×

ဖော်ဇီ၏ နာမည်ကို တစုံတယောက်က အဝေး တနေရာ လှမ်းခေါ်နေသည်။ အသံ ခပ်သြသြဖြင့် ထပ်မံ ခေါ်နေသည်။ သူ့မျက်လုံးများကို တစုံတခုက လာ ထိခိုက်နေသည်။ ဖော်ဇီ အိပ်ရာမှနိုးပြီး မျက်စိကျိန်းဖွယ် လက်နှိပ်ဓာတ်မီး ရောင်ကို လက်နှစ်ဘက်နှင့် ကာလိုက်သည်။

'မင်္ဂလာရှိတဲ့ ညနေခင်းပါ၊ မူစတာ ဖာဖော်ဇီ၊ မင်းရဲ့လက်တွေကို စောင်ပေါ်မှာ တင်ထားလိုက်စမ်း'

ကာဘာကော့ဗ်က ပြောလိုက်သည်။

တပ်ကြပ်ကြီး မိုရှက်ဗ်စကီးက ကာဘာကော့ဗ် နောက်မှ ရပ်ပြီး အခန်းမီးများ ဖွင့်လိုက်သည်။ ဖော်ဇီသည် အိပ်ရာပေါ်၌ ထထိုင်ယင်း ဘုရားတလိုက်သည်။

'မလုပ်နဲ့နော်'

မိုရှက် ဗ်စကီးက ဖော်ဇီ၏ နားရွက်အောက်တွင် မားဗြော ထောက်၍ ပြောလိုက်သည်။





ကာဘာကော့ဗ်က ကုလားထိုင်တလုံး ဆွဲယူပြီး ခုတင်ဘေး၌ ထိုင်သည်။ စီးကရက်တလိပ် မီးညှိလိုက်သည်။

'ငါ အေးအေး ဆေးဆေး စကား ပြောချင်တယ်၊ ဖြစ်ပါ့မလား'

ဖော်ဇီ ခေါင်းညိတ်ပြသည်။ ကာဘာကော့ဗ် က မိုရှက်ဗ်စကီးအား ဘေးဖယ်ခိုင်းသည်။

'ကဲ…ဖော်ဇီ၊ မင်းကိုယ်မင်း ဘာမှ မနစ်နာစေရပဲ ငါ့ကို မင်း ဘယ်လို ကူညီနိုင်မလဲဆိုတာ ငါ ရှင်းပြမယ် ဟုတ်လား၊ မင်း ငါ့ကို မကူညီယင် ငါ သတ်ဖို့ လက်မနှေးဘူး၊ အေး…. မင်းကူညီယင်ငါမင်းကို သတ်စရာမလိုဘူး၊ မင်း ဒါကိုကောင်းကောင်း နားလည်မှ ဖြစ်မယ်'

မိုရှက်ဗ်စကီးက စိတ်မရှည်စွာ ဝင်ပြောသည်။

'ကျွန်တော် ဒီကောင့်ကို နည်းနည်းပါးပါး….'

'နေစမ်းပါဦး'

ကာဘာကော့ဗ်က လက်ပြ၍ တားလိုက်သည်။

'ဒီမယ် ဖော်ဇီ၊ မင်းထက်ဉာဏ်ထိုင်းတဲ့ လူတွေဆိုယင် ငါ့ကို ကျေနပ်အောင် လုပ်တဲ့အခါ ဓေဒနာ ပြင်းပြင်း ထန်ထန် ခံသွားရမယ်၊ ခန္ဓာကိုယ် အစိတ်အပိုင်းတချို့ လှီးဖြတ်ခံရမယ်၊ အေး မင်းလိမ္မာယင်တော့ ဆုတွေ လာဘ်တွေတောင် ရဦးမှာပေါ့၊ ဘယ်လိုဆုမျိုး တို့ခပေးသလဲဆိုတာ မင်း သိပါတယ်ကွာ'

ကာဘာကော့ဗ်က စီးကရက်ပြာကို လက်သန်းနှင့်ခေါက်၍ ချွေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ထုံးစံအားဖြင့်တော့ ငါတို့စကား စ မပြောခင် ဟောဒီက ငါ့မိတ်ဆွေနဲ့ မင်းလက်တွေကို ချိုးခိုင်းမလို့ပဲ၊ ဒါပေမယ့် ဒီသင်္ဘောပေါ်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မင်း ပြောပြ မင်း ဘာမှ ဆုံးရှုံးစရာ မရှိပါဘူး၊ အကောက်ခွန်အရာရှိတွေ မင်း မကူညီနိုင်တာ မှတ်တမ်းဝင်သွားရုံပဲ၊ အေး ငါ့ကို မင်း ကူညီယင် ငါ လျှို့ဝှက်ထားမှာပါ၊ မင်းငါ့ကို ကူညီမလား'

ကာဘာကော့ဗ်က သူ၏ မိုဆတ်ဒ်မှတ်ပုံတင်ကတ်ပြားကို ယ ချပေးလိုက်သည်။

ဖော်ဇီက ကတ်ပြားကို ကြည့်ပြီး တံတွေး မျိုချလိုက်သည်။

ကာဘာကော့ဗ်က မတ်တတ်ထပြီး သက်ပြင်းချလိုက်သည်။

'ကဲ တပ်ကြပ်ကြီး ကျုပ် အပြင်ထွက်ပြီး လေကောင်း လေသန့် ရှူလိုက်ဦးမယ်၊ မူစတာ ဖာဖော်ဇီလဲ စားချင် သောက်ချင်ရှာရောပေါ့'

ကာဘာကော့ဗ်က အခန်းတံခါးဝသို့ လှည့်လိုက်သည်။

'ဘောရှတ်မှာ ကျွန်တော့်ဆွေမျိုးတွေ ရှိတယ်'

ဖော်ဇီသည် အသံ တုန်ယင်စွာဖြင့် ပြောသည်။ သူ့နှလုံး တဒိန်းဒိန်း ခုန်နေကြောင်း ကာဘာကော့ဗ်သိ၏။

'ဒါငါသိသားပဲ၊ သူတို့ကိုခြိမ်းခြောက်ပြီးပြီပဲ၊ မင်းအကောက်ခွန် အရာရှိတွေကို ကြိုက်သလို လိမ်ပါ ဖော်ဇီ၊ ငါ့ကိုတော့ မလိမ်နဲ့၊ မင်း ငါ့လက်က လွတ်အောင် ပုန်းလို့မရဘူး မှတ်၊ ဟောဒီ ကမ္ဘာကြီးမှာ မင်း ပြေးစရာမြေ မရှိတော့ဘူး သိလား၊ ငါ မင်းဆွေမျိုးတွေကို လေးစားပါတယ်၊ ဒါတွေ ငါနားလည်တယ်၊ မင်းအတွက် ငါ ကာကွယ် ဖုံးဖိပေးမယ်'





'လက်ဘနွန်သား ငနဲ့ကြီးဟာ လာမိုဆိုကို အာဇိုးစ် ဆိပ်ကမ်းမှာ သတ်ပစ်လိုက်တယ်'

မိုရှက်ဗ်စကီးသည် နှိပ်စက်ညှဉ်းပန်းခြင်းကို အရသာမတွေ့။ ကာဘာကော့ဗ် ကိုယ်တိုင်လည်း မကြိုက်။

သင်္ဘော အခန်းကို မွှေနှောက်နေစဉ် မိုရှက်ဗ်စကီးသည် ရယ်ချင်အောင် မနည်း မျက်နှာတည်ထားရသည်။

ဖော်ဇီ နှုတ်လေးနေသည့်အခါတိုင်း မိုရှက်ဗ်စကီးက သူ့ကို နှိပ်စက်ခွင့် မရသေးသဖြင့် အားမလိုအားမရဟန်နှင့် လှမ်းလှမ်း ကြည့်နေသည်။

'လက်ဘနွန်သားဟာ ဘယ်လို ပုံသဏ္ဌာန်မျိုးရှိလဲ၊ ပြောစမ်း'

'အရပ် မနိမ့်မမြင့်၊ ကိုယ်လုံး သွယ်သွယ်၊ မျက်နှာပေါ်မှာ အမာရွတ်ရှိတယ်၊ ဓားဒဏ်ရာ ထင်တာပဲ'

'အိတ်တွေထဲမှာ ဘာတွေပါလဲ'

'မသိဘူး၊ အလာဟုအရှင်မြတ်သာ သိလိမ့်မယ်၊ လက်ဘနွန်သားဟာ သင်္ဘောဦးပိုင်း သိုလှောင်ခန်းမှာ သေတ္တာထဲကနေ ပြန်ပြီး အထုပ်ထုပ်ခဲ့တာပဲ၊ တစိမ်းတယောက်မှ အနားကပ်ခွင့် မပေးဘူး'

'လှေထဲမှာ ဘယ်နှစ်ယောက်ပါသေးလဲ'

'နှစ်ယောက်'

'ဘယ်လို ပုံသဏ္ဌာန်တွေလဲ'



www.burmeseclassic.com

www.burmeseclassic.com



'တယောက်က အရပ်ရှည်ရှည် ပိန်ပိန်၊ တယောက်က ပိုသေးတယ်၊ မျက်နှာဖုံးတွေ စွပ်ထားကြတယ်၊ ကျွန်တော် ကြောက်လွန်းလို့ သူတို့ကို မကြည့်ရဲဘူးဗျ'

'သူတို့ ဘယ်ဘာသာနဲ့ စကားပြောလဲ'

'အရပ်ရှည်ရှည်လူက လက်ဘနွန်သားကို အင်္ဂလိပ်လို ပြောတယ်'

'ပုပု တယောက်ကရော'

'သူ ဘာမှမပြောဘူး'

'အဲဒါ မိန်းမတယောက် မဖြစ်နိုင်ဘူးလား'

ဖော်ဇီ မျက်နှာ ရဲသွား၏။

မိန်းမတယောက်ကို သူ ကြောက်ရွံ့ကြောင်း ဝန်မခံလို့ ရှက်ဒေါကြီး။

'လက်ဘနွန်သားက မင်းကို သေနတ်နဲ့ချိန်ထားပြီး မင်းရဲ့ ဆွေမျိုးတွေကို သတ်ပစ်မယ်ပြောလို့ မင်း သူတို့ကို ကူညီခဲ့တာ မဟုတ်လား ဖော်ဇီ'

'အဲ....အဲ၊ အရပ်ပုပုဟာ မိန်းမ တယောက် ဖြစ်နိုင်တယ်'

'မင်းအိတ်တွေ ကိုင်တော့ သူ့လက်ကို မမြင်ဘူးလား'

'လက်အိတ် စွပ်ထားတယ်ဗျ၊ ဒါပေမယ့် သူ့ မျက်နှာဖုံး နောက်မှာ ဘုကြီး ထွက်နေတယ်၊ သူ့ဆံပင် ထင်တာပဲ၊ ပြီးတော့ တင်ပါးကလည်း လုံးတုံးတုံးကြီး'

'အင်း...'

'ယောကျ်ားကြီး တယောက်ထက် ပိုပြီး လုံးနေတယ်လေ ကိုယ်လုံးလှတဲ့ လူငယ်လေး တယောက်လဲ ဖြစ်နိုင်တယ်'





မိုရှက်ဗ်စကီးသည် ရေခဲသေတ္တာကို မွှေနှောက်ယင်း ဘီယာပုလင်း ဖောက်သောက်သည်။ ဘီယာပုလင်းနောက်၌ တစုံ ခုရှိ၏။ သူက နှိုက်ယူပြီး ကာဘာကော့ဗ်အား လှမ်းပေး၏။

'ကက်ပတိန် လာမိုဆို ကိုးကွယ်တဲ့ ဘာသာရေးအမွှန်အမြတ် အနုပစ္စည်းတွေကို ရေခဲသေတ္တာထဲမှာဝှက်ထားရသတဲ့လား'

ကာဘာကော့ဗ်သည် ဓားဒဏ်ရာ ထိထားသော 'မဒွန်နာ' ရုပ်တုကလေးကို ဖော်ဇီ၏ မျက်နှာနားကပ်၍ မေးလိုက်သည်။

ဖော်ဇီက ရုပ်တုကလေးကို စက်ဆုပ်ရွံရှာစွာဖြင့် ကြည့်လိုက်သည်။ ကာဘာကော့ဗ်က ရုပ်တု ကလေးကို နမ်းကြည့်ပြီး လက်သည်းခွံနှင့် ခြစ်ကြည့်သည်။ ပလပ်စတစ် ရုပ်တု ဖြစ်၏။ လာမိုဆိုသည် ဤရုပ်တုကို ဘာမှန်းသိသည်။

ထိုသို့ သံသည့်အတွက်လည်း ရေခဲသေတ္တာထဲ ဝှက်ခဲ့သည်။ အသဘောပေါ်၌ ဘာတွေ ပါလာသည်ကိုလည်း ရိပ်မိသည်။ သို့သော် သူ စပ်စုခြင်းကြောင့် ဒုက္ခရောက်သွားရှာပြီ။

ကာဘာကော့ဗ်သည် ရုပ်တုကို လက်ထဲ၌ လှည့်၍ စမ်းကြည့်သည်။

ပလပ်စတစ်ဗုံးကို ဤသို့ ပင်ပန်းခံ ရုပ်ဖျက်ထားကြလျှင် ပစ္စည်းက အကောက်ခွန်ဌာနမှ လှည့်စား၍ သွင်းရန် ကြံထားပြီး ဖြစ်မည်။

'ငါ့ကို သင်္ဘောမှတ်တမ်းစာအုပ်တွေ ယူပေး'

ကာဘာကော့ဗ်က ဟောက်လိုက်သည်။

ဖော်ဇီသည် ခဏ အကြာ၌ ကုန်ပစ္စည်း စာရင်း စာအုပ်ကို ယူလာသည်။ ဘီလပ်ရည်ပုလင်းများ၊ နွားသားရေများ



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့နှင့်အတူ မဒ္ဒန်နာ ရုပ်တု သုံးသေတ္တာကို တွေ့ရ၏။ ထိုင်ဝမ်၌ ပြုလုပ်သည်။ တင်သွင်းသူက ဘင်ဂျမင် မြူဇီ ဖြစ်သည်။

× × ×

မြူဇီသည် 'ဘရှတ်ကလင်းဟိုက်(စ်)' လမ်းမ ပေါ်တွင် ရပ်လျက် ကမ်းခြေစောင့်တပ်ဖွဲ့ ကင်းလှည့်မော်တော် ခြံရိုလျက် နယူးယောက် ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော လက်တီးရှား ကုန်သင်္ဘောကြီးကို ကြည့်နေသည်။ သူ တတ်သမျှ ဘာသာ စကား မျိုးစုံဖြင့် ရေရွတ် ကျိန်ဆဲလိုက်၏။

လာမိုဆို ဘာများလုပ်လိုက်သလဲ။ မြူဇီသည် ဖုန်းရုံလေးသို့ ပြေးသွားပြီး ဖုန်းဆက်သည်။ ဒီအလုပ်တော့ ကမောက် ကမ ဖြစ်ပြီ။ သူ့ခန္ဓာကိုယ်က ကြီးမားသဖြင့် ဖုန်းရုံထဲ ဝင်ရခက်၏။

ကမ်းခြေစောင့်တပ်ဖွဲ့၏ ရှာဖွေရေးနှင့် ကယ်တင်ရေးဌာနသို့ ဖုန်းခေါ်ပြီး သူ့ကိုယ်သူ အဲယ(လ်)ဒါရီယိုလာပရက်(စ်)နှင့် သတင်းစာမှ သတင်းထောက်ဖြစ်ကြောင်း ပြောသည်။

ကမ်းခြေစောင့်တပ် ဆက်သွယ်ရေး ဗဟိုဌာနမှ တာဝန်ခံ လူငယ်က လက်တီးရှားသင်္ဘောကြီးမှ ကက်ပတိန် ပျောက်ဆုံး နေကြောင်းနှင့် လှေတစင်းနောက် လိုက်ဖမ်းခဲ့ကြောင်းတို့ကို သူကြားသမျှ ရေဒီယို သတင်း အချက်များအပေါ် မူတည်၍ ပြောပြလိုက်သည်။





မြူဇီသည် ဘရှတ်ကလင်းဆိပ်ကမ်းကိုအပေါ်မှမြင်နိုင်သည့် ဘရှတ်ကလင်-ကွင်း(စ်)' အပြင်လမ်းမှ ကား မောင်းသွားသည်။

လက်တီးရှားသင်္ဘောဘေးတွင် အကောက်ခွန်နှင့် ဆိပ်ကမ်း ထိန်းချုပ်ရေးမှ အရာရှိနှင့် ရဲများကို တွေ့ရ၏။

လက်တီးရှား သင်္ဘောရော၊ ကင်းလှည့် မော်တော်၌ပါ အန္တရာယ်ရှိပစ္စည်းများတင်ဆောင်ထားကြောင်း ကြေငြာသည့် အကြောင်းအချက်ပြ 'ဘရာဗို' ပျံလွှားအမြီး အနီရောင်တံဆိပ် ကပ်တင်ထားသဖြင့် မြူဇီ သက်ပြင်းချနိုင်သွားသည်။

အစိုးရဘက်က ဗုံးများကိုရှာမတွေ့သေးသောကြောင့်လား၊ သို့မဟုတ် သူတို့တွေ လှေဖြင့် ဘယ်ယူသွားပြီလား။

လှေပေါ်၌ ပလပ်စတစ်ဗုံးများ ပါသွားပြီဆိုလျှင် သူ့မှာ အချိန် သိပ်မရှိ။

လက်တီးရှားသင်္ဘောမှ ပျောက်ဆုံးနေသော ကုန်ပစ္စည်းကို ပြန်လည်ရှာဖွေခြင်းအရ လိုက်ရှာရန်မှာ ရက် အတော်ကြာဦးမည်။

မိမိသည် တရားဥပဒေနှင့် အရှုပ်အရှင်း ရှိသူ မဟုတ်။ သို့သော် အခြေအနေကတော့ သိပ်မကောင်း။ ပေါ့ဆ၍ မဖြစ်။

တခုခုတော့ အကြီးအကျယ် မှားသွားပြီ။ ဘယ်သူ့ အပြစ် ဖြစ်စေ၊ သူပါ အပြစ်တင် ခံရမည်။

သူပိုင် အာရပ်ငွေ နှစ်သိန်း ငါးသောင်းခန့်ကို နယ်သာလန် ဘဏ်တွင် အပ်ထားသည်။ သူ့ အလုပ်ရှင်များက သူ့ကို ခွင့်လွှတ်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပင်လယ်ပြင်၌ ဗုံးများ သယ်သွားကြလျှင် သူ သင်္ဘော ဖောက်လိုက်ပြီဟု သူတို့ ယူဆလိမ့်မည်။

ဒီအရှုး လာမိုဆို ဘာ လျှောက်လုပ်လိုက်သလဲ။

ဘာပဲဖြစ်ဖြစ် မိမိ၌အပြစ်မရှိကြောင်း မြူဇီ ရှင်းပြခွင့်ရမည် မဟုတ်တော့ပေ။

ဘလက်စက်တင်ဘာဂိုဏ်းကြီးက သူ့ကို အခွင့်သာသည်နှင့် သတ်ပစ်လိမ့်မည်။

စောစောစီးစီး အငြိမ်းစား ယူလိုက်လျှင် ကောင်းမည်။

မန်ဟက်တန်မြို့ အောက်ပိုင်းရှိ ဘဏ်တိုက်သို့ သွား ကိုယ်ပိုင် မီးအာမခံ သေတ္တာထဲမှ ငွေစက္ကူ ထုပ်များနှင့် ဘ စာအုပ်များကို ယူသည်။

ဘဏ်စာအုပ် တအုပ်မှာ နယ်သာလန် နိုင်ငံ၏ သက်ထ အရှည်ဆုံးနှင့် ဂုဏ်သိက္ခာ အရှိဆုံး၊ ဘဏ်တိုက်ကြီးတခု၏ အမ ကို ဖော်ပြထားသည်။

၎င်းစာအုပ်တွင် လက်ကျန်ငွေ ဒေါ်လာ ၂၅၀,၀၀၀ တလုံးတစည်းတည်း အပ်နှံထားပြီး သူတဦးတည်းသာ ထုတ် ခွင့်ရှိသည်။

မြူဇီ သက်ပြင်းချလိုက်၏။ ပလပ်စတစ်ဗုံးများ ရွေးယူ နောက် ကျန်ငွေ ဒေါ်လာ နှစ်သိန်းခွဲ ထပ်ရမည်။

ယခု ပြောက်ကျားများသည် ဟော်လန် ဘဏ်၌ သူ့အ ကို စောင့်နေကြတော့မည်။ စောင့်ကြပါစေ။ ဤငွေကို တခြ ဘဏ်သို့ ရွှေ့ခိုင်းပြီးမှ သွားထုတ်ယူမည်။





သူ့အစိုးရိမ်ဆုံးပစ္စည်းများမှာ သော့ခတ်ထားသော သေတ္တာ လေးထဲတွင် မရှိချေ။

ယင်းကား သူ၏ ပတ်စပို့များ ဖြစ်၏။

၎င်းတို့ကို သေတ္တာလေးထဲ သော့ခတ် သိမ်းဆည်းမြဲ ဖြစ် သော်လည်း အရှေ့အလယ်ပိုင်းသို့ နောက်ဆုံး တခေါက် ပြန် သွားခဲ့စဉ်က ပတ်စပို့ကို အိမ်၌ ထားခဲ့သည်။

ယခု သွားယူမှ ဖြစ်မည်။

ထို့နောက် နယူးဝပ်ခ်၊ ရှီကာဂို၊ ဆီယက်တယ်လ် မြို့များမှ င်ရိုးစွန်းကိုကျော်၍ လန်ဒန်သို့ လေယာဉ်ဖြင့် သွားရမည်။

ဖာရောက် တယောက် လန်ဒန်၌ ဘယ်အချိန် ညစာ စား ါလိမ့်။ ဖာရောက်၏ကြီးကျယ်ပုံ၊ ဇိမ်ခံပုံကိုသိသောမြူဇီသည် ဆိုင်ကို ရှာဖွေရန် ဆုံးဖြတ်လိုက်၏။

မြူဇီသည် သူ့ရုံးခန်းသို့ ပြန်မသွားလိုတော့ပေ။ ဂရိကြီးကို ဆေးချင် စစ်ဆေးကြပါစေ။ သူ ဘာမှမသိ။ ပြောက်ကျား ားသည် သူ့အိမ်ကိုလည်း စောင့်ကြည့်နေကြမည်။

ကြာကြာ ကြည့်နိုင်မည်မထင်။ သူတို့လက်ထဲ ဗုံးတွေရထား နောက် အလုပ်လုပ်စရာတွေ အများကြီးရှိမည်။

အိမ်ကို ချက်ချင်း ပြန်သွားလို့မဖြစ်။ သူလစ်ပြေးပြီဟု ယူဆ လျှင် ကောင်းမည်။

'အနောက်ဘက်ပိုင်း' ဟိုတယ် တခု၌ ဝင်တည်းသည်၊ ပိုင် ရှင်း စာအုပ်၌ သူ့နာမည်ကို 'ချက်စတာဖီးလ်ဒ်ပုဒ်မိုး' ( ပိုမို းထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်း လက်ဆေးခွက် ထဲတွင် ပယ်ရီယေ ပုလင်း တဒါဇင်ကို ရေခဲစိမ်သည်။ သူ ကြက်သီး ထနေ၏။

ခြောက်သွေ့နေသော ရေချိုးခွက်ကြီးထဲ၌ ခန်းဆီး ဆွဲ ပြီး ထိုင်နေချင်သည်။

သို့သော် 'အက်လန်တစ်မြို့တော်' မှာတုန်းကလို သူ့ ဖင်ကြ ခွက်ထဲတစ်နေမှာ စိုးရိမ်သည်။

အချမ်းပျောက်သွားသောအခါ အိပ်ရာပေါ် လှဲသည်။ဖိုး ပေါ် လက်နှစ်ဘက် တင်ထားပြီး မျက်နှာကြက်ကို မော့ကြ နေသည်။

ဤအောက်တန်းစား ပြောက်ကျားများနှင့် အလုပ်ထ မိခြင်းမှာ သူ၏ မဟာအမှားဖြစ်၏။ ပိန်ခြောက်ခြောက် နိုင်ငံရေးမှအပ ဘာမှမသိတဲ့ သူတောင်းစားတွေ၊ အလကား

ဘေရွတ်မြို့သည် မြူဇီအား ကောင်းကျိုးမပြု၊ ၁၉၆၇ ခုနှ က အင်ထရာဘက်ကိစ္စ၌ အရေးနိမ့်ခဲ့သည် မဟုတ်လား။

ထို့ကြောင့်ပင်လျှင် သူ၏ အငြိမ်းစားယူရန် ရန်ပုံငွေ လျော့ပါးသွားခဲ့ရသည်။ ထိုပြဿနာသာ မဖြစ်လျှင် သူ အငြိ စားယူခဲ့သည်မှာ ကြာပြီ။

သူ ငွေ အလုံအလောက် စုဆောင်းမိခါနီးတွင် အာ များက ကမ်းလှမ်းချက် ပေးလာသည်။

ပလပ်စတစ်ဗုံး ခိုးသွင်းပေးလျှင် သူ့တသက်တွင် အမ ဆုံးကြေးကို ရမည်။





ထို့ကြောင့် သူ စွန့်စားရန် ဆုံးဖြတ်ခဲ့သည်။ ကိစ္စမရှိ။ ပြောက်ကျားတို့ ပေးငွေ၏ တဝက်နှင့်လည်း ဖြစ်အောင်လုပ်ရမည်။

အငြိမ်းစားယူမည်။ နေပယ်မြို့အနီးရှိ ဗီလာကလေးတွင် နေမည်။ ခက်ခက်ခဲခဲတက်ရန် လှေကားတွေမရှိ။ ဤအချိန်ကို စောင့်ခဲ့ရတာ ကြာပြီ။

သူ့ဘဝကို အလီဘား ကုန်သင်္ဘောတွင် သင်္ဘောသား ပေါက်စလေး အဖြစ်နှင့် စတင်ခဲ့ရသည်။

အသက် ၁၆နှစ်သာ ရှိသေးသော်လည်း သူ့ခန္ဓာကိုယ်မှာ ဝအစ်နေပြီမို့ သင်္ဘောလှေကားများကို ပင်ပန်းစွာ တက်ခဲ့ရ ဆင်းခဲ့ရသည်။

အလီဘား သင်္ဘောကြီး ၁၉၃၇ ခုနှစ်၌ နယူးယောက်မြို့သို့ ဆိုက်သောအခါ မြူဇီသည် မြို့ကြီးကို တချက်တည်းကြည့်ပြီး သင်္ဘောပေါ်မှ အပြီးအပိုင် စွန့်ခွာခဲ့သည်။

မြူဇီသည် ဘာသာစကား လေးမျိုးကို ကျွမ်းကျင်စွာ ပြောဆိုတတ်ပြီး အတွက်အချက်လည်း မြန်သူ ဖြစ်သော ကြောင့် ဒုတိယ ကမ္ဘာစစ်အတွင်း မှောင်ခိုကုန် လုပ်ငန်းဖြင့် ကြီးပွားခဲ့သူ တူရကီ စဉ်းလဲကြီး ဂျာဟားလ်ဘီဇာ၏ သိုလှောင်ကုန်ရုံ၌ ကုန်စစ်ဆေးသူ အလုပ်ရသည်။

ဘီဇာသည် မြူဇီအား လေးစား၏။ မြူဇီခိုးတာ သူ တခါမှ မမိဘူးပေ။ ၁၉၄၇ ခုနှစ်တွင် မြူဇီသည် ဘီဇာ၏ စာရင်းကိုင် ဖြစ်နေပြီး တဖြည်းဖြည်းနှင့် အဘိုးကြီးသည် သူ့အပေါ် ပို၍ အားကိုးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီဇာသည် အသက်ကြီးလာသော်လည်း သူ့ဦးနှောက်က သွက်လက်သည်။ ကြည်လင်သည်။

တူရကီမှ ငယ်စဉ်ဘဝကို ပြန်တွေးနေတတ်သည်။

သူ့ စာများကို တူရကီဘာသာဖြင့် ပါးစပ်မှ ဖတ်ပြပြီး မြူဇီအား ဘာသာပြန်စေ၏။

ဘီဇာသည် သူ့စာများကို ဂုဏ်ယူစွာဖြင့် ဟိတ်ဟန်ထုတ်၍ ဖတ်ပြတတ်သည်။

သို့သော် တခါတရံ သူ့လက်ထဲ စာများစွာ စုပုံကိုင်ထား တတ်သဖြင့် ဘယ်စာကို ဖတ်ရမှန်း မသိ။

ဘီဇာ မျက်စိ မမှုန်သေး။ အင်္ဂလိပ်စကား ပြောတတ်သည်။

သို့သော် ဘီဇာ စာမဖတ်နိုင်တော့ကြောင်း မြူဇီ စမ်းသပ် စစ်ဆေး တွေ့ရှိလာရသည်။

ပြည်သူ့စာကြည့်တိုက်သို့ သွားလေ့လာခြင်းဖြင့် အက်ဖာ ဇီးယား (ဦးနှောက် ထိခိုက်မှုကြောင့် စကား သိပ်မပြောနိုင် ခြင်း)ဆိုသည့် ရောဂါအကြောင်း မြူဇီ သိလာရသည်။

ယခု အဘိုးကြီး ဘီဇာ၌ ထိုရောဂါ ရှိနေပြီ။

မြူဇီသည် သူ့ဘဝ တိုးတက်ရေးအတွက် အချိန်ယူစဉ်းစား သည်။

နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထား အတက်အကျတို့ကို မြူဇီ အကဲခတ်ပြီး တွက်ချက်သည်။

ဘီဇာ၏ ရရန်ရှိသော ငွေများကို အဘိုးကြီးအား အသိပေး မတိုင်ပင်ပဲ သူ့ကိုယ်ကျိုးအတွက် သုံးသည်။





စစ်ပြီးခေတ် ငွေကြေး မတည်ငြိမ်မှုများသည် မြူဇီအတွက် များစွာ အကျိုးရှိစေ၏။

သို့သော် တကြိမ်၌ ကံဆိုး၍ သူ့အိတ်ထဲမှ ဒေါ်လာ ၃၀၀၀ စိုက်ထုတ်ခဲ့ရသည်။

ကိစ္စမရှိ။ ထိုအချိန်၌ သူ ပိုက်ဆံအတော်ရှိနေပြီ။

တဖန် ... ဘီဇာအား 'ဟာရှစ်' ခိုးသွင်းရန် သဘော်၌ အံဝှက် တခုတီထွင်တပ်ဆင် စေခဲ့သဖြင့် အဘိုးကြီး သိပ်ကျေနပ်သွား သည်။

ဘီဇာ ကွယ်လွန်သောအခါ သူနှင့်အနေဝေးသော ဆွေမျိုး တစု ရောက်လာပြီး၊ သူ့လုပ်ငန်းကို အပိုင်သိမ်းကာ ဖျက်ဆီး လိုက်ကြသည်။

မြူဇီကား လက်ထဲ၌ ဒေါ်လာငွေ ၆၅၀၀၀ နှင့် မှောင်ခို ကုန်လုပ်ငန်း အဆက်အသွယ် အချို့ ကျန်ရှိခဲ့သည်။

ဤမျှနှင့်ပင် မြူဇီအဖို့ စီးပွားရှာရန် လုံလောက်သွားပြီ။

မြူဇီသည် ပွဲစားကြီးတယောက် ဖြစ်လာ၏။

သို့သော် မြူဇီသည် 'ဟယ်ရိုအင်း' ကဲ့သို့ အဆင့်မြင့် မူးယစ် ဆေးများနှင့် ပတ်သက်၍ အလုပ် မလုပ်ပေ။

ဟယ်ရိုအင်းသည် အန္တရာယ် များ၏။

ဟယ်ရိုအင်း လုပ်ငန်းသမားများကိုလည်း သူ မနှစ်ခြိုက်။

ဟာရှစ်က တကဏ္ဍ သပ်သပ်။

၁၉၇၂-ခုနှစ်တွင် အယ်(လ်)ဖာတာ အဖွဲ့ကြီး၏ ဂျီဟတ် အဲ(လ်)ရာ့(ဇ်၊ဒ်)အဖွဲ့ခွဲသည် ဟာရှစ် ရောင်းဝယ်မှု လုပ်ငန်း များတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ဘနွန်၌ မြူဇီ ဝယ်ယူခဲ့သော ကီလိုဝက် ဟာရှစ် အိတ်များပေါ်တွင် အယ်(လ်)ဖာတာ တံဆိပ်ဖြစ်သော ဆပ်မရွှင်းဂန်း ကိုင်ထားသည့် အာရပ် ပြောက်ကျား ရုပ်ကလေးများ ပါရှိသည်။

ဤ ဟာရှစ် အဆက်အသွယ်များမှ တဆင့် မြူဇီသည် အမေရိကန်ကြီး၏ စာကို လက်ဆင့်ကမ်းပေးခဲ့ပြီဖြစ်ပြီး၊ ၎င်းတို့က သူ့ကို ပလပ်စတစ်ဗုံးများ ခိုးသွင်းရန် ကမ်းလှမ်း လာခဲ့ခြင်း ဖြစ်သည်။

များမကြာမီ လများအတွင်းက မြူဇီသည် ဟာရှစ် ရောင်းဝယ်မှု အချို့ကို အဆက်ဖြတ်ပြီး၊ အရှေ့အလယ်ပိုင်းမှ အခြား ကိစ္စများကိုပါ သူ စည်းကမ်းတကျ ရပ်ဆိုင်းပစ်လျက်ရှိသည်။

သူ စနစ်တကျလုပ်ပြီး၊ မည်သူ့ ကိုမှ အတွယ်အတာ၊ အချိတ်အဆက် မထားခဲ့ချင်ပေ။

သူ ငြိမ်းချမ်းစွာ အငြိမ်းစားယူမှုနှင့် နေပယ်လ် ပင်လယ်အော် ရှုခင်းကို အမြဲမြင်နိုင်သော သူ့ အိမ်ပြင် ကွက်လပ်၌ ညစာ စားပွဲများကို လာရောက် နှောင့်ယှက်မည့် ရန်သူများ မဖြစ်ပေါ်စေလိုပေ။

ယခု လက်တီးရှားသင်္ဘောမှ ကိစ္စက သူ့အကြံအစည်များကို နှောင့်ယှက် ဟန့်တားနေကြပြီ။

အရှေ့ အလယ်ပိုင်းမှ သူ ဆုတ်ခွာနေပြီမို့ ပြောက်ကျားများသည် သူ့ကို အကဲခတ်ရ ခက်နေသည်။

လာမိုဆို ကိုယ်တိုင်လည်း သူ့ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း ထူထောင်ရန် ကြံစည်ထားပြီး ဖြစ်လောက်ပြီ။





လာမိုဆို ဘာပဲလုပ်လုပ် အာရပ်တွေကိုတော့ သူ အတော် ကသိကအောက်ဖြစ်အောင် လုပ်လိုက်ပြီ။

အီတလီ၌ သူအေးအေးဆေးဆေး နေနိုင်မည်ဟု မြူဇီသိ၏။

နယူးယောက် မြို့တော်ကြီး၌ သူ စွန့်စားရမည့် ကိစ္စတခု ရှိသေးသည်။ ပြီးလျှင်တော့ လွတ်ပြီ။ ကျွတ်ပြီ။

ဟိုတယ်ခန်း ခုတင်ပေါ် ဗိုက်ဆာဆာနှင့် ပက်လက်လှဲယင်း လူတီချီမြို့မှ ညစာစားပွဲသို့ ရောက်ရှိနေပုံကို သူ စိတ်ကူးယဉ်နေမိတော့သည်။

× × ×

ကာဘာကော့ဗ်သည် ခိုက်ခိုက်တုန် ချမ်းလျက် ပန်းခြံတွင်း သုံးသော ပလပ်စတစ် ရေပိုက်ခွေပေါ် ထိုင်နေသည်။

ကုန်လှောင်ရုံ အပေါ်ထပ်ရှိ ပစ္စည်းကိရိယာ ဂိုဒေါင်ငယ်လေးထဲသို့ လေအေး တိုက်ခတ်လာသည်။

နံရံများပေါ်၌ ရေခဲခြင်းမရှိ။ ဤဂိုဒေါင်လေးထဲ ပုန်းနေခြင်းဖြင့် လမ်းတဘက်ရှိ မြူဇီအိမ်ကို ကောင်းစွာ မြင်ရသည်။

ဘေးပြတင်းပေါက်မှ အပြင်သို့ ချောင်း ကြည့်နေသော အိပ်ငိုက်နေသည့်လူသည် ချော့ကလက်ပြားကို စက္ကူပတ်ဖြေ၍ ကိုက်စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အခြားလူနှစ်ယောက်သည် ကာဘာကော့ဗ် ဖုန်းဆက်ခေါ်သဖြင့် ဝါရှင်တန်မှ အငှားတင် ကားတစီးဖြင့် ရောက်လာခဲ့ကြ၏။

သူတို့တစုသည် ငါးနာရီလုံးလုံး ကုန်းလမ်းမှ လာရခြင်းမှာ အထူးလိုအပ်သောကြောင့် ဖြစ်သည်။

ၡင်းတို့၌ ပါလာသော ဆပ်မှရှင်းဂန်းများ၊ စနိုက်ပါရိုင်ဖယ်များ၊ လက်ပစ်ဗုံးများမှာ လေဆိပ်၌ ခေတ်မှန်ဖြင့် စစ်ဆေးခံရလျှင် အကုန် အဖမ်းခံရပေလိမ့်မည်။

အဖွဲ့ဝင်တဦးသည် ဤလမ်းတဘက်စွန်းရှိ အိမ်ခေါင်မိုးပေါ်၌ စောင့်နေပြီး၊ တတိယ တယောက်မှာ မြူဇီ၏ ရုံးခန်းထဲ၌ မိုရှက်ဗ်စကီးနှင့်အတူ ရှိနေသည်။ သူတို့သုံးဦးသည် တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ ဖြစ်ကြ၏။

အိပ်ငိုက်နေသော အစွရေးတပ်ဖွဲ့ဝင်သည် ကာဘာကော့ဗ်အား ချော့ကလက် ကမ်းပေးသည်။

ကာဘာကော့ဗ်က ခေါင်းခါပြသည်။

အနည်းငယ် ဟ,ထားသော ဂိုဒေါင်တံခါးချပ်မှနေ၍ မြူဇီ၏ အိမ်ကို မှန်ပြောင်းဖြင့် ဆက်ကြည့်နေသည်။

ကော်လီနှင့် အခြား အမေရိကန် အာဏာပိုင်များအား မြူဇီနှင့် မဒွန်နာ ရုပ်တုတို့အကြောင်း ဖွင့်မပြောပြခြင်းမှာ မိမိမှားသလား၊ မှန်သလား မပြောတတ်သေး။

သူ နှာခေါင်းရှုံလိုက်၏။





သူ မှန်သည်ဟု ယူဆသင့်သည်။ သို့မဟုတ် အမေရိကန်များက သူနှင့်မြူဇီအား ရဲစခန်းတခုခုတွင် ရှေ့နေတဦးရှေ့၌သာ စကားပြောခွင့်ပေးကြမည်။

ယခုအတိုင်းဆိုလျှင်တော့ အာရပ်များ မြူဇီကို မသတ်ပစ်ရသေးလျှင် မိမိစိတ်တိုင်းကျ စကားပြောခွင့် ရမည်။

မေးမြန်းခွင့် ရမည်။

မြူဇီသည် ဘရွတ်ကလင်း နယ်မြေ၊ သစ်ပင် တန်းစီ စိုက်ထားသော သာယာ လှပသည့် 'ကော်ဘယ်(လ်) ကုန်းမြင့်' ရပ်ကွက်တွင် နေထိုင်သည်။

သူနေသော တိုက်မှာ အခန်းလေးခန်း ပါရှိသည်။

မြူဇီ၏ အိပ်ခန်းမှာ မြေညီထပ်ရှိ အကျယ်ဆုံး အခန်း ဖြစ်သည်။

ဝင်ပေါက်မှာ အိမ်ရှေ့၌ တခုတည်းသာ ရှိသည်။

မြူဇီ လာလျှင် ထိုအပေါက်မှသာ ဝင်မည် ဖြစ်ကြောင်း ကာဘာကော့ဗ် သေချာပေါက် သိ၏။

မြူဇီသည် ပြတင်းပေါက်မှ ဝင်၍ရမည် မဟုတ်။

သူ သိပ်ဝလွန်းသည် မဟုတ်လား။

သူ့ အဝတ်ဗီရိုတွင်းရှိ အဝတ်အစားများတို ကြည့်ရုံဖြင့် ဤအချက်ကို သိခွင့်ရသည်။

ကာဘာကော့ဗ်သည် သူ့အလုပ်ကို မြန်မြန် ပြီးသွားချင်သည်။

ဗုံးများနှင့် ပတ်သက်၍ မြူဇီက သဲလွန်စ ကောင်းကောင်း ပေးနိုင်မှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားမှသာ ကော်လိုကို ဖွင့်ပြောမည်။

ကာဘာကော့ဇ်သည် မျက်ထောင့် နီကြီးဖြင့် လက်ပတ်နာရီကို ကြည့်လိုက်သည်။

မနက် ၇း၃၀ နာရီ။

မြူဇီ နေ့ခင်းပိုင်း၌ ပေါ်မလာလျှင် သူ့လူများ အလှည့်ကျ အိပ်နိုင်အောင် စီစဉ်၍ စောင့်ကြည့်ခိုင်းရမည်။

မြူဇီ လာရမည်။

လာကို လာရမည်ဟု ကာဘာကော့ဇ် တယောက်တည်း ရေရွတ်နေသည်။

မြူဇီ၏ ပတ်(စ်)ပို့ သုံးခုမှာ နာမည် သုံးမျိုးနှင့် ဖြစ်ပြီး၊ ယခု ကာဘာကော့ဇ်၏ ရင်ဘတ် အိတ်ထဲ ရောက်နေကြပြီ။

မြူဇီ့ အိပ်ခန်းထဲ ခပ်မြန်မြန် ရှာဖွေရာမှ ရရှိခဲ့သည်။

သူ့အိမ်ထဲမှာစောင့်ချင်သော်လည်း မြူဇီအဖို့ လမ်းပေါ်မှာ အန္တရာယ် ပိုရှိနေသောကြောင့် မိမိ ကာကွယ် ပေးနိုင်မည့် အနေအထားမှာ အသင့်ရှိနေဖို့ လိုအပ်သည်။

ကာဘာကော့ဇ်သည် မြူဇီ့ အိမ်ခန်း ပြတင်းပေါက်ဆီသို့ မှန်ပြောင်းဖြင့် ကြည့်ပြန်သည်။

ဗယ်ဘက် တိုက်အခန်း ပြတင်းပေါက်မှ ယင်းလိပ်သည် အပေါ်သို့ ပွင့်သွားသည်။

ကာဘာကော့ဇ် တကိုယ်လုံး တောင့်သွား၏။

အောက်ခံအင်္ကျီပါးပါး ဝတ်ထားသော မိန်းမတယောက် ပြတင်းပေါက်၌ ရပ်နေသည်။





သူမ နောက်ပြန် လှည့်သွားသောအခါ မီးဖိုခန်း စားပွဲ၌ ထိုင်နေသော ကလေးတယောက်ကို တွေ့ရသည်။

စောစောက အလုပ်သွားသူအချို့ ပလက်ဖောင်း ပေါ်မှ နေ၍ တစ်ပြိုအကွာရှိ 'ပီဗိဖိတ်' လမ်းမပေါ်မှ ဘတ်စ်ကား မှတ်တိုင်သို့ ခပ်သုတ်သုတ် သွားနေကြပြီ။

ကာဘာကော့ဇ်သည် ပတ်(စ်)ပို့များကို ဖွင့်ပြီး မြူဇီ၏ အစ်အစ် မျက်နှာကြီးကို အကြိမ် ငါးဆယ်မြောက် ကြည့်လိုက်မိပြန်သည်။

ကာဗာကော့ဇ် ခြေထောက်များ ကြွတက်ချင်နေပြီ။ ထို့ကြောင့် မတ်တတ်ထပြီး အညောင်း ဆန့်သည်။ သူ့အနားရှိ ဝေါ်ကီတော်ကီ စကားပြောစက်မှ အသံ မြည်လာသည်။

'ဂျယ်ရီ ဒင်ပယ်လ်-စ် ခင်ဗျား ရှေ့တံခါးမှာ သော့နဲ့ လူ တယောက်တွေ့တယ်'

'ရော်ဂျာ ဒင်ပယ်လ်-စ်'

ကာဘာကော့ဇ်က မိုက်ခွက်မှ ပြန်ပြောလိုက်သည်။

အောက်ထပ် ကုန်လှောင်ရုံထဲမှာ ညအိပ် စောင့်နေခဲ့သော ညစောင့် အလုပ်သမားနှင့် တာဝန်လဲရန် လာသူ ဖြစ်မည်။

တအောင့် အကြာတွင် လမ်းတဘက် အိမ်ခေါင်မိုးပေါ်မှ အစ္စရေးတဦးက ညစောင့်ကြီး ထွက်သွားကြောင်း သတင်း ပို့သည်။

ညစောင့်ကြီးသည် ကာဘာကော့ဇ်၏ မြင်ကွင်းထဲ၌ ပေါ်လာပြီး ဘတ်စ် မှတ်တိုင်သို့ လျှောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်က ပြတင်းပေါက်များဆီ ပြန်လှည့်ကြည့်သည်။

ဘတ်စ်ကားမှတ်တိုင်ကို လှမ်းကြည့်သောအခါ အစိမ်းရောင် ဘတ်စ်ကားကြီးပေါ်မှ သန့်ရှင်းရေးလုပ်သား အဘွားကြီးတစု ဆင်းလာကြသည်ကို တွေ့ရ၏။

သူတို့တစု ဈေးခြင်းတောင်း ကိုယ်စီဆွဲလျက် ဤလမ်းထဲသို့ ဝင်လာကြသည်။ သူတို့ထဲမှ အများစုမှာ ကာဘာကော့ဗ်ကဲ့သို့ပင် အရှေ့ဥရောပသား ရုပ်သွင်မျိုး ရှိကြသည်။

သူ ငယ်စဉ်က သိခဲ့ရသော အိမ်နီးချင်းများနှင့် အတော်ဆင်ကြသည်။

သူက သူတို့ကို မှန်ပြောင်းဖြင့် လိုက်ကြည့်နေသည်။

မိန်းမကြီးများသည် တယောက်ပြီးတယောက် မိမိတို့လုပ်နေကျ အိမ်များထဲ ဝင်သွားကြရာ သူတို့အုပ်စုမှာ ဦးရေ လျော့နည်းသွားသည်။

ယော၊ မြူရီ၏ အိမ်ရှေ့သို့ ရောက်လာကြပြီ။ အုပ်စုထဲမှ အလယ်မှ ခပ်ဝဝမိန်းမကြီးသည် ဈေးခြင်းတဘက်၊ တီးတဘက် ချိုင်းညှပ်လျက် ဝင်ပေါက်သို့ ချဉ်းကပ်လာသည်။ ကာဘာကော့ဗ်က သူ့ကို အနီးကပ်ချိန်ကြည့်သည်။

ဒီမိန်းမကြီး ဖိနပ်များက မသက်သာဖွယ်ကောင်းသည်။ ဖိနပ်က ယောက်ျားစီး ကော်ဒိုဗင် ဖိနပ်မျိုး။

ပြီးတော့ ဖောင်းအစ်နေသော ခြေသလုံး ပေါ်၌ မုတ်ဆိတ်ရိပ်ဓား ရှရာတချက် တွေ့ရသည်။





'ဒင်ပယ်လ်စ်ဂျယ်ရီ၊ ဒီမိန်းမ ဝတုတ်ကြီးဟာ မြူရီပဲ၊ ငါသွားတော့မယ်၊ လမ်းကို စောင့်ကြည့်ထား'

ကာဘာကော့ဗ်က ဝေါကီ တော်ကီမှ ပြောလိုက်သည်။

ကာဘာကော့ဗ်သည် ရိုင်ဖယ်ကိုဘေးချပြီး ဂိုဒေါင်ထောင့်မှ တူကြီးကို ကောက်ယူသည်။

'လမ်းကို စောင့်နေ'

သူ့ဘေးမှ အဖေါ်ကို ပြောသည်။ ထို့နောက် လှေကားငယ်မှ ပြေးဆင်းသွားသည်။ နေ့စောင့်ကြီး ကြားသွားလည်း သူ့မစိုက်နိုင်တော့ပါ။ အပြင်ဘက်ကို အမြန်အကဲခတ်ပြီး လမ်းဘက်သို့ ကူးသွားသည်။

အဝင်ပေါက်ဝမှာ သော့ခတ်မထား၊ မြူရီ၏ တံခါးရှေ့တွင်ရပ်ပြီး နားစွင့်လိုက်သည်။ သော့ကို တူကြီးနှင့် အားရပါးရ ထုသည်။ တံခါးကြီး ဝုန်းကနဲ ပွင့်သွားသည်။

ကာဘာကော့ဗ် သည် အခန်းထဲသို့ ပစ္စတိုကြီး ချိန်လျက်ဝင်သည်။ မိန်းမ အဝတ်အစားနှင့် လူဝကြီးကို တွေ့ရသည်။

မြူရီသည် အိပ်ခန်းတံခါးဝ၌ ရပ်နေသည်။ သူ့လက်ထဲမှာ အသွက်များ အထပ်လိုက် ကိုင်ထားသည်။

သူ့ပါးစောင်များ တုန်ခါနေသည်။ ကာဘာကော့ဗ်ကို အားလံထိုင်းမှိုင်းစွာ ပြန်ကြည့်နေသည်။

'ကျုပ်...ကျုပ်...ဘာမှ မလုပ်'

'ဟိုဘက်လှည့်၊ လက်တွေ နံရံပေါ် ချိတ်ထား'



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်က မြူဇီ ကိုယ်ပေါ်မှ လက်နက်များကို သေသေချာချာ ရှာဖွေသည်။ လက်ကိုင်အိတ်ထဲမှ ပစ္စတို သေ သေးလေးကို ထုတ်လိုက်သည်။

ထို့နောက် ပျက်စီးသွားသော တံခါးကို ပိတ်ပြီး ကုလားထိုင် ဖြင့် ခံထားသည်။

'ကျုပ်ခေါင်းပေါ်က ဆံပင်တုကြီး ချွတ်ခွင့်ပေးပါဗျာ ခေါင်းယားလို့'

'ဟင့်အင်း၊ ထိုင်စမ်း'

ကာဘာကော့ဗ်က ဝေါ်ကီတော်ကီမှ လှမ်းပြောသည်။

'ဒင်ပယ်လ်စ် ဂျယ်ရီ၊ မီရှက်ဗ် စကီးကို ခေါ်လိုက်၊ ထရပ် ကားပါ ယူခဲ့လို့ ပြော'

ကာဘာကော့ဗ်က သူ့အိတ်ထဲမှ ပတ်စ်ပို့များ ထုတ်သည်။

'မြူဇီ....ခင်ဗျား အသက်ရှည်ချင်သလား'

'မေးမှ မေတာ်ပလေတယ်၊ ခင်ဗျား ဘယ်သူလဲ၊ ကျုပ် မသိရဘူးလား၊ ခင်ဗျား ဝရမ်းလဲ မပြဘူး၊ ကျုပ်ကိုလဲ ချက်ချင်း မသတ်သေးဘူး၊ ဒါတော့ ထူးခြားတယ်'

ကာဘာကော့ဗ်က သူ့မှတ်ပုံတင်ကို မြူဇီအား ပြလိုက် သည်။ မြူဇီ၏ မျက်နှာထားက မပြောင်း။

သို့သော် သူ့ဦးနှောက်ကလျင်မြန်စွာ အလုပ်လုပ်နေသည်။ သူ အသက်ရှင်ခွင့်ရမည့် အခွင့်အလမ်း တခု ပေါ်ပြီ။

မြူဇီသည် သူ့ ရင်စည်းအဝတ်ပေါ် လက်နှစ်ဘက်ပိုက်ပြီး စောင့်နေသည်။





'ခင်ဗျားကို သူတို့ ငွေချေပြီးပြီ မဟုတ်လား'

ကာဘာကော့ဗ်က မေးသည်။

မြူဇီ မဖြေ။ ကာဘာကော့ဗ်၏ အသံတိတ်ကိရိယာတပ် တို့မှ ကျည်ဆန်နှသည့် မြူဇီ၏ လည်ပင်းနားရှိ ကုလားထိုင် ကို ဖောက်ထွက်သွားသည်။

'ဒီမယ် မြူဇီ၊ ခင်ဗျား ကျုပ်ကို မကူညီယင် ခင်ဗျားဟာ လူပဲ၊ ခင်ဗျားကို သူတို့ အရှင်ထားမှာ မဟုတ်ဘူး၊ ဒီမှာ ယင် ခင်ဗျား ထောင်ကျမှာပဲ၊ ကျုပ်တယောက်သာ ခင်ဗျား မျှော်လင့်ချက် ထားစရာပဲ၊ ခင်ဗျားနဲ့ အပေးအယူ တခု ချင်တယ်၊ ခင်ဗျား ကျုပ်ကို အားလုံးပြောပြယင် ခင်ဗျား ကနေဒီ လေဆိပ်က လေယာဉ်တစင်းပေါ် တင်ပေးလိုက် ယ်၊ ကျုပ်နဲ့ ကျုပ်လူတွေသာ ခင်ဗျားကို လေယာဉ်ပေါ် းမသိ ရန်မခပဲ တင်ပေးနိုင်ပါတယ်ဗျာ'

'ခင်ဗျားနာမည်ကို ကျုပ် ကြားဖူးပါတယ် ဗိုလ်မှူးကာဘာ ော့ဗ်၊ ခင်ဗျား ဘာလုပ်သလဲဆိုတာ ကျုပ်သိပါတယ်၊ ခင်ဗျား ဗ်ကို အရှင်ထားမယ်ဆိုတာ ကျုပ်မယုံဘူး'

'ခင်ဗျား အလုပ်လုပ်ယင် ကတိတည်လား'

'အင်း... တည်တာပေါ့'

'ကျုပ်လဲ ဒီလိုပဲပေါ့၊ ခင်ဗျား သူတို့ဆီက ပိုက်ဆံအများ း ရထားပြီ၊ ကျုပ်ကို ပြောပြစရာ ပြောပြီးယင် ခင်ဗျား ဖြုန်းပေတော့'

'အိုက်စလင်ကျွန်းမှာ သွားဖြုန်းရမှာလားဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ခင်ဗျားသဘောပဲ'

'ကောင်းပြီ ကျုပ်ပြောပြမယ်၊ ဒါပေမယ့် ကျုပ် ဒီညလေယာဉ်နဲ့ လစ်ချင်တယ်'

'ခင်ဗျားပေးတဲ့သတင်း အမှန်အကန်ဖြစ်ယင် ကျုပ် အဲဒါတာဝန်ယူတယ်'

'ဗိုးတွေ ဘယ်မှာရောက်နေသလဲ ကျုပ်မသိဘူး၊ ကျုပ်ကို ဒီမှာတကြိမ်၊ ဘေရွတ်မှာတကြိမ် လာဆက်သွယ်ခဲ့ကြတာပဲ၊ ပယ်ရီယေ တပုလင်း သောက်ပါရစေ၊ စကားပြောရတာ အာခြောက်လာပြီ'

မြူဇီက မျက်နှာမှ ချွေးများကို ရင်စည်းပိတ်စဖြင့် သုတ်ယင်း ပြောသည်။

'ခင်ဗျားအိမ်ကို ကျုပ်လူတွေ ဝိုင်းထားတာ သိတယ်မဟုတ်လား'

'ကျုပ် ထွက်မပြေးပါဘူး ဗိုလ်မှူးရယ်'

မီးဖိုနှင့် ဧည့်ခန်းကို ကောင်တာ စားပွဲတခုသာ ခြားထားသဖြင့် ကာဘာဂေဘ်သည် မြူဇီအား မျက်ခြည်မပြတ် တွေ့နိုင်သည်။ ထို့ကြောင့် ခေါင်းညိတ်ပြလိုက်သည်။

'ပထမဦးဆုံး အရေးပါသူက အမေရိကန်ကြီးပဲ'

'အမေရိကန်ကြီး ဟုတ်လား'

မြူဇီက ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်လိုက်သည်။

ရေခဲသေတ္တာထဲက ဗုံးကို စက္ကန့်ပိုင်းမျှသာ သူမြင်လိုက်ရပြီး မီးဖိုန်ရံတခုလုံး ပေါက်ကွဲထွက်သွားသည်။





မြူဇီလည်း ကိုယ်လက်အင်္ဂါ အစိတ်စိတ်အမြွှာမြွှာ ပြုတ်ထွက်သွားသည်။ အခန်းတခုလုံး ကွဲတက်လာသည်။

ကာဘာဂေဘ် လွင့်ထွက်သွားသည်။

နှာခေါင်းမှ သွေးများ ပန်းထွက်လာ၏။ ပြန်လဲကျသွားသည်။

အခန်းမှ အုတ်ကျိုးအုတ်ပဲ့ ပရိဘောဂ အစိတ်အပိုင်းများက သူ့ ခေါင်းတိုက် လွင့်စင်ကျလာသည်။

ကာဘာဂေဘ် အမှောင်ကမ္ဘာထဲ ရောက်သွားသည်။ တိတ်ဆိတ်သွားသည်။ ထို့နောက်.... မီးလောင်သံ တကျွတ်ကျွတ် ကြားရသည်။

မီးသတ်ဌာနသို့ ပထမဆုံး အသိပေးမှုမှာ နံနက် ဂ း ၀၅ နာရီတွင် ဖြစ်သည်။

ရဲစခန်းများ၌ အောက်ပါ သတင်းပုဒ်ကို တယ်လီပရင်တာစက်များမှ ထုတ်ပြန်ပေးသည်။

စာအမှတ် ၁၂/၀၇၂၈ ရဲစခန်း ၁၆ သတင်းပို့။ ဗုံးပေါက်ကွဲမှု ပြင်းထန်။ မီးလောင်။ ၃၇၂ ဗင်းဆင့်လမ်း။ ကင်း(စ်) မြို့နယ်ဆေးရုံသို့ အလောင်းနှစ်လောင်း ရောက်ရှိ။ ခွဲခန်းအမှတ် ၂၄။

ထို့နောက် အောက်ပါသတင်း ထပ်ထွက်လာ၏။

စာအမှတ် ၁၃/၀၇၂၀ အလောင်း တလောင်း။ အသက်ရှင်ရသူ တယောက်။ လောင်းအိုင်လင်ကောလိပ်ဆေးရုံသို့ တင်ပို့။



www.burmeseclassic.com

www.burmeseclassic.com



လောင်းအိုင်လင်ကောလိပ် ဆေးရုံ၏ စကြံလမ်းမှ မီးသ
ဗိုလ်ကြီး ထွက်လာသောအခါ ဒေးလီးနယူးစ်၊ နယူးယော
တိုင်း(မ်၊ စ်)နှင့် အေပီ သတင်းဌာနတို့မှ သတင်းထောက်မျာ
စောင့်နေကြသည်။

မီးသတ်ဗိုလ်ကြီး စိတ်တိုနေသည်။

မျက်နှာ နီနေသည်။

သူ့ ဘေး၌ ဆမ်ကောလီနှင့် သူ့ လက်ထောက်တို့ ပါလ
ကြသည်။

မီးသတ်ဗိုလ်ကြီးက လည်ချောင်း ရှင်းလိုက်သည်။

'မီးဖိုထဲမှာ ဓာတ်ငွေ့မီးဖိုကနေ ပေါက်ကွဲတာလို့ ထင်တ
ပါ၊ ကျုပ်တို့ စစ်ဆေးတုန်းပါပဲ'

မီးသတ်ဗိုလ်ကြီးက ကင်မရာမှ မျက်စိလွှဲ၍ ပြောသည်။

'ဘယ်သူတွေလဲ၊ သိပါသလား'

'သေတဲ့လူပဲ သိရတယ်'

သူ့ လက်ထဲမှ စာရွက်ကလေးကို ငုံ့ကြည့်သည်။

'နာမည်က ဘင်ဂျမင်မြူဇီတဲ့၊ မတ်ဇီလို့ ဖတ်ယင်လဲ ရတယ
မီးသတ်ဗိုလ်ကြီးသည် သတင်းထောက်များကြားမှ တိုး
ထွက်သွားသည်။

သူ့ လည်ဂုတ်ကြီးလည်း နီရဲနေ၏။

× × ×





ကြာသပတေးနေ့ မနက်တွင် ဘင်ဂျမင်မြူဇီအား အသက်
ထွက်သွားစေသည့်ဗုံးကို လွန်ခဲ့သော (၁၈) နာရီကတည်းက
မိုဟာမက်ဖာဆေးလ် ကိုယ်တိုင် ရေခဲသေတ္တာထဲ၌ လာရောက်
တပ်ဆင်ထားခြင်း ဖြစ်လေသည်။

ပလပ်စတစ်ထဲသို့ စနက်တံ မတည့်သွင်းမိကငင် ဖာဆေးလ်
လက်တဘက် ပြုတ်ထွက်ရတော့မလို ဖြစ်ခဲ့သည်။

ဖာဆေးလ် အမှားတခု လုပ်မိသည်။ ဗုံးကြောင့်မဟုတ်၊
လင်ဒါကြောင့် ဖြစ်၏။

လင်ဒါ၊ ဖာဆေးလ်နှင့် ဒါလီယာတို့ လေ့ကို ပြန်သိမ်းချိန်
မှာ အင်္ဂါနေ့ည သန်းခေါင်ယံ၌ ဖြစ်သည်။

လင်ဒါ၏အိမ်သို့ ပလပ်စတစ်ဗုံးများနှင့် ပြန်ရောက်သော
အခါ မနက် ၂-နာရီရှိပြီ။

အိမ်ထဲသို့ ဝင်သွားသောအခါ ဒါလီယာသည် လေ့ပေါ်၌
လမ်းလျှောက် နေရသကဲ့သို့ပင် ဖြစ်နေသည်။

သူမက စားစရာ သောက်စရာများ ခပ်မြန်မြန် စီစဉ်ပေးရာ
ဖာဆေးလ်သည် မီးဖိုခန်းစားပွဲ၌ ထိုင်၍ အငမ်းမရ စားသောက်
လိုက်သည်။

လင်ဒါ ဧည့်ခန်းဖိုဂိုဒေါင်ထဲသို့ သွားပို့ပေးသည်။ လင်ဒါသည်
ပလပ်စတစ်ဗုံးများကို ပစ်မထားနိုင်။ အိတ်တလုံးဖွင့်ပြီး မဒ္ဒန်
နာရုပ်တု ခေါက်ခုကို ခုံရှည်ပေါ် တင်ထားသည်။

သစ်ဥသစ်ဖု ကိုက်စားမည့် ရုပ်တုကောင်ပမာ လင်ဒါသည်
ရုပ်တုတခုကို လက်ထဲကိုင်၍ လှည့်ပတ်ကြည့်ပြီး နမ်းကြည့်သည်။
သွားနှင့် တို့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုရှ သို့မဟုတ် တရုတ်ပြည်မှ လုပ်သော ဟက်ဇိုဂျင်း ပလပ် စတစ်ကို ယမ်းဘီလူး (တီ၊ အင်၊ တီ) သို့မဟုတ် 'ကမ်နီကိုက်' နှင့် ရောရှ ရော်ဘာအတုဖြင့် ပေါင်းစပ်ထားခြင်း ဖြစ်မည်ဟု လင်ဒါ ယူဆသည်။

ဤ ဖြူပြာပြာ ပလပ်စတစ်သည် နေပူထဲ၌ ပစ်ထားသော ရေမိုက်ကဲ့သို့သော အနံ့မျိုး ရှိ၏။

ဆူပါတိုးလ် ကစားပွဲကြီး မကျင်းပမီ ကျန်ရှိသော ရက်သ ခြောက်ပတ်အတွင်း အလုပ်အားလုံးကို ခပ်သွက်သွက်လုပ်မှ ဖြ မည်ဟု သူဆုံးဖြတ်သည်။

ရုပ်တုလေးကို ချပြီး သူ့ လက်ချောင်းများ တည်ငြိမ်သွား စုပ်ပြွတ်ကို ယူသောက်သည်။

ဂိုဒေါင်ထဲသို့ ဝင်လာကြသော ဖာဆေးလ်နှင့် ဒါလီယာ တို့အား သူ စေ့စေ့မကြည့်။

ဖာဆေးလ်က 'အက်ဖီတာမိုင်း' ဆေးတပြား မြိုချလိုက် သည်။ ဖာဆေးလ်သည် ခုံရှည်ပေါ်မှ ရုပ်တုကလေး များအ သွားမည်အပြု ဒါလီယာက လှမ်းဆွဲထားလိုက်သည်။

'မိုက်ကယ် ကျွန်မတို့ ဆွေးနွေးထားတဲ့ ကိစ္စအတွက် ပလ စတစ် ကီလိုဝက် လိုနေတယ်'

သူမက မိုက်ကယ်လင်ဒါအား ချစ်သူချင်းပြောသော လေ မျိုးဖြင့် ပြောလိုက်သည်။

'မြူဇီကို ဘာလို့ သေနတ်နဲ့ ပစ်မသတ်လဲ'





ဖာဆေးလ်သည် ပလပ်စတစ်ပုံး များ ကို သဘောပေါ်၌ တပတ်လုံး စောင့်ရှောက်လာခဲ့ရသူဖြစ်ပြီး၊ စိတ်တိုနေသည်။ လင်ဒါ၏ စကားကို သူ သဘောမကျ။

'မြူဇီကို ဘာလို့ ပစ်မသတ်လဲတဲ့၊ ဒီမယ် ခင်ဗျား ဘာမှ လုပ်စရာ မလိုပါဘူး၊ ကျုပ်ကိုသာ ပလပ်စတစ် ပေးစမ်းပါ'

ဖာဆေးလ်က ခုံရှည်ဆီ လက်လှမ်းလိုက်သည်။

လင်ဒါက အောက်ဘက်စင်မှ လျှပ်စစ်လှံကို ဆတ်ကနဲ ဆွဲယူ ပြီး ခလုတ်ဖွင့်လိုက်သည်။

လျှပ်စစ်လှံသည် ဖာဆေးလ်၏လက်မှ လက်မဝက် အကွာသို့ ရောက်နေသည်။ ဖာဆေးလ် မလှုပ်ဝံ့။

'တောင်းပန်ပါတယ် မစ္စတာ လင်ဒါ၊ ခင်ဗျားကို မလေး စားလို့ မဟုတ်ပါဘူး၊ ကျုပ်တို့ သေနတ်နဲ့ ပစ်လို့ရချင်မှရမယ် လေ၊ ခင်ဗျားရဲ့ စီမံကိန်း အနှောင့်အယှက် မဖြစ်ရအောင် ဟာ ကွက် လွတ်ကွက် အားလုံးကို လိုက်ပိတ်ဆို့ပေးမလို့ပါ'

'ကောင်းပြီ'

လင်ဒါက တိုးတိုးလေး ပြောသဖြင့် ဆူညံနေသောလျှပ်စစ် လှံ၏ အသံက ပိုကျယ်နေသည်။

ဒါလီယာ ကောင်းကောင်း မကြားရ။

လင်ဒါက လှံကို ခလုတ်ပိတ်လိုက်သည်။ ရုပ်တုတခုကို မား ဖြင့် ထက်ခြမ်းခွဲသည်။

'စနက်တံနဲ့ ဝါယာကြိုး ရှိလား'

'ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာက်ထရီ လိုဦးမလား၊ ကျုပ်မှာ အပိုရှိတယ်လေ'

'မလိုဘူး၊ ကျေးဇူးတင်ပါတယ်'

ဒါလီယာနှင့် ဖာဆေးလ် တို့သည် မြူဇီအား လုပ်ကြံမှု အတွက် လင်ဒါကြားဖြင့် ဘရွတ်ကလင်သို့ ဦးတည် မောင်းထွက်သွားကြသောအခါ လင်ဒါသည် သူ့အလုပ် ခုံရှည်တွင် အလုပ်လုပ်နေရာမှ လှည့်မကြည့်ပေ။

ဒဗလျူစီဘီအက်စ် သတင်း အသံလွှင့်ဌာန ဂဂမှ နေ့ခင်းကြားသပတေးနေ့ မနက် ၇း၃၀ နာရီတွင် ဗုံးပေါက်ကွဲမှုသတင်းကို ကြေငြာပြီး ၉း၄၅ နာရီတွင် သေဆုံးသူမှာ မြူဇီ ဖြစ်ကြောင်း ထပ်ကြေငြာသည်။

ဒါလီယာနှင့် ဖာဆေးလ်တို့ အကြံ အောင်သွားပြီ။ လင်ဒါနှင့် ပလပ်စတစ်ဗုံး ဆက်သွယ်မှု လမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်ပြီ။

ကြာသပတေးနေ့သည် ချောမောစွာဖြင့် စတင်နေပြီ။

အလုပ်ရုံထဲသို့ ဒါလီယာ ဝင်လာသည်ကို လင်ဒါကြား၏။ သူမက ကော်ဖီတခွက် ယူလာပေးသည်။

'သတင်းကောင်းတော့ ကြားပြီးပြီ'

လင်ဒါက ပြောလိုက်သည်။ သတင်း ထပ်ကြေငြာစဉ် သူသေသေချာချာ နားထောင်သည်။ သူမ မက်မုံသီးတလုံးကိုက်စားနေသည်။

'ဒင်းရာရတာ ဘယ်သူလဲမသိဘူး၊ မြူဇီတပည့်ဂရိုကြီး ဖြစ်မယ်ထင်တယ်'





'ငါဒီဂရိုကြီးအတွက် မစိုးရိမ်ပါဘူး၊ ငါ့ကိုသူ တခါပဲတွေ့ဖူးတယ်၊ ငါတို့ပြောတာတွေလဲ သူမကြားလိုက်ဘူး၊ မြူဇီကလဲ သူ့ကိုလုံးလုံး ဂရုမစိုက်ဘူး၊ ဒီငနဲကြီးကို သူလုံးလုံးယုံကြည်ပုံ မရဘူး'

လင်ဒါက သူ့အလုပ်ကို ခေတ္တရပ်ပြီး၊ နံရံကို မှီရပ်ကာ မက်မုံသီး စားနေသော ဒါလီယာအား ကြည့်လိုက်သည်။ ဒါလီယာက သစ်သီးကို အရသာခံ စားနေသည်။ သူမကလည်း အလုပ် ပြန်ဆက်လုပ်နေသော လင်ဒါကို အကဲခတ်နေသည်။ သူမ အနည်းငယ် စိုးရိမ်နေ၏။

ဖာဆေးလ် သည် မနေ့က အတော်ကြာကြာ အိပ်နေသည်။ ယနေ့ မနက်ထိလည်း အိပ်တုန်း။ တော်ကြာမှ နိုးမည်။ သူ့ အကြံ အောင်မြင်မှုကြောင့် ဝမ်းသာသွားမည်။ ဘဝင်မြင့်ချင်မည်။ သို့သော် ထိုအမူအရာ မပေါ် အောင် နေတတ်ဖို့ လိုသည်။

သူမသည် သံဂဟောဆက်ကိရိယာပေါ်မှ စေ့စပ်စွာ လှုပ်ရှားနေသော လင်ဒါ၏ လက်ချောင်းရှည်ရှည်များကို ကြည့်နေသည်။

ဖာဆေးလ် သည် လင်ဒါနှင့် အမှားတခု လုပ်မိသွားရာ နောက်ထပ် ထိုသို့ မဖြစ်အောင် ဂရုစိုက်ဖို့ လိုသည်။

ဖာဆေးလ်သတိမထားလျှင်ဖာဆေးလ်၏အိမ်ဦးပင်သေးထွက်သံယိုမှု ဖြစ်ပြီး စီမံကိန်းကြီး ပျက်စီးသွားလိမ့်မည် ဖြစ်ကြောင်း သူမက ဖာဆေးလ် အား ရှင်းပြထားရမည်။

စီမံကိန်းကြီး အတွက် ဖာဆေးလ် ၏ ဖျတ်လတ်သော၊ ရက်စက်သောဦးနှောက်နှင့် အရေးပါသော အချိန် ကာလ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ယမ်းလက်နက် အင်အားများ လိုအပ်မည်။ ေ
သဘောကြီး၌ ဗုံးများတပ်ဆင်သော အခါ၌လည်း သူ့ကို အာ
ကိုးရမည်။ ဖာဆေးလ်ကို လက်လွှတ်၍ မဖြစ်သေး။

ဖာဆေးလ် သည် အကြမ်းဖက် အဖွဲ့အစည်းထဲတွင် သာ
အားဖြင့် သူမ၏ အထက်လူကြီး ဖြစ်သည်။

သို့သော် ဤစစ်ဆင်ရေးကြီးမှာ သူမ၏ စစ်ဆင်ရေး ဖြ
ကြောင်း ခေါင်းဆောင်နာဂျီးယားကိုယ်တိုင်က အသိအမှတ်ပြ
ပေးအပ်ခဲ့သည်။

ထို့ပြင် သူမသည် လင်ဒါအဖို့ သော့ချက်ကျသူ ဖြစ်ပြီး
လင်ဒါသည်လည်း အစားထိုး မရနိုင်သော လူတဦး ဖြစ်ေ
သည်။

တဘက်တွင်မူ နာဂျီးယား သေဆုံးသွားပြီမို့ ဖာဆေး
သည် နာဂျီးယားကို သြဇာခံရန် မလိုတော့ပေ။

ဖာဆေးလ်သည် မိန်းမများအပေါ် အမြင်ကျယ်သူ မဟုတ်
သူတို့အားလုံး ပြင်သစ်ဘာသာ ဖြင့်သာ ပြောဆိုကြလျှင်
အဆင်ပြေမည်။ ဤခြားနားမှုလေး တခုသည် များစွာ တန်ဖိုး
ရှိလိမ့်မည်။

ပညာတတ် အာရပ် တဦး ပီပီ၊ ဖာဆေးလ် သည် လူ
ဆက်ဆံရေးကို ပုံစံနှစ်မျိုးဖြင့် သင်ကြားတတ်မြောက်ထား၏

ပြင်သစ်စကား ပြောရသော လူမှုရေးကိစ္စတွင် ဖာဆေး
သည် မိန်းမများကို ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံတတ်၏။

မိမိ အာရပ်လူမျိုး ကြားတွင်မူ မိန်းမများကို ကာမရာ
အတွက် အသုံးဝင်သောသူများ အဖြစ်သာ မြင်၏။





'ဒါလီယာ....'

လင်ဒါ၏ အသံကြောင့် သူမ သတိ ပြန်လည်သွားသည်။
သို့သော် သူမ၏ မျက်နှာထားက ပြောင်းမသွားပေ။ သူမ၏
င်နိုင်လှသော လှည့်စားကွက်တခု ဖြစ်၏။

'ငါ့ကို ပင်အပ် နှုတ်သီးပါတဲ့ ဖလာယာ ပေးစမ်းပါ'

လင်ဒါ၏ အသံရော၊ လက်များပါ ထည့်ငြိမ် နေကြသည်။
ကောင်းသော နိမိတ် လက္ခဏာဟု ဆိုရမည်။

ဒါလီယာသည် လင်ဒါနှင့်အတူ မျဝေ ခံစားသော နား
ည်မှုနှင့် နှစ်သက်မှုတို့၌ ယုံကြည်၏။

ပြီးတော့ လင်ဒါ၏ ကော်ပီထဲ၌ ဖျော်ထည့် ပေးထားသော
'ဇလိုပရိုမာဇင်း' ဆေး ၅၀ မီလီဂရမ်ကိုလည်း သူမယုံကြည်၏။



www.burmeseclassic.com

## အခန်း ။ ၉ ။

ကာဘာကောဗ်သည် ရေငုပ်ပြီး လေပြန်ရှူရန် အပေါ်သို့ ကြိုးစားတက်လာသူပမာ သတိ လည်အောင် မနည်း ရုန်းကန်ခဲ့ရသည်။

ရင်ဘတ်ထဲ စူလောင်နေသည်။

သူ့ လည်ပင်းကို လက်နှင့် ဖမ်းဆုပ်ရန် ကြိုးဖမ်းသည်။

သို့သော် သူ့ လက်ကောက်ဝတ်များ မလှုပ်ရှား မရ။ သူ ဆေးရုံပေါ် ရောက်နေကြောင်း သိလာရသည်။

သူ ခုတင်ဖာလုံးပေါ်၌ ရှိနေသည်။ ခုတင်ဘေးမှာ တစုံတယောက် ရပ်နေသည်။





သူ မျက်လုံးများကို မဖွင့်ချင်။ သူ့ ခန္ဓာကိုယ်ကို သူ့ စိတ်ခွန်အားက ချုပ်ကိုင်ထားသည်။

သူ့ စိတ်ကို လျှော့ချရမည်။

ရုန်းကန်၍ သွေးထွက်ခြင်းမျိုး မရှိစေရ။

ဆေးရုံပေါ်၌ သတိပြန်ရခြင်းသည် ယခု ပထမဆုံးအကြိမ် ဖြစ်သည်တော့ မဟုတ်။

မိုရှက်ဗ်စကီးသည် သူ့ လက်ကောက်ဝတ်များကို ချုပ်ထားရာမှ အခန်းတံခါးဝ၌ ရပ်နေသော အော်ဒလီဘက် လှည့်သည်။

'သတိ လည်လာပြီ၊ ဆရာဝန် သွားခေါ်လိုက်၊ မြန်မြန်လုပ်'

မိုရှက်ဗ်စကီးက ဟောက်လိုက်၏။

ကာဘာကောဗ်က လက်တဘက်မှ လက်ချောင်း ဆုပ်ပြီး ဖြေသည်။ အခြား တဘက်ကိုလည်း ထိုနည်းတူ လုပ်ကြည့်သည်။

ညာခြေ လှုပ်သည်။

ပြီး....ဘယ်ခြေ လှုပ်သည်။

ကာဘာကောဗ် ဘာလုပ်နေရန်း မိုရှက်ဗ်စကီး သိ၏။

ကာဘာကောဗ်သည် ခြေလက်အင်္ဂါ စုံမစုံ၊ ကြီးမားစွာ ထိခိုက်ရာရရှိခြင်း ရှိမရှိ၊ မိမိဘာသာ စစ်ဆေးနေခြင်း ဖြစ်သည်။

မိုရှက်ဗ်စကီး ကိုယ်တိုင်လည်း ဒါမျိုး အကြိမ်ကြိမ် လုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိနစ် အတော်ကြာသည်အထိ ကာဘာကော့ဗ်သည် ဆေးရုံခန်းနှင့် အမှောင်ထုအကြား ခေါက်တုံ့ခေါက်ပြန် လျှောက်သွားလျက် ရှိသည်။

မို့ရှက်ဗ်စကီး ပါးစပ်မှ ခပ်တိုးတိုးကျိန်ဆဲလျက် အခန်းပြင်ထွက်ရန် ခြေလှမ်းစဉ် ဆရာဝန်နှင့် သူနာပြုဆရာမတို့ ဝင်လာကြသည်။

ဆရာဝန်သည် ကိုယ်လုံး ခပ်သွယ်သွယ်၊ နှာခေါင်းဆယ်မွေး ခပ်ရှည်ရှည်နှင့် ဖြစ်သည်။

သူနာပြုဆရာမသည် လူနာနှင့် မထိအောင် သတ္တုဘောင်ဖြင့် အပေါ်မှ ချိတ်ဆွဲ၍ ရှက်တဲပမာ ဖုံးအုပ်ထားသော အောက်စီဂျင်တဲအိမ်ကလေးကို ဖွင့်ပြီး ကာဘာကော့ဗ် ကိုယ်ပေါ်မှ စောင်ကို ခွာသည်။

ဆရာဝန်က ဗယားချုပ်ကို စစ်ဆေးသည်။

ကာဘာကော့ဗ်၏ မျက်လုံးများကို ဖောင်တိန်အရွယ် လက်နှိပ်ဓာတ်မီးနှင့် ထိုး ကြည့်သည်။

ကာဘာကော့ဗ် မျက်လုံးများ နီရဲနေပြီး မျက်ရည်များ ကျလာသည်။

ဆရာမက မျက်စဉ်းခတ်ပေးသည်။

အဖျားတိုင်းကိရိယာကို ခါသည်။

ဆရာဝန်က ကာဘာကော့ဗ်၏ အသက်ရှူသံကို နားထောင်အကဲခတ်သည်။

အေးစက်သော နားကျပ်နှင့် စမ်းသပ်ခံလိုက်ရသောအခါ ကာဘာကော့ဗ် ကြက်သီးထသွား၏။





ဗယ်ဘက် နံရိုးစုပေါ်၌ ပလာစတာ ကပ်ထားသည်ကို တွေ့ရသည်။

အရေးပေါ်ဌာနက သေသပ်စွာ လုပ်ပေးလိုက်ကြသည်။

ကာဘာကော့ဗ် ကိုယ်ပေါ်မှ ပြန့်ကျဲနေသော အမာရွတ်ဟောင်းများကို ဆရာဝန်က စိတ်ဝင်တစား ကြည့်သည်။

'ခင်ဗျား မှောင်မကျွယ်ပါနဲ့လားဗျာ'

ဆရာဝန်က မို့ရှက်ဗ်စကီးအား ပြောသည်။

မို့ရှက်ဗ်စကီးက ဘေးတလှမ်းသာ ရွှေ့ပေးသည်။

ထို့နောက် အစစ်ဆေးခံသော ဂုဏ်ပြုတပ်ဖွဲ့မှ စစ်သားတဦးပမာ တောင့်တောင့်ကြီး ရပ်နေသည်။ မျက်လုံးများက မြင်းအပြင်ဘက်သို့ ကြည့်နေသည်။

ပြီး...ဆရာဝန်နောက်က လိုက်သွားသည်။ စကြံလမ်းတွင် ဆမ်ကော်လီ စောင့်နေသည်။

'ဘယ့်နှယ်နေလဲ'

ဆရာဝန်လေးက မျက်ခုံးပင့်ပြလိုက်သည်။ သူ စိတ်ရှုပ်နေပုံရ၏။

'ဩော်...ခင်ဗျားက အက်ဖ်ဘီအိုင်ကပဲ၊ သူ ဗုံးဒဏ်ကြောင့်ခေါင်း နည်းနည်း ဒဏ်ရာရသွားတယ်၊ ဓာတ်မှန်ကြည့်ရတာတော့ သိပ် မဆိုးပါဘူး၊ နံရိုးသုံးချောင်း ကျိုးသွားတယ်၊ ညယ်ဘက်မေ့ခေါင်မှာ အပူလောင်သွားတယ်၊ မီးခိုးဝင်လို့ သူ့အဆုတ်နဲ့ လည်ချောင်း နည်းနည်း ဒုက္ခဖြစ်ရမယ်၊ နှာခေါင်းဆိုင်းနပိစ် ပေါက်သွားတယ်၊ နား နှာခေါင်း လည်ချောင်းဆရာဝန်တဦး နေ့ခင်းကျ လာကုပေးလိမ့်မယ်၊ မျက်လုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နားရှက်ကတော့ အိုကေပဲ၊ နားနည်းနည်းအူနေဦးမယ်တော့ ထင်တာပဲ၊ ဒါ အဆန်းမဟုတ်ပါဘူး'

'ဆေးရုံအုပ်ကြီးက သူဟာ သိပ်အရေးပါတဲ့ လူနာ ဖြစ်ကြောင်း ခင်ဗျားကို ပြောထားပြီးရောပေါ့'

'ဆေးရုံ အုပ်ကြီးက သူ့ကို ကြိုက်သလို စာရင်းသွင်းထားနိုင်တယ်၊ သူ့အခြေအနေက မကောင်းဘူး ပြောလဲ ရတယ်၊ ကောင်းတယ်လို့ ပြောလဲရတယ်၊ သူ့ခန္ဓာကိုယ်က အတော်သန်ပါတယ်၊ သူ့ကိုယ်ကို အတော် ကြမ်းကြမ်း တမ်းတမ်း အသုံးပြုထားပုံပဲ'

'ဒါပေမယ့်'

'မစ္စတာကော်လီ၊ ဆေးရုံအုပ်ကြီး အနေနဲ့ သူ့ကို ကိုယ်ဝန်ရှိတယ်လို့ ပြည်သူတွေ သိအောင်ပြောလဲ ကျွန်တော် ဂရုမစိုက်ဘူး၊ သူ့ကို ကျွန်တော် မဖိဆန်ပါဘူး၊ ခုဟာက ဘယ်လိုဖြစ်တာလဲ သိပါရစေ'

'ခုတ်ဓွေမီးဖို ပေါက်ကွဲမှု ထင်တာပဲ'

'ဟုတ်မှာပေါ့'

ဆရာဝန်ကလေးက နှာခေါင်းတချက် ရှုံ့ပြပြီး ထွက်သွား၏။

'ခင်ဗျား အင်္ဂလိပ်စကား ပြောတတ်တယ်နော်'

ကော်လီက မိုရှက်ဗ်စကီးကို ပြောသည်။

'နည်းနည်းပဲတတ်တယ်'

မိုရှက်ဗ်စကီးက ပြန်ဖြေပြီး အခန်းထဲပြန်ဝင်သည်။ ကော်လီက သူ့ကျောပြင်ကို စိုက်ကြည့်လျက် ကျန်ခဲ့သည်။





ကာဘာကော့ဗ်သည် နေ့ခင်းပိုင်း တနေ့လုံး အိပ်နေသည်။ ဝိတ်ငြိမ်ဆေး ပြယ်သွားသောအခါ သူ့ မျက်ခွံများ အောက်မှ မျက်လုံးများ လှုပ်လာသည်။

အိပ်မက်မက်သည်။ အိပ်မက်ထဲမှ အရောင်များက တောက်ပသန်းသည်။

တယ်လာဗစ်မြို့ အိပ်ခန်းထဲ၌ သူ ရောက်နေသည်။ အနီရောင် တယ်လီဖုန်းက မြည်နေသည်။ သူ လှမ်းကိုင်၍မရ။ ကြမ်းပေါ်တွင် အဝတ်များနှင့် ပလုံးပထွေး ဖြစ်နေသည်။ အဝတ်များက ကော်ဒိုက်ယမ်းနံ့ စွဲနေသည်။

ကာဘာကော့ဗ်သည် ဆေးရုံမှ စောင်ကို ဆုပ်ကိုင်လိုက်၏။ စောင်ပြုသွားသံ ကြားသဖြင့် မိုရှက်ဗ်စကီးက ကုလားထိုင်မှ ခုန်ထသည်။

ကာဘာကော့ဗ်၏ လက်သီးဆုပ်ကို ပြန်ဖြေပြီး သေး၌ချပေးသည်။ စောင်သာပြုသွားပြီး ပတ်တီးများ ဘာမှမဖြစ်၍ တော်သေးသည်။

ကာဘာကော့ဗ် အိပ်ရာမှ နိုးသောအခါ ပြန်သတိရလာ၏။

မြူနီ၏အိမ်၌ ဖြစ်သော အဖြစ်အပျက်များသည် အစီအစဉ်အတိုင်း မဟုတ်သဖြင့် သူ ပြန်ပြီး စီစဉ်ရသည်။

ညရောက်သောအခါ အောက်စီဂျင် တဲကလေးကို ဖြုတ်ပေးလိုက်သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ဆေးရုံကား ရောက်လာပုံ၊ သတင်းထောက်များအား လှည့်ဖြားရှုရှင်းပြပုံ တို့ကို မိုရှက်ဗ်စကီးက



www.burmeseclassic.com

www.burmeseclassic.com

ပြန် ပြောပြနေစဉ် သူ နားအူမှု တဖြည်းဖြည်း ပျောက်သွားသည်။

အခန်းထဲသို့ ကော်လီ ဝင်လာသောအခါ ကာဘာကော့ပ် ကောင်းစွာ ကြားရသည်။

'မြူဇီ့ အကြောင်း ပြောစမ်းပါ'

ကော်လီက စိတ်တိုတိုနှင့် ပြောလိုက်သည်။

ကာဘာကော့ပ် စကားမပြောချင်။ စကားပြောလျှင် ချောင်းဆိုးပြီး ရင်ဘတ်ထဲက ပူလောင်လာသည်။ မိုရှက်ဗ်စကီးကို ခေါင်းညိတ်ပြသည်။

'ပြောပြလိုက်စမ်းကွာ'

'မြူဇီဟာ ကုန်သွင်းသူ ဖြစ်တယ်'

'အို... ဒါတော့ ကျုပ်သိတာပေါ့၊ သူ့မှတ်တမ်း ကျုပ်မှာ ရှိသားပဲ၊ ခင်ဗျားတို့ မြင်ခဲ့ ကြားခဲ့တာကိုပြော'

မိုရှက်ဗ်စကီးက ကာဘာကော့ပ်ကို လှမ်းကြည့်သည်။ ကာဘာကော့ပ်က ခေါင်းညိတ်ပြသည်။

ဖော်ဇီကို မေးမြန်းစစ်ဆေးပုံမှ စတင်၍ မဒွန်နာရုပ်တုကို တွေ့ရှိပုံ၊ သင်္ဘောမှတ်တမ်းစာရွက်များ စစ်ဆေးပုံတို့ကို ပြောပြသည်။

ကာဘာကော့ပ်က မြူဇီ၏ အခန်းမှ အဖြစ်အပျက်များကို ဝင်ထောက်သည်။

သူတို့ ရှင်းပြီးသောအခါ ကော်လီက ကာဘာကော့ပ် ခုတင်ဘေးရှိ ဖုန်းကို ကောက်ဆက်ပြီး အမိန့်ညွှန်ကြား ချက်များ မရပ်မနား ပေးလိုက်သည်။





လက်တီးရှား သင်္ဘောနှင့် သင်္ဘောသားများကို ရှာဖွေရန် ဝရမ်းထုတ်ခိုင်းသည်။ ကာဘာကော့ပ်က ကြားဖြတ်ပြောသည်။

'ဖော်ဇီကို သင်္ဘောသားတွေ ရှေ့မှာ အရှက်ခွဲခိုင်းစမ်းပါ'

'ဗျာ....'

ကော်လီက ဖုန်းခွက်ကို လက်တဖက်နှင့် အုပ်၍ ပြန်မေးသည်။

'ဖော်ဇီဟာ အစိုးရကို မကူညီလို့ ဖမ်းလိုက်တဲ့ အကြောင်း ပြောပေါ့၊ ဒီကောင့်ကို နည်းနည်း ဖိအားပေးရမယ်၊ သူ့ကို ကျုပ်ပြန်ကူညီရမယ်၊ သူ့အမျိုးတွေ ဘေရွတ်မှာရှိတယ်'

'သူတိုင်ယင် ကျုပ်တို့ ပြဿနာတက်မှာ'

'သူမတိုင်ဝံ့ပါဘူး'

ကော်လီက ဖုန်းမှ ဆက်လက်၍ မိနစ် အတော်ကြာအောင် အမိန့် ထပ်ပေးသည်။

'အေး... ဒါပဲတော့ ပီယာဆင်။ ဖော်ဇီကို မင်း နမူနာပေး လိုက်ကွာ၊ ငါ့ကို ဘာမှ မေးမနေနဲ့၊ လုပ်သာလုပ်'

ကော်လီက ဖုန်းချလိုက်သည်။

'ကဲ... ကာဘာကော့ပ် ခင်ဗျားကို လူနှစ်ယောက် ဂေါက်သီးရိုက်တံအိတ်ကြီးထဲ ထည့်ပြီး အိမ်ထဲက ဆွဲထုတ်လာကြတယ်လို့ မီးသတ်ဌာနက အစီရင်ခံစာမှာ ဖော်ပြထားတယ်၊ ဒီလူနှစ်ယောက်က မီးလောင်နေတုန်း အဲဒီရှေ့က ဖြတ်သွားတဲ့ ဂေါက်သီးသမား နှစ်ယောက်တဲ့၊ သူတို့သတ္တိက ချီးမွမ်းလောက်ပါတယ်၊ အဲ— ဆေးရုံကား ရောက်လာတော့ သူတို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားတစီးနဲ့ အခင်းဖြစ်ရာက ရှောင်ခွာသွားကြသတဲ့ ဒီထရပ်ကားက ဘာလဲ၊ ဂေါက်ကွင်းက လွှန်းပျံ့ယာဉ်လား ဟောဒီမယ် ရဲက ပူးတွဲ့ အစီရင်ခံစာထဲမှာတော့ ဒီလူနှစ်ယောက် စကားပြောပုံက ကြောင်တောင်တောင်ပဲလို့ ဖော်ပြထားတယ် ခင်ဗျားလိုပဲပေါ့ ကာဘာကော့ဗ်၊ ခင်ဗျား ဘာတွေ လျှောက် လုပ်နေသလဲ၊ ကျုပ်ကို ချောက်တွန်းမလို့လား’

‘ကျုပ် သတင်းထူးရယင် ခင်ဗျားကို လှမ်းခေါ်မလို့ပဲ’

ကာဘာကော့ဗ်က ခပ်မာမာပင် ပြောသည်။

‘ခင်ဗျား တယ်လာဗစ်ကနေ ကျုပ်ဆီပို့စကတ်လေးတစောင် မှိုလိုက်ပါတော့လား၊ တကတဲ’

ကော်လီက ပြတင်းပေါက်ကနေ၍ တမိနစ်ခန့် အပြင်သို့ ကြည့်နေသည်။ ခုတင်ဘက် ပြန်လှည့်သောအခါ သူ စိတ်ဆိုး ပြေသွားပြီ။

ဒေါသကို ချုပ်တည်းနိုင်ခဲ့ပြီမို့ သူ အလုပ်လုပ်ရန် အသင့် ရှိပြီ။ ကျွဲအရည်အချင်းကို ကာဘာကော့ဗ် လေးစား၏။

‘အမေရိကန် တယောက် ဖြစ်တဲ့ မြူဇီပြောတာပဲ၊ မြူဇီ ကို မသင်္ကာဖြစ်စရာ သိပ်မရှိဘူး၊ ရဲမှတ်တမ်းမှာ သူ တခါပဲ အဖမ်း ခံရဖူးတယ်၊ ပြင်သစ် စားသောက်ဆိုင် တခုမှာ ခိုက်ရန်ဖြစ်ပွား မှုကြောင့်ပဲ၊ ဒါပေမယ့် တရားလိုက စွဲချက်ကို ရုပ်သိမ်းလိုက် တယ်၊ သူ့ အိမ်ထဲကလဲ ဘာမှ သဲလွန်စ မရဘူး၊ ပိုးကဗျော တပေါင်သာ လေးတွဲ ပလပ်စတစ်ဗူးပဲ၊ ရေခဲသေတ္တာထဲက ဓာတ်မီးလုံး ဆော့ကက်နဲ့ ဆက်ထားတယ် ထင်တာပဲ၊ တပ် ဆင်ပုံက တော်တော် ပညာပါတယ်’





‘ဒါမျိုး ကျုပ် ကြားဖူးတယ်’

‘ခင်ဗျားကို နက်ဖြန်ကျယင် ဘက်တက်စ်ဒါရေတပ်ဆေးရုံ ကို ပြောင်းပို့ပေးမယ်၊ အဲဒီမှာ ခင်ဗျားအတွက် လုံခြုံမှုအပြည့် စီစဉ်ပေးလို့ရတယ်’

‘ကျုပ် မနေနိုင်ဘူး’

‘မရဘူး၊ နေရမှာပဲ’

‘ကော်လီက ညနေပိုင်းထုတ် နယူးယောက်ပို့စ် သတင်းစာကို ကုတ်အင်္ကျီထဲမှ ထုတ်ပြီး ထောင်ပြသည်။

စာမျက်နှာ ၃ ၌ ကာဘာကော့ဗ်၏ ဓာတ်ပုံပါလည်း။

အရေးပေါ် အခန်းထဲသို့ ကာဘာကော့ဗ်အား ဆေးရုံကား မှ ဝန်ထမ်းများ သယ်ယူစဉ် ရိုက်ယူထားသောပုံ ဖြစ်သည်။

သူ့ မျက်နှာမှာ မီးခိုး ကြပ်ခိုး ပေရေနေသော်လည်း သွင် ပြင် လက္ခဏာများကို ပီသစွာ မြင်နိုင်သည်။

‘ခင်ဗျား နာမည်ကို ‘ကာဇော့ဗ်’လို့ သူတို့ မှတ်ထား တယ်၊ လိပ်စာတော့ မရသေးဘူး၊ အလုပ်အကိုင်လဲ မသိဘူး၊ ခင်ဗျား ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်း သတင်း အမှန်နဲ့ ပတ် သက်လို့ ရဲဘက်ဆိုင်ရာ သတင်းရပ်ကွက်ကို မှောင်ချထားပြီး ပါပြီ၊ ဝါရှင်တန်ကတော့ ကျုပ်ကို မျက်စိစပါးမွေး စူးနေပြီ၊ သန့်မှူးကြီးဟာ ခင်ဗျားကို အာရပ်တွေ မှတ်မိပြီး လာသတ် လိမ့်မယ်လို့ ယူဆထားတယ်’

‘ဟုတ်ပြီ၊ သိပ်ကောင်းတယ်၊ အဲဒီ အာရပ် တယောင်ကို အရှင်ဖမ်းပြီး ဆွေးနွေးကြရအောင်’



www.burmeseclassic.com

www.burmeseclassic.com



'အို… ဒီဆေးရုံမှာ ဒါမျိုး လုပ်လို့ မရပါဘူး၊ ဟော် အဆောင်တခုလုံးကို ပထမဆုံး ရှေ့ပစ်ရမယ်၊ ဒါတောင် သူတို့ လုပ်ကြံတာ အောင်မြင်နိုင်သေးတယ်၊ ခင်ဗျား သေသွားယင် ကျုပ်အတွက် အကျိုးမရှိဘူး၊ ခင်ဗျားကို 'ယူစွပ်အာလွန်' ထပ် မဖြစ်စေချင်ဘူး'

ဝါရှင်တန်မြို့ဆိုင်ရာ အစ္စရေး လေတပ်မှ စစ်သံမှူး၊ ဗိုလ်မှူးကြီး ယူစွပ်အာလွန်သည် ၁၉၇၃-ခုနှစ်က မေရီလင်း(န်)ဒ် ပြည်နယ်၊ ချက်ဗီချေ့(စ်)မြို့ နေအိမ်ရှေ့တွင် ပြောက်ကျားများ လက်ချက်ဖြင့် လုပ်ကြံ သတ်ဖြတ်ခံခဲ့ရပေသည်။

ကာဘာကော့ဗ်သည် အာလွန်နှင့် သိကျွမ်းပြီး၊ ၎င်းအား လေးစားသည်။

လေဆိပ်တွင် အာလွန်၏ အလောင်းကို လေယာဉ်ပေါ်မှ ချလာစဉ်က မိုရှေဒါယန်း ဘေး၌ ကာဘာကော့ဗ်လည်း အတူ ရပ်နေခဲ့သည်။

'အာလွန်ကို သတ်တဲ့ ကောင်တွေကိုပဲ အခု လွှတ်ချင်လွှတ် လိုက်ကြဦးမယ် ထင်ပါရဲ့'

မိုရှက်ဗ်စကီးက ပြောသည်။

ကော်လီက စိတ်မခတ် ကျစွာဖြင့် ခေါင်းခါသည်။

'သူတို့ကတော့ တကယ့် လူမိုက်တွေ လွှတ်မှာပဲ၊ ကျုပ်တို့ ဆေးရုံပေါ်မှာ ပစ်ခတ်မှုအဖြစ်မခံနိုင်ဘူး၊ အဲ…နောက်ပိုင်းကျ ခင်ဗျား အကျိုးနီ၊ ဘောင်းဘီနီဝတ်ပြီး အာရပ်သံအဖွဲ့ ရုံးရှေ့က လှေကားထစ်ပေါ်မှာ မိန့်ခွန်း သွားပြော၊ ကျုပ် ဂရုမစိုက်ဘူး၊ ခုတော့ ခင်ဗျား အသက်ရှင်ဖို့ ကျုပ်မှာ တာဝန်ရှိတယ်၊





ခင်ဗျား အနည်းဆုံး တပတ်တော့ အိပ်ရာပေါ် လှဲနေရမယ်လို့ ဆရာဝန်က ပြောထားတယ်၊ မနက် ကျယင်တော့ ခင်ဗျား သေးအိုး ထုပ်ပိုးထား၊ ဘက်တက်(စ်)ဒါ ဆေးရုံကို ပြောင်း ရမယ်၊ သတင်းစာတွေကိုတော့ ခင်ဗျားကို ဆန်အန်တိုနီယိုမြို့က 'ဘရွတ်စစ်တပ်ရဲ့ မီးလောင်မှု ကုသရေး ယူနစ်' ဆီ ပြောင်းပေး လိုက်တယ်လို့ ဖြီးလိုက်မယ်'

ကာဘာကော့ဗ် မျက်လုံး မှိတ်လိုက်သည်။

ဘက်တက်(စ်)ဒါ ရေတပ်ဆေးရုံ တက်ရလျှင် ဗြူရိုကရက်များ လက်အောက်၌ နေရမည်။

နေ့ရက် ခြောက်လလုံးလုံး သူ့ကို မသက်သာဖွယ် အာရပ် ကလေကချေများ၏ ဓာတ်ပုံများ တပုံတခေါင်းကြီး လာပြ၍ မေးမြန်း နေကြဦးမည်။

ဘက်တက်စ်ဒါ ဆေးရုံသို့ သူ မသွားချင်ပါ။

သင့်တင့်ရုံ ဆေးဝါးကုသမှု၊ ကိုယ်ပိုင်လွတ်လပ်မှုနှင့် အမိန့် ပေးသူ မရှိပဲ တရက်၊ နှစ်ရက်မျှ အနားယူရန်သာ သူ့အဖို့ လို အပ်သည်။

ဤအရာများကို ဘယ်သူ့ဆီကတောင်းရမည်ကို သူသိသည်။

'ဒီမယ် ကော်လီ၊ ကျုပ်ဘာသာ ဒီထက် ကောင်းအောင် စီစဉ်နိုင်ပါတယ်၊ သူတို့က ဘက်တက်စ်ဒါ ဆေးရုံကိုပဲ ပြောင်းရ မယ်လို့ တိတိကျကျ ပြောလိုက်လို့လား'

'ခင်ဗျား လုံခြုံဖို့ ကျုပ်တာဝန်ယူရမယ်တဲ့၊ ခင်ဗျားလုံခြုံမှု အပြည့်ရမှာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ကော်လီစကားက ရှင်းသည်။ ကာဘာကော့ဗ်ငြင်းဆန်လျှင် သူ့ကို ပြည်ထဲရေး ဌာနက အစွရေးသို့ပြန်ခိုင်းလိမ့်မည်တည်း။

'ကောင်းပြီ၊ မနက်ကျ ကျုပ်ကိုစွတော့ စီစဉ်ထားမယ်၊ ဒါမှ ခင်ဗျား ကျေနပ်အောင် စစ်ဆေးနိုင်မယ်'

'ကျုပ်...ခင်ဗျားကို ဘာမှ ကတိမပေးနိုင်ဘူးနော်'

'ဒါပေမယ့် ခင်ဗျား ကျုပ်ကိုတော့ သိပ်မချုပ်ချယ်နိုင်ပါဘူး'

'ကြည့်သေးတာပေါ့၊ လောလောဆယ်တော့ ဟော်ဒီ အထပ်မှာ လူငါးယောက် အစောင့်ချထားမယ်'

ကာဘာကော့ဗ်က ကော်လီ့ကို ကြည့်သည်။ ရုတ်တရက် ကော်လီသည် မီရှိဂန် ပြည်နယ်၌ ကာဘာကော့ဗ် ငယ်စဉ်က ဖမ်းခဲ့သော ခွေးတူ ဝက်တူ ကောင်နှင့် တူနေသည်။

ထိုသတ္တဝါလေး၏ မျက်လုံးများမှာ ကာဘာကော့ဗ်၏ မျက်လုံးများနှင့် တူ၏။

ကော်လီ ထွက်သွားသည်နှင့် ကာဘာကော့ဗ်က အိပ်ရာပေါ် ပေါက်ကနဲ ထချင်သည်။ ခေါင်းမူးသဖြင့် ပြန်လှဲချရသည်။

'မိုရှက်ဗ်စကီး ရေချယ်ဘော်မင်ကို ခေါ်လိုက်စမ်း'

ဒေါက်တာ ရေချယ်ဘော်မင်သည် မန်ဟက်တန် ဖုန်း လမ်းညွှန် စာအုပ်ထဲ၌ ဆရာဝန်များ၏ နာမည်စာရင်းတွင် ပါရှိ၏။

မိုရှက်ဗ်စကီးသည် သူ၏ လက်သန်းကလေးဖြင့် ဖုန်းလှည့်သည်။ သူ့ လက်ချောင်းအားလုံး၌ လက်သန်းလေးသာ ခွိုင်ခွက် ပေါက်ထဲ ဆံ့၏။





ရေချယ်ဘော်မင်၏ ဆက်သွယ်ပြန်ကြားရေးဌာနက ဒေါက်တာ ဘော်မင် သုံးရက်ကြာခရီးထွက်သွားကြောင်း ပြောသည်။

ဘော်မင်၏အိမ် ဖုန်းနံပါတ်ကို ထပ်ရှာသည်။ စောစောက ပြန်ကြားရေးဝန်ထမ်း အမျိုးသမီးကပင် အဖြေကို ထပ်ပေးသည်။

သို့သော် ဒေါက်တာဘော်မင် မကြာခင်က ဖုန်းဆက်ခဲ့သေးသည်ဟု ဆို၏။ ကောင်းပြီ။ ဒေါက်တာ ဘော်မင်ကို ဘယ်မှာဆက်လို့ရမလဲ။ ဝမ်းနည်းပါတယ်။ ဒီအချက်ကို ဖွင့်ပြောခွင့် မရှိပါဘူးရှင်။

မိုရှက်ဗ်စကီးက စကြံ့ထဲ၌ စောင့်နေသော အက်ဖ်ဘီအိုင် အဖွဲ့ဝင်တဦးကို ခေါ်ပြီး စုံစမ်းခိုင်းသည်။

၎င်းအား အစစ်အမှန် ဟုတ်,မဟုတ် စစ်ဆေးပြီး ပြန်ကြားရေး စာရေးမက ဖုန်းပြန်ခေါ်သည်။

'ဒေါက်တာ ဘော်မင်ဟာ ပိုကိုနို တောင်တန်း ပေါ်က 'မောင့်မာရေ' တည်းခိုခန်းမှာ ရှိနေသတဲ့'

'အင်း...ခုနစ်နှစ်လုံးလုံး မဆက်သွယ်ပဲ နေခဲ့တဲ့လူတဦးကို အရေးကြုံမှ ခေါ်တော့ ဒီလိုပဲဖြစ်ရတော့မှာပေါ့' ဟု ကာဘာကော့ဗ် တွေးမိ၏။

'အဲဒီနေရာက ဘယ်လောက်ဝေးသလဲ'

'ဒီက–သုံးနာရီ ခရီးပဲ'

'မိုရှက်ဗ်စကီး...သူ့ကို မင်း သွားခေါ်စမ်းကွာ'

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထိုဆေးရုံမှ မိုင် ၇၀ ကွာဝေးသော လိပ်ခါပတ်စ်မြို့ (နယူး ဂျာစီပြည်နယ်)ရှိ အိမ်တွင် လင်ဒါသည် ရုပ်မြင်သံကြား ခလုတ်များကို ကလိနေသည်။

ရုပ်ပုံက ကြည်လင် ပြတ်သားသည်။ သို့သော်... လင်ဒါ မကျေနပ်နိုင်။

ဒါလီယာနှင့် ဖာဆေးလ်တို့ စိတ်တိုနေသော်လည်း မပျက်ကြ။

လင်ဒါ စိတ်တိုင်းကျသွားချိန်၌ ညနေ ၆ နာရီ သတင်း ပြောနေပြီ။

'ဒီနေ့မနက်စောစောဘာရှတ်ကလင်းမြို့နယ်မှ ဗုံးပေါက်ကွဲ ကြောင့် ကုန်သွင်းသူ ဘင်ဂျမင်မြူဇီ သေဆုံးသွားပါတယ်၊ တခြားလူတယောက်လဲ ဒဏ်ရာပြင်းထန်စွာ ရသွားပါတယ်၊ ခုဆက်လက်ပြီး ဖရစ်ဖရစ်ဇဲလ်က အခင်း ဖြစ်ပွားရာကနေ သတင်းအစီရင်ခံပါလိမ့်မယ်'

ရုပ်သံပုံချပ်၌ ဖရစ်ဖရစ်ဇဲလ်သည် ပလက်ဖောင်း ဘေး မီးသတ် ပိုက်ခွေများကြား၌ ရပ်နေသည်။

'မီးဖိုနံရံ ပွင့်ထွက်သွားပြီး ကပ်လျက် အိမ်ကိုလဲ ပျက်စီး သွားစေပါတယ်၊ မီးသတ်ရဲဘော် (၃၇) ယောက်ဟာ မီးကို နာရီဝက်ကျော် ကြာအောင် ငြိမ်းသတ်ရပါတယ်၊ မီးသတ် ရဲဘော် ခြောက်ဦးကို မီးခိုးမွန် ဒဏ်ရာကြောင့် ကုသပေးရပါ တယ်'

မြင်ကွင်းက အိမ်ဘေးမှ အပေါက်ကြီးဆီ ရွေ့သွားသည်။ လင်ဒါက ရှေ့သို့ ကုန်းကြည့်သည်။





ဗုံး၏ အားကို လေ့လာရန်ဖြစ်သည်။

ဖာဆေးလ်သည် စိတ်ညှိုးခံရသူပမာ ငေးကြည့်နေသည်။

မီးသတ်သမားများက မီးသတ်ပိုက်များကို ပြန်သိမ်းနေ ကြသည်။

ရုပ်သံ ရိုက်ကူးအဖွဲ့ ရောက်လာချိန်၌ မီးငြိမ်းသတ်ရေးမှာ ပြီးဆုံးသွားပုံရ၏။

ဆေးရုံ လူနာတင်ချပေါက် ပြကွက်ကို ဆက်ပြသည်။

လောင်းအိုင်လင်ကောလိပ်ဆေးရုံသည် '၇၆' ရဲစခန်း နယ် မြေတွင်း အတိဒုက္ခရောက်မှုမှ ဝေဒနာရှင်များကို ပို့ပေးနေကျ း သိသော ရုပ်သံဝန်ထမ်းတဦးဦးက အရေးပေါ် အချက် ပေးသံ ကြားကြားခြင်း ကင်မရာအဖွဲ့ကို စေလွှတ်ဟန်တူ၏။

သတင်းထောက်များသည် ဆေးရုံကားမရောက်မီ ရောက်ရှိ နေကြသည်။

ဆေးရုံကားမှ လူနာကို ဝန်ထမ်း နှစ်ယောက်က ထမ်းစင်ဖြင့် ချလာသည်။

ပရိသတ် တိုးဝှေ့မှုကြားမှ ရိုက်ယူရသဖြင့် ကင်မရာမှာ လှုပ် ရှားနေသည်။

ကင်မရာမင်းက ထမ်းစင်နောက်မှ လိုက်ရိုက်ယူသည်။ အရေး ပေါ် အခန်းပေါက်ဝတွင် ခေတ္တ ရပ်လိုက်ကြသည်။

မီးခိုး ကြပ်ခိုးများ ပေရေနေသော လူနာ၏ မျက်နှာကို အနီးကပ်ရိုက်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒဏ်ရာရသူ လူနာအမည်က ဒေးဗစ်ကာဘော့ဗ်၊ လိပ်စာ အလုပ်အကိုင် မသိ၊ လောင်းအိုင်လဗ်း ဆေးရုံမှာ တင်ထားပါတယ်၊ သူ့ အခြေအနေ စိုးရိမ်ရကြောင်း သိရပါတယ်'

'ကာဘော့ဗ်'

ဖာဆေးလ်က အော်လိုက်သည်။ ပြီးတော့ အာရပ်ဘာသာဖြင့် ညစ်ညမ်းစွာ ဆဲဆို ရေရွတ်လိုက်သည်။

ဒါလီယာလည်း အာရပ်လို တစ်ုတခု ပြန်ပြောသည်။ သူမ မျက်နှာ သွေးဖျော့သွား၏။

ဘေရွတ်မှ အခန်းကို သတိရသည်။ သူမရှေ့၌ လူပ်ယမ်းနေသော စက်သေနတ် ပြောင်းဝကို ပြန်မြင်လာသည်။ နံရံပေါ်မှ သွေးရှဲကပ်လျက် အသက်ထွက်သွားသော နာဂျီးယား။

'အင်္ဂလိပ်လို ပြောပြစမ်း၊ သူ ဘယ်သူလဲ'

လင်ဒါက နှစ်ကြိမ်တိုင် အော်မေးသည်။

'ကျွန်မ သိပ်တော့ မသေချာဘူး'

ဒါလီယာက သက်ပြင်းရှိုက်၍ ပြောသည်။

'အို...ကျုပ်တော့သေချာတယ်၊ သတ္တိမရှိတဲ့ အစ္စရေးလူယုတ်မာ တကောင်ပေါ့၊ ညညကျယင် မိန်းမတွေ ကလေးတွေကို လာပြီး သတ်နေကျပဲ၊ ဒီဂျူးစုတ်ဟာ ကျုပ်တို့ခေါင်းဆောင်ရော၊ တခြား လူတွေကိုပါရောသတ်ခဲ့တယ်၊ ဒါလီယာကိုတောင်သတ်တော့မလို့'

ဖာဆေးလ်က နှာခေါင်းရိုးကို လက်ညှိုး လက်မနှင့် ညှပ်၍ ပြောသည်။





ဖာဆေးလ်သည် ဘေရွတ်ပစ်ခတ်မှု၌ ရရှိခဲ့သော ပါးပေါ်မှ ကျည်ဆန်ဒဏ်ရာ အမာရွတ်ကြီးကို မသိစိတ်ဖြင့် လက်ဖြင့်စမ်းမိသည်။

လင်ဒါ၏ အဓိက ခံယူချက်မှာ မုန်းတီးမှုဖြစ်သည်။ သို့သော် သူ့ မုန်းတီးမှုမှာ နာကျည်းချက်နှင့် ရှုံးသွပ်မှုမှ ပေါက်ဖွားလာခြင်းဖြစ်သည်။

သို့သော် ဖာဆေးလ်နှင့် ဒါလီယာတို့၏ မုန်းတီး စက်ဆုတ်မှုမှာ သူ နားမလည်နိုင်သော ကွာခြားမှုရှိသည်။ ထို့ကြောင့် သူ အနေရ အထိုင်ရ ခက်သွားသည်။

'သူ ဆေးရုံမှာဒဏ်ရာနဲ့ သေချင်သေမှာပဲ'

'အို...သိပ်ဟုတ်သပေါ့၊ သူသေမှာပါ၊ သေမှာပါ'

ဖာဆေးလ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၀ ။

ကာဘာကော့ဇ်သည် ညလယ်ယံ၌ အိပ်မပျော်ပေ။

ဆေးရုံထဲမှ နိုင်လွန်ဝတ်စုံများ၏လှုပ်ခတ်သံများ၊ ဖယောင်းတိုက်ထားသော ကြမ်းပြင်ပေါ်မှ ခြေနင်းပျော့ပျော့ ဖိနပ်သံများ၊ စကြံ့ထဘက်စွန်းမှ သွားမရှိသော လူနာ အဘိုးကြီး၏ ဝေဒနာကြောင့် ညည်းညူ အော်ဟစ်သံများကို ဆက်မကြားရတော့ပြီ။

ကာဘာကော့ဇ်သည် ယခင်က အတိုင်း သူ့ကိုယ်သူ အားတင်းထား၏။ ဆေးရုံခန်းမဆောင်တွင်းမှ သွားလာမှုများကို သူ နားထောင်နေသည်။





ဆေးရုံအားလုံးသည် လူနာတို့အား မိမိတို့၏ ကလေးဘဝက ခြေအနေဆိုးများဖြင့် ပြန်ခြောက်လှန့်တတ်၏။

ငိုချင်အောင်လည်း လုပ်တတ်၏။

ကာဘာကော့ဇ်သည် သတ္တိရှိခြင်းနှင့်သရဲဘောကြောင်ခြင်း ဆောင့်မှ တွေးခြင်း မဟုတ်။

သူ စဉ်းစားသည့်အခါ လူ့အပြုအမူ ကျင့်ဝတ် များ ထောင့်မှသာ တွေး၏။

သူ့တပည့်များ၊ သူ့အပေါ် လေးစားကြည်ညိုခြင်းကြောင့် သူ ဦးဆောင်နိုင်၏။

သို့သော် သူ့အတွက် ဂုဏ်ယူစရာ၊ ဘဝင်မြင့်စရာ မဟုတ်။

သူ့ခေါ်းတွင် သူနှင့် လက်တွဲခဲ့သူ များစွာ သေဆုံးခဲ့ကြသည်။

သတ္တိ၏ စွမ်းပကားကို သူ မြင်ဖူးခဲ့ပြီ။ ဘာပဲဖြစ်ဖြစ်၊ လိုအပ်သလို လုပ်ခြင်းသည် သတ္တိဖြစ်၏။ လိုအပ်ခြင်းသည် လုပ်ငန်းသုံး ဝေါဟာရ ဖြစ်သည်။

'ဘာပဲဖြစ်ဖြစ်' ယင်းသည် အဓိက မဟုတ်။

လုံးဝ မကြောက်တတ်သည့် လူနှစ်ယောက် သုံးယောက်ကို သူ သိခဲ့ဖူးသည်။ သူတို့ အားလုံးသည် စိတ်ဖောက်ပြန်တတ်သူများ ဖြစ်၏။

ကြောက်ရွံ့ခြင်းကို ထိန်းချုပ်ပြီး၊ လမ်းပြောင်း ပေးရသည်။

ယင်းကား အောင်မြင်မှု ရရှိတတ်သော စစ်သည်တော်၏ လျှို့ဝှက်ချက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်သည် ဘာသာတရား ကိုင်းရှိုင်းသူ မဟုတ်။

ဂျူဒါအစ်ဇင် (ရဟူဒီ ဘာသာတရား) ဓလေ့ ထုံးတမ်းများကို သူ မတတ်မြောက်။ နားမလည်။

အစ္စရေးနိုင်ငံကိုသာ ယုံကြည် အားထား ကိုးကွယ်၏။

နိုင်ငံတော်အတွက် သူ အကောင်းဆုံးဖြစ်အောင် လုပ်မည်။

ဘာသာရေးကိစ္စများကို ဂျူးဘုန်းကြီး (ရာဘိုင်) များက ဆောင်ရွက်နိုင်ကြပါစေ။

သူ့ နံရိုး၌ ကပ်ထားသော ပလာစတာအောက်မှ ယားနေသည်။

ကိုယ်ကို အနည်းငယ် တွန့်လိမ် ခြင်းဖြင့် ပလာစတာကို ယားသည့် နေရာပေါ်၌ တင်းမာအောင် လုပ်နိုင်ကြောင်း တွေ့ရသည်။ လက်နှင့် လုပ်ရသလောက် အားရဖွယ် မရှိ။

သို့သော် တော်သေး၏။ ဆရာဝန်ကလေးသည် သူ့ အမာရွတ်ဟောင်းများနှင့် ပတ်သက်၍ စပ်စုခဲ့သည်။

ကာဘာကော့ဗ် ရယ်မိ၏။

ဆရာဝန်ကလေး စပ်စုခြင်းကြောင့် မိုရှက်ဗ်စကီး စိတ်ဆိုးခဲ့ပုံကို ပြန်တွေးမိသောကြောင့် ဖြစ်သည်။

ကာဘာကော့ဗ်သည် ကြေးစား ဆိုင်ကယ်ပြိုင်သမား ဖြစ်သည်ဟု မိုရှက်ဗ်စကီးက ဆရာဝန်ကို ဖြီးလိုက်သည်။

၁၉၇၆-ခုနှစ်က မစ်တလာ တောင်ကြားလမ်း တိုက်ပွဲ၊ ၁၉၆၇-ခုနှစ်က ရာဖစ်ဒ် မြို့ ဆီးရီးယား ဘန်ကာများကို ဝင်တိုက်ပွဲနှင့် ထရီပိုလီမြို့ ဟိုတယ်ခေါင်မိုးပေါ် တိုက်ပွဲ၊ ခရီကျွန်း





သဘော်ဆိပ်ကမ်းမှ အာရပ် အကြမ်းဖက်သမားတို့၏ ခိုအောင်းနေရာများကို ဝင်တိုက်ခိုက်ပုံ စသည်တို့ကို မိုရှက်ဗ်စကီး း၀ ဖွင့်မပြောပြပေ။

ဆရာဝန်က ကာဘာကော့ဗ်၏ အမာရွတ်များ အကြောင်း မေးခဲ့ခြင်းကြောင့် သူ ရေချယ့်အကြောင်းကို သတိရလာ၏။

ယခု မှောင်ထဲ၌ လှဲနေယင်း ရေချယ်နှင့် စတင် ပတ်သက်သပုံကို သူ ပြန်စဉ်းစားမိသည်။

၁၉၆၇ ခု၊ ဇွန်၊ ၉-ရက်။

သူနှင့် မိုရှက်ဗ် စကီးတို့ နှစ်ဦးသား ဂယ်လီလီ ဒေသ စစ်မြေပြင်ယာယီ ဆေးရုံအပြင်ဘက်၌ ထမ်းစင်များပေါ်၌ လှဲနေကြသည်။

လေက သဲကန္တာရကို ခပ် ပြင်းပြင်းလေး ဖြတ်တိုက်လာပြီး ရှက်တဲဘေး ကင်းဗတ်စများကိုပင် လန့်သွားစေသည်။

ဒဏ်ရာရထားသူများ၏ ညည်းညူသံများမှာ ဂျင်နရေတာစက် သံထက်ပင် ပိုကျယ်နေသည်။ ဆရာဝန်တဦးမှာ လူနာများကြား ပျောက်သွားနေသည်။

ကာဘာကော့ဗ်နှင့် မိုရှက်ဗ်စကီးတို့သည် ဆီးရီးယားတောင် တန်းများ၌ ညအမှောင်ထုထဲ စက်ကလေး ထိမှန် ခံခဲ့ရခြင်း ဖြစ်၏။

သူတို့ကို လက်ဆွဲမီးအိမ်များ ထွန်းထားသည့် အရေးပေါ် ခွဲစိတ်ခန်းထဲသို့ ရွှေ့သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးလိုက်သည်နှင့် ကာဘာကော့ဗ် တကိုယ်လုံး ထုံသွား၏။ ဆရာဝန်က သူ့ ဒဏ်ရာဆီ လက်လှမ်းလိုက်သည်။ ခွဲစိတ်ခန်းသုံး လက်အိတ်အသစ် စွပ်ထားသော ဆရာဝန်၏လက်မှာ မိန်းမတဦး၏လက်များ ဖြစ်ကြောင်း တွေ့ရသည်။

နယူးယောက်မြို့၊ 'မောင့်ဆိုင်နေ' ဆေးရုံမှ စိတ်ရောဂါကုဆရာဝန် ဒေါက်တာ ရေချယ်ဘော်မင်သည် စစ်မြေပြင်၌ ခွဲစိတ်ဆရာဝန်အဖြစ် မိမိဆန္ဒအလျောက် ပြောင်းရွှေ့ တာဝန်ယူခဲ့သူဖြစ်သည်။

သူမက ကာဘာကော့ဗ်၏ ပခုံးရိုးမှ ကျည်ဆန်ကို ခွဲထုတ်ပေးသည်။

ကာဘာကော့ဗ်သည် တယ်လာဗစ်မြို့ ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူပြီး ပြန်လည်အနားယူ အားမွေးနေစဉ် သူမ သူ့ အခန်းထဲသို့ဝင်လာသည်။

သူမသည် အသက် နှစ်ဆယ့်ခြောက်နှစ်ခန့်ရှိပြီ။ ဆံပင်နီနီကို သပ်ယပ်စွာ ဆံထုံး ထုံးထားသော ရွှဲမက်ဖွယ် ကောင်းသော မိန်းမတယောက် ဖြစ်သည်။

ကာဘာကော့ဗ်သည် သူ့ထက်အသက်ကြီးသော ဆရာဝန်ကြီးနှင့် သူနာပြု ဆရာမတို့နှင့်အတူ လှည့်လည် စစ်ဆေးပြီး ပြန်ထွက်သွားသည်အထိ သူမဆီမှ မျက်လုံး မခွာတော့ပေ။

သူနာပြု ဆရာမက သူ့ ကိုယ်ပေါ်မှ စောင်ကို ဆွဲချသည်။ ဒေါက်တာ ဘော်မင်က ဘာမှမပြော။

သူမသည်သူ့ ဒဏ်ရာကို စိတ်ဝင်စားစွာဖြင့်ဘေးနားမှအရေခွံကို လက်ဖြင့် ဖိနှိပ် စမ်းသပ်ကြည့်သည်။





တဖန် တာဝန်ခံ ဆရာဝန်ကြီးက စစ်ဆေးသည်။

'ခင်ဗျားရဲ့ ခွဲစိတ် ကုသမှုဟာ ကျေနပ်လောက် ပါတယ် ဒေါက်တာ ဘော်မင်'

ဆရာဝန်ကြီးက မှတ်ချက်ချသည်။

'ဟုတ်ကဲ့ ဒေါက်တာ၊ သူတို့က ကျွန်မကို လွယ်တဲ့ အလုပ်ပဲ ပေးကြတယ်'

'ဒါ ခင်ဗျား လုပ်တာလား'

ကာဘာကော့ဗ်က မေးသည်။

သူမက ကာဘာကော့ဗ်ကို ခုမှ သတိပြုမိဟန်ဖြင့်ကြည့်သည်။

'ဟုတ်ပါတယ်'

'ခင်ဗျား အမေရိကန်သံ ဝဲတယ်နော်'

'ဟုတ်ကဲ့၊ ကျွန်မ အမေရိကန်လူမျိုးပါ'

'ခုလို လာကြည့်တာ ကျေးဇူးပဲ'

သူမ မျက်တောင်တချက်ခတ်ပြီး၊ မျက်နှာနီသွားသည်။

'ရှင် အသက်ရှင်နေနိုင်တာလဲ ကျေးဇူးပါပဲ'

သူမက ထိုသို့ပြောပြီး၊ အခန်းထဲမှ ထွက်သွားသည်။

ကာဘာကော့ဗ် အံ့ဩသွားသည်။

'ခင်ဗျား တော်တော်တုံးတဲ့ လူပဲ၊ ခင်ဗျားကို တယောက်ယောက်က 'ဒီနေ့ တနေ့လုံး ဂျူးတယောက်လို နေပြတဲ့အတွက် ကျေးဇူးပဲ'လို့ လာပြောယင် ခင်ဗျား ဘယ်လိုနေမလဲ'

ဆရာဝန်ကြီးက ကာဘာကော့ဗ် လက်ကို ဘေးသို့ချပြီး ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တပတ် ကြာသောအခါ ကာဘာကော့ဗ်သည် ဆေး အဝတ်အစားများကို စွန့်ပစ်ခဲ့ပြီး၊ ဆေးရုံရှေ့ လှေကားထ များ၌ သူမအား တွေ့ရသည်။

'ဒေါက်တာ ဘော်မင်'

'ဗိုလ်မှူး ကာဘာကော့ဗ်၊ ရှင့်ခုလို ဆေးရုံက ဆင်းနိုင်တာ တွေ့ရလို့ ကျွန်မ ဝမ်းသာပါတယ်'

'ကျွန်တော်နဲ့ ညစာ လိုက်စားပါဦး'

'ကျေးဇူးပါပဲ၊ အချိန်မရဘူး၊ သွားစရာ ရှိသေးတယ်'

သူမ ဆေးရုံထဲ ဝင်သွား၏။

ကာဘာကော့ဗ်သည် နှစ်ပတ်တိုင်တိုင် တယ်လာဗစ်မြို့နား ဝေးနေပြီ။

ဆီးရီးယား စစ်မျက်နှာပြင် ရှေ့တန်း တလျှောက် တွင် ထောက်လှမ်းရေး အဖွဲ့သားများနှင့် ပြန်လည် ဆက်သွယ်မှုများ ပြုလုပ်နေရသည်။

ကမ္ဘာ့ ကုလသမဂ္ဂ တပ်ဖွဲ့များ မျက်လုံး ဒေါက်ထောက် ကြည့်နေသည့် ကြားမှ အပစ်အခတ် ရပ်စဲရေး နယ်မြေတွင်း၌ ထားရှိသော ဆီးရီးယား ဒုံးပျံပစ် အမြောက်စခန်းကို သွား ရောက် ဖျက်ဆီးပစ်လိုက်သည်။

တယ်လာဗစ်သို့ ပြန်လာခွင့် ရသောအခါ သူ သိကျွမ်းဖူး သော မိန်းမများကို ပြန်ရှာဖွေခဲ့သည်။ သူ ကျေနပ်မှုအပြည့်ရ၏။

ရေချယ်ဘော်မင်ကို သူ မကြာခဏ မိတ်ကြားသည်။ သူမ သည် ယခုအခါ တနေ့လျှင် ၁၆-နာရီမျှ ခွဲစိတ်ခန်း၌ ဦးခေါင်း ဒဏ်ရာ ရသူများကို ကုသပေးနေရသည်။





နောက်ဆုံး တနေ့၌ သူမသည် တကိုယ်လုံး ပိုးသတ်ဆေးနံ့ ခွဲလျက်၊ နွမ်းနယ်လျက်နှင့်ပင် ကာဘာကော့ဗ်အား ဆေးရုံအနီး စားသောက်ဆိုင်၌ လက်ခံတွေ့ဆုံလိုက်သည်။

သူမသည် မိမိဘဝကို မိမိပိုင်ဆိုင်သူ၊ ကြိုးကိုင်နိုင်သူဖြစ်၏။

အချို့သော ညနေခင်းများတွင် သူမ ခွဲစိတ်မှု ပြီးဆုံးသည့် နောက် သူတို့နှစ်ဦး ပန်းခြံထဲရှိ ခုံတန်းလေး၌ ထိုင်ယင်း ဘရန်ဒီကို ဓာတ်ဘူးငယ်ဖြင့်အတူ ပိုက်တပ် စုပ်ကြသည်။

သူမသည် အလုပ်ပင်ပန်းသဖြင့် စကားသိပ်မပြောလိုသော် လည်း ကာဘာကော့ဗ် အေးကပ်၍ ထိုင်ရခြင်းကိုပင် ကျေနပ် နေ၏။ သို့တစေ သူမသည် ကာဘာကော့ဗ်၏ အိမ်ခန်းသို့ မလိုက်ဖြစ်သေး။

ဤအစီအစဉ်မှာ ရုတ်တရက် ပြီးဆုံးသွားသည်။ သူတို့နှစ်ဦး ပန်းခြံဘွင်း ခုံတန်းလေးများမှာ ထိုင်နေကြသည်။

မှောင်ထဲမှာမို့ ကာဘာကော့ဗ် မမြင်ရသော်လည်း သူမ မျက်ရည် ဝဲနေ၏။

၁၇-နှစ်အရွယ် စစ်သားလေး တယောက်ကို ဦးခေါင်းဒဏ် ရာဖြင့် အသက်ရှင်အောင် လေးနာရီကြာ ခွဲစိတ်ကုသပေးခြင်း ဖြင့် အသက် မကယ်တင်လိုက်နိုင်ပေ။

ထို့ကြောင့် သူမ စိတ်ထိခိုက်နေခြင်း ဖြစ်သည်။

ကာဘာကော့ဗ်က ထိုအကြောင်းကို မသိပဲ ရယ်စရာတွေ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ခံဘောင်းဘီထဲ ကင်းမြီးကောက်ဝင်သဖြင့် ကြောင်
လန့် ထခုန်ရာမှ ကွန်ဆက် ရှက်တကလေး ပြိုလဲ ပိပြားသွား
ဖူးသည့်အကြောင်း။ သူမ မရယ်နိုင်ပါ။

'ဘာ စဉ်းစားနေတာလဲ'

သူတို့ နောက်ဘက်လမ်းပေါ်မှ 'အေ၊ ဘီ၊ စီ' သံချပ်ကာ
ယ်လေးများ၏ ဘီးလိမ့်သံများကို ကြားရသည်။

'ဩော်.... ကျွန်မ စဉ်းစားနေတာက ကိုင်ရိုမြို့ ဆေးရုံမှာ
ရှင့်လက်ချက်ကြောင့် ဒုက္ခတွေ့တဲ့ စစ်သားတွေကို ကိုစားကာ
ပေးနေကြမှာပဲလို့၊ ရှင်ဟာ ငြိမ်းချမ်းတဲ့ ကာလမှာလဲ ဒီလို
လျှောက်လုပ်နေတာပဲ မဟုတ်လား၊ ရှင်နဲ့ ဖေဒါယင်း အာ
ပြောက်ကျားတွေဟာ အတူတူပါပဲလေ'

'တို့အတွက် ငြိမ်းချမ်းတဲ့အချိန်ဆိုတာ မရှိသေးပါဘူး'

'ဆေးရုံမှာ တီးတိုးပြောကြတာ ကြားဖူးတယ်၊ ရှင်ဟာ သိ
အစွမ်းထက်တဲ့ ကွန်မန်ဒိုတယောက်ဆိုပဲ၊ ဒီမယ် ကျွန်မပြော
ဦးမယ်၊ ဟိုတယ်က ကျွန်မ အခန်းကို ညွှန်ခန်းမထဲက ဖြတ်
သွားတော့ နိုင်ငံခြားသံအဖွဲ့တခုက ဝဝတုတ်တုတ်လူတယောက်
ဟာ အစ္စရေး စစ်ဗိုလ်တစုနဲ့ ဘာပြောနေတယ် မှတ်သလဲ
ငြိမ်းချမ်းရေးရတဲ့ တနေ့ကျယင် ရှင့်ကို စစ်ခွေးတကောင်လို
အဆိပ်ထွေ့နဲ့ သတ်ပစ်ရမယ်တဲ့'

ကာဘာကော့ဗ် ဘာမှ ပြန်မပြော။

မှောင်ထဲ၌ သူ့ အမူအရာကို ဖမ်း၍မရ။

သူမ ဒေါသ ပြယ်သွားပြီး၊ သူမ စကားကို နိဂုံးချုပ်သည်။





'ဒီတော့ စစ်ဗိုလ်တွေက ပြိုင်တူ မတ်တတ် ထရပ်ပြီး၊ အဲဒီ
ဖက်တီးကို ပါးတချက်ရိုက်ပြီး အရက်ခွက်တွေ စားပွဲပေါ်
ချပြီး ထွက်သွားကြတယ်လေ'

ကာဘာကော့ဗ်က သူမရှေ့၌ မတ်တတ် ရပ်သည်။

'သွားအိပ်ချေတော့၊ ဒေါက်တာတော့မင်'

ထိုနောက် ကာဘာကော့ဗ် ထွက်သွား၏။

ကာဘာကော့ဗ်သည် နောက် တလ အတွင်း ရုံးအလုပ်
များသဖြင့် အလုပ်ရှုပ် နေသည်။

သူ့ကို မိုဆတ်(ဒ်)သို့ ပြန်ပြောင်း ပေးကြသည်။

'ခြောက်ရက် စစ်ပွဲ၌ အစ္စရေးတို့၏ ရန်သူများ အပေါ်
တိုက်ခိုက် ဖျက်ဆီးမှုကို အကဲဖြတ်ရန်နှင့် ၎င်းတို့၏ ဒုတိယ
ထိုးနှက်ချက်၏ အလားအလာ ဖြစ်နိုင်စွမ်းကို ခန့်မှန်းရန် ဖြစ်
သည်။

လေယာဉ်မှူးများ၊ တပ်ဖွဲ့မှူးများ၊ စစ်သားများအား မရပ်
မနား ရှင်းလင်း စစ်ဆေးယူသည်။

ကာဘာကော့ဗ်သည် ထိုရှင်းလင်းပွဲများကို အတော် များ
များ တာဝန်ယူပေးရသည်။ သူ့အလုပ်က အတော် ပင်ပန်း
သည်။

သူ့ ဦးနှောက်ထဲ၌ ဒေါက်တာ ရေချယ် ဘော့မင်သည်
ရံဖန်ရံခါသာ ပေါ်လာတတ်သည်။

သူမနှင့် မတွေ့။

ဖုန်းလည်း မဆက်။



www.burmeseclassic.com

လောလောဆယ်၌ သူသည် အင်္ကျီရင်ဘတ်ဖောင်းဖောင်းနှင့် တပ်ကြပ်မလေးတဦးကို စိတ်ဝင်စားနေသည်။

သို့သော် မကြာမီ သူမ တာဝန် ပြောင်းသွားသဖြင့် သူ တယောက်တည်း ကျန်ရစ်ခဲ့ပြန်၏။

ဆက်လက်၍ သူတကိုယ်တည်း နေသည်။

အလုပ်ကလည်း ပင်ပန်းဆဲ။

သို့သော် ပါတီပွဲတခုကြောင့် သူအသက်ပြန်ဝင်သွားသည်။

စစ်ပွဲပြီးသည့်နောက် ပထမဆုံး အောင်ပွဲခံ အထိမ်းအမှတ် ပါတီပွဲ ဖြစ်သည်။

ကာဘာကော့ဗ်၏ လေထီးတပ်မှ စစ်သား နှစ်ဒါဇင်က အမကာထ လုပ်ပေးပြီး၊ ပျော်တတ်ရွှင်တတ်သော၊ ခင်မင်တတ်သော စစ်သား၊ စစ်သမီး ငါးဆယ် တက်ရောက်ကြသည်။

သူတို့ အားလုံး မျက်လုံး တောက်တောက်၊ နေရောင်ခံ အသားအရေ ညိုညိုနှင့်ဖြစ်ပြီး၊ အတော်များများမှာ ကာဘာကော့ဗ်ထက် အသက်ငယ်ကြသည်။

ခြောက်ရက် စစ်ပွဲကြောင့် သူတို့၏ လူငယ်ရုပ်သွင်များ ကွယ်ပျောက် သွားခဲ့၏။

သို့သော် ဤပါတီပွဲတွင်တော့ သူတို့အားလုံး နှပျိုလန်းဆန်း နေကြပြီ။

မိန်းမများသည် စစ်ယူနီဖောင်း ချွတ်ပြီး၊ စကပ်များ၊ ကြိုးသိုင်းဖိနပ်များ၊ အရောင်တောက်တောက် ဘလောက်(စ်) အင်္ကျီများ ပြန်ဝတ်ရသဖြင့် ပျော်နေသည်။





ပို၍လည်း ကြည့်ကောင်းသည်။ စစ်အကြောင်း သိပ်မပြောဆိုကြ။ ကျဆုံးသွားသော ရဲဘော် ရဲဘက်များ အကြောင်း မပြောကြ။

ပါတီကိုတယ်လာဗစ် မြို့ပြင်ပိုင်း၊ ဟိုင်ဖာသို့အသွား လမ်းဘေးရှိ လူသူကင်းသော ကော်ဖီ ဆိုင်ငယ်လေးတွင် ညပိုင်း၌ ကျင်းပကြသည်။

ကာဘာကော့ဗ်သည် ဂျစ်ကားဖြင့် ချဉ်းကပ်သွားစဉ် ပါတီမှ အသံဗလံများကို ဂိုက် (၃၀၀) အကွာမှပင် ကြားရလေသည်။

အဓိကရုဏ်းဖြစ်ပွားမှုကို တေးဂီတဖြင့် ဖွဲ့ပေးထားသလို ဖြစ်နေသည်။

အပြင်ဘက် ကွက်လပ်နှင့် ကဖီးဆိုင် အတွင်း၌ စုံတွဲများ ကနေသည်။ ကာဘာကော့ဗ် ဝင်သွားသောအခါ သူ့ကို ဝိုင်းကြည့်ကြ၊ ဆီးကြိုကြ၊ နှုတ်ဆက်ကြသည်။

စစ်သားငယ် အချို့က သူတို့ သူငယ်ချင်း ရဲဘော်များကို ကာဘာကော့ဗ်အား လက်ညှိုးထိုးပြသည်။ မေးထိုးပြကြသည်။ သူတို့၏ အပြုအမူအားလုံးကို ကာဘာကော့ဗ် မြင်သော်လည်း မသိချင်ဟန် ဆောင်နေလိုက်သည်။

သူ့ကို လူစွမ်းကောင်း တဦးပမာ မသတ်မှတ် စေချင်ပေ။ လူတိုင်း မိမိအခွင့်အလမ်းကို မိမိဘာသာ စွန့်စား ရယူကြရသည်။

ဤလူငယ်များသည် အဓိပ္ပာယ်မရှိသော အရာများ၌ ပါဝင်လိုကြ၏။ ရေချယ်သာ ပါလာလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

www.burmeseclassic.com



ကုက်လယ်အစွန်ရှိ စားပွဲ ရှည်ကြီးဆီ လျှောက်သွားသည်။ မိုရှက်စ်စကီးသည် အူမြူးနေသော ကောင်မလေးတစုနှင့်ထိုင်နေသည်။

သူ့ ရှေ့၌ အရက်ပုလင်း ယမကာပုလင်း မျိုးစုံအောင်ထောင်ထားသည်။

ပါးစပ်မှလည်း ညစ်တီးညစ်ပတ် ပြက်လုံးများ မရပ်မနားပြောနေသည်။ ကောင်မလေးများ တဝါးဝါး ပွဲကျနေ၏။

ကာဘာကော့ဗ် ပျော်သည်။ ဝိုင်တန်ခိုးကြောင့် ပိုပျော်သည်။ ပါတီတက်သော စစ်သည်များမှာ ရာထူးအဆင့် အမျိုးမျိုးမှ ဖြစ်ကြသည်။

ဗိုလ်မှူး၊ တပ်ကြပ်၊ ရဲဘော် အဆင့်များ ဖြစ်သည်။

ဆိုင်နေတောင်တန်းကို ဖြတ်သန်းစေခြင်းသည် အစိုးရတို့ တဦးပေါ်တဦး ခင်မင်လေးစားမှု ပိုရှိလာသည်။

ဤ ပါတီပွဲမှာ ကောင်းမွန်သော ပွဲဖြစ်၏။

ညွှိပရိသတ်များသည် တဦးပေါ်တဦး နားလည်ကြသည်။

ဝိုင်က အစိုးရနိုင်ငံထုတ် ဖြစ်သည်။ အက များမှာလည်း ကီဘုဇ် စုပေါင်းလယ်ယာ စခန်းမှ အကများဖြစ်သည်။

သန်းခေါင် ရောက်ခါနီးတွင် ပတ်ချာလှည့် ကခုန်ယင်း မှောင်ရိပ်နားမှ ရေချယ်အား ကာဘာကော့ဗ် တွေ့သွားသည်။

သူမက ကခုန်သူများဆီ ချဉ်းကပ်သွားသည်။ လက်ခုပ်တီး၍ သီချင်းဆို ကနေကြသည်။

ကာဘာကော့ဗ်ကိုသူမတွေ့သွားသည်။ ကာဘာကော့ဗ်သည် နီရိုး ဘုရင်ကြီးလို စားပွဲရှည်ကြီး၌ ဟန်ကျပန်ကျ ထိုင်နေသည်။





သူ့ နားရွက်ကြားမှာ ပန်းပွင့် တပွင့်ကို တစုံတယောက်က ထိုးပေးထားသည်။ ပါးစောင်၌ ဆေးလိပ်ခဲထားသည်။ ကောင်မလေးတယောက် သူ့ နားကပ်ပြီး စကားပြောသည်။

ရေချယ်သည် ရှီးတိုးရှန့်တန်နှင့် လူအုပ်ကြားမှ တိုးကာ စားပွဲနား ကပ်သွားသည်။

ဒု-ဗိုလ်ကလေးတယောက်က သူမ အား ဖမ်းဆွဲ၍ ဝိုင်းလှည့်ကစေသည်။

ပတ်ချာလည်သော အခန်းကြီး ရပ်သွားသောအခါ သူမ ရှေ့တွင် မျက်လုံး ဝင်းပစွာဖြင့် ရပ်နေသော ကာဘာကော့ဗ် အား တွေ့ရသည်။

ကာဘာကော့ဗ်၏ ထွားကြိုင်းမှုကို ယခုမှ သူမ သေသေချာချာ သတိထားမိသည်။

'ဒေးဗစ်…ကျွန်မ ပြောချင်တာ တခု…'

သူမက သူ့ မျက်နှာကို မော့ကြည့်ယင်း ပြောသည်။

'ဘာလဲ တခုခုသောက်ချင်လို့လား'

ကာဘာကော့ဗ်က ခွက်ကို ထိုးပေးယင်း ပြောသည်။

'ကျွန်မ နက်ဖြန် အိမ်ပြန်တော့မယ်၊ ရှင် ဒီမှာရှိတယ်ပြောလို့ လိုက်လာတာ၊ ကျွန်မ ရှင့်ကို…'

'ဘာလဲ၊ ကိုယ်နဲ့ မကရပဲ မပြန်နိုင်ဘူးလား၊ ဟုတ်တာပေါ့'

ရေချယ်သည် နွေရာသီ ကာလများတွင် ကီဘုဇ်၌ ကခဲ့ဖူး၏။

ထို့ကြောင့် ယခု ကခုန်ယင်းနှင့် ပြန်သတိရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်သည် ဖန်ခွက်ကို လက်ထဲကိုင်ယင်း ထူးခြားစွာ ကခုန်နိုင်စွမ်းရှိသည်။

လက်တဘက်နှင့် ရေချယ့်အား ဖက်ထားယင်း သူမဆံပင်မှ ကလစ်များကို ဖြုတ်ပစ်သည်။ သူမ၏ ဆံပင်နီနီများက ပါးနှစ်ဘက်သို့ ဖြာကျသွားသည်။

ကာဘာကော့ဗ် ထင်သည်ထက် သူမ၏ ဆံပင်အုပ်က ပိုထူကြောင်း တွေ့ရသည်။

က,ယင်းနှင် သူမ ရယ်နေမိသည်။ သူမ၏ ဝေဒနာများ မှေ့ပျောက်သွားပြီ။

ချက် ချင်း ဆိုသလိုပင် ညဥ့်နက်သွားသည်။ ဆူညံသံများ နည်းနည်း စဲသွားပြီ။ ပျော်ရွှင်အူမြူး ဗရုတ်ကျနေသူ အတော်များများလည်း ပြန်သွားကြပြီ။

ကာဘာကော့ဗ်နှင့် ရေချယ်တို့ သတိမထားမိလိုက်ကြ။ စုံတွဲ အနည်းငယ်သာ ဆက်က နေကြသည်။

တူရိယာ ပညာရှင်များလည်း တီးဝိုင်းစင်ဘေး စားပွဲပေါ် မှောက်အိပ်နေကြသည်။

စုံတွဲများသည် ဘားကောင်တာအနီး ဓာတ်ပြားစက်ကြီးမှ အီဒစ်ပေ့ဖ်၏ သီချင်းကောင်း တပုဒ်ဖြင့် က နေကြသည်။

ကွက်လပ်ထဲ၌ ပန်းပွင့် အကြေများ၊ စီးကရက်ဘူးများ၊ ဝိုင်အကွက်လေးများဖြင့် ပွယနေသည်။

ခြေဘဘက် ပလာစဘာကိုင်ထား ခဲ့သော စစ်သားလေး တယောက် အရက်ပုလင်းဘေးချပြီး ကုလားထိုင်၌ ထိုင်ကာ ဓာတ်ပြားသီချင်းကို လိုက်ဆိုနေသည်။





အတော်ကြီး မိုးချုပ်နေပြီ။ လရောင်ပင်မှိန်ပြီ။

ကာဘာကော့ဗ်နှင့် ရေချယ်တို့သည် အသံနှင့်အတူ လိုက်လျောညီထွေစွာ လှုပ်ရှားမှု မရှိကြတော့ပေ။ သူတို့ ရပ်လိုက်ကြသည်။ နှစ်ဦးသား နွေးနေသည်။

ကာဘာကော့ဗ်က ရေချယ်၏ လည်ပင်းပေါ်မှ ချွေးစက်အခလေးကို နှုတ်ခမ်းဖြင့် နမ်းလိုက်သည်။

ရေချယ်သည် ကာဘာကော့ဗ်ကို သိုင်းဖက်ထားမိသည်။ သူတို့ ပြန်ခွာ လိုက်ပြီး၊ အရက်ဦး၏ လင်းရောင်ခြည်အောက်သို့ ကဖီးထဲမှ အတူထွက်သွားကြသည်။

ကာဘာကော့ဗ်က ဖြတ်လျှောက်သွားယင်း စားပွဲပေါ်မှ ဘရန်ဒီ ပုလင်းတလုံးကို ဆွဲယူသွားသည်။

မြက်ခင်းစိုစို တောင်ကုန်းလေးပေါ် တက်သွားကြသည်။

ကျောက်တုံးတခုကို အတူကျောမှီထိုင်လျက် အရက်တက်ခွင်းကို ငေးကြည့်နေကြသည်။

ထိုအလင်းရောင် မှိန်ပျပျအောက်တွင် သူမ မျက်နှာပေါ်မှ ခြောက်စက်ကလေးများနှင့် အရေး အကြောင်းလေးများကို ကာဘာကော့ဗ် အနီးကပ် တွေ့ရသည်။

ရေချယ်ကို ကာဘာကော့ဗ် တပ်မက်မိသည်။

သို့သော် သူ့မှာ အချိန် သိပ်မရ။

သူမအား ခပ်ကြာကြာလေး နမ်းလိုက်သည်။ သူမ၏ဆံနွယ်အားအောက်၌ သူ့လက်ချောင်းများ နွေးထွေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဘက်နား ချုံဖုတ်ထဲမှ စုံတွဲတတွဲ ထွက်လာသည်။ သူတို့ကိုယ်ပေါ်မှ မြက်များ၊ သစ်ရွက်များကို ခါထုတ်ကြယင်း ကာဘာကော့ဗ်နှင့် ရေချယ်တို့ကို မမြင်ပဲ တောင်ကုန်းအောက် ဆင်းသွားကြသည်။

'ဒေးပစ်....ကျွန်မတော့ ရင်တုန်နေပြီ၊ ဒီလိုကြီး စမယ်လို့ ကျွန်မ မထင်မှတ်ခဲ့ဘူး'

ရေချယ်က ပြောသည်။

'ဘယ်လို ဖြစ်တာလဲ'

'စိတ်ထဲမှာ တမျိုးကြီးပဲ၊ မတင်မကျ ဖြစ်နေတယ်'

'အင်း....ကိုယ်လဲ... အဲ...'

ဒေးပစ် ကာဘာကော့ဗ် ဘာဆက်ပြောရမှန်း မသိ။

သက်ပြင်း ရှိုက်လိုက်သည်။

သူမကို သဘောကျသည်။

စကားများများပြောနေစရာမလို။ အဓိပ္ပာယ်ရှိမည် မဟုတ်။

သို့သော် သူ ပြောလိုက်သည်။

'ကိုယ်နဲ့ ဟိုင်ဖာကို လိုက်ခဲ့ပါလား၊ ကိုယ် တပတ် ခွင့်ရပါတယ်၊ လိုက်ခဲ့စေချင်တယ်၊ နောက်အပတ်ကျမှ မင်းရဲ့ တာဝန်ဝတ္တရားတွေအကြောင်း ပြောကြတာပေါ့'

'နောက်အပတ်....နောက်အပတ်ဆို ကျွန်မ ဘာမှ စဉ်းစားတတ်တော့မှာ မဟုတ်ဘူး၊ နယူးယောက်မှာ ကျွန်မ လုပ်ပေးစရာတွေ ရှိနေတယ်၊ နောက်အပတ်ဆို ဘယ်လို ကွာခြားသွားမလဲ'





'တို့တွေ ခုဘင်ပေါ်က ပျဉ်ပြားတွေကို ချိုးပစ်ပြီး၊ နေပူထဲမှာ လှဲနေကြမယ်၊ တယောက်ကိုတယောက် ကြည့်နေကြမယ်၊ အဲဒါဟာ ခြားနားချက် ပဲပေါ့'

သူမက ဆတ်ကနဲ မျက်နှာ လွှဲလိုက်သည်။

'မင်း စိတ်ဆိုးသွားလား'

'ကျွန်မ စိတ်မဆိုးပါဘူး'

'ဒါဖြင့် စိတ်ဆိုးတဲ့စကား မသုံးနဲ့၊ ကြည့်ရတာတော့ စိတ်ကောက်နေပုံပဲ'

သူ ပြုံးနေသည်။

သူမလည်း ပြုံးသည်။

ပြီးတော့ တိတ်ဆိတ်သွား၏။

'မင်း ပြန်လာဦးမလား'

'ကြာမယ်၊ ဆေးရုံမှာ အချိန်စေ့အောင် လုပ်ပေးရဦးမယ်၊ စစ် ထပ်မဖြစ်ယင် ပြန်မရောက်တော့ဘူး ထင်တာပဲ၊ ရှင့်အတွက်တော့ စစ်ကမပြီးသေးပါဘူး၊ ခဏလေးတောင် ရပ်မသွားဘူး၊ ထုတ်တယ် မဟုတ်လား ဒေးပစ်၊ ရှင့်အတွက်တော့ စစ်ဟာ ဘယ်တော့မှ မပြီးသေးပါဘူးလေ'

သူ ဘာမှ ပြန်မပြော။

'ရယ်စရာကောင်းသားပဲ ဒေးပစ်...၊ ယောကျ်ားတွေမှာ တာဝန်ရှိနေတယ်ဆိုတော့ မိန်းမတွေက သူတို့ဘဝမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ရှုပ်နေရှုံလောက်ပါပဲ၊ ကျွန်မ လုပ်နေတဲ့အလုပ်ဟာ အစစ်အမှန်ပါ၊ တန်ဖိုးရှိတယ်၊ အရေးကြီးပါတယ်၊ အဲဒါ ကျွန်မတာဝန်ပဲလို့ ပြောတဲ့အခါ ကျွန်မရဲ့ တာဝန် ဖြစ်စေချင်လို့ပဲ၊ ဒီတော့ ကျွန်မတာဝန်ဟာ ရှင့်ရဲ့ ယူနီဖောင်းလိုပဲ တကယ့်လက်တွေ့အစစ်အမှန်ပစ္စည်းတခုပေါ့၊ ကျွန်မတို့တတွေ 'နောက်အပတ်အကြောင်း' မပြောကြစတမ်း နေသင့်တယ်လေ'

'ဟုတ်ပြီ၊ မင်းတာဝန် မင်းသွားလုပ်'

'ဒါဖြင့် ရှင် စိတ်မကောက်နဲ့'

'ကိုယ် စိတ်မကောက်ပါဘူး'

'ဒီမယ် ဒေးဗစ်၊ ကျွန်မကို ခုလိုမေးတာ ကျေးဇူးပဲ၊ ကျွန်မလဲ ဖြစ်နိုင်ယင် ရှင့်ကို မေးလိုက်မိမှာပဲ၊ ဟိုင်ဖာကို သွားဖို့လေ၊ ဒါမှမဟုတ် တခြားတနေရာရာ၊ ပြီးတော့ ခုတင်ပျဉ်ပြားတွေ ချိုးပစ်ကြတာပေါ့၊ နှုတ်ဆက်ခဲ့ပါတယ် ဗိုလ်မှူး ဒေးဗစ်ကာဘာကော့ဗ်၊ ရှင့်ကို ကျွန်မ သတိရနေမှာပါ'

ထို့နောက် သူမ တောကုန်းပေါ်ရှိ လူသွားလမ်းကလေးမှ ပြေးဆင်းသွားသည်။

သူမ၏ ဂျစ်ကား အရှိန်အဟော်ရလာပြီး သူမ၏ အေးစက်သော ပါးပြင်ပေါ်သို့ မျက်ရည်စများ မြန်သွားအောင် လေတိုက်နေသော အခါမှသာ သူမ ငိုနေကြောင်း သတိပြုမိလာသည်။





လေတိုက်ခြင်းကြောင့် သူမ မျက်ရည်များ ခြောက်သွေ့သွားကြ၏။

လွန်ခဲ့သော နှနှစ်နှစ်က အစွရေးမှာ....။

× × ×

ကာဘာကော့ဗ် အခန်းထဲသို့ သူနာပြုဆရာမတဦး ဝင်လာသည်။

ကာဘာကော့ဗ် အတွေး ပြတ်သွားသည်။

ဆေးရိုနံ့ရှိများက သူ့စိတ်ကို ပြန်ကျဉ်းကျပ်စေသည်။

ဆရာမသည် စက္ကူဗူရေခွက်လေးထဲ၌ ဆေးတလုံးယူလာ၏။

'ကျွန်မ သွားတော့မယ်၊ မစ္စတာ ကာဘာကော့ဗ်၊ နက်ဖြန်ခင်းမှတွေ့မယ်'

ကာဘာကော့ဗ် လက်ပတ်နာရီကို ကြည့်သည်။

မိုရှက်ဗ် စကီးသည် တည်းခိုခန်းမှ ဖုန်းဆက်ဖို့ အချိန်တန်ပြီ။ ညသန်းခေါင် ရောက်ခါနီးပြီ။

လမ်းတဘက်တွင် ရပ်ထားသော မော်တော်ကား ထဲတွင် သီယာအိုင်ယက်ဇ်သည် နောက်ဆုံးအသုတ် ညပိုင်း ဇာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကျသည့်သူနာပြု ဆရာမများ ဆေးရုံရှေ့ပေါက်မှ ထွက်လာကြ သည်ကိုထိုင်ကြည့်နေသည်။

သူမလည်း ထိုအချိန်ကို မှတ်စုစာအုပ်လေး၌ မှတ်သားလိုက် သည်။

ထို့နောက် ကားမောင်း ထွက်သွားလေသည်။

■



**အခန်း ။ ၁၁ ။**

ကာဘာကောဗ် ဆေး သောက်နေစဉ် မိုရှက်ပ်စကီးသည် မောင့်မာရေး တည်းခိုခန်းရှိ 'ဘွန်းဘွန်းခန်းမ' ညကလပ်၏ ဝင်ပေါက်ဝတွင် မလှုပ်မယှက် ရပ်နေသည်။

ပရိသတ်များကို သူ ခပ်စိမ်းစိမ်း ကြည့်နေသည်။ ပိုကိုနိုတောင်တန်းများမှ နှင်းဖွဲဖွဲကျသော လမ်းခရီးတလျှောက် သုံးနာရီလုံးလုံး ကားမောင်းလာရသဖြင့် သူ ပင်ပန်းပြီး စိတ်တိုနေသည်။

သူ ထင်မှတ်ထားသည့် အထိုင်းပင် တည်းခိုခန်း ရှေ့မှတ်ပုံ တင် စာအုပ်၌ ရေချယ်ဘော်မင်၏ စာအုပ်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ဧအောက်ထပ်တွင် ညစာ စားနေသူများထဲ၌လည်း သူမအာ
မတွေ့။ သုံးဆေါက်သွား အကဲခတ်သဖြင့် စားပွဲထိုး ဦးစီး
သူ့အား စားပွဲတလုံး၌ ထိုင်ရန် စီစဉ်ပေးသည်။

ဘွန်းဘွန်းခန်းမ ထဲမှ တီးဝိုင်းသည် နွားအူလောက်အော
တီးမှုတ်နေကြသည်။

သီချင်းတွေက သိပ်မဆိုးလှ။

'လှုပ်ရှားမှု ဒါရိုက်တာ' ဆိုသော ပုဂ္ဂိုလ်က အခန်းအနား
လုပ်နေသည်။

ဇပေါ့တ်လိုက် မီးရောင်ဖြင့် စားပွဲများ တခုချင်းသို့ လို
ထိုးပေးနေရာ မိမိစားပွဲသို့ ရောက်လျှင် ထိုင်နေသူများက လ
ဝှေ့ရမ်းပြုကြသည်။

တည်းခိုခန်း၌ မိတ်ဆွေဖြစ်ခဲ့သော စုံတွဲအပါအဝင် မိမိ
စေ့စပ်ကြောင်းလမ်း ထားသူနှင့်အတူ တစားပွဲတည်း ထိုင်
သော ရေချယ်ဘော်မင်သည် ဇပေါ့တ်လိုက် မီးရောင်ကျရော
လာသောအခါ လက်ယမ်းမပြပေ။

ဤတည်းခိုခန်းသည် ရှုခင်းလှလှမြင်ခွင့်မရနိုင်သောတည်
ခန်း အညံ့စား ဖြစ်သည်ဟု သူမ ယူဆသည်။

ပိုက်ဆံ တောင်တန်းများသည်လည်း သိပ်မလှပကြပေ။

ပရိသတ်ကလည်း ပုံမလှသည့်ပြင် အဝတ်အစားကို အဆ
ပြေစွာ မဝတ်တတ်သော လူများ ဖြစ်ကြသည်။

စေ့စပ်ကြောင်းလမ်းခြင်းနှင့်လက်ထပ်မင်္ဂလာအထိမ်းအမှ
လက်စွပ်များမှ စိန်၊ ကျောက်၊ နီလာ အရောင်များက တ
ဖိတ်တောက်နေသည်။





သူမ စိတ်ဓာတ် ကျနေသည်။

သူမအားမှ စိတ်ဝင်စားဖွယ် မကောင်းလှသော ရွှေခွေ
လေးကို လက်ထပ်ရန် သဘောတူခဲ့ပြီး ဖြစ်သောကြောင့်ပင်။

ဖင်စစ်တွင် သူသည် သူမ၏ဘဝတွင် လာပတ်သက်ရန် မသင့်
လျော်။

ထို့ပြင် သူမကို ငှားရမ်းထားသော အခန်းမှာ စုတ်ချာ
လှသည်။

တနေ့ ဒေါ်လာ ၆၀ ပေးရသည်။

ရေချိုးခွက်ကလည်း မသန့်ရှင်း။ ပရိဘောဂ ပစ္စည်းများက
ဘာရှတ်ကလင်မှ လုပ်သော အာရှတိုင်းနိုင်ငံ ပုံစံများ ဖြစ်သည်။

သူမ ခင်ပွန်းလောင်းသည် ဝတ်စုံပြည့် ဝတ်လျှင် လည်စီး
အကြီးစားကိုပါ ထပ်လော့ရှိပြီး အိပ်ရာဝင်လျှင် လက်ပတ်နာရီ
မချွတ်ပဲ အိပ်တတ်သည်။

ဘုရား ဘုရား။ ငါ့ကိုယ် ငါ ပြန်ကြည့်ပါဦး။ လက်သန်း
ပေါ်မှာ လက်စွပ်ခလေးတွေနဲ့ ပါကလား။

မိုရှက်ဗ်စကီးသည် လှေငယ်လေး တစီးဘေးသို့ ဘွားကနဲ
ရောက်လာသော ဝေလငါးကြီးတကောင်ပမာ သူမ၏ စားပွဲသို့
ရောက်လာသည်။

သူပြောရမည့် စကားများကို စိတ်ထဲ၌ အစီအစဉ် ချဆွဲ
ပြီး ဖြစ်သည်။

ပထမဆုံး ပြက်လုံး တခုနှင့် စရမည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ ဘော်မင်၊ ခင်ဗျား ပါတီလုပ်တာ ကျွန်တော် ခဏခဏ ကြုံဖူးတယ်၊ ၁၉၆၇ ခုနှစ်တုန်းက အစ္စရေးမှာ တွေ့ခဲ့တဲ့ မိုရှက်ဗ်စကီးပါ၊ မှတ်မိရဲ့လား၊ ခင်ဗျားနဲ့ စကားနည်းနည်း ပြောချင်လို့'

'ရှင်—'

မိုရှက်ဗ်စကီး ခဏရပ်ပြီး အနည်းငယ် ခါးကုန်းကာ ထပ်ပြောပြန်သည်။

'ရောဘတ် မိုရှက်ဗ်စကီး၊ အစ္စရေး၊ ၁၉၆၇၊ ဗိုလ်မှူး ကာဘာကောဗ် တပည့်လေ၊ ဆေးရုံမှာကော ပါတီမှာပါ တွေ့ခဲ့တယ်'

'ဩ်....ဟုတ်ပြီ၊ တပ်ကြပ်ကြီး မိုရှက်ဗ်စကီးကိုး၊ အရပ်ဝတ် အရပ်စားနဲ့ဆိုတော့ ကျွန်မ ချက်ချင်း မမှတ်မိဘူးပေါ့'

ရေချယ်၏ မိတ်ဆွေ အမျိုးသားနှင့် တခြားလုံတွဲက သူ့ကို စိုက်ကြည့်နေကြလေပြီ။

'ဒါ မာ့ခ်တော်မင်ပါ၊ ဒါက ကျွန်မ မိတ်ဆွေးရင်း တဦးဖြစ်တဲ့ ရောဘတ်မိုရှက်ဗ်စကီး၊ ထိုင်ပါဦး တပ်ကြပ်ကြီး'

ရေချယ်က သူ့ အမျိုးသားနှင့် မိတ်ဆက်ပေးသည်။

'ဟုတ်ကဲ့၊ ထိုင်ပါခင်ဗျ'

တော်မင်က ပြောသည်။

'ဘာကိစ္စနဲ့ လာသလဲ၊ ဒေးဗစ် နေကောင်းရဲ့လား'

'ကောင်းပါတယ် ဆိုပါတော့လေ'

မိုရှက်ဗ်စကီး စကားဆက်မပြောချင်တော့။





စားပွဲ၌ ထိုင်းဖွဲ့ထိုင်၍ အလ္လာပ သလ္လာပ ပြောရန် ညှန်ကြားချက် မပေးထား။ ကာဘာကောဗ် ကြိုက်မည်မဟုတ်။

ထို့ကြောင့် ရေချယ်နားနား ကပ်၍ ပြောသည်။

'ခင်ဗျားနဲ့ အရေးတကြီး ပြောစရာရှိလို့ တခြား တနေရာ ခဏသွားရအောင်'

'ကျွန်မတို့ကို ခဏခွင့်ပြုပါဦးရှင်၊ ခုချက်ချင်း ပြန်လာမှာပါ မာ့ခ်၊ ဘာမှမပူပါနဲ့'

ရေချယ်က ညြိုသည့် စုံတွဲရော သူ့ ခင်ပွန်းလောင်းကိုပါ ခွင့်ပန်သွားသည်။

ငါးမိနစ် အကြာတွင် ရေချယ် ပြန်ရောက်လာပြီး မာ့ခ်တော်မင်ကို အပြင်လိုက်ခဲ့ရန် ခေါ်သည်။

ဆယ်မိနစ် အကြာတွင် မာ့ခ်တော်မင်သည် လက်ပေါ်မေးထောက်လျက် ဘားခန်းတွင် တယောက်တည်းထိုင်နေသည်။

ရေချယ်နှင့်မိုရှက်ဗ်စကီးတို့ကား နယူးယောက်သို့ ကားနှင့် သုတ်ခြေတင် ပြန်သွားလျက် ရှိကြသည်။

နှင်းများက ခပ်သည်းသည်းလေး ကျနေပြီ။

× × ×

တောင်ဘက်တွင် နှင်းမှုန်များသည် မိုးရွာသလို သည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါလီယာအိုင်ယက်ဒ်မောင်းလာသော လင်ဒါ၏ စတေးရှင်ဝက်ဂွန်းကားခေါင်မိုးနှင့် ရွှေမှုန်ပေါ်သို့ တဖျောက်ဖျောက် ကျနေသည်။

‘ဂါဒင်စတီတ်ပါ့ခ်ဝေး’ လမ်းမကြီးအတိုင်း မောင်းချလာသည်။

‘လမ်းမ (၇၀)မှ သည် လိပ်ခ်ဖာ့စ်မြို့ သွားရန် အနောက်ဘက်သို့ ချိုးလိုက်သည်။

လင်ဒါ၏အိမ်သို့ ဆိုက်ရောက်၍ အိမ်ထဲပြေးဝင်သွားသောအခါ မနက် သုံးနာရီရှိပြီ။

လင်ဒါ ကော်ဖီငှဲ့သောက်နေသည်။

ဒါလီယာက ဒေးလီနယူးစ် သတင်းစာကို မီးဖိုကောင်တာပေါ်ဖြန့်ကာ အလယ်စာမျက်နှာမှ ဓာတ်ပုံကို ဖွင့်ပြသည်။

ထမ်းစင်ပေါ်မှ လူနာ၏မျက်နှာကို ပီသစွာ မြင်ရသည်။

ကာဘာကော့ဗ်မှ ကာဘာကော့ဗ်။

သူမ၏ ဆံပင်များပေါ်မှ နှင်းခဲများ အရည်ပျော်၍ စီးဆင်းလာလျက် ရှိသည်။

‘ကာဘာကော့ဗ်ဆိုတာ သေချာပြီပေါ့၊ ဒီတော့ ဘာဖြစ်သလဲ’

‘ဘာဖြစ်ရမလဲ၊ မသိဘူးလား၊ သူ မြူဇီနဲ့ စကားပြောခွင့်ရလိုက်တယ်၊ ခင်ဗျားပုံပန်းသဏ္ဌာန်၊ ခင်ဗျားအကြောင်း သူသိပြီးရောပေါ့၊ မြူဇီ့ကို သင်္ဘောကနေ ခြေရာခံလိုက်လို့ရခဲ့တာဖြစ်မယ်၊ သင်္ဘောမှာပဲ ကျုပ်ရဲ့ အကြောင်းလဲ သိလာမှာပဲ၊





ကျုပ်ကို အသေအချာမသိသေးပေမယ့် ကျုပ်အကြောင်းတော့ သူသိထားမှာပဲ၊ ဒါလီယာ့ကိုလဲ သူတွေ့ဖူးတယ်၊ သူ့ကို အမြတ်ရှင်းမှ ဖြစ်တော့မယ်’

ဖာခဲလ်သည် သူ့အခန်းထဲမှ ထွက်လာပြီး ပြောလိုက်သည်။

လင်ဒါက ကော်ဖီပန်းကန်ကို ချလိုက်သည်။

‘ကျုပ်ကို လာလိမ့်မနေစမ်းနဲ့ ဖာခဲလ်၊ အစိုးရဘက်က ဒီလောက်သိထားယင် သူတို့ ဒီအိမ်ကိုရောက်လာကြရောပေါ့ဗျ၊ ခင်ဗျား သူ့ကိုကလဲ့စား ချေတဲ့အနေနဲ့ သတ်ချင်နေတာပဲ၊ ခင်ဗျားတို့ ခေါင်းဆောင်ကို သူ သတ်ခဲ့တာ မဟုတ်လား၊ အိမ်ထဲဝင်ပြီး အလွယ်တကူ ဆော်ပစ်ခဲ့တယ်လေ’

‘သူ အိပ်ပျော်နေတုန်း ခိုးဝင်လာပြီး....’

‘ခင်ဗျားတို့တွေ တယ်ခက်တာပဲ၊ ဒါကြောင့်လဲ အစ္စရေးတွေက ခင်ဗျားတို့ထက် သာနေတာ၊ ကလဲ့စားချေဖို့ပဲ တွေးနေ၊ အယင်တပတ်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအတွက် ပြန် ကလဲ့စားချေချင်တယ်၊ ကလဲ့စားချေမှု တခုကြောင့် ကျုပ်တို့ စီမံကိန်းကြီးပျက်ပြားသွားနိုင်တာကိုတော့ မစဉ်းစားဘူး’

‘ကာဘာကော့ဗ် သေမှ အေးမယ်’

‘ဒါဟာ ကလဲ့စားချေတာ မဟုတ်ဘူး၊ သူ ဗဏ်ရာရတုန်း ခင်ဗျား သူ့ကို သွားမသတ်နိုင်ယင် တညညမှာ ခင်ဗျားကို သူ လာသတ်မှာ ကြောက်လို့ပဲ ဖြစ်ရမယ်’

‘ကြောက်လို့ မှုသော ဝေါဟာရက သူတို့နှစ်ဦးစလုံးအား အသက်ရှူ မှားသွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖာဆေးလ်သည် ဒေါ်သာကို ချုပ်တည်းနေရသည်။

အာရပ်တဦးသည် ကွဲရှဲ ရွတ်ချ စော်ကား ခံရခြင်းထက် ဖားတကောင်ကိုသာ မည်းမည်းမည်း မျိုချ ပြလိုက်ချင်သည်။

ဒါလီယာက သူတို့နှင့် မျက်စိချင်းမဆုံမိစေရန် ကော်ဖီအိုးဆီ လျှောက်သွားသည်။

ကော်ဖီတခွက်ငှဲပြီး၊ ကောင်တာကို မှီနေသည်။

သူမ ဓာင်ပါးကပ်ထားရာ အံဆွဲထဲ၌ သားလှီးဓားများ ရှိသည်။

ဖာဆေးလ် စကားပြောသောအခါ သူ့အာခေါင် ခြောက်နေ၏။

'ကာဘာကော့ဗ်က သူတို့ရဲ့ အတော်ဆုံး လူတယောက်ပဲ၊ သူသေသွားယင် သူ့နေရာမှာ လူစားထိုးကြမှာပဲ၊ ဒါပေမယ့် သူ့ အရည်အချင်းကို မီမှာ မဟုတ်ဘူး၊ တခုပြောပါရစေ... မစ္စတာလင်ဒါ၊ မြူဇီဟာ ခင်ဗျားကိုမြင်လိုက်တဲ့အတွက်ကြောင့် အသတ်ခံရတာပဲ၊ ပြီးတော့ ခင်ဗျားကို အမေရိကန်တယောက် မှန်းလဲ စကားပြောသံကြောင့် မြူဇီ သိခဲ့တယ်၊ ကျုပ်တို့ အားလုံးဟာ ဒဏ်ရာဒဏ်ချက် အမှတ်အသား ကိုယ်စီရှိကြတယ် မဟုတ်လား'

ဖာဆေးလ်က သူ့ပါးပေါ်မှ အမာရွတ်ကြီးကို လက်ညှိုးနှင့် ထောက်ပြသည်။

'ခုဆို ဒါလီယာကို ကောင်းကောင်းမှတ်မိတဲ့ လူတယောက်ကို ကျုပ်တို့ တွေ့ထားပြီ၊ သူ့ရဲ့ ပုံကို ရှာတွေ့နိုင်တဲ့ နေရာတွေ ရှိနေမှာပဲ'





'ဘယ်မှာလဲ'

'ကျွန်မရဲ့ ဓာတ်ပုံက နိုင်ငံခြားသားမှတ်ပုံတင် စာရင်းထဲမှာ ရှိတယ်၊ အဲဒီမှာ ကျွန်မ ရုပ်ဖျက် ထားပါတယ်၊ ဒါပေမယ့် ဘေရွတ်မြို့ အမေရိကန် တက္ကသိုလ်က ကျောင်း နှစ်ပတ်လည် မဂ္ဂဇင်း စာအုပ်မှာတော့...'

'အို...ကျောင်း နှစ်ပတ်လည် မဂ္ဂဇင်းမှာ မင်းပုံပါတာ သူ ဘယ်တော့မှ သိမှာ မဟုတ်ဘူး'

'သူ ဒါမျိုး ကျွမ်းနေပြီ မိုက်ကယ်၊ ကျွန်မတို့ကို ကိုင်ရို တက္ကသိုလ်နဲ့ ဘေရွတ် တက္ကသိုလ်ကနေ စည်းရုံးရွေးချယ်ခဲ့တယ် ဆိုတာ သူတို့တွေ သိပြီးသား၊ ကျွန်မတို့ လူတဦးဟာ ပြောက်ကျား လှုပ်ရှားမှုမှာ ဝင်မပါဖြစ်ခင် ကာလအတွင်း ဓာတ်ပုံ ခဏခဏ အရိုက်ခံရပြီး ကျောင်းနှစ်လည် မဂ္ဂဇင်းမှာ ဖော်ပြခံရတာချည်းမဲ၊ သူ လိုက်ရှာမှာပဲ'

'ဒါလီယာ့ကို တွေ့သွားပြီဆိုယင် သူ့ ဓာတ်ပုံကို မိတ္တူပွားပြီး ဖြန့်ဝေလိုက်မှာပဲ၊ ခင်ဗျား တိုက်ခါနီးကျယင် ထောက်လှမ်းရေး အေးဂျင့်တွေ အများကြီး စောင့်ကြပ်နေမှာပဲ'

'ဒါဆို ထောက်လှမ်းရေးကလဲ လေယာဉ်ကွင်းကို လာမှာပဲ၊ ဒါလီယာ့ပုံကို တွေ့ပြီးရောပေါ့၊ ကျုပ်ပုံရော ခင်ဗျား ပုံပန်းသဏ္ဍာန်ရော သိပြီးရောပေါ့၊ ဒါဟာ ကာဘာကော့ဗ် ကြောင့်ပဲ ဖြစ်ရမယ်၊ သူ့ကို အရှင်ထားလို့ကို မဖြစ်တော့ဘူး'

'ခင်ဗျားရော ဒါလီယာ့ကိုပါ ကျုပ် အဖမ်းမခံရစေချင်ဘူး၊ ကျုပ်ကိုယ်တိုင်လဲ မလုပ်ပေးနိုင်ဘူးဗျာ'



www.burmeseclassic.com

www.burmeseclassic.com


'ကိစ္စမရှိပါဘူး၊ ကျွန်မတို့ အဝေးထိန်းချုပ်စနစ်နဲ့ လုပ်ကြတာပေါ့'

ဒါလီယဒ်က ညာပြောလိုက်လေသည်။

× × ×

လောင်းအိုင်လင် ကောလိပ် ဆေးရုံတွင် ကာဘာကော့ဗ် အခန်းသို့ မိုရှက်ဗ်စကီးနှင့် အတူ လိုက်သွားသောအခါ အက်ဗ်ဘီအိုင် စုံထောက်များ ရွှေ၌ သူမ မည်သူမည်ဝါ ဖြစ်ကြောင်း နှစ်ကြိမ်တိုင်တိုင် အစစ်ဆေးခံရသည်။

ထိုခါးဖွင့်သံသဲ့သဲ့ ကြားကြားခြင်း ကာဘာကော့ဗ် နိုးသွားသည်။

သူမသည် အမှောင်ထဲ၌ သူ့ခုတင်နား ကပ်လာပြီး သူ့ပါးကို စမ်းသည်။

မျက်တောင်များကို လက်ဖျားနှင့် တို့သည်။

ကာဘာကော့ဗ် နိုးလာပြီကော။

'ဒေးဗစ် ကျွန်မ ရောက်လာပြီလေ'

ခြေခက်နာရီအကြာတွင် ဆမ်ကော်လီသည် ဆေးရုံသို့ ပြန်လာသည်။

လူနာတွေ့ချိန် စတင်ပြီမို့ လူနာများ၏ ဆွေမျိုးမိတ်သင်္ဂဟများသည် ပန်းစည်းများ ကိုင်လျက် ကြိုလမ်းမှ ဝင်လာလျက်ရှိကြသည်။

အချို့လည်း 'ညှော်သည့် ဝင်ခွင့်မပြု၊ ဆေးလိပ်မသောက်ရ၊ ဤအခန်းထဲ၌ အောက်စီဂျင် အသုံးပြုနေသည်' ဟူသော ဆိုင်းဘုတ် တပ်ထားသော ကော်ရီ အပြင်ဘက်တွင် စိုးရိမ်သော မျက်နှာထားများဖြင့် စကားတီးတိုး ပြောနေကြသည်။

ကော်လီသည် ကာဘာကော့ဗ် အခန်းအပြင်ဘက် ခုံတန်းများတွင် ဟမ်ဘာဂါ ထိုင်စားနေသော မိုရှက်ဗ်စကီးအား တွေ့ရသည်။

သူ့ဘေးတွင် ဘီးတပ်ထိုင်ခုံနှင့်အသက်ရှစ်နှစ်အရွယ်ကလေးလေးတယောက် ရှိသည်။ သူမလည်း ဟမ်ဘာဂါ စားနေ၏။

'ကာဘာကော့ဗ် အိပ်နေလား'

'ရေချိုးနေတယ်'

မိုရှက်ဗ်စကီးက ပလုပ်ပလောင်း စားယင်း ဖြေသည်။

'မင်္ဂလာ နံနက်ခင်းပါ'

ကလေးမလေးက နှုတ်ဆက်သည်။

'မင်္ဂလာ နံနက်ခင်းပါ၊ သူ ရေချိုးလို့ ဘယ်တော့ပြီးမှာလဲ မိုရှက်ဗ်စကီး'

'ဆရာမ ရေပတ် တိုက်ပေးပြီးယင် ပြီးပြီပေါ့၊ အဲဒီလို ထင်ကာ သိပ်ယားတာပဲ'

'ခင်ဗျား ဆရာမနဲ့ ရေပတ်တိုက်ဖူးလား'

'ဟင့်အင်း၊ဆရာမကိုမြန်မြန်လုပ်လို့ပြောလိုက်၊မိုရှက်ဗ်စကီး၊ ချုပ်....'





www.burmeseclassic.com

www.burmeseclassic.com



'ဟမ်ဘာဂါ တကိုက်လောက် စားဦးမလား ဦးဦး၊ မစ္စတာ မိုရှက်ဗ်စကီးနဲ့ ကျွန်မ မှာစားတာလေ၊ ဆေးရုံမှာ စားလို့ သောက်လို့ မကောင်းဘူးရှင့်၊ မစ္စတာ မိုရှက်ဗ်စကီးက မစ္စတာ ကာဘာကော့ဗ်ကို ဟမ်ဘာဂါ ပေး မစားဘူးတဲ့၊ မစ္စတာ ကာဘာကော့ဗ်က စိတ်ဆိုးသွားတယ်'

ကောင်မလေးက ပြောသည်။

'အင်း....'

ကော်လီက လက်သည်းကိုက်ယင်း ခေါင်းညိတ်သည်။

'ကျွန်မလဲ မစ္စတာ ကာဘာကော့ဗ်လိုပဲ မီးလောင်ခံရတာ'

'ကြားရတာ စိတ်မကောင်းပါဘူးကွယ်'

သူမသည် မိုရှက်ဗ်စကီး ပေါင်ပေါ်မှ အာလူးကြော်များကို ထိုင်ခုံပေါ်မှ အားစောင်း၍ လှမ်းယူသည်။

ကော်လီ တံခါးဖွင့်ပြီး အထဲခေါင်းပြူကြည့်ကာ ဆရာမအား တစုံတခုပြောသည်။ ပြီး အပြင် ပြန်ထွက်လာသည်။

'ခြေထောက်တဘက် ကျန်သေးတယ်တဲ့၊ ဟင်း....'

'ကျွန်မ ဟင်းချက်နေတုန်း ရေနွေးအိုး မှောက်ကျလို့'

ကောင်မလေးက ပြောပြန်သည်။

'ဟော မင်း ဘာပြောတာလဲကွယ့် ကလေးမ'

'ကျွန်မ ဟင်းချက်နေတုန်း ရေနွေးပူလောင်လို့'

'အေး....အေး....ဝမ်းနည်းပါတယ်ကွာ'

'ကျွန်မ မစ္စတာ ကာဘာကော့ဗ်ကိုတောင် ပြောနေသေးတယ်၊ ဒါမျိုးတွေက မီးဖိုထဲမှာ ဖြစ်တာများတယ်လို့၊ သူလဲ ကျွန်မလိုပဲ အပူလောင်တာ မဟုတ်လား'





'မင်း မစ္စတာ ကာဘာကော့ဗ်နဲ့ စကားပြောရလို့လား'

'ဟုတ်တယ်.... သူ့ ပြတင်းပေါက်ကနေ ကစားကွင်းထဲက ဘောလုံးပွဲတောင် ကျွန်မတို့ အတူကြည့်ကြသေးတယ်၊ မနက်တိုင်း ကျောင်းမတက်ခင် သူတို့ ဘောလုံး ကစားကြတယ်၊ ကျွန်မအခန်း ပြတင်းပေါက်ကဆိုယင် အုတ်နံရံပဲ မြင်ရတယ်၊ မစ္စတာ ကာဘာကော့ဗ်က ရယ်စရာလဲ ပြောတတ်တယ်၊ ကျွန်မ ပြောပြရဦးမလား'

'နေ....နေပါစေကွယ်၊ သူ ငါ့ကို နည်းနည်း ပြောပြပြီးပါပြီ'

'ကျွန်မမှာလဲ ဟိုရှက်တဲ့ကလေးနဲ့....'

အခန်းထဲမှ ဆရာမသည် ရေဇလုံတခုကိုင်လျက် ထွက်လာသည်။

'အထဲဝင်လို့ ရပါပြီ'

'ကောင်းပြီ'

ကောင်မလေးက ပြောသည်။

'နေဦး ဒေါ့တီ၊ ငါနဲ့ ခဏနေခဲ့ပါ၊ တို့တွေ အာလူးကြော်တွေ ကုန်အောင် စားကြဦးစို့'

'ဟုတ်ကဲ့'

ကော်လီသည် ကာဘာကော့ဗ်အား ခုတင်ပေါ် ခေါင်းအုံးမှီ ထိုင်နေလျက်သား တွေ့ရသည်။

'ကဲ....ခင်ဗျား သန့်ရှင်းသွားပြီပေါ့၊ ကျုပ်တို့ ရသမျှပြောပြမယ်၊ လက်တီးရှားသဘောကို ဝရမ်းထုတ်ထားတယ်၊ သဘောသား သုံးယောက်က ဟိုလှေကို တွေ့လိုက်သတဲ့၊ လှေကြ မှတ်ပုံ



www.burmeseclassic.com

တင်နံ့ပါတ်တွေကိုတော့ တယောက်မှ မမှတ်မိဘူး၊ နံပါတ်က အတုရေးလို့ ရတာပဲ၊ ကိစ္စမရှိဘူး၊ သင်္ဘောဘေးကို ပွတ်သွားလို့ လှေပေါ်က ဆေးသားတချို့ ကပ်ကျန်ခဲ့တာတော့ ရတယ်၊ ခု ခွာတ်ခွဲကြည့်နေတယ်'

ကာဘာကော့ဗ်က စိတ်မရှည်ဟန်နှင့် လက်ယမ်းပြသည်။

ကော်လီ ဆက်ပြောသည်။

'ကင်းလှည့် မော်တော်ပေါ်က ရေဒါအော်ပရေတာနဲ့လဲ စစ်ဆေးပြီးပြီ၊ လှေက သစ်သားလှေလို့ ယူဆကြတယ်၊ မြန်လဲ မြန်တယ်၊ အသံကိုထောက်မြီး ယူဆရယင် တာဘိုဒီဇယ်အင်ဂျင် ဖြစ်မယ်တဲ့၊ ဒါမျိုးက မှောင်ခိုကုန်သွင်းတဲ့ လူတွေသုံးတဲ့ လှေမျိုး၊ မကြာခင် ရှာတွေ့မှာပဲ၊ သင်္ဘောကျင်း ကောင်းကောင်း တခုမှာ အော်ဒါပေးဆောက်ရတာ ဖြစ်မယ်'

'ဟို အမေရိကန်ငနဲရော'

'ဘာမှမထူးဘူး၊ ဒီတိုင်းပြည်မှာ အဲဒီကောင်မျိုးတွေ အများကြီး၊ သိပ်မလွယ်ဘူး....၊ လက်တီးရှား သင်္ဘောသားတွေကို 'အိုင်ဒင်တီကစ်'ကိရိယာနဲ့ သင်္ဘောပေါ် တက်လာတဲ့ လူပုံကို ဖော်ခိုင်းကြည့်တယ်၊ သူတို့က အင်္ဂလိပ်စကား မတတ်ဘူး၊ စကားပြန်နဲ့ဆိုတော့ အတော်ခက်တယ်၊ ခင်ဗျားလဲ ဟိုမိန်းမ ပုံကို ဖော်ယူဖို့ 'အိုင်ဒင်တီကစ်' တခု ယူလာ ပေးထားမယ်၊ ခွာတ်ခွဲဌာနကတော့ မဒ္ဒန်နှာ ရုပ်တုလေးကို ခွာတ်ခွဲ ဆန်းစစ် နေလေရဲ့'

ကာဘာကော့ဗ် ခေါင်းညိတ်သည်။





'ခင်ဗျားကို ဆေးရုံပြောင်းပေးဖို့ ခရီးစဉ်ရေးဆွဲထားပြီးပြီ ား၃၀ နာရီကျယင် ဒီက ထွက်မယ်'

'ကျွန်မ ရှင်နဲ့ စကားပြောချင်တယ်၊ မစ္စတာ ကော်လီ'

ရေချယ်က တံခါးပေါက်မှ လှမ်းပြောသည်။

သူမသည် ကော်တင်ထားသော ဂျူတီကုတ်အဖြူကို ဖတ် ားပြီး၊ ကာဘာကော့ဗ်၏ ဇယားချပ် များနှင့် ခွာတ်မှုန် ားကို ကိုင်ထားသည်။

'ကျုပ် အစ္စရေးသံရုံးကို သွားမလို့၊ ခင်ဗျား အဲဒါဆို ဘာမှ ပ်လို့ မရတော့ဘူး၊ ကဲ... သူနဲ့ စကားပြောဦး ကော်လီ'

နာရီဝက်အကြာတွင် ကော်လီသည် ဆေးရုံအုပ်နှင့် စကား ာသည်။

ဆေးရုံအုပ်က သောကြာနေ့၌ စောစောအိမ်ပြန်ရန် ကြံနေ သော ဆေးရုံမှ ပြည်သူ့မြန်ကြားရေး အရာရှိနှင့် စကားပြော ည်။

သူက တယ်လီဖုန်းအောက်၌ စာနယ်ဇင်းသမားများအတွက် စာရွက်ကလေး ထိုးထည့်ထားသည်။

လူနာ၏ ရောဂါအခြေအနေမှတ်တမ်းစာအုပ်ကို လျှင်လျှ ားလိုက်သည်။

ုပ်မြင်သံကြား ဌာနများက ညနေ ခြောက်နာရီ သတင်း အစဉ်အတွက် သတင်း စုဆောင်းရာတွင် နေ့ခင်း ပိုင်းတ ာက်မှုကြီးများမှ လူနာများ၏ အခြေအနေကို ဖုန်းဆက် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားရေး အရာရှိက မစ္စတာ ကာ့ဘာကော့ပ်အား အရှုတ်(စ်) တပ်မတော်ဆေးရုံသို့ ပြောင်းရွှေ့လိုက်ကြောင်း သတင်းပေးသည်။

ထိုနေ့က သတင်းစာများ၌ နေရာကျပ်သဖြင့် ထိုသတင်း ပါမလာပေ။

စေ့စပ် တိကျသော နယူးယောက်တိုင်း(မ်၊စ်) သတင်းစာကြီးကတော့ ထိုသတင်းတိုကလေးကို ဖော်ပြလိုက်သည်။

တိုင်း(မ်၊စ်) သတင်းစာကြီးထံမှ ဖုန်းလာပြီးနောက် ဆေးရုံတွင် ထိုမှတ်ချက် စာရွက်လေးကို လွှင့်ပစ်လိုက်ကြလေသည်။

ည ၁၀း၃၀ နာရီကျမှ နယူးယောက်တိုင်း(မ်၊စ်) သတင်းစာ၏ပုံနှိပ်ထုတ်ဝေသည့် ပထမအသုတ်သတင်းစာများ ဆိုင်ပေါ် ရောက်လာမည် ဖြစ်သည်။

ထိုအခါ၌...နောက်ကျ သွားလေပြီ။

ဒါလီယာကား...လမ်းမပေါ် ရောက်နေပြီ ဖြစ်၏။

■



**အခန်း ။ ၁၂ ။**

အိုင်အာ(ရ်)တီ အမြန်ရထားသည် 'အရှေ့မြစ်ကြီး' အောက်မှ ဖြတ်၍ လောင်းအိုင်လင် ကောလိပ်ဆေးရုံအနီး၊ ဘိုရိုဟော(လ်) ဘူတာ၌ရပ်သွားသည်။

ည တာဝန်ကျသော သူနာပြု ဆရာမ (၁၁) ဦးသည် ၁၁း၃၀ နာရီတွင် အလုပ်ဝင်ရန် ဂိုင်း ရထားပေါ်မှ ဆင်းလာကြသည်။

မြေအောက်လှေကားမှတက်၍ လမ်းမပေါ်သို့ ရောက်လာသောအခါ သူနာပြု ဆရာမ (၁၂) ယောက် ဖြစ်သွားသည်။

အရှုတ်ကလင် ပလက်ဖောင်းများပေါ်မှ အုပ်စုဖွဲ့၍ လျှောက်သွားကြယင်း လမ်း တဘက်တချက်ရှိ မီးလင်းနေသောအိမ်ခန်း၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းပြတင်းပေါက်များကိုသာမန်ကာလျှံကာမျှကြည့်သွား
ကြသည်။

အရက်ချိုးကြီး တယောက်ကိုသာ တွေ့ရ၏။

သူသည် ဆရာမ အုပ်စုနားသို့ ဒယီးဒယိုင်လျှောက်လာသည်

ဆရာမများသည် သူ့ကို ၂၅ ဂိုက် အကွာမှပင် အမူးသမား
မှန်း သိလိုက်ပြီး သူ့ကို ရှောင်သွားကြသည်။

သူမတို့ ကိုယ်ပေါ်မှ ခေါင်းလိမ်းဆီနှင့် ရေမွှေးနံ့များကြ
လှိုင်စွာ ကျန်ရစ်သော်လည်း အရက်ချိုးကြီး နှာခေါင်းသ
ဘာနံ့မှ မရတော့ပေ။

ဆေးရုံပြတင်းပေါက်အတော်များများ မှောင်နေသည်။

ဆေးရုံကား တစီးမှ ဥဩသံသည် မရပ်မနား မြည်လျ
တဖြည်းဖြည်း ကျယ်လောင်လာသည်။

အိပ်ငိုက်၍ သမ်းနေသော လုံခြုံရေးမှူးသည် သူမတို့အတွ
မှန် တံခါးများ ဖွင့်ပေးသည်။

'မှတ်ပုံတင်လေးတွေ ထုတ်ပြကြပါ'

ဆရာမများသည် ပါးစပ်က ဗျစ်တောက်ဗျစ်တောက် ပြော
ယင်း မိမိတို့ ပိုက်ဆံအိတ်များထဲမှ မှတ်ပုံတင်များကို မွှေနှော
ရှာဖွေယူကြသည်။

အစောင့်က မှတ်ပုံတင် များကို တချက်စီမျှသာ ကြည့်ပြီး
ဝင်ခွင့်ပြုလိုက်သည်။

သူတို့အားလုံး ကြီးမား ကျယ်ဝန်းသော အဆောက်အအ
ကြီးထဲသို့ ဝင်လာကြသည်။





သူနာပြုဆရာမ တယောက်သည် မြေညီထပ်ရှိ ခေတ်လှေကား
များအနီး အမျိုးသမီး အိမ်သာခန်းသို့ ဝင်သွားသည်။

အိမ်သာထဲ၌ သူမထင်သည့်အတိုင်း မှောင်နေသည်။
မီးခလုတ် ဖွင့်ပြီး မှန်ထဲ၌ သူမရုပ်ကို ကြည့်သည်။

ခေါင်းပေါ်မှ ရွှေရောင် ဆံပင်တုနှင့် ဆေးဆိုးထားသော
မျက်ခုံးမွေးတို့သည် အကျိုးသက်ရောက်မှု ရှိလှ၏။

ပါးစောင်နှစ်ဘက်၌ဂွမ်းကပ်လေးများခံပြီး စာကြည့်မျက်မှန်
လုလုလေးတလက် တပ်ထားသေးသဖြင့် သူမအား ဒိုင်လီယာ
အိုင်ယတ်ဒ်မှန်း မည်သူမျှ မသိနိုင်တော့ပေ။

သူမသည် အိမ်သာ ခန်းငယ်လေးတခုတွင် ကုတ်အကျႌကို
ချိတ်ပြီး အတွင်းအိတ်ထဲမှ လင်ဗန်းငယ်လေး တခုကို နှိုက်ယူ
သည်။

ပုလင်းနှစ်လုံး အဖျားတိုင်း ပြွန်ချောင်း၊ ပလပ်စတစ် လျှော
ဖိနှိပ်တံ ကလေးနှင့် ဆေးလုံးပါသော ရေခွက်ကလေး တို့ကို
လင်ဗန်းလေးထဲ ထည့်ပြီး အပေါ်မှ အဝတ်နှင့် ဖုံးလိုက်သည်။

လင်ဗန်း တခုလုံးမှာ ဟန်ပြသက်သက် ဖြစ်သည်။

အရေးကြီးသောပစ္စည်းက သူမ၏ ဝတ်စုံအိတ်ထဲ၌ ရှိသည်။

သန့်မာထွားကျိုင်းသော နွားကြီးတကောင်ကိုပင် နှလုံး
ရပ်ပြီး သေစေနိုင်လောက်အောင် အစွမ်းထက်သည့် ပိုတက်စီ
ယမ်ကလိုရိုက်(ဒ်) အဆိပ်ပါသည့် ဆေးထိုးအပ်တချောင်း ဖြစ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမခေါင်းပေါ်၌ သူနာပြုဆရာမများဆောင်းသည့် ဦးထုပ်ဖြူလေးကို ကလစ်လေးများဖြင့် ကျကျနနတွယ်၍ ဆောင်းထားသည်။

ခပ်ပွပွယူနီဖောင်းကြောင့် သူမ၏ ကိုယ်လုံးအလှ ပျက်နေသော်သည်း ပေါင်တဝက်ထိရောက်သော နိုင်လွန်ခြေအိတ်ရှည်ထဲတွင် ဝှက်ထားသော ဘာရက်တာပစ္စတိုလေးကိုပင် ကောင်းစွာ ဖုံးဖိထားနိုင်ပေသည်။

ဒါလီယာ ကျေနပ်သွားသည်။

မြေညီထပ်ခန်းမဆောင်တွင် အုပ်ချုပ်ရေးရုံးခန်းများ ရှိပြီး လူသူလေးပါး ကင်းမဲ့နေသည်။

မီးလုံး၊ မီးချောင်းများကို လောင်စာ ချွေတာရေးအတွက် လျှော့ထွန်းထားသော ခန်းမဆောင် တလျှောက် ဖြတ်သန်းသွားစဉ် ဆိုင်းဘုတ်ငယ်များကို စိတ်မှ မှတ်သားသွားသည်။

စာရင်းဌာန၊ မှတ်တမ်းဌာန၊ ပြီးတော့... လူနာ သတင်းစုံစမ်းရေး၊ ပြန်ကြားရေးဌာန။ စကားပြောပေါက် အဝိုင်းကလေးပါသော မှန်ပြတင်းနှင့် အခန်းငယ်လေးများမှာ မှောင်မည်းနေသည်။

ရိုးရိုး နှိပ်ပိတ်ရသည့် သော့ခလောက်တခုနှင့် တံခါးကို ပိတ်ထားသည်။

လျှာဖိသည့် ပလပ်စတစ်ပြားလေးနှင့် စက္ကန့် သုံးဆယ်မျှ ကလိလိုက်သောအခါ တံခါးဂျက် ပွင့်သွားသည်။

အထဲရောက်သည်နှင့် လက်နှိပ်ဓာတ်မီး မသုံးပဲ မီးခလုတ်ဖွင့်လိုက်သည်။





မီးချောင်းများ တချောင်းပြီး တချောင်း ဖြတ်ကနဲ ဖြတ်ကနဲ လင်းလာသည်။

စားပွဲပေါ်မှ လယ်ဂျာစာအုပ်ကြီးကို သူမ ဖွင့်ကြည့်လိုက်သည်။

'ကေ' အက္ခရာကို ရှာသည်။

ကာဘာကော့ဗ် မရှိ။ ကဲ... တခန်းပြီး တခန်း လိုက်ရှာရတော့မည်။

အစောင့်တွေကို သတိထား။

နေ့ဦး၊ ရုပ်မြင်သံကြား သတင်းမှ 'ကာဘော့ဗ်' ဟု ကြေငြာသွားသည်။

သတင်းစာတွေကလည်း 'ကာဘော့ဗ်' ဟု ရေးလိုက်ကြလေသည်။

ဟုတ်ပြီ—ဟုတ်ပြီ။

ဟောဒီမျက်နှာ အောက်ဆုံးမှာ 'ကာဘော့ဗ် ဒေးဗစ်' တဲ့။ လိပ်စာ မပါ။

၎င်းနှင့်ပတ်သက်သော စုံစမ်းမှု အားလုံးကို ဆေးရုံအုပ်ချုပ်ရေးမှူးထံ အသိပေး လွှဲအပ်ရန်။

လူကိုယ်တိုင် စုံစမ်းသူများအား ဆေးရုံအုပ်၊ ဆေးရုံလုံခြုံရေးနှင့် အက်ဖ်ဘီအိုင်။ အယ်လ်အီး ၅-၄၄၀၀ သို့ သတင်းပို့ပေးရန်။ ကာဘာကော့ဗ်အခန်းနံပါတ်က ၃၂၄။

ဒါလီယာ သက်ပြင်းရှိုက်ပြီး စာအုပ်ကို ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဒီထဲ ဘယ်လိုလုပ်ဝင်သလဲ'

ဒါလီယာ ထခုန်မိမတတ် လန့်သွားသည်။

သို့သော်...ဟန်မပျက်။

မှန်ပြတင်းရှေ့မှ ရပ်ကြည့်နေသော လုံခြုံရေးမှူးကို မော့ကြည့်သည်။

'ရှင် ကျွန်မကို ကူညီနိုင်မလားဟင်၊ ဟောဒီ စာအုပ်ထိုး ညပိုင်း အုပ်ချုပ်ရေးမှူးဆီ သွားပို့ပေးပါလား၊ ကျွန်မ အပေါ်ထပ် ပြန်မတက်နိုင်တော့ဘူး၊ စာအုပ်က ဆင်ပေါင်လောက် လေးတယ်'

'မင်း ဒီထဲ ဘယ်လိုဝင်သလဲ'

'ညပိုင်း အုပ်ချုပ်ရေးမှူး ပေးတဲ့ သော့နဲ့ပေါ့ရှင်'

သော့ပြစမ်းဟု တောင်းလာလျှင်တော့ သူ့ကို သူမ သတ်ပစ်ရပေမည်။

'ညဘက်ဆို ဒီထဲ ဘယ်သူမှ မဝင်ရဘူးတဲ့'

'ဒီမယ် ရှင် အပေါ်ထပ်ကို ဖုန်းဆက်မေးချင် မေးပေါ့ ရပါတယ်၊ ကျွန်မကတော့ ဒီစာအုပ် လာယူခိုင်းလို့ လာရတာ'

သူ ဖုန်းဆက်မေးရန် ကြံလျှင်လည်း သူ့ကို သတ်ပစ်ရမည်။

'ဘာလဲ ကျွန်မကို ဒီအောက်ထပ် လွှတ်တဲ့အခါ ရှင့်ကို လာအကြောင်းကြားရမှာလား၊ ဒါဆိုတောင်းပန်ပါတယ်၊ ကျွန်မ မသိလို့'





'အေး ငါ့မှာ တာဝန်ရှိတယ်၊ ဒီမှာ ဘယ်သူဝင်လာသလဲ ဆိုတာ ငါသိထားရမယ်၊ အခု မီးရောင်မြင်လို့ ငါလာကြည့်တာ၊ ဒီကိုလာရလို့ တံခါးပေါက်တောင် စောင့်နေမယ့်လူ မရှိတော့ဘူး၊ ခုနေ အဝမှာ တယောက်ယောက် ရောက်နေယင် ဘယ်လိုလုပ်မလဲ၊ ငါအဝမှာမရှိယင် သူတို့ ငါ့ကို ဆဲနေဦးမယ်၊ ဒီတော့ နောက်ဆို မင်း အောက်ထပ်ကို ဆင်းလာယင် ငါ့ဆီ လာပြော ဟုတ်လား'

'ဟုတ်ကဲ့ရှင့် ကျွန်မ တောင်းပန်ပါတယ်'

'မင်းပြန်ယင် မီးပိတ် သော့ခတ်သွား၊ မမေ့နဲ့နော်'

'စိတ်ချပါရှင်'

အစောင့်သည် ခေါင်းညိတ်ပြီး ဖြည်းညင်းစွာ လျှောက်သွားလေသည်။

အခန်း ၃၂၇ သည် တိတ်ဆိတ် မှောင်မည်းနေသည်။

အောက်ဘက် လမ်းမီးတိုင်၏ မီးရောင်များသာ ပြတင်းပေါက် ယင်းလိပ်များ ကြားမှဝင်၍ မျက်နှာကြက်ပေါ် ကျရောက်နေသည်။

မှောင်ထဲ၌ ကျင့်သားရသွားသော မျက်လုံးများဖြင့် ခုတင်ကို မြင်ရသည်။

လူနာ ကိုယ်ပေါ်မှ စောင်ကို အသားနှင့် မထိအောင် ခြုံပေးရသော အလူမီနီယံ တောင်များ တပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲ၌ 'ဒိုတီဟာ့ရှ်ဘာ့ဂ်' သည် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

ခေါင်းအုံးပေါ်၌ လက်ချောင်းလေးများ ဖြန့်တင်ထားပြီး နှုတ်ခမ်းနှင့် လက်မ ထိလုနီးပါး ဖြစ်နေသည်။

သူမ၏ အခန်းသစ် ပြတင်းပေါက်မှ နေ၍ အောက်ဘက် ကစားကွင်းသို့ တနေ့လုံး ငေးကြည့်နေခဲ့သဖြင့် အတော်လေး နုံးနယ်သွားခဲ့ခြင်း ဖြစ်သည်။

သူမအခန်းသို့ ညပိုင်းဆရာမများ ဝင်တတ်ထွက်တတ်ခြင်းကို ကျင့်သားရနေပြီမို့ သူမ အခန်းတံခါး ဖြည်းညင်းစွာ ပွင့်လာသောအခါ သူမ မလှုပ်ပေ။

အခန်းထဲသို့ တစုံတယောက် ဝင်လာပြီး တံခါးကို ဖြည်းညင်းစွာ ပြန်ပိတ်လိုက်သည်။

ဒါလီယာသည် တံခါးကို ကျောမှီရပ်နေသည်။ မှောင်ထဲ၌ မျက်စိမြင်ရအောင် ခဏစောင့်နေသည်။

တံခါးဖွင့်လိုက်စဉ် စင်္ကြံလမ်းမှ မီးရောင်ကြောင့် အခန်းထဲ၌ လူနာ တဦးတည်းသာ ရှိကြောင်း တွေ့ရသည်။

ဆိုဖာ ကုလားထိုင်တလုံးမှာ မိုရှက်ပ်စကီး ထိုင်သွားသဖြင့် ခွက်နေသည်။

ဒါလီယာ ပါးစပ်ဟပြီး အသက်ရှူသံ မကြားရအောင် လုပ်သည်။





မှောင်ထဲမှ လူနာ၏အသက်ရှူသံကို ကြားနေရသည်။ အပြင်ဘက် စင်္ကြံမှ သူနာပြုဆရာမတဦး အခြားအခန်းထဲ ဝင်သွားသံ ကြားရသည်။

ဒါလီယာသည် ရှက်တဲနှင့်တူသော ခုတင်ဆီသို့ ချဉ်းကပ်သွားသည်။

စားပွဲပေါ်သို့ လင်ပန်းလေး တင်သည်။ အိတ်ထဲမှ ဆေးထိုးအပ် ထုတ်သည်။ ဆေးထိုးအပ် ဖင်ကို တွန်းလိုက်ရာ အပ်ဖျားမှ ဆေးရည် အစက်ကလေးများ ကျလာသည်။

ဘယ်နေရာမှာ ထိုးထိုး ရသည်။ လည်ပင်းဘေး တချက်ရှိကာရောတစ် သွေးကြောကြီးထဲ ထိုးမည်။ ပိုမြန်သည်။

ခုတင်ဘေး ကပ်ပြီး လည်ပင်းကို စမ်းလိုက်သည်။ ဆံပင်ကို ထိမိသည်။ အသား အရေကို စမ်းမိသည်။ သိမ့် နူးညံ့သော အသား။ သွေးခုန်နှုန်း စမ်းကြည့်သည်။ နွေးကွေးသည်။ လည်ပင်းတလျှောက် လက်ညှိုး လက်မနှင့် လျှောက်စမ်းသည်။

လည်ပင်းက သေးငယ်လှချေလား။

ဆံပင်၊ အသားအရေ၊ အားလုံး ပျော့ပျောင်းနူးညံ့လှသည်။ လည်ပင်းက သိပ်သေးလွန်းသည်။ ဆေးထိုးအပ်ကို အိတ်ထဲ ထည့်ပြီး ဖောင်တိန် လက်နှိပ်ဓာတ်မီးလေးကို ဖွင့်ကြည့်သည်။

'ဟဲလို....' ဒိုတီဟာ့ရှ်ဘာ့ဂ်က မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် နှုတ်ဆက်လိုက်သည်။ သူမ လည်ပင်းပေါ်မှ ဒါလီယာ၏ လက်ချောင်းများ အေးစက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ....လို....'

'မျက်စိကျိန်းတယ် ဆရာမ၊ ဆေးထိုးပေးမလို့လားဟင်'

ဒိုတီက ဒါလီယာ၏ မျက်နှာကို မော့ကြည့်သည်။ ဒါလီယာက သူမ ပါးပြင်ပေါ် လက်နှင့်စမ်းသည်။

'ဟင့်အင်း၊ မင်း ဆေးထိုးဖို့မလိုပါဘူး၊ မင်း နေကောင်းတယ် မဟုတ်လား၊ မင်း ဘာလို့ချင်သေးလဲ'

'လူတွေအားလုံး အိပ်မအိပ် လိုက်စစ်ဆေးရသလား ဆရာမ'

'အေး....'

'ဒါဖြင့် ဘာလို့ လူနာတွေကို နိုးသလဲဟင်'

'သူတို့ နေကောင်းလားလို့ သေချာအောင် စမ်းရတာပေါ့ ကွယ်၊ ကဲ ကဲ....ပြန်အိပ်တော့'

'ထူးဆန်းတယ်နော်၊ တမျိုးပဲ၊ လူတွေ တကယ်အိပ် မအိပ် လိုက်နှိုး ကြည့်ရတယ်လို့'

'မင်း ဒီကို ဘယ်တုန်းက ပြောင်းလာသလဲ'

'ဒီနေ့ပဲလေ၊ ဒါ မစ္စတာ ကာဘာကော့ဗ် အခန်းလေ၊ မေမေက ကျွန်မ ကစားကွင်းကို မြင်ရအောင်လို့ ဒီအခန်းကို ပြောင်းခိုင်းပေးခဲ့တာပဲ'

'မစ္စတာ ကာဘာကော့ဗ် ရော'

'သူ သွားပြီလေ'

'သူ သိပ်နေမကောင်းဘူး၊ သူ့ကို စောင်နဲ့အုပ်ပြီး ဒီက ဘယ်ထုတ်သွားကြသလား'





'ဘာလဲ သူ သေပြီလား၊ ဟင့်အင်း၊ သူ့ ခေါင်းပေါ်မှာ ကတုံးကွက်ကလေး ရိတ်ပေးထားကြတယ်၊ ကျွန်မ သူနဲ့ မနေ့ကပဲ ဘောလုံးပွဲ ထိုင်ကြည့်သေးတယ်၊ ဆရာဝန်မကြီးက သူ့ကို ခေါ်သွားတာ၊ အိမ်ပြန်သွားတာ ဖြစ်မှာပေါ့'

ဒါလီယာသည် စကြီလမ်းတွင် ခဏရပ်သည်။ သူမ အရမ်းလုပ်၍ မဖြစ်။

ဆေးရုံမှ ထွက်ရမည်။

သူမ အရေးနိမ့်၍ မဖြစ်။

နောက် မဆုတ်နဲ့။

သူနာပြုဆရာမများ၏ အခန်းလေး နောက်ဘက်ရှိ ရေခဲသေတ္တာမှ ရေခဲတုံးလေးများကို ရေကရားတခုထဲ ထည့်၍ အချိန်ဆွဲနေလိုက်သည်။

မျက်မှန်နှင့် ဆံပင်ဖြူဖြူ သနာ့ပြုဆရာမကြီးသည် အခြားသည့် ဆရာမတဦးနှင့် စကားပြောနေသည်။

ဆရာမကြီးသည် ၎င်းအထပ်မှ တာဝန်ကျ ဆရာမက ခေါ်သဖြင့် ထ သွားသည်။

ဒါလီယာသည် သူမ၏ စားပွဲသို့ ပြေးသွားပြီး၊ စာရင်း စာအုပ်ကို ကပျာကယာ လှန်ကြည့်သည်။

ကာဘာကော့ဗ် နာမည် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး တပည့်က သူမအား ကြည့်နေသည်။

ဒါလီယာက သူမအား လှည့်မေးသည်။

'၃၂၇ က လူနာ ဘယ်ရောက်သွားလဲ၊ ဘာဖြစ်သွားလဲ'

'ဘယ်သူလဲ'

'၃၂၇ က လူလေ'

'မသိဘူး၊ ရှင့်ကို ကျွန်မ မမြင်ဖူးပါလား'

'ဟုတ်တယ်၊ ကျွန်မ စိန့်ဗင်ဆင့် ဆေးရုံက ပြောင်းလာတာ'

သူမ စကားမှာ အမှန်အတိုင်း ဖြစ်၏။

စိန့်ဗင်ဆင့် ဆေးရုံ နေ့ဆိုင်း ဆရာမများ တာဝန် ပြောင်းစဉ်၌ မှတ်ပုံတင် ကတ်ပြားတခုကို ဝင်ခိုးယူခဲ့ခြင်းဖြစ်သည်။

သူမအား မသင်္ကာ မဖြစ်စေဖို့ အရေးကြီးသည်။

'ဒီလူနာ တနေရာကို ပြောင်းတယ်ဆိုယင် မှတ်တမ်းထဲမှာ ရှိရမယ် မဟုတ်လား'

'အောက်ထပ်မှာ သော့ခတ်သိမ်းထားမှာပေါ့၊ ဒီဖိုင်ထဲမှာ မတွေ့ယင် သူ ဒီအထပ်မှာ မရှိလို့ ဖြစ်မယ်၊ ဒီအထပ်မှာ မရှိယင် ဒီဆေးရုံမှာလဲ မရှိနိုင်ဘူး'

'သူ ရောက်လာတုန်းကတော့ အတော် ယောက်ယက် ခတ်သွားတယ်လို့ တခြား ဆရာမတွေ ပြောကြတယ်'

'ဒီမှာ အမြဲတမ်း ယောက်ယက်ခတ်နေတာပဲ၊ မနေ့မနက် ၃ နာရီက ဟိုဆရာဝန်မတယောက် လာပြီး သူ့ ဓာတ်မှန်တွေ





တောင်းကြည့် သွားသေးတယ်၊ ကျွန်မလဲ အပေါ်ထပ် ဓာတ်မှန်ခန်းက သွားတက် ယူပေး လိုက်ရတယ်၊ ကျွန်မ ပြန်ပြီး နောက်ပိုင်း နေ့ခင်းက ရွှေ့သွားတာ နေမှာပေါ့'

'ဆရာဝန်မက ဘယ်သူတဲ့လဲ'

'မသိဘူး၊ ဘာမှမထူးမှန်းသိသားနဲ့ ဓာတ်မှန်တွေကို မရမက တောင်းတာပဲ'

'လက်မှတ်ထိုး ယူသွားလား'

'ဓာတ်မှန်ဌာနမှာတော့ သူများတွေ လိုပဲ သူ လက်မှတ်ထိုး ယူရမှာပဲ'

ဆရာမကြီး ပြန်လာနေပြီ။

'ဓာတ်မှန်ခန်းက စတုတ္ထထပ်မှာလား'

'ပဉ္စမထပ်မှာ....'

ဒါလီယာ ဓာတ်လှေကားထဲ ဝင်သွားစဉ် ဆရာမကြီးနှင့် ဆရာမလေးတို့ စကားပြောယင်း ကျန်ရစ်ခဲ့သည်။

ဓာတ်လှေကား တံခါးများ ပိတ်သွား၏။

ဆရာမလေးက ဓာတ်လှေကားဆီ မေးထိုးပြသည်။

ဆရာမကြီး မျက်နှာအမူအရာ ပြောင်းသွားသည်။

မနေ့ညက ပေးထားသော ညွှန်ကြားချက်များကို သူမ သတိ ရသွားသည်။

တယ်လီဖုန်းဆီ လျင်မြန်စွာ လက်လှမ်းလိုက်သည်။

ထိုအဖြစ်အပျက် အားလုံးကို ဒါလီယာ မတွေ့လိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်အခန်းတွင်း၌ ရဲသား ဂျွန်ဆူလီဗန်၏ ခါးပတ်မှ 'ဘီပါ'ခေါ် အချက်ပေး ကိရိယာငယ်မှ အသံထွက်လာသည်။

'ပါးစပ် ပိတ်ထားစမ်း'

ဆူလီဗန်က သူ့ရဲဘော်တဦး ဖမ်းချုပ်ထားသော အမှုသမားကြီးကို ဟောက်လိုက်သည်။

ဆူလီဗန်သည် သူ၏ ဝေါ်ကီတော်ကီကို ချိတ်မှ ဖြုတ်ပြီး ပြန်ထူးသည်။

'တတိယထပ် သူနာပြု ဆရာမကြီး အမ်မာရိုင်ယန် ဆီက မသက်ာဖွယ် မိန်းမတယောက်နဲ့ ပတ်သက်ပြီး သတင်းပို့တယ်၊ ကော့ကေးရှန်း လူဖြူ၊ ရွှေရောင်ဆံပင်၊ အရပ် ငါးပေ ခုနစ်လက်မလောက် မြင့်တယ်၊ အသက် နှစ်ဆယ်ကျော် သုံးဆယ်နီးပါး၊ သူနာပြုဆရာမယူနီဖောင်း ဝတ်ထားတယ်၊ ခု ပဥ္စမထပ် ခေတ်မှန်ခန်းကို ရောက်နေပြီ၊ ခေတ်လှေကားမှာ ခင်ဗျားကို လုံခြုံရေးမှူး စောင့်နေတယ်၊ ယူနစ် (၇၁)လဲ သွားနှင့်ပြီ'

ရဲစခန်းမှ တာဝန်မှူးက လှမ်းပြောသည်။

'ကောင်းပြီ၊ ဟေ့....ဂျက်စ်၊ ဒီ ခွေးသားကြီးကို ခုံတန်းလျှားမှာ လက်ထိပ်ခတ်ထားလိုက်၊ လှေကားမှာ(၇၁)မရောက်မချင်း စောင့်နေ၊ ငါ အပေါ်လိုက်သွားမယ်'

လုံခြုံရေးမှူးသည် သော့တွဲများကို ကိုင်လျက် စောင့်နေသည်။





'ခေတ်လှေကားတခုကလွဲပြီး အားလုံး ရပ်ထားလိုက်ပါ၊ ...ားစို့'

ဒါလီယာသည် ခေတ်မှန်ခန်းမှသော့ကို လွယ်ကူစွာ ဖွင့်ဝင်...ပြီး အထဲရောက်သည်နှင့် တံခါးပြန်ပိတ်လိုက်သည်။

ခေတ်မှန်ခန်းထဲ၌ ဖောင်တိန် လက်နှိပ်ခေတ်မီးငယ်လေးနှင့် ...ျာက်မှသည်။

ဥသြသံသဲ့သဲ့ ကြားရသည်။

ဆေးရုံကားလား။

ရဲကားလား။

သူမ ခပ်မြန်မြန် လိုက်ရှာသည်။

ဤတံခါးက ဘယ်အခန်းသို့ ရောက်သလဲ။

အမှောင်ခန်း။

ဖိုင်တွဲဗီရိုများ တန်းစီထားသည်။

အံဆွဲကို ဆွဲထုတ်လျှင် ကျယ်လောင်စွာ အသံမြည်သည်။

ခေတ်မှန် ကားချပ်များကို စာအိတ်များဖြင့် ထည့်ထား...သည်။

ရုံးခန်းငယ် တခု။

စားပွဲနှင့် စာအုပ်တအုပ်။

စင်္ကြံလမ်းမှ ခြေသံများ ကြားရသည်။

စာရွက်များကို လှန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

မနေ့ကနေ့စွဲကို ကြည့်....။ လူနာမှတ်တမ်း နံပါတ်များ
လက်မှတ်များ။

မိန်းမနာမည်ကို ရှာ။ ဗယ်ဘက်ကော်လန်မှ အချိန်များ
ကြည့်။

မနက် ၄ နာရီ။

လူနာမှတ်တမ်းနံပါတ် ရှိသည်။

လူနာအမည် မရှိ။

ဓာတ်မှန်ကို ဒေါက်တာ ရေချယ်ဘော်မင်အား ထုတ်ပေး
လိုက်သည်။

လက်မှတ်ထိုးထား၏။ ယခုထိ ပြန်လည်အပ်နှံခြင်း မရှိ။

တံခါးနားမှာ ခြေသံများ ရပ်သွားသည်။ သော့တွဲမှ
လှုပ်ရှားသံ ကြားရသည်။

ပထမ သော့နှင့် ဖွင့်မရ။

သူမက ဆံပင်တုကြီးနှင့် မျက်မှန်ကို ဗီရိုနောက် ပစ်ထည့်
လိုက်သည်။

တံခါး ပွင့်လာသည်။ လုံခြုံရေးမှူးနှင့် ကိုယ်လုံးတုတ်တုတ်
ရဲသားတဦး ဝင်လာသည်။

ဒါလီယာအိုင်ယတ်ဒ်သည် မီးထွန်းထားသည့် ဓာတ်မှန်ကြည့်
ကိရိယာရှေ့တွင် ရပ်နေသည်။

ရင်ဘတ်ကို ရိုက်ထားသော ဓာတ်မှန်ပုံချပ် ဖြစ်သည်။

ကြေသရာဇာစာပေ



သူမက အထဲဝင်လာသူနှစ်ဦးကို လှည့်ကြည့်သည်။ ရဲသားက
သနတ်ကိုင်ထားသည်။

'ဘာဖြစ်လို့လဲရှင်'

သူမက သေနတ်ကို ခုမှတွေ့သည့်ဟန်ဖြင့် မေးသည်။

'အဲဒီမှာ ငြိမ်ငြိမ်ကလေးရပ်နေပါ အစ်မကြီး'

ဆူလီဗန်က အခြားလက်တဘက်နှင့် မီးခလုတ်ကို စမ်းရှာ
သည်။

အခန်းတခုလုံး လင်းသွားသည်။

စောစောက မှောင်ထဲ၌ သူမ မမြင်ခဲ့ရသော အခန်းတွင်းရှိ
ပစ္စည်းပစ္စယများကို အသေးစိတ် ကောင်းစွာမြင်ရ၏။

ရဲသား ဆူလီဗန်လည်း အခန်းတခုလုံးကို ခပ်မြန်မြန် မျက်စိ
ကစားလိုက်သည်။

'ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ'

'ဓာတ်မှန် ကြည့်နေတာပေါ့'

'ခင်ဗျား ဆရာဝန်တယောက်လား'

'ဟင့်အင်း....စောစောကတော့ ဆရာမတယောက်ရှိတယ်'

'ရွှေရောင်ဆံပင်နဲ့လား၊ ခင်ဗျားအရပ်လောက် ရှိတယ်'

'ဟုတ်မယ် ထင်တာပဲ'

'သူ ဘယ်ထွက်သွားလဲ'

'မသိဘူးလေ၊ ဘာလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့လဲ မသိသေးဘူး'

လုံခြုံရေးမှူးသည် ဓာတ်မှန်ခန်းနှင့်ဆက်ထားသည့် အခ
ထဲ ဝင်ရှာပြီး ခေါင်းခါလျက် ပြန်ထွက်လာသည်။

ဆူလီဗန်က ဒါလီယာအား စိုက်ကြည့်နေသည်။ သူမ
သူ သိပ်မသက်ာ။

သို့သော်....ဘာမှန်းမသိ။

သူမအား ရှာဖွေပြီး အောက်ထပ်မှ တိုင်ကြားသူ ဆရာ
ကြီးထံ ခေါ်သွားရ ကောင်းမလား။

ဒီအထပ် တထပ်လုံးကို လုံခြုံ စိတ်ချရအောင် လုပ်ထာ
ရမည်။

သူ့အဖော်ကို ရေဒီယိုနှင့် လှမ်းပြောရမည်။

ဆရာမများသည် သူတို့ပတ်ဝန်းကျင်မှ လေထုကိုပင် ဖြူ
စေတတ်၏။

သူတို့၏ အဖြူရောင်ဝတ်စုံပေါ် သူ့လက်များ သွားမထ
ချင်ပါ။

ဆရာမတယောက်ကို သူစိတ်အနှောင့်အယှက်မဖြစ်စေချ
ဆရာမတယောက်ကို လက်ထိပ်ခတ်သွားလျှင် လူမြင်လို့ ကော
ပါ့မလား။

သူ လူပေါ်ကြီး ဖြစ်နေဦးမည်။

'ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ပါ အစ်မကြီး၊ မေးစရာရှိလို့'





သူမက ခေါင်းညိတ်ပြသည်။ ဆူလီဗန်သည် သေနတ်ကို
ခါးပတ်အိတ်ထဲ ပြန်ထည့်သည်။

အဖုံးကို မပိတ်မိ။

လုံခြုံရေးမှူးအား ဤကြော်လမ်းတလျှောက် အခန်းတံခါး
များကို လိုက်စစ်ဆေးရန် ညွှန်ကြားပြီး ခါးပတ်မှ ရေဒီယိုကို
ဖြုတ်သည်။

'ခြောက်-ငါး၊ ခြောက်-ငါး'

'ပြောပါ...ဂျွန်'

'ဓာတ်မှန်ခန်းမှာ မိန်းမတယောက်တွေ့တယ်၊ စောစောက
မသင်္ကာစရာ မိန်းမတော့ ထွက်သွားပြီလို့ သူပြောတာပဲ'

'ရှေ့ပေါက် နောက်ပေါက် ပိတ်ထားပြီးပြီ၊ ကျွန်တော်
လာခဲ့ရဦးမလား၊ အခု ကျွန်တော် တတိယထပ်မှာ'

'ငါ ခေါ်လာခဲ့မယ်၊ တိုင်ကြားတဲ့ ဆရာမကို စောင့်ခိုင်း
ထား....'

'ဂျွန်.... အဲဒီဆရာမက ဓာတ်မှန်ခန်းထဲမှာ ဒီအချိန်ဆို
တယောက်မှ မရှိရဘူးတဲ့'

'ဒါဖြင့် ငါ ခေါ်လာခဲ့မယ်၊ စောင့်နေ'

'ဘယ်သူ ပြောတာလဲ'

ဒါလီယာက ခပ်မာမာမေးလိုက်သည်။

'ကဲ....သွားစို့'



www.burmeseclassic.com

www.burmeseclassic.com



ဆူလီဗန်သည် ခေါက်လှေကား ဆီသို့ သူမ နောက်မှ လိုက်သွားသည်။ သူ့လက်ကို သေနတ်အိတ်ထဲ ထည့်ထားသည်။ ခေါက်လှေကားရှိ ခလုတ်များဘေးတွင် ရပ်နေသည်။ တံခါးများ ပိတ်သွားသည်။

'နေပါစေ၊ ကျွန်တော် နှိပ်ပါ့မယ်'

ဆူလီဗန်သည် သေနတ်ကိုင်သော လက်ဖြင့် ခလုတ် ဆီသို့ လှမ်းကိုင်သည်။ ဒါလီယာက မီးခလုတ်ကို ဖြတ်ကနဲ လှမ်းပိတ်လိုက်သည်။ ခေါက်လှေခါး တခုလုံး မှောင်မည်းသွားသည်။

တတိယထပ်တွင် ဆူလီဗန်၏တွဲဘက် ရဲသားသည် ခေါက်လှေခါးနောက်မှ မှိတ်တုတ်မှိတ်တုတ်မီးများကို ရပ်ကြည့်နေသည်။

သို့သော် ခေါက်လှေခါးသည် တတိယထပ်မှာမရပ်။ ဒုတိယထပ်မှာရပ်သည်။

သူသည် ခေါက်လှေခါးကို အပေါ်သို့ ခေါ်သည့် ခလုတ်နှိပ်သည်။ ခဏစောင့်သည်။ ခေါက်လှေခါး တက်လာသည်။ တံခါးများ ပွင့်သွားသည်။

'ဂျွန်....ဘုရား....ဘုရား....ဂျွန်....'

ရဲသားဂျွန်ဆူလီဗန်သည် မှောင်မည်းနေသော ခေါက်လှေခါးအတွင်းရှိ နံရံတဘက်၌ မှီထိုင်နေသည်။

ပါးစပ်ဟ မျက်လုံး ပြူးလျက်ရှိ၏။ သူ့လည်ပင်းတွင် ဆေးထိုးအပ် တန်းလန်းစိုက်နေသည်။





ဒါလီယာကား ရှည်လျားသော ဒုတိယထပ် စင်္ကြံလမ်းမှ ပြေးသွားလျက်ရှိသည်။

အော်ဒလီ တယောက်ကို ဝင်တိုက်သွားပြီး အဝတ် လဲခန်း တခုထဲ ရောက်သွားသည်။

ခဲ့စိတ်ဝတ်စုံ အစိမ်းရောင် ဖျော့ဖျော့ကိုကောက်စွပ်သည်။ ဆံပင်ကို ဦးထုပ်အောက်သို့ လိပ်သွင်းသည်။ ပိတ်စမျက်နှာဖုံးကို လည်ပင်းတွင် တွဲလောင်းချထားသည်။

မြေညီထပ်နောက်ဘက်ရှိ အရေးပေါ်ခန်းသို့ လှေခါးမှဆင်းသည်။ ဖြည်းညင်းစွာ လျှောက်သွားသည်။ ဟိုဟိုဒီဒီ ကြည့်နေကြသော ရဲသားသုံးယောက် တွေ့ရသည်။

မျက်နှာမကြည်မသာနှင့် ထိုင်စောင့်နေကြသော လူနာဆွေမျိုးများကို တွေ့ရသည်။

ခေါ်ထိုးခံရသော အမှုးသမားတဦး ညည်းညူနေသည်။

ရန်ဖြစ်သတ်ပုတ်မှုကလေးများကြောင့် ဒဏ်ရာရလာသူများ၊ မြင်ပလူနာအဖြစ် ဆေးကုသရန် စောင့်နေကြသည်။

ပွာတိုရီကန် အမျိုးသမီးတဦးသည် မျက်နှာပေါ် လက်နှင့်အုပ်ပြီး တရှုံ့ရှုံ့ ငိုနေသည်။ သူမဘေးတွင် ဒါလီယာ ဝင်ထိုင်ချပြီး ပခုံးမှ ဖက်လိုက်သည်။

'သိပ် မစိုးရိမ်ပါနဲ့'

ဒါလီယာက ပွာတိုရီကန် ဘာသာဖြင့် ပြောသည်။ ထိုမိန်းမက ဒါလီယာအား မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂျူလီယို ဘယ့်နှယ်နေလဲ ဆရာမ'

'အို…သူ ကောင်းသွားမှာပါ၊ လာလာ၊ ကျွန်မနဲ့ လိုက်ခဲ့၊ အပြင်မှာ လေကောင်း လေသန့် ထွက်ရှူကြရအောင်၊ ရှင့်စိတ် သက်သာသွားမှာပါ'

'နေ…နေဦး'

'ရှူး… ကျွန်မပြောတာ နားထောင်'

ဒါလီယာသည် ထိုမိန်းမကြီးကို ကလေး တယောက်သဖွယ် သိုင်းဖက် ထိန်းကြပ်လျက် ခေါ်ထုတ်လာသည်။

'ကျွန်မ…ကျွန်မ…သူ့ကိုပြောတာ ဆယ်ခါ မကတော့ဘူး'

'အို…မပူပါနဲ့တော့'

အရေးပေါ်ခန်း၏ ဘေးဘက် ထွက်ပေါက်သို့ ရောက်လာသည်။ ရဲသားတဦးစောင့်နေသည်။ အပြာရောင် ဝတ်စုံအောက်၌ ချွေးများရွှဲနေသော ကိုယ်လုံး ထွားထွားလူကြီး ဖြစ်၏။

'သူ ဘာလို့ အိမ် တန်းပြန်မလာသလဲ၊ ဘာလို့ဒီလို ရန်ဖြစ်ရသလဲ'

'ခု ကောင်းသွားပြီမဲ့၊ ရှင် ပုတီး စိတ်ချင်သလား'

မိန်းမကြီးက ဘာမျှမပြော။ ရဲသားကြီးကလည်း နေရာမရွှေ့။

ဒါလီယာက သူ့ကို မော့ကြည့်ပြီး…

'ဆရာကြီး၊ ဟောဒီက အစ်မကြီး လေကောင်းလေသန့် ရှူချင်လို့ သူ့ကို ခဏဘဖြုတ် အပြင်ဘက် လမ်းလျှောက်ခေါ်သွားပေးနိုင်မလား'





မိန်းမကြီး ခေါင်း ငိုက်စိုက် ကျနေသည်။ သူမ နှုတ်ခမ်းများ တုန်နေသည်။

အခန်းတဘက်စွန်းတွင် ရဲများ၏ ခါးပတ်မှ စကားပြောစက်ကလေးများ အသံမြည်နေသည်။

စက္ကန့်ပိုင်းအတွင်း ဤရဲကြီးဆီ အချက်ပေးသံ ရောက်လာတော့မည်။

ဤသို့ဆိုလျှင်တော့ သူ့ကို သတ်ပစ်ရမည်။

'ကျွန်တော် ဒီ တံခါးနားက ထွက်သွားလို့ မဖြစ်ဘူး၊ ဒီအပေါက်ကို ပိတ်ထားလိုက်ပြီလေ'

'ဒါဖြင့် ကျွန်မ ကိုယ်တိုင်ပဲ သူ့ကို ခေါ်ထုတ်သွားရမလား၊ မဟုတ်ယင် ဒီအဒေါ်ကြီး မူးမေ့သွားမှာ'

မိန်းမကြီးသည် လက်ထဲ၌ စိတ်ပုတီးကိုင်လျက် ပါးစပ်မှ ခပ်တိုးတိုးလေး ရွတ်နေသည်။

ရဲသားကြီးသည် သူ့လည်ဂုတ်ကို လက်နှင့် မွတ်လိုက်သည်။

သူ့မျက်နှာကြီးပေါ်မှာ အမာရွတ်ကြီးတခု ရှိသည်။

မိန်းမကြီးသည် ဒါလီယာဘက်ကို ယိုင်လဲလုလု ဖြစ်နေသည်၊

'အဲ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ'

'ဒေါက်တာ ဗင်ဇီနီပါ'

'ကောင်းပါပြီ၊ ဒေါက်တာ'

ဒါလီယာနှင့် မိန်းမကြီးတို့ အပြင်ရောက်လာသည်။

အပြင်မှ လေက အေးစက်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မလက်ဖောင်းနှင့် လမ်းမတို့သည် ရဲကားများဆီမှ မီးများကြောင့် ပိုလင်းနေသည်။

ပြေးလွှားလို့ မဖြစ်။

ရဲတွေ ပတ်ချာ ဝိုင်းနေသည်မဟုတ်လား။

'ဆေးကို ဝဝ ရှူပါ'

ဒါလီယာက မိန်းမကြီးကို ပြောလိုက်သည်။

မိန်းမကြီး ခေါင်းညိတ်ပြသည်။

အဝါရောင် တက္ကစီတစီး ရပ်လိုက်သည်။

ဆရာဝန်ပေါက်စ တယောက် ဆင်းလာသည်။

ဒါလီယာက တက္ကစီကိုလှမ်းတားပြီး၊ ဆရာဝန်ကလေးကိုပါ ခဏ ရပ်ခိုင်းသည်။

'မင်း ဂျူတီ ဝင်တော့မလို့လား'

'အင်း....'

'ဒီအဒေါ်ကြီးကို အထဲ ပြန်ခေါ် သွားပေးပါလား'

ဒါလီယာသည် တက္ကစီကားထဲ၌ ခိုကိုမှီလျက် လည်မင်းကိုပါ နောက်လှန်ချပြီး၊ မျက်လုံး မှိတ်လိုက်လာသည်။

ဆေးရုံနှင့် အတော် ကွာဝေးသွားပြီ....

'ဟိုအဒေါ်ကြီးဟာ တကယ် သနားစရာ ကောင်းတာပဲ'ဟု သူမဘာသာ စိတ်ထဲက ပြောလိုက်သည်။

× × ×





ရဲသား ဂျွန်ဆူလီဗန်သည် ယခုထိ အသက် မထွက်သေးပေ။

သို့သော် သေရဖို့ အတော် နီးစပ်နေ၏။

ဓာတ်လှေကားတွင်း၌ သူ့ တွဲဘက်ဖြစ်သူ ရဲသားသည် ဆူလီဗန့်ဘေး၌ ဒူးထောက်လျက် ရင်ဘတ်ကို ကပ်၍ နားထောင်နေသည်။

သူ့နှလုံးခုန်သံက ပုံမှန် မဟုတ်။

ဆူလီဗန်အား ဓာတ်လှေကား ကြမ်းပြင်ပေါ် ပက်လက်လှဲပေးလိုက်သည်။

တံခါးက အလို အလျောက် ပြန်ပိတ် သွားတော့မည်မို့ ရဲသားက သူ့ဘွတ်ဖိနပ်ဖြင့် ခံထားလိုက်ရသည်။

အမ်မာရိုင်ယန်သည် သူနာပြုဆရာမ ခေါင်းဆောင် တဦးပီသသူ ဖြစ်သည်။

ဓာတ်လှေကားကို လုံးဝ ရပ်စေသည့် ခလုတ် နှိပ်ချပြီး၊ အရေးပေါ် ကုသရေးအဖွဲ့ကို အော် ခေါ်လိုက်သည်။

ထို့နောက် သူမသည် ဆူလီဗန်၏ ရင်ဘတ်ကို ဖိ၍ နှလုံးကို နှိပ်နယ်ပေးသည်။

တွဲဘက်ရဲသားကလည်း ဆူလီဗန်၏ ပါးစပ်တွင် သူ့ပါးစပ်တေ့၍ လေမှုတ် သွင်းပေးသည်။

ဆေးရုံ အော်ဒလီတယောက် ရောက်လာသောအခါ ရဲသားအစား ဝင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲသားသည် ရေဒီယိုစက်ဖြင့် တပ်လှန့် နှိုးဆော်သည်။

သို့သော် နောက်ကျနေပြီ။

ဘီးတပ်ထမ်းစင်နှင့် ဆရာမတဦး ရောက်လာသည်။

သူတို့အားလုံး ဆူလီဗန်အား လှည်းပေါ် မ,တင်ကြသည်။

အမ်မာရိုင်ယန်က ဆူလီဗန်၏ လည်ပင်းမှ အပ်ကို နှုတ်ပြီး၊ ဆရာမတဦးအား ပေးလိုက်သည်။

ဆူလီဗန်၏လည်ပင်းမှာ မြွေပေါက်သလို နီနီရဲရဲ အပေါက်ကလေး နှစ်ပေါက် တွေ့ရ၏။

ဆေးထိုးအပ် နှုတ်လိုက်စဉ် ပြွန်ထဲမှ ဆေးရည်တချို့ ခါတ်လျှကား အတွင်းနံရံကို စင်ပြီး အောက်သို့ စီးကျသွားသည်။

ကြမ်းပြင်ပေါ်၌ အိုင်ငယ်လေး ဖြစ်သွား၏။

'ဒေါက်တာ ဖီး(လ်၊ဒ်)ကို ခေါ်ပြီး၊ ဒီဆေးထိုး အပ်ကို ပေးလိုက်'

ဆရာမကြီး အမ်မာက ဆရာမတဦးအား ပြောလိုက်သည်။

နောက်တဦးအား ဆက်ပြောပြန်သည်။

'ကဲ....သွားစို့၊ လူနာဆီက သွေးနမူနာ ယူစမ်း'

တမိနစ် အတွင်း၌ ဆူလီဗန်သည် အရေးပေါ် လူနာဌာန ကုသရေး အခန်းတွင်းရှိ 'နှလုံး-အဆုတ်' စက်ကြီးထဲသို့ ရောက်သွားသည်။

သူ့ဘေး၌ ဒေါက်တာ ဖီး(လ်၊ဒ်) ရောက်နေသည်။





ဆူလီဗန်၏ သွေးစစ်ဆေးမှုမှ တွေ့ရှိချက်များ၊ ဆီးစစ်ဆေးမှုနှင့် သူ၏ တံတောင်ဆစ်မှ တန်ပြန် စစ်ဆေးချက်များ တာဝန်ခံ ဆိုက်ကိုင်လျက် ဒေါက်တာ ဖီး(လ်၊ဒ်) ချွေးသီးချွေးပေါက် ကျအောင် ကြိုးစား လုပ်ပေးနေသည်။

ဤလူနာ မသေစေရ။

သူ့ကို အသက်ရှင်အောင် သူတို့ အားလုံး ဝိုင်းကယ်တင် ကြရမည်။

[ ဒုတိယတွဲ – ဆက်ဖတ်ပါရန် ]

စိုးသိဏ်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စိုးသိဏ်း

မြန်မာပြန်

# တဓောက်ကနိုး

[ဒုတိယတွဲ]

BLACK SUNDAY

THOMAS HARRIS

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၃ ။

နယူးယောက်မြို့တော်ကြီးမှ ရဲသားတဦးအား သတ်ဖြတ်ရန် ကြိုးစားမှုသည် 'အင်နာကန့်ဒါ' မြေကြီးကို စီးကရက်မီးနှင့် တို့လိုက်သည်နှင့် တူလိမ့်မည်။

နယူးယောက်မှ ထိပ်တန်းရဲချုပ်အားလုံး ရုတ်ခြည်းပင်လျှင် ဒေါသထွက်သွားကြသည်။

သူတို့သည် ရဲကိုသတ်သည့် လူသတ်သမားတဦးအား ဘယ်တော့မှ မမေ့။ ဘယ်တော့မှ ခွင့်မလွှတ်တတ်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ် အား အောင်မြင်စွာ လုပ်ကြံသတ်ဖြတ်နိုင်ခဲ့လျှင် သံဘမန်အဖွဲ့နှင့် တရားရေးအဖွဲ့ချုပ်တို့အကြား စကားများပြီးနောက်၊ ရဲမင်းကြီးနှင့် မြို့တော်ဝန်တို့၏ သတင်းစာရှင်းပွဲများ၊ ဘရွတ်ကလင်းမြို့နယ် ရဲအဖွဲ့များ၏ ယောက်ယက်ခတ်မှုများနှင့် ရဲစုံထောက် အယောက် ၂၀ မှ ၃၀ ခန့်မျှ အချိန်ပြည့် စုံစမ်း ထောက်လှမ်း ပေးခြင်းတို့သာ ဖြစ်ပေါ်လာပေလိမ့်မည်။

ယခု ရဲသား ဂျွန်ဆူလီဗန်၏ လည်ပင်းတွင် အဆိပ်ဆေးထိုးအပ် ထိုးစိုက်ခံလိုက်ရခြင်း ကြောင့် ရဲစခန်းအပိုင် နယ်မြေငါးခု စလုံးမှ ရဲဘပ်ဖွဲ့ဝင်ဦးရေ ၃၀,၀၀၀ သည် ဤအမှုကို စုံစမ်းဖော်ထုတ်ရန် အသင့်ဖြစ်နေကြလေပြီ။

ကာဘာကော့ဗ်သည် ရေချယ်၏ ညွှန်ကြားချက်ကို မလိုက်နာပဲ သူမ အိမ်ရှိ အပိုအိပ်ခန်း၌ ထားရှိပေးသည့် ဆေးရုံခုတင်မှ ဆင်းကာ နောက်နေ့ မွန်းတည့်ချိန်တွင် ဆူလီဗန်၏ ခုတင်ဘေးသို့ ရောက်လာလေသည်။

ကာဘာကော့ဗ်သည် စိတ်ဓာတ်လည်း ကျနေသည်။

ဒေါသလည်း အထွက်လွန်နေပြီ။

ဆူလီဗန်သည် အနည်းငယ် အားရှိသေးသဖြင့် ‘အိုင်ဒင်တီကစ်’ ပုံဖော်ကိရိယာဖြင့် တရားခံမိန်းမ၏ရုပ်ပုံကို ဖော်ထုတ်ပေးနိုင်သည်။

ထိုမိန်းမ၏မျက်နှာကို လင်းလင်းချင်းချင်း၌ ကောင်းစွာ မြင်ခွင့်ရလိုက်ပေသည်။





အိုင်ဒင်တီကစ် ကိရိယာတခု၊ ရဲအဖွဲ့မှ ပန်းချီဆရာတဦးနှင့်အတူ ကာဘာကော့ဗ်၊ ဆူလီဗန်၊ ဆေးရုံလုံခြုံရေးမှူးတို့ အတူတကွ ပူးပေါင်းပုံဖော်လိုက်ကြသောအခါ ဒါလီယာအိုင်ယတ်ဒ်နှင့် ရာခိုင်နှုန်း အတော်များများ ဆင်တူသော မိန်းမမျက်နှာပုံတပုံကို ရရှိသွားလေသည်။

ညနေ သုံးနာရီအဆိုင်း၌ အလုပ်ဝင်ကြသော ကင်းလှည့်ရဲများနှင့် ရဲစုံထောက်အားလုံးကို ထိုရုပ်ပုံမိတ္တူများ ထုတ်ပေးလိုက်သည်။

နယူးယောက် ဒေးလီးနယူးစ် သတင်းစာ၊ စာမျက်နှာ ၂ တွင်လည်း ထိုပုံကို ဖော်ပြပေးလိုက်သည်။

မှတ်ပုံတင်ဌာနခွဲမှ ရဲသားခြောက်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသား ပြုလုပ်ရေးရုံးမှ စာရေးလေးယောက်တို့သည် ထိုပုံမိတ္တူ ကိုယ်စီကိုင်လျက် နိုင်ငံခြားသား အာရပ်လူမျိုး ဖိုင်တွဲများကို မွှေနှောက် စစ်ဆေးကြလေသည်။

ဆေးရုံမှ ဆူလီဗန်၏အဖြစ်နှင့် ကာဘာကော့ဗ်တို့ပတ်သက်မှုကို ဆရာကြီး အမ်မာရိုင်ယန်၊ ၎င်းအမှုကို ကိုင်ရသော အက်ဖ်ဘီအိုင် အေးဂျင့်များနှင့် နယူးယောက်မြို့ ရဲအဖွဲ့၏ ထိပ်သီးအရာရှိကြီးများသာသိထားကြပေသည်။ အမ်မာရိုင်ယန်သည် နှုတ်လုံသူတဦး ဖြစ်၏။

ဝါရှင်တန်မြို့တော်ကြီးမှ အစိုးရအဖွဲ့အစည်း ပုဂ္ဂိုလ်ကြီးများသည် အကြမ်းဖက်သမားများနှင့်ပတ်သက်သော ကြောက်လန့်ဖွယ် သတင်းမျိုး မဖြစ်ပေါ်စေလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



အခြားသော ဥပဒေ အဖွဲ့အစည်းများကလည်း ထိုသို့ပင် ဆန္ဒရှိကြ၏။

ရင်းတို့ကို စာနယ်ဇင်းများနှင့် အခြား လူထုဆက်သွယ်မှု လောက တခုလုံးက ယခုကဲ့သို့ ဆိုးရွားသော အမှုမျိုး၌ နှောင့်ယှက် 'ဖိအား' ပေးခြင်းမျိုးကို မလိုလားကြပေ။

ဆေးရုံ၌ မူးယစ်ဆေးဝါးများနှင့် တန်ဖိုးရှိသော ရေဒီယို ဓာတ်ကြွပစ္စည်းများကို ယခု တရားခံက ဝင်ရောက်ခိုးယူရန် ကြံစည်ခြင်းဖြစ်သည်ဟု ယူဆရကြောင်း ရဲအဖွဲ့မှ သတင်း 'အတု' ထုတ်ပြန်ပေးခဲ့သည်။

ထိုရှင်းလင်းချက်ကို စာနယ်ဇင်းများက မကျေနပ်။

သို့သော် သတင်းမျိုးစုံ ထွက်ပေါ်နေမြဲ ဖြစ်သည့် နယူးယောက်မြို့တော် သတင်းစာလောကတွင် ထိုသတင်းမျိုးကို နောက်တနေ့၌ အလွယ်တကူ မေ့သွားတတ်ကြ၏။

မကြာမီ ရက်အနည်းငယ် အတွင်း၌ ဤဖြစ်ရပ်ကို လူထုဆက်သွယ်ရေး လောကတခုလုံး မေ့ပျောက်သွားကြပါစေဟု သာ အာဏာပိုင်များက မျှော်လင့်နေကြပေသည်။

ဒါလီယာသည်လည်း ရက်အနည်းငယ် အတွင်း လင်ဒါ ဒေါသပြယ်သွားပါစေဟု မျှော်လင့်နေရှာ၏။

သူမ မျက်နှာနှင့် ဆင်တူသော ရုပ်ပုံကို တွေ့ရပြီး သူမ ဘာလုပ်ခဲ့မှန်း သိရသောအခါ လင်ဒါ အကြီးအကျယ် ဒေါသူပုန်ထသွားသည်။

ပထမတော့ သူမအား လင်ဒါ သတ်ပစ်လိမ့်မည်ဟု ယူဆမိသည်။





သို့သော် ကာဘာကော့ဗ်အား နောက်ယပ် လုပ်ကြံခြင်း မပြုရန် တားမြစ်ချက် ထုတ်လိုက်သောအခါ သူမ ခေါင်းညိတ်ပြလိုက်ရလေတော့သည်။

ဖာဆေးလ်သည် သူ့အခန်းထဲက နှစ်ရက်လုံး ထွက်မလာပေ။

× × ×

ဒေးဗစ်ကာဘာကော့ဗ်သည် ဒေါက်တာရေချယ်ဘော်မင်၏ အိမ်သို့ မိုးရေထဲ ရန်ဖြစ်ခဲ့သော ကြောင်ထီးကြီးပမာ ရောက်ရှိလာခဲ့သည်။

မိုရှက်ဗ်စကီးနှင့် ကာဘာကော့ဗ်တို့နှစ်ဦးကြောင့် ပရိဘောဂပစ္စည်းများ၏ အရွယ်နှင့် အချိုးအစား အားလုံး ပြောင်းလဲသွားသကဲ့သို့ မြင်ရသည်။

သို့သော် သူတို့သည် ခန္ဓာကိုယ် ထွားကျိုင်းသော်လည်း အသံသိပ်မထွက်၊ ခြေနင်းမကြမ်း၊ စကားကျယ်ကျယ် မပြော။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းစွာ မလှုပ်ရှား။ ပထမတော့ ထိုအတွက်ကြောင့် ရေချယ် စိတ်သက်သာရာ ရသွားသည်။

နောက်တော့ သူမစိတ်ထဲ ခုသလို ဖြစ်လာသည်။

အရွယ်အစားနှင့် တိတ်ဆိတ်မှုသည် သဘာဝ လောကတွင် ကြောက်မက်ဖွယ် အတွဲတတွဲ ပေတည်း။

ဝင်းတို့သည် နောက်ဆုံး ပျက်စီးချုပ်ငြိမ်းခြင်း၏ တန်ဆာ ပလာများ ဖြစ်သည်။

မိုရှက်ဗ်စကီးသည် အားလုံး အဆင်ပြေစွာ နေထိုင်ရေး အတွက် အစွမ်းကုန် ကြိုးစား လုပ်ပေးနေသည်။

သူ မီးဖိုထဲသို့ လင်ဗန်း ကိုင်ဝင်လာလျက် ရေချယ်အား ရုတ်တရက် လန့်ဖျပ်သွားစေခဲ့သည့် အကြိမ်ပေါင်း မနည်း တော့ပေ။

ယခုတော့....သူ့ လှုပ်ရှားမှု များကို ချောင်း ဟန့်သံဖြင့် ကြိုတင် အသိပေးလျက်ရှိ၏။

တဘက်ခန်းမှ ရေချယ်၏မိတ်ဆွေများမှာ ဘဲဟားမားကျွန်း စုသို့ အပန်းဖြေ ခရီးသွားနေကြသဖြင့် သူတို့ အခန်းသော့ကို ရေချယ်အား အပ်ထားခဲ့သည်။

သူမက ညအိပ်သည့်အခါ မိုရှက်ဗ်စကီး၏ ဟောက်သံများကို သည်းမခံနိုင်တော့သည့် အဆုံး၌ ထိုအခန်းသို့ ပြောင်းပေး လိုက် သည်။

ကာဘာကော့ဗ်သည် ရေချယ်၏ ဆေးကုသမှုညွှန်ကြား ချက် များကို လေးစားစွာ လိုက်နာ၏။





ဂျွန်ဆူလီဗန်ထံ သွားကြည့်မိခြင်းကြောင့် ကာဘာကော့ဗ် အဆူခံလိုက်ရသည်။

ပထမတော့ သူမနှင့် ကာဘာကော့ဗ် စကား သိပ်မပြော ဖြစ်ကြ။

လုံးလုံး စကားမပြော။

ကာဘာကော့ဗ် စိတ်က ထွေနေပုံရသည်။

ရေချယ်က သူ့အတွေးကို မဖျက်လို။

ရေချယ်သည် ခြောက်ရက်စစ်ပွဲ နောက်ပိုင်း၌ ပြောင်းလဲ သွားခဲ့သည်။

သူမသည် အလုပ်အတော်များသူ ဖြစ်သည်။

သူမ ဘဝက တည်ငြိမ်နေသည်။

ပြီးခဲ့သော နှစ်တာများအတွင်း ယောကျ်ား တယောက်စ၊ နှစ်ယောက်စတော့ တွဲမိ၊ ချစ်မိခဲ့သည်။

နှစ်ကြိမ် စေ့စပ်ဖူးသည်။

သို့သော်....သူမသည် ယောကျ်ားထက် အလုပ်ကို ပိုခင်တွယ် သည်။

ပေါ်လီတီယာလုပ်ငန်း များစွာ ဝင်လုပ်သည်။

မူးယစ်ဆေး ဖြတ်ထားသူများ၊ ထောင်ထွက်များ၊ စိတ် မမှန်သော ကလေးများနှင့် စိတ်ရောဂါကုသမှုများ ပြုလုပ်ပေး သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၃ အောက်တိုဘာ စစ်ပွဲဖြစ်ပွားစဉ်က ခွဲစိတ်ပညာ အတွေ့အကြုံ ပူပူနွေးနွေးရရှိထားသော ဆရာဝန်တဦး အစ္စရေးသို့ သွားရောက် လုပ်ကိုင်ခွင့်ရစေရန်အတွက် သူမက နယူးယောက် 'မောင့်ဆိုင်နေ' ဆေးရုံကြီး၌ နှစ်ဆိုင်း တာဝန်ယူ လုပ်ပေးခဲ့သည်။

ပြင်ပ သဏ္ဍာန်ပိုင်းတွင် သူမသည် လျင်မြန်စွာ ပြောင်းလဲနေ၏။

ဘလွမ်မင်ဒေး(လ်)၊ဘွန်ဝစ်တဲလား၊ လော့(ဒ်)နှင့်တေးလား၊ ဆာ့(ခ်စ်) ကုန်ပဒေသာတိုက်ကြီးများသို့ စနေနေ့များ၌ သွားရောက်တတ်သည်။

ပထမတော့ သူမ ဝတ်စားဆင်ယင်မှုမှာ မိမိသမီးနှင့်အပြိုင် ရှိုးထုတ်ရသော အသက် သုံးဆယ်ကျော် အရွယ် မိခင်တဦးနှင့် တူသည်။

နောက်တော့ သူမ ဝတ်ချင်သလို ဝတ်သည်။

ပတ်ဝန်းကျင်ကို ဂရုမစိုက်။

ခပ်ရိုးရိုးသာ ဝတ်သည်။

ဘာမှ စဉ်းစားနေစရာ မလို။

အလုပ်ချိန်က ပိုရှည်လျားသည်။

သူမ၏ အိပ်ခန်းက ပိုမိုသပ်ရပ်ပြီး သန့်ရှင်းလာသည်။

တံမြက်စည်းလှဲ၊ ဖုန်သုတ်သည့်အခါတိုင်း ပစ္စည်းများကို နေရာတကျ ပြန်ထားတတ်သော သန့်ရှင်းရေးအလုပ်သမကြီးကို လခ ကောင်းကောင်း ပေးငှားထားသည်။



ကာဘာကော့ဗ်သည် အီတာလျံဝက်အူချောင်းကို ဝါးယင်း သူမ စာအုပ်စင်ကို မွှေနှောက်နေသည်။

ကာဘာကော့ဗ်သည် အရာဝတ္ထုများကို အနုလုံ ပဋိလုံ ဆော့လာပြီး၊ နေရာတကျ ပြန်ထားသည့် အကျင့် ရှိပုံမရ။

ခြေသုပ်ဖိနပ် စီးမထား။

ညဝတ်အင်္ကျီ ရင်ဘတ်ကြယ်သီး တပ်မထား။

သူမ ကာဘာကော့ဗ်ကို မကြည့်ချင်။

ရေချယ်သည် ကာဘာကော့ဗ်၏ ဦးခေါင်း ဒဏ်ရာအတွက် သိပ် မစိုးရိမ်တော့ပေ။

ကာဘာကော့ဗ် ကိုယ်တိုင်လည်း လုံးလုံး မစိုးရိမ်။

ခေါင်းမူးခြင်း သက်သာ လျော့နည်း လာသည်နှင့် အမျှ သူတို့နှစ်ဦး၏ ဆက်ဆံမှုမှာ ပြောင်းလဲလာသည်။

သူမ၏ ဆရာဝန်နှင့် လူနာ ဆက်ဆံမှု ခံယူထားခြင်းသည် တဖြည်းဖြည်း ပျက်ပြယ်စ ပြုလာ၏။

ကာဘာကော့ဗ်သည် ရေချယ် ရှိသောကြောင့် စိတ်အား တက်ကြွမိ၏။

သူမနှင့် စကားပြောရတာ ပျော်သည်။

စိတ် လန်းဆန်းသည်။

သူ သိထားပုံမရသော အရာများကိုပင် သူမအား သူ ပြောမိတတ်သည်။

သူမကို ကြည့်နေရတာ ကျေနပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခြေတံရှည်သည်။

သူမသည် ကြာကြာ အကြည့်ခံနိုင်သော ရုပ်ရှင် တဦး ဖြစ်သည်။

ကာဘာကော့ဗ်သည် သူ၏ လက်ရှိ ဘာဝန် အကြောင်း သူမအား ဖွင့်ပြောပြလိုသည်။

သို့သော် ပြောပြရန် နှုတ်လေးနေသည်။

နှစ်ပေါင်းများစွာ သူ့နှုတ်ကို ထိန်းသိမ်းစောင့်စည်းခဲ့သည် မဟုတ်လား။

မိန်းမများနှင့်တွေ့လျှင် သူ ပျော်ချင်သည်။

အတီးကျန်ရသော သူ့အလုပ်ကြောင့် မိန်းမများနှင့် တွေ့လျှင် သူ့ပြဿနာများကို ဖွင့်ဟ ပြောချင်တတ်သည်။

ရေချယ်သည် သူ အကူအညီ လိုသောအခါ ကူညီခဲ့သည်။

ချက်ချင်း လုပ်ပေးသည်။

အမေးအမြန်း မထုတတ်။

ယခု သူ့အလုပ်ထဲမှာ သူမ ပါဝင်ပတ်သက်နေပြီ။

ထို့ကြောင့် သူမအတွက် အန္တရာယ်ရှိနေပြီ။

ခတ်မှန်ခန်းသို့ ဝင်ရောက်ခဲ့သော လူသတ်ကောင်၏ အကြံ အစည်ကို သူ မေ့ခရနိုင်။

ရေချယ် သိသင့် သိထိုက်သည်ဟူသော ခံစားမှုကြောင့် သူ ဖွင့်ပြောလိုခြင်း မဟုတ်။

သူ့အတွေးအခေါ် ချင့်ချိန်မှုများသည် လက်တွေ့ကျသည်။





သူမသည် ဉာဏ်ထက်မြက်သူ ဖြစ်သည်။

ဒါကို သူ လိုချင်သည်။

ဤလုပ်ကြံမှုကို စီမံသူများအနက် တဦးမှာ စိတ္တဗေဒပညာရှင် ဆာဘူအလီ ဖြစ်မည်။

ရေချယ်ကား စိတ်ရောဂါကု ဆရာဝန် ဖြစ်သည်။

အကြမ်းဖက်သမား တဦးသည် မိန်းမ တယောက် ဖြစ်နေ သည်။

ရေချယ်သည် မိန်းမတယောက်ဖြစ်၏။

ကာဘာကော့ဗ်သည် မိမိအနေနှင့် အာရပ် တယောက်လို တွေးတတ်မည် ဖြစ်သော်လည်း အမေရိကန် တဦးကဲ့သို့ တွေး တတ်မည်မထင်။

အမေရိကန်လို တွေးတောနည်း သီးခြား ရှိပါသလား။

ဤ ယူဆချက်မှာ ကျေနပ်လောက်ဖွယ်မရှိ။

အမေရိကန်များသည် သူတို့ တိုင်းပြည်၌ အနေကြာခဲ့ပြီမို့ သူတို့ ကိုယ်ပိုင် တွေးတော ကြံဆနည်းများ ရှိချင်လည်း ရှိနေ လောက်ပြီ။

ပြတင်း ပေါက်နား ထိုင်ပြီး သူ့ခြေထောက်မှ မီးလောင် ဒဏ်ရာကို ပတ်တီး စည်းပေးနေစဉ် သူမအား အခြေအနေကို ရှင်းလင်းပြသည်။

ဘာလက် စက်တင်ဘာ အဖွဲ့ငယ် တခုသည် ပလပ် စတင်ခြင်း အရေးအတွက် အများအပြားဖြင့် တနေရာ၌ ဖျက်ဆီးတိုက်ခိုက် ရန် အမေရိကန် အရှေ့မြောက် ဒေသ တခုတွင် အခြေစိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ အစ္စရေးနိုင်ငံ အနေနှင့် ၎င်းတို့အား ကြိုးစား ဟန့်တားရမည်ဖြစ်ကြောင်း ပြောပြသည်။

ရေချယ်သည် ပတ်တီး စည်းပြီးနောက် ကော်ဇောပေါ် ခြေနှစ်ချောင်း ချိတ်၍ ထိုင်နေသည်။

ရုံဖန်ရံခါ သူ့ကို မော့ကြည့်ပြီး ပြန်မေးသည်။

အခြား အချိန်များ၌ သူမ ခေါင်းငုံ့ နားထောင်နေသည်။

သူမ မည်သို့ ခံစားရသလဲ။

သူမ ဘာတွေ စဉ်းစားနေသလဲ။

သူမ မပြောတတ်။

အရှေ့အလယ်ပိုင်း ဒေသ၌ သူကိုယ်တိုင် မျက်မြင် ကြုံတွေ့ခဲ့ရသော ကြောက်မက်ဖွယ် ရုန်းကန် လှုပ်ရှားမှုကြီးသည် ယခု ငြိမ်းချမ်းသော အရပ်ဒေသသို့ ရောက်ရှိလာလေပြီ။

စင်စစ်တွင် သူမသည် ကာဘာကော့ဗ်အတွက် စိတ်ပေါ်ပါးသွားပြီ ဖြစ်သည်။

သူမသည် အမြဲတစေ အသေးစိတ် အချက်အလက်များကို သိလိုသည်။

မြူဇီ့အိမ်၌ ပေါက်ကွဲမှု မဖြစ်မီက ဘာတွေ ဖြစ်ခဲ့သလဲ၊ ဘာတွေ ပြောဆိုခဲ့သလဲဆိုတာ အတိအကျ ပြောပြစေလိုသည်။

ကာဘာကော့ဗ်က ခပ်သွက်သွက် ပြန်ဖြေသည်။

ကျေနပ်ဖွယ် ကောင်းသည်။

ဆေးရုံပေါ် မှာ တုန်းကတော့ ဦးခေါင်း ဒဏ်ရာကြောင့်လားမသိ။



ရေချယ်၏ မေးခွန်းများအတွက် ဝိုးတဝါး အဖြေများကိုသာ ပေးနိုင်ခဲ့သည်။

သူမ ယခုကဲ့သို့ မေးမြန်း ခြင်း သည် ရည်ရွယ်ချက် နှစ်ခုရှိသည်။

တခုက သူမသည် သူ့ကို ကူညီမည်ဆိုလျှင် သတင်းအချက်အလက် စုံစုံ သိထားဖို့ လိုသည်။

နောက်တခုက ကာဘာကော့ဗ်၏ ခံစားမှု၊ တုန့်ပြန်မှုကို သိလိုခြင်းကြောင့် ဖြစ်မည်။

ကာဘာကော့ဗ်၏ စိတ်ရှည်မှု၊ ပြတ်သားမှုတို့ကို ကျေနပ်သွားသောအခါ သူမသည် သိရသမျှ အချက် အားလုံးကို အာရုံစိုက်၍ သုံးသပ်သည်။

သတင်းဇာတ်လမ်း ဆုံးသွားသောအခါ ကာဘာကော့ဗ်သည် လူနာတဦးထက် ပိုရင်းနှီးရသူ ဖြစ်လာသလို၊ သူမသည်လည်း ဆရာဝန် တဦးထက် ပိုသော အဖော်ကောင်း တဦး ဖြစ်လာခဲ့လေပြီ။

ကာဘာကော့ဗ်၏ နောက်ဆုံး မေးခွန်းကား အမေရိကန် တဦးသည် မည်သူနည်း။

အကြမ်းဖက် သမားများ ဘယ်နေရာကို ဝင်တိုက်ကြမလဲ။

ကာဘာကော့ဗ် စကားပြောပြီးသွားသောအခါ သူ ငိုက်နေတာ သူမ မြင်သွား၍ နည်းနည်း ရှက်သွားရသည်။

'မြူဇီ့အသက် ဘယ်လောက် ရှိပြီလဲ'

'ငါးဆယ့်ခြောက်'

www.burmeseclassic.com

www.burmeseclassic.com



'ပထမဆုံး လာတာက အမေရိကန် တယောက်လို့ သူ နောက်ဆုံး ပြောသွားတယ်လား'

'ဟုတ်တယ်'

ရေချယ် ဘာကို ရည်ရွယ်၍ မေးနေသလဲ။

ကာဘာကော့ဗ် မရိပ်မိ။

'ကျွန်မ ထင်မြင်ချက် ပေးမယ်'

ကာဘာကော့ဗ် ခေါင်းညိတ်သည်။

'ဒီ မသက်ာစရာ အမေရိကန် တဦးဟာ ဂျူးလူမျိုး မဟုတ်ဘူး၊ ကော့ကေးရှန်းလူမျိုး၊ ယောကျ်ားတဦး၊ အသက် အစိတ် ကျော်ကျော် ရှိမယ်'

'မင်းဘယ်လိုသိလဲ'

'မသိဘူး၊ ထင်တာကိုပြောတာ၊ မြူဇီဟာ သက်လတ်ပိုင်း အရွယ်၊ ကျွန်မ ပြောပြတဲ့ ဒီအမေရိကန်ဟာ မြူဇီလို အသက်အရွယ်ရှိတဲ့ လူကြီးတွေက အမေရိကန်လို့ ခေါ်တဲ့ အရွယ်မျိုး၊ နောက်ပြီး ဒီအမေရိကန် လူမည်းတယောက် ဖြစ်ယင် မြူဇီဟာ အမေရိကန်လို့ ခေါ်မှာ မဟုတ်ဘူး၊ မည်းတယောက်၊ ကပ္ပလီတယောက်၊ စသည်ဖြင့် သုံးမယ်၊ မြူဇီနဲ့ ရှင် အင်္ဂလိပ်လိုပဲ ပြောသလား'

'အင်း....'

'အဲဒီအမေရိကန်ဟာ မိန်းမတယောက် ဖြစ်နေယင် မြူဇီဟာ ဟိုမိန်းမ ဒါမှမဟုတ် အမေရိကန်မလို့ ပြောမှာပဲ၊ မြူဇီ့လို





ျိုးခရေး ဝါဒစွဲ ရှိတဲ့လူဟာ အာရပ်၊ အမေရိကန် ကပြား၊ အမေရိကန် ဂျူးလူမျိုး တဦးကို အမေရိကန် တယောက်လို့ ခေါ်မှာ မဟုတ်ဘူး၊ ဒါမျိုးဟာ ကော့ကေးရှန်း သွေး၊ ယောကျ်ားတွေကိုသာ ရည်ညွှန်း သုံးစွဲတတ်တဲ့ နာမ်စား ဖြစ်တယ်'

ကာဘာကော့ဗ်သည် ရေချယ်၏ ထင်မြင်ချက်ကို ကော်လီ့ထံ ဖုန်းဆက်၍ ပြောလိုက်သည်။

'အင် ... ဒါဆို ဘော်သေးတာပေါ့၊ စစ်ဆေးဖို့လူ (၄၁) သန်းပဲ ရှိတော့တယ်၊ အဲနောက် တာပါဗျာ၊ ဘာပဲဖြစ်ဖြစ် ထူးယင် ထူးသလိုပြော၊ အထောက်အကူ ဖြစ်နိုင်တာချည်းပါပဲ'

ကော်လီက ပြန်ပြောသည်။

ထွက်ပြေးသွားသော လှေကို လိုက်ရှာဖွေမှု သတင်းမှာ အားတက်ဖွယ် မရှိချေ။

အကောက်ခွန်နှင့် နယူးယောက် ရဲအဖွဲ့ဝင်များသည် စီးတီးကျွန်းရှိ လှေဆိပ်၊ လှေစခန်းအားလုံးကို ရှာဖွေပြီးပြီ။

နာဆောနှင့် ဆပ်ဖ်ဖော့ခ်မှ ရဲအဖွဲ့များလည်း ဂုင်း အိုင်လင်ကျွန်းရှိ လှေဆိပ်အားလုံးကို စစ်ဆေးပြီးပြီ။

နယူးဂျာဇီ ရဲအဖွဲ့ သည်လည်း ကမ်းရိုး တလျှောက်ရှိ သင်္ဘောကျင်းနှင့် လှေဆိပ်ပိုင်ရှင် အားလုံးကို စုံစမ်းမေးမြန်းပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com

အက်ဖ် ဘီအိုင် အဖွဲ့ဝင်များလည်း နာမည်ကြီး အကောင်း ဆုံး သဘော်ာကျင်းများ၊ ခလှ တည်ဆောက်သူ များထံ သွား ရောက်စစ်ဆေးကြသည်။

ထွက်ပြေး ပျောက် ဆုံးသွား သော မသင်္ကာ ဖွယ် လှေ အကြောင်း မည်သူမျှ ဘာမျှ မပြောပြနိုင်ကြပေ။

ကာဘာကော့ဗ် သည် ပြတင်းပေါက်မှနေ၍ အပြင်ဘက်မှ နှင်းများ ကျနေပုံကို ငေးကြည့်နေသည်။

ရေချယ်က ညစာစားဖို့ စီစဉ်နေသည်။

ကာဘာကော့ဗ် တစုံတခုကို သွယ်ဝိုက်သောနည်းလမ်းဖြင့် အစပြန်ဖော်ရန် ကြိုးစားနေသည်။

နေဦး။ မြူဇီ့ အိမ်မှာ ဖောက်ခဲ့သောနည်းကို မှတ်မိသည်။ ကြုံဖူးသည်။

ဘယ်မှာလဲ။

လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်ခန့်က ရေခဲသေတ္တာထဲမှ ဗုံးတခုအကြောင်း သူ့စားပွဲပေါ်မှ ဖိုင်တွဲများထဲ၌ ဖတ်လိုက် ရဖူးသည်။

ဖိုင်တွဲမှာ အဖုံး အဝါရောင်နှင့် အဟောင်းကြီး။

အနှောင်ကို ကြိုးနှင့် ချုပ်ထားသည်။

၁၉၇၂-ခုနှစ် မတိုင်မီက ဖြစ်မည်။





...ဘွင် မိုက်ကရိုဖလင်နှင့် ရိုက်ရလွယ်ကူစေရန် မိုဆတ်ဒ် ...ကြီးက ဖိုင်တွဲများကို ပြောင်းလဲပစ်ခဲ့သည်။ တခု သတိ ...ပြန့်သည်။

...သူ့အမိန့်အရ ကွန်မန်ဒို ယူနစ်များအား ပေးထားသည့် ...ဆောင်ချောက်ဆင်သည့် နည်းလမ်းများနှင့် ပတ်သက်သည့် ...ချက်လေး တခု။

...ထိုမှတ်ချက်တို ကလေးတွင် ထိုအချိန်က အာရပ် ပြောက် ...ားများ အသုံးများသည့် မာကြူရီခလုတ် ပါသည့် ဗုံး တပ် ...နည်းမျိုးနှင့် လျှပ်စစ်ပစ္စည်း ကိရိယာများ အကြောင်း ...ပါရှိသည်။

မိုဆတ်ဒ်မှာနချုပ်သို့ သူမှတ်မိသမျှ သတင်းအစအနများကို ...ခြခံ၍ ကြေးနန်းရိုက်ရန် စဉ်းစားနေစဉ်၊ သူ အချက်တခု ...ိရလာပြန်၏။

၁၉၇၁၊ ဆီးရီးယားနိုင်ငံ ဒမာ့စ်ကပ်မြို့ရှိ အိမ်တအိမ်၌ ...တ် ဒ် အေးဂျင့်တယောက် ဗုံး ထိ၍ သေဆုံးသွားသည်။ ...ားက သိပ်မပြင်း။

သို့သော်....

ရေခဲသေတ္တာတခုလုံး ဒုံးစိတ်စိတ်အမြွှာမြွှာ ကွဲသွားသည်။ ...တ်ဆိုင်မှုပေလော။

ကာဘာကော့ဗ် သည် အစ္စရေး သံရုံး သို့ ဖုန်းဆက်ပြီး ...အဘွက် ကြေးနန်းတစောင် ရိုက်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လာပစ်မြို့၌ နံနက် လေးနာရီရှိပြီ ဖြစ်ကြောင်း ကြေးနန်းရိုက်စာရေးက ပြောသည်။

'တို့အလုပ်က ပိတ်ချိန်ဖွင့်ချိန် မရှိဘူး မောင်ရင်၊ ဒီကြေးနန်းကို ရောက်အောင်သာ ရိုက်လိုက်စမ်းပါ'

ကာဘာကော့ဇ်က ဟောက်လိုက်သည်။

× × ×



# အခန်း ။ ၁၄ ။

လမ်းထောင့်၌ ရပ်ပြီး တက္ကစီ လှမ်းတားရန် စောင့်နေစဉ် မြောက် ဗ် စကီး၏ မျက်နှာပေါ်နှင့် လည်ပင်းပေါ်သို့ ဒီဇင်ဘာ နှင်းမှုန်လေးများ ထိကပ်နေကြသည်။

ဒေါ့ဂျ်ကား သုံးစီး ဖြတ်သန်းသွားပြီးနောက် ချက်ကာ ကားကြီးတစင်း နံနက်ပိုင်း ရှုပ်ထွေးသော ယာဉ်ကြောမှ မောင်းထွက်လာသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ် ၏ ခြေထောက်နာကြောင့် ကျယ်ကျ ဝန်းဝန်း သက်သာစွာ ထိုင်စီးနိုင်မည့် ကားကို တမင် ရွေ ငှားနေခြင်း ဖြစ်သည်။

တက္ကစီကို ရေချယ့်အိမ်ရှေ့၌ ရပ်ခိုင်းသည်။

ကာဘာကော့ဗ် ခြေထော့နင်းလျက် ထွက်လာပြီး က ပေါ် တက်သည်။

အစ္စရေးသံရုံးသို့ မောင်းခိုင်းသည်။

ကာဘာကော့ဗ် သည် ရေချယ် ညွှန်ကြားချက် အတို လိုက်နာခဲ့ပြီးပြီ။

ယခု....

သူ လှုပ်ရှားတော့မည်။

အိမ်မှနေ၍ သံအမတ်ကြီး တဲလ် အား ဖုန်းဆက်ပြောလ ရသော်လည်း သူ့ကိစ္စကို စိတ်အချရဆုံး တယ်လီဖုန်း ရှိမှသ ပြောနိုင်မည်။

တယ်လီဖုန်း ကြားဖြတ် ခိုးယူ နားထောင်မှုကို ကာကွ ပေးသည့် 'စကရင်မ်ဘလာ' ကိရိယာစနစ် တပ်ဆင်ထားသေ ဖုန်းမျိုး ရှိလျှင်တော့ စိတ်ချရ၏။

တယ်လာဗစ်မြို့ရှိ အစ္စရေးအစိုးရ အဖွဲ့အနေဖြင့် ဆိုဗီယ ထံမှ အကူအညီ တောင်းခံရန် အမေရိကန် ပြည်ထဲရေးဌာန အကြံပြုသင့်ကြောင်း ကာဘာကော့ဗ် တင်ပြရန် ဆုံးဖြတ်ထာ သည်။





သူ့တောင်းဆိုချက်ကို သံအမတ်ကြီး တဲလ် ထံမှ ခွင့်ပြုချက် ယူရမည်။

ရုရှတို့ထံ အကူအညီ တောင်းခြင်းသည် ကာဘာကော့ဗ် လုပ်ငန်းအရ သိက္ခာကျစရာ ဖြစ်သည်။

သို့သော်...

ယခုအချိန်၌ သိက္ခာကို ငဲ့နိုင်။ သူ မကြိုက်သော်လည်း မလုပ်ချင်၍ မရ။

၁၉၇၁၊ နွေဦးရာသီက စတင်၍ ကေဂျီဘီ အဖွဲ့ကြီးသည် အယ်လ်ဖာတား ပြောက်ကျား ထောက်လှမ်းရေးအဖွဲ့မှ တဆင့် ဘလက် စက်တင်ဘာအဖွဲ့သို့ စက်မှုနှင့် လုပ်ငန်းဆိုင်ရာ အကူ အညီပေးသည့် အထူး အဖွဲ့ငယ်တခု စေလွှတ် ကူညီ ပေးထား သည်။

ကာဘာကော့ဗ် သည် ၎င်းအဖွဲ့သို့ စုံစမ်း တီးခေါက်ကြည့် ချင်သည်။

ရုရှများသည် အစ္စရေးများကို ဘယ်တော့မှ ကူညီချင်မည် မဟုတ်ကြောင်း ကာဘာကော့ဗ် သိ၏။

သို့သော်....

အရှေ့အနောက် 'ဒေတွန့်'ဆွေးနွေးပွဲများ၏ အခြေအနေ တိုးတက် ကောင်းမွန်လာမှုကြောင့် သူတို့သည် အမေရိကန်ကို တော့ ကူညီမှာ သေချာသည်။

မော်စကိုသို့ တောင်းဆိုချက်သည် အမေရိကန်များ ထံမှ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တယ်လာဗစ်မှ ခွင့်ပြုချက် မရပဲ ကာဘာကော့ဖ် လုပ်ဝံ့မည်မဟုတ်။

သူက သူများကို အောက်ကျမခံချင်သောကြောင့် သံအမတ်ကြီးအပေါ် အမိက တာဝန် ပုံမကျစေပဲ တယ်လာဗစ်သို့ ပို့မည့်ကြေးနန်းတွင် သူကိုယ်တိုင် လက်မှတ် ရေးထိုးလိုက်သည်။

ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ပလပ်စတစ်ဗုံးများသည် ရှုရှုပြည်လုပ်ဖြစ်ရမည်ဟု ကာဘာကော့ဖ် ယူဆသည်။

အမေရိကန်များကလည်း ဤအချက်ကို ကျိန်ပြောရဲသည်။

ဤအချက်ဖြင့်ပင် ရှုရှုများကို ဖိအား ပေးနိုင်သည်။

ဗုံးတွေ ဘာလို့ ဒီလောက်များများ သွင်းရသလဲ။

ဤနိုင်ငံ၌ အာရပ်များ ဘာများ ကြီးကြီး ကျယ်ကျယ် လုပ်ကြမလို့ပါလိမ့်။

ကေဂျီဘီထံမှ အကူအညီ ရနိုင်မည်။

အမေရိကန် နိုင်ငံရှိ ဘလက်စက်တင်ဘာ အဖွဲ့ဝင်သည် အားလုံးနှင့် အဆက် ဖြတ်ထားလောက်ပြီ။

ဘေရွတ်မှ ပြောက်ကျား ခေါင်းဆောင်ပိုင်း များနှင့်ပင် ဆက်သွယ်တော့မည် မဟုတ်။ သူတို့ကို ရှာဖို့ သိပ်မလွယ်။

မသင်္ကာဖွယ် မိန်းမ၏ ဓာတ်ပုံကြောင့် အကြမ်းဖက်သမားများသည် မြေလျှိုး မိုးပျံသွားကြလောက်ပြီ။

သိပ် ဝေးဝေးတော့ မပြေး။





ဗုံးပေါက်ကွဲမှု ဖြစ်ပြီးနောက် ချက်ချင်း တန်ပြန် လှုပ်ရှားကြသည်။

ဆေးရုံကို အပြင်မှ စောင့်ကြည့်မနေခိုင်းသည်မှာ ကော်လီ၏ ချို့ယွင်းချက်။ အလကား ဆေးတံဖွာနေတဲ့ကောင်ကြီး။

ဘေရွတ်မြို့ ဘလက်စက်တင်ဘာ ဌာနချုပ်၌ ဘာတွေ စီမံကိန်း ရေးဆွဲပြီးခဲ့ပြီလဲ။ ဘယ်သူတွေ ပါဝင်ခဲ့သလဲ။

နာဂျီးယား။ နာဂျီးယားတော့ သေပြီ။ အမျိုးသမီးကတော့ ပုန်းအောင်းနေဆဲ။ အာဘူအလီရော။ သေပြီ။

အလီကို နာဂျီးယား သိပ်ယုံကြည်သည်။ အားကိုးသည်။ အလီသည် စိတ္တဗေဒ ပညာရှင် တယောက် ဖြစ်သည်။ သို့သော် အလီသည် အခြား ပညာများလည်း တတ်ကျွမ်းသေးသည်။

စိတ်ပညာရှင်တဦးကို ဘာအတွက် သူတို့ လိုအပ်သလဲ။

အလီသည် သူများတကာကို ဘယ်တော့မှ ဖွင့်ပြောမည် မဟုတ်။

အမေရိကန်ကြီးသည် မည်သူနည်း။

ဗုံးတွေ ခိုးသွင်းပေးလာသူ လက်ဘန္ဒီသားသည် မည်သူနည်း။ မြူဇီကို ဘယ်သူ သတ်သလဲ။

ဘေရွတ်မှာ တွေ့ခဲ့သော ဆေးရုံပေါ် လာသတ်ရန်ကြံသော မိန်းမ၏ လက်ချက်ပင်လော။

တက္ကစီမောင်းသမားသည် ကားကြီးကို ချော်နေသော သမီး မပေါ် သတိထား၍ အတတ်နိုင်ဆုံး မြန်မြန် မောင်းပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ခွက်များပေါ် ဆောင့်၍မောင်းချပြီး ပထမဆုံး တွေ့သော မီးနီ၌ ဆောင့်ရပ်လိုက်သည်။

မိုရှက်ဗ်စကီးသည် စိတ်ပျက်ဟန်ဖြင့် ကားထဲမှ ထွက်ပြီး ရှေ့ခန်း ယာဉ်မောင်းဘေးသို့ ဝင်ထိုင်လိုက်သည်။

'ဖြည်းဖြည်းမောင်း၊ မဆောင့်နဲ့၊ မခါနဲ့၊ မရမ်းနဲ့၊ ဟုတ်လား'

'ဘာလို့လဲ၊ အချိန်ဆိုတာ တန်ဖိုးရှိတယ်မိတ်ဆွေ'

'အေး၊ ငါပြောသလို မလုပ်ယင် မင်းလည်ပင်းကို ငါချိုးပစ်မယ် ဒါပဲ'

ကာဘာကော့ဗ်သည် ပလက်ဖောင်းပေါ်၌ ခပ် သုတ်သုတ်သွားနေကြသော လူများကို ငေးကြည့် သွားမိသည်။

နေ့ခင်းပိုင်းသာ ရှိသေးသော်လည်း နေရောင် မှိန်နေပြီ။

အင်း၊ တယ်လာဗစ်မှာထက် ဂျူးလူမျိုးဦးရေ ပိုများသော နေရာကြီးပင် ဖြစ်သည်။

သင်္ဘောများဖြင့် ရောက်ရှိလာခဲ့သော တိုင်းတပါးမှ ဂျူးလူမျိုးများ အကြောင်း သူ တွေးမိသည်။

တက္ကစီ ဒက်ရှ်ဘုတ်ပေါ်မှ ပလပ်စတစ် မဒွန်နာ ရုပ်တုကလေးကြောင့် သူစိတ်ကူး ပြောင်းသွားသည်။

လက်ရှိ ပြဿနာများကို ပြန်တွေးမိ၏။

အေးစက်သော နွေလည်ခင်းများ၌ သူ့ မျက်လုံးများကို မှိတ်ပြီး နယူးယောက်သို့ရောက်ရှိလာစေခဲ့သော သူ၏ ဘေရွတ်မှ တာဝန်ကို အစမှ ပြန်စဉ်းစားသည်။





ဘေရွတ်၌ ဝင်မတိုက်ခိုက်မီ မိနစ် အနည်းငယ် အတွင်း၌ ကာဘာကော့ဗ်အား ရှင်းပြခဲ့ကြသည်။

ထိုအခန်း၌ နာဂျီးယား၊ အာဘူအလီနှင့် အခြား ဘာလက်စက်တင်ဘာ အဖွဲ့ဝင်အချို့တို့ ရှိနေကြောင်း အစ္စရေးများ သိသည်။

ကာဘာကော့ဗ်သည် လက်ဘနွန်၌ နေထိုင်သော ပြောက်ကျား ခေါင်းဆောင်များ၏ ဖိုင်တွဲအားလုံးကို လေ့လာဖတ်ရှုပြီးအရည်ကျို သောက်ထားသည်။

သူ့စားပွဲပေါ်၌ အက္ခရာစဉ်အလိုက် တပ်ထားသော ဖိုင်တွဲများကို သူ ပြန် မြင်ယောင်လာသည်။

ပထမဆုံး အာဘူအလီ။

ဘေရွတ်၌ တိုက်ခိုက်စဉ် သေဆုံးသွားသည်။ ဆွေမျိုးမရှိ။ မိသားစုမရှိ။ ဇနီးတယောက် ကျန်ရစ်သည်။

ယခု သူ့ဇနီးလည်း သေသွားပြီ။

ကာဘာကော့ဗ်သာလျှင် အထီးကျန်သမား။

ကာဘာကော့ဗ်သည် ကားရှေ့ခန်းနှင့် နောက်ခန်း ကာခြားထားသော ပလပ်စတစ်ရှက်ကို လက်နှင့် ခေါက်လိုက်သည်။

မိုရှက်ဗ်စကီးက ပလပ်စတစ်ရှက်ကို လက်နှင့် မလိုက်သည်။

'မြန်မြန် မောင်းခိုင်းကွာ'

'ဟော၊ ခုတော့လဲ မြန်မြန် မောင်းခိုင်းပြန်ပြီ'

ယာဉ်မောင်းက နောက်လှည့်ကြည့်၍ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရွက်ဗ်စကီးက သွားဖြည်းပြသည်။
'ကောင်းပြီ၊ ကောင်းပြီ၊ ခင်ဗျားတို့ သဘောပဲ'
ယာဉ်မောင်းက ပြောသည်။

× × ×

ကမ္ဘာ့ ကုလသမဂ္ဂဆိုင်ရာ အစ္စရေး ကောင်စစ်ဝန်ရုံးနှင့် သံအဖွဲ့တို့သည် မန်ဟက်တန်မြို့ အမှတ် ၁၀၀ ဒုတိယ ရိပ်သာလမ်းမရှိ အမြှုရောင်တိုက်ကြီး၌ ပူးတွဲတည်ရှိသည်။

လုံခြုံရေးစနစ်ကို ကျနစွာစပ်စွာ စီမံထားရှိသည်။

ကာဘာကော့ဗ်သည် စစ်ဆေးရေးခန်းမ၌ အတော်ဒေါပွသွား၏။

ထိုနောက် ဆက်သွယ်ရေးခန်းမသို့ ခပ်သွက်သွက် ဝင်သွားလေသည်။

တယ်လာဗစ်သို့ အာဘူအလီနှင့် ပတ်သက်၍ လျှို့ဝှက်သင်္ကေတဖြင့်ပို့သော ကြေးနန်းကို တမိနစ်အတွင်း လက်ခံရရှိလေသည်။

သို့နှင့် အားလုံး တဆင့်စီ မှန်ကန်တိကျစွာ လှုပ်ရှားကုန်ကြသည်။





၁၅ မိနစ်အတွင်း မိုဆဘ်ဒ်ဌာနချုပ်မှ ကိုယ်လုံးတုတ်တုတ်နှင့် လူငယ်တဦး လော့ဒ် လေဆိပ်သို့ ထွက်သွားသည်။

ဆိုက်ပရပ်စ် နိုင်ငံ၊ နီကိုရှားမြို့သို့သွားပြီး ပတ်စ်ပို့ လဲလှယ်ကာ ဘေရွတ်သို့ လေယာဉ်ပြောင်းစီးမည်။

ဘေရွတ် ရောက်လျှင် ရောက်ချင်း သူသည် ဗဟိုရဲစခန်းကို ခပ်လှမ်းလှမ်းမှ မြင်နိုင်သည့် ကော်ဖီဆိုင်လေးတခု၌ ကော်ဖီ ထိုင်သောက်ရမည်။

ထိုရဲစခန်း၏ ရဲဌာနပိုင် ပစ္စည်းသိုလှောင်ခန်းထဲ၌ အာဘူအလီ၏ ကိုယ်ပိုင်ပစ္စည်းများကို နံပါတ်တပ်ထားသော ကာတွန်ဗူးများဖြင့် သိမ်းဆည်းထားသည်။

ယခု ထိုဗူးများကို ထုတ်ယူမည့်သူ ရောက်လာပြီ။

× × ×

ကာဘာကော့ဗ်သည် သံအမတ်ကြီး တဲလ်နှင့် လုံခြုံစိတ်ချရသည့် 'စကရင်မ်ဘလာ' ဖုန်းဖြင့် နာရီဝက်ကြာ စကားပြောရသည်။

ရုရှတို့ထံမှ တဘက်လှည့် အကူအညီတောင်းရန် ကာဘာကော့ဗ်၏ တောင်းဆိုချက်ကို သံအမတ်ကြီး အော့သြမိချေ။



www.burmeseclassic.com

www.burmeseclassic.com

သံအမတ်ကြီး ယိုခင်မ် တဲလ်သည် သူ့ဘဝ၌ ဘာကိုမျှအံ့သြလှော ရှိအတ်ဟန် မတူ။

သံအမတ်ကြီးက နှုတ်ဆက်ပြီး ဖုန်းချသွားသည်။

သံအမတ်ကြီးသည် မိမိအား သနားမိလေသလား။ ကာဘာကော့ဗ်သည် မျက်နှာနီလျက် ဆက်သွယ်ရေးခန်းမသို့ လျှောက်လာသည်။

တယ်လက်ဇ် ကြေးနန်းစက် ရှိရာ အခန်းထောင့်မှ ဂျောက် ဂျောက်ဂျက်ဂျက် အသံထွက်နေသည်။

တယ်လက်ဇ် စာရေးက သူ့ကို လှမ်းခေါ်သည်။

၁၉၇၁၊ ဆီးရီးယားနိုင်ငံ၌ ဗုံးပေါက်မှုနှင့် ပတ်သက်သော စုံစမ်းမှုအတွက် အဖြေရောက်လာပြီ။

၎င်းဗုံးပေါက်ကွဲမှုမှာ ၁၉၇၁၊ ဩဂုတ် ၁၅ ရက်က ဖြစ်လေသည်။

ထိုနှစ်က ဒါမာ့စ်ကပ်မြို့၌ အယ်လ်ဖာဟား ပြောက်ကျား အဖွဲ့သည် စစ်သားစုဆောင်းရေးကို ကြီးကျယ်စွာ ကြိုးပန်းလုပ်နေစဉ် ဖြစ်သည်။

ထိုစဉ်က ဒါမာ့စ်ကပ်၌ ရှိနေသော စည်းရုံးရေး မှူး သုံးဦးမှာ....

ဖာခရီအယ်လ်အမာရီ

ဂျော်ဒန်နိုင်ငံ၊ ဝန်ကြီးချုပ် ဝါစဖီအယ်လ်တဲလ်အား လုပ်ကြံသတ်ဖြတ်သည့် အဖွဲ့ကို ဦးဆောင်ပြီး ၎င်း၏ သွေးကို





သောက်ခဲ့သူ။ လက်ရှိတွင် ဖာခရီသည် အယ်လ်ဂျီးရီးယား နိုင်ငံ၌ ရောက်နေသည်ဟု ယူဆထားသည်။ ဆက်လက်စုံစမ်း နေဆဲ ဖြစ်သည်။

အက်ဘ်ဒဲလ်ကဒါး

အစ္စရေး ကျောင်းကားတစီးကို ဘဇူကာနှင့် ပစ်ခဲ့သူ။ ၁၉၇၃ ခုနှစ်တွင် ချက်စ်ဆလော့ဗ်ရှိ ၎င်း၏ ဗုံးစက်ရုံပေါက်ကွဲမှု၌ သေဆုံးသွားသည်။

ကဒါး သေဆုံးစဉ်က ကာဘာကော့ဗ် အခင်းဖြစ်ရာ၌ရောက် နေသဖြင့် အထွေအထူး ပြန်စဉ်းစားနေရာမလို။

မိုဟာမက်ဖာဆေးလ် ခေါ် ယူစွပ်ဟာလက်ဖ် ခေါ် အမားတူဖစ်။

မြူးနစ်လူသတ်ပွဲကို စီမံခဲ့သူဟု ယူဆခံထားရသူ။ မိုဆတ်ဒ်အဖွဲ့မှ အလိုရှိဆုံးသော ရန်သူတယောက်။ ဖာဆေးလ်သည် ဆီးရီးယား၌ လှုပ်ရှားနေကြောင်း နောက်ဆုံးသတင်း ရထားသည်။

ဘေရွတ်သို့ ကာဘာကော့ဗ် ဝင်တိုက်စဉ်က ၎င်းသည် ဒါမာ့စ်ကပ်၌ ရောက်နေသည်ဟု ယူဆရ၏။

သို့သော် နောက်ဆုံးသတင်းများအရ လွန်ခဲ့သော ရက်သတ္တ ပတ်အတွင်းက ဘေရွတ်သို့ ပြန်ရောက်ရှိနေကြောင်း မရေ ရာ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဌေး ထောက်လှမ်းရေး သမားများသည် ဘေရွတ်မှ ဝစ်မြစ်များနှင့် အခြား သတင်းဇာစ်မြစ်များထံမှ ဖာဆေးလ် ရှိနိုင်မည့် နေရာများကို အားသွန်ခွန်စိုက် လိုက်စုံစမ်းနေသည်။

အယ်လ်အမာရီနှင့် ဖာဆေးလ်တို့၏ ဓာတ်ပုံများကို ကာဘာကော့ဗ်ထံ လက်ဆင့်ကမ်းပေးရန် ဂြိုဟ်တုမှတဆင့် ဝါရှင်တန်ရှိ အစ္စရေးသံရုံးသို့ ပို့လိုက်သည်။

နဂ္ဂတစ်များကို ဆက်လက် ပို့ပေးသည်။ ကာဘာကော့ဗ် မျက်နှာရှုံ့သွား၏။

နဂ္ဂတစ်များ ထပ်ပို့ပေးခြင်းသည် ဂြိုဟ်တုဖြင့် ပို့ရာ၌ အလွန် ညံ့ဖျင်းသော ဓာတ်ပုံများ ဖြစ်နေသည့်အတွက်ကြောင့် ဖြစ် လေသည်။

ဘာပဲဖြစ်ဖြစ် ရသမျှ သဲလွန်စ အမြတ်ချည်း ဖြစ်သည်။ ရုပ်ရှင်များနှင့် ပတ်သက်၍ စောင့်ဆိုင်းပြီးမှ မေးလျှင် ကောင်း မည်။

'မိုဟာမက်ဖာဆေးလ်၊ ဒါမျိုးဟာ မင်းလုပ်နေကျတွေပဲ၊ ဒီတခါ မင်းကိုယ်တိုင် လာပါစေလို့ ငါမျှော်လင့်တယ်ဟေ့' ဟု ကာဘာကော့ဗ် ရေရွတ်လိုက်လေသည်။

ဘရွတ်ကလင်သို့ မိုးရေထဲမှပင် ပြန်သွားသည်။

မိုရှက်ဗ်စကီးနှင့် သူ့တပည့် အစ္စရေး သုံးယောက်တို့ကား မြူဗီ၏ တပည့် ဂရိုကြီးကို လိုက်စုံစမ်းရှာဖွေကြရသည်။

ဂရိုကြီးသည် အမေရိကန်ကြီးကို တွေ့ဖူးချင် တွေ့ဖူးလိမ့် မည်။ ဤကိစ္စကို အက်ဖ်ဘီအိုင်မှ ဆောင်ရွက်ပြီးလောက်ပြီ။





သို့သော် မိုဆတ်ဒ် အေးဂျင့်များသည် ရဲများနှင့်မတူကြ။ လူမျိုးစုံရပ်ကွက်၊ ပတ်ဝန်းကျင်ထဲ ဝင်ရောပြီး ဘာသာစကား မျိုးစုံကို နားထောင်နိုင်ကြသည်။

ကာဘာကော့ဗ်သည် မြူဗီ၏ ရုံးခန်း၌ စတည်းချပြီး ၎င်း၏ အလုပ်အတွက် စာရွက်စာတမ်းများကို မွှေနှောက် လေ့လာ သည်။

အမေရိကန်ကြီး သို့မဟုတ် အရှေ့အလယ်ပိုင်းမှ မြူဗီ၏ အဆက်အသွယ်များနှင့် ပတ်သက်သော သတင်းအစအနလေး များ ရလိုရငြားပေါ့။

နာမည်တခု၊ နေရာတခု၊ လိပ်စာတခု၊ ဘာပဲရရ။

အစ္စတန်ဘူလ်နှင့် အေဒင် ပင်လယ်ကွေ့အကြား၌ ဘာလက် ကာ်ဘင်ဘာအဖွဲ့၏ အမေရိကန် နိုင်ငံ၌ စစ်ဆင်ရေးနှင့် ပတ် သက်၍ သိရှိသူတဦး ရှိနေပါက ကာဘာကော့ဗ်သည် ထိုလူကို ရှာဖွေပြီး ပြန်ပေးဆွဲမည်။ သို့မဟုတ်လည်း ထိုလူကို ရှာယင်း နှင့် အသေခံလိုက်မည်။

ညနေ မိုးချုပ်သောအခါ မြူဗီသည် စာရင်းစာအုပ် သုံးမျိုး သုံးစား ခွဲခြား ထားရှိကြောင်း သူသိရသည်။

ဘာမှတော့ ထွေထူးစွာ မသိရှိရ။

စိတ်ဓာတ်ကျစွာ၊ နွမ်းနယ်စွာဖြင့် ရေချယ်၏ အိမ်သို့ ပြန် သွားသည်။

ရေချယ်က သူ့ကို စောင့်နေသည်။

သူ့ မျက်နှာထားက တမျိုးပြောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ကြည့်ယင်း ကာဘာကော့ဗ် စိတ်ဓာတ်ကျခြင်း မရှိတော့ပေ။

နွေခင်းပိုင်း၌ သူတို့ နှစ်ဦး ကွဲကွာနေရခြင်းကြောင့် နှစ်ဦးစလုံးအတွက် တခုခုကို ကွဲပြား ထင်ရှားသွားစေ၏။

သူတို့နှစ်ယောက် ဏ္ဏဒြေရစွာဖြင့် ချစ်သူများ ဖြစ်သွားကြသည်။

× × ×



အခန်း ။ ၁၅ ။

ကာဘာကော့ဗ် ရေချိုးနေစဉ် မနက်(၇)နာရီ၌ သံအမတ်ကြီး တဲလ်ထံမှ ဖုန်းလာသည်။

အချယ်က ကာဘာကော့ဗ်အား ရေချိုးခန်းထဲသို့ လာခေါ်သည်။

ကာဘာကော့ဗ် ချက်ချင်း ပြေးထွက်သည်။

ခါးပေါ် မျက်နှာသုတ်ပဝါကြီး ပတ်ပြီး တယ်လီဖုန်းဆီသို့ သွက်သွက် လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချယ်သည် လက်သည်းကို ကိုက်လျက် ငေးနေသည်။

ကာဘာကော့ဗ် စိတ်တင်းကျပ်နေသည်။

ရုရှားများနှင့် ပတ်သက်သော အဖြေကို ရရှိထား...

သံအမတ်ကြီးသည် ဤဖုန်းကို အသုံးပြုမည်မဟုတ်။

တယ်လီ၏ အသံက တည်ငြိမ်လွန်းသည်။

အလုပ်သဘော ပီသနေသည်။

'ဗိုလ်မှူး၊ ခင်ဗျားအကြောင်း နယူးယောက်ခ် တိုင်း... သတင်းစာကြီးက ကျုပ်တို့ဆီ လာစုံစမ်းနေတယ်၊ ပြီးတော့ လက်တီးရှားသင်္ဘောနဲ့ ပတ်သက်ပြီး ကပ်သီးကပ်သပ် မေး... တွေလဲ မေးကြတယ်၊ ကျုပ်ရုံးကို ခင်ဗျား လာခဲ့ပါလား... ညနေ သုံးနာရီ နောက်ပိုင်း ဆို ကျုပ် အားပါတယ်၊ ... နှယ်လဲ'

'လာခဲ့ပါ့မယ်'

ကာဘာကော့ဗ်သည် ရေချယ်၏ အိမ်ရှေ့ တံခါးပေါက်ရှေ့... ခြေသုတ်ခုံပေါ်မှ နယူးယောက်ခ် တိုင်းမ်စ် သတင်းစာ... ယူကြည့်သည်။

စာမျက်နှာတစ်၊ သတင်းခေါင်းစဉ်များ။

အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ဝါရှင်တန်သို့ အရှေ့အလယ်... ပိုင်းကိစ္စ ဆွေးနွေးရန် ရောက်ရှိလာခြင်း။

စားသောက် နေထိုင်မှု စရိတ်စကများအကြောင်း။

ဂျင်နရယ် မော်တော်ကားကုမ္ပဏီကြီးက ထရပ်ကား များအား... ပြန်ရုပ်သိမ်းခြင်း။

ဒါတွေ နောက်မှဖတ်၊ စာမျက်နှာကိုလှန်။





...သော တွေ့ပြီ။

...ယူးယောက်၌ အာရပ် တဦးကို အစ္စရေး အေးဂျင့်များက ...တ် ညှဉ်းပန်းကြခြင်း။

...ဘက်ဘန္ဓန် ကောင်စစ်ဝန်ရုံးမှ ဟုတ်မှန်ကြောင်းပြော။

...ဘဂရက်လီဒ်စ် ဖင့်ချ် ရေးသည်။

လွန်ခဲ့သော အပတ်အတွင်းက လစ်ဗျားကုန်... သင်္ဘောတစီးကို မှောင်ခိုပစ္စည်း တင်ဆောင်မှုဖြင့် အမေ... ...ကန် အကောက်ခွန်ဌာနမှ အရေးယူဖမ်းဆီးပြီးနောက် ...င်းသင်္ဘောထဲမှ လက်ဘန္ဓန် နိုင်ငံသား သင်္ဘောသား ...တဦးကို အစ္စရေးအေးဂျင့်များက သင်္ဘောပေါ်တက်၍ ...မ်းဆက် ညှဉ်းပန်း စစ်ဆေး ကြသည်ဟု အင်္ဂါနေ့ညက ...ဘက်ဘန္ဓန် ကောင်စစ်ဝန်ရုံးက ပြောပါသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စစ်သံမှူး ...ဗ္ဗစ်အယ်လ် အမာဒီက ပြင်းထန်စွာ ကန့်ကွက် ပြော... ...ရာ၌ လက်တီးရှားသင်္ဘောမှ ပထမအရာရှိ မူစတာဖာ ...ဆော်ဇီအား အစ္စရေးဟုဆိုသော လူနှစ်ယောက်က ရိုက် ...နက်ခဲ့ကြကြောင်း၊ ၎င်း အေးဂျင့်တို့သည် မည်သည့် အရာကို လိုချင်ကြောင်း မိမိမသိကြောင်း၊ ဖော်ဇီ ...အား မှောင်ခိုမှုနှင့် အရေးယူခြင်းနှင့် ပတ်သက်၍ မိမိ ...ဘာမှ ပြောဆိုစရာ မရှိကြောင်း။

အစ္စရေးဘက်မှ ပြောခွင့်ရ ပုဂ္ဂိုလ်တဦးကမူ လက်... ...ဘန္ဓန် ကောင်စစ်ဝန်ရုံးမှ စွပ်စွဲချက်များမှာ မဟုတ်မှန်...



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ အစ္စရေး ဆန့်ကျင်ရေးစိတ်ဓာတ်နှိုးဆွပေးရန် ပရမ်းပတာ ကြိုးပမ်းမှု တခုသာဖြစ်ကြောင်း၊ ငြင်းဆို လိုက်သည်။ အနောက်လမ်းရှိ အက်ဖ်ဘီအိုင် အကျဉ်း ထောင်တွင် ဖော်ဇီအား စာရိတ္တပြုပြင်ရေးဌာနမှ ဆရာ ဝန် ကားလ်ဂီလက်က စစ်ဆေးကြည့်ရာ ရိုက်နှက်ထား သော ဒဏ်ရာများ လုံးဝ မတွေ့ရကြောင်း ပြောသည်။

လက်ဘနွန် ကောင်စစ်ဝန်ရုံးမှ အမာဒီက ဖော်ဇီ အား နှိပ်စက် စစ်ဆေးသူမှာ အစ္စရေး ကာကွယ်ရေး တပ်မတော်မှ ဗိုလ်မှူးဒေးဗစ် ကာဘာကောဗ်နှင့် နာမည် မသိရသော လူတဦးတို့ဖြစ်ကြောင်း ပြောသည်။

ကာဘာကောဗ်မှာ ငါးရှင်တန်ရှိ အစ္စရေး သံရုံး၌ ပူးတွဲ တာဝန် ခန့်အပ်ထားခြင်း ခံရသူ ဖြစ်သည်။

လက်တီးရှား သဘော်ကိုမှ အကောက်ခွန်မှ ထိန်း သိမ်း ထားလိုက်သည်။

ကာဘာကောဗ်သည် ကျန်သတင်းပိုဒ်ကို သမန်ကာလျှ မျှသာ ဖတ်လိုက်သည်။

အကောက်ခွန် ဌာနမှ အရာရှိများက လက်တီးရှားသ နှင့် ပတ်သက်၍ ရေငုံနေကြသည်။

မြူဇီ သေဆုံးမှုနှင့်လည်း သတင်း အဆက်အစပ် မ သေး၍ ဘော်ပါပေရဲ့ဟု ကာဘာကောဗ် ဖြေသိမ့်မိသည်

× × ×





'ခင်ဗျား အိမ်ပြန်ဖို့ တရားဝင် အမိန့်ထုတ်လိုက်ပြီ' သံအမတ်ကြီး တဲလ်က ပြောသည်။

ကာဘာကောဗ်က နှုတ်ခမ်း တွန့်သွား၏။

အရှိုက်ကို လက်သီးနှင့် အထိုးခံလိုက်ရသလို ဖြစ်သွားသည်။

တဲလ်သည် သူ့ စားပွဲပေါ်မှ စာရွက်များကို ဖောင်တိန် အဖျားနှင့် ဖွလိုက်သည်။

'ဖော်ဇီဟာ လက်ဘနွန် နိုင်ငံသားတဦး ဖြစ်တာမို့ သူ့ကို ဖမ်းဆီးတဲ့ အကြောင်း ထုံးစံအရ လက်ဘနွန် ကောင်စစ်ဝန် ရုံးကို သတင်းပို့လိုက်ကြတယ်၊ ဒီရုံးက ဖော်ဇီအတွက် ရှေ့နေ တဦး လွှတ်ပေးတယ်၊ ရှေ့နေဟာ ဘေရွတ်က ညွှန်ကြားချက် အတိုင်း လိုက်လုပ် ပေး နေရတယ်၊ လစ်ဗျား တွေကိုလဲ အကြောင်းကြားလိုက်ပြီ၊ ဒီသင်္ဘောက လစ်ဗျားပိုင် မဟုတ် လား၊ ခင်ဗျား နာမည်ပါလာတာနဲ့ အယ်(လ်)ဖာတာ အဖွဲ့ အစည်းနဲ့ လစ်ဗျားနိုင်ငံ ခေါင်းဆောင် ဗိုလ်မှူးကြီး ကဒါဖီ တို့ကို လုံ့ဆော်ပြီးသားဖြစ်သွားမယ်၊ ဒါနဲ့ ဖော်ဇီ့ကို ခင်ဗျား ဘာလုပ်လိုက်သလဲ ပြောစမ်းပါဦး'

'ဘာမှ လုပ်စရာ မလိုပါဘူး'

'ခင်ဗျား ဒီက ထွက်မသွားမချင်း လက်ဘနွန်နဲ့ လစ်ဗျား တို့က ဆက်ပြီး ကန့်ကွက်ကြမှာပဲ၊ ဆိုးရိုးယားပါ ပါလာနိုင် တယ်၊ ကဒါဖီဟာ အာရပ်သံအဖွဲ့ဝင် တယောက်မက ပိုင်ဆိုင် ထားတာပဲ၊ ခင်ဗျား ဒီကို ဘာကိစ္စနဲ့ ရောက်နေသလဲဆိုတာ သူတို့ အသေအချာ မသိဘူးလို့ ထင်တယ်၊ ကဒါဖီပဲ သိချင် သိမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဘာပြောလဲ'

'ဒီမှာ သံတမန်ရေးအရ ပြဿနာမတက်စေချင်ကြဘူးပေါ့၊ တတ်နိုင်သမျှ ပြေလည်သွားစေချင်တယ်၊ ခင်ဗျားကို ဒီနိုင်ငံမှာ အစိုးရရဲ့ လက်မောင်းတဘက်အနေနဲ့ တရားဝင် လက်မခံထားနိုင်တော့ဘူး'

'ခွေးသူတောင်းစား နလပိန်းတုံးတွေ၊ မသာတွေ...'

ကာဘာကော့ဗ် သူ့ပါးစပ်ကို အမြန် ပိတ်လိုက်ရသည်။

'အယင် လက ဆီးရီးယားက ပြောက်ကျားစခန်းတွေကို အစိုးရ ဝင်တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး ခုအပတ်ထဲမှာ ကုလသမဂ္ဂအဖွဲ့က အာရပ်သမ္မတနိုင်ငံရဲ့ ရှုတ်ချမှုကို အတော်အရေးပေးခဲ့တယ်၊ ခုအချိန်မှာ ဒီဟာကို ပိုပြီးဆိုးရွားအောင် အနှောင့်အယှက် ထပ်မလုပ်သင့်ဘူး'

'ကျွန်တော်လက်ရှိတာဝန်ကနှုတ်ထွက်ပြီး၊ ရိုးရိုးပတ်(စ်)ပို့ ယူထားယင်ကော၊ တယ်လာဗစ်က လိုအပ်ယင် ကျွန်တော့်ကို စွန့်လွှတ်လို့ရမယ် မဟုတ်လား'

သံအမတ်ကြီး တဲလ်သည် ကာဘာကော့ဗ် စကားကို နားမထောင်။

'ဒီကိစ္စမှာ အာရပ်တွေ အကြံအောင်သွားယင် အမေရိကန်တွေ ဒေါသူပုန်ထပြီး၊ အစ္စရေးကို ပိုပြီး ထောက်ခံ အားပေးလာမယ်လို့ ယူဆရတယ်၊ ဒါမျိုး ဖြစ်မှာ မဟုတ်ဘူးဆိုတာ ခင်ဗျားရော ကျုပ်ရော သိပါတယ်၊ တကယ်တော့ အမေရိကန်က အစ္စရေးကို ကူညီလို့ သူတို့ တိုက်ခိုက် ဖျက်ဆီး ရပါတယ်လို့





ကြောင်းပြစရာ ဖြစ်လာမယ်၊ သူတို့တွေဟာ ယုတ်ညံ့တဲ့ စစ်ပွဲလေးတခုထဲ ဝင်ရှုပ်မိလို့ပေါ့၊ အင်ဒိုချိုင်းနားစစ်ပွဲမှာ သူတို့ ဝင်ပါမိတာ ဘာဖြစ်သွားသလဲ၊ ပြင်သစ်တွေရော ဘာဖြစ်ခဲ့ဖူးသလဲ၊ ကျုပ်တို့ကို ပြင်သစ်အစိုးရက မီရာ့(ဂျ်) လေယာဉ်တွေ ထုတ်ရောင်းလို့ အာရပ်တွေ ပဲရစ်မြို့ကို သွားတိုက်မယ် ဆိုလဲ စဉ်းစားစရာ မရှိပါဘူး'

'ဘာပဲဖြစ်ဖြစ် ဒီမှာသာ အဲသလိုဖြစ်ယင် အာရပ်အစိုးရက အယ်(လ်)ဖာတာအဖွဲ့ကို အကြိမ်(၄၀၀)မြောက် ရှုတ်ချမယ်၊ အဒါဖြင့် အယ်လ်ဖာတာကို ဒေါ်လာသန်းချီပြီး ဆုချမယ်၊ အမေရိကန် အစိုးရကတော့ အာရပ်တွေ အပေါ် ဆက်ပြီး ကြာကြာ စိတ်ဆိုးနေနိုင်မှာ မဟုတ်ဘူး၊ အမေရိကန်အနေနဲ့ အယ်လ်ဖာတာကိုသာ အပြစ်တင်တာ သင့်တော်မယ်လို့ ယူဆရမယ်၊ ဒီနိုင်ငံဟာ အာရပ်တွေဆီက ရေနံ အများကြီး သုံးစွဲထားတယ် မဟုတ်လား၊ အာရပ်တွေ အောင်မြင်သွားယင် ကျုပ်တို့က သူတို့ကို တားဆီးဖို့ကြိုးစားခဲ့ယင် ကျုပ်တို့အတွက် သိပ်မဆိုးနိုင်ပါဘူး၊ နိုင်ငံခြားရေးဌာနက မေတ္တာရပ်ခံတောင်းဆိုထားတာတောင် ကျုပ်တို့က မကူညီပဲနေလိုက်လို့ အာရပ်တွေ အောင်မြင်သွားယင်လဲ ကျုပ်တို့ အမှားပဲ ဖြစ်နေဦးမှာပဲ။

'....အမေရိကန်တွေဟာ ရုရှတွေဆီက အရှေ့အလယ်ပိုင်းထောက်လှမ်းရေးကိစ္စတွေနဲ့ပတ်သက်ပြီး တောင်းဆိုမှာ မဟုတ်ဘူး၊ နိုင်ငံခြားရေးဌာနက ဒီတောင်းဆိုချက်မျိုးဟာ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ပြောတယ်၊ စီအိုင်အေဟာ သူတို့ဘာသာ ဒီလိုသတင်း ရယူနိုင်စွမ်းရှိကြောင်း ရှုရှတွေ မသိသွားစေချင်ဘူး၊ ခင်ဗျား ကြိုးစား ကြည့်မယ် ဆိုယင်လဲ ကောင်းပါတယ် ဒေးဗစ် နောက်ပြီး.... ဒီ ဥစ္စာလဲ ရှိသေးတယ်၊ နယူးယောက် က ခင်ဗျားဆီ တဆင့်ပို့ပေးလိုက်တဲ့ သတင်းပဲ'

တဲလ်က မိုဆတ်ဒ် ဌာနချုပ်မှ ကြေးနန်းစာကို ကမ်းပေး လိုက်သည်။

ကာဘာကော့ဗ် ဝင်တိုက်ခိုက်ပြီး၊ နောက်တနေ့တွင် မိုဟာ မက် ဖာဆေးလ်အား ဘေရွတ်မြို့၌ တွေ့လိုက်ရကြောင်း၊ ဖေဒ် ပြောပြသည့်အတိုင်း သူ့ပါးပေါ်တွင် ဒဏ်ရာတခုပါရှိကြောင်း ကြေးနန်းသတင်း၌ ဖော်ပြထားသည်။

'ဖာဆေးလ်ဟာ အဆိုးရွားဆုံး သတ္တဝါတကောင်ပေပဲ'

တဲလ်က ပြောသည်။

'ကျွန်တော် အိမ်မပြန်တော့ဘူး'

'နေဦး ဒေးဗစ်၊ ပွင့်ပွင့်လင်းလင်းပဲ မေးပါရစေ၊ ဒီကိစ္စကို ဖြေရှင်း နိုင်စွမ်းရှိတဲ့ ခင်ဗျားထက် တော်တဲ့ လူတယောက် ယောက် မိုဆတ်ဒ် အဖွဲ့မှာ ရှိသေးလား'

'မရှိပါဘူး'

အကယ်၍ ဘေရွတ်မှ တိတ်ခေါ်ကို သူ မယူခဲ့မိလျှင်၊ ဖေါ်ဒ် အား မစစ်ဆေးမိလျှင်၊ သဘော်ထဲကအခန်းကို မရှာဖွေမိလျှင်





သဘော် စာအုပ်စာရင်းများတို့ မစစ်ဆေးမိလျှင်၊ မြူဇီ၏ ချွတ် ယွင်းချက်ကို မသိခဲ့မိလျှင် သူတို့တွေ ဘာမျှ သိကြမည် မဟုတ်ဟု ကာဘာကော့ဗ် ပြောပြလိုက်ချင်သည်။

သို့သော် သူ မပြော။

'ဟုတ်ဘယ်၊ ကျုပ်တို့လဲ ဒီလိုပဲသဘောရတယ်'

တဲလ်၏ ဘယ်လီဖုန်း မြည်သည်။

'ဟုတ်ကဲ့၊ ငါးမိနစ်၊ ဟုတ်ကဲ့၊ ကောင်းပါပြီ'

တဲလ်က ကာဘာကော့ဗ်အား လှည့်ကြည့်ပြီး....

'ဗိုလ်မှူး၊ ဒုတိယထပ်က အစည်းအဝေးခန်းကို တက်သွားပါ၊ ခင်ဗျား လည်စည်းကိုလဲ ဆွဲဆန့် သွားပါဦး'

ကာဘာကော့ဗ်၏ ကော်လန်က လည်ပင်းမှာ ထောက်နေ၏။ သူ့ လည်ပင်း ကြိုးဆွဲချ ခံရသလို ဖြစ်နေသည်။

အစည်းအဝေးခန်း အပြင်ဘက်တွင် သတိထားမှဟု သူ့ ကိုယ်သူ အရှိန် သတ်လိုက်ရသည်။

စစ်သံမှူးက သူ့ကို အိမ်ပြန်ခိုင်းသည့် အမိန့်ပြန်တမ်း ဖတ်ပြ မသွိုလား စစ်သံမှူးရှေ့ ပြန်အော်နေလို့လည်း အပို။

တဲလ် ဘာတွေ ပြောနေတာလဲ။ အစ္စရေးသို့ ပြန်ရမည် ဆိုလည်း ပြန်မည်။

ဆီးရီးယားနှင့် လက်ဘနွန်မှ ပြောက်ကျား များကတော့ သူ့ကို အမေရိကန်သို့ပြန်သွားပါစေဟု ဆုတောင်းပြုလိမ့်မည်။

ကာဘာကော့ဗ် တံခါးဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပင်းပေါက်နားမှ ကိုယ်လုံး သေးသေးနှင့် လူက လှည့်ကြည့်သည်။

'ဝင်ခဲ့ပါ ဗိုလ်မှူး ကာဘာကော့ဗ်'

အစ္စရေး နိုင်ငံခြားရေး ဝန်ကြီးက ပြောလိုက်သည်။

× × ×



အခန်း ။ ၁၆ ။

၁၅မိနစ်အတွင်း၌ကာဘာကော့ဗ်အပြင်ပြန်ထွက်လာသည်။ ပြုံးချင်သော်လည်း မပြုံးဝံ့။ သူ့ကို သံရုံး ကားတစီးဖြင့် နေရှင်နယ် လေဆိပ်သို့ ပို့ပေးသည်။

တယ်လာဗစ်သို့ သွားမည့် လေယာဉ်ခရီးစဉ် ၆၀ ၁မထွက်မီ မိနစ် ၂၀ အလိုတွင် ကနေဒီလေဆိပ် အယ်လ် အဲလ် လေကြောင်း ကုမ္ပဏီ၏ ထွက်ခွာသူများဂိတ်သို့ ရောက်သွားသည်။

ကောင်တာနားတွင် တိုင်းမ်-စ် သတင်းစာ တိုက်ကြီးမှ သတင်းထောက် မာဂရက် လိဒ်၊စ် ဖင့်ချ် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်ပစ္စည်း အစစ်ခံနေစဉ် သူမက လာမေးမြန်းသည်။

လက်နက်ပုန်း ရှာဖွေရေး ကိရိယာရှေ့၌အစစ်ခံစဉ်လည်း လိုက်မေးသည်။

သူက သိမ်မွေ့စွာပင် ခပ်တိုတို ဖြေကြားသည်။

မာဂရက်သည် ကာဘာကော့ဗ်နောက် တကောက်ကောက်လိုက်သွားသည်။

လေယာဉ် တံခါးပေါက်အထိ ရောက်သွားသော အခါ အယ်လ်အဲလ်လေယာဉ်မှ လုံခြုံရေးမှူး နှစ်ယောက်က သူမအား တားမြစ်လိုက်ကြသည်။

ကာဘာကော့ဗ်သည် ပထမတန်းနှင့် ကမ္ဘာလှည့် ခရီးသည်များအပိုင်း ရိုးရိုးတန်းတို့ကို ဖြတ်၍ စားသောက်ဖွယ်များ စာင်ဆောင်နေဆဲဖြစ်သည့် စားဖိုခန်းသို့ သွားသည်။

လေယာဉ်မယ်လေးကို ပြုံးပြပြီး စားဖိုခန်း တံခါးပေါက်မှ ထွက်၍ စားသောက်ဖွယ်ရာများ တင်ဆောင်သော ထရပ်ကား၏ စင်ပေါ်သို့ တက်လိုက်သည်။

ထရပ်ကားမှ စင်ကို အောက်ပြန်ချပြီး ဂိုဒေါင်ထဲ မောင်းသွားသည်။

ကာဘာကော့ဗ်သည် ထရပ်ကားပေါ်မှ ဆင်းပြီး ကော်လီနှင့် မိုရှက်ဗ်စကီးတို့ စောင့်နေသောကားထဲ ဝင်သွားသည်။

ကာဘာကော့ဗ်အား အမေရိကန်နိုင်ငံမှ အစ္စရေး နိုင်ငံသို့ တရားဝင် ပြန်ခေါ်ယူခြင်း ခံလိုက်ရပြီ။

သို့သော်...





သူသည် တရားမဝင်ပဲ ပြန်ရောက်လာခဲ့၏။

ယခုအချိန်မှစ၍ သူ အထူး သတိထားရတော့မည်။

သူ မှားသွားလျှင် သူ့နိုင်ငံတော် မျက်နှာပျက်ရမည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးတို့ ယ်စာစားပွဲ၌ ဘာတွေ ပြောခဲ့ကြမှန်း သူ မသိရ။

သို့သော်....

အတော်လေး ကျေကျေလည်လည် ဆွေးနွေးဖြစ်ကြမည် ၏။

သူ့အတွက် ညွှန်ကြားချက် များမှာ ယခင်အတိုင်းပင် သည်။

အာရပ်များကို ဟန့်တားပါ။

မိုရှက်ဗ်စကီးမှအပ သူ့တပည့်များ အားလုံးကို ပြန်ခေါ် ပြီ။

ကာဘာကော့ဗ် သည် အမေရိကန်များကို တရားဥပဒေ ောင်အပြင်မှ အကြံပေးရမည့် ပုဂ္ဂိုလ် ဖြစ်သည်။

သူ့အနေနှင့် အကြံပေးရုံနှင့် မလုံလောက်လျှင် ရန်သူ ာ်မှ မျက်မြင်သက်သေများ မကျန်ရစ်အောင် လုပ်ရပေ ည်။

မန်ဟတ်တန်သို့ ပြန်ဝင်အလာတွင် ကားထဲ၌ အတော်လေး ာ်နေသည်။

နောက်ဆုံး၌....

ကော်လီက စကား စပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဖြစ်ရတာ ကျုပ် စိတ်မကောင်းပါဘူး ရဲဘော်ကြီး ရာ....'

'ကျုပ် ခင်ဗျားရဲ့ရဲဘော်ကြီး မဟုတ်ပါဘူး'

ကာဘာကော့ဗ်က တည်ငြိမ်စွာ ပြန်ပြောသည်။

'အကောက်ခွန်ကင်နဲ့တွေ ပလပ်စတင်ဗုံးကို တွေ့သွားပြီ ဒီငနဲ့တွေကို ဖမ်းဆီးဖို့အော်နေကြတယ်၊ ကျုပ်တို့ပဲ ဖမ်းပေး လိုက်ရတယ်'

'ကိစ္စမရှိပါဘူး ကော်လီ၊ ကျုပ် ခင်ဗျားတို့ကို ကူပါ့မယ် ရော့....ဒါလေးကို ကြည့်စမ်းပါ'

ကာဘာကော့ဗ်သည် သံရုံးမှ ထွက်လာစဉ် ယူလာသော ဓာတ်ပုံများကို ထုတ်ပေးလိုက်သည်။

ဓာတ်ပုံများ ဆေးမခြောက်သေး။

'ဒါ ဘယ်သူလဲ'

'မိုဟာမက်ဖာဆေးလ်တဲ့၊ ရော့... သူ့ဖိုင်တွဲ ဖတ်ကြည့်'

ကော်လီ လေချွန်လိုက်သည်။

'မြူးနစ်ရဲ့ တရားခံပါလား၊ ဒီကောင် သေချာလို့လား လက်တီးရှားက သဘောသားတွေကတော့ သူ ဟုတ်တယ်လို့ ပြောကြမှာ မဟုတ်ဘူး'

'အို....ဒါ သူတို့ပြောဖို့မလိုပါဘူး၊ ဆက်ဖတ်ကြည့်၊ ကျုပ်တို့ ဘေရွတ်မှာတိုက်ပြီး နောက်နေ့မှာ သူ ရှိနေတယ်၊ အဲဒီတုန်းက ဒီကောင့်ကို ကျုပ်တို့ ဆော်ခဲ့ဖို့ ကောင်းတာ၊ သူ အဲဒီမှာ ရှိနေ မယ်လို့ မထင်ထားဘူး၊ သူ့ ပါးပေါ် ကျည်ဆန်ဒဏ်ရာ ရသွား





တယ်၊ လက်တီးရှား သဘောပေါ်က လက်ဘာနွန်သားငနဲ့ဟာလဲ ပါးပေါ် အမာရွတ်ကြီး ရှိသတဲ့၊ ဖော်ဇီကိုယ်တိုင် ပြောတာပဲ'

ဓာတ်ပုံမှာ ဒါမာ့စ်ကပ်မြို့ ကော်ဖီဆိုင်၌ ရိုက်ယူထားသောပုံ ဖြစ်သည်။

အလင်းရောင် မကောင်းသဖြင့် မှုန်ဝါးဝါး။

'ခင်ဗျားမှာ နက္ကာတစ်ရှိယင် ကျုပ်တို့ 'နာဆာ' ကွန်ပြူ တာနဲ့ ပိုပီပြင် ပြတ်သားအောင် ကူးယူလို့ ရပါတယ်၊ မရိန်နာ အာကာသ စီမံကိန်းကပုံတွေကို ကူးယူယလိုပေါ့၊ နိုင်ငံခြား ရေးဌာနက ဘယ်သူနဲ့ ခင်ဗျား စကားပြောပြီးပြီလဲ'

'ဘယ်သူနဲ့မှ မပြောဘူး'

'ခင်ဗျားလူဘွေနဲ့တော့ ပြောပြီးရောပေါ့'

'အင်း'

'ကျုပ်တို့ကို ခင်ဗျား ကူတဲ့အခါမှာ ခင်ဗျား အကြံပေးရုံပဲ၊ အလုပ်က ကျုပ်တို့ပဲ လုပ်မယ်ဆိုတာ သူတို့ သဘောပေါက်ရဲ့ လား'

'အင်း'

အစ္စရေး သံအဖွဲ့ရုံးသို့ ရောက်သောအခါ ကာဘာကော့ဗ် နှင့် မိုရှက်ဗ်စကီးတို့ ကားငယ်ပေါ်မှ ဆင်းလိုက်ကြသည်။

ကော်လီ၏ မော်တော်ကား မျက်စိတဆုံးထိ ပျောက်ကွယ် သွားမှ သူတို့နှစ်ဦးသား တက္ကစီငှားပြီး ရေချယ့်အိမ်သို့ လိုက် သွားကြသည်။

'ကျွန်တော့်ကို ဘယ်မှာရှိမှန်း ကော်လီ သိတယ်မဟုတ်လား' မိုရှက်ဗ်စကီးက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

'အေး....ဒါပေမယ့် ဒီကောင် လာမလည်ယင် ကောင်းမယ်'

ကာဘာကောဇ်သည် ယခုအခါ ကော်လီ အကြောင်းရော ရေချယ်၏ အိမ်ခန်းအကြောင်းပါ မစဉ်းစားတော့ပေ။

ဖာဆေးလ်အကြောင်းသာ သူ စဉ်းစားနေသည်။

× × ×



အခန်း ။ ၁၇ ။

ဖာဆေးလ်သည်လည်း လင်ဒါ၏ အိမ် မြေညီထပ် ညှော်ခန်းထဲရှိ သူ့ခုတင်ပေါ် ပက်လက်လှဲယင်း အတွေးနယ် ချဲ့နေသည်။

ဖာဆေးလ်သည် သူ သိပ်ကြိုက်သော ဆွစ်ဇာလန်ပြည်ဖြစ် ချော့ကလက်များကို စားနေသည်။

စစ်ဆင်ရေး လုပ်နေစဉ် အာရပ် ပြောက်ကျား များ စားနပ်ရိက္ခာများကိုသာ စားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတယောက်တည်း နေရသောအခါ ဆွစ်ဇာလန် ချော့ကလက်များကို အရည် ပျော်သည်အထိ လက်ထဲ၌ ချေမွနေတတ်သည်။

ထို့နောက် လက်ချောင်းများပေါ် ပေကပ်နေသော ချော့ကလက် အစေးများကို လျှာနှင့် လျက်သည်။

ဖာဆေးလ်မှာ ထိုသို့သော တကိုယ်တည်း အရသာ ခံစားမှုကလေးများ ရှိသည်။

စိတ်ပညာရှင်၊ ဉာဏ်ကြီးရှင် လူသေးသေးကလေး အာဘူအလီသည် တခါက ကော်ဖီသောက်ယင်း သူ ငယ်စဉ်က အဖြစ်တခုကို ပြန်ပြောပြခဲ့သည်။

သူ ကလေးဘဝက အိမ်ထဲ၌ ပျောက်သွားနေသော သိုးကလေးတကောင်နှင့် တူသည်ဟု ဆို၏။

ထို့နောက် ဖာဆေးလ်အား ငယ်ငယ်က အမှတ်မိဆုံးသော အရာတခုကို ပြောပြခိုင်းသည်။

ဖာဆေးလ်၏ မိခင်က ကြက်ကို မီးပုံထဲ ခေါင်းငိုက်စိုက်ချ၍ သတ်ခဲ့ပုံကို မှတ်မိကြောင်း ပြောပြသည်။

ထိုစကား ကြားရသောအခါ အာဘူအလီသည် ဖာဆေးလ်ကို အနည်းငယ် ဖြုံသွားသည်။

သို့တစေ ဟာဖက်ဇ်နာဂျီးယား ရှေ့တွင်တော့ ဖာဆေးလ်ကို သူ မစော်ကားဝံ့ပေ။

နာဂျီးယား ကိုယ်တိုင်ကလည်း လူဆန်းတယောက် မဟုတ်လား။





နာဂျီးယားနှင့် အလီတို့ ကျဆုံးခြင်းကြောင့် ဘလက်စက်တင်ဘာ၌ လစ်လပ်သော ခေါင်းဆောင်နေရာကို ဖာဆေးလ်က ဝင်ဖြည့်ရန် ကြံထားသည်။

ထို့ကြောင့် လက်ဘနွန်သို့ မြန်မြန်ပြန်ချင်လှပြီ။

သားသတ်ရုံ ဆန်လှသော ဖေဒါယင်း ပြောက်ကျား နိုင်ငံရေးလောက၌ ဖာဆေးလ် ကြာကြာပျောက်နေလျှင် ပြိုင်ဘက်တဦး အင်အားကောင်းလာဖွယ် ရှိသည်။

အကယ်၍ ဆူပါဘိုးလ် ဘောလုံးပွဲကြီး ဖျက်ဆီးရေးသာ အောင်မြင်သွားလျှင် ဖာဆေးလ်သည် ချီဂွေဗာရာ ထက်ပင် ကျော်ကြားမည့် ကမ္ဘာကျော် ပြောက်ကျားခေါင်းဆောင်တဦး ဖြစ်လာပေမည်။

နယူးအော်လင်းစ်မှာသာ မိမိ အသတ်ခံရလျှင် မိမိ ရည်ရွယ်ချက်များကို လုပ်နိုင်မည် မဟုတ်။

မြူးနစ်မှာတုန်းက ကဲ့သို့ပင် ဖာဆေးလ် အနေနှင့် ကိုယ်ထိလက်ရောက် သိပ်မလုပ်ချင်။

ဒါက မူလ အကြံအစည်။

သူ လုပ်ရမှာကို မကြောက်။ သူ မသေလျှင် ရရှိမည့် အခွင့်အရေးများကိုသာ သူ တွေးနေမိသည်။

လက်တီးရှားသဘော်၌ ဘာမျှ ပြဿနာမရှိခဲ့လျှင် ယခုအခါ လက်ဘနွန်၌သာ သူ ရှိနေပေမည်။

လက်ရှိ စီမံကိန်းအရ နယူးအော်လင်း(စ်)မှ ထွက်ပြေးလွတ်မြောက်ဖို့မှာ ဖာဆေးလ် အတွက် သိပ်အလားအလာမကောင်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့တာဝန်က လေသဘော်ကြီး၌ ဗုံးနှင့် လေ့ငယ်လေး တပ် ပေးစဉ် နယူးအော်လင်းစ် လိပ်ခ်ဖရန့်လေဆိပ်၌ အစောင့်ချပေး ရန်၊ ကာကွယ်ပစ်ခတ်ပေးရန် ဖြစ်သည်။

လေ့ငယ်ကို အခြားနေရာတခုတွင် လေသဘော်၌ တပ်ဆင် ပေး၍ မရနိုင်။

ထိုသို့ တပ်ပေးနေစဉ် လေသဘော်မှာ ငြိမ်သက်နေရမည်။ မြေပြင်ထိန်းသိမ်း တာဝန်ခံများလည်း လိုအပ်သည်။

လင်ဒါသည် ထိန်းသိမ်းသမားများအား ၎င်းလေ့ငယ်လေး မှာ ရုပ်မြင်သံကြားကိရိယာ အသစ်အဆန်းတခုသာဖြစ်ကြောင်း ညာပြောသားမည် ဖြစ်သော်လည်း သူတို့ မကြာမီ မသင်္ကာ ဖြစ်လာကြဖွယ် ရှိ၏။ ပတ်ခတ်၊ သတ်ဖြတ်မှုများ ရှိလာမည်။

လင်ဒါ၏ လေသဘော်ကြီးထွက်သွားသည့်အခါ လေဆိပ်၌ ဖာဆေးလ် ကျန်ခဲ့မည်။ ရဲများ ဝိုင်းလာကြမည်။

ဖာဆေးလ်သည် သူ့အရည်အချင်းနှင့် သူ့အလုပ် မမျှတဟု ထင်သည်။

ကုန်သဘော်ပေါ်၌သာ အလီဟာဆန် အသတ်မခံလိုက်ရ လျှင် ဤတာဝန်ကို သူ့အား လွှဲပေး၍ရမည်။

ဤအလုပ်မျိုးဖြင့် မိမိ မကျဆုံးသင့်ပေ။

လေယာဉ်ကွင်း၌ ညှပ်ပူးညှပ်ပိတ် မမိလျှင် အကောင်းဆုံး ထွက်ပြေးရန် နည်းလမ်းမှာ မဟာမိတ်နိုင်ငံတခုခုသို့ လေယာဉ် တစင်းကို ပြန်ပေးဆွဲပြေးရန် ဖြစ်သည်။

လိပ်ခ်ဖရန့်တွင် ခရီးရှည်သွားမည့် လေယာဉ်များ မရှိ၊ ကိုယ်ပိုင်လေယာဉ်များသာ ဝင်ထွက်တတ်သည်။



ကျူးဘားအထိ အရောက်သွားနိုင်မည့် ကိုယ်ပိုင်လေယာဉ် မျိုးကို ရအောင် ပြန်ပေးဆွဲနိုင်လျှင်တော့ ကောင်းမည်။

သိပ်တော့ မလွယ်။

ကျူးဘားကလည်း သူ့ကို သိပ်အကာအကွယ် ပေးမည် မဟုတ်။

ကတ်စရိုသည် လေယာဉ် ပြန်ပေးသမားများကို သိပ်လက် ခံချင်။

အမေရိကန်အစိုးရကလည်း သူ့ကို သနပ်ပင်က မီးတကျိကျိ ထုပ်နေသည်ဆိုတော့ ဖာဆေးလ်အား ဖမ်းပို့ပေးမည်သာ။

ပြီးတော့ ကိုယ်ပိုင် လေယာဉ်ငယ် တစင်း၌ သူ့အတွက် ဆီးစာခံ ခရီးသည် အများကြီးရနိုင်မည် မဟုတ်။

ကမ်းရိုးတန်း လေတပ်စခန်း ခြောက်ခုခန့်ဆီမှ တက်လိုက် လာကြမည့် အမေရိကန် တိုက်လေယာဉ်များ လက်ထဲမှလည်း ကိုယ်ပိုင်လေယာဉ်တစင်းသည် လွတ်အောင် ပြေးနိုင်စွမ်း ရှိမည် မထင်။

မက္ကာဆီကို ပင်လယ်ကွေ့ထဲ ပျက်ကျသည့် လေယာဉ်ပေါ် သူ ပါမသွားချင်ပါ။

ဒါ ငတုံးတွေ အလုပ်။

ဖာဆေးလ်သည် လိုအပ်လာလျှင် သူ ကျေနပ်လောက်ဖွယ် အကြောင်းများဖြင့် ရဲရဲဝံ့ဝံ့ အသေခံနိုင်သူ ဖြစ်သော်လည်း ဘက်ထိုင်းသူတဦး တယောက်ပမာ သေဆုံးချင်သော ဆန္ဒ မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



နယူးအော်လင်းစ် နိုင်ငံတကာ လေဆိပ်သို့ ခိုးဝင်နိုင်သည့်တိုင် လစ်ဗျားသို့မည်သည့်လေကြောင်း ကုမ္ပဏီ၏ လေယာဉ်မှ ရောက်အောင် မပျံသန်းနိုင်။

လမ်းခုလတ်၌ ဓာတ်ဆီဝင်ထည့်ရမည်။

ဓာတ်ဆီ ဖြည့်ရာအရပ်၌ လေယာဉ်ပေါ်မှ ဆင်းသည်နှင့် သူ့ကို ဖမ်းကြမည်။

လေကြောင်း ပျံသန်းမှု အားလုံးကို ခေတ္တ ရပ်ဆိုင်းထားလိုက်ကြရမည်။

ဖာဆေးလ်၏ ဘူမိနက်သန် မှန်ရာ နေရာမှာ ဤအောင်ပွဲ ခံပြီးနောက် ရှေ့တန်းစစ်မျက်နှာမှ တပ်သားများကို အုပ်ချုပ်ရမည့် ဘေရွတ်မြို့ပင်တည်း။

ထို့ကြောင့် နယူးအော်လင်းစ်၌ သူ မည်သည့် နည်းနှင့်မျှ အသေမခံနိုင်။

လင်ဒါသည်နည်းနာပိုင်းအရ အောင်မြင်အောင်လုပ်နိုင်မည့် အရည်အချင်း ပြည့်ဝသူ ဖြစ်သည်။

ဖြစ်အောင်လုပ်လိုသည့်ဆန္ဒရှိသူမှန်း ဖာဆေးလ် တွေ့ပြီးပြီ။

ဒါလီယာလည်း သူ့ကို ထိန်းချုပ်နိုင်ပုံရ၏။

လေဆိပ်၌ နောက်ဆုံး မိနစ်ပိုင်းအတွင်း ပြဿနာ တခု ရှိမည်။

ထိုကိစ္စကို ဖာဆေးလ် စီမံပေးနိုင်လျှင် သူ တကယ်သွားစရာမလို။ ဘေရွတ်တွင် မိုက်ခွက် လက်ထဲကိုင်လျက် ရောက်ရှိနေမည်။





နယူးယောက်သို့ ဂြိုဟ်တု ဆက်သွယ်ရေး စနစ်ဖြင့် သူ၏ ရုပ်ပုံနှင့် သူ့မိန့်ခွန်းကို ကမ္ဘာတလွှား ရုပ်မြင်သံကြား စက်များသို့ မိနစ်ပိုင်းအတွင်း ပို့လွှတ်နိုင်မည်။

နယူးအော်လင်းစ်သို့ နောက်ဆုံးအချိန်ကျမှ ကပ်ပြီး ခိုးသွင်းလာသော ဒါလီယာ၏ ဩဇာခံ လက်ဖြောင့် သေနတ်သမား အစုသာလျှင် လိုအပ်သည်။

သူတို့ တာဝန် မထမ်းရွက်မီ သူတို့၏ တာဝန် ဝတ္တရားကို အချိန်ကျမှ အသိပေးရမည်။

ဤကိစ္စတော့ ဖြစ်နိုင်သည်ဟု ဖာဆေးလ် ဆုံးဖြတ်လိုက်၏။ ဗုံးဆန်များ ပါသော လေယာဉ် ပြီးစီးသည်အထိ၊ နယူးအော်လင်းစ်မြို့သို့ ရောက်ရှိသည်အထိ၊ သူ စောင့်ကြည့်မည်။

ထို့နောက် သူ လစ်ပြေးရုံသာရှိ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ။ ၁၈ ။

ဖာဆေးလ်၏ အမြင့်၌ လင်ဒါ၏ ဗုံးကြီး တည်ဆောက်မှုမှာ လွန်စွာမှ နှေးကွေးလှန်းသည်ဟု ထင်ရ၏။

လင်ဒါသည် လေသဘောကြီး တည်ဆောက်နိုင်စွမ်း ရှိသမျှ ဗုံးများကို အရေအတွက်များများ တပ်ဆင်ပေးရန် ပလပ်စတစ် ဗုံးများကို တောင်းခံခဲ့သည်။

သူ တောင်းသလောက် ရရှိမည်ဟု သူမထင်ခဲ့။ ယခုလက်ထဲ ရောက်လာတော့ သူ အပြည့်အဝ အသုံးချရန် ဆုံးဖြတ်ထားသည်။



အဓိက ပြဿနာမှာ အလေးချိန်နှင့် ရာသီဥတု။

လေသဘောကြီးသည် ဘောလုံးပွဲ ကျင်းပသကဲ့သို့ပင် မည်သည့်အချိန်၌မဆို ပျံသန်းနိုင်သည်။

သို့သော် မိုးရေရှိလျှင် အလေးချိန် ပိုလာမည်။

ယမန်နှစ်က တနိုင်ငံလုံး ပျမ်းမျှ မိုးရေချိန်ထက်ပို၍ နယူးအော်လင်းစ်မြို့သည် မိုးရေချိန် ၇၇ လက်မ ရခဲ့သည်။

မိုးဖွဲ မိုးစက်ကလေးများ လေသဘော၏ ကိုယ်ထည် အခွံကြီးပေါ် ကျနေလျှင် ပေါင် ၃၀၀ အလေးချိန်စီးမည်။

အပေါ် ပျံတက်နိုင်စွမ်းကို လျော့နည်းစေမည်။

လင်ဒါသည် ဤကိစ္စကို ထည့်တွက်ပြီးသား ဖြစ်သည်။

နေသာသောနေ့တွင် အပူချိန်တိုးခြင်းကြောင့် လေသဘော ကိုယ်တွင်းမှ လေထက် ပေါ့ပါးသော ဟီလီယမ် ဓာတ်ငွေ့သည် ပို၍ပူပြီး ပို၍ ပေါ့ပါးလာမည်။

သို့သော် ကြိုတင် စီမံမထားလျှင် မိုးကြောင့် အားလုံး ပျက်စီးနိုင်သည်။

လေသဘော ပျံတက်ရန် အဆင်သင့် ဖြစ်နေချိန်၌ မြေပြင် ထိန်းသိမ်းရေး သမား အချို့ကို ပစ်သတ်ပြီး ဖြစ်ရမည်။

လေထဲသို့ ပျံတက်နိုင်ခြင်းအတွက် နှောင့်နှေးမှု မရှိစေသင့်ပေ။

လေသဘောကြီး ပျံရမည်၊ ချက်ခြင်းပျံရမည်။

မိုးရွာလာလျှင် လှေငယ်ကို ဖြုတ်ချ ထားရစ်ခဲ့မည်။

အယ်လ် ဒရစ်ခ်ျ ကုမ္ပဏီသည် ရေတပ်မတော်မှ အပိုပစ္စည်းအဖြစ် ထုတ်ရောင်းသော လေသဘောကို သုံးမည့်အစား ပိုငယ်

www.burmeseclassic.com

www.burmeseclassic.com



သော လေသဘော်ကို သုံးခြင်းမှာ လင်ဒါ့အတွက် အားနည်းချက်တခု ဖြစ်နေရ၏။

ခြောက်တန်မျှ လေးသော ရေခဲတုံးများပါသည့် ရေတင်မတော်၏ လေသဘော်များကို သူ မောင်းဖူးသည်။

နေပူသောအခါ အရေပျော်ကျကုန်သည်။

အခဲလိုက်၊ အပြင်လိုက်၊ အချပ်လိုက် လျော့ကျကုန်သည်။

ငင်းတို့သည်အယ်လ်ဒရစ်၍ လေသဘော်ထက် အရွယ်အစားရှစ်ဆမျှ ကြီးမားကြသည်။

အလေးချိန် မျှတမှုသည် လှေငယ် တခုလုံးနှစ် သော်လည်းကောင်း၊ လေးပုံ သုံးပုံမျှ သော်လည်းကောင်း တိကျဖို့လိုသည်။

ထိုအတွက် လိုအပ်သောအပြောင်းအလွဲများကို လုပ်ရသောကြောင့် အချိန် အနည်းငယ် ပိုကြာသွားသည်။

ဆူပါဘိုးလ် ဘောလုံးပွဲကြီး ကျင်းပရန် တလကျော်အချိန်ကျန်ရှိသေးသည်။

ထိုတလအတွင်း နောက်ဆုံး နှစ်ပတ်လောက်မှာ အခြားဘောလုံးပွဲများသို့ လေသဘော် လျှောက်မောင်း ပေးခြင်းဖြင့် အချိန်ကုန်သွားစေမည်။

ထိုကြောင့် တကယ် အလုပ်လုပ်ရန် ၁၇ ရက်ကျန်မည်။

နောက်ဆုံး အချောကိုင်ရန် အလုပ်တခုအတွက် အချိန်ရှိသေးသည်။

ငင်းကား ဒဿမ ၁၇၇ ကယ်လီဘာ ကျည်ဆန်မြားပေါင်း ၉၄၄ ခု ပါရှိမည့် ဗုံးခွက် ပုံစံငယ် ဖြစ်သည်။





ငင်းတို့ကို ဖောက်ခွဲသည့်အခါ ကိုက် ၆၀ အကွာအဝေးမှ ထုချန်းပေ ၁၀၀၀ ပတ်လည်သို့ ပြန့်ကျဲ ထိမှန်မည်။

မြားတခုစီသည် အားကောင်းသော ရိုင်ဖယ်တလက်မှ ပစ်သည့် အရှိန်နှုန်းဖြင့် ၁.၀၇ စတုရန်း ပေကွက်အတွင်း ထိမှန်မည်။

ထိုစတုရန်းပေအတွင်း မည်သည့်အရာမှ အသက်မရှင်နိုင်။

လေသဘော် ယာဉ်ငယ်အောက်မှာ တပ်ဆင် ဖောက်ခွဲမည့်အကယ့် ဗုံးကြီးသည် ပုံစံငယ်ထက် မျက်နှာပြင် ဧရိယာနှင့်အလေးချိန် ၃၁၇ ဆ ကြီးမားပြီး တူလိန်း ကစားကွင်းကြီးအပြည့် လာရောက် ကြည့်ရှုမည့် ပရိသတ်ဦးရေ ၈၀၉၈၅ အတွက် လူတဦးလျှင် ကျည်ဆန်မြား ၃.၅ စင်းနှုန်းပါရှိသည်။

လင်ဒါသည် လှေငယ်၏အရေခွံအတိုင်း အထုရှိသည့် ဖိုင်ဘာနံသားစကို ပုံစံငယ်ဗုံးဟွင် ဖုံးအုပ်နေစဉ် အလုပ်ရုံထဲသို့ ဖာဆေးလ် ဝင်လာသည်။

လင်ဒါက သူ့ကို စကားမပြော။

ဖာဆေးလ်သည် ခုံရှည်ပေါ်မှ ပစ္စည်းကို အရေး တစိုက်ကြည့်။

ဘာမှန်းတော့ သူ သိသည်။

အံ့လည်း အံ့သြမိသည်။

ဖာဆေးလ်သည် ဘာကိုမျှ လက်ဖျားနှင့်မတို့ပဲ အလုပ်ရုံတခုလုံးကို လှည့်ပတ်ကြည့်သည်။

သူတို့နှစ်ဦး ဆောက်လုပ်မှုနှင့် ပတ်သက်၍ အနည်းငယ်ဆွေးနွေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်—

ဖာဆေးလ်က—

'ခင်ဗျား တလပဲ လိုတော့တာ၊ ဘာလို့ ပလပ်စတစ်ဗုံးတွေ မထည့်သေးလဲ'

'အသင့်မဖြစ်သေးဘူး၊ အလျှင်ဆုံး စမ်းသပ်ကြည့်ရဦးမယ်'

'ကျုပ် ဘာကူရမလဲ'

'ဒီပစ္စည်းရဲ့ ပေါက်ကွဲမှုအားကို သိရဲ့လား'

ဖာဆေးလ်က ခေါင်းခါသည်။

'ဒီဟာက အသစ်အဆန်းပဲ'

'ဒီဟာမျိုး ပေါက်ကွဲတာ မြင်ဖူးသလား'

'ဟင့်အင်း၊ ဒီဥစ္စာ စီ-၄ ပလပ်စတစ်ဗုံးထက် ပို အားပြင်းတယ်လို့ ကျုပ်ကို ပြောပြလိုက်တာပဲ၊ မြူနီ့ အိမ်တခုလုံး ဘာဖြစ်သွားသလဲ ခင်ဗျား မြင်သားပဲ'

'နံရံမှာ အပေါက်ကြီး ပေါက်သွားတာတော့ တွေ့တာပဲ ဒီလောက်နဲ့ ကျုပ် ဘာမှမပြောနိုင်ဘူး၊ခင်ဗျား မသိသေးယင် သိထားသင့်တယ် ဖာဆေးလ်၊ ဟောဒီ လက်တွေ့အသုံးချနည်း လမ်းညွှန်စာအုပ်ကို ဖတ်ထားစမ်းပါ၊ တွေ့ပါလိမ့်မယ်၊ခင်ဗျား နားမလည်တဲ့အပိုင်း ကျုပ် ဘာသာပြန် ပေးမယ်၊ ဟောဒီ မြားတွေကို ဖောက်ခွဲတဲ့အခါကျ အပိုင်းပိုင်းအစစ ဖြစ်မသွားစေချင်ဘူး၊ ကျုပ် နားထိုင်းကျောင်း ၇၅-ခုကို လူနာတွေ ပြည့်အောင် မပို့ပေးချင်ဘူး၊ မြားတွေနဲ့ ပလပ်စတစ်ဗုံး တွေ ကာကွယ်ဖို့ကြားခံ အားလျော့ကိရိယာ ဘယ်လောက် လိုမလဲ မသိသေးဘူး'





'ကလေမိုးရဲ့ အမျိုးအစားမြေမြှုပ်ဗုံးတွေမှာ ဘယ်လောက် ထိုးသလဲ ကြည့်ပေါ့'

'ဒါနဲ့ မရဘူးလေ၊ ကျုပ်က ပိုကြီးတဲ့ပေါက်ကွဲအား၊ အကွာအဝေး ပိုများတဲ့ အတိုင်းအတာနဲ့ လုပ်ရမှာ၊ ဒီလောက်ကြီးတဲ့ ဟာမျိုး ဘယ်သူမှ မလုပ်ဖူး သေးဘူး၊ ကလေ မိုးရဲ ဗုံးဟာ ကျောင်းစာအုပ် အရွယ် ရှိတာ၊ ဒီဟာက အသက်ကယ် လှေ ဘောင်းအရွယ် ရှိတယ်'

'ဖောက်ခွဲတဲ့အခါ ဒီလှေငယ်ကို ဘယ်မှာ ထားမလဲ'

'ပေ ၁၀၀ အမြင့်၊ ကစားကွင်းရဲ့ ကိုက် ၅၀ စည်းမျဉ်း ပေါ်က ထားမယ်၊ ကစားကွင်းရဲ့ အလျားနဲ့ မျဉ်းပြိုင် ရှိစေမယ်၊ ကစားကွင်းရဲ့ မျဉ်းကွေးနဲ့ လှေငယ်ဗုံးရဲ့ မျဉ်းကွေး လိုက်လျောညီအောင် လုပ်ထားတာ ကြည့်ပါလား'

'ဒီတော့'

'ဒီတော့ မြားတွေကိုကိုယ် လိုချင်သလို မျဉ်းကွေးအတိုင်း ပြန့်ကျဲ ပေါက်ထွက်စေဖို့ ကျုပ် သေချာအောင် လုပ်နိုင်မှ ဖြစ်မယ်၊ ဒီပုံစံငယ်ကို ဖောက်ကြည့် ပြီးယင် လိုအပ်ချက်တွေကို မြင်သွားရမှာပဲ'

လင်ဒါက ခုံရှည်ပေါ်မှ ပစ္စည်းကို လက်နှင့်ပုတ်ယင်း ပြောလိုက်သည်။

'ဒီထဲမှာ ပလပ်စတစ်ဗုံးကီလိုဝက် ထည့်ထားတယ်'

'အင်း'

'ဒါကိုဖောက်ယင် ရဲတွေဘာတွေ ကြားသွားမှာပဲ၊ ရောက်လာမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဲသလိုမဖြစ်အောင် ကျုပ် လုပ်နိုင်တယ်'

'ရဲတွေမရောက်လာခင် ခင်ဗျား လိုချင်တဲ့ အဖြေတွေကို ထွေလာဖို့ အချိန် မရနိုင်ပါဘူး'

'ရမယ်'

'ခင်ဗျား....ခင်ဗျား....လုပ်တာ မဟုတ်သေးဘူးဗျာ'

'မပူပါနဲ့'

'ခင်ဗျားရဲ့ တွက် ချက်မှုတွေကို ကျုပ် စစ်ဆေးပါရစေ လား'

ဖာဆေးလ်သည် လင်ဒါ၏စမ်းသပ်မှုကို တားခွင့်ရရန် အကြံ ထုတ်နေသည်။

'သဘောပဲလေ၊ တခုတော့ မှတ်ထား၊ ဒီဥစ္စာ တကယ့် ငွေ ငယ်ပုံစံဗုံးကြီးရဲ့အချိုးကျလုပ်ထားတဲ့ ဘေးတဘက်ခြမ်းပုံစံငယ် မဟုတ်ဘူး'

'ကောင်းပါပြီ မစ္စတာလင်ဒါ'

ဒါလီယာ အမိုက် ထွက်သွန်သောအခါ ဖာဆေးလ်က သူ့ အား လင်ဒါ၏အကြံကို ဖွင့်ပြောပြသည်။

'သူ့ကို မင်းကိုယ်တိုင် ပြောကြည့်ဦး၊ ဗုံးကြီးဟာ သူ့ ဘာသာသူလဲ အလုပ်ဖြစ်မှာပဲ၊ ခုလို စမ်းကြည့်ယင် အားလုံး ဒုက္ခ ရောက်သွားနိုင်တယ်၊ ဒီလို အရဲစွန့်တာမျိုးတော့ လက်ခံလို့ မဖြစ်ဘူး'

ဖာဆေးလ်က အာရပ်လို ပြောသည်။

'ဗုံးအကြီးဟာ ထင်သလို မဖြစ်လာယင် ဘယ့်နှယ်လုပ်မလဲ၊ ချွတ်ယွင်းချက် လုံးဝ မရှိမှ ဖြစ်မှာ'





'ဒီလောက်ကြီး တိကျဖို့ မလိုပါဘူး'

'အို်း....သူ့ အတွက်ရော ကျွန်မအတွက်ပါ တိကျဖို့ လိုတယ် ဦး'

'ငါတို့ နဂိုကတည်းက စီစဉ်ထားတဲ့ အတိုင်း ဖြစ်ယင် ပြီးတာပဲ၊ ခုတိုင်းဆို လုံလောက်နေပြီပဲ'

'ရဲဘော် ဖာဆေးလ်၊ ခုလာမယ့် ဇန္နဝါရီလ ၁၂ ရက်နေ့ မှာ အဲဒီ ဂွန်ဒိုလာ ယာဉ်ငယ်ပေါ်က ခလုတ်ကို နှိပ်ခြင်းဟာ မိုက်ကယ်လင်ဒါရဲ့ဘဝ တသက်တာမှာ နောက်ဆုံးအလုပ်တခုပဲ ဖြစ်လိမ့်မည်၊ ဒီနောက်ပိုင်း ဘာတွေ ဖြစ်မယ်ဆိုတာ သူ မြင်ခွင့် ရှာ မဟုတ်ဘူး၊ ကျွန်မလဲ မြင်ရမှာ မဟုတ်ဘူး၊ ဒါက သူနဲ့အတူ လိုက်ဖို့ ကျွန်မကို ခေါ်သွားယင်ပေါ့၊ နောက် ဘယ် ဘာဖြစ်သလဲ ဆိုတာ ကျွန်မတို့ သိဖို့ လိုမယ် မဟုတ် ဘူး'

'အေး ငါနားလည်ပါပြီ၊ မင်းဟာ အာရပ် ရှေ့တန်း တပ် သားတဦးထက် မိုက်ကယ် လင်ဒါရဲ့ လေသံနဲ့ ပိုတူလာပြီ ကော'

'ဒါကတော့ ရှင် ဉာဏ်နည်းလွန်းလို့ပဲ'

'လက်ဘာနန်မှာသာဆိုယင် မင်းကို ဒီစကားကြောင့် ငါသတ် ခဲ့လိုက်ပြီမှတ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ လက်ဘန္ဒန်ကို ရောက်ဖို့ အဝေးကြီး လိုသေး
ရဲ့ဘော် ဖာဆေးလ်၊ ရှင်ရော ကျွန်မရော လက်ဘန္ဒန်ကို
တွေ့ခွင့်ရတဲ့ အခါကျယင် ရှင် ကျွန်မကိုသတ်ဖို့ ကြိုးစား
ကြိုးစားကြည့်ပေါ့'

× × ×



## အခန်း ။ ၁၉ ။

ဒေါက်တာ ရေချယ် ဘော်မင်သည် တောင်ပိုင်း ဘန္ဒန်ဇ်
မြို့နယ်ရှိ ဘာ့ဖ်ဝေးဟောက်စ် အဆောက်အအုံအတွင်းရှိ စားပွဲ
တလုံး၌ ထိုင်နေသည်။

ဤ မှုးယစ်ဆေးဖြတ်သူများ ပြန်လည် ပျိုးထောင်ရေးဌာန
ကြီးနှင့်ပတ်သက်၍ သူမ မေ့မရနိုင်သောအရာ များစွာရှိသည်။
သူမသည် ဖြစ်သလို ဆေးသုတ်ထားသော နံရံများ ဝန်းရံ
ထားသည့် အခန်း ကျဉ်းကျဉ်းကလေးနှင့် အလွှမ်း ကောက်ယူခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ပရိုဘောဂဆိုင်ကိုကြည့်ကာ ဤဌာန၌ သူမဆံနွှအလျောက် လေသနူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းခဲ့စဉ် သူမကုသပေးခဲ့သော နာမာသောင် အကဲဖြတ်ပေးခဲ့သော စိတ်ရောဂါ ဝေဒနာရှင်များ အကြောင်းကို ပြန်စဉ်းစားသည်။

ဤအခန်းကြောင့် ဖြစ်ပေါ်လာသော သတိရ အောက်မေ့ဖွယ်ရာများကြောင့် 'အက်ဒီစတိုင်းလ်စ်' နှင့် တွေ့ဆုံသည်။

ဤနေရာကို သူမ ရွေးချယ်လိုက်ခြင်း ဖြစ်ပေသည်။

တံခါးခေါက်သံ တိုးတိုး ကြားရသည်။

စတိုင်းလ်စ် ဝင်လာသည်။

ထိပ်ပြောင်ပြောင်၊ မျက်လုံးကစား ကြည့်တတ်သော လူတဦး။

မုတ်ဆိတ်တော့ ရိတ်လာသည်။

သူ့ မေးစေ့များကို တစ်ရှူးစက္ကူလေး ကပ်ထားသည်။

စတိုင်းလ်စ်သည် မပွံ့ဝံ့ ပွံ့ဝံ့နှင့် ပြုံးပြပြီး သူ့ဦးထုပ်ကို လက်နှင့် ဆွဲနေမိသည်။

'ထိုင်လေ အက်ဒီ၊ ရှင် နေကောင်းတယ်နော်'

'ဟုတ်ကဲ့ ဒေါက်တာအော်မင်'

'ရှင့် ဆွဲသဘော် လုပ်ငန်းရော အဆင်ပြေရဲ့လား'

'အမှန်အတိုင်းပြောရရင် ပျင်းစရာကောင်းပါတယ်၊ ဒါပေမယ့် ကျွန်တော် ကြိုက်ပါတယ်၊ ကျွန်တော့်ကို အဲဒီအလုပ် ရအောင် ဒေါက်တာပဲ လုပ်ပေးလိုက်တာကလား'

'အို ကျွန်မ ရှင့်ကို အလုပ်သွင်းမပေးပါဘူး၊ ဟိုလူ့ကို ရှင့်ကို ထည့်စဉ်းစားဖို့ ပြောပေးရုံတင်ပါ'





'ဟုတ်ပါတယ်....၊ ဒါကြောင့်လဲ အလုပ်ရတာပေါ့၊ ဒေါက်တာရော ဘယ်လိုလဲ၊ နည်းနည်း ပြောင်းလဲသွားတယ်နော်၊ အဲ ပိုပြီး ကြည့်ကောင်း လာတယ်၊ စိတ်ချမ်းသာလာတယ် ထင်ပါ့မျာ၊ အေးလေ ဒေါက်တာက ဆရာဝန်ပဲ ပိုသိမှာပေါ့'

အက်ဒီက ရယ်လိုက်သည်။

အက်ဒီ ပိုဝလာကြောင်း ရေချယ် တွေ့ရသည်။

လွန်ခဲ့သော သုံးနှစ်က အက်ဒီသည် တနေ့ ၇၅ ဒေါ်လာဖိုး ရှိရန် အိမ်းဖြူဖိုး ရရန်အတွက် နော်ဖော့ခ်မြို့မှ ပေလေးဆယ် ရှည်သော ငါးဖမ်း သင်္ဘောဖြင့် စီးကရက်မှောင်ခို သွင်းခြင်း ကြောင့် အဖမ်းခံခဲ့ရသည်။

ထိုအချိန်မှစပြီး သူ့ကို ရေချယ် တွေ့ဆုံခဲ့ရသည်။

ထိုနောက် ဤအဆောက်အအုံကြီး၌ အက်ဒီအား မကြာမကြာ လာတွေ့ခဲ့ရသည်။

နာရီပေါင်း များစွာ စကားပြောကြရသည်။

ထိုစဉ် အက်ဒီအသည် အော်ဟာစ်နေတတ်၏။

'ကျွန်တော့်ကိုဘာကိစ္စအတွက်တွေ့ချင်ရတာလဲ ဒေါက်တာ၊ ဒေါက်တာ့ကို အခုလို ပြန်တွေ့ရတာ ကျွန်တော် ဝမ်းသာပါတယ်၊ ကျွန်တော် ဆေးပြန်မကိုင်တော့ပါဘူး၊ စိတ်ချပါ'

'ကျွန်မ သိပါတယ် အက်ဒီ၊ ရှင့်ဆီက အကြံ တောင်းချင်လို့ပါ'

သူမသည် အက်ဒီနှင့် အလုပ်ကိစ္စသဘော အကူအညီမှုမျိုး ရှိလိမ့်မည်ဟု မမျှော်လင့်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုထိုသို့လုပ်ရသဖြင့်စိတ်ထဲ၌ အနှောင့်အယှက် ဖြစ်သွားသည်။

'ရှင်နဲ့တော့ ဘာမှ တိုက်ရိုက် မပတ်သက် ပါဘူး၊ ကျွန်မ ရှင်းပြမယ်၊ ရှင် ဘယ်လိုထင်တယ်ဆိုတာ ပြီးတော့ ပြောပေါ့'

အက်ဒီသည် သက်ပြင်းချလိုက်သည်။

သူ အနည်းငယ် စိတ်သက်သာသွားသည်။

'လေ့တစင်းလိုချင်တယ် အက်ဒီ၊ နည်းနည်း ပုံစံ ဆန်းပြားတဲ့ လှေတစင်း'

'ကျွန်တော် ဆွဲသဘော်မှာပဲလုပ်တယ် ဒေါက်တာ'

'ဒါ ကျွန်မသိပါတယ်၊ ဒါပေမယ့် ရှင်က မိတ်ဆွေ ပေါများတယ် မဟုတ်လား အက်ဒီ၊ လှေတွေပေါ်မှာ မဟုတ်က ဟုတ်က လုပ်တတ်တဲ့ လူတွေကို ကျွန်မ တယောက်မှမသိဘူး၊ ဒါကြောင့် ရှင့်ကို ကူညီခိုင်းတာပေါ့'

'ကျွန်တော်နဲ့ဒေါက်တာနဲ့ အမြဲတမ်း ညှိနှိုင်းလို့ရတယ်နော်'

'အင်း....'

'ကျွန်တော် ဆေးဖြတ်တုန်းက ဒေါက်တာ့ကို ပြောခဲ့သမျှ တွေ ဘယ်သူမှ ပြန်မပြောဘူး မဟုတ်လား'

'ဟင့်အင်း'

'ဒါဖြင့်—မေးလေ၊ ဘယ်သူက သိချင်လို့လဲ'

ရေချယ်က ခဏဆိုင်းပြီးမှ အဖြစ်မှန် အားလုံးကို ဖွင့်ပြောသည်။

'အဲဒီကိစ္စ အက်ဖ်ဘီအိုင်ကလဲ လာမေးသွားပြီ၊ အဲဒီ ငနဲ တကောင် လူရှေ့သူရှေ့မှာ ကျွန်တော့်ဆီ တန်းပြီးမေးတာပဲဗျာ၊



...ဘော် မကြိုက်ဘူး၊ ကျွန်တော့် အပေါင်းအသင်း တချို့ကို ... လျှောက်မေးခဲ့ပြီးပြီ ထင်ပါရဲ့'

'ရှင် ဘာမှ မပြောပြဘူး မဟုတ်လား'

အက်ဒီက ပြုံးပြီး၊ မျက်နှာနီသွားသည်။

'ကျွန်တော် သူတို့ကို ဘာမှ မပြောပြနိုင်ပါဘူး၊ ဘာမှ ...ဘူး၊ သူတို့အတွက် ကျွန်တော် ဘာမှ မစဉ်းစားပေးဘူး၊ ... သူတို့ လျှောက်မေးနေကြတုန်းပဲလို့ ကြားတာပဲ'

ရေချယ်က စောင့်နေသည်။

သူ့ကို သိပ် တွန်းအား မပေးချင်။

အက်ဒီသည် သူ့အင်္ကျီကော်လန်ကို ဆွဲဆန့်ပြီး၊ မေးစေ့ကို ...သပွတ်သည်။

တဖန်....လက်ဝါးနှစ်ဘက်ကို ပေါင်ကြားထဲ ထည့်သည်။

'ဒီလှေပိုင်တဲ့လူကို ဒေါက်တာ စကားပြောချင်တယ်ပေါ့၊ ...ဒေါက်တာ့ မိတ်ဆွေတွေက ပြောချင်တာ မဟုတ်လား'

'ဟုတ်တယ်'

'စကားပြောရုံပဲနော်'

'စကားပြောရုံပဲ'

'ပိုက်ဆံပေးရမယ်နော်၊ အဲ....ကျွန်တော့်အတွက် ပြောတာ ...တ်ဘူး၊ ဒေါက်တာ့ကျေးဇူးတွေ ကျွန်တော့်မှာအများကြီး၊ ... လူတွေက ဘယ်ဟာမှ အလကား မပေးကြဘူးလေ၊ ...န်တော့်မှာ နှစ်ရာလောက်တော့ ရှိတယ်၊ ဒေါက်တာ ငွေ ...ခက်အခဲရှိယင် ပြော'

'ငွေအတွက် မပူပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို အဲဒီလှေကို ကမ်းခြေ ကင်းလှည့်မော်တော်တွေပုံက စပြီး ပြန်ပြောပြပါဦး'

ရေချယ် ပြောစဉ် အက်ဒီက နားထောင်သည်။

တချို့နေရာ၌ မေးခွန်း တခွန်း နှစ်ခွန်း မေးသည်။

'ကျွန်တော် မကူညီနိုင်ယင်လဲ စိတ်မဆိုးနဲ့ ဒေါက်တာ တခါတလေ သတင်းဆိုတာ ကျွန်တော့်ဆီ အလိုလိုရောက်လာတာပဲ၊ ကျွန်တော် နားစွင့်နေမယ်လေ'

'သေသေချာချာ နားထောင်နော်'

'စိတ်ချ....'

× × ×

## အခန်း ။ ၂၀ ။

ဟယ်ရီလိုဂင်သည် သူ၏ ပစ်ကာဒ် ကားဟောင်း၊ ကားအိုကြီးကို ယူနိုက်တက်မီးသွေးကုမ္ပဏီ၏ အကြီးစား စက်ယန္တရားပစ္စည်း ခြံဝင်းအစွန်း ပတ်လည်တလျှောက် မောင်းနှင်သွားလေသည်။

သူ့ အလုပ်က ညစောင့်အလုပ်။

တန်းစီထားသော ဘူဒိုဇာများနှင့် သဲကျုံးယာဉ်ကြောကြား အကဲခတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တာဝန်က သူ့ခိုးများနှင့်အဖျက်သမားများကို ကြည့်ဖို့၊ သို့သော် တယောက်မှ မရှိ။

ကျွန်နေရာ၌ မိုင်ပေါင်းများစွာအတွင်း လူစိမ်းတယောက်မှ မဝင်လာတတ်ပေ။

အားလုံး ကောင်းပါသည်။

သူ သွားတော့မည်။

ပင်ဆာလ်ဗေးနီးယား တောင်တန်းကြီးများကို ဖွဲ့ထုတ်ထားသော မီးသွေးတွင်း အမြောင်းကြီးဆီသို့ ဖုန်ထူသော လမ်းကလေးအတိုင်း ဆက်လက် မောင်းနှင်သွားသည်။

၎င်းအမြောင်းကြီးမှာ ရှစ်မိုင် ရှည်လျားပြီး၊ နှစ်မိုင်ကျယ်သည်။

တောင်နံရံတလျှောက် မြေတူးစက်ကြီးများ ဆက်လက် တူးဖော် ဖွဲ့ထုတ်နေသည်နှင့်အမျှ ၎င်းအမြောင်းကြီးမှာ ပိုမို ကျယ်ပြန့် နက်ရှိုင်းလာသည်။

တနေ့ နှစ်ဆယ့်လေးနာရီလုံးလုံး။ တပတ်လျှင် ခြောက်ရက်တိုင် ကမ္ဘာပေါ်၌ အကြီးမားဆုံးဖြစ်သော မြေတူးစက်ကြီးများသည် ဤတောင်တန်းကြီးကို ခွေးအုပ်များက သားကောင်များ၏ ဝမ်းဗိုက်ကို ဖောက်ခွဲစားသောက်သည့်အလား တူးဖော်နေကြသည်။

၎င်းစက်ကြီးများသည် ဥပုသ်နေ့များ၌သာ ရပ်နားၾ၏။

ယူနိုက်တက် ကျောက်မီးသွေး ကုမ္ပဏီမှ ဥက္ကဋ္ဌကြီးသည် အလွန် ဘာသာတရားကိုင်းရှိုင်းသူ ဖြစ်သောကြောင့်တည်း။

ယနေ့ တနင်္ဂနွေနေ့။





...မ်းတမ်း ခြောက်သွေ့သော ကန္တာရပြင်ထဲဝယ် သဲမှုန်၊ ...များသာ လွှပ်ရှား လွင့်ပါးနေကြ၏။

...နေ့မျိုး၌ ဟယ်ရီလိုဂင်သည် ငွေပို ငွေလျှံ ရှာနေကျဖြစ်

...သည် ပစ္စည်းအကြွင်းအကျန်၊ အဟောင်းအစုတ်များ ...ကသူဖြစ်ပြီး၊ မကြာမီ မိုင်းတူး၍ မြေလှန်ပစ်တော့မည့် ...သတ်နယ်မြေထဲ၌ အလုပ် လုပ်နေသည်။

...လိုဂင်သည် တနင်္ဂနွေနေ့တိုင်း၌ သူ့တာဝန်ကျရာ အကြီးစား ...ပစ္စည်း ဝင်းခြံမှထွက်ပြီး၊ မြေတူးစက်ကြီးများ၏ လားရာ ...ရှိ တောင်ကုန်းလေးပေါ်မှ လူသူမနေတော့သည့် ရွာငယ် ...ဆီသို့ ကားနှင့် မောင်းသွားလေ့ရှိသည်။

...ဆားကွာ၍ ယိမ်းယိုင်နေသော အိမ်လေးများမှာ ဟောင်း ...င်းဖြစ်နေကြပြီး၊ ပြတင်းမှန်များ ရိုက်ခွဲသူ လူရမ်းကား ...၏ ကျင်ငယ်နံ့များ ဟောင်နေ၏။

အိမ်ရှင်များသည် မိမိတို့အတွက် အဖိုးတန်မည်ဟု ထင်ရ ...ာ ပစ္စည်း အားလုံးကို ယူသွားကြလေပြီ။

သို့သော် သူတို့သည် ဟယ်ရီလိုဂင်လောက် မျက်စိမလျင်ကြ။ ...ပစ္စည်းများ၏ ကာလတန်ဖိုးကို နားမလည်ကြ။

ဟယ်ရီလိုဂင်သည် အကြွင်းအကျန်ပစ္စည်းများ ကောက်ရာ၌ ...မိ ပါသူ ဖြစ်၏။

ဈေးဟောင်း ရေတံလျှောက်များ၊ မြောင်းများနှင့် ရေပိုက် ...များ၌ တန်ဖိုးရှိသော အရာများရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နံရံများပေါ်မှ လျှပ်စစ် ခလုတ်များကို ကန့်လန့်၍ ဖြုတ် နိုင်သည်။

ပြီးတော့ ရေချိုးခန်းမှ ရေပန်းခေါင်းများနှင့် ‌ရေ ပိုင်ယာကြိုးများလည်း ဖြုတ်ယူနိုင်သည်။

ရှင်းပစ္စည်းများကို သူ့သမက်၏ ပစ္စည်းဟောင်းလုပ်ငန်း ပြန်ရောင်းစားသည်။

ဤတနင်္ဂနွေနေ့တွင် လိုဂင်သည် တပွဲတပိုက် သယ် စိတ်အားသန်နေသည်။

ရွာငယ်နှင့် မီးသွေးတွင်းအကြားတွင် ၈ ပိုင်း ၃ ပိုင်း သစ်သားများသာ ကျန်တော့သည်။

နှစ်ပတ်အတွင်း ဤရွာကလေးကို ဖျက်ဆီးပစ်ကြတော့ မဟုတ်လား။

ဖာယ်ရီလိုဂင်သည် ထရပ်ကားကို အိမ်တအိမ် ‌ေ ဂိုဒေါင်ထဲသို့ သွင်းလိုက်သည်။

အတော် တိတ်ဆိတ်နေသည်။

ကားစက် ရပ်လိုက်သည်။

ပြတင်းပေါက်မရှိသော အိမ်များထဲမှ ဖြတ်တိုက်လာသော လေသံများသာ ကြားရသည်။

လိုဂင်သည် နံရံကပ် မျဉ်ချပ်များကို ထရပ်ကားပေါ် ‌ နေစဉ် လေယာဉ်မှုသံကို ကြားရသည်။

လေးယောက်စီး အနီရောင်စက်စိနာ လေယာဉ်လေး ရွာလေးပေါ်မှ ခပ်နိမ့်နိမ့် နှစ်ခေါက် ဖြတ်ပျံသွားသည်။





သစ်ပင်များကို ဖြတ်၍ တောင်ကုန်းအောက်သို့ လှမ်းကြည့် သောအခါ မိုင်းတွင်းရှိ ဖုန်ထူထူလမ်းလေးဆီ ဆင်းသွား ကို တွေ့ရသည်။

ဘယ်သူတွေပါလိမ့်။ ဘာလုပ်ကြမလို့ပါလိမ့်။

မှုံကြက စစ်ဆေးရေး အရာရှိတွေများလား။

သူ့ကိုလာမေးလျှင် ဤရွာကလေးကို လာစစ်ဆေးသည်ဟု ပြောလိုက်ရုံသာ။

ဖုတ်ထူထူကြီးနောက်တွင် လေယာဉ်ကလေးကွယ်ပျောက် သည်။

ိုဂင်သည် သစ်ပင်များကြားမှ ကုန်းလျှောအတိုင်း သတိ ဆင်းသွားသည်။

လေယာဉ်လေးကို တွေ့ပြီ။ လူတယောက်မျှ မရှိ။ ဘီးများကို စေရန် တုံးများနှင့် ခုထားသည်။

သူ့ဗယ်ဘက် သစ်ပင်များကြားမှ စကား ပြောသံများ ရသည်။

ိုဘက်သို့ လျှောက်သွားသည်။ ဘာမျှမရှိသော စပါးကျီ ခု။ ရှင်းအေး၌ ၃၈ ကေ ကျယ်သော မြက်ခင်း။ ခိုးစရာ စ္စည်းမျှ မရှိ။

ိုဂင်သည် သစ်ပင်အုပ် အဖျားနားမှ ချောင်းကြည့်နေ သည်။

ယောကျ်ားနှစ်ယောက်၊ မိန်းမတယောက်။

ဆောင်းရာသီပေါက် ဂျုံပင် စိမ်းစိမ်းများကြား၌ ရပ်နေ ည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတယောက်က အရပ်မြင့်မြင့်။ နေကာမျက်
တပ်ထားသည်။

နှင်းခဲလျှော်စီးလျှင် ဝတ်သည့် စကီးဂျက်ကက်ကို
ထားသည်။

တယောက်ကအသားပိုညိုသည်။ မျက်နှာပေါ်မှာ အမေ
နှင့်။ ယောကျ်ားနှစ်ယောက်က ကြိုးခွေရှည်ရှည်တခုကို
ပြီး စပါးကျီကို ဘေးမှ ဂျုံခင်းထဲအထိ တိုင်းထွာကြည့်
မိန်းမက မြေတိုင်းကိရိယာကို တပ်ဆင်ပေးနေသည်။

အရပ်မြင့်မြင့်လူက ၎င်းကိရိယာဖြင့် စစ်ဆေး တိုင်း
ကြည့်နေစဉ် အသားညိုညိုလူက စပါးကျီ ဘေးနံရံ
ဆေးဖြင့် အမှတ်အသားများ ရေးနေသည်။

ထိုနောက် သူတို့သုံးဦးသား ဘုတ်ပြားတခုတွင်
လက်ဟန်ခြေဟန်ဖြင့် ဆွေးနွေးနေကြသည်။

လိုဂင်က သစ်ပင်များကြားမှ ထွက်လိုက်သည်။

အသားညိုညို လူက သူ့ကို အလျင် တွေ့သွားပြီး
လှမ်းပြောသည်။ လိုဂင် မကြား။

‘ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ’

လိုဂင်က မေးသည်။

‘ဟဲလို....’

အမျိုးသမီးက ပြုံး၍ နှုတ်ဆက်သည်။

‘ခင်ဗျားတို့မှာ ကုမ္ပဏီရဲ့ မှတ်ပုံတင်တွေ ပါရဲ့လား’





‘ကျုပ်တို့ ကုမ္ပဏီက မဟုတ်ဘူး’

အရပ် ရှည်ရှည်လူက ပြောသည်။

‘ဒါ ပုဂ္ဂလိကပိုင် နယ်မြေဗျ ခင်ဗျားတို့ ဝင်လာခွင့် မရှိဘူး၊
ကျွန်တော့် အလုပ်က မဆိုင်သူတွေကို နှင်ထုတ်ဖို့ပဲ’

‘ကျုပ်တို့ ဓာတ်ပုံလေး တပုံနှစ်ပုံ ရိုက်ချင်လို့ပါ’

အရပ် ရှည်ရှည်လူက ပြောသည်။

‘ဒီမှာ ဓာတ်ပုံရိုက်စရာရှုခင်း ဘာမှ မရှိဘူး’

‘ရှိပါတယ်၊ ကျွန်မပြော့’

အမျိုးသမီးက သူမ နှုတ်ခမ်းများကို လျှာနှင့် လျက်ယင်း
ပြောသည်။

‘ကျွန်တော်တို့ကဟိုခပ်ကြမ်းကြမ်း မဂ္ဂဇင်းတစောင် အတွက်
ဓာတ်ပုံရိုက်မလို့ပါဗျာ’

‘ဘာလဲ....ဟို....ဒင်း၊ အဲ.... အဝတ်မျိုး စာအုပ် အတွက်လား’

‘အဲ....သဘာဝ မဂ္ဂဇင်းလို့ခေါ်ပါတယ်၊ ဒါမျိုးကတွေ့ကရာ
နေရာမှာ ရိုက်လို့မရဘူးလေ’

အရပ် ရှည်ရှည်လူက ပြောသည်။

‘ပြီးတော့ ကျွန်မလဲ အဖမ်းခံချင် ခံရမှာရှင့်’

မိန်းမက ရယ်၍ ပြောသည်။

တော်တော်လှသည့် မိန်းမပေပဲ။

‘ဒီမှာ ကိုယ်လုံးတီး ဓာတ်ပုံရိုက်ယင် သိပ်အေးမှာပဲ’

‘ဟုတ်ပါ့ဗျာ’



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အသားညိုညို လူသည် ဝိုင်ယာ ကြိုးခွေကို သုံးချောင်းထောက် ဆီမှသည် သစ်ပင်များအထိ ရောက်အောင် ဖြေချသွားသည်။

'ကျုပ်ကို မဖြီးနဲ့နော်၊ ရှိုးက ဒီကိုဘယ်သူမှ မဝင်စေနဲ့လို့ အမိန့် ပေးထားတာ၊ ခင်ဗျားတို့ ပြန်ယင် ကောင်းမယ် ထင်တယ်....'

'ကျုပ်တို့ကို ကူညီယင် ခင်ဗျားကို ဒေါ်လာ ၅၀ ပေးမယ်၊ နာရီဝက်ပဲကြာမယ်၊ ကျုပ်တို့ ပြီးတာနဲ့ ချက်ချင်းပြန်မယ်'

အရပ်ရှည်ရှည်လူက ပြောသည်။

လိုဂင်က စဉ်းစားသည်။

'ကျုပ် အဝတ်အစားတော့ မချွတ်ပါရစေနဲ့'

'မလိုပါဘူး၊ ဒီနားမှာ တခြားလူတွေ ရှိသေးလား'

'ဟင့်အင်း'

'ဒါဆို အိုကေပဲ၊ ကျုပ်လက်ကို ခင်ဗျား လန့်သလား'

အရပ်ရှည်ရှည်လူက ဒေါ်လာ ၅၀ ကမ်းပေးယင်း မေးသည်။

'ဟင့်အင်း'

'ဒါဖြင့် ရှင် ဘာလို့ အဲဒီလက်ကို စိုက်ကြည့်နေတာလဲ'

မိန်းမက အရပ်ရှည်ရှည် လူအား၌ မငြိမ်မသက် ရပ်ယင်း မေးသည်။

'ဆောရီးဗျာ'

လိုဂင်က တောင်းပန်သည်။





အရပ်ရှည်ရှည်လူ၏ နေကာမျက်မှန်ပေါ်မှ သူ့ပုံရိပ်ကိုပင် သူ့ပြန်မြင်နေရသည်။

'မင်းတို့နှစ်ယောက် လေယာဉ်ပေါ်က ကင်မရာကြီး သွားယူချေ၊ ငါနဲ့ ဟောဒီရဲဘော်ကြီးနဲ့က ဒီမှာ အသင့်ပြင်ထားမယ်'

အသားညိုညိုလူနှင့် မိန်းမတို့ သစ်ပင်အုပ်ထဲ ဝင်သွားကြသည်။

'ခင်ဗျားနာမည် ဘယ့်နှယ်ခေါ်သလဲ'

'လိုဂင် ပါ'

'ကောင်းပြီ....မစ္စတာ လိုဂင် ၊ ပျဉ်ချပ် နည်းနည်းယူပြီး ဟိုးကျိုနံရံ အလယ် ခပ်တည့်တည့် မြက်ခင်းပြင်ပေါ် ချပေးစမ်းပါ၊ အဲဒီပေါ်မှာ ဟိုအမျိုးသမီး မတ်တတ်ရပ်ရမယ်'

'ကျွန်တော် ဘာလုပ်ရမှာလဲ'

'အလယ်ခေါင် တည့်တည့်မှာ ပျဉ်ချပ်တွေ ချပေးပါလို့၊ မြေကြီးက သိပ်အေးတယ်၊ ပြီးတော့ အမျိုးသမီးရဲ့ခြေထောက်တွေကိုလဲ မြက်ထဲမှာ ကွယ်မသွားစေချင်ဘူးလေ၊ တချို့လူတွေက မိန်းမခြေထောက်တွေ ကြည့်ရတာမှ အရသာတွေ့တာ လေလား'

လိုဂင် ပျဉ်ချပ်များ သွားရှာနေစဉ် အရပ်ရှည်ရှည်လူသည် မြောက်ဘိုင်းကိရိယာကို ဖြုတ်ပြီး ပုံပန်းမကျသော ကွေ့ကောက်ကောက် ပစ္စည်းတခုကို သုံးချောင်းထောက်ပေါ် တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လိုဂင်အား လှမ်းပြောသည်။

'မဟုတ်သေးဘူး၊ ပျဉ်ချပ်တခုပေါ်တခု ဆင့်လိုက်'

ထိုလူက လက်နှစ်ဘက်ကို ဘောင်သဖွယ်လုပ်ပြီး မျက်မှောင်ကြုတ်၍ ကြည့်သည်။

'ဟုတ်ပြီ....အဲဒီအပေါ် ခင်ဗျား ခဏတက်ရပ်ပါ၊ ဟုတ်ပြီ ငြိမ်ငြိမ်လေးနေ၊ မလှုပ်နဲ့၊ ကဲ....လာပြီ၊ သူတို့ ကင်မရာနဲ့ လာနေပြီ'

အရပ်ရှည်ရှည် လူသည် သစ်ပင်များကြားထဲ ဝင်သွား၏၊ လိုဂင် ခေါင်းကုပ်လိုက်သည်။

စက္ကန့်ပိုင်းအတွင်း လျှပ်စီး လက်သလို အလင်းရောင် တခု လက်ကနဲ မြင်လိုက်ရသည်။

ဝုန်းကနဲ ပေါက်ကွဲသံကြီးကို သူ မကြားလိုက်ရ။

မြားအစင်းငယ် ၂၀ က သူ့ကိုယ်ထဲ စိုက်ဝင်သွားပြီး ပေါက်ကွဲအားက သူ့ တကိုယ်လုံးကို နောက်ဘက် စပါးကျီ နံရံသို့ ဝင်ဆောင့်မိစေသည်။

လင်ဒါ၊ ဖာဆေးလ်နှင့် ဒါလီယာတို့ မီးခိုးများ ကြားမှ ပြေးထွက်လာကြသည်။

'အမဲသား ကြိတ်ပြီးသား ဖြစ်သွားပြီဟေ့'

ဖာဆေးလ်က လိုဂင်၏ အလောင်းကို ကြည့်၍ မှတ်ချက်ချသည်။





အလောင်းကို မှောက်နေရာမှ ပက်လက်ဆွဲလှန် ကြည့်ကြပြန်သည်။

တဖန် စပါးကျီနံရံကို ဓာတ်ပုံ ရိုက်ယူကြသည်။ လင်ဒါ အထဲ ဝင်သွားသည်။

နံရံ၌အပေါက်ငယ်လေး ရာနှင့်ချီ၍ပေါက်သွားသဖြင့်အပြင်မှအလင်းရောင်ကို အစက်အပြောက် ငယ်လေးများအဖြစ်တွေ့ရသည်။ ၎င်း မြင်ကွင်းကို ဓာတ်ပုံရိုက်သည်။

'အောင်မြင်သွားပြီ'

ဖာဆေးလ်က ပြောသည်။

အလောင်းကို စပါးကျီထဲ ဆွဲသွင်းကြသည်။

အလောင်းပေါ် ဓာတ်ဆီလောင်းသည်။ တဖန် ၎င်းအပေါ် သစ်သားစများပုံ၍ ဓာတ်ဆီ ထပ်လောင်းသည်။

ထိုနောက် စပါးကျီတံခါးမှ ကိုက် ၂၀ အကွာအထိ ဓာတ်ဆီများတန်းလောင်းချသွားကြသည်။

မီး ခြစ်လိုက်သည်နှင့် စပါးကျီတွင်း၌ ဝုန်းကနဲ ပေါက်ကွဲသွားသည်။

စက်စ်နာလေယာဉ်လေး ကောင်းကင်သို့ ပျံတက်သွားသောအခါ စပါးကျီမှ မီးခိုးလုံးကြီးများ လိပ်တက်လာသည်။

'ခင်ဗျား ဒီနေရာကို ဘယ်လို ရှာခဲ့သလဲ'

ဖာဆေးလ်က လင်ဒါနား ကပ်၍ အော်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မနှစ်က နွေတုန်းက ကျုပ် ဒိုင်းနမိုက် လိုက်ရှာယင်း တွေ့ခဲ့တာ—

'ရဲတွေ ဘာတွေ ရောက်မယ် ထင်သလား'

'အို၊ ဒီနေရာမှာက မိုင်းဗုံးတွေ ခဏခဏ ခွဲနေကျပဲဟာ ဘယ်သူက မသင်္ကာ ဖြစ်ရဦးမှာလဲ'

× × ×

အခန်း ။ ၂၁ ။

အက်ဒီစတိုင်းလိုက်သည် နယူးယောက်မြို့တော် ငါး ပြတိုက်ရှိ စားသောက်ဆိုင်ငယ်လေး၏ ပြတင်းပေါက် နားတွင် စိုးရိမ်စွာဖြင့် ထိုင်နေသည်။

သူ့စားပွဲမှနေ၍ အောက်ဘက် ကိုက်၄၀ အကွာတွင် ပင်ဂွင်ငှက်များထားရာ ခြံဝင်း၏ လက်ရန်း၌ ရပ်နေသော ရေချယ်ဘော်မင်အား တွေ့ရသည်။

ရေချယ်ကြောင့် အက်ဒီ စိတ်အနှောင့်အယှက် ဖြစ်နေခြင်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် အတူ ရပ်နေကြသော လူနှစ်ယောက်ကြောင့် ဖြစ်သည်။

သူတို့ပုံစံကို အက်ဒီ ဘဝင်မကျ။

တယောက်က ထွားထွား ကျိုင်းကျိုင်း။ တယောက်က အနည်းငယ် ညှက်သည်။

သို့သော်....

ရုပ်က ပိုဆိုးသည်။

အက်ဒီကြောက်ဘတ်သော လူ့ပ်ရှားမှုမျိုးရှိသည့် လူစားမျိုး ဖြစ်လိမ့်မည်။

ငွေဘိုး ချေးစားသူများက ခန့်ထားသည့် ဗလသမားများ လူမိုက်များနှင့်လည်း မတူ။

ထိုလူ၏ မျက်စိကစားပုံကို အက်ဒီ မကြိုက်။

သိပ်လျှင်သည်။

ငါးမန်ကန်၏ ခေါင်မိုး၊ ငါးပြတိုက်နှင့် 'ကိုနီအိုင်လင်း' ပျဉ်ခင်း တံတားကျယ်ကြီးတို့ အကြား သဲသောင်ခုံကြီးများ ပေါ်မှ ဝင်းထရံများပေါ်သို့ သူ လျှောက်ကြည့်သည်။

တချက် လှည့်ကြည့်ရုံနှင့် နေရာ အတော်များများကို တခါတည်း အကဲခတ်သွားသည်။

တချိန်တည်း၌ သူ့ လက်ညှိုး တချောင်းက ပင်ဂွင်လေး တကောင်၏ ဦးခေါင်းကို ပုတ်နေ၏။

ဤနေရာ၌ ချိန်းတွေ့ရန် ရွေးမိခြင်းမှာ မိမိအမှား ဖြစ်သည် ဟု အက်ဒီ တွေးမိသည်။





ယခုကဲ့သို့ သီတင်းပတ် ရက်များတွင် သူ့ကို အသက်ရှူချောင်အောင် နေခွင့်ရစေမည့် ပရိသတ်များ များများစားစား ရှိလှပေ။

သူ ဝင်မပါစေရဟု ဒေါက်တာ ဘော်မင်က အာမခံချက် ပေးထားသည်။

သူမ တခါမှ လိမ်မပြောဘူးသေး။

သူ တည်ဆောက်ရန် ကြိုးပမ်းနေသော ဘဝသစ်သည် ဒေါက်တာ ဘော်မင်၏ အကူအညီဖြင့် သူ့အကြောင်း သူသိခွင့် ရရှိခဲ့သည့်အပေါ် အခြေပြုထားသည်။

ဤအချက် မမှန်ဘူးဆိုလျှင် မည်သည့် အရာမှ မမှန်နိုင်တော့ပေ။

အက်ဒီသည် ကော်ဖီကို အကုန် မော့ပြီး ဝေလငါးကန်ရှိရာသို့ လှေကားမှ ဆင်းသွားသည်။

ဝေလငါးကန် မရောက်မီပင် ဝေလငါး၏ အသက်ရှူမှုတ် ထုတ်သံကြီးကို သူ ကြားရသည်။

အလျား ပေ လေးဆယ် ရှိသော 'လူသတ်ကောင် ဝေလငါး' အမကြီး ဖြစ်သည်။

ကိုယ်ပေါ်၌ အဖြူနှင့် အနက် အစင်း၊ အပြောက် များ ရှိသည်။

ပြပွဲတခု လုပ်တော့မည်။

လူငယ်တဦးသည် ပလက်ဖောင်းပေါ် ရပ်၍ ငါးတကောင် ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝေလငါးကြီးသည် ရေထဲမှ ဘွားကနဲ ပေါ်လာပြီး လ[illegible]ထဲ့ငှင်းကို ဟပ်၍ ကိုက်သွားသည်။

မြေအောက်ထပ် ပြခန်းသို့ အက်ဒီ ဆင်းသွားစဉ် လက်ခုပ်သြဘာသံများကို ကြားလိုက်ရ၏။

အောက်ခန်းမှာ အလင်းရောင် ခပ်မှိန်မှိန်၊ စိုထိုင်းထိုင်း ဝေလငါးကန်ထဲမှ စိမ်းပြာရောင်ရေလွှာကို ထိုးဖောက်ကျဆင်း လာသော နေရောင်သာ ရှိသည်။

အက်ဒီက ဝေလငါးကန်ကို မော့ကြည့်သည်။

ဝေလငါးကြီးသည် ရေထဲ၌ လူးလိမ့်နေသည်။

စေစောကငါးကို ကိုက်စားနေဆဲ။ မိသားစုသုံးစု အောက် ထပ်သို့ ဆင်းလာကြသည်။

ဆူညံသော ကလေးများ ပါလာသည်။

'သား မမြင်ရဘူး၊ ဒက်ဒီ'

ဖခင်ဖြစ်သူက သူ့သားကို ပခုံးပေါ် ထမ်းလိုက်သည်။

'ဟိုင်း....အက်ဒီ'

ရေချယ်က နှုတ်ဆက်သည်။

သူမ၏ အဖော်နှစ်ဦးက အက်ဒီနှင့် ခပ်ခွာခွာ ရပ်နေကြသည်။

တော်ပါသေးရဲ့။

လူမိုက်ဆိုတာ တဘက်တယောက် ရပ်ရမည်။

ပုလိပ်များလည်း ဤအတိုင်းပင်။

'ဟဲလို....ဒေါက်တာဘော်မင်'





အက်ဒီက သူမ၏ ပခုံးများပေါ် ကျော်၍ ကြည့်သည်။

'အက်ဒီ....ဒီဟာက ဒေးဗစ်၊ ဒီတယောက်က ရောဘတ်....'

'တွေ့ရတာ ဝမ်းသာပါတယ်'

အက်ဒီက လက်ဆွဲနှုတ်ဆက်သည်။

ကိုယ်လုံးထွားထွားလူ၏ ချိုင်းကြားမှာ သေနတ်ပါသည်။ အခြားတယောက်မှာလည်း ပါမည်။

သို့သော် ကုတ်အင်္ကျီက ပုံကျပန်းကျမို့ သိပ်မသိသာ။

ဒေးဗစ် ဆိုသော လူ၏ လက်ညှိုး၊ လက်ခလယ်တို့၏ အရိုးများ ကြီးမားလှသည်။

ဒီလက်မျိုး ဘယ်လိုကြောင့် ဖြစ်ရသည်ကို အက်ဒီ သိသည်။

ဒေါက်တာဘော်မင်သည် ပညာရှိတယောက်ဖြစ်သော်လည်း သူမ မသိသေးသောအရာ များစွာ ရှိလေသည်။

'ဒေါက်တာဘော်မင်....ဒေါက်တာနဲ့ ကျွန်တော် သပ်သပ် စကားပြောပါရစေ'

မြေအောက်ထပ် စကြံတဘက်စွန်း၌ အက်ဒီက သူမနားနား ကပ်ပြောသည်။

ကလေးများ ဆူညံစွာ အော်ဟစ်နေကြသဖြင့် သူ့အသံကို အေးလူများ မကြားနိုင်ပေ။

'ဒေါက်တာ....ဒီလူတွေဟာ ဘယ်လိုလူစားလဲဆိုတာ သိရဲ့ လားဟင်၊ ဒီလူတွေကြည့်ရတာ ရဲဘက်ကနဲ့ သိပ်မတူဘူးဗျ'

ရေချယ်က အက်ဒီ လက်မောင်းပေါ် လက်တဘက် တင် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အို…မပူပါနဲ့ အက်ဒီ၊ သူတို့ ကျွန်မ သူငယ်ချင်းတွေပဲ၊ သိကြတာ ကြာပါပြီ'

ဝေလငါးကန်ထဲသို့ လင်းပိုင်တကောင်ကို ဝေလငါးမကြီး အတွက် အဖော်အဖြစ် ချပေးလိုက်ကြသည်။

'ကျွန်တော် ကြားတာကတော့ ဂျိုးဆက်ပ် ဆိုတဲ့ ငနဲဟာ ကျူးဘားမှာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အလုပ် လုပ်ဖူး တယ်တဲ့'

အက်ဒီက ကာဘာကော့ဗ်အား ပြောလိုက်သည်။

'ဒီငနဲဟာ မိုင်ယာမီမြို့ကနေ ကျူးဘားအပိုင် ပွာတာကာ ဘာညား အထိ ကမ်းရိုးတန်း ရေဒါစက်ကွင်းအောက်က လွတ် အောင် ကျူးဘားလူမျိုးတချို့နဲ့ ပြေးခဲ့သတဲ့ဗျ၊ ဒီကောင်တွေ ကမ်းခြေကို လှိုင်းတွေကြားက ရော်ဘာဖောင်နဲ့တက်ခဲ့ကြတယ် ဆိုပဲ၊ သေတ္တာတလုံးတော့ ပါလာသတဲ့၊ ဒါပေမယ့် ဒီကောင် ဖလော်ရီဒါကို ပြန်မလာဘူး၊ ကျူးဘား ကင်းလှည့်မော်တော်နဲ့ 'ဘာဟီးယားဟွန်ဒါ'ကနေ ယူကာတန်မြို့အထိ လိုက်သွား တယ်'

ကာဘာကော့ဗ်က သေသေချာချာ နားထောင်နေသည်။

ဝေလငါးကြီး ငြိမ်သွားပြီ။

ရေမျက်နှာပြင်ပေါ်မှာ နားနေသည်။

သူမ၏ အမြီးကောက်ကောက်ကြီးကိုလည်း ခွေ၍ ချထား သည်။

'ဒီကလေးတွေ တယ်နားငြီးတာပဲဗျာ….လာ၊ လာ….တခြား သွားရအောင်'





အက်ဒီက ပြောသည်။

ငါးမန်းကန်၏ မှောင်ရိပ်ကျသော ကြေးလမ်း၌ သွားရပ် နေကြသည်။

ငါးကလေးများနှင့် လိုက်တမ်း ပြေးတမ်း ကစားနေကြ သော မီးခိုးရောင် ငါးမန်းများ၏ ပုံရိပ်ကို တွေ့ရ၏။

'ဘာပဲဖြစ်ဖြစ် ဒီငနဲ ကျူးဘားနား ဘယ်လိုကပ်လို့ရသလဲ ကျွန်တော် စဉ်းစားလို့ မရဘူး၊ 'ဝက်ပင်လယ်အော်' ပြဿနာ ပြီးကတည်းက သူတို့ ရေဒါကိရိယာတွေ အင်ပြည့်အားပြည့် တပ်ဆင်ထားကြတယ်၊ ခင်ဗျားတို့ ပြောတဲ့ လူကလဲ ကမ်းခြေ စောင့် ကင်းလှည့်မော်တော်ရဲ့ ရေဒါစက်ကွင်းက လွတ်အောင် ပြေးသွားတယ် ဟုတ်လား၊ ဒီအတိုင်းပဲ ဖြစ်မယ်။

'….ဒါနဲ့ ကျွန်တော် ဒီ ဆက်ပ် ဆိုတဲ့အကောင်အကြောင်း မေးကြည့်တယ်၊ အယင်နှစ်ပတ်လောက်က အက်စ်ပြူရီပတ်ခ်က ဆိုနီရဲ့ ပျော်ပွဲစားရုံမှာ ရှိနေတယ်၊ ဒီနောက်ပိုင်း ပျောက်သွား တယ်၊ သူ့လှေက သုံးဆယ့်ရှစ်ပေရှည်တယ်၊ 'ရှင်လူး'ကုမ္ပဏီက လုပ်တာ၊ ဟောင်ကောင်ကလေ၊ တစင်းလုံး သစ်သားနဲ့ဆောက် ထားတာ'

'သူ့လှေကို ဘယ်မှာထားလဲ'

ကာဘာကော့ဗ်က မေးသည်။

'မသိဘူး၊ ဘယ်သူမှ မသိဘူးဆိုပါတော့၊ အရမ်း မေးလို့လဲ မဖြစ်ဘူးလေ၊ သိတယ်မဟုတ်လား၊ တခုတော့ ရှိတယ်၊ ဆိုနီရဲ့ ဆိုင်က အရက်ထည့်တဲ့လူကတော့ သူ့အတွက် ပြောစရာ ဆိုစရာ



www.burmeseclassic.com

www.burmeseclassic.com

ရှိယင် လက်ခံ ချိန်းပေးတတ်တယ်၊ အလုပ်ကိစ္စ ဆိုယင်ပေါ့ဗျာ ဒီလူနဲ့တော့ အဆက်အသွယ် ရှိမှာပဲ'

'ဒီငနဲက ဘာလုပ်ငန်း လုပ်လို့လဲ'

'ဒါကတော့ အခြေအနေအရပဲ၊ သူ့လှေ ငှားမယ်၊ ... အချိုက် ယူမယ်ဆိုယင် သူ့ ကမ်းစောင့်တပ်ဖွဲ့က အသံလွှင့်သမ္မ... ဖမ်းနားထောင်နေဘာပဲ'

'ခင်ဗျားသာ အဲဒီလူဖြစ်ယင် ဘယ်ကို မောင်းပြေးမလဲ'

'ကျွန်တော်သာဆို ဒီလှေနဲ့ပြန်ရောက်လာယင် ရဲတွေ ... တွေများ စောင့်ကြည့်နေလားဆိုတာ တနေ့လောက် အကဲခ... ရမယ်၊ ပြီးတော့ လုံခြုံ စိတ်ချရတဲ့ နေရာရှိယင် အဲဒီမှာ ... ရောင် ပြောင်းသုတ်မယ်၊ တရားဝင် မှတ်ပုံတင်နံပါတ် ပြန်... မယ်၊ လှေကို ပုံစံ နည်းနည်းပါးပါး ပြောင်းပေးမယ်၊ အပြ... ပန်းက မြင်ရတဲ့ အစိတ်အပိုင်းတချို့ပေါ့၊ ပြီးတော့ ဖလော်ရီဒ... ကမ်းရိုးတန်းက ရွက်လှေတွေနဲ့ ရောပြီး သဌေး အုပ်စုတွေ... ငှားစားမယ်ဗျာ'

'ဒီငနဲကို အမြတ်များများနဲ့ မြှားခေါ်လို့ရမယ့် အလုပ်တ... ပြောစမ်းပါ၊ လှေ အသုံးလိုမယ့် အလုပ်ပေါ့'

'ဟယ်ရိုးအင်းပေါ့ဗျာ၊ မက္ကစီကိုကနေ တက္ကဆပ် ကမ်းရိုး... တန်း၊ အာကင်ဆပ်(စ်)တောင်ကြား၊ ဒါမှမဟုတ် 'ကော်ပတ်... ခရစ္စတီမြို့' ကို ခိုးသွင်း၊ ဒါမျိုး ဒီကောင် လုပ်ချင် လုပ်မှာပဲ... အဲ...စရိတ်ငွေတော့ များများပေးရလိမ့်မယ်၊ ပြီးတော့ သူ့ကို... သတိထား ချဉ်းကပ်မှ....၊ ဒီကောင် သိပ်လျင်တယ်၊ လန့်ပြီး လစ်ပြေးသွားဦးမယ်'





'သူ့ကို ဆက်သွယ်ဖို့ စဉ်းစားထားပါ အက်ဒီ၊ ကျေးဇူးပဲ'

'ဒေါက်တာ့အတွက်ဆို ကျွန်တော် လုပ်ပေးရမှာပေါ့ဗျား ...သွားမယ်၊ ဒီသတ္တဝါတွေကို ကျွန်တော် ဆက်ပြီး မကြည့်...ချင်တော့ဘူး'

အက်ဒီက ရေကန်ထဲမှ ငါးမန်းများကို မေးငေါ့ပြယင်း ...ပြောလိုက်သည်။

'မြို့ထဲကျမှ ပြန်တွေ့မယ် ဒေးဗစ်'

ရေချယ်က ပြောသည်။

သူမ၏ အကြည့်၌ ကာဘာကော့ဗ်အား မနှစ်မြို့သော အရိပ် ...အဆောင်ကို သူ သတိပြုမိသည်။

ရေချယ်နှင့် အက်ဒီတို့ အတူလျှောက်သွားကြသည်။

ခေါင်းငုံ့ပြီး စကားပြောသွားကြသည်။

သူမသည် အက်ဒီ၏ ပခုံးကို လက်တဘက်ဖြင့် သိုင်းဖက် ...ထားသည်။

× × ×

ကာဘာကော့ဗ် အနေနှင့် ကော်လီ့ကို မပတ်သက်စေချင်။ ...ခေါက်ထားလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုထိတော့ ဂျယ်ရီဆက်ပ်နှင့် သူ့လေ့အကြောင်း ကော်လီ မသိသေး။

ကာဘာကော့ဇ်က သူ့ဘာသာ တယောက်တည်း လိုက် စုံစမ်းချင်သည်။

ဆက်ပ်ကို ကိုယ်တိုင် စုံစမ်း စစ်ဆေးချင်သည်။

ဂျယ်ရီဆက်ပ်ကို ဘယ်လို ထောင်ချောက်ဆင် မျှားခေါ်ရမလဲ၊ ကာဘာကော့ဇ် အကြံထုတ်နေသည်။

ဆက်ပ်ကို သူတယောက်တည်း လိုက်မည်ဆိုလျှင် အက်ဒီ စတိုင်း(လ်၊စ်)က ဆက်သွယ်ပေးမှ ဖြစ်မည်။

အက်ဒီသည် ဆိပ်ကမ်းတဝိုက်၌ ရာဇဝတ်မှုများနှင့် မကင်းသူများကို သိသူဖြစ်သည်။

အက်ဒီကို အားမကိုးလျှင် ကော်လီ့ထံမှ အကူအညီတောင်း ရလိမ့်မည်။

အက်ဒီကတော့ ရေချယ်အတွက်ဆိုလျှင် ဘာမဆို လုပ်ပေးမည့် သူ။

'ဟင့်အင်း'

ရေချယ်က နံနက်စာ စားနေစဉ် ပြောသည်။

'မင်း တောင်းဆိုယင် သူလုပ်ပေးမှာပဲ၊ သူ့ကို တို့ တချိန်လုံး ကာကွယ်စောင့်ရှောက်ပေးကြတာပေါ့'

'သူ လုပ်ပေးမှာ မဟုတ်ဘူး၊ တော်ပါတော့'





လွန်ခဲ့သော မိနစ်နှစ်ဆယ်ကတော့ သူမသည် သူ့အပေါ် အလွန် သဘောကောင်းခဲ့သည်။

ရှင်ပျနေသည်။

ယခုတော့ ပြောင်းလဲသွားပြီကော။

'မင်း သူ့ကို မသုံးချင်ဘူးဆိုတာ ငါသိသားပဲ၊ ဒါပေမယ့်'

'ကျွန်မ သူ့ကို မသုံးချင်ဘူး၊ ရှင်လဲ မသုံးပါနဲ့၊ ရှင်နဲ့ ကျွန်မ တယောက်ကို တယောက် အသုံးချတာက တကကွာ၊ ကျွန်မနဲ့ ရှင့်မှာက အကြောင်းရှိတယ်၊ အက်ဒီ့ကိုတော့ မေ့ထားလိုက်ပါ'

ရေချယ် အမှန်တကယ် စိတ်တက်ကြွစွာ ပြောခြင်း ဖြစ်၏။

'ကျွန်မ မလုပ်ဘူး၊ မလုပ်ပေးနိုင်ဘူး၊ လိမ္မော်ရည် သောက်ဦးမလား'

'သောက်မယ်'

ကာဘာကော့ဇ် သည် စိတ်မပါပဲနှင့် ကော်လီ့ထံ သွားတွေ့သည်။

ဆက်ပ် အကြောင်း ဖွင့်ပြောသည်။

မိမိ သတင်းဇာစ်မြစ်ကို ထိန်ချန်ထား၏။

ကော်လီသည် မူးယစ်ဆေးဝါး ပြူရှိနှင့် ပူးပေါင်းပြီး ဆက်ပ်အတွက် 'မျှားစာ'ကို ဖန်တီးသည်။

'မက္ကစီကို စီးတီး'သို့ တနာရီကြာအောင် ဖုန်း ပြောသည်။

ထိုနောက်...

ကာဘာကော့ဇ်နှင့် မန်ဟက်တန်ရှိ အက်ဖ်ဘီအိုင် ရုံး၌ တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com





'ဝမ်ကြီးအကြောင်း ဘာကြားလဲ'

'ဘာမှ မကြားဘူး၊ မိုရှက်ဗ်စကီးတော့ အရက်ဆိုင်တွေ ထိုင်ထိုင်စုံစမ်းနေတုန်းပဲ၊ ဆက်ပ်ကိစ္စ ပြောစမ်းပါ'

'ဂျယ်ရီဆက်ပ်နဲ့ ပတ်သက်ပြီး အက်ဖ်ဘီအိုင်မှာ ဘာမှ တမ်းမှ မရှိဘူး၊ ဘာပဲဖြစ်ဖြစ် အဲဒီနာမည်နဲ့တော့ ဒီကော ဘာအပြစ်မှ မရှိဘူးပေါ့၊ ကမ်းစောင့်တပ် မှတ်ပုံတင် စာရင်း မှာလဲ ဒီကောင့်နာမည် မရှိဘူး၊ သူတို့ဖိုင်တွေက ကျုပ်တို့ လို ချင်တဲ့လှေနဲ့ ပတ်သက်တဲ့ အသေးစိတ် အချက်တွေကို အပြ အလှန် ရည်ညွှန်း စစ်ဆေးလို့ မရနိုင်ဘူး၊ ကျုပ်တို့ ရထား သင်္ဘောဆေးနဲ့တော့ နှိုင်းယှဉ်ကြည့်လို့ ရမယ်၊ ဒါပေမယ့် မူလဇာစ်မြစ်ကို ရှာဖို့က ခက်မယ်၊ ဒါ သင်္ဘောသုတ်ဆေး မဟုတ်ဘူး၊ ဘယ်မှာမဆို ဝယ်လို့ ရတဲ့ဆေးမျိုးပဲ၊ အရောင် တင်ဆီ နည်းနည်း ပါပြီးသား'

'ဆေးကိစ္စ ပြောပါဦး'

'ပြောမယ်လေ၊ ရော့....ဒီမှာ အထုပ်၊ ကရော့ဖ်နဲ့ မင်ဒိုဇာအမှု ချီဟွာဟွာမြို့မှာ ဖြစ်တုန်းက ခင်ဗျား ဖတ်လိုက်ဖူးသလား၊ အသေးစိတ်တွေတော့ ကျုပ်လဲ မသိဘူး၊ ၁၉၇၀ ကနေ ၁၉၇၃ အတွင်း သူတို့ ဟယ်ရိုးအင်း ၁၁၅ ပေါင် ခိုးသွင်း လာခဲ့ကြတယ်၊ ဘော်စတန် မြို့ကို ပို့လိုက်တယ်၊ သိပ်လည်တဲ့ ကောင်တွေ၊ ဘိန်းဖြူထုပ်ပါ တခါတခါ ခိုးသွင်းတိုင်း ဆွေမျိုး နီးစပ် မရှိတဲ့ အမေရိကန် နိုင်ငံသား ယောကျ်ား၊ မိန်းမ တယောက်ယောက်ကိုငှားပြီး မက္ကစီကိုကို လွှတ်လိုက်တယ်၊ အဲဒီ



ကမ္ဘာလှည့်ခရီးသည် ဗီဇာနဲ့ လေယာဉ်စီးသွားမယ်၊ မက္ကစီ ရောက်ပြီး ရက် နည်းနည်း အကြာမှာ သေ သွား ရော၊ လောင်းကို အမေရိကန် ပြန်ပို့တော့ အခေါင်းထဲမှာ ဟယ် ရိုးအင်း အပြည့် ထည့်ပေးလိုက်ရော၊ ဒီမှာ သူတို့ကိုယ်ပိုင် သာရာဇာ လုပ်ငန်း ဖွင့်ထားတယ်လေ၊ ဩော်ဒါနဲ့ ခင်ဗျား င်တွေတောင် ပုံကျကျ ပြန်ပေါက်နေပါရောလား'

'ဆက်ပြော၊ ဆက်ပြော'

'အဲဒီက နှစ်ချက် သိရတယ်၊ ဘော်စတန်က ငွေရှင် ငနဲဟာ ပ်ိးယား လူဆိုးဂိုဏ်း လောကမှာ နာမည်ကောင်း ရထားတဲ့ သူက ထောင်အနှစ်လေးဆယ် အကျခံချင်လို့ ကျုပ်တို့ကို ပြုကူညီတယ်၊ မက္ကစီကို အစိုးရကလဲ 'ကိုဇူမယ်' မြို့မှာ ငနဲ ကောင်ကို မဖမ်းပဲ လွှတ်ထားတယ်၊ ဒီငနဲလဲ ဘာအ ဖြစ် ချင်လို့ ရဲသတင်းပေး လုပ်နေ သလဲ တော့ မပြောတတ်ဘူး၊ တော့ ကျုပ်တို့လူက ကိုဇူမယ်ကနေ တက္ကဆပ်ကို ဟယ်ရိုး အင်း ခိုးပို့ဖို့ လှေတစင်းနဲ့ လူကောင်းကောင်း တယောက် လို ချင်တယ်လို့ သတင်းလွှင့်လိုက်ယင် ပြီးတာပဲ၊ ယုတ္တိရှိပါတယ်၊ ဘာလို့ဆိုယင် နည်းဟောင်းကို မလုပ်ကြတော့ဘူးလေ၊ ဆက်ပ် က ကျုပ်တို့ လူဆီ ဆက်သွယ်ယင် မက္ကစီကိုနဲ့ ဘော်စတန် အကြောင်း ရည်ညွှန်း ပြောပြရုံပဲ'

'ဟုတ်တယ်၊ ဒီဆက်ပ်ဆိုတဲ့ ငနဲဟာ သူ့ကိုယ်သူ လူမြင် ခံချင် အယင်ဆုံး စုံစမ်း စစ်ဆေးဦးမှာပဲ၊ တခုတော့ စိုးရိမ်ရ တယ်၊ ဒီကောင့်ကို ကျုပ်တို့ ရှာတွေ့တဲ့အခါ ဘာအမှုနဲ့မှ အရေး ယူလို့ မရသေးဘူးဗျ၊ သူ့လှေကို တရားဥပဒေနဲ့ ငြိစွန်းတဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အသုံးပြုစေမှုနဲ့ ပတ်သက်ပြီး ကြံဖန် အရေးယူ ဖမ်းဆီးမယ် ဆိုယင်တော့ ရမယ်၊ ဒါပေမယ့် အချိန်ကြာမယ်၊ ဒီကောင့်ကို ခြိမ်းခြောက်စရာ ဘာမှမရှိဘူး'

'သိပ်ရှိတာပေါ့ဗျာ၊ သိပ် ရှိတာပေါ့'ဟု ကာဘာကော့ စိတ်ထဲက ပြန်ပြောလိုက်လေသည်။

× × ×



အခန်း ။ ၂၂ ။

မွန်းလွဲပိုင်းတွင် ကော်လီသည် နယူးဝပ်မြို့ရှိ အမေရိကန် ပြည်ထောင်စု၊ ဒီစတြိတ် တရားရုံးတော်ထံမှ အက်စ်ပြူရိုင်းတ်စ် မြို့ရှိ ဆီနီ ပျော်ပွဲစားရုံ၏ တယ်လီဖုန်း နှစ်လုံးကို ခိုးယူ နားထောင်ခွင့် တောင်းခံသည်။

ညနေလေးနာရီတွင် ဤတောင်းဆိုချက်ကို ငြင်းဆိုကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုနီ ပျော်ပွဲစားရုံ၌ ဒုစရိုက်မှု တခုခု ကျူးလွန်နေကြောင်း မသင်္ကာဖွယ်ရာတစုံတခုရှိကြောင်း၊ ကော်လီအနေဖြင့်အထောက် အထား မပြနိုင်သောကြောင့် ဖြစ်သည်ဟု တရားရုံးမှ ပြန် ကြားသည်။

နောက်နေ့မနက် ၁၀ နာရီတွင် ဆိုနီ ပျော်ပွဲစားရုံနှင့် ကပ် လျက် ဆူပါမားကက် ရှေ့မ ကုန်တိုက်ကြီးရှေ့ရှိ ကားရပ် ကွက် လပ်တွင် 'အပြာရောင် ဗင်ကားတစီး ထိုးစိုက်လာသည်။

ကားမောင်းသူမှာ အသက်ငါးဆယ်ကြီးကြီးမိန်းမတဦးဖြစ်သည်။

ကားရပ် ကွက်လပ်ထဲမှာ ကားတွေ ပြည့်နေသည်။

မိန်းမကြီးသည် ကားကို ဖြည်းညင်းစွာမောင်းယင်း ကား ရပ်စရာ နေရာလွတ်ကို ရှာသည်။

ဆိုနီ ပျော်ပွဲစားရုံ၏ နောက်ဘက် ပေ (၃၀) အကွာရှိ တယ်လီဖုန်းတိုင်ဘေးတွင်ရပ်ထားသော ကားထဲ၌လူတယောက် အိပ်နေသည်။

'အရေးထဲ သူ အိပ်ပျော်နေပြန်ပြီ၊ ဒုက္ခပါပဲ'

ကားမောင်းသူ မိန်းမကြီးက သူမ၏ ရင်ဘတ်ဆီ ငုံ့၍ ပြော လိုက်သည်။

ကားထဲမှ အိပ်နေသောလူသည် သူ့ဘေးမှ ရေဒီယိုသံကြောင့် လန့်နိုးသွားသည်။

သူ့ကားကို မောင်းထွက်လိုက်သည်။

အပြာရောင် ဗင်ကားကို ထိုနေရာ၌ ထိုးရပ်သည်။

ဈေးဝယ်သူအချို့ ဈေးခြင်းတွန်းလှည်းကလေးများ တွန်း ထွက်လာနေကြသည်။





ကားမောင်း၍ နေရာဖယ်ပေးသော လူသည် သူ့ကားထဲမှ ဆင်းလာသည်။

'အစ်မကြီး — ခင်ဗျားကား ဘီးပေါက်နေပြီ ထင်တယ်'

'အို…ဟုတ်လား'

ထိုလူသည် ဗင်၏ တယ်လီဖုန်းတိုင်ဘေး ကားနောက်မြီးဆီ လျှောက်သွားသည်။

အညိုရောင် တယ်လီဖုန်းတိုင်ပေါ်တွင် အညိုရောင် ဝါယာ ကြိုး သေးသေးလေး နှစ်ချောင်းကို ဂျက်နှစ်ချောင်းနှင့် သွယ် ထားသည်။

ထိုလူက ၎င်းဂျက်နှစ်ခုကို ဗင်ကား၏ ဖင်ဒါတွင် တပ်ထား သည့် ဆော့ကက်ထဲသို့ ထိုးသွင်းပေးလိုက်သည်။

'မဟုတ်သေးဘူးဗျ၊ ခင်ဗျားကားတာယာက လေလျော့နေ တာပဲ၊ မပေါက်သေးဘူး၊ မောင်းလို့ရသေးတယ်'

ထိုပုဂ္ဂိုလ်သည် သူ့ကားနှင့် မောင်းထွက်သွားလေသည်။

ဗင်ကား၏ နောက်ခန်းထဲတွင် ကာဘာကော့ဗ်သည် လက် နှစ်ဘက်ကို ခေါင်းနောက်ပစ်ပြီး ထိုင်နေသည်။

နားကျပ်များ တပ်ထားပြီး ဆေးပြင်းလိပ်ကို သောက်နေ သည်။

'ခင်ဗျား တချိန်လုံး တပ်ထားစရာ မလိုဘူး'

ဖုန်းလိုင်းစုံ ခလုတ် အသေးစားလေးတွင် ထိုင်နေသော ထိပ် ပြောင်ပြောင်နှင့် လူငယ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ဆရာ၊ ခင်ဗျား နားကျပ် တချိန်လုံး တပ်ထားစရာ မလိုပါဘူးဗျ၊ ဖုန်းမြည်သံကြားမှ၊ ဖုန်းကို မ,လိုက်မှ ဒီဘက်မှာ မီးလင်းလာမယ်၊ အသံမြည်လာမယ်၊ ကော်ဖီသောက်ဦးမလား ရော့...'

လူငယ်က ကားရှေ့ခန်းနှင့် ခြားထားသော အကာနား ကပ်ပြီး အော်မေးသည်။

'ဟင့်အင်း...'

ဘာနီဘင်နာ၏ အမေသည် ယာဉ်မောင်းထိုင်သည့် နေရာ ဘေးသို့ ရွှေ့ထိုင်ပြီး သိုးမွေးထည်တခု ထိုးနေသည်။

အတော်ဆိုး ကြေးစား ဖုန်း ခိုးနားထောင်သူတဦး ဖြစ်သူ ဘင်နာ၏မိခင်ကြီးသည် ကားမောင်းပေးခြင်း၊ မသကာ မဖြစ် အောင် နေတတ်ခြင်း၊ ရဲအတွက် ချောင်းမြောင်း အကဲခတ် ပေးခြင်းတို့ကိုလည်း တာဝန်ယူ လုပ်ပေးလေ့ရှိ၏။

'တနာရီ (၁၁.၄၀) ဒေါ်လာနှုန်း အမေ့ကို ကျွန်တော် ပြန်ရှင်းပေးရတယ်၊ ပြီးတော့ ကျွန်တော် စားသောက်ဖို့လဲ သူက စိမ်ပေးတယ်'

ဘင်နာက ကာဘာကော့ဗ်အား ပြောသည်။

အချက်ပေး ကိရိယာမှ အသံမြည်လာသည်။

ဘာနီဘင်နာက တိတ်ရီကော်ဒါ ခလုတ်များကို လျင်မြန်စွာ နှိပ်လိုက်သည်။

သူနှင့် ကာဘာကော့ဗ် နားကျပ်များကို ပြိုင်တူတပ်လိုက် ကြသည်။





အရက်ဆိုင်ထဲ၌ ဖုန်း မြည်နေသံကို ကြားရ၏။

'ဟဲလို...ဆီနီ ဆိုင်ကပါ'

'ဖရက်ဒီလား...ဒီမယ်၊ အချစ်...ကျွန်မ ဒီနေ့မလာနိုင်ဘူး'

'ဒုက္ခပဲ ဖရန်စစ္စရာ၊ နှစ်ပတ်အတွင်း နှစ်ခါရှိပြီ၊ ဘယ် လိုလဲ'

'ဆောရီးပဲ ဖရက်ဒီရယ်၊ ကျွန်မ သိပ်နေမကောင်းလို့ပါ'

'တပတ်တခါ ဒီလိုပဲ ဖြစ်နေလားဟ၊ မီးယပ် သားဖွား ဆရာဝန်ဆီ သွားပြယင် ကောင်းမယ်၊ အာလင်း တယောက် ဆို...'

'သူ့အိမ်ကို ကျွန်မ ဖုန်းဆက်ပြီးပြီ၊ မရှိဘူး'

'အေး...နင် တယောက်ယောက်တော့ လွှတ်ပေး၊ ငါ တယောက်တည်း စားပွဲထိုးလုပ်၊ အရက်လဲ ရောင်းနဲ့ မနိုင် ဘူးဟ'

'ကျွန်မ လုပ်ပေးပါ့မယ် ဖရက်ဒီ'

ဖရက်ဒီ ဆိုသော အရက်ရောင်းသူက ဖုန်းချသွားသည်။ တဘက်မှ ဖရန်စစ္စကို ဆိုသော မိန်းမ၏ ရယ်သံကိုလည်း ကာဘာကော့ဗ်တို့ ကြားလိုက်ရသည်။

ကာဘာကော့ဗ်သည် မီးခိုးငွေ့ အကွင်းလေးများ မှုတ် ထုတ်ယင်း မိမိ စိတ်ရှည်မှု ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီဗွီ ဆိုင်ဖွင့်ပြီး နာရီဝက်အကြာက ကော်လီ၏တပည့်တဦးက ဆက်ပ် အတွက် အရေးကြီးသော သတင်းတခု ပေးခဲ့သည်။

ဖရက်ဒီအား ဒေါ်လာ ၅၀ လာဘ်ထိုးပြီး ဆက်ပ်ထံသတင်း မြန်မြန်ပို့ခိုင်းသည်။

ဆက်ပ် အတွက် အလုပ်တခုရှိကြောင်း၊ မန်ဟက်တန်ရှိ ဖုန်းနံပါတ်သို့ ဆက်သွယ်ရန် ဖြစ်ကြောင်း၊ ၎င်းနံပါတ်ကို ဆက်ပ် တဦးတည်းကိုသာ ပေးရန် မှာထားသည်။

အကယ်၍ ဆက်ပ်က ဖုန်းဆက်ခဲ့လျှင် ကော်လီက သူနှင့် တွေ့ဆုံရန် ပြားယောင်းပြောဆိုမည်။

ကာဘာကော့ဗ် မကျေနပ်။

ထို့ကြောင့် သူ ဘင်နာ့ကို ငှားခဲ့ခြင်း ဖြစ်သည်။

ဘင်နာသည် အစ္စရေးသံအဖွဲ့၏ ဖုန်းများကို မဆိုင်သူများ ခိုးယူ နားထောင်ခြင်းရှိမရှိ အပတ်စဉ် လုပ်အားခယူ၍ စစ်ဆေးပေးရခြင်း ဖြစ်သည်။

ကာဘာကော့ဗ်သည် ဤကိစ္စအတွက် ကော်လီကို မတိုင်ပင်ခဲ့ပေ။

ဘင်နာ၏ ခလုတ်ခုံမှ မီးလင်းလာသည်။

အရက်ဆိုင်ထဲရှိ ဒုတိယဖုန်းကို တစုံတယောက် မယူလိုက်ပြီး နားကျပ်များဖြင့် နားထောင်ရာ ဖုန်းကိုင်သူက ဂဏန်း ၁၀လုံး လှည့်ကြောင်း သိရသည်။





တဘက်မှ ဖုန်းမြည်နေပြီ။

ကိုင်မည့်သူ မရှိ။

ဘာနီဘင်နာ တိတ်ခွေကို လည်ပတ်နှုန်း လျှော့၍ ပြန်ဖွင့်သည်။

'သုံး....သုည... ငါး၊ နယ်မြေနံပါတ်၊ အဲဒါ ဖလော်ရီဒါပြည်နယ်၊ ဖုန်း နံပါတ်က ရှစ် သုည လေး ခြောက် သုည ခြောက် ကိုး၊ ခဏနေဦး....'

ဘင်နာသည် အညွှန်းနံပါတ် ဇယားချပ် အထူကြီးကို စစ်ဆေးလိုက်သည်။

'အနောက်ဘက် ပမ်းဘိချ် တဝိုက်က နံပါတ်ပဲ'

နောက်နာရီဝက် အကြာတွင် ၎င်း ဒုတိယဖုန်းမှ ၎င်းဂဏန်း ၁၀ လုံးကိုပင် ထပ်လှည့်ကြောင်း သိရပြန်၏။

'ဂလာမာရိဖ် ညှော့ရိပ်သာကပါ'

'ဟုတ်ကဲ့၊ ကျွန်တော် မစ္စတာဆက်ပ်နဲ့ ပြောချင်လို့ပါ၊ သူနဲ့ ပြောစရာရှိယင် ဒီနံပါတ်ကို ခေါ်ပါဆိုလို့'

'ခင်ဗျား ဘယ်သူလဲ'

'ဆီဗွီဆိုင်က ဖရက်ဒီဟော့ဂျ်၊ စ်၊ ကျွန်တော့်ကို မစ္စတာဆက်ပ် သိပါတယ်'

'ကောင်းပြီ၊ ဘာကိစ္စလဲ'

'ကျွန်တော့်ဆီ ဖုန်းပြန်ဆက်ခိုင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ဆီ ဖုန်းဆက်လို့ ရမရ ကျုပ်မသိဘူး၊ ခင်ဗျားနာမည် ဖရက်ဒီဟော့ဂျစ်၊ ဟုတ်လား'

'ဟုတ်တယ်၊ သူ့ ကျွန်တော့်နံပါတ် သိပါတယ်၊ အရေးကြီးတဲ့ အလုပ်ကိစ္စလို့ ပြောပါ'

'ဒီမယ် ဒါဆို ညနေ ငါးနာရီခြောက်နာရီ သူလာ့တတ်တယ်၊ တခါတလေပေါ့၊ တွေ့ယင် ပြောလိုက်ပါ့မယ်'

'အရေးကြီးတယ်လို့ ပြောပါ၊ ဖုန်းဆက်တာ ဖရက်ဒီဟော့ဂျစ် လို့'

'အင်း အင်း ပြောလိုက်မယ်'

ဖုန်းချသွား၏။

ဘာနီဘဲ့ဇ်နာသည် အနောက်ဘက် ပမ်းဘီချ် စုံစမ်းရေးဌာနသို့ ဖုန်းဆက်၍ ၎င်းနံပါတ်မှာ ဂလမ်မာရိဗ်ညွှန်ရိပ်သာ၏နံပါတ် ဟုတ်မဟုတ် မေးကြည့်သည်၊ နံပါတ်အမှန်ဖြစ်၏။

ကာဘာကော့ဗ် ဆေးလိပ်မှာ နှစ်လက်မမျှ မီး ကျန်နေသေး

ဆက်ပ်ကို ရှာဖွေရန် သိပ်ခဲယဉ်းတော့မည် မဟုတ်။

အရက်ဆိုင်ထဲ ဝင်သွားလျှင် တွေ့မည်ဟု ကာဘာကော့ဗ် ယူဆပြီး အနည်းငယ် အားတက်သွားသည်။

'ဘာနီ၊ဆွိနီရဲ့ ဆိုင်ကို ဆက်ပ် ဖုန်းဆက်ယင် ငါ့ကိုချက်ချင်း ပြောစမ်းပါကွာ'

'ခင်ဗျား ဘယ်မှာ ရှိနေမလဲ'





'ငါ ဖလော်ရီဒါ သွားမယ်၊ ငါ အဲဒီရောက်ယင် မင်းဆီ ဖုန်းနံပါတ် ပေးမယ်လေ'

ကာဘာကော့ဗ်က လက်ပတ်နာရီကို ကြည့်သည်။ ဂလာမာရိဗ်သို့ ညနေ ၅ နာရီ အရောက်သွားမည်။ သူ့အတွက် ၆ နာရီ အချိန် ရသေးသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၃ ။

အနောက်ဘက် ပမ်းဘိချ်ရှိ ဂလမ်မာရိဖ် ညှော်ရိပ်သာ ခန်း သည် သဲထူသော မြေကွက်၌ ဆောက်ထားသော တိုက်တလုံး ဖြစ်သည်။

တောင်ပိုင်း ပြည်နယ်၌ လေအေးစက် ခေတ်စားလာပြီး နောက်ပိုင်း ဆောက်လုပ်ထားသော အရက်ဆိုင် ညှော်ရိပ်သာ များပီပီ ပြတင်းပေါက်များ မပါရှိချေ။





နေ့ကတော့ 'ရှန်ဂရီလာ' ဟု ကင်ပွန်းတပ်ထားပြီး ခေတ် ...ဒ့်စက်နှင့် ဘိလိယက် ခုံများသာရှိသည့် အရက်ဆိုင်ဖြစ် ...ည်။

...လေအေးစက်သံကလည်း နားအူစရာ ကောင်းသည်။

...ယခုတော့ ပြောင်းလဲသွားပြီ။

...အခန်းကို ပို သားနားအောင် ပြင်ဆင်လိုက်ပြီ။

...မှာ ပွေသူများနှင့် ရှက်လှေ့ဖြင့် ဇိမ်ခံထွက်သော သဌေး ...များ ဝင်ထွက်ရာ နေရာတခု ဖြစ်လာခဲ့ပြီ။

...ဤ ညှော်ရိပ်သာ ဘားဆိုင်မှာ အိမ်ထောင်ရေး အဆင်မပြေ ...သာ အိမ်ထောင်ရှင် မိန်းမငယ်များကို ရှာတွေ့လှယ်၏။

...ပြီးတော့ ခပ်မွဲမွဲ ယောကျာ်းများကို ပိုက်ဆံရှိပြီး အသက် ...သော မိန်းမများက ရှာဖွေ ရွေးချယ်ရာ နေရာလည်း ဖြစ် ...ည်။

ကာဘာကော့ဗ်သည် ဘား ကောင်တာ အစွန်းတွင် ဘီယာ ... ထိုင် သောက်နေသည်။

သူနှင့် မိုရှက်ဗ်ငကီးတို့ လေဆိပ်မှ ကား ငှားပြီး ဤဆိုင်သို့ ...ခဲ့ကြသည်။

အပျော်တမ်း ငါးဖမ်းသူ အများအပြား ပိုင်ဆိုင်သည့် လှေ ...ဖြင့် ပြည့်ကျပ်နေသော လှေဆိပ်ကလေး တခု ရှိသည်။

ကာဘာကော့ဗ်တို့ အနေနှင့် လူကို အယင်ဆုံး ရှာရမည်။ ...ပြီးမှ လှေကို ရှာမည်။

နာရီဝက် ကြာသောအခါ ဘားခန်းထဲသို့ အသက် ၅၅နှစ် ...ရှိ လူကြီး တယောက် ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်က ဘီယာတခွက် ထပ်မှာပြီး ပြန်အမ်းငွေ တောင်းသည်။

ဆိုင်ထဲ ဝင်လာသောလူကို စီးကရက် ရောင်းစက်၏ ကြေးမုံ ချပ်မှ အကဲခတ်နေသည်။

အရပ် မနိမ့်မမြင့်၊ အသားညိုညို၊ ကြွက်သား ဖောင်းဖောင်း ပိုလိုစပို့ရှပ်အင်္ကျီ ဝတ်ထားသည်။

အရက် ရောင်းသူက သူ့ရှေ့တွင် အရက်တခွက်နှင့် အထု စာရွက်လေးတရွက် ချပေးသည်။

ထိုလူသည် အရက်ကို ခပ်ကြာကြာမော့သောက်ပြီး၊ အခန်း ထောင့်ရှိ ဖုန်းရုံဆီ လျှောက်သွားသည်။

ကာဘာကော့ဗ်သည် လက်သုတ်ပဝါပေါ် လက်ညှိုးနှင့် အရုပ် ရေးနေသည်။

ဖုန်းရုံထဲမှလူ စကားပြောနေကြောင်း တွေ့ရ၏။

ဘားကောင်တာမှ ဖုန်း နှစ်ကြိမ် မြည်ပြီး၊ အရက်ရောင်း သူက မလိုက်သည်။

စကားပြောခွက်ကို လက်ဝါးနှင့်အုပ်ပြီး၊ သူက ဆိုင်ထဲ လူများကို လှည့်မေးသည်။

'ဒီမှာ 'ရှယ်လီတေထမ်'ဆိုတာ ရှိလား....ဗျို့'

မည်သူမှ မထူး။

'ဆောရီးဗျာ၊ မရှိဘူး'

ဖုန်း ချလိုက်သည်။





ခုနက ဖုန်းဆက်သူမှာ မိုရှက်ဗ်စကီးဖြစ်၏။

ဂလမ်မာရိဖ် ရိပ်သာအပြင်ဘက်၊ အများသုံးဖုန်းမှ ကာဘာ ကော့ဗ်ထံ စကားဝှက်ဖြင့် အကြောင်းကြားခြင်း ဖြစ်သည်။

အက်စ်ပြူရီပတ်ခ်မြို့မှ ဘာနီဘင်နာက သတင်းပို့လိုက်ပြီ။

ဆီနီဆိုင်သို့ ဆက်ပ် ဖုန်းခေါ်နေကြောင်း။

ယခု....အရက်ခန်းထောင့် ဖုန်းရုံထဲမှ ပုဂ္ဂိုလ်သည် 'ဂျယ်ရီ ဆက်ပ်' ဖြစ်၏။

ကာဘာကော့ဗ်သည် မိုးမချုပ်မီ နာရီဝက်အလိုတွင် လမ်း ဘားဖုန်းမှ အကြွေထည့်၍ ရေချယ့်ထံ ဖုန်းဆက်သည်။

'ဟဲလို....'

'ရေချယ်.... ညစာ စားနှင့်တော့၊ ကိုယ် ဖလော်ရီဒါ ရောက် နေတယ်'

'လှေကို ရှာလို့တွေ့ပြီလား'

'အင်း၊ ဆက်ပ်ကိုတော့ တွေ့ပြီ၊ သူ့နောက်က လိုက်သွား ည့်ပြီးပြီ၊ လှေကို မစစ်ဆေးရသေးဘူး၊ ဆက်ပ်နဲ့လဲ စကား ပြောရသေးဘူး၊ ဒီမယ်....နက်ဖြန်ကျ ကော်လီ့ဆီ ဖုန်းဆက် က်ပါ၊ ဆက်ပ်နဲ့ သူ့လှေဟာ အနောက်ဘက် ပမ်းဘိချ်နားက ကလီးယား စပရင်' လှေဆိပ်မှာ ရှိတယ်လို့.... ဟုတ်ပြီလား၊ ကာ အခု အစိမ်းရောင်၊ နံပါတ်က အက်ဖ်အယ်လ် ၄၀၄၀ အယ်လ်၊ နက်ဖြန်မနက် ၁၀ နာရီလောက် သူ့ဆီဆက်၊ က် မစောနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဒီည အဲဒီလှေပေါ်သွားကြည့်မယ်ဟုတ်လား၊ မနက်ဖြ ရှင် မသေသေးယင်တော့ ကော်လီ့ဆီ ဖုန်း မဆက်နဲ့တော့လို့ ကျွန်မကို လှမ်းတားဦးမယ် မဟုတ်လား'

'အင်း....ဒီလှေဆိပ်က သင်္ဘောတွေမှ သုံးတာ၊ (မာဗီးယား ဗိုလ်ကြီး) လပ်ကီးလူစီယာနိုကိုယ်တိုင် သူ့လှေကို ဒီမှာ ဟိုး နှစ်ပေါင်း များစွာကတည်းက ထားခဲ့ဖူးတယ်၊ နောက်ပြီး— တခြား နာမည်ကျော် ရာဇဝတ်ကောင်တွေရဲ့ လှေတွေလဲ ထား ဖူးတယ်၊ အဲဒါငါးများစာရောင်းတဲ့ဆိုင်ရှင်လူကြီးက ကိုယ့်ကို ပြောပြတာပဲ၊ အဲဒါသိရအောင် ပုစွန်ဆိတ်ကလေးတွေ သုံး တပုံးစာ ဝယ်ခဲ့ရသေးတယ်လေ'

'ကော်လီနဲ့အတူ ဝရမ်း ကိုင်ပြီးသွားယင်ကော'

'သူတို့ ဂျူးတွေကို လက်မခံချင်ကြဘူး'

'မိုရှက်ဗ်စကီးကို ခေါ်သွားမှာလား'

'အင်း'

'ဒေးဗစ်'

'အို ...'

'ရှင့်ကို ကျွန်မ အတိုင်းအတာ တခု အထိတော့ ချစ်ပါ တယ်'

'ဝမ်းသာပါတယ် ရေချယ်'

ကာဘာကော့ဗ် ဖုန်းချလိုက်သည်။

၎င်းလှေဆိပ်မှာ လှူသူ ကင်းမဲ့ကြောင်း ၁၄ ပေ မြင့်သော ခြံစည်းရိုး ပတ်ချာ ဝိုင်းကာထားကြောင်း၊ မီးဆလိုက်များ ထွန်းထားကြောင်းကို ကာဘာကော့ဗ် မပြောပြလိုက်ပေ။





ဝင်ပေါက်နှင့် ဆိပ်ခံတံတားများကို ပြောင်းဖြတ် နှလုံးပြူး သေနတ် ကိုင်ဆောင်သည့် အရပ်မြင့်မြင့် လူနှစ်ဦး စောင့်ကြပ်နေ ကြောင်းကိုလည်း သူ မပြော။

ကာဘာကော့ဗ်သည် လှေငယ်တစီးကို ကားနောက်တွဲပေါ် ချိတ်လျက် သစ်တောအုပ်ထဲသို့ မိုင်ဝက်ခန့်အထိ မောင်းဝင် လာသည်။

ကားကို ချုံတော ထူထူအောက် ရပ်ကာ မိုရှက်ဗ်စကီး ဝမ်း လျားမှောက်၍ မှန်ပြောင်းဖြင့် ကြည့်နေသော နေရာသို့ မြက် ခင်းကုန်းလျှောလေး ပေါ်မှ ဆင်းသွားသည်။

'ဒီကောင် လှေပေါ်မှာပဲ ရှိတယ်၊ ဒီသဲထဲမှာ ကြွမ်းပိုးတွေ အများကြီးဗျာ'

ကာဘာကော့ဗ်သည် သူ့မှန်ပြောင်းဖြင့် 'ဝပ်စ်ရေကန်ကြီး' ထဲသို့ ထိုးထွက်နေသော ဆိပ်ခံတံတားရှည် သုံးခုကို အကဲ ခတ်လိုက်သည်။

အခဝေးဆုံးတံတားတွင် အစောင့် တယောက်။

ဦးထုပ် နောက်လှန် ဆောင်းထားသည်။ ဤလှေဆိပ် တခု လုံးမှာ မသက်သာဖွယ် ကောင်း၏။

ပြီးတော့....

ကြီးကျယ် ခမ်းနားမှုလည်း ရှိသည်။

ဂိဘ်ဝမှာ ဝရမ်းသွား ပြလျှင် ဘာတွေ ဖြစ်ကုန်မလဲ။ လှေ များဆီသို့ သူတို့ အချက်ပေးလိုက်ပါက လှေများပေါ်မှ တရား ခံဝင် ပစ္စည်းမှန်သမျှ ရေထဲ ပစ်ချလိုက်မှာ သေချာသည်။

ဆက်ပ်၏ လှေပေါ်တွင် သဲလွန်စ တခုခုတော့ ရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်....

ဆက်ပ်၏ ဦးခေါင်း ထဲတွင် ရှိမည်။ အာရပ်များကို ဒု
လက်ညှိုး ထိုးပြနိုင်ရမည်။

'သူ ထွက်လာပြီ'

မိုရှက်ဇ်စကြီးက ပြောသည်။

ကာဘာကော့ဇ်သည် အစိမ်းရောင် လှေကို မှန်ပြောင်းဖြ
ချိန်ကြည့်သည်။

ဆက်ပ်သည် ညစာ စားပွဲတက် ဝတ်စုံဝတ်ထားပြီး လှေ
ပေါ်မှနေ၍ ရော်ဘာဖောင်လေးပေါ် ဆင်းသည်။

ထိုဖောင်ငယ်ဖြင့် ဆိပ်ခံတံတားဆီ ကူးသွားသည်။

'သူ ဘာလို့ လှေပေါ်ကနေ တံတားဆီကူးပြီး လျှော
မသွားသလဲ'

မိုရှက်ဇ်စကြီးက မှန်ပြောင်းချ၍ မျက်လုံးပွတ်ယင်း ပါးစပ်
ခပ်တိုးတိုး ပြောသည်။

'ဘာလို့ဆို....အဲဒီ တံတားတခုလုံး ပုံးဆင်ထားလို့ပေါ့၊ ကဲ-
အဲဒီလှေဆီ သွားကြစို့.'

ကာဘာကော့ဇ်သည် မှောင်ထဲတွင် တံတား အောက်
ဖြည်းညင်းစွာ ရေကူးသွားသည်။

ပင့်ကူအိမ်များ သူ့မျက်နှာပေါ် ကပ်ကုန်သည်။ ငါးအသေ
အပုပ်နံ့များ ရ၏။





ဆိပ်ခံတံတားနှင့် ဖင်ကပ်၍ ဆိုက်ကပ်ထားသော မော်တော်
လှေများ၏ သဏ္ဍာန်များကို တွေ့ရသည်။

ဘာဘက်မှာ လှေ ၇ စီး။ နောက်ခြောက်စီး ကျန်သေး
သည်။

သူ့ဦးခေါင်းအထက် တပေခွဲအကွာတွင် တံတားပျဉ်ချပ်
များပေါ် ရိုက်ထားသည့် သံချွန်များ ရှိသည်။

ရေတက်လာလျှင် ဤကဲ့သို့ တံတားအောက်မှ သွားဖို့
လွယ်။ ငယ်ထိပ် သံစူးမှာ သေချာ၏။

သူ့လည်ဂုတ်ပေါ်မှ ပင့်ကူတကောင် လျှောက်လာသဖြင့်
ရှုပ်ချလိုက်ရသည်။

ရေက ဒီဇယ်ဆီအရသာ ဖြစ်နေသည်။

ပန်ခွက်ထဲ ရေခဲတုံးလှုပ်ခတ်သံနှင့် မိန်းမတဦး၏ ရယ်သံ
ကို ကြားရသည်။

ကာဘာကော့ဇ်သည် သူ့ပစ္စည်းအိတ်ကို ကျောပေါ်တွင်
သေသေချာချာတိန်း၍ ဆက်ကူးသွားသည်။

သည်လှေပဲ ဖြစ်မည်။

ကာဘာကော့ဇ်သည် ကြိုးအစုတ်အပြတ်ကို ရှောင်တိမ်း၍
တံတား အစွန်းအောက်တွင် ရပ်လိုက်သည်။

လှေ၏ ပဲ့ပိုင်းကို တွေ့ရ၏။

နာရီကို ကြည့်သည်။

မိုရှက်ဇ်စကြီး မောင်းသော ပဲ့ချိတ်ကလေးပေါ်မှ သူ ခုန်ချခဲ့
သည်မှာ ၁၅ မိနစ် ရှိသွားပြီကော။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပ် တယောက် အချိုပွဲကို အရသာခံစားနေပါတော့ ဆုဘောင်းမိသည်။

ဆက်ပ်သည် အရေးပေါ် အချက်ပေးစနစ် တခုခုတပ်ထား ပေမည်။

ထိန်းချုပ်ခန်းအဝင်ဝ ခြေသုတ်ခုံပေါ်တွင် ခြေထောက် နင်းလျှင် အချက်ပေးသော ကိရိယာမျိုး၊ သည့်ထက်ပိုကောင်း သော ပစ္စည်းမျိုးလည်း ရှိမည်။

ကာဘာကော့ဗ်သည် လှေဘေးမှ ဆက်ကူးသွားသည်။

လှေပေါ်သို့ (၁၁၀)ဗို့အားပေးသော ဓာတ်ကြိုးကို တွေ့၏။ ၎င်းကြိုးမှ ဂျက်ကို ဖြုတ်လိုက်ရာ လှေပေါ်သို့ ကုန်းပေါ်မှ လွှတ်သော ဓာတ်အား မရောက်နိုင်တော့ပေ။

ခြေသံများ ကြားရသည်။ တံတားပေါ်မှ နင်းလျှောက် သွားသဖြင့် သူ့မျက်နှာပေါ် သဲများ ဖုန်များ ကျလာသည်။

ကာဘာကော့ဗ် လှေပေါ်သို့ တွယ်တက်သည်။

ဘေးချင်းကပ် ရွက်လှေ၏ အခန်းထဲသို့ မြင်ရသည်။

ထိုင်ခုံရှည် ပေါ်တွင် ယောကျ်ား တယောက်နှင့် မိန်းမ တယောက် ထိုင်နေသည်။

သူတို့၏ နောက်ကျောများကိုသာ တွေ့ရသည်။

သူတို့ ကြည်နူးနေကြ၏။

မိန်းမ ဦးခေါင်း ပျောက်ကွယ်သွားသည်။

ကာဘာကော့ဗ်သည် ကုန်းပတ်ဦးပိုင်းပေါ်တက်လာသည်။

ရှေ့မှန် ပြတင်းနား မှောက်နေသည်။

မှန်ချပ်ကို တင်းကျပ်စွာ ပိတ်ထားသည်။



ကာဘာကော့ဗ်က သူ့ဝက်အူဖြင့် ပြတင်းပေါက်မှ လက် လျှိုနိုင်သည့် အပေါက်တပေါက် ဖောက်ထုတ်သည်။

တံခါးဘောင်ကို လျှောက်စမ်းသည်။

ထင်သည့်အတိုင်း သံလိုက်စနစ်ဖြင့် သူခိုးဖမ်းကိရိယာ တပ် ဆင်ထားသည်။

ကာဘာကော့ဗ်သည် ကိရိယာ အသံမမြည်အောင် သံလိုက် ကို မ,ထားပြီး၊ တံခါး လှန်ဖွင့်၍ အထဲဝင်လာသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၄ ။

ဘာသံမှ မမြည်။
မှန်ချပ်ကို ပြန်ပိတ်သည်။
သံလိုက်ကို ပြန်ထားသည်။
ကာဘာကျော့ဇ်သည် သက်ပြင်းချလိုက်၏။
သူ ယခင်ကအတိုင်း ပြန်ဖြစ်လာပြီ မဟုတ်လား။
လက်နှိပ် ဓာတ်မီး သုံး၍ အချက်ပေး စနစ်၏ 'ဆာကင်' သေတ္တာမှ ဆက်သွယ်မှုများကို ဖြုတ်တောက်လိုက်သည်။





ဆက်ပ်သည် စိုင်ယာကို သေသပ်စွာ ပတ်ထား၏။
ကာဘာကျော့ဇ်သည် လှေပေါ်၌ စိတ်ကြိုက် လမ်းသလားနိုင်ပြီ။
ရှေ့ခန်းထဲရှာကြည့်ရာ အကောင်းစားကိုကင်း တအောင်စနှင့် ကိုကင်းရှုသည့် ဇွန်းတချောင်းမှအပ ထူးထူး ခြားခြား ဘာမျှ မတွေ့။
မီးမှိတ်ပြီး ပင်မအခန်းထဲဝင်မည့် တံခါးကို ဖွင့်သည်။
ဆိပ်ကမ်းမှ မီးရောင်များက လှေပေါ်သို့ အနည်းငယ်သာ လင်းစေသည်။
ကာဘာကျော့ဇ်က ပါရာ ဘယ်လမ် ပစ္စတိုကို ထုတ်ပြီး မောင်းတင် ထားလိုက်သည်။
အခန်းထဲမှာ တစုံတခု လှုပ်သွားသည်။
ဟော... တွေ့ပြန်ပြီ။
သေးသေးကွေးကွေး အရာတခု။
ကာဘာကျော့ဇ် စကြံလမ်းပေါ် မှောက်ချပြီး၊ ထိုအရာကို ဆိပ်ကမ်းမှ အလင်းရောင် အောက်၌ ပုံဖမ်း၍ ရစေရန် လှမ်းကြည့်နေသည်။
သူ ပြုံးလိုက်၏။
ဆိပ်ကမ်းမှ လှေပေါ်ခိုးတက်လာမည့်သူကို စူးစမ်း ထောက်လှမ်း၍ အချက်ပေးမည့် လျှပ်စစ်ကိရိယာတမျိုး ဖြစ်သည်။
ပေါ်တာ သိပ်မကြာသေး။
ဈေးလည်း ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ခန်းကို အချိန်ပြည့် မရပ်မနား ဗယ်မှညာ၊ ညာမှ ဗယ်သို့ ရွေ့လျား ထောက်လှမ်းနေသည်။

ကာဘာကော့ဗ်က ဂုင်းကီရိယာနောက်သို့ သွားပြီး ခလုတ် ပိတ်ပစ်လိုက်သည်။

လှေပေါ်၌ တနာရီခန့် ရှာဖွေခဲ့သည်။

ပဲ့ထိန်းဘီးနားရှိ အံ့ဘွက်တခုတွင်း၌ ဘယ်လ်ဂျီယံနိုင်ငံလုပ် အက်ဖ်အင်န် အော်တိုမစ်တစ် ရိုင်ဖယ် တလက်နှင့် ခြောက် လုံးပြူး တလက်ကို တွေ့သည်။

သို့သော် ပလပ်စတစ် ဗုံးများ မှောင်ခို တင်ရာ၌ ဆက်ပ် သို့မဟုတ် ဆက်ပ်၏ လှေပါဝင် ပတ်သက်ကြောင်း အထောက် အထား ပြစရာ ဘာမှမရှိ။

လှေဦးမှ ဒုန်းကနဲ မြည်သံကြောင့် ကာဘာကော့ဗ် အာရုံ ပျက်သွားသည်။

ရော်ဘာ ဖောင်ကလေး လှေနှင့် ဝင်ဆောင့်မိသံဖြစ်သည်။

ဆက်ပ် ပြန်လာပြီ။

ကာဘာကော့သည် ရွှေခန်းသို့ သွားပြီး လှေဦးပိုင်း ချောင် ကလေးတွင် ပုန်းနေသည်။

သူ့အပေါ်မှ အဖုံးပွင့်လာပြီး ခြေထောက်နှစ်ချောင်း ကျ လာသည်။

ဆက်ပ်၏ ဦးခေါင်း အပြင်၌ ရှိနေစဉ် ကာဘာကော့ဗ်က ဆက်ပ်၏ အရှိက်ကို ဖနောင့်ဖြင့် ဆောင့်ကန်လိုက်သည်။



ဆက်ပ် သတိရလာသောအခါ စည်ပိုင်းတလုံးတွင် လက်နှင့် ခြေပါ ကြိုးနှင့် တုပ်ထားပြီး ပါးစပ်ထဲ ခြေအိတ် ဆို့ခံထားရ ကြောင်း သိသည်။

မျက်နှာကျက်တွင် ဝါကြန့်ကြန့် ရေနံဆီ လက်ဆွဲ မီးအိမ် တလုံး ချိတ်ထားသည်။

ကာဘာကော့သည် ဆက်ပ်နှင့် မျက်နှာချင်းဆိုင် အိပ်စင်၌ ထိုင်လျက် ဆေးလိပ် ဖွာယင်း ဆက်ပ်၏ ရေခဲခွဲ သံချွန်ဖြင့် လက်သည်းချေးထုတ်နေသည်။

'မင်္ဂလာ ညနေခင်းပါ မစ္စတာဆက်ပ်၊ ခင်ဗျား ခေါင်း မကြည်သင်သေးယင်ပြော၊ ရေထပ်ခလောင်းပေးမယ်၊ ဟုတ်ပြီ လား၊ နိုဝင်ဘာလ ၁၂ ရက်နေ့က ခင်ဗျား နယူးဂျာစီ ကမ်း ရိုးတန်း အလွန်မှာ ကုန်သင်္ဘော တစင်းပေါ်က ပလပ်စတစ်ဗုံး တွေ ခင်ဗျား သယ်ပေးခဲ့တယ်၊ ခင်ဗျားနဲ့အတူ ဘယ်သူတွေ ပါသလဲ၊ ပလပ်စတစ် ဗုံးတွေ ခု ဘယ်မှာလဲဆိုတာ ကျုပ်ကို ပြောပါ၊ ခင်ဗျားနဲ့ ပတ်သက်ပြီး တခြားကျုပ် ဘာမှ မသိချင် ဘူး၊ ခင်ဗျား ပြောပြယင် ခင်ဗျားကို ဘာမှ မလုပ်ဘူး၊ မပြော ပြယင်တော့ ခင်ဗျား သေရတာထက်ဆိုးတဲ့ ဝေဒနာတွေ ခံစား ရလိမ့်မယ်၊ မျက်လုံး ကန်းမယ်၊ ခင်ဗျား ဆွံ့အသွားမယ်၊ ခြေ လက်ကျိုးသွားမယ်၊ ခင်ဗျားယုံအောင် ကျုပ် နမူနာ လုပ်ပြဦး လိုဦးမလား၊ မလိုပါဘူးနော်၊ ကဲ ခင်ဗျား ပါးစပ်ထဲက ခြေ အိတ်ကို အယင်ထုတ်ပေးမယ်၊ ခင်ဗျားအော်ယင် ခင်ဗျားဆက် ပြီးအော်ချင်အောင် ကျုပ်တခုခု လုပ်ပေးမယ်၊ နားလည်လား'

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပ် ခေါင်းညိတ်သည်။

'ခင်ဗျား ဘယ်သူလဲ'

'ခင်ဗျားအလုပ်မဟုတ်ပါဘူး၊ ပလပ်စတစ်ဗုံး အကြောင်းသာ ပြောစမ်းပါ'

'ကျုပ် ဘာမှ မသိဘူး၊ ကျုပ်မှာ ဘာအပြစ်မှ မရှိဘူး'

'တရားဥပဒေ ဘက်ကနေလှည့်ပြီး အကာအကွယ် ယူမယ် မကြံနဲ့မစ္စတာဆက်ပ်၊ ခင်ဗျား ကျုပ်ကို ရှောင်ရှားလို့ မရဘူး၊ ခင်ဗျားရဲ့အလုပ်ရှင်တွေဟာ မာဖီးယားဂိုဏ်း အဆက်အသွယ်တွေ မဟုတ်ပါဘူး၊ ဒီလူတွေကို ခင်ဗျား အကာအကွယ် မပေးချင်စမ်းပါနဲ့လေ'

ဆက်ပ် ဘာမှ မပြော။

'အက်ဖ်ဘီအိုင်က ခင်ဗျားကို မှောင်ခိုမှုနဲ့ လိုက်ရှာနေတယ်၊ တော်ကြာကျ ခင်ဗျားကို လူအများကြီး သတ်မှုနဲ့ ထပ်ရှာမယ်၊ ပလပ်စတစ်ဗုံးတွေ အများကြီး ပါတယ်နော် ဆက်ပ်၊ ခင်ဗျား ကျုပ်ကို မပြောပြယင် လူတွေအများကြီး သေကြရမယ်၊ ကျုပ် စကားပြောယင် ကျုပ်ကို ကြည့်နေစမ်း'

'သွားသေလိုက်ပါလား'

ကာဘာကော့ဗ် ဆက်ပ်ဆီ ထသွားပြီး ပါးစပ်ထဲ ခြေအိတ် ပြန်ထိုးထည့်သည်။

ဆံပင်မှဆွဲပြီး ခေါင်းကို သဘောနံရံနှင့် ဆောင့်ပေးသည်။

သူ့မျက်လုံးနား ရေခဲ သံချွန်များ ကပ်နေ၏။

ကာဘာကော့ဗ်က သံချွန်ကိုယူပြီး ဆက်ပ်၏နားနားထောက်ထားလိုက်သည်။





ဆက်ပ် မျက်နှာ သွေးမရှိ။ အခန်းထဲ၌ ညှီနံ့ကြီးတခု နံလာ၏။

'ကျုပ် စကားပြောယင် ကျုပ်ကိုကြည့်၊ ကဲ၊ ဘယ်လိုလဲ၊ ဟုတ်ကဲ့ဆိုယင် မျက်တောင်တချက် ခတ်ပြ၊ ငြင်းယင်အသေပဲ'

ဆက်ပ်က မျက်တောင် ခတ်ပြသည်။

ကာဘာကော့ဗ်က ခြေအိတ်ကို ပါးစပ်ထဲမှ ထုတ်ပေး၏။

'ကျွန်တော် လိုက်မသွားပါဘူး၊ ပလပ်စတစ်မှန်းလဲ မသိဘူး'

ဆက်ပ် အမှန်အတိုင်း ပြောကြောင်း ကာဘာကော့ဗ်သိ၏။ လက်တီးရှားမှ ဖော်ဇီပြောသော လူထက် ဆက်ပ်က အရပ် ပိုပုသည်။

'ဒါပေမယ့် ခင်ဗျားလှေက သွားတယ်လေ'

'ဟုတ်တယ်၊ ဘယ်သူ ယူသွားမှန်း မသိဘူး၊ တကယ်ပြောတာပါ၊ ကျွန်တော် ဘာမှ မသိဘူး၊ ကျွန်တော့် အလုပ်က မစပ်စုဖို့ပဲဗျ၊ ဘာမှလဲ မသိချင်ဘူး'

'ခင်ဗျားတို့ ဘယ်လို ဆက်သွယ်ခဲ့ကြသလဲ'

'အောက်တိုဘာလ နောက်ဆုံးပတ်တုန်းက လူတယောက်က ကျွန်တော့်ဆီကို ဖုန်းဆက်တယ်၊ နိုဝင်ဘာလ ၈ ရက်၊ တပတ်လုံး လှေကို အသင့် ပြင်ခိုင်းထားတယ်၊ သူ ဘယ်သူဆိုတာ မပြောဘူး၊ ကျွန်တော်ကလဲ မမေးမိဘူး၊ လှေအကြောင်းတော့ သူ သေသေချာချာ မေးတယ်၊ ခေတ်မီလျှပ်စစ်ကိရိယာ အသစ်တွေ ပါမပါ စသဖြင့်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'လျှပ်စစ်ပစ္စည်း အသစ်တွေ ဟုတ်လား'

'အင်း၊ နေဦး၊ ကျုပ် နားရွက်ထဲက ခင်ဗျား သံချွန်ကြီး ထုတ်ပေးစမ်းပါ'

'ကောင်းပြီ၊ နောက်ထပ် ညာယင် ဟိုဘက်နားကို ဖောက်ပစ်မယ်၊ ခင်ဗျားကို ဖုန်းဆက်တဲ့ လူက ခင်ဗျားလှေကို သိပြီးသွားလား'

'အမယ်လေးဗျ....'

ဆက်ပ်က သူ့ခေါင်းကို ဗယ်ညာ ယမ်းခါလိုက်သည်။

'သူသိတယ်ထင်တာပဲ၊ ဒီလှေကို သူငှားလိုရတာ သူ့အတော် အကျိုးရှိမယ့်ပုံပဲ၊ နောက် နှစ်ရက်ကြာတော့ အက်င်မြူရီပါခ်က ဆိုနီရဲ့ဆိုင်ကို စာတိုက်ကနေ ငွေဘစ်ထောင်ပို့လိုက်တယ်'

'အဲဒီစာအိတ် ရှိသေးလား'

'စာအိတ်မှာ ဘာမှမပါဘူး၊ နယူးယောက်မြို့တော် စာတိုက်တံဆိပ်ပဲ ပါတယ်'

'သူ နောက်တခါ ထပ်ခေါ်သေးလား'

'ဟုတ်တယ်၊ နိုဝင်ဘာ ၁၀ ရက်လောက်မှာ၊ ၁၂ ရက်နေ့ အင်္ဂါနေ့မှာ လှေယူမယ်တဲ့၊ အဲဒီညက ဆိုနီ့ဆိုင်ကို ပိုက်ဆံထပ်ပို့တယ်'

'ဘယ်လောက်လဲ'

'လှေအတွက် နှစ်ထောင်၊ ၆၅၀၀ က စဘော်၊ အားလုံး ငွေစက္ကူတွေပဲ၊ ချက်မပေးဘူး'

'ဘယ်လို ပို့ပေးလဲ'





'တက္ကစီတစီးက ခြင်းတောင်းတခုနဲ့ လာပို့တာပဲ၊ အပေါ်မှာတော့ စားစရာတွေ ဖုံးထားတယ်၊ နောက် နည်းနည်းကြာတော့ ဖုန်းလာတယ်၊ ဒီငနဲပဲ၊ ကျွန်တော်က လှေ ဘယ်မှာ သွားယူရမယ်ဆိုတာ ပြောပြလိုက်တယ်'

'သူ လှေလာယူ၊ ပြန်လာထားတော့ ခင်ဗျား သူ့ကို လုံးလုံး တွေ့လိုက်ဘူးလား'

'ဟင့် အင်း'

ဆက်ပ် သည် တွမ်စ် မြစ်ထဲမှ လှေအိမ်(ဂိုဒေါင်)အကြောင်း ပြောပြသည်။

ကာဘာကော့ဗ်က သူ့အိတ်ထဲမှ ဖာဆေးလ် ခေတ်ပုံနှင့် သေကာဖွယ် မိန်းမ၏ 'အိုင်ဒင်တီကစ်' ရုပ်ပုံတို့ကို ထုတ်ပြလိုက်သည်။

ဆက်ပ်က ခေါင်းခါပြသည်။

'ကျွန်တော် သူတို့လှေနဲ့ အတူ လိုက်မသွားဘူး ဆိုတာ ခင်ဗျားမယုံယင် ကျွန်တော် သက်သေ ပြနိုင်ပါတယ်ဗျာ၊ အက်ဗ်မြူရီပါခ်က သွားဆရာဝန်ဆီမှာ 'သွား' သွားပြနေရတယ်၊ ဘောက်ချာတောင် ရှိသေးတယ်'

'နေပါစေ၊ ယုံပါတယ်၊ ခင်ဗျား ဒီလှေပိုင်တာ ဘယ်လောက်ကြာပြီလဲ'

'ရှစ်နှစ်ရှိပြီ'

'အယင်ပိုင်ရှင် ဘယ်သူလဲ'

'ကျွန်တော့်ဘာသာ ဆောက်ယူတာ'



www.burmeseclassic.com

www.burmeseclassic.com



‘စဘော်ကို ဘယ်လို ပြန်အမ်းလဲ’

‘ကျွန်တော့် ကားနောက် အံဖိုးထဲက ခြင်းတောင်းထဲမှာပဲ ပြန်ထားပေးတယ်၊ ကားသော့ကို ကားထဲက ကော်ဇော့ခင်း အောက်မှာ ထားပေးခဲ့တယ်၊ တယောက်ယောက် လာယူသွားတာပေါ့’

ကာဘာကော့ဗ်က ဆက်ပ်ကို မြေပုံဇယားချပ်တခုကို အနားနှစ်ဘက်မှ ဖြန့်ပြပြီး မေးသည်။

‘ဒီမြေပုံက အမှတ်အသားတွေက ခင်ဗျား လက်ရာလား’

‘မဟုတ်ဘူး၊ ဒီဥစ္စာ ဒီလှေပေါ်မှာရှိမှန်း စောစောကသိယင် ကျွန်တော် လွှင့်ပစ်လိုက်မှာပေါ့’

၎င်းမြေပုံမှာ နယူးဂျာစီ ကမ်းရိုးတန်း မြေပုံ ဖြစ်သည်။

ကာဘာကော့ဗ်က ဖလော်ရီဒါမြေပုံကို ပုံးထဲမှ ဆွဲယူပြ ပြန်၏။

‘ဒါရော ခင်ဗျား မှတ်ထားတာလား’

‘အင်း’

ကာဘာကော့ဗ်က ဇယားနှစ်ခု တိုက်ကြည့်သည်။

ဆက်ပ်၏ လက်ရေးက အခြားမြေပုံမှ လက်ရေးနှင့် မတူ။ နယူးဂျာစီ မြေပုံတွင် လက်တီးရှား သင်္ဘောနှင့် တွေ့ဆုံရန် အချိန်ကို ၂၁ း ၁၅ နာရီဟု ရေးထားသည်။

ကမ်းစောင့်တပ် မော်တော်သည် ဆက်ပ်၏ လှေကို အမေရိကန်ပြည်ထောင်စု အရှေ့ကမ်းရိုးတန်း စံတော်ချိန် ၁၇း၀၀ နာရီ၌ တွေ့ခဲ့ကြောင်း သတင်းပေးသည်။





ပလပ်စတစ်ဗုံးများ ပြောင်းရွှေ့ခြင်းမှာ အလွန်ဆုံး နာရီဝက် ရှိမည်။

ထို့ကြောင့်—

၁၆ း ၁၅ သို့မဟုတ် ၁၆ း ၃၀ နာရီလောက်မှာ ဆုံကြမည်။

ဘာလို့ ၂၁း၁၅ နာရီဟု ငါးနာရီ နောက်ကျ၍ ရေးသလဲ။

ပြီးတော့....

တွမ်စ် မြစ် လှေဂိုဒေါင်မှ ထွက်ခွာချိန်၊ မောင်းနှင်ချိန်များ ကိုလည်း ထိုကဲ့သို့ပင် ငါးနာရီစီ နောက်ကျပြီး ရေးမှတ်ထား သည်။

စဉ်းစားမရ။

ဪ....သိပြီ....သိပြီ။

လှေငှားသော ငနဲသည် လေယာဉ်ပိုင်းလော့များ အသုံးပြုသော ဂရင်းနစ် စံတော်ချိန်ကို သုံးစွဲမှတ်သားခဲ့ခြင်း ဖြစ်သည်။

‘ခင်ဗျားအသိထဲမှာ ကြေးစား လေယာဉ်မှူးတွေ ဘာတွေ ရှိလား’

‘တယောက်မှ မရှိဘူး’

‘စဉ်းစားပါဦး’

‘ဂျမေကာကျွန်းက စီးပွားရေး လေယာဉ်ကုမ္ပဏီမှာ မောင်းတဲ့ ပိုင်းလော့ တယောက်တော့ ရှိတယ်၊ ဒါပေမယ့် ဒီငနဲကို အက်ဖ်ဘီအိုင်က ဆုံးမလိုက်ပြီး ကတည်းက ဂျမေကာမှာပဲ နေတော့တယ်၊ အဲ....သူတယောက်ပဲ ရှိတယ်’



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ပိုင်းလော့ တယောက်မှ မသိဘူး၊ ခင်ဗျားလော့ ငှားတဲ့လူကိုလဲ မသိဘူး၊ ခင်ဗျား ဘာမှလဲ မသိပါလား မစ္စတာ ဆက်ပ်'

'ဟုတ်တယ်၊ ဘာမှ မသိဘူး၊ ခင်ဗျား ကျွန်တော့်ကို ဖမ်းချင်ဖမ်း၊ မသိတာတော့ အမှန်ပဲ၊ မိုးကြိုးပစ်ရစေ့'

ကာဘာကော့ဗ်က ဆက်ပ်ကို ညှဉ်းပန်းသင့်၊ မသင့် စဉ်းစားသည်။

သူ မလုပ်ချင်။

စိတ်ကုန်နေပြီ။

ညှဉ်းပန်း နှိပ်စက်ခြင်းကြောင့် အကျိုးထူးမည် ဆိုလျှင် ကိစ္စ မရှိ။

ဤကိစ္စ၌ ဆက်ပ်သည် အဓိက ကျသူ မဟုတ်။

သူ့ကို နည်းနည်း ခြိမ်းခြောက်ပေးလျှင် သူ အာဏာပိုင်များကို မကူညီပဲ နေဝံ့မည် မဟုတ်။

သူ့လော့ ငှားရမ်းသူနှင့် ပတ်သက်၍ သတိရသမျှ သဲလွန်စ အသေးအဖွဲ ကလေးများကို လာပြောပြမှာ သေချာသည်။

သူ့ကို ခုချိန်၌ သိပ်နာကျည်းအောင် မလုပ်သင့်သေး။

နောက်တဆင့်မှာ....

ဆက်ပ်၏ လှုပ်ရှားမှုများ၊ လုပ်ဖော် ကိုင်ဘက် များနှင့် ပတ်သက်၍ စေ့စပ်စွာ စစ်ဆေးခြင်း၊ မြေပုံဇယားချပ်ကို ဘေး ခွဲခန်း၌ လေ့လာ ဆန်းစစ်ခြင်းတို့ ဖြစ်သည်။

ဤအလုပ်မျိုးကို အက်ဖ်ဘီအိုင်က ကျွမ်းကျင်သည်။





ကာဘာကော့ဗ် အပင်ပန်း ခံခဲ့သလောက် အကျိုး သိပ် မရှိသေး။

ဆိပ်ခံ တံတားရှိ ဖုန်းရုံလေးမှနေ၍ ကော်လီ့ထံ ဖုန်းဆက် လိုက်သည်။

× × ×

ဆက်ပ်သည် ကာဘာကော့ဗ်အား မည်သည့် ကြေးစား င်းလော့ တဦးကိုမျှ မသိကြောင်း ပြောလိုက်ခြင်းမှာ တမင် တာ ညာပြောခြင်း မဟုတ်။

စင်စစ်တွင် သူ့မှတ်ဉာဏ်၏ ချွတ်ယွင်းချက်တခုသာ ဖြစ်သည်။

တကယ်တော့ မိုက်ကယ် လင်ဒါနှင့် သူ ပထမဆုံးအကြိမ် တွေ့ရသော စိတ်ပျက်ဖွယ်၊ ကြောက်မက်ဖွယ်နေ့မှာ နှစ်ပေါင်း များစွာ ကြာခဲ့လေပြီ။

နယူးဂျာစီပြည်နယ်၊ မနာခ်ကွန်မြို့အနီးတွင် ရေထဲ၌ မျော သော သစ်တုံးကြီးတတုံးကြောင့် ဆက်ပ်၏ မော်တော်ပ က်များ ရပ်သွားခဲ့သည်။

လှေကို ကျောက်ချသော်လည်း မရ။



www.burmeseclassic.com

www.burmeseclassic.com



ထမ်းစောင့်တပ်ကိုလည်း အကူအညီ မတောင်းရဲ။

ပင်လယ်ရေစီးကြောင်းက သန်သဖြင့် ကမ်းခြေဘက် ရော
ပါသွားသည်။

မော်တော် ဝမ်းဗိုက်ထဲ၌ကား နယူးယောက်သို့ တင်ပို့ရြ
ဖလော်ရီဒါ ပြည်နယ်မှ ဒေါ်လာ ၅,၅၀၀ တန်ဖိုး ရှိသည
မှောင်ခို မိကျောင်း အရေခွံများ။

ကုန်းပတ်ဘက် လှည့်လိုက်သောအခါ သူ့ဆီ ချဉ်းကပ်လာ
နေသော လှေတစင်းကို တွေ့သည်။

မိသားစုနှင့်အတူ အပျော်ခရီး ထွက်လာသော မိုက်ကယ
လင်ဒါက ဆက်ပ်၏ လှေပေါ်သို့ ကြိုးပစ်ပေးပြီး၊ ချောင်း
သော ကျွန်းငယ်ကလေးတခုဆီ ဆွဲသွားသည်။

ဆက်ပ်က သူ့ကို ကူညီရန် လင်ဒါအား မေတ္တာရပ်ခံသည်
မျက်နှာဖုံးနှင့် ဘဲခြေဖဝါးပုံ ဖိနပ်များစွပ်ကာ သူတို့နှစ်
ရေငုပ်၍ လှေကို ပြန်ပြုပြင်ကြသည်။

ရပ်သွားသော ဒလက်ကို ဖြုတ်ပြီး၊ အပိုပါသော ဒလက်
တပ်ဆင်ကြသည်။

မိခကျောင်း အရေခွံများ၏ အနံ့က ဆိုးဝါးလှသည်။

'အနံ့ကိုတော့ သည်းခံပါဗျာ'

သဘော်ာပဲ့ပိုင်း၌ မသက်မသာ ထိုင်ချလိုက်စဉ် ဆက်ပ်က ပြော
လိုက်သည်။

လင်ဒါသည် ရေအောက်သို့ ဆင်းလုပ်ပေးရသဖြင့် ဓ
စောက မိကျောင်းရေခွံများကို တွေ့လိုက်ဦးမည် မဟုတ်။

'ဒါ ကျုပ်နဲ့ မဆိုင်ပါဘူးလေ'





သူတို့နှစ်ဦး၏ ရင်းနှီးမှုမှာ လင်ဒါ ဗီယက်နမ်သို့ ဒုတိယ
ါက် သွားရသောအခါ တစခန်းရပ်သွားလေသည်။

ဆက်ပ်နှင့် လင်ဒါ့ ဇနီး မာဂရက်တို့ကား နောက်ပိုင်းလ
တော်ကြာကြာအထိ အဆ ်အသွယ် မပြတ်ခဲ့။

လင်ဒါ ဇနီးမောင်နှံအကြောင်း သတိရတတ်သော အခါ
ားတွင် ဆက်ပ်သည် မာဂရက်ကိုသာ လင်ဒါထက် ကောင်း
ာ မှတ်မိနေတတ်လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၅ ။

'ကောင်းကွာ'

အိမ်ဖြူတော်၏ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ငယ် ခေါင်းဆောင် အထူးအေးဂျင့် အားလ်ဘာ့စ်(ဂ်၊စ်)က တယောက်တည်း ရေရွတ်လိုက်၏။

ကြားရသော သတင်းကြောင့် သူ မအံ့ဩမိပါ။ သို့သော် ဤခရီး မထွက်ဖြစ်အောင် ဖျက်သိမ်းလိုက်ပါစေဟု သူ မျှော်လင့်ထားမိခဲ့သည်။





ယခု သူ ဆုတောင်း မပြည့်ပါ။

ဘာ့စ်(ဂ်၊စ်)က လျှို့ဝှက်ထောက်လှမ်းရေး ကာကွယ်စောင့်ရှောက်မှု သုတေသနဌာန၏ နံပါတ်ကို လှည့်လိုက်သည်။

'ဇန်နဝါရီလ ၁၂၊ နယူးအော်လင်းစ်တဲ့ဟေ့၊ ကဲ.... လုပ်ကြပေတော့'

ကာကွယ်မှု သုတေသနဌာန၌ ဖိုင်တွဲများကို အဆင့်သုံးဆင့် ခွဲထားသည်။

အကြီးဆုံးသော အပိုင်းမှာ လွန်ခဲ့သော အနှစ်လေးဆယ်ကပြီး လက်ရှိအချိန်အထိ တယ်လီဖုန်း၊ ချောစာ စသည့် နည်းအမျိုးမျိုးဖြင့် အမေရိကန် ပြည်ထောင်စု သမ္မတကြီးအား ခြိမ်းခြောက်မှု အားလုံး ပါရှိသည်။

ထပ်ခါတလဲလဲ ခြိမ်းခြောက်သူများ၊ သို့မဟုတ် အန္တရာယ်ကြီးမားဖွယ် ရှိမည်ဟု ယူဆရသူများ ပါဝင်သည်။

'သက်ဝင် လှုပ်ရှားမှု ဖိုင်တွဲ' များတွင်လည်း ပုဂ္ဂိုလ်များ စာရင်း ရှိ၏။

၎င်းဖိုင်များကို ခြောက်လတကြိမ်ကျ ပြန်စိစစ်ရသည်။

နေရပ်လိပ်စာ ပြောင်းလဲမှု၊ အလုပ်အကိုင် ရာထူး ပြောင်းလဲမှု၊ နိုင်ငံတကာ ခရီးသွားလာမှုများ ရှိသည်။

ထိုဖိုင်၌ နာမည်ပေါင်း ၈၄၀ ရှိသည်။

၎င်းအနက် ၃၂၅ ဦးမှာ အရေးကြီးဆုံးဖြစ်ပြီး 'ခရီးသွားဖိုင်'၌လည်း ပထဝီ အနေအထားအရ စာရင်းသွင်းထားသည်။ သမ္မတကြီး ခရီးထွက်ခါနီးတိုင်း ၎င်း သွားရောက်မည့် ဒေသ



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ရှိ စာရင်းဝင် မသက်ာဖွယ် အားလုံး စစ်ဆေး... ရှိသည်။

၄၃ ရက် အချိန် ရှိသေးသဖြင့် ကာကွယ်မှု သုတေသ... ဌာနမှ စာရေးများနှင့် လုပ်ငန်းခွင် ကွင်းဆင်း အေးဂျင့်မျာ... အားလုံးအနေဖြင့် နယူးအော်လင်းစ်မြို့ကို စိတ်တိုင်းကျ အချိ... ယူ စစ်ဆေးနိုင်ကြပေသည်။

လီဟာဗေ့အော်စဝေါလ်ဒ် သည် 'ခရီးသွားဖိုင်' ထဲတွ... လုံးဝ မပါရှိခဲ့ဘူးသောလူ ဖြစ်သည်။

မိုက်ကယ်လင်ဒါလည်း ထိုဖိုင်တွဲ၊ ထိုစာရင်းထဲ၌ မပါ... သေးချေ။

× × ×

ဒီဇင်ဘာ ၃ ရက်နေ့တွင် အိမ်ဖြူတော်၏ လျှို့ဝှက် ထော... လုံခြုံရေးအဖွဲ့မှ အေးဂျင့် သုံးယောက်အား နယူးအော်လင်... မြို့၌ လုံခြုံရေး အစီအစဉ်များ စီစဉ် ကွပ်ကဲရန် စေလွှတ်လို... သည်။





၁၉၆၃ ခုနှစ် နောက်ပိုင်းတွင် ကြိုတင် ရက် ၄၀ ကာလ အတွင်း အေးဂျင့် သုံးယောက် စေလွှတ်ခြင်းမှာ လုပ်ရိုးလုပ်စဉ် ဖြစ်သည်။

ဒီဇင်ဘာ ၇ ရက်နေ့တွင် ၎င်းသုံးယောက် အဖွဲ့ခေါင်း ဆောင် ဂျက်ခ်ရင်ဖရိုက အိမ်ဖြူတော်ရှိ အာလက်ဂ်ဇ်ထံ ကောမ အစီရင်ခံစာကို တင်သွင်းလိုက်သည်။

ရင်ဖရိုသည် တူလိန်း ကစားကွင်းကြီးကို လုံးဝ သဘော ကျ၏။

၎င်းသည် ကမ္ဘာပေါ်၌ အကြီးမားဆုံး သံမဏိ ကစား ကွင်းကြီး ဖြစ်သည်။

ပွဲကြည့်စင်များ အောက်၌ သံတိုင်၊ သံချောင်းများ၊ သတ်တန်းများ၊ ဘောင်များ၊ ယက်မများ ရှုပ်ထွေးနေ သည်။

ဤ 'သံမဏိ တောနက်ကြီး' အထဲ၌ ရှာဖွေရခြင်းသည် ပြဿနာတရပ် ဖြစ်၏။

ရင်ဖရိုနှင့် အေးဂျင့် နှစ်ယောက်သည် ၎င်း ကစားကွင်း ကြီးကို နှစ်ရက်ကြာ လှည့်ပတ် စစ်ဆေး ခဲ့ကြပြီးပြီ။

ကွင်းပြင်ထဲသို့ ရင်ဖရို လျှောက်သွားသော အခါ ထိုင်ခုံ အလုံးပေါင်း ၈၀၉၈၅ သည် သူ့ ရန်သူများ သဖွယ် ဖြစ် နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကစားကွင်း အနောက်ဘက်စင်ရှိ မှန်လုံ ခန်းမှာ အရေးကြီးဆုံးပုဂ္ဂိုလ်များ ဗွီအိုင်ပီ ထိုင်ရန် ဖြစ်သည်။

ဂုဏ်းဘေးတွင် သတင်း ထောက်များ အတွက် သီးသန့်စင်ရှိသည်။

ဗွီအိုင်ပီ အခန်း၌ ရင်ဖရို ကိုယ်တိုင် နာရီပေါင်းများစွာ ထိုင်နေမိသည်။

တဖန်၊ နယူးအော်လင်းစ် ရဲအဖွဲ့မှ ရဲသားတဦးအား ထိုနေ့တနေ့လုံး ထိုင်ခိုင်းထားပြီး၊ သူနှင့် တပည့်နှစ်ဦးက ပွဲကြည့်ပရိသတ်နေရာအနှံ့အပြားမှ လုပ်ကြံ ပစ်ခတ်နိုင်မည့် လမ်းကြောင်းများကို ချိန်ဆ ကြည့်ကြသည်။

ကစားကွင်းကို စောင့်ကြပ်ရမည့် နယူးအော်လင်းစ် ရဲအဖွဲ့ လက်ရွေးစင် ရဲသားများကို ရင်ဖရိုကိုယ်တိုင် စစ်ဆေးသည်။

ကစားကွင်းကြီးသို့ နယူးအော်လင်းစ် နိုင်ငံတကာ လေဆိပ်မှ လမ်းမ ၆၁၊ အဝေးပြေးလမ်းမ ၃၀၄ ဖီနှင့်လမ်းမ ၉၀၊ ပြည်နယ်တွင်းလမ်းမ ၁၀၊ ပြည်မကြီးလမ်းမ ၉၀ ၏ 'ကလယ်ဘွန်း' ရိပ်သာလမ်း စသည်တို့မှ ကားမောင်း စစ်ဆေးသည်။

လမ်းအားလုံး ရှည်လျားလှသည်။

ကစားကွင်း ပတ်ဝန်းကျင် တဝိုက်တွင် ယာဉ်ရှုပ်ထွေးရှိလျှင် ပိုဆိုးရွားလိမ့်မည်။

ဂျက်ခ်ရင်ဖရိုသည် အလုပ်ကို တိကျစွာ လုပ်တတ်သော အလေးထားသော၊ ဂရုစိုက်သော လူတယောက် ဖြစ်သည်။



ယခု တူလိန်း ကစားကွင်းကြီး ...ခုလုံး တည်ဆောက်ထားပုံကို သူ အလွတ်ရနေလေပြီ။

သို့သော် ဂုဏ်းကစားကွင်းကြီး၏ အန္တရာယ်များကို သူ သတိပြုမှတ်သားနေစဉ် ကောင်းကင်သို့ တခါမှ မော့ မကြည့်မိရှာပေ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၆ ။

လင်ဒါသည် သူ၏ဖိုးတည်ဆောက်မှုသည် ခရစ္စမတ်ပွဲတော်နေ့အပြီး၊ နောက်နှစ်ရက် အကြာတွင် ပြီးစီးသွားလေသည်။

နက်ပြာရောင်အရေခွံပေါ်တွင် 'နေရှင်နယ် အသံလွှင့်ဌာန' ဟူသော စာလုံးတံဆိပ်သည် ဂိုဒေါင်အတွင်းမှ မီးရောင်များကြောင့် တောက်ပ နေသည်။

ဖိုးကို ပုခက်ပေါ်တွင် တင်ထားသည်။



လေသဘော၏ ဂွန်ဒိုလာ ယာဉ်၏ အောက်ခြေတွင် တပ်ဆင်ညှိ ညှပ်များသည် ဖိုး၏ အထက်နှုတ်ခမ်းပေါ်တွင် လက်ဝါးနှပ်ချောင်းနှင့် တူ၏။

လျှပ်စစ် မီးကြိုးများနှင့် ဖြစ်အပိုတို့ကို ဖိုး၏ အပေါ်တွင် သေသပ်စွာ တိပ်နှင့် ကပ်ထားသည်။

အရေခွံအောက် (ဖိုး ကိုယ်ထည်အတွင်း)၌ ပလပ်စတင်ဖိုးပေါင်ချိန် (၁၁၁၆.၇) ပေါင်ကို ကျည်ဆန်မြားများနှင့်အတူ ထည့်ထားလေသည်။

လင်ဒါသည် သူ၏ ဖိုးကြီးကို ကိုင်ကြည့်နေသည်။

ဖိုးပေါ်မှ မညီမညာတဲ့သော သူ့ပုံရိပ်ကို မြင်ရ၏။

ဒီဖိုးကြီးကို သူ ဖောက်ခွဲချင်လှပြီ။

ဆယ့်ခြောက်ရက်တောင် စောင့်ရဦးမှာပါလား။

တယ်လီဖုန်း လာသည်။

လင်ဒါ ကောက်ကိုင်သည်။

နယူးအော်လင်းမြို့မှ ဒါလီယာ ဆက်ခြင်း ဖြစ်သည်။

'ပြီးပြီ'

'မိုက်ကယ်...ရှင် သိပ်တော်တာပဲနော်၊ ရှင် အလုပ်လုပ်တာ ထိုင်ကြည့်ရတာက အားရစရာ ကောင်းတယ်'

'ဂိုဒေါင် ငှားပြီးပြီလား'

'အင်း၊ 'ဂါလ်ဗက်ဇ်လမ်း' သင်္ဘောဆိပ်မှာ၊ နယူးအော်လင်းစ်မြို့ လိပ်ခ်ဖရန့် လေဆိပ်ကနေ မိနစ် နှစ်ဆယ် ခရီးပေးတယ်၊ ဒီ ခရီးကို ကျွန်မ ကားနဲ့ နှစ်ခေါက် မောင်းကြည့်ပြီးပြီ'

'ကျယ်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ကျယ်ပါတယ်၊ ဆွဲပါတယ်၊ သိုလှောင်ရုံကြီးရဲ့ နံ
တဆက်တည်းဆောက်ထားတာပဲ၊ ကျွန်မတော့ သော့ခလော
တွေ ဝယ်ပြီး ခတ်ထားလိုက်ပြီ၊ ကျွန်မ အိမ်ပြန်လာရတော
မလား၊ မိုက်ကယ်'

'မင်းအလုပ် မင်း ကျေနပ်ပြီလား'

'ကျေနပ်ပါပြီ'

'လေဆိပ်ကိုရော'

'အင်း၊ လေဆိပ်မှာ ဝင်ရတာ ဘာပြဿနာမှမရှိဘူး၊ အချိ
ကျတဲ့အခါ ထရပ်ကားနဲ့ လစ်လို့ရပါတယ်'

'ဒါဆို ပြန်လာတော့'

'ညကျရောက်မယ်၊ စောင့်နေနော်'

ဒါလီယာတယောက် တာဝန်ကျေသွားပဲဟု လင်ဒါ့ စိတ်
ထဲက ပြောပြီး၊ ဖုန်းချလိုက်သည်။

တတ်နိုင်လျှင် နယူးအော်လင်းစ်မြို့၌ သူကိုယ်တိုင် အစီအစ
များ သွားလုပ်ချင်သည်။

သို့သော် အချိန်မရှိ။

ဆူပါဘိုးလ် ကစားပွဲကြီး မစတင်မီ 'အမျိုးသားဘော
အဖွဲ့ စည်းဝေးပွဲ'၏ ပဏာမ ကစားပွဲနှင့် နယူးအော်လင်း
ရှုးဂါးဘိုးလ် ပွဲတို့တွင် လေသင်္ဘောမောင်း၍ ကြော်ငြာ ထ
ရဦးမည်။

သူ့မှာ ရှိသမျှအချိန်တွေ ကုန်နေပြီ။

လှေငယ်ပုံသဏ္ဍာန် ဗုံးကြီးကို နယူးအော်လင်းသို့ သယ်
ရေးမှာ ရင်လေးဖွယ် ပြဿနာတရပ် ဖြစ်သည်။





သို့သော် သူ အကြံရခဲ့ပြီ။

သူ့ဂိုဒေါင်ရှေ့တွင် ယခုရပ်ထားသော နှစ်တန်ခွဲ ထရပ်ကား
ကြီးကို ငှားရမ်းခဲ့ပြီးနောက် ကြေးစား ထရပ်မောင်းသမား
ယောက်ကို ငှား၍ နယူးအော်လင်းစ်မြို့သို့ မောင်းယူသွား
မည်။

သူတို့ နက်ဖြန် စထွက်ကြမည်။

ထရပ်ကား နောက်ပိုင်းကို ချိတ်ပိတ် ပေးလိုက်မည်။

ယာဉ်မောင်းသူများသည် ဤဗုံးကို မြင်မိသည့်တိုင် ဘာ
ကြီးမှန်း သိကြမည် မဟုတ်ပေ။

သူစိမ်းများလက်ထဲ သူ့ဗုံးကြီး လွှဲအပ်လိုက်ရခြင်းကြောင့်
င်ဒါ စိတ်လေးနေ၏။

မတတ်နိုင်ပါ။

ဖာဆေးလ်နှင့် ဒါလီယာ တို့လည်း ထရပ် ကားကြီး ကို
မောင်းပေးနိုင်။

အာဏာပိုင်များသည် သူတို့နှစ်ဦး၏ ပုံသဏ္ဍာန်၊ ရုပ်သွင်
များကို အရှေ့မြောက်ပိုင်း ဒေသ တဝိုက် အသံလွှင့် ကြော်ငြာ
ထားပြီး ဖြစ်သည်။

လမ်း၌ ရဲများစစ်ဆေးသည့်အခါ ဖာဆေးလ်၏ နိုင်ငံတကာ
ယာဉ်မောင်း လိုင်စင်အတုကြောင့် ဒုက္ခရောက်နိုင်သည်။

ဒါလီယာသည် ထရပ်ကားမောင်းရာ၌ မကျွမ်းကျင်သဖြင့်
ခိုးဖင့်နိုင်သည်။

ပြီးတော့ ဒါလီယာကို သူ့ဘေးမှာပင် ခေါ်ထားချင်
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖာဆေးလ်အား နယူးအော်လင်းစ်သို့ စေလွှတ်နိုင်လောက်အောင် ယုံကြည်စိတ်ချရပါက ဒါလီယာသည် ယခုအခါ သူ့ဘေးမှာ ရှိနေလိမ့်မည်ဟု လင်ဒါ ခါးသီးစွာ တွေးလိုက်သည်။

ဗုံးဖောက်ခွဲသည့် အခါ၌ သူ ရှိနေမည် မဟုတ်ကြောင်း *ဖာဆေးလ် ဖွင့်ပြောခဲ့ပြီးကတည်းက ဤအာရပ်ငနဲကို* သူ လုံးဝ ယုံကြည်မှု မရှိတော့ပေ။

လောလောဆယ်တော့ ဖာဆေးလ်သည် လေဆိပ်၌ ထားရှိရန် လူမိုက်များကို ရွေးချယ်တာဝန်ပေးလျက် ရှိသည်။

ဒါလီယာကလည်း အိမ်၌ လင်ဒါနှင့် ဖာဆေးလ်တို့ နှစ်ယောက်တည်း မကျန်စေရအောင် ကြိုတင်စီမံခဲ့ခြင်း ဖြစ်သည်။

လင်ဒါ၏ လုပ်ငန်းအစီအစဉ်အရ နောက်ဆုံး လုပ်စရာတခု ကျန်သေးသည်။

ဗုံးကြီးကို တာပေါ်လင်ဖြင့် အုပ်ပေးရန် ဖြစ်သည်။

ညနေ ၄ း ၄၅ နာရီရှိပြီ။ ကုန်စုံဆိုင်မပိတ်သေး။ သွားဝယ်ရန် အချိန်မီသေးသည်။

× × ×

မိနစ်နှစ်ဆယ်အကြာတွင် ယခင်နာမည် မာဂရက်လင်ဒါ ဖြစ်သူ မာဂရက်ဖယ်လ်ဒ်မင်သည် သူမ၏ 'ဒတ်' စတေရှင်ဝက်ဂွန်းကားကို လင်ဒါ၏ ဂိုဒေါင်ရှေ့ ကားလမ်းလေးပေါ် ရပ်ထားသည့် ထရပ်ကားကြီးဘေး၌ ထိုးရပ်လိုက်သည်။





သူမသည် ကားထဲ၌ပင် ဆက်ထိုင်နေယင်း အိမ်ကို အကဲခတ်လိုက်သည်။

လင်ဒါနှင့် ကွာရှင်းပြီးနောက်၊ ဒုတိယအိမ်ထောင်ပြုခဲ့ပြီးနောက်ပိုင်း ဤအိမ်ကို ယခု ပထမဆုံးအကြိမ် ပြန်တွေ့ရခြင်း ဖြစ်သည်။

ဤအိမ်သို့ သူမ သိပ်ပြန်မလာချင်။

သို့သော် ကလေးပုခက်နှင့် ကလေးလက်တွန်းလှည်းတို့မှာ သူမပိုင် ပစ္စည်းများ ဖြစ်သည်။

၎င်းတို့ကို မကြာမီ သူမ အသုံးလိုလိမ့်မည်။

ထို့ကြောင့် သူမ ပြန်ယူရ၏။

လင်ဒါ အိမ်မှာမရှိမှန်း သေချာအောင် ဖုန်း အယင်ဆက်ကြည့်ခဲ့ပြီးမှ လာခြင်း ဖြစ်သည်။ သူမရှေ့တွင် လင်ဒါ ငိုသည်ကို မကြည့်လို။

သူသည် စိတ်ရောဂါမဖြစ်မီက သန့်စွမ်းသူ၊ ဂုဏ်သရေရှိသူ တဦး ဖြစ်သည်။

ဤအချက်ကိုတော့ သူမ လေးစားသည်။ နှစ်သက်မိသည်။ နောက်ဆုံး၌ သူ၏ မှုမမှန်သော အပြုအမူများကို မေ့ပစ်ရန် သူမ ကြိုးစားခဲ့၏။

သူမ၏ ကြောင်ကလေးကို အိပ်မက် မက်တတ်ဆဲ။ တခါတရံ အိပ်နေယင်း ကြောင်အော်သံကို ကြားမိသလိုလို။

မာဂရက်သည် ပိုက်ဆံအိတ်ထဲမှ မှန်ချပ်လေး ထုတ်ကြည့်ပြီး ရွှေရောင်ဆံပင်ကို လက်နှင့်သပ်လိုက်သည်။ သွားများပေါ်၌ နှုတ်ခမ်းနီများ ပေနေခြင်းရှိမရှိ စစ်ဆေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှ ထွက်ခါနီးတိုင်း သူမ လုပ်နေကျ အကျင့်တခု ဖြစ်သည်။

လက်တွန်းလှည်းနှင့် ပုခက်တို့ကို ကားပေါ်တင်စဉ် ဖုန်တွေ ဘာတွေ မပေရေစေဖို့လည်း လိုသည်။

ရော်ဂျာသည် သူမနှင့်အတူ လိုက်ခဲ့ဖို့ ကောင်းသည်။

သို့သော် လင်ဒါ အိမ်မှာ မရှိလျှင် သူ ဝင်ချင်မည်မဟုတ်။

ရော်ဂျာ ဤသို့ အမြဲ မဖြစ်တတ်ပါ။

မိုက်ကယ် ဘာကြောင့် ရန်ဖြစ်ချင်ရသလဲ၊ ပြီးတာတွေ ပြီးခဲ့ပြီ မဟုတ်လား။

နှင်းဖွဲဖွဲကျနေသည့် ကားလမ်းလေးပေါ်တွင် ရပ်ယင်း ကားဂိုဒေါင် သော့မှာ အဟောင်းမဟုတ်ပဲ၊ ပိုမိုခိုင်ခံ့သော သော့ခလောက်အသစ်ဖြင့် ခတ်ထားကြောင်း မာဂရက် တွေ့ရသည်။

အိမ်ထဲသို့ဝင်ပြီး ဂိုဒေါင်နှင့် ဆက်ထားသော ဘေးပေါက်မှ ဖွင့်ဝင်ရ ကောင်းမလား။

အိမ်ရှေ့ သော့ပေါက်ကိုတော့ သူမ၏ သော့ အဟောင်းနှင့် ဖွင့်၍ရသည်။

ဂိုဒေါင်သို့ တန်းသွားမည် ကြံပြီးမှ အိမ်ထဲ အရောက်တွင် စိတ်ကူး ပြောင်းသွားသည်။

အိမ်တခုလုံးကို လှည့်ပတ်ကြည့်သည်။

စပ်စုချင်စိတ် ပေါက်လာသည်။





ချပ်မြင်သံကြားစက်ရှေ့ရှိ ကော်ဇောပေါ်တွင် ကလေးများ ...ချည်သောက်၍ မကြာခဏ ဖိတ်ကျခဲ့သော အစွန်းအကွက် ...း ရှိနေဆဲ၊ ၎င်းအကွက်ကို သူမ စင်အောင် ချွတ်၍မရခဲ့။

...ည့်ခန်းက သန့်ရှင်းသည်။

မီးဖိုခန်းလည်း ထိုနည်းတူပင်။

ဘီယာဗူးခွံများနှင့် ရုပ်မြင်သံကြား ကြည့်ယင်း စားသည့် ...စာစား လင်ဗန်းငယ်ကလေးများ ပွယ ပြန့်ကျဲနေလိမ့်မည်ဟု ...ဂရက် ထင်ခဲ့သည်။

ယခု သူမ ထင်သလိုမဟုတ်။

အိမ်သေသပ်မှုကြောင့် သူမ အံ့သြမိ၏။

သတပါးအိမ်ထဲ အိမ်ရှင်မရှိစဉ် တယောက်တည်း ရောက် ...ချင်းသည် လိပ်ပြာ မသန့်စရာဖြစ်သည်။

အထူးသဖြင့် အိမ်ရှင်သည် မိမိနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား ...တဦး ဖြစ်နေလျှင် ပိုဆိုးသည်။

မာဂရက် အပေါ်ထပ် တက်သွားသည်။

သူတို့၏ အိပ်ခန်းက အပြောင်းအလဲမရှိ။

လင်ဒါ၏ ဖိနပ်များသည် နံရံကပ် ဗီရိုကြီးထဲ၌ တန်းစီထား ...သည်။

ပရိဘောဂများမှာ ဖုန်မရှိ။

သူမသည် ခုတင်ကိုကြည့်ယင်း ပြုံးမိသည်။

သူမ၏ အတွေးကို လင်ဒါသိလျှင် စိတ်ဆိုးလိမ့်မည်။

ဒီအတွေးမျိုး သူနှင့် မကွဲခင်ကပင် တွေးနေကျဖြစ်၏။

ရေချိုးခန်းထဲ ဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သွားပွတ်တံ နှစ်ချောင်း။

မာဂရက် မျက်လုံးများ မျက်မှောင်ကုတ်သွား၏။

ရေပန်းနှင့် ချိုးလျှင် ရေမစိုစေရန် ဆောင်းသော ဟ
စတစ်ဦးထုပ် တလုံး။

မျက်နှာလိမ်း အသားလှဆီ၊ ကိုယ်လိမ်းဆီ၊ ရေချိုးကန်
ထည့်ရသော အမွှေးပုလင်း။

သိပြီ၊ သိပြီ၊ မာဂရက် ဒီလောက်တော့ မအ,သေးပါ

လင်ဒ္ဒါ၏ ကိုယ်ပိုင် လွတ်လပ်မှုကို နှောက်ယှက်ရသဖြင့်
ဝမ်းသာသွားသည်။

လင်ဒါ၏ အမျိုးသမီးက ဘယ်လိုပုံစံလဲ။

ရုပ်ချောလား။

ကိုယ်လုံး လှလား။

သူမ၏ ပစ္စည်းများကို သွားမွှေကြည့်ဦးမှ။ အခြား
ခန်းသို့ ဝင်သွားသည်။ ကလေး ကစားခန်း တံခါး ဖွင့်ထ
သည်။ မာဂရက် မျက်လုံးပြူးသွား၏။

ရေနံဆီ မီးအိမ်ကလေး တလုံး။

နံရံပေါ်မှာ ပန်းချီကားများ ချိတ်ဆွဲထားသည်။

ဖယောင်းတိုင် စိုက်သည့် တိုင်များ။ ပြီးတော့ ခန်းညား
လှပသော ခုတင်ကြီး။ အိပ်ရာဆီသွားပြီး ပွတ်သပ်ကြည့်သည်

ပိုးသားချည်းပဲ။ ဟဲ....ဟဲ။

'ဟဲလို....မာဂရက်'

လင်ဒါက နှုတ်ဆက်လိုက်သည်။





မာဂရက် အသက်ရှူ တချက်ရပ်သွား၏။

နောက်သို့လှည့်ကြည့်သည်။ တံခါးဝ၌ လင်ဒါ ရပ်နေသည်။

လက်တဘက်က တံခါးလက်ကိုင် ဘုသီးကို ကိုင်ထားပြီး၊ အခြားတဘက်က သူ့ဘောင်းဘီအိတ်ထဲ ထည့်ထားသည်။

သူ့မျက်နှာ ဖြူရော်ရော်။

'ကျွန်မ....ကျွန်မ—'

'မင်း နေကောင်းတယ်နော်'

ဟုတ်ကဲ့။ သူမ ကြည့်ကောင်း ရှုကောင်းဆဲပါ။ လှပနေဆဲပါ။ လင်ဒါသည် သူမအား ဤအခန်းထဲ၌ တွေ့ဖူးသည်။

သူ့စိတ်ထဲ၌ မြင်ဖူးသည်။ ဒါလီယာကဲ့သို့ အော်နေသည်။ ဒါလီယာကဲ့သို့ သူ့ကို သိုင်းဖက် ပွတ်သပ်နေသည်။

လင်ဒါ့ရင်ထဲ ဟာတာတာကြီး ဖြစ်လာသည်။ ဒါလီယာ ဒီအိမ်မှာ ရှိနေလျှင် ဘယ်လောက် ကောင်းလိုက်လေမလဲ။

သူ့ဇနီးဟောင်းကို ကြည့်ယင်း ဒါလီယာ့ကို ပိုတွေ့ချင်လာသည်။ ပိုတောင့်တ လာသည်။

ယခုတော့ မာဂရက်ကိုသာ တွေ့ရသည်။ မာဂရက်၏ ပတ်လည်မှာ လင်းထိန်နေသလား အောက်မေ့ရ၏။

'ရှင်လဲ နေကောင်းပုံ ရသားပဲနော် မိုက်ကယ်၊ အားလုံး အဆင်ပြေတယ် ထင်ပါရဲ့၊ ကျွန်မ—ကျွန်မ—ဒီလို မြင်ရေလိမ့်မယ် မထင်ဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



သူမက အခန်းတခုလုံးကို လက်ဝှေ့ယမ်းပြ၍ ပြောသည်။

‘မင်းက ဘယ်လို ထင်ထားလို့လဲ’

လင်ဒါ၏ မျက်နှာ ချွေးပြန်လာသည်။

‘မိုက်ကယ်....ကျွန်မ ကလေးပစ္စည်းတွေ လိုချင်လို့၊ ပုခက်နဲ့ လက်တွန်းလှည်းလေးပါ’

‘အင်း....ရော်ဂျာကြောင့် မင်း ဗိုက်ကြီးနေပြီ ဟုတ်လား’

သူမက ပြုံးပြသည်။

‘ကျွန်မဘာသာ ဂိုဒေါင်ထဲက သွားယူလိုက်မယ်နော်’

သူမက တံခါးဆီ လျှောက်သွားသည်။

‘မင်း သွားရှာ ကြည့်ပြီးပြီလား’

ပြလိုက်စမ်း....ဒီကောင်မကို ပြလိုက်၊ ပြီးယင် သတ်ပစ်လိုက်။

‘မကြည့်ရသေးဘူး’

‘ပုခက်နဲ့ တွန်းလှည်းကို အဲဒီမှာ မထားတော့ဘူး၊ စတိုခန်းထဲမှာ ရွှေ့ထားတယ်၊ ဂိုဒေါင်ထဲမှာ စာကလေးတွေ ဝင်ပြီး အသိုက်လုပ်ကြလို့၊ ငါ မင်းအိမ် ပို့ပေးလိုက်မယ်လေ’

နေဦး....သူ့ကို ဂိုဒေါင်ထဲ ခေါ်သွား၊ ဗုံးကြီးကိုပြပြီး သတ်ပစ်လိုက်။

‘ကျေးဇူးပဲ မိုက်ကယ်၊ ဒါဆို ပိုကောင်းတာပေါ့’

‘ကလေးတွေရော’





‘အားလုံး နေကောင်းကြပါတယ်၊ ခရစ္စမတ်ပွဲတုန်းကလဲ သူတို့ ပျော်ကြပါတယ်’

‘ရော်ဂျာကိုရော သူတို့ သဘောကျကြရဲ့လား’

‘အင်း....သူကလဲ ကလေးတွေအပေါ် သဘောကောင်းပါတယ်၊ ရှင့်ကိုလဲ သူတို့ တွေ့ချင်နေကြတယ်၊ ရှင့်အကြောင်း မေးကြတယ်၊ ရှင် အိမ်ပြောင်းမလို့လား၊ အိမ်ရှေ့မှာ ထရပ်ကားကြီးတစီး ရပ်ထားတာ တွေ့လို့’

‘မင်း ဒီက ထွက်သွား’

လင်ဒါ ရှေ့တိုးလာသည်။

သူ့ကိုယ်သူ ထိန်းမရတော့။

‘ဂွတ်(ဒ်)ဘိုင်....မိုက်ကယ်’

သူမက တံခါးပေါက်ဆီသို့ ဒေါတိုက်ရွေ့သွားသည်။ သူ့အိတ်ထဲ၌ ကိုင်ထားသော ပစ္စတိုသည် လက်ထဲမှာ ပူလောင်၍ နေ၏။

[ ငါ ရပ်ပစ်မှ။ နို့မို့ယင် အားလုံး ပျက်စီးကုန်မယ်။

ဒါလီယာက ပြောသွားပဲ။ ငါ အလုပ်လုပ်တာ ကြည့်ခွင့်ရတာ အခွင့်ကောင်း တခုပဲတဲ့။ ဒါလီယာက ပြောတယ်။

မိုက်ကယ်....ရှင် ဒီနေ့ သိပ်အားသန်တာပဲတဲ့။ မိုက်ကယ်....ရှင့်အတွက် ဒီနေ့ ကျွန်မ ကူလုပ်ပေးပါရစေတဲ့။ ငါဟာ မင်း အတွက် ပထမဆုံး ချစ်သူပါ မာဂရက်။



www.burmeseclassic.com

www.burmeseclassic.com



အို....မဟုတ်သေးဘူး၊ မစဉ်းစားစမ်းနဲ့။

ဒါလီယာ အိမ်ပြန်လာခါနီးပြီ....၊ အိမ်ပြန်လာခါနီးပြီ။ မစဉ်းစားနဲ့။]

'ခုန ငါပြောမိတာ တောင်းပန်ပါတယ် မာဂရက်၊ တကယ်ပါ၊ ငါစိတ်က လွတ်သွားလို့'

မာဂရက် ကြောက်နေပြန်ပြီ၊ သူမ ပြန်ချင်လှပြီ။

'ငါ့မှာ မင်းနဲ့ ရော်ဂျာ့ဆီ ပို့ပေးစရာတခု ရှိတယ်၊ မင်းနဲ့ ရော်ဂျာအတွက်၊ နေဦး....နေဦး၊ ငါလုပ်တာ မဟုတ်သေးပါဘူး၊ မင်း စိတ်မဆိုးစေဖို့ ငါ့မှာ တာဝန်ရှိတယ်၊ မင်း စိတ်ဆိုးယင် ငါစိတ်ကောင်းမှာ မဟုတ်ဘူး'

'ကျွန်မ စိတ်မဆိုးပါဘူး မိုက်ကယ်....၊ ကျွန်မ သွားမတော့မယ်၊ ရှင် ဆရာဝန်ရော မှန်မှန်သွားပြရဲ့လား'

'ပြပါတယ်၊ ငါဘာမှ မဖြစ်ပါဘူး၊ မင်းကို ရုတ်တရက် ပြန်တွေ့ရတော့ နည်းနည်း တုန်လှုပ်သွားတာပါ၊ မင်းကိုငါ အောက်မေ့နေတာ၊ ဒါကြောင့် ငါ့စိတ်ထဲ နည်းနည်း နောက်ကျိသွားတယ်၊ ဒါလောက်ပဲ၊ နေပါဦး'

လင်ဒါ၏ စကားများမှာ လည်ပင်းထဲမှ ညှစ်ထုတ်နေရသည်။

သူ့အခန်းတွင်းရှိ စားပွဲဆီ ခပ်သွက်သွက် လျှောက်သွားသည်။





သူ ပြန်လာသောအခါ သူမ အောက်ထပ် ဆင်းသွားပြီ။

'ရော့....ရော့၊ ဒီဟာတွေ မင်း ယူသွားစမ်းပါ၊ စိတ်မဆိုးနဲ့'

'ကောင်းပြီ....မိုက်ကယ်၊ ဂွတ်ဒ်ဘိုင်'

သူမက စာအိတ်ကြီးကို လှမ်းယူလိုက်သည်။

အိမ်ရှေ့ တံခါးဝတွင် ရပ်ပြီး လင်ဒါ့အား ပြန်လှည့်ကြည့်သည်။

သူမ ဖွင့်ပြောရ ကောင်းမလား။

သူမဘာသာလည်း ဒွိဟ ဖြစ်နေသည်။

'ရှင့်သူငယ်ချင်း ဂျာဂင်စ် သတင်း ကြားရတာ ကျွန်မ စိတ်မကောင်းပါဘူး မိုက်ကယ်'

'ဂျာဂင်ခ် ဘာဖြစ်လို့တုန်း'

'ကျွန်မတို့အိပ်ယင် ည အချိန်မတော်ကြီး ဖုန်းဆက်တဲ့လူလေ'

'အေး....အဲဒါ ဘာဖြစ်လို့လဲ'

'သူ့ ဘာသာ သူ သတ်သေသွားပြီလေ၊ သတင်းစာထဲမှာ မတွေ့ဘူးလား၊ စစ်သို့ပန်း တဦး ပထမဆုံး သေကြောင်းကြံတဲ့၊ ဆေးတွေသောက်ပြီး ခေါင်းပေါ် ပလပ်စတစ်အိတ် စွပ်လိုက်တယ်လေ၊ ကျွန်မ စိတ်မကောင်းဘူး၊ သူ အိပ်မရတဲ့ ညတွေ ရှင်က ဖုန်းနဲ့ နှစ်သိမ့် အားပေးခဲ့တာတွေ ကျွန်မ မှတ်မိသေးတယ်၊ သွားမယ် မိုက်ကယ်'



www.burmeseclassic.com

www.burmeseclassic.com

လင်ဒါအိမ်မှ သုံးပြခန်းအရောက်တွင် မီးပွိုင့် မီးနီကို စော…
ယင်း မိုက်ကယ်ပေးလိုက်သော စာအိတ်ကို ဖွင့်ကြည့်သည်…

အိတ်ထဲ၌ တွေ့ရသည်ကား ဆူပါဘိုးလ် ဘောလုံးပွဲ…
အတွက် လက်မှတ် နှစ်စောင်။

× × ×



အခန်း ။ ၂၇ ။

မာဂရက် ထွက်သွားသည်နှင့် လင်ဒါက ဂိုဒေါင်သို့ ပြေးသွားသည်။

ငှားထားသော ဝန်ချီစက်ငယ်လေးကို တက်မောင်းပြီး ဗုံးကြီးကို မတင်သည်။

ထို့နောက်....

ထိုင်ခုံပေါ်မှ ဆင်းသည်။

ကုန်လှောင်ရုံများနှင့် ဆိပ်ကမ်းတို့၌ သူ တွေ့ဖူးသမျှ ဝန်ချီစက်ငယ်လေးများကို သူ ပြန်စဉ်းစားနေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်ထဲမှ ထွက်ပြီး ထရပ်ကား နောက် ဖုံးကို ဖွင့်ချသည်။

၎င်းပေါ်သို့ ကုန်းဘောင် တင်သည်။

ကုန်တင်ကုန်ချ ကုန်းဘောင်ကြီးများ တပ်ဆင်အသုံးပြုပုံကို သူ ပြန်စဉ်းစားသည်။

လမ်းမကို အကဲခတ်သည်။

ဘယ်သူမျှ မတွေ့။ သိပ်အကြောင်းမဟုတ်။

ဝန်ချီစက်ငယ်ကလေးပေါ် ပြန်တက်ပြီး ဗုံးကို ကြမ်းပြင်ပေါ်မှ မြှင့်တင်သည်။

ဖြည်းဖြည်းလုပ်။ စိတ်ရှည်မှဖြစ်မည်။

ပညာပါသောအလုပ် ဖြစ်၏။ ဂရုစိုက်လုပ်ရမည်။

ဝန်ချီစက်လေးကို ကုန်းဘောင်ပေါ်မှတဆင့် ထရပ်ကားကြီးပေါ် မောင်းတက်သွားသည်။

ဝန်ချီစက်မောင်းတံပေါ်မှ ဗုံးကို အောက်သို့ ပြန်နှိမ့်ချလိုက်သည်။

နောက် ယာဉ်ငယ်ရော ဗုံးကြီးကိုပါ ထရပ်ကား နောက်ခန်းထဲ၌ မရွေ့လျားနိုင်အောင် သေချာစွာ ကြိုးနှင့် ဆိုင်းတုပ်ထားသည်။

လင်ဒါသည် ကြိုးချည်နည်း (၁၂)မျိုး တတ်ကျွမ်းသည်။ ကားနောက်ခန်းထဲ၌ ဓားထက်ထက် တချောင်း ထားပေးမှ ဖြစ်မည်။

အချိန်ကျလျှင် ဒါလီယာသည် ကြိုးများကို ဖြတ်လိုက်ရုံသာ။ ကြိုးထုံးတွေ လိုက်ဖြေနေဖို့ အချိန်မရှိ။





'ဩော်…ဒါလီယာရယ်— အိမ်ပြန်လာပါတော့'

ကုန်းဘောင်နှင့် လက်နက်ငယ်များပါသည့် ကျောပိုးအိတ်ကြီးကို ကားနောက်ခန်းထဲ၌ပင် ထားပြီး နောက်ဖုံးကိုတော့ သော့ခတ်ပိတ်သည်။

တာကတ္တော့ ပြီးသွားပြီ။

ဂိုဒေါင်ထဲ၌ သူ အနှင့်ချသည်။

မဘဉ်းစားနှင့်။ အရက်ဗီရိုသို့သွားပြီး ဖော့ဒ်ကာ တပုလင်းထုတ်သည်။

ဖော့ဒ်ကာသည် လည်ချောင်းထဲ ပြန်တက်လာ၏။

နောက်ဘာကြိမ် မော့ချမှ ဝင်သွားသည်။

အိတ်ထဲမှ ပစ္စတိုကိုထုတ်ပြီး သူ လှမ်းမယူနိုင်မည့် မီးဖိုကြီးနောက်သို့ လွှင့်ပစ်လိုက်သည်။

ဖော့ဒ်ကာကို ဆက်သောက်သည်။

တကျိုက်ပြီးတကျိုက် ပုလင်းတဝက် ကျိုးသွားပြီ။

သူ့အင်္ကျီရင်ဘတ်တခုလုံး အရက်တွေ ရွှဲနေ၏။

လည်ပင်းမှလည်း စီးကျနေသည်။

ထပ်သောက်ပြန်သည်။ သူ့ခေါင်း မူးလာသည်။ အန်ချလိုက်၏။ ထိန်းထားမှ၊ ထိန်းထားမှ၊ သူ ငိုနေသည်။

ဖော့ဒ်ကာ တန်ခိုးပြပြီ။

ကြမ်းပြင်မှာ ထိုင်ချလိုက်သည်။

နောက်နှစ်ပတ်ဆို ငါသေတော့မယ်။ ပျော်စရာ ကောင်းလိုက်တာ။ ကျန်တဲ့လူအားလုံးလည်း ငါနဲ့အတူသေကြမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အားလုံး ဆိတ်ငြိမ်မှုကို ရရှိကြမယ်။ စောင့်ခဲ့ရတာ ကြာသ
ကော ဘုရားသခင်။ မင်းဘာသာ မင်း သတ်သေလိုက်
မှန်တယ် ဂျာဂင်စ်။

ဂျာဂင်စ်။

လင်ဒါ အော်ဟစ်နေပြီ။

နောက်ဘေးတံခါးသို့ ဒယီးဒယိုင် လျှောက်သွားသည်။

မင်းမှန်တယ် ဂျာဂင်စ်။

နောက်ဘေး လှေကားထစ်များက သူ့မျက်နှာဆီ မြင့်တ
လာကြသည်။

သူ မြက်ခင်းနှင့် နှင်းခဲများပေါ် လိမ့်ကျသွားသည်။
မိုးကောင်းကင်ကို မျက်နှာပြုလျက် ပက်လက်လှန်နေသည်
သတိမလစ်ခင် နောက်ဆုံး စဉ်းစားလိုက်သည်။

ရေသည် အပူကို သယ်ဆောင်ရန် အကောင်းဆုံး ပစ္စည်း
ဖြစ်သည်။

အင်ဂျင်စက် သန်းပေါင်း များစွာကို ကြည့်ပါ။

ကျွန်ုပ်၏ နှလုံးသားသည် မြေကြီးပေါ်၌ အေးစက်နေ

× × ×

ဒါလီယာသည် ညှော်ခန်းထဲ၌ သူမ၏ လက်ဆွဲ သေတ္တာ
ချလိုက်သောအခါ ညဉ့် အတော် နက်နေလေပြီ။





မိုက်ကယ်အား ခေါ်လိုက်သည်၊ အလုပ်ရုံထဲမှာမတွေ့။
အပေါ်ထပ် တက်လာသည်။

'မိုက်ကယ်...'

မီးတွေ ဖွင့်ထားသည်။ အိမ်တအိမ်လုံး အေးစိမ့်နေသည်။

'မိုက်ကယ်...'

သူမ မီးဖိုထဲသို့ ဝင်သွားသည်။

နောက်ဘေးတံခါး ပွင့်နေသည်။ သူမ တံခါးဆီ ပြေးသွား
သည်။ သူ့ကို မြင်မြင်ချင်း သေပြီဟု ယူဆလိုက်သည်။

သူ့မျက်နှာကြီး ပြာနှမ်းနှမ်း ဖြစ်နေသည်။ မိုးရေကြောင့်
ပင်များ ရွှဲကပ်နေသည်။ သူ့ဘေး၌ ဒူးထောက်ချပြီး နှလုံး
စမ်းကြည့်သည်။

အသက်မှန်မှန် ရှူနေသေးပဲ။ သူမက ဒေါက်မြင့် ဖိနပ်များ
ချွတ်ပြီး တံခါးပေါက်ဆီ လင်ဒါ့ကို ဆွဲယူသွားသည်။

သူမ ခြေအိတ်များ စွပ်ထားသော်လည်း မြေကြီးက နှင်း
၍ အေးစက်နေမှန်း သိရ၏။

လင်ဒါ့ကိုယ်ကြီးကို မီးဖိုထဲသို့ မနိုင့်တနိုင်နှင့် ဆွဲသွင်းလာ
သည်။

ညှော်ခန်း အိပ်ရာပေါ်မှ စောင်များကို ဆွဲယူပြီး လင်ဒါ၏
ား ကြမ်းပြင်ပေါ်တွင် ခင်းလိုက်သည်။ သူ့ကိုယ်ပေါ်မှ စိုရွဲ
နေသော အဝတ်အစားများကို ဆွဲချွတ်ပေးပြီး ကိုယ်ကို စောင်
ပတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသုတ် ပဝါ ကြမ်းကြီးတထည်နှင့် ကိုယ်ကို ခြောက်အောင် သုတ်ပေး၊ ပွတ်သပ်ပေးသည်။

ဆေးရုံသို့ ဆေးရုံကားဖြင့် တင်သွားစဉ် ကားထဲ၌ လင်ဒါ့ဘေးမှ ထိုင်လိုက်သွားသည်။

နေထွက်ခါစ လင်ဒါ၏ ကိုယ်အပူချိန်က ၁၀၅ ဒီဂရီ ချွန်နီးယားဝင်သွားပြီ။

× × ×



## အခန်း ။ ၂၈ ။

ဒယ်လ်တာ ဂျက်လေယာဉ် ကြီးသည် နယူးအော်လင်းစ် မြို့သို့ ပွန်ချာထရိန်း ရေကန်ကြီးပေါ်မှ ဖြတ်၍ ပျံသန်းလာသည်။ ထိုနောက် ရုတ်ချည်းပင် နယူးအော်လင်းစ် နိုင်ငံတကာ လေဆိပ်သို့ ထိုးဆင်းလိုက်သည်။

မိုဟာမက် ဖာဆေးလ် ရင်ဘတ်ထဲ ပျို့တက်သွားသည်။

ဖာဆေးလ် ရေရွတ်လိုက်၏။

ချူမိုးနီးယားတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မရဲ့ ငနဲ အရက်မူးပြီး မိုးရေထဲ မှောက်သွားလို့တဲ့။

ဒီငနဲသားက အူကြောင်ကြောင်နဲ့။

ကြောင်ပေါက်စလေး တကောင့်လောက်ပဲ အားရှိတော့တယ်။

ဆေးရုံမှာ ကောင်မက သနားစရာ မျက်နှာကလေးနဲ့ ခုတင်ပေါ်မှာ ထိုင်လို့။

ဟွန်း ... ဘာပဲဖြစ်ဖြစ် ဒီစစ်ဆင်ရေးနဲ့ ပတ်သက်ပြီး ဒီငနဲကို နှုတ်လုံအောင်တော့ လုပ်ထားမှ။

နောက် ၁၅ ရက်အကြာတွင် လင်ဒါသည် လေသဘော်ကြီးကို မောင်းနိုင်စွမ်း ရှိမည်မဟုတ်။

လင်ဒါ၏ ရောဂါအခြေအနေကို ဒါလီယာ ယုံကြည်လက်ခံသောအခါ လင်ဒါကိုသတ်ပစ်ပြီး ဖာဆေးလ်အား နယူးအော်လင်းစ်မှာ လာဆုံမည်။

လင်ဒါသည် သူမလက်ထဲ အန်ချရုံသာ တတ်နိုင်တော့သည်မဟုတ်လား။

ထိုကတိကို သူမထံမှ ဖာဆေးလ် အရတောင်းခဲ့ပြီ။

ဖာဆေးလ်သည်' စိတ်ကြီးသူ ဖြစ်သည်။

ရက်စက် ကြမ်းကြုတ်သူ ဖြစ်၏။

ဗုံးကြီးကို သယ်လာသော ထရပ်ကားကြီးသည် အစီအစဉ်အတိုင်း နယူးအော်လင်းစ်သို့ ဦးတည်မောင်းလာလျက်ရှိသည်။

ယခု သူ ဗုံးကိုရပြီ ဖြစ်သော်လည်း ဘယ်လို ဖောက်ခွဲရမှန်းမသိ။

အစီအစဉ် အပြောင်းအလဲ တခုတော့ ကြံစည်ဦးမှ။





ဗုံးဖောက်ခွဲမည့် ဤဒေသ ကျ...ရပ်ခြိပင် လုပ်တာအသင့်
...ဆုံး။

ဤစစ်ဆင်ရေး၌ ဒါလီယာအား နာဂျီးယားက ခေါင်း
...င်ခွင့် ပေးခဲ့ခြင်းမှာ လုံးဝ မှားသည်ဟု ဖာဆေးလ်
...ကြိမ်ဘရာမြောက် တွေးလိုက်ပြန်၏။

ခုဘာ့ ကောင်မ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပြီ။

ယခု အစီအစဉ်အသစ်သည် ဖာဆေးလ်၏ အစီအစဉ် ဖြစ်
...ည်။

...လဆိပ်ဘက် လာမည့် သုံးရက်အတွင်း ပထမဦးစွာကစား
...ည့် ဘက္ကသိုလ် ရှုးဂါးဘိုးလ် ဘောလုံးပွဲကိုကြည့်မည့် ပရိသတ်
...ားဖြင့် ပြည့်ကျပ်နေ၏။

တူလိန်း ကစားကွင်းကြီး၌ပင် ကျင်းပမည်။

ဖာဆေးလ်က ဟိုတယ်ရှစ်ခုသို့ ဖုန်းဆက်၍ အခန်းငှား
...ည်။

အားလုံး ပြည့်နေပြီ။

ဝိုင်အမ်စီအေ၌သာ အခန်းရသည်။

ငင်း အခန်း ကျဉ်းကလေးမှာ မနေ့ညက နယူးယောက်မြို့
...ာဇာ ဟိုတယ်ကြီးက အခန်းများနှင့် များစွာ ကွာခြားလှ
...ေ၏။

ပလာဇာ ဟိုတယ်ရှေ့ မျက်နှာစာတွင် နိုင်ငံခြားအဖွဲ့များကို
...ယ်စားပြုသည့် အမျိုးသားအလံများ လွှင့်ထူပေးထားသည်။

ဖုန်းစက်ခလုတ်ခုံကြီးတွင်လည်း နိုင်ငံတကာလမ်းကြောင်း
...က်သွယ်မှုများဖြင့် အမြဲ အလုပ်ရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆော်ဒီအာရေဗျ၊ အီရန်၊ တူရကီ အလံများသည် လော လောဆယ် ကုလသမဂ္ဂ အစည်းအဝေးသို့ တက်သော အခြား နိုင်ငံများ၏ အလံများနှင့်အတူ လွှင့်ထူထားသည်။

အရှေ့အလယ်ပိုင်းသို့ ဖုန်းဆက်ခြင်းများမှာ အထူးအဆန်း မဟုတ်။

ဖာဆေးလ်အနေနှင့် နယူးအော်လင်းစ်သို့ သေနတ်သမား များ သတင်း လာပို့ကြ ရန် ကိစ္စကို ဘေရွတ်နှင့် အေးအေး ဆေးဆေး ပြောဆို ဆွေးနွေးရသည်။

သူ လျှို့ဝှက် ကြေးနန်းစာ ရေးပြီးခါစတွင် ဒါလီယာဆီ ဖုန်းလာသည်။ လင်ဒါ ဆေးရုံ ရောက်သွားရသည့်အကြောင်း

မိုက်လိုက်တဲ့ကောင်။

ဖာဆေးသည် ဒေါသတကြီးဖြင့် သူ ရေးထားသောဘေရွတ် မြို့အတွက် လျှို့ဝှက် ကြေးနန်းစာကို ဆုတ်ဖြဲပြီး အိမ်သာထဲ ပစ်ချလိုက်လေသည်။

ယခုတော့ နယူး အော်လင်းစ်မြို့၊ ဝိုင်အမ်စီအေ အခန်း ကျဉ်းကလေး၌ မလှုပ်သာ မလှန့်သာ။

သူ့ အစီအစဉ်လည်း ကမောက်ကမနှင့်။

ပထဝီ အနေအထားကို အကဲခတ်ဖို့ အချိန်တန်ပြီ။ တူလိန် ကစားကွင်းကြီးကို ဖာဆေးလ် တခါမှ မမြင်ဖူးသေး။

ဤကိစ္စအတွက် လင်ဒါ့ကို လွဲပြီးသား။ တောက်....။

ဖာဆေးလ် အပြင်ထွက်ခဲ့ပြီး တက္ကစီတစီးကို တားလိုက်၏ ဘယ်လို တိုက်ခိုက်ရပါ့မလဲ။ ထရပ်ကားကိုတော့ ရမည်။





ဗုံးကိုလည်း ရမည်။ သေနတ်သမား နှစ်ယောက်လောက် လှမ်းခေါ်၍ရမည်။ ဒါလီယာကိုလည်း ခိုင်းရမည်။ သူမ၏ ဘာသာရေး သက်ဝင်ယုံကြည်မှုနှင့် မပတ်သက်လည်း ကိစ္စမရှိ။ ဖာဆေးလ်သည် မိမိကိုယ်တိုင်က ဘာသာမရှိသူ ဒိဋ္ဌိသော်လည်း လင်ဒါ့ကို ဘာသာရေး မကိုင်းရှိုင်းသူအဖြစ် သတ်မှတ်ထား၏။

လင်ဒါ့ နာမည်ကို ပါးစပ်မှ ရေရွတ်ယင်း တံတွေး တချက် ထွေးလိုက်၏။

မွန်းတည့် နေရောင်ခြည် အောက်တွင် တက္ကစီ ကားသည် နယူးအော်လင်းစ်မြို့လယ်ခေါင်ဆီသို့ ပြည်မကြီးလမ်း အမှတ် ၉၀ အမြန် လမ်းပေါ်မှ မောင်းသွားသည်။

ယာဉ်မောင်းသမားသည် ဘာလူမျိုး စပ်မှန်း မသိရသော ဘာသာစကားသံ ဝဲဝဲနှင့် တယောက်တည်း မရပ်မနား စကား ပြောနေသည်။

'ဒီ သူတောင်းစားတွေက အလုပ် မလုပ်ချင်ကြဘူး၊ လော ကမှာ အလုပ်မလုပ်ပဲပိုက်ဆံလိုချင်လို့ ဖြစ်မလားဗျ၊ ကျုပ်ညီမရဲ့ သားလေး ကျုပ်နဲ့အတူအယင်က ရေပိုက်ပြင်သမား လုပ်တယ်၊ ကျုပ် ခါးနာရောဂါ မဖြစ်ခင်ကပေါ့၊ ရေပိုက်ပြင် အလုပ်က တယောက်တည်း လုပ်လို့ မရဘူးလေ၊ အိမ်အောက်တွေ ခဏ ခဏဝင်ရထွက်ရနဲ့ ပစ္စည်းတွေ ဘာတွေ ကမ်းပေးမယ့်လူလိုတယ် ဒါကြောင့် လေးဘက်ထောက် ဝင်လိုက် ထွက်လိုက်နဲ့ ကျုပ် ခါးနာရောဂါ ရပါလေရော၊ ဟို ငနာလေးက အလုပ်လုပ်ယင် ငနားမှာ မရှိဘာက များတယ်လေ၊ လစ်နေတာကိုး



www.burmeseclassic.com

www.burmeseclassic.com



ဖာဆေးလ်က ယာဉ်မောင်းအား ပါးစပ် မြန်မြန် ပိတ်သွားပါစေဟု ဆုတောင်း၏။

သို့သော် သူ ဆုတောင်းမပြည့်။

'အဲဟောဟိုဟာက ဆူပါဒိုးမ်ကစားကွင်းကြီးပဲ၊ ပြီးအောင်ဆောက်နိုင်တော့မယ် မထင်ပါဘူးဗျာ၊ ပထမတော့ ၁၆၈ သန်း ကုန်မယ် မှန်းကြတာ၊ နောက် သန်း ၂၀၀ ကုန်မယ်တဲ့၊ အဲဒါကြီးကို သဌေးကြီး ဟောင်းဝပ်ဗျူးစ် ဝယ်လိုက်တယ်လို့ကြားတာပဲ၊ အလကား ဟာကြီးပါ၊ အလုပ်သမား တချို့ အပေါ်တက် လျှောက်ကြည့်တာနဲ့ ပြုတ်ကျသွားသတဲ့'

ဖာဆေးလ်က ကြီးမားကျယ်ပြန့်သော လိပ်ခုံးပုံ အဆောက်အအုံကြီးကို မော့ကြည့်လိုက်သည်။

အစိုးရ ရုံးပိတ်ရက်ဖြစ်သော်လည်း အလုပ်လုပ်နေကြသည်။ အလုပ်သမားများကို ပုရွက်ဆိတ်ကလေးများသဖွယ် တွေ့ရ၏။

မူလက ဆူပါဘိုးလ် ပွဲကြီးအမီ ၎င်းဆူပါဒိုးမ် လိပ်ခုံးအမိုးတပ် ကစားရုံကြီးကို အပြီး ဆောက်နိုင်မည်ဟု မှန်းဆခဲ့ကြလေသည်။

သို့ဆိုလျှင် လေသဘော် ကြော်ငြာလုပ်ငန်း အချည်းအနှီးဖြစ်သွားမည်။

သို့သော်....၊ ခေါင်မိုးတွင် ကောင်းကင်သို့ မြင်နိုင်သော အပေါက်ကြီးများ ဖောက်ပေးထားသည်။

ခုမှတော့ အကြောင်းမထူး။ အလုံပိတ်ထားသော ကစားကွင်းကြီးများ၌ အဆိပ်ငွေ့များ သုံးလျှင် ဖြစ်နိုင်ခြေမ်း ရှိမရှိလေ့လာ စစ်ဆေး ထားရဦးမည်။





ဖာဆေးလ် စိတ်ထဲက မှတ်သားလိုက်သည်။ အနာဂတ်တွင် အသုံးဝင်မည့် နည်းလမ်းတခု ဖြစ်မည်။

ဘက္ကာစီသည် လျှင်မြန်စွာ မောင်းနှင်ရသော အမြန်ယာဉ်လမ်းကြောင်းပေါ် ရောက်လာသည်။ ယာဉ်မောင်းက နောက်လှည့်၍ ပြောသည်။

'သူတို့က ပထမတော့ ဆူပါဘိုးလ် ပွဲကြီးကို အဲဒီမှာ လုပ်ကြမလို့၊ နောက်တော့ စရိတ်အကုန်အကျ သိပ်များတာနဲ့ လက်လျှော့လိုက်ကြတယ်လေ၊ အလုပ်သမားတွေက ရုံးပိတ်ရက် လုပ်ယင်လုပ်ခ နှစ်ဆခွဲတောင်းတယ်၊ နွေဦးမှာ အပြီးသပ်ဆောက်၊ ဖွင့်လှစ်ဖို့ လုပ်နေကြတာပဲ၊ အချိန်ပိုလုပ်ခကတော့ မက်လောက်စရာပဲ'

ဖာဆေးလ်က ယာဉ်မောင်းကို စကားမပြောပါနှင့်ဟု ပြောမည်ကြံလိုက်သည်။ သို့သော် သူ စိတ်ပြောင်းလိုက်၏။

သူ ရိုင်းစိုင်းစွာ ပြောဆိုမိက ယာဉ်မောင်းသည် နောင်တချိန်၌ သူ့ကို မှတ်မိသွားမည်။ ယာဉ်မောင်းသည် ဘောလုံးပွဲများအကြောင်း ဆက်ပြောပြသွားသည်။

ပြည်မလမ်း အမှတ် ၉၀ သို့ ကွေ့ဝင်လာသည်။ အနောက်မြောက်သို့ ချိုးသည်။ နေကာ ပလပ်စတစ်ပြားကြီးကို အနည်းငယ် ချလိုက်သည်။ တူလိန်းတက္ကသိုလ်နား ရောက်လာပြီ။

'အဲဒီ ဗယ်ဘက်ကဟာ အာဆူလိုင်း ကောလိပ်ပဲ၊ ခင်ဗျားက ကစားကွင်း ဘယ်ဘက်ကိုသွားချင်တာလဲ၊ ဝီလိုလမ်းဘက်လား'

'အင်း_'



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော၊ အရောင်မှိန်နေပြီဖြစ်သော ကစားကွင်းအဆောက်အအုံကြီးကို မြင်မြင်ချင်း ဖာဆေးလ် စိတ်တက်ကြွသွားသည်။ ‘မြူးနစ်လူသတ်ပွဲ’ရုပ်ရှင်ကားကို သူ ပြန်မြင်ယောင်လာသည်။

ကစားကွင်းကား အတော်ကြီးမားလှသည်။

လေယာဉ်တင် သင်္ဘောကြီးတစင်းကို သူ ပထမဆုံးအကြိမ် မြင်ခဲ့ရစဉ်က ခံစားမှုမျိုး ပြန်သတိရသည်။

ဖာဆေးလ် တက္ကစီပေါ်မှ ဆင်းသည်။ သူ့ ကင်မရာနှင့် ကားတံခါး ရိုက်မိသွားသည်။

အရှေ့ တောင်ဘက်ဂိတ် ဖွင့်ထားသည်။

ရှူးဂါးဘိုးလ် ပွဲ မစတင်မီ ပြုပြင် ထိန်းသိမ်းရေး လုပ်သားများ ခပ်သုတ်သုတ် ဝင်ထွက် နေကြသည်။

ဖာဆေးလ်သည် သတင်းထောက် မှတ်ပုံတင်ကို အသင့် ကိုင်ထားသည်။

အာဇိုး ကျွန်းစုသို့ လေယာဉ်နှင့် သွားစဉ်က ယူလာခဲ့သော စာရွက် စာတမ်းများလည်း ပါသည်။

သူ့ကို မည်သူမျှ ဟန့်တားခြင်း မရှိ။

ပွဲကြည့်စင်များ အောက်မှ မှောင်ရိပ် လွှမ်းနေသော နေရာကျယ်ကြီးများကို လှမ်းကြည့်ပြီး ကွင်းထဲသို့ လျှောက်သွားသည်။

ကျယ်ပြန့်လှပါဘိ။

ကြီးမားလှပါဘိ။





၎င်း၏ အရွယ်ပမာဏက သူ့စိတ်ကို မြူးကြွ ပေါ့ပါးစေသည်။

‘အက်စဘရိတာ့ဗ်’ မြက်ခင်းပြင်အတုသည် အသစ်စက်စက်ဖြစ်သည်။

အစိမ်းပေါ်၌ အဖြူရောင်စာလုံးများ ထင်ရှားစွာ ပေါ်လွင်နေသည်။

မြက်ခင်းအတုပေါ် နင်းကြည့်ပြီး နောက်ပြန် ဆုတ်လိုက်သည်။

သူ့ ခြေထောက်အောက်၌ မြက်နှင့် မတူ။ လူ့အသားနှင့်တူ၏။

ဖာဆေးလ်သည် ကွင်းကို ဖြတ်လျှောက်သွားသည်။

ပတ်လည်၌ မရေမတွက်နိုင်အောင် များသော ထိုင်ခုံများဝန်းရံနေသည်။

လူမရှိသော ကစားကွင်းကြီး၌ပင် ဘေးမှ လူကြည့်မခံသလိုဖြစ်မျိုး။ ကွင်းလယ်မှ လျှောက်သွား၍ မရ။

ကွင်း အနောက်ဘက်စင်သို့ ခပ်သုတ်သုတ် လျှောက်သွားပြီး သတင်းထောက်များ၏ သီးသန့် ပွဲကြည့်စင်များသို့ တက်သွားသည်။

ပွဲကြည့်စင်ပေါ်မှ အခြားစင်များ၏ ကွေ့ကောက်နေပုံကို ကြည့်ယင်း ဗုံးကြီး၏ ကွေးနေသော အသွင် သဏ္ဌာန်နှင့် နှိုင်းယှဉ်ကြည့်မိသည်။

မိုက်ကယ်လင်ဒါ တော်ပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကစားကွင်းကြီး၏ ဘေး နံရံများသည် ကောင်းကင် ထဲ
ဖြန့်ကျက် ဖွင့်ဟထားသည်။

သွေးပျက်မည့် နေ့ကို စောင့်နေသည်။

ထိုင်ခုံများ ပေါ်၌ လှုပ် ရှား နေ သော ပရိသတ် ဦး
၁၀၉၈၇၅ ကို မျက်စိထဲ မြင်ယောင် မိသည်။

ဖြစ်နိုင်စွမ်း အားလုံးကို ရှုထောင့် အမျိုးမျိုးမှ စဉ်း
ကြည့်သည်။

ကစားရုံအနီးဖြစ်စေ၊ အတွင်း၌ဖြစ်စေဗုံးပေါက်ကွဲမှုမှန်
ကမ္ဘာ့သတင်းစာများ၌ မျက်နှာဖုံးသတင်းအဖြစ် ပါလာ
မည်။ ဂိတ်တံခါးများသည် သိပ် ခိုင်ခံ့မှု မရှိ။

ထရပ်ကားသည် ဂိတ်လေးခုအနက် တခုခုမှ ဝင်၍ ဖော
ခလုတ် မနှိပ်မီ ကွင်းထဲဝင်၍ ရမည်။

ထိခိုက်မှုများ အတော် များပြားမည်။

သို့သော်....

ပေါက်ကွဲမှု သည် မြေကြီးကို ချိုင့်ကြီးတခု ဖြစ်စေ
မည်။

မှန်းသလောက် ထိရောက်မည် မဟုတ်။

ကစားကွင်းဆီ ဦးတည် ထားသည့် ကျဉ်း မြောင်း
တည်းသော လမ်းကလေး များ၏ ပြဿနာ လည်း ရှိ
သည်။

အရေးပေါ် ယာဉ်များကို ဝင်ပေါက်များ၌ ပိတ်ရပ်
လျှင် ဘယ့်နှယ် လုပ်ပါ့။





သမ္မတကြီးသာ လာမည်ဆိုလျှင် ဂိတ်များ၌ လက်နက်ကိုင်
အစောင့်များ ရှိလိမ့်မည်။

ဗုံးကို ခလုတ်မနှိပ်မီ ဒရိုင်ဘာ အပစ်သတ် ခံရလျှင်ကော။

ထရပ်ကားကို ဘယ်သူမောင်းမလဲ။ သူတော့ မမောင်းချင်။

ဒါလီယာပဲပေါ့၊ သူကသတ္တိရှိသည်။ ဒါမျိုး သိပ်လုပ်ရဲ၏။

လက်ဘာနွန်တွင် သတင်းစာ ရှင်းပွဲလုပ်သောအခါ သူမအား
ကွယ်လွန်ပြီးမှ ချီးမွမ်းထောပနာ ပြုစေရမည်။

အရေးပေါ်ယာဉ် သို့မဟုတ် ဆေးရုံကား တစီးစီးက ပို၍
အခွင့်သာမည်။ ဥဩဖွင့်လျက် ကွင်းထဲ အာမေဋိတ်ဖြင့် မောင်း
ဝင်သွားနိုင်မည်။

သို့သော် ဗုံးက သမားရိုးကျဆေးရုံကားထဲ၌ဆံ့မည်မဟုတ်။
ကြီးလွန်းသည်။

အရေးပေါ်ယာဉ်နှင့်ဤထရပ်ကားကြီးနည်းနည်းမှ မဆင်။
ရုပ်မြင်သံကြားပစ္စည်းတင် ယာဉ်နှင့်လည်း မတူ။

သို့တိုင် အရေးပေါ်ယာဉ်ဆိုလျှင် ပိုကောင်းမည်။

ထရပ်ကား ကြီးကြီးမားမားနှင့်ဆိုလျှင် တော်ဦးမည်။

ဆေးအဖြူ သုတ်ပြီး အနီရောင် ကြက်ခြေခတ်ကြီး ရေးလိုက်
မည်။ ဘာပဲလုပ်လုပ် မြန်မြန်လုပ်မှ။ ၁၄ ရက်သာ လိုတော့၏။

ပွဲကြည့်စင်များပေါ်၌ ဖာဆေးလ် မတ်တပ်ရပ်နေစဉ် လေ
တိုက်လာသည်။

ကျယ်ပြန့်ပွင့်လင်းသော ကောင်းကင်ပြာပြာကြီးကသဘော
ရှိ၊ ကလောဟိဆိုသလို သူ့ကို လက်ယပ် ခေါ်နေသည့်အလား။



www.burmeseclassic.com

www.burmeseclassic.com



ဗုံးကြီးကို လေယာဉ်ပျံပေါ်တွင် တင်ပြီး လေယာဉ်ကို ပြန် ပေးဆွဲဖို့လည်း မဖြစ်နိုင်။

ဗုံးကြီးကို ကုန်ပစ္စည်းတခုပမာ ခိုးတင်နိုင်သည့်တိုင် ဒါ ယာ အနေနှင့် လေယာဉ်မှူးအား နားထင် သေနတ်နှင့် ချိန် ကစားကွင်းကြီးထဲ ထိုးဆင်းခိုင်းရန်လည်း မဖြစ်နိုင်။

ဖာဆေးလ်က နယူးအော်လင်းစ်မြို့ အရှေ့ မြောက်ဘက် မိုးကုတ်စက်ဝိုင်းဆီ လှမ်း မျှော်ကြည့်လိုက်သည်။

နှစ်မိုင် အကွာတွင် ဆူပါဒုံးမ် ကစား ကွင်း သစ်ကြီး ပြီးတော့ မယ်ရီရော့ ဟိုတယ်။

နိုင်ငံဘကာ ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ။

ထိုမှ နောက်ဘက် ရှစ်မိုင်ခန့်အကွာတွင် နယူးအော်လင်းစ် လိပ်ခ် ဖရန့်လေဆိပ်။

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဆူပါဘိုးလ် ဘောလုံးပွဲကြီး ကျင်းပရာ ဤကစားကွင်းသို့ ဘာအန္တရာယ်မှ မရှိသော လေ သင်္ဘောကြီးသည် အထက် ကောင်းကင်ယံမှ ပျံသန်း ချဉ်းကပ် လာလိမ့်မည်။

သူကတော့ မြေကြီး ပေါ်မှာ ပုရွက်ဆိတ် တကောင်လို လှုပ်ရှား နေရမည်။

ခွေး သူတောင်းစား လင်ဒါ။

လေသင်္ဘောကြီးနှင့်သာ မူလအစီအစဉ်အတိုင်း ဗုံးဖောက်ခွဲ ဖြစ်မည်ဆိုလျှင် မည်သို့ တွေ့မြင်ရမလဲ။

ဖာဆေးလ် သူ့ဘာသာ စိတ်ကူးယာဉ် ကြည့်သည်။

လေသင်္ဘောကြီး ကစားကွင်းပေါ် ရောက်လာမည်။





လူတွေမော့ကြည့်ကြမည်။ ဗုံးပေါက်ကွဲသွားမည်။ ပွဲကြည့် ်များပြိုကျသွားမည်။

လူတွေ အားလုံး သေမည်။ သွေးရူး သွေးတန်း ဖြစ်ကုန် ကြမည်။ ပေါက်ကွဲမှုအသံကြီးကြောင့် မိုင် နှစ်ဆယ်အတွင်းရှိ ိမ်များ၊ တိုက်များ၏ မှန်ချပ်များ အားလုံး ကွဲကုန်မည်။

ဘယ်လောက် ကြည့်ကောင်းလိုက်မလဲ။

ဖာဆေးလ် ထိုင်ချလိုက်သည်။ သူ့တကိုယ်လုံး တုန်နေ သည်။ ဘယ်လို ဘယ်နည်း အစီအစဉ် ပြောင်းရမလဲ။ ပြန်စဉ်း းဦးမှ။ မိမိ ဆုံးရှုံးမှုများကို လျော့နည်းအောင် လုပ်မှ။ သူ့စိတ် ပြန်ငြိမ်သွားသောအခါ သူ့သန်စွမ်းမှုကြောင့် ဂုဏ်ယူ ိသည်။

သူသည် ဖာဆေးလ်ဖြစ်သည်။ သူအကောင်းဆုံးဖြစ်အောင် လုပ်မည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၉ ။

ဖာဆေးလ်သည် နယူးအော်လင်းစ် မြို့လယ်သို့ ပြန်သွား ထရပ်ကားနှင့် ဆေးသုတ်သည့် ကိစ္စများကိုသာ တွေး လေသည်။

အားလုံး အချည်း အနှီး ဖြစ်မသွား သေး။ ခု နည်း ပိုကောင်းချင် ကောင်းမည်။ ဒီအမေရိကန် ငနဲ လင်ဒါကို ခြင်းကြောင့် စစ်ဆင်ရေး၌ ကသိကအောက် ဖြစ်ရသည် များပြီ။





ခဲ့တော့ စစ်ဆင်ရေးတခုလုံး မိမိလက်ထဲမှာ။ မှန်းချက်တော့ က်မည် မဟုတ်။ ဘာပဲဖြစ်ဖြစ် ဗုံးဖောက်ခွဲဖြစ်လျှင် မိမိ တက်ဦးမှာတော့ သေချာသည်။

ယခုတခါတော့ သူ့ညာဘက်၌ ဆူပါဒုံးမ် ကစားရုံကြီး တ်နေသည်။ သွပ်မိုးပေါ်မှ နေရောင်ထိ၍ ရောင်ပြန် လက် သည်။

အဲဒ်နောက်က အပေါ်တက်လာတာ ဘာကြီးပါလိမ့်—။ ကရိန်း’ဟု ခေါ်ကြသည့် ရဟတ်ယာဉ်တစီး ပါလား။ ဟွှည်း ကိရိယာတခုကို မ ယူလာသည်။

ခေါင်မိုးပေါ် ရောက်သွားသည်။ ခေါင်မိုးပေါက် တခု းတွင် အလုပ်သမားတစု ရပ်စောင့်နေကြသည်။ ရဟတ် ာဉ်က ငင်းပစ္စည်းကို ခေါင်မိုးပေါက်တွင်းသို့ တဖြည်းဖြည်း ျှော့ချပေးသည်။

လေတိုက်သဖြင့် အလုပ်သမားတဦး၏ ဦးထုပ် လွင့်ပါသွား ည်။ ပစ္စည်းချပြီးသည်နှင့် ရဟတ်ယာဉ်သည် မပြီးသေးသော ပါဒုံးမ် ကစားကွင်းကြီး နောက်ဘက်သို့ နိမ့်ဆင်း ပျောက် ယ်သွားလေသည်။

ဖာဆေးလ်သည် ထရပ်ကားများ အကြောင်း မစဉ်းစား ာ့ပေ။ ထရပ်ကားကို ဘယ်အချိန်သွားယူယူ ရသည်။ သူ့ န်မှာ ချွေးပြန်နေသည်။

ဘနုဂ်ခန္ဓနေ့များ၌ ငင်း ရဟတ်ယာဉ်သည် အလုပ်ဆင်း ား။ ဒါကို သူ သိချင်သည်။

ဘဏ္ဍာစိမောင်းသူအား ဆူပါဒုံးမ်ဆီ မောင်းခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်နာရီ အကြာတွင် ဖာဆေးလ်သည် ပြည်သူ့စာကြည့်တိုက်၌ 'ဂျိမ်း၏ ကမ္ဘာ့ဘလ္လား လေယာဉ်များ' စာအုပ်ကို လေ့လာနေသည်။

စာကြည့်တိုက်မှ မွန်တီလီယွန်ဟိုတယ်သို့သွားပြီး၊ ဧည့်ခန်းအတွင်းရှိ ဖုန်းရုံငယ်ထဲမှ ဖုန်းနံပါတ်ကို ကူးယူသည်။

တဖန် 'ယူနီယံခရီးသည်စခန်း'မှ အများသုံး ဖုန်း၏ နံပါတ်ကို မှတ်သည်။

ထိုနောက် ဝက်စတင် ယူနီယံ ကြေးနန်းရုံးသို့ သွားသည်။

ကြေးနန်းစာရွက် ကွက်လပ်တွင် သူ၏ ကင်မရာအိတ်ထဲတွင် ကပ်ထားသော လျှို့ဝှက်နံပါတ်များကို ဖြည့်သည်။

မိနစ် အနည်းငယ် အတွင်း လစ်ဗျားနိုင်ငံ ဘင်ဂါလီမြို့သို့ ထိုကြေးနန်း ရောက်သွားသည်။

နောက်နေ့မနက် ၉ နာရီတွင် ခရီးသည် စခန်းသို့ ဖာဆေးလ် ရောက်လာပြန်သည်။

ဝင်ပေါက်နားရှိ ဖုန်းရုံမှ 'ဖုန်းပျက်နေသည်' ဟူသော အဝါရောင် ဆိုင်းဘုတ်ကလေးကိုယူပြီး အများသုံး ဖုန်းများ တန်းစီထားရာ အစွန်ဆုံးရှိ တလုံးတွင် သွားချိတ်သည်။

လက်ပတ်နာရီကို ကြည့်သည်။

နာရီဝက် လိုသေးသည်။

ဖုန်းအနီး ခုံရှည်တွင် သတင်းစာ ထိုင်ဖတ်နေသည်။

နာဂျီးယား၏ အဆက်အသွယ်များကို ဖာဆေးလ်ကိုယ်တိုင် မဆက်သွယ်ဖူးသေး။

ယခု နာဂျီးယားသာ အသက်ရှိနေလျှင် သူ မလုပ်ဝံ့။





နာဂျီးယားက ဤစစ်ဆင်ရေးအတွက် 'ဆိုဖီယာ' ဟူသော စကားဝှက်ပေး၍ လစ်ဗျားနှင့် အစီအစဉ်များ ပြုလုပ်ပြီးသွားသည့်နောက် ဖာဆေးလ်ကိုယ်တိုင် ဘင်ဂါလီမြို့မှ ပလပ်စတစ်ဗုံးများ သွားယူခဲ့ရသည်။

ယခုလည်း ဆိုဖီယာ စကားဝှက်ဖြင့် သူ ပြန်ဆက်သွယ်ကြည့်သည်။

သူ့အကြံ အောင်ပါ့မလား။

နံနက် ၉း၃၅ နာရီတွင် ဖုန်းလာသည်။

ဒုတိယအကြိမ်မြည်စဉ် ဖာဆေးလ် ဖုန်းကောက်ကိုင်သည်။

'ဟဲလို....'

'မစ္စတာ ယူဆွပ်နဲ့ ပြောချင်လို့'

ဖုန်းလိုင်း မကောင်းသော်လည်း အယ်လ်ဖာတာ ဂိုဏ်း၏ ဆက်သွယ်ရေး တာဝန်ခံ လစ်ဗျားအရာရှိ၏ အသံကို ဖာဆေးလ် ကောင်းစွာ မှတ်မိသည်။

'ခင်ဗျား ဆိုဖီယာယူဆွပ်ကို ခေါ်နေတာလား'

'ပြောလေ'

ဖာဆေးလ်က ခပ်မြန်မြန် ပြောလိုက်သည်။

တဘက်မှ အရာရှိသည် ဖုန်းကို ကြာကြာ လက်ခံ ပြောနိုင်မည် မဟုတ်ကြောင်း သူသိသည်။

'စံကော်ငကြီး အက်စ်-၅၈ ရဟတ်ယာဉ် မောင်းတတ်တဲ့ ပိုင်းလော့တယောက်အရေးတကြီးလိုချင်လို့ ခြောက်ရက်အတွင်း နယူးအော်လင်းစ်ကို ရောက်လာမှ ဖြစ်မယ်၊ အသေခံရဲတဲ့လူလဲ ဖြစ်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဖာဆေးလ်သည် ခက်ခဲသော အရာကို တောင်းခံနေမှန်း သူ့ဘာသာသိသည်။

ထို့ပြင် ဘင်ဂါလီနှင့် ထရီပိုလီ မြို့တို့၌ အယ်လ်ဖာတာတို့ လုပ်ပေးနိုင်သောအရာ များစွာ ရှိကြောင်းလည်း သူသိသည်။

တဘက်မှ မငြင်းဆန်နိုင်ခင် သူ ဆက်ပြောလိုက်သည်။

'အာဆွမ့် ရေကာတာကြီးမှာသုံးတဲ့ ရုရှ ရဟတ်ယာဉ်မျိုးပဲ၊ ဒီတောင်းဆိုချက်ကို ထိပ်ဆုံးအထိ ပို့ပေးပါ၊ တကယ့် ထိပ်သီးတွေဆီ ပို့ပေးပါ....၊ ကျွန်တော် (၁၁) ရဲ့ အမိန့်အရ ပြောနေတာပါ'

(၁၁)သည် ဟာဖက်ဇ်နာဂျီးယား ဖြစ်သည်။

'အဲဒီလူကို ရဖို့ သိပ်မလွယ်ဘူး၊ သိပ်ခက်မယ်၊ ခြောက်ရက်တည်း အချိန်ပေးတော့ ဘယ်ဖြစ်ပါ့မလဲ'

'သူ့ကို ဒီရက်အတွင်း မရယင် အားလုံး ဒုက္ခရောက်သွားမယ်၊ အများကြီး နစ်နာဆုံးရှုံးလိမ့်မယ်၊ ဒီလူကို ရမှဖြစ်မယ်၊ ၂၄-နာရီအတွင်း ဟောဒီ ဖုန်းနံပါတ်တခုကို ခင်ဗျား ပြန်ဆက်ဗျာ၊ သိပ်အရေးကြီးတယ်'

'ကောင်းပါပြီ'

မိုင် ၆၀၀၀ အကွာအဝေးမှ လူက ခပ်တိုးတိုးပြော၍ ဖုန်းချလိုက်သည်။

ဖာလ်ဆေးသည် ဖုန်းနားမှခွာ၍ ဘူတာရုံထဲမှ ခပ်သုတ်သုတ်လေး ထွက်သွားလေသည်။





အာရှအလယ်ပိုင်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းသည် အလွန်အန္တရာယ် ကြီးမားလှ၏။ အချိန်မရှိတော့သဖြင့် ဤသို့ အရဲစွန့်လုပ်ရခြင်း ဖြစ်သည်။

ပိုင်းလော့ လှမ်းတောင်းခံခြင်းသည် မဖြစ်နိုင်တာ လုပ်ခိုင်းသကဲ့သို့ ရှိသည်။

ပေဒါယင်း ပြောက်ကျားတပ်များထဲ၌ မရှိနိုင်။

လေးလံလှသော အရာဝတ္ထု တခုကို တွဲလောင်း ချိတ်ဆွဲ၍ ရဟတ်ယာဉ် မောင်းနှင်ရခြင်းသည် အနုပညာ တမျိုး ဖြစ်၏။

ဤသို့ မောင်းတတ်သော ပိုင်းလော့များမှာ နှယ်နှယ်ရရ မဟုတ်။

ဖာဆေးလ်က ခြောက်ရက်သာ အချိန်ရှိသည် ဆိုခြင်းမှာ ညာပြောခြင်း ဖြစ်သည်။

တကယ်တော့ ဆူပါဘိုးလ် ပွဲကြီး စ,ရန် (၁၄) ရက် လိုသေးသည်။

သို့သော်....ပိုင်းလော့နှင့်အတူ ရဟတ်ယာဉ်၌ ဗုံးကို ချိတ်ဆွဲတပ်ဆင်ရန် လိုအပ်သောကိစ္စများ ပြုလုပ်ရဦးမည်မို့ ရက် အပိုထားဖို့ လိုသည်။

မိမိ၏ ကြေးနန်းစာကို မသင်္ကာ မဖြစ်စေရအောင် ကောဒ်ဖြင့် ပို့လိုက်သော်လည်း အမေရိကန် အာဏာပိုင်များက စစ်ဆေးကြည့်လျှင် ဘယ့်နှယ်လုပ်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းနံပါတ် လျှို့ဝှက် ဂဏန်းများ၏ အဓိပ္ပာယ်
ကဘာကောဲ သိပြီးသား ဖြစ်နေမလား။

သိပ်တော့ မဖြစ်နိုင်။

သို့သော်....

ဖာဆေးလ် စိတ် တင်းကျပ်သွား၏။

အာဏာပိုင်များသည် ပလပ်စတစ်ဗုံး များကိုသာ လိုက်
နေကြပြီး စစ်ဆင်ရေး၏ ရည်ရွယ်ချက်ကို မသိကြသေးပေ။

နယူးအော်လင်းစ် မြို့အထိ ဆက်စပ်ယူရန် သဲလွန်စ မရှိ။

လင်ဒါတယောက် ကယောင်ချောက်ချား ဖြစ်နေသလား
အဓိပ္ပာယ်မရှိ။

ဒီခေတ်မှာ အဖျားတက်လျှင် မည်သူမျှ ကယောင်ချော
ချား မဖြစ်တော့ပေ။

သို့သော် ...

ဖျားသည် ဖြစ်စေ၊ မဖျားသည် ဖြစ်စေ၊ စိတ် မမှန်သော
လူများ တခါတရံ ဒေါသ ပေါက်ကွဲ၍ အော်ဟစ်တတ်ကြ

အကယ်၍....

လင်ဒါ ပါးစပ်မှ ပေါက်ကရ လျှောက်ပြောမည် ဆိုပါ
ဒါလီယာကတော့ သူ့ကို သတ်ပစ်လိမ့်မည်။

× × ×





ထိုအချိန်၌....

အစ္စရေးနိုင်ငံတွင်နာဂျီးယား၏ဩဇာအာဏာကိုဖာဆေးလ် ယူသုံးခြင်းကြောင့် ဖြစ်ပေါ်လာသော အခြေအနေ မျိုးထက် ပိုမိုကြီးကျယ်သော အဖြစ် အပျက်များ ဖြစ်ပေါ် လာလေသည်။

ဂျာဖာမြို့ အနီး လေယာဉ်ကွင်း၌ အစ္စရေး လေယာဉ် ပိုင်းလော့ ၁၄ ယောက်သည် အက်ဖ် ၄ ဖင်တွမ် ဗုံးကြဲ တိုက်လေယာဉ် ၇ စီးပေါ်သို့ တက်သွားကြသည်။

၎င်းလေယာဉ် ၇ စီးသည် ပြေးလမ်းမှ အရှိန်ယူ ပျံတက်သွားပြီး မြေထဲပင်လယ်ပေါ် ဖြတ်ကာ အနောက်ဘက်စူးစူးရှိ လစ်ဗျားနိုင်ငံ၊ တိုဘရုပ်ခ် မြို့သို့ အသံထက်မြန်သော အရှိန်နှုန်းဖြင့် ပျံတက်သွားကြလေသည်။

၎င်းလေယာဉ်များသည် ဗုံးကြဲ တိုက်ခိုက်ရန် သွားနေကြခြင်း ဖြစ်သည်။

လေဆိပ်မှပျံတက်ပြီး ၁၉မိနစ် အကြာတွင် တိုက်လေယာဉ် အုပ်စု ခေါင်းဆောင်သည် ကုန်သင်္ဘော ကြီးကို တွေ့သွားသည်။

၎င်းသင်္ဘောသည် မိုဆတ်ဒ် အဖွဲ့မှ သတင်း ပေး လိုက်သည့် နေရာမှာပင် ရှိနေသည်။

တိုဘရုပ်ခ်မြို့မှ ၁၈ မိုင် အကွာတွင် ပြောက်ကျား များ အတွက် လက်နက်မျိုးစုံ တင်ဆောင်လျက် အရှေ့စူးစူးသို့ သွား နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာအောင် လုပ်မှ။

ဖင်တွမ်ဂျက် လေးစင်းက အာရပ် တိုက်လေယာဉ်များရန်မှ ကာကွယ်ပေးရမည့် အမြင့်၌ နေရစ်ခဲ့ကြသည်။

သုံးစင်းက အောက် ထိုးဆင်းသွားကြသည်။

ခေါင်းဆောင် လေယာဉ်က သဘော်အနီး ပေခြောက်ဆယ် အမြင့်မှ ပျံသွားကြသည်။

ဟုတ်သည်။

ဒီသဘော်ပါပဲ။

မကြာမီ ကုန်သဘော်ကြီးသည် အစ္စရေးလေယာဉ် သုံးစီး လက်ချက်ဖြင့် ဗုံးထိမှန် ပျက်စီးသွား၏။

အိမ်အပြန်တွင် အစ္စရေး ပိုင်းလော့များသည် ကောင်းကင် ပြင်တဝိုက် အကဲခတ်သွားကြသည်။

အမ်အိုင်ဂျီလေယာဉ်များ နောက်က လိုက်လာလျှင် ပွဲကြီး ပွဲကောင်း နွှဲလိုက်ချင်သည်။

အစ္စရေး လေယာဉ်များ တိုက်ခိုက်မှု ဖြစ်ပွားပြီး နောက်၌ အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်သည်။

အမေရိကန် ပြည်ထောင်စု၌ အယ်လ်ဖာတာများ တိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သူက မည်မျှသိထားသနည်း။

မည်သူမျှ မပြောနိုင်။





အစ္စရေးတို့သည် အမေရိကန်များ ပေးထားသည့် လေယာဉ် များဖြင့် တိုက်ခိုက်ခဲ့ကြသည်။

'အားပေး ထောက်ပံ့သူများ ကိုယ်တိုင် ဒုက္ခတွေ့ရမည်' ဟု အစ္စရေးများက ပြောခဲ့၏။

ထိုကြွေးကြော်မှုအတွက် လက်တွေ့ လုပ်ပြလိုက်ပြီ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၀ ။

'ကျုပ် သူ့ကို သွားအိပ်ချင် အိပ်ပါလို့ ပြောပြီးပြီ၊ သူက သေတ္တာကို ခင်ဗျားလက်ထဲ ကိုယ်တိုင် ပေး အပ်ရမယ့် အမိန့် ရထားလို့တဲ့'

စစ်သံမှူး ဗိုလ်မှူးကြီး ဝိုက်စ်မင်းက အစွရေးသံရုံးရှိ အစည်း အဝေးခန်းဆီ လျှောက်သွားယင်း ကာဘာကော့ဗ်အား ပြော လိုက်သည်။

ကာဘာကော့ဗ် တံခါး ဖွင့်လိုက်သောအခါ အသက်ငယ် ငယ် ဗိုလ်ကြီးတယောက်သည် ကုလားထိုင်ပေါ်၌ ခေါင်းညိတ် ထိုင်နေသည်။



ကာဘာကော့ဗ်ကို တွေ့သောအခါ ချက်ချင်း မတ်တတ် ထလိုက်သည်။

'ဗိုလ်မှူး ကာဘာကော့ဗ်၊ ကျွန်တော် ဗိုလ်ကြီးရိခ်ပါ၊ ဘော ္ဒတ်က ပစ္စည်း ပေးခိုင်းလိုက်ပါတယ်'

ကာဘာကော့ဗ်သည် ဗိုလ်ကြီး ရိခ် လက်ထဲမှ သေတ္တာကို ချက်ခြင်း ဆွဲယူလိုက်ချင်သည့်စိတ်ကို မနည်း ထိန်းထားရသည်။ ရိခ်သည် ခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့ရသူ ဖြစ်၏။

'မင်းကို မှတ်မိပါတယ် ရိခ်၊ ကွာနဘယ်လ်မှာတုန်းက ဟော် ဝစ်ဇာ အမြောက်တပ်ကို အုပ်ချုပ်ရတယ် မဟုတ်လား'

ကာဘာကော့ဗ်က ရိခ်အား လက်ဆွဲ နှုတ်ဆက်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှ ဂျပ်ဗူးဆီ လှည့်ကြည့်သည်။ နှစ်ပေပတ်လည်၊ အမြင့်တပေ၊ ကြိုး နှင့် ချည်ထား သည့် သေတ္တာဖြစ်သည်။

အဖုံးပေါ်တွင် 'ကွယ်လွန်သူ အာဘူအလီ၊ ၁၀၊ ရှူးဗာဒွန် သမ်း၏ ကိုယ်ပိုင်ပစ္စည်းများ၊ဖိုင်အမှတ် ၁၀၆၀၄၇၊ ဖေဖော် ဝါရီ ၂၃ အထိ ထိန်းသိမ်းထားရန်' ဟူသော စာတန်းကို အာရပ် ဘာသာဖြင့် ရေးထားသည်။

သေတ္တာထောင့် တနေရာ၌ အပေါက်တခုဖောက်ထားသည်။ ကျည်ဆန်ပေါက်တခု ဖြစ်၏။

'တယ်လာဗစ်မှာ ထောက်လှမ်းရေးက စစ်ဆေးကြည့်ပြီးပြီ၊ ကြိုးထုံးတွေပေါ်မှာ ဖုန်တွေ ကပ်နေတယ်၊ ဒီသေတ္တာကို မဖွင့်ပဲ ထားတာ ကြာပြီလို့ ယူဆကြတယ်'

ရိခ်က ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်က အဖုံးကိုဖွင့်ပြီး သေတ္တာကို စားပွဲပေါ် မှောက်ချလိုက်သည်။

မှန်ကွဲနေသော နှိုးစက်နာရီတလုံး။

ဆေးလုံးလေးများပါသော ဆေးပုလင်း နှစ်ပုလင်း။

ဘဏ်စာရင်းစာအုပ်။

တနေရာရာမှ ခိုးယူခဲ့ဟန်တူသော လာမား ပစ္စတို အတွက် ကျည်တကပ်။

စိန်ဖောက် ကြယ်သီးများ မပါသော ဗူးခွံလွတ်လေးတခု။

ကိုင်းကျိုးနေသော စာကြည့်မျက်မှန်တလက်နှင့် စာနယ်ဇင်း အချို့ဖြစ်သည်။

တန်ဖိုးရှိသော အရာများကို ရဲများက သိမ်းဆည်းပြီး ကျန် ပစ္စည်းများကိုလည်း အယ်လ် ဖာ တာ ဂိုဏ်း ဝင်များ က ခွဲ ခြားခြား စစ်ဆေးပြီးလောက်ပြီ။

ကာဘာကော့ဗ် စိတ်ဓာတ်ကျသွား၏။

ရိခ်ကို ကြည့်လိုက်သည်။

'ဒီဟာရဖို့ မင်းတို့ဘယ်လောက် အနစ်နာခံလိုက်ရသလဲ'

'ယိုဖီတော့ ပေါင်မှာ ဒဏ်ရာ ရ သွား တယ်၊ ဆ ရာ့ဆီ အကြောင်း ကြားခိုင်း လိုက်ပါသေးတယ်'

'ပြောလေ'

'ဆရာ သူ့ကို ရီမီမာတင် ပုလင်းတလုံး အကြွေးပေးရော ရှိတယ်တဲ့'

'အင်း'

ကာဘာကော့ဗ် ပြုံးလိုက်သည်။



ဤသေတ္တာ အစုတ်ပလုပ်ကြောင့် အသက် ဆုံးရှုံးမှုများ မရှိ ခြင်းမှာ တော်သေးသည် ဆိုရမည်။

'ယိုဖီဟာ ဆော်ဗီရှေနေ့ရုံးတခုရဲ့ မှတ်ပုံတင်အာတုတွေကိုင်ပြီး ဝင်သွားတာလေ၊ စာရေးကို လာဘ်ကြိုတင်မထိုးပဲ တခါတည်း အပြတ်လုပ်ဖို့ ကြံထားတယ်၊ ရဲစခန်းက စာရေးကို လက်ဘန္ဒနီ ငွေ၃ ပေါင် ပေးပြီး သေတ္တာကြည့်ခွင့်တောင်းတယ်၊ စာရေးက သေတ္တာကို ထုတ်လာပြီး ကောင်တာပေါ် ထားခဲ့တယ်၊ တာ ဝန်မှူးဆီ သေတ္တာပြဖို့ ခွင့်တောင်းရမယ်ဆိုပြီး ထွက်သွားရော၊ ယိုဖီက စာရေးကို လက်သီးနဲ့ထိုးပြီး သေတ္တာဆွဲပြေးတယ်လေ၊ သူ့ မိနီကူးပါး ကားလေး အပြင်မှာ အဆင်သင့် ရပ်ထား တယ်၊ တချိုးတည်း လစ်ပြေးတာ၊ အဲ ရှုး ယူ နက်စ် လမ်း ဂိုး ရောက်တော့ မာဇရာလမ်းထိပ်ကနေ ရဲကားနှစ်စီး ပိတ်စောင့် နေတယ်၊ ဒီကောင်က မလက်ဖောင်းပေါ် တက် မောင်းပြီး ရဲကားနှစ်စီးဘေးက ရှောင်ထွက်သွားတယ်၊ ငါးပြလောက် အရောက်မှာ ဂျာကိုဘီက ဟူဝီ ရဟတ်ယာဥ်နဲ့ ဆင်း လာ ကယ် တယ်၊ ယိုဖီက ကားခေါင်မိုးပေါက် ဖွင့်ပြီး ရဟတ်ယာဥ်ပေါ် တွယ်တက်တယ်'

'မင်းရော၊ ရဟတ်ယာဥ်ပေါ် ပါသလား'

'ပါတယ် ဆရာ၊ ယိုဖီ ကျွန်တော့်ကို ပိုက်ဆံအကြွေး ဆပ်ရ ဦးမယ်'

'မင်းတို့ရဟတ်ယာဥ် တောင်ကုန်းတွေပေါ် အထိ မောင်း နိုင်သားပဲ'

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော်တို့ ဂိရှာဟာဇီဗ် ကျတော့ ဆင်းရတယ်’

‘လက်ဘနွန်တွေက လေယာဉ်ပျံတွေ မလွှတ်လိုက်ဘူးလား’

‘နောက်ဆုံးကျတော့ လွှတ်လိုက်တာပေါ့၊ သူတို့ နည်းနည်း နောက်ကျသွားတယ်၊ ရဟတ်ယာဉ်ကို လက်ဘနွန်ရဲတွေ တွေ့ပြီး (၂၄)မိနစ် အကြာမှာ ကျွန်တော်တို့ အစ္စရေး ပိုင်နက်ထဲ ပြန် ရောက်နေပြီလေ’

လူသုံးဦး သက်စွန့်ဆံဖျားသွားယူပေးခဲ့ရသည့် သေတ္တာထဲမှ ပစ္စည်းများနှင့် ပတ်သက်၍ မိမိ၏မကျေနပ်မှုကို ကာဘာကော့ဗ် ဖုံးကွယ် ထားလိုက်ရလေသည်။

တာလာဗစ်ကလည်း သူ့ကို အရူးအပေါဟု ထင်သွားကြ မည်။

‘အဲဒီအတွက် ကျေးဇူးတင်ပါတယ်၊ ရိခ် ယိုဖီးနဲ့ ဂျာကိုဘီ ကိုလဲ ကျုပ်ကိုယ်စား ပြောပေးပါ၊ ကဲ... သွားအိပ်ချေတော့’

ကာဘာကော့ဗ်နှင့် ဝိုက်စ်မင်း တို့သည် အာဘူအလီ၏ ပစ္စည်းများ ပြန့်ကျဲနေသော စားပွဲ၌ ဆက်လက်၍ ထိုင်နေကြ သည်။

ဝိုက်စ်မင်း နှုတ်ဆိတ်နေ၏။

အရေးပါသော စာရွက်စာတမ်း ဘာတခုမျှ မရှိ။ အယ်လ် ဖာတာတို့၏ လက်စွဲစာအုပ်ဖြစ်သည့် ‘နိုင်ငံရေးနှင့် လက်နက် ကိုင် ရုန်းကန်မှု’ ဟူသော စာအုပ်ကလေးပင် ပါမလာ။

အာဘူအလီ၏ ပစ္စည်းများတော့ မှန်သည်။



စာနယ်ဇင်းများကို ကာဘာကော့ဗ်က စစ်ဆေးကြည့်လိုက် သည်။ အီဂျစ်ပြည်ထုတ် အယ်လ်တာလီယာ လစဉ် မဂ္ဂဇင်း နှစ်စောင်။

တွေ့ဆုံခန်းကဏ္ဍတွင် မျဉ်းတားထားသော အပိုဒ် ပါရှိ၏။

‘အစ္စရေးနိုင်ငံသည် ထောက်လှမ်းရေး လုပ်ငန်းတွင် သိပ် တိုးတက်မှု မရှိသေးပေ။ ၎င်းတို့၏ အစွမ်းထက်မှုမှာ ကောလာ ဟလများသာ ဖြစ်၏။’

ကာဘာကော့ဗ် နှာခေါင်းရှုံ့လိုက်သည်။

အာဘူအလီသည် သင်္ချိုင်းကုန်းထဲမှ သူ့ကို လှောင်ပြောင် နေသလား။

ဘေရွတ်မြို့ထုတ် သတင်းစာ အယ်လ်ဟာဝါဒက်စ်။ ပဲရစ် မက်ချ် စာစောင်။ အမေရိကန်ထုတ် စပို့စ်အလာစ်ထရိတ်တစ်ဒ်။ (အားကစား ရုပ်စုံ မဂ္ဂဇင်း)။ နေ့စွဲက ၁၉၇၄။ ဇန်နဝါရီ ၂၁-ရက်။

ကာဘာကော့ဗ်က ၎င်း မဂ္ဂဇင်းကို ကောက်ယူလိုက်သည်။ သေတ္တာထဲ ပါသမျှပစ္စည်း၌ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထား သော စာစောင်မှာ ဤတခုသာ ရှိသည်။

မျက်နှာဖုံးပေါ်တွင် ကော်ဖီအစွန်းများ ပေရေနေသည်။ နှစ်ခေါက်မျှ အကြမ်းဖျင်း လှန်လှောကြည့်သည်။

အမေရိကန် ဘောလုံးနှင့် ပတ်သက်သည့် သတင်း ဆောင်းပါး၊ ဓာတ်ပုံများ အတော်များများပါသည်။ အရုပ် များ ဘောလုံးဝါသနာ ပါကြသည်။

သို့သော်....။

www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဇ်၏ ဦးနှောက် သွက်လက်စွာ အလုပ်လုပ်နေပေပြီ။

ဖာဆေးလ်....မြူးနစ်....အားကစားပွဲ....။

တိတ်ခွေဖွင့်ဖွင့်ချင်း 'နှစ်သစ်ချိန်ခါမှာ သွေးရဲရဲ သံရဲရဲနဲ့ စတင်လိုက်ကြပါ' ဟူ၍ နှုတ်ခွန်းဆက်ထားခဲ့သည်။

ဝိုက်စ်မင်းက ကာဘာကော့ဇ်၏ အသံကြား၍ မော့ကြည့်လိုက်သည်။

'ဗိုလ်မှူးကြီး ဝိုက်စ်မင်း ခင်ဗျာ....ဆူပါဘိုးလ် ဘောလုံးပွဲကြီးနဲ့ ပတ်သက်ပြီး ဘယ်လောက်သိသလဲဗျ'

× × ×

အက်ဖ်ဘီအိုင် ညွှန်မှူး ဂျွန်ဘေကာသည် စာကြည့်မျက်မှန်ကို ချွတ်ပြီး နှာခေါင်းရိုးကို လက်နှင့်ပွတ်လိုက်သည်။

'ဒီဟာ သိပ်လွန်ကဲတဲ့ ယူဆချက်ပါပဲဗျာ'

ကော်လီက ထိုင်ခုံ၌ ဖင်ရွှေ့လိုက်၏။ ကာဘာကော့ဇ်ကမူ ဘေကာ၏ မျက်နှာပြောင်တိုက်မှုကို စိတ်ကုန်နေပြီ။

'ယူဆချက် မဟုတ်ပါဘူး၊ တကယ့်အဖြစ်အပျက်၊ အချက်အလက်တွေကို ပြန်ကြည့်ပါဦး'





'သိပါတယ်....သိပါတယ် ဗိုလ်မှူးရယ်၊ ခင်ဗျားပြောတာ ...င်းသားပဲ၊ အခုပစ်မှတ်ဟာ ဆူပါဘိုးလ် ဘောလုံးပွဲ ဖြစ်မယ် ...တာ ဘာကြောင့်လဲ၊ ဒီ ဖာဆေးလ် ဆိုတဲ့ လူဟာ မြူးနစ် ...လုံ့ ၇၂ ပွဲမှာ တိုက်တုန်းက ဘလက်စက်တင်ဘာဂိုဏ်းကို စည်းရုံး ...ဆောင်ခဲ့လို့ ဘေရွတ်မှာ ခင်ဗျားတို့သိမ်းမိခဲ့တဲ့ တိတ်ခွေထဲ ...ာ နှစ်သစ်ကူးချိန်မှာ တိုက်ခိုက်မှုစတင်မယ့်အကြောင်း ရည် ...ွန်း ပြောဆိုထားလို့'

'နောက်ပြီး ဒီအဖြစ်အပျက်တခုလုံးဟာ ရုပ်မြင်သံကြားက ...က်ရိုက်လွှင့်နေချိန်မှာ ဖြစ်မယ်၊ ရုပ်မြင်သံကြား ပရိသတ် ...ားလုံး မျက်ဝါးထင်ထင် အံ့သြတုန်လှုပ်သွားအောင် တွေ့ကြ ...လိမ့်မယ်'

'ခက်တာက ဒီအာဘူအလီလက်ထဲမှာ 'စပ်ပိုစ် အလာထရိတ် ...က်ဒ်' အားကစား မဂ္ဂဇင်းတစောင် ရှိခဲ့ကြောင်း သိရရုံနဲ့ ...ိုင်လုံသေးဘူး၊ အာဘူအလီဟာ ဒီစီမံကိန်းမှာ ပါသလား ...ါဘူးလားဆိုတာ ကျုပ်တို့ ခင်ဗျားတို့ အသေအချာ မသိ ...ူး....'

ဘေကာက မှိုင်းဝေနေသော ဝါရှင်တန်ညနေခင်း ရှုခင်းကို ...တင်းပေါက်မှ လှမ်းကြည့် လိုက်သည်။

ဘေကာ၏ စားပွဲပေါ်တွင် ကော်လီ ပေးထားသော ဤအမှု ...ှင့် ပတ်သက်သည့် အကြမ်းဖျင်း အစီရင်ခံစာ ဖိုင်တွဲအမှတ် ...၀၂ ရှိသည်။

မိမိအား ဘာကြောင့် ခေါ်တွေ့ပါလိမ့်ဟု ကာဘာကော့ဇ် ...သွားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခုလို ကူညီတာ ကျေးဇူးပါပဲ မစ္စတာဘေကာ'

ကာဘာကော့ဗ်က ထိုင်ရာမှ ထယင်း နှုတ်ဆက်လိုက်သည်။

'ခဏနေပါဦး မိုလ်မှူး၊ ခင်ဗျားက ဒါမျိုး ကြုံဖူးသော ကျုပ် မေးချင်တာက ဒီ ကောင် တွေ ပလပ်စတစ် ဗုံးတွေ ကစားကွင်းကြီး ထဲမှာ သွားတပ်ထားပြီး ပွဲကြည့် ပရိသတ် ရောက်လာတဲ့အခါကျမှ သူတို့ တောင်းဆိုတာမရရင် ဖောက် ပစ်မယ်လို့ခြိမ်းခြောက်ကြမှာလား'

'ဒီကောင်တွေ ဘာမှ တောင်းဆိုမှာ မဟုတ်ဘူး၊ ဖောက် ပစ်ပြီး ဒီဟာအတွက် သူတို့ ဂုဏ်ယူ ဟစ်ကြွေးကြမှာပဲ'

'ဘာလို့ ခင်ဗျား ဒီလို ထင်ရသလဲ'

'ခင်ဗျား သူတို့ကို ပေးစရာ ဘာရှိသေးလို့လဲ၊ လေယာဉ် ပေးဆွဲမှုတရားခံအတော်များများဖမ်းထားရာကလွတ်ပေးပြီး မြူးနစ်တရားခံတွေလဲ တခြားလေယာဉ် ပြန်ပေးမှုတွေကြော လွတ်သွားကြပြီ၊ လေလီယာခါလတ်ဒ် (လိုင် လာ ခါ လတ် သိကြသည်)လဲ ဒီနည်းနဲ့ လွတ်သွားပြီ၊ ခါတ့်မ်က ခင်ဗျားတို့ သံအဖွဲ့ဝင်တွေကို ပစ်သတ်ခဲ့တဲ့ကောင်တွေကိုလဲ ဆူဒန်အစိုးရ သက်ဆိုင်ရာအစိုးရကို ပြန်ပို့လိုက်ပြီ၊ သူတို့အားလုံး လွတ် ပြီ မစ္စတာဘေကာ'

'အစ္စရေးကို အမေရိကန် ကူညီမှု ရပ်ခိုင်းမလား၊ ကတိပေး ပေမယ့် အာမခံချက်တော့ မရှိဘူး၊ ဒါ လုံးလုံး မဖြစ်နိုင်ဘူး မားစာခံတွေ ဖမ်းတဲ့အခါ သူတို့ငြိမ်ဝပ် ပိပြားအောင် ထိန်း သိမ်း ထား ဖို့ လိုတယ်၊ ကစားကွင်းကြီးထဲမှာ ဓားစာခံတွေ ဘယ်လို ထိန်းထားနိုင်မှာလဲ၊အားလုံး ကြောက်လန့်ပြီး သွေး





သွေးတန်းနဲ့ ထွက်ပြေးကြမယ်၊ တယောက်ပေါ် တယောက် တက်နင်းကုန်ကြလိမ့်မယ်၊ သူတို့ ဘာမှမတောင်းပဲ ဖောက်ခွဲ ပစ်လိုက်မှာပါပဲ'

'ဘယ်လိုခွဲမလဲ'

'မသိဘူး၊ ပလပ်စတစ်ဗုံး တန်တဝက် ရှိနေရင် ပွဲကြည့်စင် နှစ်ဘက်စလုံးကို ပြိုကျအောင် လုပ်နိုင်စွမ်း ရှိတယ်၊ ဒါပေမယ့် ဗုံးတွေကို နေရာအနှံ့အပြား လိုက်မြှုပ်ပြီး တပြိုင်တည်း ဖောက် ခွဲနိုင်ရမယ်၊ သိပ်တော့မလွယ်ဘူး၊ ဖာဆေးလ်က သိပ် မအေဘူး၊ ဒီလိုပွဲမျိုးမှာ အဝေးက ရေဒီယိုဆစ်ဂ်နယ်နဲ့ ဖောက်ခွဲဖို့ သိပ် မလွယ်ဘူး၊ ဗုံးတွေ နေရာအနှံ့ထားတာဟာလဲ ရဲတွေ ရှာတွေ့ဖို့ သိပ်နီးစပ်နေတယ်'

'ကစားကွင်းကြီး တခုလုံးကို သေသေချာချာ ရှာခိုင်းမယ် ဗျာ၊ ပင်ပန်းချင် ပင်ပန်းပါစေ၊ ဒါပေမယ့် ရှာကိုရှာရမယ်'

ကော်လီက ဝင်ပြောသည်။

'လျှို့ဝှက် ထောက်လှမ်းရေးကတော့ ဒီကိစ္စ သူတို့ဘာသာ လုပ်ချင်ကြမှာပဲ၊ ဒါပေမယ့် သူတို့ဆီက လူ အင်အားတော့ တောင်းမှပဲ'

ဘေကာက ပြောသည်။

'ဆူပါဘိုးလ်ပွဲကြီးနဲ့ပတ်သက်နေတဲ့ လူအားလုံးကို စစ်ဆေး မယ်၊ ဟော့ဒေါ့ ရောင်းတဲ့ ဆိုင်လေးတွေ၊ အအေးဆိုင်တွေကို ရှာမယ်၊ ကွင်းထဲကို သေတ္တာတွေ၊ ဗူးတွေကို အထဲသွင်းလာခွင့် မပေးနဲ့၊ အနံ့ခံခွေးတွေနဲ့ လျှပ်စစ်အနံ့ခံ ကိရိယာတွေ သုံးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက ရတဲ့ ပလပ်စတစ်ဗုံးအန္တကို ခွဲတွေ ရှုခိုင်းဖို့၊ လေ့ကျင့်ဖို့ အချိန်ရသေးတယ်'

'ကောင်းကင်ပေါ် ကျတော့ရော'

'ခင်ဗျား ဟိုမြေပုံဇယားချပ်က လေယာဉ်မှူး တယောက်အကြောင်း တွေးနေတာကိုး၊ ကောင်းပြီလေ၊ ကစားပွဲကျင်းပနေချိန်အတွင်း နယူးမအော်လင်းစ်မြို့မှာ ကိုယ်ပိုင် လေယာဉ်ပျံသန်းမှု အားလုံး ပိတ်ထားလိုက်မယ်၊ အစိုးရ လေကြောင်းအုပ်ချုပ်မှုရုံးနဲ့လဲ စစ်ဆေးကြည့်ရမယ်၊ သက်ဆိုင်ရာ အောဂျင်စီတွေကို ကျုပ် ဒီနေ့ခင်းပဲ ဆက်သွယ်ပါ့မယ်၊ ဒီနောက်ပိုင်း ကျုပ်တို့ သတင်းထပ်ရဦးမှာပါ'

'ကျုပ်တော့ သိပ်မထင်ဘူး'ဟု ကာဘာကော့ဇ်က စိတ်ထဲမှ ပြောလိုက်သည်။

× × ×

## အခန်း ။ ၃၁ ။

အက်ဘ်ဒယ်လ်အာဝပ်ဒ်၏ မနားမနေ လျှောက်နေသောခြေသံများကြောင့် စကြံလမ်းတွင်းရှိ အစောင့်သည် စိတ်တိုလာလေပြီ။

အစောင့်က အကျဉ်းခန်းတံခါးမှ ပြတင်းပေါက်တံခါးချပ်လေးကို တွန်းဖွင့်ပြီး အာဝပ်ဒ်အား လှမ်းဆဲလိုက်သည်။

ထိုသို့ လှမ်းဆဲဆိုပြီး အစောင့်သည် သူ့ဘာသာ လိုပြောသန့်သလို ဖြစ်မိသည်။ အနည်းငယ် ရှက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတယောက်သည် မိမိဘာသာ လမ်းလျှောက်ပိုင်ခွင့်

သလော။ အစောင့်က တံခါးချပ်ကလေးဖွင့်ပြီး အာဝပ်ဒ်အား
စီးကရက်တလိပ် ကမ်းပေးသည်။

ခြေသံကြားလျှင် မီးသတ်ပြီး ဝှက်ထားရန်လည်း သတိ
လိုက်၏။

အာဝပ်ဒ်သည် ခြေသံများကို စောင့်နေခြင်း ဖြစ်၏။
လား၊ နက်ဖြန်လား၊ သန်ဘက်ခါလား၊ တချိန်ချိန်တော့
လာကြလိမ့်မည်။

သူ့လက်တွေကို ဖြတ်ပစ်ရန် လာခေါ်ကြမည်။

အာဝပ်ဒ်သည် သူ့အတွေး သူ့ စိတ်ကူးများကို ရေး
ကြံစည်ခဲ့သည်။

သူ့မိဘ ဆွေမျိုး မိသားစု အရှက်ရခြင်း အတွက်
ပန်ရန် ဖခင်ထံ စာတစောင်ရေးရန် ကြံသည်။

သို့သော် သူစကားလုံးများ စဉ်းစား၍မရ။ စာရေး၍မ
သူ့ကိုလာခေါ်လျှင် စာတဝက်တပျက်အတိုင်း သူ့မိခင်ထံ
ချင်ပါ။

သို့မဟုတ်လည်း ဖောင်တိန်ကို သွားကြားကိုက်ပြီး
တပျက်စာကို အဆုံးသတ် ဆက်မရေးချင်ပါ။

ဤပြစ်ဒဏ်အတွက် မေ့ဆေးပေးရန် ညွှန်ကြားချက်မှ
ထားရှိလားမသိ။

ဘောင်းဘီ ခြေထောက်စ တဘက်ကို တံခါး ပတ္တာကြား
ညှပ်ပြီး အခြား ခြေထောက်စတဘက်ဖြင့် မိမိဘာသာထိုင်





ကြိုးဆွဲချ သတ်ရ ကောင်းမလား၊ တပတ်လုံး သူ လျှောက်စဉ်း
စားလာခဲ့သည်။

ဘယ်နေ့လက်ဖြတ်မည်ဆိုတာ သူတို့ကြိုပြောလျှင် ပိုကောင်း
မည်။ ယခုကဲ့သို့ မပြောပဲ ထားခြင်းသည် စီရင်ချက်ထဲ၌ ပါ
သလား မပြောတတ်။

တံခါး ဂျက်ကလေး ပွင့်လာသည်။

'မီးငြိမ်းလိုက်...မီးငြိမ်းလိုက်....'

အစောင့်က ခပ်တိုးတိုး ပြောလိုက်သည်။

အာဝပ်ဒ်က စီးကရက်ကို ဖိနပ်နှင့်နင်းချေပြီး ခုတင်အောက်
ကန်သွင်းလိုက်သည်။

တံခါးဂျက်ဖြုတ်သံများ ကြားရသည်။

အာဝပ်ဒ် လက်နှစ်ဘက် နောက်ပစ်လျက် ရပ်နေသည်။

'ငါဟာ ယောကျ်ားတယောက်၊ တာဝန်ကျေတဲ့ အရာရှိ
ကောင်းတဦး၊ တရားရုံးမှာ စစ်တဲ့အခါ ဒါကို ဘယ်သူမှ မငြင်း
နိုင်ဘူး၊ ခုချိန်မှာ ငါ အရှက်ကွဲမခံနိုင်ဘူး'

အကျဉ်းခန်းထဲသို့ သပ်ယပ်သော အရပ်ဝတ်နှင့် ကိုယ်လုံး
သေးသေး လူတယောက် ဝင်လာသည်။

ထိုပုဂ္ဂိုလ်က တစုံတခု ပြောနေသည်။ နှုတ်ခမ်းမွေး ဖုံးနေ
သော သူ့နှုတ်ခမ်းများ လှုပ်ရှားနေသည်။

'ကျုပ်ပြောတာကြားလား ဒုဗိုလ် အာဝပ်ဒ်၊ ခင်ဗျားကို
ပြစ်ဒဏ်စီရင်ဖို့ အချိန် မကျသေးဘူး၊ ဒါပေမယ့် အရေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကား မပြောဖို့ရှိတယ်၊ ခင်ဗျားနဲ့ကျုပ် စကား ပြောချင်တယ် အင်္ဂလိပ်လိုပဲပြောပါ၊ ကုလားထိုင်ယူပြီး ထိုင်ပါ၊ ကျုပ် အိပ်ယာပေါ်မှာပဲထိုင်ပါ့မယ်’

*နေ့သည်၏ အသံက ခပ်တိုးတိုး။*

သူ့မျက်လုံးများက အာဝပ်ဒ်၏ မျက်နှာမှ လုံးဝ မခွာ။ အာဝပ်ဒ်လက်များက နူးညံ့လှ၏။ ရဟတ်ယာဉ် ပိုင်းလော့တို့၏ လက်မျိုးဖြစ်သည်။

ထိုလက်များ မဆုံးရှုံးစေရန် ပြန်လည် အသုံးပြုခွင့် ပေးမည့် အခွင့်အလမ်း ပေါ်လာသောအခါ သတ်မှတ်ပေးသည့် စည်းကမ်းချက်များကို လိုက်နာရန် လျင်မြန်စွာပင် သဘောတူလိုက်လေသည်။

အာဝပ်ဒ်အား ဘင်ဂါဇီအကျဉ်းထောင်မှ အက်သ်ဒါဘူဂူတပ်စခန်းသို့ လုံခြုံမှု တင်းကျပ်စွာဖြင့် ပြောင်းရွှေ့ လိုက်ကြ၏။ သူ့အား နေတိုး စစ်ဌာနချုပ်က ဟုခ် ချိတ်ဟူသော နာမည်ဝှက် ပေးထားသည့် ရုရှားလုပ်အကြီးစား အမ်အိုင်အယ်လ်၆ ရဟတ်ယာဉ်ကို မောင်းနှင်ခိုင်းကြသည်။

စစ်တပ်ပိုင် သုံးစင်းအနက် တစီးဖြစ်သည်။

အာဝပ်ဒ်ဘုပ် ဤရဟတ်ယာဉ်မျိုးမောင်းဖူးသည်။ သို့သော် ပိုမိုသေးငယ်သောရဟတ်ယာဉ်များ မောင်းနှင်ရာ၌ ပိုကျွမ်းကျင်သည်။ ဆီကော်စကီးအက်စ် ၅၈ ရဟတ်ယာဉ်နှင့် ထပ်တူမဟုတ်သော်လည်း အတော်ကလေး နီးစပ်သည်။

အာဝပ်ဒ် နိုင်နင်းစွာ ပျံသန်းနိုင်၏။



ထိုညဉ့်တွင် အီဂျစ်မှ ရသော ဆီတော်စကီး ရဟတ်ယာဉ် မောင်းနည်း လမ်းညွှန်စာအုပ်ကို အာဝပ်ဒ် ဖတ်ရှုလေ့လာ၏။

အချိန်ကျသောအခါ သူ အောင်မြင်စွာ မောင်းနိုင်မည်ဟု တထစ်ချ ယုံကြည်သည်။

လစ်ဗျားနိုင်ငံတွင် စာရွက်စာတမ်း အတုလုပ်တတ်သူ ရှားပါးသောကြောင့် အာဝပ်ဒ်အတွက် မှတ်ပုံတင် စာရွက်စာတမ်း အတုများ လုပ်ပေးမည့်သူကို နိုက်ဂျီးရီးယားနိုင်ငံ၌ ဆက်သွယ် ယူရပေသည်။

အာဝပ်ဒ်၏ ဇာတ်မြှစ် အမှန်ကို လုံးဝ အစဖျောက်ပေးရန်မှာ အထူးအရေးကြီးလှသည်။

သူ့အား အမေရိကန် နိုင်ငံသို့ ဝင်ခွင့်ရစေမည့် စာရွက်စာတမ်း တုများရရှိလျှင် လုံလောက်ပေပြီ။

သူ့အဖို့ အမေရိကန်မှ ပြန်စရာမလို။ ဗုံးပေါက်ကွဲမှုတွင် သူ တပါတည်း သေဆုံးသွားမည်ဖြစ်သည်။

ဤအချက်ကိုတော့ အာဝပ်ဒ် မသိ။ ဖာဆေးလ်ထံ သတင်းပို့ရန်နှင့် ၎င်း၏ အမိန့်များ နာခံရန် ညွှန်ကြားလိုက်ကြသည်။ အာဝပ်ဒ် တယောက် ချောမောစွာဖြင့် အမေရိကန်နိုင်ငံမှ ပြန်ထွက်နိုင်မည်ဟု ပြောပြလိုက်ကြသည်။

ဤအချက်ကို အာဝပ်ဒ် ယုံကြည်မှုရှိစေရန်၊ သူ့အတွက် ထွက်ပြေးရန် အစီအစဉ်နှင့် စာရွက်စာတမ်းများပါ စီမံပေးအပ်လိုက်ကြသည်။

အာဝပ်ဒ် ထောင်မှ လွတ်ပြီး နောက်တနေ့ ဖြစ်သော ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ၎င်း၏ လစ်ဗျား ပတ်စ်ပို့၊ သူ၏

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိခေတ်ပုံများနှင့် သူ၏ လက်ရေးမူရင်း နမူနာများကို နီကိုရှားရှိ ပုံနှိပ်စက်ငယ်လေးသို့ ပို့လိုက်ကြသည်။

အယ်လ်ဖာတားတို့အသုံးပြုနေကျဖြစ်သော နီကိုရှားနိုင်ငံမှ မှတ်ပုံတင် အတုလုပ်သူသည် ပြောင်မြောက်စွာ လုပ်ပေးလိုက်သည်။

၎င်းသည် အစွဲရေးများအတွက် လက်ဘနွန်နိုင်ငံ ဝင်ခွင့် ပတ်စ်ပို့များလည်း လုပ်ပေးလေ့ရှိသည်။

ထို့ပြင် မိုဆက်ဒ် သို့လည်း 'သတင်း' ရောင်းစားတတ်သည်။ ယခု လစ်ဗျားတို့ လုပ်ခိုင်းသော အလုပ်က ဈေးကြီးသည်။ ခက်ခဲသည်။

ပတ်စ်ပို့နှစ်ခု။ တခုက အမေရိကန်နိုင်ငံ ဝင်ခွင့်တံဆိပ်ပါသည့် အီတလီနိုင်ငံ ပတ်စ်ပို့၊ အခြားတခုက ပေါ်တူဂီ ပတ်စ်ပို့။ လစ်ဗျားအာဏာပိုင်များ ဈေးမဆစ်ကြပေ။

တဦးတယောက်အတွက် အလွန်တန်ဖိုးရှိသော ပစ္စည်းတခု သည် အခြားသူတဦးအတွက်လည်း တန်ဖိုးရှိမည်ကား အမှန်ပင် ဖြစ်၏။

မှတ်ပုံတင်အတုသမားကြီးသည် သူ့ကုတ်အင်္ကျီကို ကောက် စွပ်လိုက်သည်။

တနာရီအတွင်း၌ပင် တယ်လာဗစ်ရှိ မိုဆက်ဒ် ဌာနချုပ်သည် အာဝပ်ဒ်အား မည်သူမည်ဝါမှန်း သိရှိသွားပြီး မည်သူအဖြစ် အယောင်ဆောင်မည် ဖြစ်ကြောင်းကိုလည်း သိသွားကြသည်။ အာဝပ်ဒ် အမှုကို ဘင်ဂါဇီတွင် ဂရုစိုက် အကဲခတ်နေစရာ ရှိ၏။





ဘင်ဂါဇီရှိ မိုဆက်ဒ် အေးဂျင့်တဦးသည် အများပြည်သူတို့ သိခွင့်ရှိသောမှတ်တမ်းအချို့ကို အလွယ်တကူ လှန်လှောစစ်ဆေး ကြည့်ခြင်းဖြင့် အာဝပ်ဒ်၏ ထူးကဲသော အရည်အချင်းကို သိခွင့် ရနိုင်လေသည်။

တယ်လာဗစ်မှ ပုဂ္ဂိုလ်များက ရရှိသမျှ အချက်များကို ပေါင်းစပ်ကြည့်လိုက်ကြသည်။

အာဝပ်ဒ်သည် အမေရိကန်ပြည်ထောင်စုသို့ တလမ်းမှဝင်၍ အခြားတလမ်းမှ ပြန်ထွက်ခွာမည့် ရဟတ်ယာဉ် ပိုင်းလော့တဦး ဖြစ်သည်။

ဝါရှင်တန်သို့ တယ်လာဗစ်မှ ဖုန်းဆက်သောအခါ ၄၅ မိနစ် ခန့် ကြာအောင် စောင့်နေရ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ။ ၃၂ ။

ဒီဇင်ဘာ ၃၀ ရက်နေ့၊ နေ့ခင်းတွင် နှစ်သစ်ကူး အကြို ဖြစ်သော ၃၁ ရက်နေ့၌ ကစားမည့် ရှူးဂါးဘိုးလ် ဘောလုံး အတွက် ကြိုတင်စီစဉ်မှုအဖြစ် နယူးအော်လင်းစ်မြို့ တွင် ကစားကွင်းကြီးကို အင်တိုက်အားတိုက် ရှာဖွေကြလေသည်။ ထိုနည်းတူ နှစ်သစ်ကူး နှစ်ဆန်းတရက်နေ့၌ ကစားကြမည့် ထိပ်သီး ကောလိပ်ကျောင်း ဘောလုံးအသင်းများ၏ ဘောလုံး များကို လက်ခံကစားစေမည့် မိုင်ယာမီ၊ ဒါးလားစ်၊ ဟူစ်တန် ပါဆာဒီနာမြို့ကြီးများရှိ ကစားကွင်းများကိုလည်း ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ရှာဖွေစစ်ဆေးရန် စီစဉ်ထားကြသည်။





အကြမ်းဖက်သမားများအား မိမိတို့ ရှိသမျှ စွမ်းအားဖြင့် တွန်းလှန်ကာကွယ်ရန် အမေရိကန်အစိုးရ၏ ဆောင်ရွက်မှုကို ကာဘာကော့ဗ် သဘောကျသွားသည်။

သို့သော် ၎င်းတို့သည် ဗျူရိုကရေစီ ဝါဒကို ကျင့်သုံးဆဲ ဖြစ်၏။

အက်ဖ်ဘီအိုင် ညွှန်မှူး ဂျွန်ဘေကာသည် ကာဘာကော့ဗ်၊ ဆမ်ကော်လီတို့နှင့် စကားပြောပြီးနောက် ယမန်နေ့ နေ့ခင်းက အက်ဖ်ဘီအိုင်မှ ထိပ်သီးအရာရှိများ၊ အမျိုးသား လုံခြုံရေး အေဂျင်စီနှင့် လျှို့ဝှက်ထောက်လှမ်းရေးမှ ပုဂ္ဂိုလ်ကြီးများအား ခေါ်၍ အစည်းအဝေး ကျင်းပသည်။

ကာဘာကော့ဗ်သည် ထိုပုဂ္ဂိုလ်ကြီးများနှင့် မျက်နှာချင်း ဆိုင် ထိုင်နေရသည်။

သူတို့အားလုံး ဆူပါဘိုးလ် ဘောလုံးပွဲကြီးနှင့် ပတ်သက်သော မည်သည့် အမှတ်အသားမျှ မရေးခြစ် ထားသော ဆောင်းပါးတပုဒ် ပါသည့် မဂ္ဂဇင်းတစောင်ကို သံသယစိတ်ဖြင့် အကဲဖြတ်နေသည်။

ကော်လီက နယူးအော်လင်းစ်မှ ဆူပါဘိုးလ် ဘောလုံးပွဲကြီးကို အကြမ်းဖက်သမားများ တိုက်ခိုက်မည့် သီအိုရီကို အကြမ်းဖျင်း ရှင်းပြသည်။

အက်ဖ်ဘီအိုင်နှင့် အမျိုးသားလုံခြုံရေး အေဂျင်စီမှ ပုဂ္ဂိုလ် များက ဝေဖန်ဆွေးနွေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ထောက်လှမ်းရေး ကိုယ်စားလှယ်များဖြစ်ကြသော အားလ်ဘစ်ဂ်စ်နှင့် ဂျက်ခ်ရင်ဖရီတို့ကတော့ နှုတ်ဆိတ်နေကြသည်။

လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်များသည် သူ တွေ့ဖူးသမျှ လူများထဲ၌ မျက်နှာအတည်ဆုံး ဖြစ်ကြသည်ဟု ကာဘာကော့ဗ် တွေးမိ၏။

သို့သော် သူတို့အပေါ် သူ နားလည်ပါသည်။ သူတို့အနေနှင့်လည်း ရယ်စရာ ဘာမျှ မကြုံတွေ့ရသောကြောင့်ပင်တည်း။

ဤ အစည်းအဝေးကို လာတက်သော ပုဂ္ဂိုလ် အားလုံးတော်တော် တယောက်မျှ မပါပေ။

၎င်းတို့အား တယောက်ချင်းစီ ဤကိစ္စမျိုးကို သီးသန့်တင်ပြမည်ဆိုပါက လက်ခံလိုစိတ် ရှိကြမည်။

မိမိတို့၏ ပိုင်ဘက်အရာရှိများ ဝန်းရံနေသောအခါ သူတို့၏တုန့်ပြန်မှုက နှစ်မျိုးနှစ်စား ပေါ်လာသည်။ တခုက သူတို့၏တုန့်ပြန်မှု အစစ်အမှန်။ နောက်တမျိုးကတော့ မိမိတို့၏ ပိုင်ဘက်များက တန်ဖိုးဖြတ်နိုင်ရန် တုန့်ပြန်မှုအတု။

ကာဘာကော့ဗ်သည် မြူးနစ်အိုလံပစ်၌ ဘလက်စက်တင်ဘာ မတိုက်ခိုက်မီ အစမ်းလေ့ကျင့်မှုများနှင့် လွန်ခဲ့သောခြောက်လက ကမ္ဘာ့ဘောလုံးပွဲကြီးတွင် တိုက်ခိုက်ရန် အစီအစဉ်ကို ဖျက်သိမ်းခဲ့ကြရပုံများကို ပြောပြသည်။

အိုလံပစ်ရွာ၌ တိုက်ခိုက်မှုမျိုး၊ ဆူပါဘိုးလ်ပွဲ၌ မဖြစ်နိုင်ပါဟု မည်သူ အာမခံပြောဝံ့သနည်း။





'ဆူပါဘိုးလ်မှာ ဂျူးအသင်း မကစားပါဘူး' ဟူသော အသံဖြစ်ထွက်လာ၏။ ဤစကားကို မည်သူမျှ မရယ်ပါ။

ကာဘာကော့ဗ် ဆက်လက်စကားပြောနေစဉ် ပုဂ္ဂိုလ်ကြီးများ ခြေလက် ဂနာမငြိမ် ဖြစ်လာသည်။ မျက်နှာအမူအရာ ပြောင်းလာကြသည်။

ကာဘာကော့ဗ်သည် အစ္စရေးရဲအဝင်ဖွဲ့များရော၊ အခြားရဲများကိုပါ စိတ်အနှောင့်အယှက် ပေးဖူး၏။ သူတို့အပေါ် သူ စိတ်မရှည်သောကြောင့် ဖြစ်သည်။

ကာဘာကော့ဗ်၏ တင်ပြချက်ကို တဖြည်းဖြည်းနှင့် အရေးစိုက်လာကြသည်။

ဆူပါဘိုးလ်ပွဲသည် အဘယ်ကြောင့် ပစ်မှတ် ဖြစ်ရသနည်း။ မှောင်းထဲတွင် လူပြည့်ကျပ်နေသော ကစားကွင်းကြီးပုံကို ဖော်ပြထားသည်။

အခြား ကစားကွင်းများရော 'ပစ်မှတ်' မဖြစ်နိုင်ဘူးလား။ နှစ်ဆန်း တရက်နေ့ အကြိုညတွင် ရှုဂါးဘိုးလ် ဘောလုံးပွဲ ရှိသည်။

သန်ဘက်ခါ။

ပြီးတော့ နှစ်ဆန်းတရက်နေ့တွင် တနိုင်ငံလုံး၌ ဘောလုံးပွဲများ ရှိသေးသည်။ ကွင်းအားလုံးကို ရှာခိုင်းမလား။

မိမိသည် နိုင်ငံခြားသားတဦး၊ ဂျူးလူမျိုး ဖြစ်နေကြောင်း ကာဘာကော့ဗ် ရိပ်စားမိသည်။ ဤအချက်ကို အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲရှိ လူကြီးမင်းများ ထည့်စဉ်းစားနေပုံရ၏။ ဒါကို သူ
သိပြီးသား။ မအံ့သြမိပါ။

'ငါတို့ ပြဿနာမဟုတ်၊ မင်းတို့ပြဿနာ၊ မင်းတို့ဂျူး တွေ
အာရပ်တွေရဲ့ ပြဿနာ၊ ငါတို့ အမေရိကန်တွေနဲ့ ဘာမှ မဆိုင်'
ဟူသော သဘောထား ရှိနေပုံရသည်။

'ကဲ....အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ'

ကာဘာကောဗ်က သူ့စကား ဆုံးသောအခါ ထိုင်ချလိုက်
သည်။

ဇန်နဝါရီ ၁၂-ရက်နေ့ကျ အဖြေပေါ်ပါလိမ့်မည်။

ဘလက်စက်တင်ဘာဂိုဏ်းသည် ကစားကွင်းတခုကို တိုက်
ခိုက် ဖျက်ဆီးနိုင်စွမ်းရှိလာသောအခါ တနိုင်ငံလုံး၌ အရေး
အပါဆုံး မဟုတ်သော ဘောလုံးပွဲမျိုးသို့ လာဖျက်ဆီးမည်
မဟုတ်။ ဆူပါဘိုးလ်ပွဲသာလျှင် ပစ်မှတ်ဖြစ်မည်။

ဒီဇင်ဘာ ၃၀-ရက်နေ့၊ နေ့ခင်းတွင် ကာဘာကောဗ် နယူး
အော်လင်းစ်သို့ ရောက်လာသည်။ ရှူးဂါးဘိုးလ်ပွဲ အတွက်
တူလိန်း ကစားကွင်းကြီးကို ရှာဖွေနေကြလေပြီ။

တူလိန်း ကစားကွင်း၌ ရှာဖွေရေးအဖွဲ့တွင် လူ ငါးဆယ်
ပါသည်။ အက်ဖ်ဘီအိုင်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ ဗုံးရှင်းလင်းရေး
ဌာနခွဲမှ လူများ၊ ရဲစုံထောက်များ၊ ဗုံးအနံ့ခံတတ်သော ခွေး
များနှင့် ခွေးထိန်းသူများ၊ အစိုးရ လေကြောင်း အုပ်ချုပ်ရေး
ဌာနမှ လက်တီးရှားသဘော်ာကြီးမှ မဒ္ဒန်နာရုပ်တုကို လျှပ်စစ်
'အနံ့ခံ' ရှာတွေ့ခဲ့သော ကိရိယာ ကိုင်ဆောင်သူ အမေရိကန်
တပ်မတော်မှ စက်မှုပညာရှင် နှစ်ဦးတို့ ဖြစ်ကြသည်။





တူလိန်း ကစားကွင်းကြီး၌ ထူးခြားမှုတခုမှာ ရှူးဂါးဘိုးလ်
အတွက်ရော၊ ဆူပါဘိုးလ် အတွက်ပါ လျှို့ဝှက် ထောက်လှမ်း
ရေး အေးဂျင့်များက နှစ်ကြိမ်တိုင် ကူညီ ရှာဖွေပေး ကြခြင်း
ဖြစ်သည်။

၎င်းတို့သည် ကစားကွင်းကို ပြုပြင်မွမ်းမံနေသော လုပ်သား
များ ရှေ့မှောက်၌ပင် တိတ်ဆိတ်စွာဖြင့် မိမိတို့ လုပ်စရာရှိသည်
များကို လုပ်ကိုင်ကြသည်။

ကာဘာကောဗ်သည် ဗုံး ရှာဖွေရေးကို သိပ် စိတ်မဝင်စား။
သူတို့ ဘာမှ တွေ့မည်မဟုတ်ဟု သူ ထင်သည်။

တူလိန်း ကစားကွင်းမှ အမှုထမ်း လုပ်သား အားလုံး၏
မျက်နှာများကို ကြည့်ရှုခြင်းသည် သူ့ အလုပ်။

အိုလံပစ်ရွာ၌ တိုက်ခိုက်မည့် နေ့မတိုင်မီ ရက်သတ္တ ခြောက်
ပတ် ကြိုတင်၍ ပြောက်ကျား များကို အမှုထမ်းများ အဖြစ်
ဘာဆေးလ်က အလုပ် သွင်းပေးထားခဲ့ပုံကို သူ သတိရသည်။
နယူးအော်လင်းစ် ရဲအဖွဲ့သည် တူလိန်း ကစားကွင်းမှ အမှုထမ်း
များ နောက်ခံကြောင်းရာဇဝင် အားလုံးကို စစ်ဆေးနေကြောင်း
သူ သိပြီးသား။

သို့သော်....

တယောက်ချင်း၏ မျက်နှာကို လိုက် စစ်ဆေးနေသည်။

အကြမ်းဖက်သမားများကို မြင်လျှင် သူ သိသည်။ သူ့မှာ
ဆဋ္ဌမအာရုံ ရပြီးသားလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများကို ကြည့်ယင်း သူမည်သို့မျှ မခံစား... နောက်ကြောင်း ရာဇဝင် စစ်ဆေးမှု အရ မယားများများ ယူသော လူတယောက်ကို တွေ့ရသည်။

၎င်းအား မစ္စစ္စပီပြည်နယ် ဟိုဟိုမာမြို့နယ် ရဲအဖွဲ့မှ အလိုရှိ... သည်။

ဒီဇင်ဘာ ၃၀ ရက်နေ့ ညတွင် ရှူးဂါးဘိုးလ် ဘောလုံး... ကြီး၌ လူဗီစီယားနား ပြည်နယ် တက္ကသိုလ် 'ကျား ရဲ မျ...' အသင်းသည် နီဘရာဆကာ ပြည်နယ်အသင်းကို ၁၃-၇ ဂိုးဖြင့် ရှုံးသွားသည်။

ထိုပွဲကို ကာဘာကော့ဗ် သွားကြည့်သည်။

သူ အမေရိကန် ဘောလုံးပွဲ မကြည့်ဖူးသေး။ ယခုလည်း သိပ်မကြည့်ဖြစ်။

သူနှင့် မိုရှက်ဗ်စကီးတို့သည် အက်ဖ် ဘီအိုင် အေးဂျင့်များနှင့် ရဲအဖွဲ့ဝင်များ မသိသာစေပဲ ပွဲကြည့်စင်များနှင့် ဂိတ်ပေါက် များတဝိုက် လှည့်လည် အကဲခတ်ကြသည်။

ကာဘာကော့ဗ်သည် ဂိတ်ပေါက်များကို စောင့်ကြည့်... ကစားကွင်း လူပြည့်သွားပြီးနောက် မည်သို့မည်ပုံ ဝင်ထွက်ခွင့် အသုံးပြုခွင့် ပေးပုံ စသည်တို့ကို ဂရုစိုက် လေ့လာသည်။

ပရိသတ် များပြားသော ပွဲလမ်းသဘင် များကို ကာဘာ ကော့ဗ် စိတ်ပျက်လေ့ ရှိ၏။

ယခု ဘောလုံးပွဲမှာလည်း သိပ်မထူး၊ ဘင်ခရာတီးဝိုင်းလည်း ပါသည်။



ပန်းမွှားတွေ ကိုင်ပြီး ကခုန် အော်ဟစ်ကြသော မိန်းမလှ လေးတွေလည်း တွေ့ရသည်။

ဘင်ခရာတီးဝိုင်းတွေကို သူမကြိုက်။ ဘောလုံးပွဲနှင့် မဆိုင် ဟု သူ ထင်သည်။

ထိုနေ့ခင်း စိတ်ကြည်နူးစရာ မြင်ကွင်းတခုကား ပထမပိုင်း ...ချိန်နားစဉ် ကစားကွင်း အထက်တွင် ဖြည်းညင်းစွာ ရွေ့လျား နေသော လေသင်္ဘောကြီးပေါ်မှ ဖြတ်သန်း လွှားလိမ့် ပျံသန်း သွားကြသော လေတပ်မှ 'ဘလူးအိန်ဂျယ်' ဂျက် လေယာဉ် အုပ်စု ဖြစ်သည်။

ကစားပွဲ ကျင်းပနေစဉ်....

မျိုးမည်မသိသော လေယာဉ် တစင်းစင်း ဝင်ရောက် တိုက် ခိုက်ပါက ကာကွယ်ပစ်ခတ်ရန် ကစားကွင်း အနီးရှိ လေယာဉ် ပြေး လမ်းများတွင် အခြားသော ဂျက်လေယာဉ် များလည်း အဆင်သင့် စောင့်နေကြကြောင်း ကာဘာကော့ဗ် သိ၏။

အိမ် ပြန်သွားကြသော ပရိသတ်များ ကုန်ကာနီးသောအခါ ကစားကွင်းကြီး၌ အရိုပ်များ အတော် ရှည်ရှည် ကျနေလေပြီ။ နေဝင်ပြီ။

ဆူညံလှသော အသံများကြောင့် ကာဘာကော့ဗ် တကိုယ် လုံး တုန်နေသည်။

ပွဲကြည့်ပရိသတ်များ ပြောကြသော အင်္ဂလိပ်စကားများကို သူ သိပ် နားမလည်။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူ ပို စိတ်ဓာတ် ကျသွားတတ်၏။

ကော်လီသည် ကာဘာကော့ဗ်အား ကွင်းပြင်ဘက် မြေး လမ်းအစွန်၌ ရှာ တွေ့သွားသည်။

'ကဲ....ဒီနေ့တော့ ဘာမှ မဖြစ်ပါလား'

ကော်လီက ပြောသည်။

ကာဘာကော့ဗ်က သူ့ကို ဖြတ်ကနဲ လှည့်ကြည့်သည်။ ကော် လီသည် ထေ့ပြုံး မပြုံး။

ကော်လီ ပင်ပန်းနေပုံ ရသည်။

နှစ်သစ်ကူးနေ့ ကျင်းပမည့် ဘောလုံးပွဲများ အတွက်အခြား မြို့များ၊ အခြား ကစားကွင်းများ၌လည်း ကော်လီ ကဲ့သို့ပင် အခြား အေးဂျင့်များသည် ငန်းရိုင်းတကောင်လိုက်ဖမ်းသကဲ့သို့ ပင်ပန်း နုံးချည့်စွာဖြင့် လျှို့ဝှက်ဗုံးများကို ရှာဖွေ နေကြပေလိမ့် မည်ဟု ကာဘာကော့ဗ် တွေးမိသည်။

သူတို့နှစ်ဦး ကစားကွင်းဘက်မှ ဖြတ်၍ ကားရပ် ကွက်လပ် ဆီသို့ ဦးတည်သွားသည်။

ရေချယ်သည် ရှိုင်ရယ် အော်လင်းစ်၌ စောင့်နေလိမ့်မည်။

'ဗိုလ်မှူး ကာဘာကော့ဗ်'

သူ့က ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

ဘယ်သူမှ မတွေ့။

သူ့အိတ်ထဲရှိ ရေဒီယိုစက်မှ အသံ ဖြစ်၏။

'ကာဘာကော့ဗ် ပြောနေပါတယ်'



'ကွပ်ကဲရေးစခန်းကို သတင်းပို့ပါ၊ ခင်ဗျားဆီ ဖုန်း လာ နေလို့'

'ကောင်းပြီ'

အက်ဖ် ဘီအိုင် ကွပ်ကဲရေး စခန်းကို တူလိန်း ကစားကွင်း ကြည့်စင်များ အောက်ဘက် ပြည်သူ့ ဆက်ဆံရေး ရုံးခန်း၌ ယာယီ ဖွင့်လှစ်ထား၏။

အကျႌ လက်မောင်း ခေါက်ထားသော အေးဂျင့် တဦးက ကာဘာကော့ဗ်အား တယ်လီဖုန်း လှမ်းပေးသည်။

အစ္စရေး သံရုံးမှ ဝိုက်စ်မင်း ခေါ်နေခြင်း ဖြစ်သည်။

ကာဘာကော့ဗ်၏ ပြန်ပြောကြားမှုကို နားထောင်၍ ကော်လီ က အဓိပ္ပာယ်ကောက်သည်။

'အပြင်သွားရအောင်'

ကာဘာကော့ဗ် ဖုန်းပြန်ပေးပြီး ပြောသည်။ ဤရုံးခန်းထဲမှ ပင်ပန်းနေသော အေးဂျင့်များ သူ့ကို ကြိုးစား၍ မျက်စိလွှဲနေ ကြပုံကို ကာဘာကော့ဗ် ဘဝင်မကျ။

ကစားကွင်း ဘေးစည်းမျဉ်းပေါ် တွင်ရပ်ပြီး ကွင်း၏အပေါ် ကျက်သူသွားသော အလံများ လေထဲလွင့်နေပုံကို ကြည့်သည်။

'သူတို့ ရဟတ်ယာဉ် ပိုင်းလော့ကို ခေါ်လိုက်ကြပြီ၊ ဒါကိစ္စ အတွက် ဟုတ် မဟုတ် မသိဘူး....၊ ဒီကောင် လာနေပြီဆိုတာ သေချာတယ်၊ နောက်ပြီး ဒီကောင်တွေ ရေးကြီးသုတ်ပျာ လုပ် နေကြသတဲ့'

ကော်လီက ကာဘာကော့ဗ်၏ သတင်းကို သေသေချာချာ နားထောင်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင့်အကြောင်း ခင်ဗျား ဘယ်လောက်သိရပြီလဲ'

'ပတ်စ်ပို့တွေ၊ ဓာတ်ပုံတွေ အကုန်ရထားပြီ—၊ သိမ်းထ ဒီကောင့်ဖိုင်တွဲကို ဝါရှင်တန်က ခင်ဗျားတို့ရုံးကို လွှဲပေးလိမ့် မယ်၊ နာရီဝက်ဆိုယင် အဲဒီဟာတွေ ဒီကို ရောက်လာလိမ့်မယ် တမိနစ်အတွင်း ခင်ဗျားဆီ ဖုန်းဆက်လိမ့်မယ်'

'သူ အခု ဘယ်မှာလဲ'

'မသိသေးဘူး၊ ဒီနိုင်ငံတော့ မဝင်လာသေးဘူး၊ နက်ဖြန်မှ ဒီကောင် စာရွက် စာတမ်းတွေကို နီကိုးရှားမြို့မှာ ဝင်ယူလိမ့် မယ်'

'ခင်ဗျား ကြွားဖြတ်ပြီး....'

'အို—ဘာမှမလုပ်ပါဘူး၊ ဟိုဘက်က သူတို့ကိစ္စတွေ လား ပိုက် ကြည့်နေလိုက်ဦးမယ်....၊ နီကိုးရှားမှာ လေဆိပ်နဲ့ အဲ စာရွက် စာတမ်းတွေကို ကျုပ်တို့လူတွေ စောင့်ကြည့်နေပြီ မှာပါ'

'ဒီကောင်တွေ လက်စသတ်တော့ လေကြောင်းက တိုက်ခိုက် ကြမလို့ကိုး'

'ဟုတ်မှာပေါ့' ဖာဆေးလ်ဟာ အာရုံလွှဲမှု တခုခု လုပ်နေ တာ ဖြစ်မယ်....၊ ကျုပ်တို့ ဘယ်လောက်သိသလဲ ဆိုတာကို သိသမျှ အပေါ်မှာ မူတည်တယ်၊ တကယ်လို့ ဒီကစားကွင်း ဒါမှမဟုတ် တခြားကစားကွင်း တခုခုကို သူ အကဲခတ်နေယင် ကျုပ်တို့ အများကြီးသိနေပြီဆိုတာ သူ ရိပ်မိမှာပဲ'





နယူး အော်လင်းစ် မြို့ ရုံးခန်းထဲတွင် ကာဘာကော့ဗ်နှင့် ကော်လီတို့သည် လစ်ဗျားမှလာမည့် ပိုင်းလော့နှင့် ပတ်သက် သော မှတ်တမ်းကို ဖတ်ကြည့်ကြသည်။

ကော်လီက အဝါရောင် တယ်လက်ဇ် ကြေးနန်းစာရွက်ကို လက်နှင့် ခေါက်လိုက်သည်။

'ဒီကောင်ဟာ ပေါ်တူဂီ ပတ်စ်ပို့နဲ့ဝင်ပြီး အီတလျံပတ်စ်ပို့ နဲ့ ပြန်မှာပဲ၊ ဒီနိုင်ငံမှာ ဘယ်ကဝင်ဝင် ပေါ်တူဂီပတ်စ်ပို့ ထုတ် တာနဲ့ ဒီကောင့်ကို ဆယ်မိနစ်အတွင်း မိမယ်၊ ဒီစစ်ဆင်ရေးနဲ့ ပတ်သက်နေပြီ ဆိုယင်တော့ အပိုင်ပဲ၊ ဒီ ကောင် က တဆင့် ဖာဆေးလ်ရော၊ ဗုံးရော၊ ဟိုမိန်းမကိုပါ ခြေရာခံလိုက်လို့ပြီ နေးဗစ်'

'အင်း....'

'ဒါပေမယ့် ရဟတ်ယာဉ်ကို ဘယ်က သွားယူမလဲ၊ ပစ်မှတ် က ဆူပါဘိုးလ်ဖြစ်ယင် ဒီက လူခံတယောက်ယောက်က စီစဉ် ပေးထားမှာပဲ'

'ဟုတ်တယ်၊ ဒီအနီးအနားမှာပဲ ရှိမယ်'

ကာဘာကော့ဗ်က မနီလာ စာအိတ်ကြီး တအိတ်ကို ဖောက် လိုက်သည်။

ဖာဆေးလ်၏ သုံးချိုးတချိုး ဓာတ်ပုံ မိတ္တူ ၁၀၀ နှင့် သူတို့၏ လုပ်ဖော်ကိုင်ဘက် မိန်းမ၏ ပန်းချီပုံတူ မိတ္တူ ၁၀၀ ပါရှိသည်။

ကစားကွင်းထဲရှိ အေးဂျင့်အားလုံး လက်ထဲ၌ ၎င်းဓာတ်ပုံ များရှိသည်။

'နာဆာ အဖွဲ့ကြီးကတော့ ဒါမျိုး စိတ်ချရပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်က ပြောသည်။

ဖာဆေးလ်၏ ခေါင်ပုံများက အထူးမီသပြတ်သားလှသည်

သူ့ပါးပေါ်တွင် ရဲအဖွဲ့ဝင် ပန်းချီဆရာက ကျည်ဆန်အ ရှတ်ကို ပညာပါပါဖြင့် ဖြည့်ဆွဲပေးထားသည်။

'ကျုပ်တို့ ရဟတ်ယာဉ်ရှိသမျှ နေရာ အားလုံးကို ဒီဓေ ပုံတွေ ပို့ထားလိုက်မယ်၊ ခင်ဗျား ဘာဖြစ်နေတာလဲ'

ကော်လီက ပြောသည်။

'သူတို့ ဘာလို့ ပိုင်းလော့ကို အခုမှ ခေါ်ရသလဲ၊ နော မကျလွန်းဘူးလား၊ သူတို့ အစီအစဉ်က ဒီတခုကလဲ့လို့ ကွက်ထ ဗုံးကြီးကြီးတခု ဖြစ်မလား၊ ကောင်းကင်က တိုက်ခိုက်မလော ဘာလို့ ပိုင်းလော့က ဒီလောက် နောက်ကျရသလဲ၊ မော်ဓေ ပေါ်က မြေပုံဇယားကြောင့် ဒီကိစ္စမှာ ပိုင်းလော့တယော ပါမယ်ဆိုတာ ထင်ပြီး သား၊ အဲဒီ ဇယားကို မှတ်တဲ့လူ ပိုင်းလော့ဖြစ်ယင် သူဒီရောက်နေတာ ကြာပြီ'

'ရေကြောင်း မြေပုံ ဇယား ချပ်တွေ ဟာ တကမ္ဘာလုံး ရှိတာပဲ ဒေးဗစ်၊ အရှေ့အလယ်ပိုင်းဒေသမှာ မှတ်သားခဲ့တာ ဖြစ်နိုင်တာပဲ၊ လုံခြုံ စိတ် ချ ရ အောင် လုပ်ထားတာ ဖြစ်မ ပင်လယ်ထဲမှာ အရေးပေါ်ဆုံတွေ့ဖို့ လုပ်ထားသလား၊ ဒီဇယ ဟာ ဟိုမိန်းမနဲ့ အတူပါလာချင် ပါလာမယ်၊ မြူဇီ့ကို စိတ်ခ ရဘူးလို့ ထင်ထားယင် ဒီမြေပုံနဲ့ တခြားတနေရာမှာ ဆုံတွေ့ ကတော့ လိုအပ်မှာပဲ'

'နောက်ဆုံးအချိန်ကျမှ စာရွက်စာတမ်းတွေ ကမန်းကတ လုပ်တာကလဲ အဓိပ္ပာယ်မရှိဘူး၊ လစ်ဗျား ငနဲ့ အစကတည်း





းမယ်ဆိုယင် ပတ်စ်ပို့တွေ ဘာတွေ စောစောကတည်းက င်ဆင်ထားရမှာပေါ့'

'ဒီကောင့်ကို အချိန်နှီးမှ ခေါ်လိုက်ယင် သူတို့ စောစော း အဖမ်းခံရဖို့ မနီးစပ်ဘူးပေါ့'

'ဟင့်အင်း.... ဖာဆေးလ်ဟာ ဒီလို အနားကပ်မှ စာရွက် တမ်းတွေ စီစဉ်တဲ့အကျင့်မျိုး မရှိဘူး၊ မြူးနစ်တုန်းကလဲ ကောင် အစောကြီး စီမံခဲ့တာ ကြည့်ပါလား'

'ဘာပဲဖြစ်ဖြစ် ဒီသတင်းရတာ အကျိုးထူးတာပဲ၊ နက်ဖြန် ယင် မိုးလင်းတာနဲ့ လေဆိပ်တွေကို ကျုပ်လူတွေနဲ့ ဒီပုံတွေ ပြီး လွှတ်လိုက်မယ်၊ နှစ်သစ်ကူးနေ့မှာ အငှားလိုက်လေယာဉ် င်နီး အတော်များများ ပိတ်ထားကြမှာပဲ၊ ဒီ လုပ်ငန်းရှင် ားလုံးနဲ့ စကားပြောဖို့ တရက် နှစ်ရက်ပဲ ကြာမှာပါ'

× × ×



www.burmeseclassic.com

## အခန်း ။ ၃၃ ။

ကာဘာကော့ဗ်သည် ရှိုင်ရယ် အော်လင်းဟိုတယ်၌ ကျ
သောင်စွာ ရယ်မောနေသော စုံတွဲ နှစ်တွဲနှင့် အတူ ဓာတ်
ကားဖြင့် တက်လိုက်သွားသည်။

မိန်းမ နှစ်ဦးစလုံး ပျားအုံပုံ ဆံပင်များနှင့် ဖြစ်ကြသည်
သူတို့ပြောသော စကားများကို နားလည်အောင် ကြိုး
နားထောင်ကြည့်သည်။

နားလည်လည်း သူ အဓိပ္ပာယ် ပေါက်တော့မည် မဟုတ်





အခန်းနံပါတ် ရှာတွေ့သောအခါ သူ တံခါးခေါက်သည်။ ဟိုတယ်ခန်း တံခါးများအားလုံး ဟာလာဟင်းလင်းကြီး ဖြစ်နေ၏။

၎င်းတံခါးများ နောက်ကွယ်တွင် မိမိတို့ ချစ်သောသူများ ရှိကြောင်းကို မဖော်ပြကြပေ။

အခန်းထဲ၌ ရေချယ်ရှိသည်။

သူမက ဘာမှမပြောပဲ ကာဘာကော့ဗ်အား ငေးကြာကြာလေး သိုင်းဖက်ထားလိုက်သည်။

'ရှင့်လူတွေ ကျွန်မသတင်းကို ကစားကွင်းအရောက် ပို့ပေးလို့ တော်ပါသေးရဲ့၊ ရှင် ဘာလို့ ကျွန်မကို ဒီမှာလာတွေ့ဖို့ ဖိတ်ခေါ်သလဲ'

'ကိုယ် ဒီကိစ္စပြီးတဲ့အထိ စောင့်ချင်လို့ပါ'

'ရှင့်ကြည့်ရတာ စက်ရုပ်ကြီးလိုပဲ၊ ကုတ်အင်္ကျီအောက်က ဘာကြီးတုန်း'

'မရှင်းဂန်း လေ'

'ကဲ....အင်္ကျီချွတ်ပြီး တခုခုသောက်စမ်းပါဦး'

'ဒီဟိုတယ် အခန်းမျိုးကို ဒီလောက် အချိန်ပိုင်းအတွင်း မင်း ဘယ်လိုရအောင် ငှားသလဲ၊ ကော်လီတော့ ဒီမြို့က အက်ဖ်ဘီအိုင် အေးဂျင့်တယောက်နဲ့ အိမ်ပြန်လိုက်သွားပြီ'

'ကျွန်မ နယူးယောက်က ပလာဇာ ဟိုတယ်က လူတယောက်နဲ့သိတယ်လေ၊ ဒီဟိုတယ်ကို ပိုင်ကြတာလဲ သူတို့ပဲ၊ ရှင် ဆာသောကျရဲ့လား'

www.burmeseclassic.com



‘အင်း....’

‘မိုရှက်ဗ်စကီး အတွက် ကျွန်မ ဘာမှမလုပ်ပေးနိုင်တာ ခွင့်လွှတ်ပါနော်’

‘ဒီကောင် အပြင်မှာရှိတယ်၊ ဆိုဖာပေါ်အိပ်ယင် ရတာပဲ။ အေး နောက်ပြောတာပါကွာ၊ ကောင်စစ်ဝန်ရုံးမှာ သူအဆင်ပြေပါတယ်’

‘ကျွန်မ စားဖို့သောက်ဖို့ မှာပြီးပြီ’

ကာဘာကော့ဗ် မကြား။

‘စားစရာတွေ လာတော့မယ်၊ ရှက်တိုးဘာရီယန်းဒ် အရက်လဲပါမယ်’

‘ဒီကောင်တွေ ပိုင်းလော့တယောက် ခေါ်လိုက်ပြီ’

ကာဘာကော့ဗ်က သူမအား အသေးစိတ် အချက်များ ဆက်ပြောပြသည်။

‘ပိုင်းလော့ကနေ တဆင့် ကျန်တဲ့ အုပ်စုဝင် အားလုံးကို ရှင် ရှာတွေ့ယင်ပြီးတာပဲ’

‘ပလပ်စတစ် ဗုံးတွေရော၊ လူတွေပါ တခါတည်း တွေ့ရ အေးမယ်’

ရေချယ်က တစုံတခု ဆက်မေးမည် ပြုပြီးမှ နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

‘မင်း ဒီမှာ ဘယ်လောက်ကြာကြာ နေနိုင်မလဲ’

‘လေးငါးရက်ပေါ့၊ ကျွန်မ ကူညီရမယ် ဆိုယင် ပိုနေရမှာပေါ့’



‘ဒါမှမဟုတ် နယူးယောက်ကိုပြန်ပြီး ဆေးကု၊ ၁၀ရက်၊ ၁၁ရက်မှ ဒီကို ပြန်လာယင် ကောင်းမလားလို့’

‘သဘောပဲလေ၊ ကိစ္စပြတ်ယင် တို့နှစ်ယောက် နယူးအော်လင်းစ် လျှောက်လည်ရအောင်၊ ဒီမြို့ကြည့်ရတာ မဆိုးပါဘူး’

‘ဒီမြို့ဟာ ဘယ်လောက် ချစ်ဖို့ကောင်းသလဲ ဆိုတာ ရှင်တွေ့ပါလိမ့်မယ် ဒေးဗစ်ရယ်’

‘တခုရှိတယ်၊ ဆူပါဘိုးလ် ဘောလုံးပွဲကို မင်း မလာနဲ့၊ နယူးအော်လင်းစ်ကိုတော့လာ၊ အဲဒီ ကစားကွင်းနား လုံးလုံးမကပ်နဲ့’

‘ကျွန်မအတွက်စိတ်မချယင် ဘယ်သူ့မှ စိတ်မချရဘူးပေါ့၊ ဒါဆို လူတွေအားလုံးကို သတိပေးသင့်တယ်’

‘လျှို့ဝှက် ထောက်လှမ်းရေးက ဘာပြောလဲ’

‘ဘစ်ဂ်ကတော့ ပေါကြောင်ကြောင် ကတိမျိုး မပေးတတ်ဘူး၊ ဒီပိုင်းလော့ အခြေအနေကို စောင့်ကြည့်နေတယ်၊ သူ ဘယ်သူ့ကိုမှ ဆူပါဘိုးလ်ပွဲ လာဖို့ မဖိတ်ကြားဘူး၊ ကိုယ်လဲ သူ့လိုပဲ၊ မင်း ကစားကွင်းကိုမလာဘူးလို့ ကိုယ့်ကိုကတိပေးပါ’

‘ပေးပါတယ် ဒေးဗစ်ရယ်’

ကာဘာကော့ဗ် ပြုံးလိုက်သည်။

‘ကဲ—နယူးအော်လင်းစ် အကြောင်း ပြောပြပေတော့’

ညစာစားပွဲက စားကောင်းလှသည်။ ပြတင်းပေါက်ဘေး စားပွဲ၌ ထိုင်စားကြသည်။ ကာဘာကော့ဗ်သည် ယခုမှ ဆက်ဘောင့် သက်သာ ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက် အပြင်ဘက်တွင် နယူးအော်လင်းစ်မြို့၏ မီးရောင်များ။ အတွင်းဘက်၌ကား ဖယောင်းတိုင် မီးရောင်အောက်မှ ရေချယ်။

သူမ ငယ်ငယ်က ဖခင်ဖြစ်သူနှင့် နယူးအော်လင်းစ်မြို့သို့ ရောက်ဖူးခဲ့ပုံကို အားပါးတရ ပြန်ပြောပြနေသည်။

ဇန္နဝါရီလ ၁၂-ရက်နေ့ညတွင် အင်တွန်၏ စားသောက်ဆိုင်၌ သူတို့နှစ်ဦး အကောင်းစား ညစာစားကြရန် သဘောတူလိုက်ကြသည်။

ပြီးတော့ အိပ်ရာပေါ်သို့ ပျော်ရွှင်စွာရောက်သွားကြသည်။ ရေချယ် ပြုံးလျက် အိပ်ပျော်သွား၏။

သန်းခေါင်ကျော်တွင် သူမနိုးလာ၏။ ကာဘာကော့ဇ်အား ခုတင်ခေါင်းရင်းကို မှီထိုင်လျက် တွေ့ရ၏။ သူမ အနည်းငယ် လှမ့်လိုက်ရာ သူက ပုတ်လိုက်သည်။

သူ အခြားအကြောင်းအရာ တခုခု တွေးနေကြောင်း သူမသိ၏။

× × ×

ဗိုးကြီး သယ်ဆောင်လာသော ထရပ်ကားသည် ဒီဇင်ဘာ ၃၁၊ ည ၁၁-နာရီ၌ နယူးအော်လင်းစ်မြို့သို့ ဝင်လာသည်။





ယာဉ်မောင်းသည် ဆူပါဒိုးမ် ကစားကွင်းကြီးဘေးမှ ဖြတ်ကျော်၍ ပြည်မလမ်း အမှတ် ၉၀ လမ်းဆုံတွင် တောင်ဘက်ချိုးကာ ဤအချိန်၌ လူသူကင်းမဲ့သော မစ္စစ္စပီမြစ် တံတားကြီးအောက်၊ ဆိပ်ကမ်းနယ်မြေ၊ တာလ်ယာလမ်းအနီးတွင် ရပ်လိုက်လေသည်။

'သူ ပြောတာ ဒီနေရာပဲ၊ ဘယ်သူ့မှလဲ မတွေ့ပါလား၊ ဆိပ်ကမ်းတခုလုံး ပိတ်ထားတယ်'

ယာဉ်မောင်းက သူ့ဘေးမှ အဖော်အား ပြောလိုက်သည်။

'ဟုတ်ပါတယ် ဒီနေရာပဲ'

ဖာဆေးလ်က ယာဉ်မောင်းနား နား ကပ်၍ပြောလိုက်သည်။

ယာဉ်မောင်းဘက် ခြေနင်းခုံတွင် သူရပ်နေသည်။

ဘယ်ကပေါ်လာမှန်းမသိ။

'ရော့ဒီမှာ စာရွက်တွေ၊ လက်ခံစာရွက်ကို လက်မှတ်ထိုးပြီးပြီ'

ယာဉ်မောင်းက စာရွက်စာတမ်းများကို လက်နှိပ်ဓာတ်မီးနှင့် စစ်ဆေးနေစဉ် ဖာဆေးက ကားနောက်တံခါးမှ ချိပ်များကို သွားစစ်ဆေးသည်။

ချိပ်များ ပကတိအတိုင်း ရှိနေသည်။

'ရဲဘော်ကြီး၊ ကျုပ်တို့ လေဆိပ်ကို ကားကြုံ လိုက်ခဲ့ လို့ရမလား၊ ကျုပ်တို့ နယူးဝါခ်ကို နောက်ဆုံးထွက်မယ့် လေယာဉ် အမှီလိုက်ချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးဗျာ အဲဒီအထိ မပို့ပေးနိုင်ဘူး၊ တက္ကစီ လွယ်လွယ် ငှားလို့ရမယ့်နေရာပဲ ပို့ပေးပါရစေ'

'ကောင်းကွာ၊ အဲဒါဆို လေဆိပ်ကို တက္ကစီခ ဆယ်ဒေါ်လာ တောင် ပေးရတော့မယ်'

ဖာဆေးလ် သူတို့နှင့် စကားမများချင်ပါ။

သူတို့နှစ်ဦးကို တပြခန့်အကွာရှိ တက္ကစီဂိတ်တွင် ချပေးပြီး ၁၀ ဒေါ်လာ ပေးလိုက်သည်။

ထိုနောက် ဖာဆေးလ် သည် တယောက်တည်း ပြုံးလျက် သွားစဉ် လေချွန်ကာ ထရပ်ကားကို ငှားထားသော ဂိုဒေါင် ဆီသို့ မောင်းသွားသည်။

မွန်တီလီယွန် ဟိုဘယ်ရှိ အများသုံးဖုန်းမှ 'ပိုင်းလော့ လာ တော့မည်'ဟူသော စကားကို ကြားပြီးကတည်းက သူ တနေ့ လုံး ပြုံးနေသည်။

သူ့ခေါင်းထဲမှာ အစီအစဉ်တွေ ပြည့်ကျပ်နေသည်။

ထို့ကြောင့် ကားကို မနည်း အာရုံစိုက် မောင်းနေရသည်။

ပထမဦးစွာ ဤပိုင်းလော့ အာဝပ်ဒ်အပေါ် ရာနှုန်းပြည့် ယုံကြည်စိတ်ချရအောင်? 

ဩဇာရှိအောင် လုပ်ရမည်။

သူ့ကို အာဝပ်ဒ် လေးစားစေရမည်။

ကြောက်လန့်စေရမည်။

ဒီလောက်တော့ ဖာဆေးလ် ရသည်။



ထိုနောက် ၎င်းအား ရှင်းလင်းပြပြီး တိုက်ခိုက်မှု ပြီးဆုံးလျှင် ထွက်ပြေးရန် အစီအစဉ်ကို စိတ်ချ ယုံကြည် လောက် အောင် ပြောပြထားရမည်။

ဖာဆေးလ်၏ တိုက်ခိုက်ရေး အကြံ အစည် မှာ ဆူပါဒိုးမ် ကြီး၌ သူတွေ့ခဲ့ရသော အဖြစ်ကို အဓိက အခြေခံထားပေသည်။

သူအသုံးပြုမည့် စီကော်စကီး အက်စ် ၅၈ ရဟတ်ယာဉ်သည် အနောက်ဂျာမနီ တပ်မတော်မှ အပိုပစ္စည်းအဖြစ် ရောင်းသော ယာဉ်ဖြစ်သည်။

ပေ ၅၀၀၀-အထိ မ,ယူ နိုင် သော် လည်း ခေတ်ပေါ် 'စကိုင်းကရိန်း' ရဟတ်ယာဉ်များနှင့် မယှဉ်နိုင်။

သို့သော် သူ့အကြံ ဖြစ်မြောက်ရုံမျှတော့ လုပ်နိုင်စွမ်း ရှိသည်။

ဗုံးသယ်ဆောင်ရန် လူသုံးဦး လိုအပ်သည်။

ပိုင်းလော့က ရဟတ်ယာဉ် မောင်းရမည်။ တဦးက ကိုယ် ထည်တွင်း ဝမ်းလျားမှောက်၍ ပစ္စည်းချိတ်ဆွဲရန် နားကျပ်မှ တဆင့် ပိုင်းလော့အား ညွှန်ကြားချက်ပေး လမ်းညွှန်ရမည်။ အခြား တဦးက မြေပြင်မှနေ၍ ပစ္စည်းကို တင်ပေးရမည်။ ပစ္စည်းကို သူက ချိတ်ဆွဲပေးမှ ရမည်။

ရဟတ်ယာဉ်ပေါ်မှ လူများက အဝေးထိန်းချုပ် စနစ်ဖြင့် လုပ်၍ မရနိုင်ပေ။

အရေးပေါ်အခြေအနေတွင် ပိုင်းလော့သည် ထိန်းတံမှ ခလုတ်အနီကို နှိပ်ခြင်းဖြင့် ပစ္စည်းကို ချက်ချင်း ဖြုတ်ချလိုက် နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖာဆေးလ်သည် ဤအချက်အလက်များကို ဆူပါဒိုးမ်ဆောက်လုပ်ရေး၌ ပါဝင်သော ရဟတ်ယာဉ် ပိုင်းလော့နှင့် ဆွေးနွေးရာမှ ရရှိခဲ့သည်။

ထိုပိုင်းလော့က သဘောကောင်းသည်။ သူ့ အလုပ် ခေတ္တနားစဉ် ဖာဆေးလ်က သွားမေးမြန်းခြင်း ဖြစ်သည်။

၎င်းသည် လူမည်းတဦးဖြစ်ပြီး မျက်လုံး ပြူးသည်။ နေကာမျက်မှန် တပ်ထားသည်။

၎င်းအား အာဝပ်ဒ်နှင့် မိတ်ဆက်ပေးလျှင် ၎င်းနှင့်အတူ ရဟတ်ယာဉ်ပေါ် တကြိမ်မျှ လိုက်လေ့လာခွင့် ပေးမည်ဟု မျှော်လင့်ရသည်။

အာဝပ်ဒ်သည် ပွဲမဝင်မီ အပြင်က ကျင်းပထားသည်။ မိမိမခမောင်းဖူးသေးသော ရဟတ်ယာဉ် စက်ခန်းထဲ၌ ပစ္စည်းကိရိယာအထားအသိုကို ကြိုတင်သိထားဖို့ လိုအပ်သည်။

အာဝပ်ဒ် တယောက် ဆက်ဆံရေးပြေပြစ်သူ ဖြစ်ပါစေ။

ဆူပါဘိုးလ် ကျင်းပသည့် တနင်္ဂနွေနေ့တွင် ထိုပိုင်းလော့ကို သတ်ပစ်မည်။

အနှောင့်အယှက်ပေးမည့် မြေပြင်မှ ဝန်ထမ်းများကိုလည်း အသက်ချမ်းသာပေးမည် မဟုတ်။

အာဝပ်ဒ်နှင့် ဒါလီယာတို့က ရဟတ်ယာဉ်ပေါ် လိုက်သွားမည်။

ဖာဆေးလ်က မြေပြင်မှ ဗုံးချိတ်ပေးရန် တာဝန်ယူမည်။ ဒါလီယာက ရဟတ်ယာဉ်ကို ကစားကွင်းပေါ် တည့်တည့်မတ်မတ် ရောက်ရှိသွားစေရန် ညွှန်ကြားပေးမည်။





ထိန်းတံမှ ခလုတ်နီကို ဖာဆေးလ် စိုးရိမ်သည်။ အကယ်၍ အာဝပ်ဒ်သည် ကြောက်လန့်ပြီး ခလုတ်ကို ယောင်၍ နှိပ်မိပါက အစီအစဉ်တခုလုံး ပျက်သွားမည်။

ထို့ကြောင့် ဗုံးကို မူလကတည်းက ပစ်ချဖို့ မရည်ရွယ်။ ကုန်တင်ချိတ်မှာ သိုင်းကြိုးရှိလျှင် အလုပ်ဖြစ်မည်။ အချိန်ကျမှ ဗုံးကို သိုင်းကြိုးတွင် ချိတ်ပေးလိုက်ရုံသာ။

ဘာတွေလုပ်လို့ ဘာတွေဖြစ်မှန်း အာဝပ်ဒ် မြင်ရမည် မဟုတ်။

ထို့ကြောင့်လည်း ဖာဆေးလ် ကိုယ်တိုင် မြေပြင်မှ ကုန်တင်ဆောင်ရေး တာဝန်ယူထားခြင်း ဖြစ်သည်။

ဤအစီအစဉ်မှာ စွန့်စားလိုက်သည်ဟု ဆိုရမည်။ လိပ်ခ်ဝရန့် လေဆိပ်တွင် လေသင်္ဘောကြီးကို သွားယူခြင်းက ယခုလောက် လုံခြုံမှုရှိမည်မဟုတ်။

ယခုတော့ လေဆိပ်လုံခြုံရေးများ၊ ရဲများနှင့် ရင်ဆိုင်ရမည့်အစား၊ ဘာလက်နက်မှမရှိသော ဆောက်လုပ်ရေး လုပ်သားများနှင့်သာ ရင်ဆိုင်ရမည်။

ဗုံးပေါက်ကွဲချိန်တွင် ဖာဆေးလ်သည် နယူးအော်လင်းစ်မြို့အစွန်အဖျား ဟူစ်တန်မြို့အနီး ရောက်နေလောက်ပြီ။

ပြီးတော့ မက္ကဆီကို စီးတီးသို့ လေယာဉ်ဖြင့် လိုက်သွားရုံသာ။

အာဝပ်ဒ်သည် မိမိအား ဖာဆေးလ် ကစားကွင်း၏ နောက်ဘက် သြဒ္ဓဘွန်ပန်းခြံထဲ၌ ကားဖြင့် စောင့်ကြိုနေမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ ယုံကြည်သွားပေလိမ့် မည်။

ဒါလီယာ ပြောပြထားသည့် လမ်းနောက်ဘေးရှိ ဂိုဒေါင် ကြီးသို့ ရောက်လာပြီ။

ဂိုဒေါင်တံခါး ပြန်ပိတ်ပြီးသည်နှင့် ထရပ်ကား နောက်ဖေး တံခါးများကို ဖွင့်သည်။

အားလုံး နေရာတကျရှိသည်။ ဝန်ချီစက်ငယ်ကို စက်နှိုး ကြည့်သည်။

ချက်ချင်း နိုးသွားသည်။ ကောင်းသားပဲ။

အာဝပ်ဒ် ရောက်လာလျှင် သူ့အတွက် အစီအစဉ်များ ထုတ် ပြီးသည်နှင့် ဒါလီယာအား ဖုန်းဆက်၍ လင်ဒါ့ကို သတင်းကော နယူးအော်လင်းစ်မြို့သို့ ထွက်လာခဲ့ဖို့ ပြောရဦးမည်။

× × ×



## အခန်း ။ ၃၄ ။

လင်ဒါသည် ဆေးရုံရှိ ခုတင်ပေါ်၌ ထပ်မံ ညည်းတွား လိုက်သည်။

ဒါလီယာသည် နယူးအော်လင်း လမ်းညွှန်မြေပုံကို ကြည့် နေရာမှ ခေါက်ကနဲ ထလိုက်သည်။

သူမ ခြေထောက်တွေ တောင့်နေသည်။

လင်ဒါ့ ခုတင်ဘေးသွားပြီး နဖူးကို လက်နှင့် စမ်းသည်။ သွေးတွေ ပူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဖူး၊ ပါးနှင့် နားထင်တို့ကို အေးသောအဝတ်နှင့် သုတ်ပေးပြီး လင်ဒါ့ ချောင်းဆိုးသံ လျော့နည်းသွားမှ သူမသည် စာကြည့်မီးတိုင်ဘေးရှိ ကုလားထိုင်၌ သွားပြန်ထိုင်သည်။

ခုတင်ဘေးသို့ သွားလိုက်တိုင်း ဒါလီယာ စိတ်က တမျိုးပြောင်းပြောင်းသွားသည်။

သူမသည် ကုလားထိုင်၌ထိုင်လျက် မြေပုံကို လက်ထဲကိုင်ကာ နယူးအော်လင်းစ် အကြောင်း စဉ်းစားယင်း လင်ဒါ့အားကြောင်တကောင်လို အေးစက်စွာ စိုက်ကြည့်နေမိသည်။

လင်ဒါ၏ ဘေးသို့ ရောက်သွားသောအခါ သူမ မျက်နှာ၌ ပကတိ စိုးရိမ်ကြောင့်ကြမှု အရိပ်အကဲများ ဖုံးလွှမ်းလာလေသည်။

ဒါလီယာ အိုင်ယတ်ဒ်ကဲ့သို့ ကြောက်စရာ ကောင်းသော၊ သဘောကောင်းသော သူနာပြုဆရာမမျိုးကို မိုက်ကယ်လင်ဒါမှအပ မည်သူမျှ တွေ့ကြုံဖူးမည် မဟုတ်ပေ။

နယူးဂျာစီဆေးရုံရှိ လင်ဒါ့အခန်းထဲတွင် ခေါက်ခုတင်ငယ်လေး၌ သူမ လေးညစလုံး အိပ်ခဲ့သည်။

လင်ဒါ ကယောင်ကတမ်းနှင့် သူတို့ စီမံကိန်းအကြောင်း လျှောက်ပြောမိမှာ စိုးရိမ်သောကြောင့် ဖြစ်သည်။

ထိုကြောင့် လင်ဒါ့အပါးမှ သူမ လုံးဝမခွာဝံ့။

သို့တိုင် လင်ဒါသည် ဗီယက်နမ်နှင့် သူမ မသိသော လူများအကြောင်း ကယောင်ကတမ်း လျှောက်အော်ပြောတတ်သည်။ မာဂရက် အကြောင်းလည်း ပါသည်။





တညနေတွင် 'ဂျာဂင်စ်....မင်း မှန်တယ်ဟေ့'ဟု ထပ်ခါ တလဲလဲ အော်ပြောနေ၏။

လင်ဒါ ရူးသွားပြီလား။ သူမ မပြောတတ်ပါ။ တိုက်ခိုက်မှုတင်ရန် (၁၁)ရက် လိုသေးသည်။

သူ့ကို ကယ်လို့ ရဦးမည်ဆိုလျှင် သူမ ကယ်တင်လိုသည်။ ရဘူး ဆိုလျှင်လည်း ကိစ္စမရှိ။ တနည်းမဟုတ် တနည်းနှင့် လင်ဒါ သေရမည်ပင်။

ဘယ်နည်းနှင့်သေသေ၊ လင်ဒါ့အဖို့ အကြောင်းမထူး။

ဖာဆေးလ်တယောက် ပျာယာခတ်နေမှန်း သူမ သိသည်။ ပျာယာခတ်ခြင်းသည် အန္တရာယ်များ၏။

အကယ်၍ လင်ဒါသည် ရဟတ်ယာဉ် မမောင်းနိုင်သလို၊ ဖာဆေးလ်၏ အစီအစဉ် အသစ်ကိုလည်း သူမ သဘောမတွေ့ပါက ဖာဆေးလ်အား သတ်ပစ်ရမည်။

ဤစစ်ဆင်ရေး၌ ပုံးကြီးသည် အလွန်တန်ဖိုးရှိသည်။ ဖာဆေးလ်ထက်ပင် တန်ဖိုးရှိသေးသည်။

နယူးအော်လင်းစ် စစ်ဆင်ရေးမှ ကိုယ်လွတ် ရုန်းပြေးခြင်းအတွက် ၎င်းအား သူမ ဘယ်တော့မှ ခွင့်လွှတ်နိုင်မည်မဟုတ်။

'ကြိုးစားပါ မိုက်ကယ်၊ အားတင်းထားစမ်းပါ မိုက်ကယ်' သူမတယောက်တည်း တိုးတိုးလေး ပြောလိုက်သည်။

ဧပြီ ဧပြီလ(၁)ရက်နေ့ မနက်စောစောတွင် အက်ဖ်ဘီအိုင် ပွဲဝင်များနှင့် ရဲအဖွဲ့ဝင်များသည် နယူး အော်လင်းစ်မြို့

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်ရှိ လေဆိပ်ရှစ်ခုကို ဖြန့်ကျက်၍ စောင့်ကြည့်ကြသည်။ တမနက်လုံး သတင်းများ ဝင်လာသည်။

ဖာဆေးလ်ကိုရော၊ မသင်္ကာဖွယ် အမည်မသိ မိန်းမကိုပါ မည်သူမျှ မတွေ့မိသေး။

နယူးအော်လင်းစ် နိုင်ငံတကာလေဆိပ်နှင့် လိပ်ဖ်ဖရန့် လေဆိပ်တို့ကို မျက်စိ ဒေါက်ထောက် ကြည့်နေသော ကော်လီ၊ ကာဘာကော့ဇ်နှင့် မိုရှက်ဇ်စကီးတို့ အဖွဲ့လည်း အကျိုး မထူး။ မြို့ထဲသို့ စိတ်ဓာတ်ကျစွာဖြင့် ပြန်လာကြသည်။

အမေရိကန် ပြည်ထောင်စု အတွင်း ပြည်ပမှ ဝင်ပေါက် အားလုံးရှိ အကောက်ခွန်ဌာနများနှင့် အင်တာပိုလ်မှ သတင်းပို့ချက်များကို ကော်လီ၏ ရေဒီယိုစက်ဖြင့် စစ်ဆေးသည်။ မထူးသေး။ လစ်ဗျားမှလေယာဉ်ပိုင်းလော့ကို အရိပ်အရောင်မျှ မတွေ့။

'မအေပေး၊ ဘယ်များသွားမလဲ'

ကော်လီက ကားကို အမြန် လမ်းမကြီးပေါ် အရှိန်ပြင်း မောင်းယင်း ရေရွတ်လိုက်သည်။

ကာဘာကော့ဇ်က ပြတင်းပေါက် အပြင်သို့ နှုတ်ဆိတ်စွာ ငေးကြည့်နေသည်။

မိုရှက်ဇ်စကီးကတော့ ခပ်တည်တည်။ မနေ့ညက သူ အနားမယူပဲ ညဉ့်နက်အောင် ညကလပ် ကပွဲတခု သွားကြည့်နေခဲ့သဖြင့် သူ ထိုင်ခုံမှီပြီး အိပ်ငိုက်နေလေပြီ။





အက်ဖ်ဘီအိုင်ရုံးသို့ ဦးတည်၍ ပိုင်ဒရာစ် လမ်းသို့ ချိုးလိုက်စဉ် ဆူပါဒုံးမ် ကစားကွင်းကြီးဆီ တိုက်များခေါင်မိုးပေါ်မှ ငှက်ကြီးတကောင်ပမာ ဖြတ်၍ ပျံသွားသော ရဟတ်ယာဉ် တစင်းကို တွေ့ကြရသည်။

ရဟတ်ယာဉ် ဝမ်းဗိုက် အောက်တွင် လေးထောင့်ကျကျ ပစ္စည်းတခုကို တွဲလောင်း ချိတ်ယူသွားသည်။

'ဟေး....ဟေး....ဒေးဗစ်'

ကော်လီက ကားရှေ့ မှန်ပြတင်းမှ အပေါ်သို့ကဲ၍မော့ကြည့်ယင်း ဘရိတ် အုပ်လိုက်သည်။

သူတို့နောက်မှ ကားတစီးက ဟွန်းကိုဖိတီးပြီး ဘေးမှကျော်တက်ကာ ယာဉ်မောင်းက ကျိန်ဆဲသွားလေ၏။

ရဟတ်ယာဉ်ကို မြင်မြင်ချင်း ကာဘာကော့ဇ် အသက်ရှူ တချက် ရပ်သွားသည်။ ရင်တဒိတ်ဒိတ် ဆက်ခုန်နေသည်။

တိုက်ခိုက်ဖို့ အချိန် သိပ်စောသေးသည်။

ရဟတ်ယာဉ်အောက်မှ ပစ္စည်းသည် စက်ကိရိယာ အစိတ်အပိုင်းတခုဖြစ်သည်။ သို့သော် သူ့အာရုံ၌ တမျိုးတမည်မြင်နေမိ၏။

ရဟတ်ယာဉ် ဆင်းရန် နေရာမှာ ဆူပါဒုံးမ်၏ အရှေ့ဘက် ထောင့်ဖြစ်သည်။

ကော်လီသည် ၎င်း နေရာမှ ကိုက်တစ်ရာ အကွာ၌ ယက်မပျဉ်များ ပုံထားရာဘေးတွင် ကား ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖာဆေးလ် ဒီနေရာကို စောင့်ကြည့်နေယင် ခင်ဗျားကို သူ မမှတ်မိဖို့လိုဘယ်၊ ကျုပ် သံခမောက် နှစ်လုံးလောက် သွားယူဦးမယ်'

ကော်လီကပြောပြီး ဆောက်လုပ်ရေး အလုပ်ရုံထဲ ဝင်သွားသည်။ မိနစ် အနည်းငယ်အကြာတွင် အဝါရောင် ပလပ်စတစ် ခမောက်သုံးလုံး ယူလာသည်။ မျက်မှန် ဝိုင်းကလေးများလည်း ပါ၏။

'ခင်ဗျား မှန်ပြောင်းယူပြီး ကစားကွင်းထဲသွား၊ ရဟတ်ယာဉ်ဆင်းတဲ့ကွက်လပ်ကို အပေါ်စီးက မြင်ရတဲ့နေရာအရောက် သွား၊ နေရောင်ထဲ မရပ်နဲ့၊ လမ်းတဘက်က ပြတင်းပေါက်တွေကို စစ်ဆေးကြည့်၊ ကုန်တင်တဲ့ နေရာတစိုက်က မြင့်မားတဲ့ နေရာအားလုံးကိုကြည့်နေ'

ကာဘာကော့ဗ် စကားမဆုံးမီပင် မိုရှက်ဗ်စကီး ထွက်သွားလေပြီ။

ရဟတ်ယာဉ်သည် ကုန်ပစ္စည်းတခုကို ထပ်မံ သယ်ယူသွားသည်။ ကာဘာကော့ဗ်က ရဟတ်ယာဉ်ရပ်သည့်နေရာ ကွက်လပ်ကလေး၏ အစွန်းရှိ အလုပ်ရုံကလေးထဲဝင်ပြီး ပြတင်းပေါက်မှ ကြည့်နေသည်။

ကော်လီက နေရောင်ကို လက်နှင့်ကာ၍ မော့ကြည့်ကာ စကားပြောစက်ကလေးမှ စကားပြောနေသော မြေပြင် ပစ္စည်းတင် တာဝန်မှူးထံ ချဉ်းကပ်သွားသည်။

'ရဟတ်ယာဉ်ကို ပြန်ဆင်းခိုင်းလိုက်ပါ'



ကော်လီက ပြောလိုက်သည်။

သူ့တံဆိပ်ကို ဘေးလူများ မမြင်စေရန် လက်ထဲအုပ်ကိုင်၍ ပြလိုက်သည်။

တာဝန်မှူးက ကော်လီ၏ တံဆိပ်နှင့် မျက်နှာကို ဖြတ်ကနဲ ကြည့်သည်။

'ဘာလို့လဲ'

'ခင်ဗျား သူ့ကို ပြန်ဆင်း ခိုင်းလိုက်စမ်းပါ'

တာဝန်မှူးက ရေဒီယိုမှ တစုံတခုပြောပြီး သူ့ အလုပ်သမားများကို လှမ်းအော်သည်။

အလုပ်သမား များက ရဟတ်ယာဉ် ကွက်လပ်ပေါ်မှ ရေခဲ ကော်ကြီးတခုကို ဖယ်ပေးလိုက်ကြသည်။

ရဟတ်ယာဉ် ပြန်ဆင်းလာသည်။

တောင်ပံဒလက်များ တဖြည်းဖြည်း ရပ်သွားသည်။

ပိုင်းလော့ ဆင်းလာသည်။

အရောင်အဆင်း မရှိတော့သည့် မရိန်းတပ်မှ ပိုင်းလော့ ဝတ်စုံကို ဝတ်ထားသည်။

'ဘာဖြစ်တာလဲ မက်ဂျင်တီ'

'ဒီလူက ခင်ဗျားနဲ့ စကား ပြောချင်လို့တဲ့'

မက်ဂျင်တီ ဆိုသော တာဝန်မှူးက ပြောသည်။

ပိုင်းလော့က ကော်လီ၏ မှတ်ပုံတင်ကို ကြည့်သည်။ သူ၏ ညိုသော မျက်နှာမှာ အမူအရာ ပြောင်း မသွားကြောင်း ကာဘာကော့ဗ် တွေ့ရသည်။

ကေး

www.burmeseclassic.com

www.burmeseclassic.com



'ဟို...တဲလေးထဲ သွားရအောင်၊ ခင်ဗျားလဲ လိုက်ခဲ့ပေါ့ မစ္စတာမက်ဂျင်တီ'

ကော်လီက ပြောလိုက်သည်။

'ကောင်းပြီ၊ ဒါပေမယ့် ဒီရဟတ်ယာဉ် ငှားရတာ ကျုပ်တို့ ကုမ္ပဏီက တနာရီ ဒေါ်လာ ၅၀၀ နှုန်း ပေးရတယ်၊ ဒီတော့ ခင်ဗျားတို့ကိစ္စ မြန်မြန် လုပ်ပေးပါ'

ရှုပ်ပွနေသော အလုပ်ရုံ တဲကလေး ထဲတွင် ကော်လီက ဗာဆေးလ်၏ ဓာတ်ပုံကို ထုတ်ပြသည်။

'ခင်ဗျား...ဒီပုံ'

'ခင်ဗျားတို့ ဘယ်သူလဲဆိုတာ အယင် ပြောပါလား၊ ဒါမှ မစ္စတာမက်ဂျင်တီ အတွက် ၁၂ ဒေါ်လာဖိုး အချိန်ကုန်ရတာ အကျိုးရှိမယ်'

'ကျုပ်က ဆမ်ကော်လီ'

'ကျုပ်က ဒေးဗစ် ကာဘာကော့ဗ်'

'ကျွန်တော်က လာမားဂျက်ဆန်'

သူတို့အားလုံး တယောက်နှင့်တယောက် လက်ဆွဲ နှုတ်ဆက် ကြသည်။

'ခုကိစ္စက နိုင်ငံတော် လုံခြုံရေး ကိစ္စပဲ၊ ဒီလူကို ခင်ဗျား မြင် ဖူးသလား'

ဂျက်ဆန်သည် ဓာတ်ပုံကို ကြည့်နေစဉ် သူ့မျက်ခုံးများ အပေါ် တက်သွားသည်။





'တွေ့ဖူးတယ်၊ လွန်ခဲ့တဲ့ ၃-၄ ရက်က၊ ဟိုတနေ့က ခင်ဗျား ဒါနိုးကြိုးတွေ တပ်နေတုန်း လာတာပေါ့၊ မက်ဂျင်တီ၊ သူ ဘယ် သူလဲ'

'ထောင်ပြေးတယောက်ပဲ၊ သူ့ကို ဖမ်းချင်လို့'

'ဒါဆို...စောင့်နေ၊ သူ ပြန်လာဦးမယ် ပြောသွားတာပဲ'

'ဟုတ်လား'

'ခင်ဗျားတို့ ဒီမှာ လာရှာရတယ်ဆိုတာက ဘယ်လိုသိလဲ'

'သူ လိုချင်နေတာ ခင်ဗျားမှာ ရှိနေတာကိုး.... ရဟတ် ယာဉ်ပေါ့'

'ဘာလုပ်ဖို့လဲ'

'လူတွေအများကြီးကို ဒုက္ခပေးဖို့.... သူ ဘယ်တော့ လာဦး မလဲ'

'အဲဒါတော့မသိဘူး၊ ရှင်းရှင်းပြောရယင် ဒီငနဲကို ကျုပ် သိပ်ဂရုမစိုက်ပါဘူး၊ သူ့ပုံစံက သိပ်မဟန်ဘူး၊ ကျုပ်နဲ့ သိပ် ရောချင်ပုံရတယ်၊ သူ ဘာလုပ်လို့လဲ၊ ထောင်ပြေးဆို'

'ဒီကောင်က စိတ္တဇလူသတ်သမားတယောက်ပဲ၊ နိုင်ငံရေး တယူသန် ဝါဒီသမား၊ သူ့လူတွေ အတော်များများ သတ်ပစ် ခဲ့ပြီးပြီ၊ မကြာခင် ခင်ဗျားကိုပါသတ်ပြီး ရဟတ်ယာဉ်ကို ယူ ပြေးလိမ့်မယ်၊ သူနဲ့တွေ့တော့ ဘာဖြစ်ခဲ့သလဲ ပြောပြစမ်းပါ'

'ဘုရား...ဘုရား... စိတ်ညစ်စရာကြီးပါကလား'



www.burmeseclassic.com

www.burmeseclassic.com



မက်ဂျင်တီက သူ့မျက်နှာမှ ချွေးများကို လက်ကိုင်ပဝါနှင့် သုတ်လိုက်သည်။

စိတ္တဇ လူသတ်သမား တဲအပြင်၌ ရောက်နေသည့်အလား ပြတင်းပေါက်မှ လှမ်းကြည့်လိုက်၏။

ဂျက်ဆန်က ခေါင်းခါလိုက်သည်။

'ကျွန်တော် ဒီမှာ ကော်ဖီသောက်မလို့ ရဟတ်ယာဉ်ပေါ်က ဆင်းလာတော့ သူက ယာဉ်ဆင်းတဲ့ ကွက်လပ်နားမှာ ရပ်နေ တယ်၊ ပထမတော့ ကျွန်တော် သတိမထားမိဘူး၊ ရဟတ် ယာဉ်ကို လူတွေရပ်ပြီး ငေးကြည့်နေကျပဲဟာ၊ အဲဒီနောက် သူ ကျွန်တော့်ကို မေးတယ်၊ ပစ္စည်း ဘယ်လိုသယ်လဲ၊ ဒါ ဘယ်လိုရဟတ်ယာဉ်အမျိုးအစားလဲ၊ အထဲဝင်ကြည့်ပါရစေ စသဖြင့်ပေါ့၊ ကျွန်တော်ကလဲ တံခါးပေါက်ကနေပဲ ဝင်ကြည့် ဘာမှမကိုင်နဲ့လို့ ပြောလိုက်တယ်'

'ဒါနဲ့ ဝင်ကြည့်ရောလား'

'အင်း ...ပြီးတော့ ကုန်တင် ကုန်ချတဲ့ နေရာနဲ့ စက်ခန်းနဲ့ သွားချည် လာချည် ဘယ်လိုလုပ်သလဲ မေးတယ်၊ ကျွန်တော်က ကပ်သီးကပ်သတ်နိုင်တယ်လို့၊ စက်ခန်းထဲက ထိုင်ခုံတလုံးဖြုတ် ပစ်ထားမှ ရတယ်၊ သူမေးတဲ့ မေးခွန်းက ဆန်းကြယ်သားပဲ၊ တခြားလူတွေဆိုယင် ဘယ်လောက် အလေးချိန် မနိုင်သလဲ၊ ပစ္စည်းပြုတ်ကျမှာ မစိုးရိမ်ဘူးလား ဆိုတာမျိုးပဲ မေးတယ်၊ နောက်ပြီးတော့ သူ့မှာ ရဟတ်ယာဉ်မောင်းတဲ့ ညီတယောက် ရှိတယ်၊ ဒီရဟတ်ယာဉ်ကို သူ တွေ့ယင် သိပ်သဘောကျမှာ ပဲတဲ့'

'ခင်ဗျား တနင်္ဂနွေနေ့ အလုပ် လုပ်သလားလို့ကော မေး သလား'

'အဲဒါပြောပြမလို့ပဲ၊ ဒီနေ့က ကျွန်တော်တို့တွေ ရုံးပိတ်ရက် တွေ အလုပ် လုပ်သလားဆိုတာ သုံးခါတောင် မေးတယ်၊ ကျွန်တော်လဲ အင်း....အင်း-ပေါ့၊ ကျွန်တော် အလုပ်ပြန်လုပ် ခါနီးကျတော့ သူ့ကို လက်ဆွဲနှုတ်ဆက်တယ်'

'ခင်ဗျား နာမည်မေးသေးသလား'

'မေးတယ်'

'ခင်ဗျား ဘယ်မြို့သားလဲ ဆိုတာရော'

'အင်း....မေးတယ်လေ'

ကာဘာကော့ဗ်သည် ဂျက်ဆန်အား သဘောကျသွား သည်။

ဒီလူ ဉာဏ်ရွှေရသည်။ စိတ်တည်ငြိမ်မှု ရှိသည်။ ဂျက်ဆန်၏ အလုပ်ကလည်း ဒီလိုစိတ်မျိုးရှိမှ ဖြစ်မည်။

လိုအပ်လျှင် ကြမ်းကြမ်းတမ်းတမ်း ရင်ဆိုင် ဖြေရှင်းနိုင်မည့် လူမျိုးလည်း ဖြစ်ရမည်။

'ခင်ဗျား....မရိန်းတပ်က ပိုင်းလော့ဟောင်းလား'

'အင်း'







www.burmeseclassic.com

www.burmeseclassic.com



‘ဗီယက်နမ်မှာ တာဝန်ထမ်းဖူးလား’

‘၃၈ ကြိမ် ပျံသန်းဖူးတယ်၊ ကျွန်တော့်ရဟတ်ယာဉ် ပစ်ချ ခံရပြီးတဲ့နောက် စစ်ပွဲပြီးချိန်မှာ အငြိမ်းစားယူလိုက်ရတယ်’

‘ခင်ဗျားဆီက အကူအညီတောင်းပါရစေ’

‘ဒီငနဲကို ဖမ်းဖို့လား’

‘ဟုတ်တယ်၊ ဒီကို နောက်တခါ သူလာပြီး ပြန်သွားတဲ့ အခါ သူ့ကို နောက်ယောင်ခံ လိုက်ကြည့်ချင်တယ်၊ သူ့ရဲ့ညီ ဆိုတဲ့ လူတယောက် ခေါ်လာပြီး ဒီမှာ လျှောက်ကြည့်မှာပဲ၊ ဒီရောက်တုန်း မလန့်သွားစေဖို့လိုတယ်၊ သူ့ကိုမဖမ်းခင် စောင့် ကြည့်ရဦးမယ်၊ ဒါကြောင့် ခင်ဗျားအကူအညီလိုတယ်’

‘အင်း....ခင်ဗျားတို့ရဲ့အကူအညီလဲ ကျွန်တော် လိုတယ်ဗျာ ကဲ....ခင်ဗျားတို့ မှတ်ပုံတင်တွေ ပြပါဦး’

သူက ကာဘာကော့ဗ် ထံမှ တောင်းသော်လည်း ကော်လီက သူ၏ မှတ်ပုံတင်ကို ထုတ်ပြလိုက်သည်။ ဂျက်ဆန်က ဖုန်း မ,လိုက်သည်။

‘နံပါတ်က....’

‘နံပါတ်ကို ကျွန်တော့်ဘာသာ မေးမယ်၊ မစ္စတာကော်လီ’

‘ခင်ဗျား....မေးချင်....ယင်....’

‘ကျွန်တော် ခင်ဗျားတို့ရဲ့ ဦးစီးဖြစ်တဲ့ လူကို မေးကြည့် မယ်....’





နယူးအော်လင်းစ်မြို့ အက်ဖ်ဘီအိုင် ဌာနခွဲက ကော်လီသည် အက်ဖ်ဘီအိုင် အေးဂျင့်တဦး ဟုတ်မှန်ကြောင်း သက်သေခံ သည်။

‘ကဲ...ခင်ဗျားမေးမယ်၊ ဒီအရူးက ကျွန်တော် ဘယ်မြို့သား ဆိုတာကို မေးသလွားဆိုဘာ၊ ဘာလဲ ကျွန်တော့်မိသားစနေထိုင်တဲ့ နေရာကို သူ ရှာမလို့လား၊ ကျွန်တော့်ကို အကျပ်ကိုင်မလို့လား’

‘ဟုဘ်မယ်....သူလိုအပ်ယင် အဲဒီလိုလုပ်မှာပဲ’

ကာဘာကော့ဗ်က ပြောသည်။

‘ကဲ....ကျွန်တော် ပြောပြမယ်၊ ဒီငနဲ ဒီတခါရောက်လာယင် ခင်ဗျားတို့ကို ကျွန်တော် ကူညီရမယ် မဟုတ်လား’

‘ခင်ဗျားကို တချိန်လုံး ကျွန်တော်တို့ စောင့်ရှောက်နေမှာ ပါ၊ သူပြန်သွားယင် ကျွန်တော်တို့ လိုက်ကြည့်ရုံပါပဲ’

ကော်လီက ဝင်ပြောသည်။

‘ဒီတခါလာယင် သူ အလုပ် အပြတ်မလုပ်ဘူးလို့ ပြောနိုင် လား’

‘အို...သူ အဲဒီ ပိုင်းလော့ကို ရဟတ်ယာဉ် အယင်ဆုံး ခေါ် သွားဦးမှာပါ၊ သူ အလုပ်လုပ်မယ့်နေ့ကို ကျုပ်တို့ သိပြီးသားပဲ’

‘ကောင်းပြီ၊ ကျွန်တော် ကူပါ့မယ်၊ ဒါပေမယ့် နောက် ငါးမိနစ်အတွင်း အော်လန်ဒိုမြို့က ကျွန်တော့်မိန်းမဆီ ဖုန်း ဆက်လိုက်ဦးမယ်၊ သူ့အိမ်ရှေ့မှာ အစိုးရဝန်ထမ်း လေးဦးပါတဲ့



www.burmeseclassic.com

www.burmeseclassic.com

အစိုးရ ရိုးကားတစီး စောင့်နေတယ် ဆိုတာကို ကျွန်တော် ကြားချင်တယ်၊ ဒါပဲ'

'ခင်ဗျား ဖုန်းကို ကျွန်တော် ခဏသုံးပါရစေ' ကော်လီက ပြောသည်။

× × ×

## အခန်း ။ ၃၅ ။

ဒုဟတ်ယာဉ်ကွက်လပ်ကို ရက်အတော်ကြာကြာ ချောင်း …ကြည့်ရသည်။

ကော်လီ၊ ကာဘာကောဇ်နှင့် မိုရှက်ဗ်ဇကီးတို့က အလုပ်ချိန် …ွင်း တာဝန်ယူ စောင့်ကြည့်ကြသည်။

ဒုဟတ်ယာဉ်ကို ညဘက် ရပ်ထားချိန်တွင် အက်ဖ်ဘီအိုင် …ေးကျင့် သုံးဦးအဖွဲ့က စောင့်ကြည့်သည်။ ဖာဆေးလ် ပေါ် …ာပါ။





www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဆန်သည် နေ့စဉ်နေ့တိုင်း ပြုံးရွှင်စွာဖြင့် ရောက်လာ... သူ လုပ်စရာရှိသမျှကို လုပ်သည်။

သို့သော် သူ အလုပ်နားချိန်တွင် သူ့နောက် တကော... ကောက် လိုက်နေကြသော အက်ဗ်ဘီအိုင် အေးဂျင့်နှစ်ယော... ကို သဘောမကျပေ။ သူ စိတ်ကျဉ်းကျပ်သည်ဟု ဆို၏။

တညနေတွင် ရိုင်ရှယ်အော်လင်းစ် ဟိုတယ်၌ ဂျက်ဆန်သည် ကာဘာကော့ဗ်၊ ရေချယ်တို့နှင့်အတူ အရက်သောက်သည်။

သူ့ သက်တော်စောင့် နှစ်ဦးက အနီးရှိ စားပွဲတလုံး၌ ... စောင့်ကြသည်။

ဂျက်ဆန်သည် အတွေ့အကြုံ အတော်များသူ ဖြစ်သည်။

ကာဘာကော့ဗ် တွေ့ရသမျှ အမေရိကန် များ အနက် ... ခင်မင်ဖွယ်ကောင်းသူ တဦးဖြစ်သည်။

မက်ဂျင်တီ ပြဿနာကတမျိုး။

ညကိစ္စတွင် မက်ဂျင်တီကို ခေါ်ထားခဲ့လျှင်ကောင်းသော...

မက်ဂျင်တီသည် အမြဲ စိတ်လှုပ်ရှားနေသူ ဖြစ်သည်။

ဇန္နဝါရီလ ၄ ရက်နေ့တွင် မိုးရွာသဖြင့် ကုန်မတင်နိုင်။

ဂျက်ဆန်သည် အလုပ်ရုံ တဲကလေးထဲသို့ဝင်လာပြီး ကော်... သောက်သည်။

'အဲဒီ သေနတ်က ဘာလို့ ခေါ်သလဲ'

ဂျက်ဆန်က မိုရှက်ဗ်စကီးအား မေးသည်။

'ဂါလေး အမျိုးအစားပေါ့'



မိုရှက်ဗ်စကီးသည် ကာဘာကော့ဗ် ခွင့်ပြုချက်ဖြင့် အစ္စရေး... ...င်မှ အော်တိုမက်တစ် ရိုင်ဖယ် အသစ်အဆန်း တလက်ကို ...မ်းမှာယူခဲ့ခြင်း ဖြစ်သည်။

သူသည် ကျည်ကပ်ကို ဖြုတ်ပြီး ဂျက်ဆန်အား သေနတ်ကို ...မ်းပေးလိုက်သည်။

'ကျွန်တော်တို့ ဗီယက်နမ်မှာ တုန်း ကတော့ ရဟတ်ယာဉ် ...ပေါ်မှာ အေအေ ၄၇ ရိုင်ဖယ်တလက် ဆောင်ထားဖူးတယ်၊ ...ကျွန်တော်တို့ ရဲဘော်ဘယောက်က ဗီယက်ကောင်း တယောက် ...က ဆွဲယူခဲ့တာပဲ၊ အမ် ၁၆ ထက် ပိုကြိုက်တယ်ဗျာ'

ဂျက်ဆန်က ပြောသည်။

ထိုအခိုက် မက်ဂျင်တီ ဝင်လာရာ ရိုင်ဖယ်ကြီးကို တွေ့သဖြင့် ...န့်ပြီး ပြန်ထွက်သွားသည်။

မိုရှက်ဗ်စကီးအား သူ့သေနတ်ကို ဝှက်ထားရန် သတိပေးမှ ...ဖြစ်မည်ဟု ကာဘာကော့ဗ် ဆုံးဖြတ်သည်။

မက်ဂျင်တီအား နောက်ထပ်သနိုအောင် မလုပ်သင့်။

'အမှန်အတိုင်း ပြောရယင် ကျွန်တော်တို့က သေနတ်တွေကို ...ပ်မခင်တွယ်ပါဘူး၊ ကျွန်တော့် မိတ်ဆွေ အတော်များများ ...တာ သေနတ်ကိုင်ယင် လျှောက်ရမ်းချင် တတ်ကြတယ်၊ ခင်ဗျား ...ကို ပြောတာ မဟုတ်ဘူးနော်'

ကော်လီဇီ ရေဒီယိုစက်မှ အသံမြည်သဖြင့် ဂျက်ဆန် စကား ...ဖြတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂျေဆဲဗင်း... ဂျေဆဲဗင်း...'

'ဂျေဆဲဗင်း ပါ၊ ပြောပါ'

'*ကျုပ်တို့လူ 'မေဖလိုင်း' ဟာ အရှေ့ပိုင်း စံတော်ချိန် ၀၉* နာရီတုန်းက ဂျေအက်ဖ်ကေ လေဆိပ် အကောက်ခွန်ကို ထ လာတယ်လို့ နယူးယောက်က သတင်းပို့တယ်၊ နယူးအော်လင်း ခရီးစဉ် ဒဲလ်တာလေယာဉ် ၇၀၄ လက်မှတ် ၀ယ်ထား တယ် အလယ်ပိုင်း စံတော်ချိန် ၁၂း၃၀ နာရီရောက်လာလိမ့်မယ်'

မေဖလိုင်းသည် အက်ဘ်ဒဲလ် အာ၀ပ်ဒ် အတွက် လျှို့ဝှ နာမည် ဖြစ်သည်။

'ကောင်းပြီ၊ ဒါပဲ၊ ကာဘာကော့ဗ်ရေ ဟို ကောင် ရောက်လာပြီတဲ့၊ ဒီကောင့် နောက်ကနေ ဖာဆေးလ်နဲ့ ပုံး ရော ဟိုမိန်းမဆီပါ လိုက်လို့ရတော့မယ်'

ကော်လီက စိတ်တက်ကြွစွာဖြင့် ပြောလိုက်သည်။

ကာဘာကော့ဗ် သက်ပြင်းချလိုက်သည်။

ဒီတခါတော့ သူ့လမ်းမှန်အတိုင်း ခြေရာခံ လိုက်နိုင်ပြီ။

ပစ်မှတ်သည် ဆူပါဘိုးလ် ဖြစ်၏။

ခိုင်လုံသော အထောက်အထား ရပြီ။

'သူတို့ကို မဖမ်းခင် ပလပ်စတစ်ပုံးတွေနဲ့ သူတို့ကို သပ်သပ် ခွဲထားဖို့လိုမယ်၊ နို့မို့ယင် ပြဿနာ သိပ်တက်လိမ့်မယ်'

ကာဘာကော့ဗ်က ပြောသည်။





'အင်း ဒီနေ့တော့ အချိန်တန်ပြီပေါ့'

ဂျက်ဆန်က တည်ငြိမ်စွာ ပြောလိုက်သည်။

'မပြောတတ်ဘူး၊ ဒီနေ့မဟုတ်ယင် နက်ဖြန်ခါပေါ့၊ နက်ဖြန် နက်ခ်နေ့၊ ခင်ဗျား တနင်္ဂနွေနေ့ အလုပ်လုပ်နေတာ သူ ကြည့် ချင်တယ် မဟုတ်လား၊ ကြည့်ကြသေးတာပေါ့'

သုံးနာရီ လေးဆယ့်ငါးမိနစ် အကြားတွင် အက်ဘ်ဒဲလ်အာ ၀ပ်ဒ်သည် နယူးအော်လင်းနိုင်ငံတကာလေဆိပ်တွင် ဒယ်လ်တာ ဂိတ်ပေါ်မှ ဆင်းလာသည်။

သူ့လက်တဘက်၌ သေတ္တာလေးတလုံး ဆွဲလာသည်။

အာ၀ပ်ဒ်၏နောက်တွင် ပါလာသော ခရီးသည်များအနက် အဲဒီမှာ ကိုယ်လုံးထွားထွား၊ အသက် ၄၀ ခန့်ရှိ လူကြီးတဦး ပြီး မီးခိုးရောင်၀တ်စုံ ၀တ်ထားသည်။

ထိုလူကြီးနှင့် ကော်လီတို့ စက္ကန့်ပိုင်းမျှ အကြည့်ချင်း ဆုံမိ ကြသည်။

ထိုလူကြီးက အာ၀ပ်ဒ် ကျောပြင်ကို ခဏစိုက် ကြည့် ပြီး မျက်နှာလွှဲလိုက်သည်။

ကော်လီသည် လက်ဆွဲသေတ္တာ တလုံးကိုင်လျက် ညွှန်ခန်းမ ဆောင်ဆီသို့ လေယာဉ်ပေါ်မှ ဆင်းလာသူများနှင့်ရော၍ လိုက် သွားသည်။

သူသည် အာ၀ပ်ဒ်အား ကြည့်နေခြင်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်မှ ဆင်းလာသူများအား ဆီးကြိုမည့်ပရိသတ် များကို အကဲခတ်နေခြင်း ဖြစ်သည်။

သူသည် ဖာဆေးလ် သို့မဟုတ် မသင်္ကာဖွယ် မိန်းမကို ရှာဖွေနေခြင်းဖြစ်သည်။

သို့သော် အာဝပ်ဒ်သည် မည်သူ့ကိုမျှ ရှာဖွေနေပုံမရ။

လျှပ်စစ် လှေကားပေါ်မှဆင်းပြီး အပြင် ထွက်သွားသည်။

ဇိမ်ခံကားကြီးများ ကြိုစောင့်နေကြသော ခရီးသည်များ အနီး၌ သွားရပ်သည်။

ကော်လီက ကားထဲဝင်လိုက်သည်။

အထဲ၌ ကာဘာကော့ဗ်နှင့် မိုရှက်ဗ်စကီးတို့ ပါလာသည်။

ကာဘာကော့ဗ်က သတင်းစာ ဖတ်နေသည်။

အာဝပ်ဒ်သည် ကာဘာကော့ဗ်အား ခေတ်ပုံထဲ၌ တွေ့ ထားမည်ဟု ယူဆရသည်။

'ဟိုငနဲကြီးဟာ ကျုပ်တို့လူ ဟောင်းဝပ်ဒ်ပေါ့၊ အာဝပ်ဒ် ဇိမ်ခံကားကြီး ငှားသွားယင် သူ နောက်က လိုက်သွားလိမ့်မယ် တက္ကစီ တစီးစီး ငှားယင်လဲ ဟောင်းဝပ်ဒ်က ရေဒီယိုစက်ပါတဲ့ ကားတွေထဲက လူတွေကို အချက်ပြလိမ့်မယ်'

အာဝပ်ဒ် တက္ကစီ ငှားသွားသည်။ ဟောင်းဝင်ဒ်က ၎င်း ကားနောက် လိုက်သွားပြီး နှပ်ညစ်ချင်ယောင် ဆောင်နေ လိုက်သည်။

တယောက်နောက် တယောက် ရှုံဒိုး လိုက်ကြပုံမှာ ကြည့် ကောင်းလှသည်။





မြို့လယ်ခေါင် ရောက်သည်အထိ ကား သုံးစီးနှင့် ဂျစ်ကပ် တစီးတို့ဖြင့် အာဝင်ဒ်၏တက္ကစီနောက် ခပ်လှမ်းလှမ်းမှ တလှည့်စီ နောက်ယောင်ခံ လိုက်သွားကြသည်။

မယ်ရီယော့ဟိုတယ်ရှေ့တွင် အာဝပ်ဒ်၏ကား ရပ်လိုက်သော အခါ နောက်ယောင်ခံ ကားတစီးသည် ဟိုတယ် ဘေးပေါက် ဆီသို့ ကွေ့ချလိုက်သည်။

မှတ်ပုံတင်ဌာနသို့ အာဝင်ဒ် အရောက်တွင် အက်ဖ်ဘီအိုင် အေးဂျင့်တဦးသည်လည်း ထိုစားပွဲအနီး ရောက်နေလေပြီ။

၎င်း အေးဂျင့်သည် ခေတ်လှေကားများဆီ ခပ်သုတ်သုတ် လျှောက်သွားသည်။ ထန်းပင်အိုးလေးအနီး ရပ်နေသော လူ တဉီးအား 'ခြောက်-ဆယ့်တစ်'ဟု ပြောသွားသည်။ ထိုလူက ခေတ်လှေကားထဲ ဝင်သွားသည်။

အာဝပ်ဒ် သူ့ဟိုတယ်ခန်းသို့ ဟိုတယ်မှ ဝန်ထမ်း ချာတိတ် လေးနောက်မှ လိုက်သွားသောအခါ ထိုလူသည် ဆဋ္ဌမထပ်သို့ ရောက်နေလေပြီ။

နာရီဝက်အတွင်း၌ အာဝပ်ဒ်နှင့်ဘေးချင်းကပ်လျက် အခန်း တွင် အက်ဖ်ဘီအိုင် အေးဂျင့်တဦး ရောက်နေပြီး၊ ဟိုတယ်၏ တယ်လီဖုန်းလိုင်းဆုံ ခလုတ်ခုံကြီးတွင် အခြားအေးဂျင့်တဦးပါ ရောက်နေသည်။

အာဝပ်ဒ်ထံသို့ မည်သူမျှ ဖုန်းမဆက်။ သူ အောက်ထပ် သို့လည်း လုံးဝ ဆင်းမလာ။

ည ရှစ်နာရီတွင် သူ့အခန်းသို့ အမဲသားဟင်း မှာစားသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးဂျင့် တဦးက ဝန်ထမ်း ယောင်ဆောင်ပြီး၊ သွား
ပေးသည်။

အာဝပ်ဒ်က သူ့ကို ၂၅ ဆင့် အကြွေတစေ့ တစ်ပ် ပေးလိုက်
သည်။ ထိုအေးဂျင့်သည် အကြွေစေ့ပေါ်မှ အာဝပ်ဒ်၏ လက်ဗွေ
ပုံစံကို ကူးယူရန် အစွန်းမှ သတိထား၍ ကိုင်သွားသည်။ သူ
တညလုံး မအိပ်ပဲ စောင့်ကြည့်နေကြ၏။

× × ×

အခန်း ။ ၃၆ ။

ဇန္နဝါရီ ၅-ရက်။ တနင်္ဂနွေနေ့ မနက်တွင် ရာသီဥတုက
အေးစက်နေသည်။

မိုရှက်ဗ်စကီးက 'ကာဂျွန်း' ကော်ဖီ ခပ်ကျကျကို ခွက်ထဲ
ငှဲ့ပေးပြီး၊ ကာဘာကောဒ့်ဗ်နှင့် ကော်လီတို့အား တခွက်စီ ကမ်း
ပေးသည်။

ဆောက်လုပ်ရေး စခန်း၏ တဲကလေးထဲမှနေ၍ အပြင်ဘက်
တွင် ပစ္စည်းသယ်ချနေသော ရဟတ်ယာဉ်၏ ပန်ကာ ဒလက်သံ
များကို ခပ်သဲ့သဲ့ ကြား ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အာဝပ်ဒ်အား ဟိုတယ်၌ မထားရစ်ချင်သော်လည်း ဤနေ ရာမှ လာစောင့်ပါက ပိုသင့်တော်မည်ဟု ကာဘာကော့ဗ်ဆုံး ဖြတ်ခဲ့၏။

အာဝပ်ဒ် သို့မဟုတ် ဖာဆေးလ်တို့ တဦးဦးက မိမိအား မမြင်စေရန် အဝေးမှ ချောင်းကြည့်ရမည်။

ဟိုဘယ်၌ နယူးအော်လင်းစ်မြို့ အက်ဖ်ဘီအိုင် ဌာနခွဲဦးစီး ကွပ်ကဲမှုဖြင့် အာဝပ်ဒ်အား စောင့်ကြည့်ခြင်းမှာကာဘာကော့ ကျေနပ်လောက်ဖွယ် ရှိသည်။

သူတို့သည် ဗုံးများဆီ မသွားမီ ရဟတ်ယာဉ်ဆီ အလျင် လာကြည့်မည်။

အာဝပ်ဒ်သည် ရဟတ်ယာဉ် ဖြင့် တင်ရန် ပုခက်ကို အ ပြုပြင်၍ ရမည်။

သူ၏ ဗုံးကိုတင်ရန် ရဟတ်ယာဉ်ကို ပြုပြင်ပြောင်းလဲ၍ ရမည် မဟုတ်ပေ။

ရဟတ်ယာဉ်ကို ဦးစွာ ကြည့်ဖို့ အဓိက ဖြစ်သည်။

ဤနေရာမှာ အန္တရာယ် အများဆုံးနေရာ ဖြစ်သည်။

အာရပ် များသည် ဆောက်လုပ်ရေး ပစ္စည်း ကိရိယာ တန် ဆာပလာ များစွာ စုပုံထားသော ဤနယ်မြေတွင်းသို့ ခြေလျင် လာရမည်။

၎င်းတို့အား အန္တရာယ် ရှိသူများအဖြစ် သိထားသည့် အ သားနှစ်ဦးနှင့် ရင်ဆိုင်ကြရမည်။

မက်ဂျင်တီ မရှိသဖြင့် တော်သေး၏။





စောင့်ကြည့်နေသည့် ခြောက်ရက်တာ အတွင်း မက်ဂျင်တီ သည် နေမကောင်း သဖြင့် အလုပ် နှစ်ရက် မဆင်း ခဲ့သဖြင့် အခြားနှစ်ရက်တွင် အလုပ်ဝင် နောက်ကျခဲ့သည်။

ကော်လီ၏ ရေဒီယိုမှ အသံမြည်သည်။ သူက အသံ ပိုသ စေသည့် ခလုတ်ကို လှည့်သည်။

'ယူနစ်—၁၊ ယူနစ်....၄'

မယ်ရီယော့ ဟိုတယ် ဆဋ္ဌမထပ်မှ အေးဂျင့်က တာဝန်ခံ အေးဂျင့်အား လှမ်းခေါ်နေခြင်း ဖြစ်သည်။

'မေဖလိုင်း သူ့အခန်းထဲက ထွက်သွားပြီ၊ ခါတ်လှေကားနဲ့ ဆင်းတော့မယ်'

'ကောင်းပြီ၊ ယူနစ် ၄၊ ယူနစ် ၅ ရော ကြားသလား'

'ယူနစ် ၅ စောင့်နေတယ်'

တမိနစ်ခန့် ကြာသွားသည်။

'ယူနစ် ၁၊ ယူနစ် ၅၊ သူ ဧည့်ခန်းမကြီးထဲ ဖြတ်ဝင်လာပြီ'

ရေဒီယိုမှအသံ ခပ်အုပ်အုပ်။

ဧည့်ခန်းထဲရှိ အေးဂျင့်သည် ကြယ်သီး အတု မိုက်ခွက်မှ ပြောနေပုံ ရ၏။

ကာဘာကော့ဗ်က ရေဒီယိုကို ကြည့်နေသည်။

အကယ်၍ အာဝပ်ဖ်သည် မြို့၏အခြားတနေရာသို့ ဦးတည် သွားမည်ဆိုပါက မိနစ် အနည်းငယ်အတွင်း သူ လိုက်သွားချင် သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်သံနှင့် ဟိုတယ် အပြင်ဘက်က ကားသံများကို ကြားရသည်။

အေးဂျင့်သည် အာဝပ်ဒ်နောက်မှ လိုက်သွားလေပြီ။

'ယူနစ် ၁၊ ခု ပြောတာ ယူနစ်၅၊ သူ ဒီကေတာလမ်းမပေါ်ကနေ အနောက်ဘက်ကို သွားနေတယ်'

အတန်ကြာသောအခါ....။

'ယူနစ် ၁၊ ဘိန်းဗီးလ်အိမ်ထဲ ဝင်သွားပြီ'

'ယူနစ် ၃၊ နောက်ဘေးပေါက်ကစောင့်'

'ကောင်းပြီ'

တနာရီ ကြာသွား၏။ အာဝပ်ဒ် ပြန်ထွက်မလာ။ ကာဘာကော့ဗ်သည် သူ စောင့် ခွဲ ဖူး သ မျှ အခန်းများ အကြောင်း စဉ်းစားနေသည်။ အခန်း တခုတိုင်း၌ စောင့်ကြည့်ရသော လူ တယောက်၏ဒုက္ခက မသေးလှပေ။

စကား ပြောစရာ အဖော်မရှိ။ ကာဘာကော့ဗ်က ပြတင်းပေါက်မှ လှမ်းကြည့်သည်။ ကော်လီက ရေဒီယိုကို ကြည့်သည်။

မိုရှက်ဗ်စကီးက သူ့နားထဲမှ ထုတ်ယူလိုက်သောအရာတခုကို လှေ့လာနေသည်။

'ယူနစ် ၁၊ ယူနစ် ၅၊ သူ ထွက်လာပြီ။ 'ပိုးဟတ်' လဲပါလာတယ်'

ကာဘာကော့သည် သက်ပြင်းတချက် ရှိုက်ပြီး ဖြည်းညင်းစွာ ပြန်မှုတ်ထုတ်လိုက်သည်။





'ပိုးဟတ်' သည် ဖာဆေးလ်၏ နာမည်ဝှက် ဖြစ်သည်။

ယူနစ် ၅၊ ဆက်ပြောနေသည်။

'သူတို့ တက္ကစီ ငှားသွားပြီ၊ ကားနံပါတ် ၄၇၅၀၊ လူစီယားနား စီးပွားရေး မှတ်ပုံတင်နံပါတ် ၄၇၀၊ ဂျူလီယက်လီမာ....'

ထိုအခိုက် အခြား အသံတခု ကြားဖြတ်ဝင်လာသည်။

'ယာဉ် ၁၂။ ဒီကောင်တွေရဲ့ကားကို တွေ့ထားပြီ၊ မဂ္ဂဇင်းလမ်းကနေ အနောက်ဘက်ကို ချိုးသွားပြီ'

'ကောင်းပြီ ၁၂'

ကာဘာကော့ဗ် ပြတင်းပေါက်မှ ကြည့်သည်။

အလုပ်သမား တစုသည် ရဟတ်ယာဉ်ဖြင့် ဆွဲတင်ရန် ပစ္စည်းတခုကို ဆိုင်းကြိုးများ တပ်ဆင်ပေးနေကြသည်။

သူတို့ ပွိုင့်ခရာ့စ် လမ်းက မြောက်ဘက် ချိုးသွားပြန်ပြီ၊ ဆင်ဗျားတို့ဆီ လာနေပြီထင်တယ် ဂျေ ၇။

'ဂျေ ၇ ပြောတယ်၊ ကောင်းပြီ ၁၂'

ကာဘာကော့ဗ်နှင့် မိုရှက်စကီးတို့ အပြင် ထွက်သွားကြသည်။

ကော်လီသာ တဲလေးထဲ၌ ကျန်ရစ်သည်။

ကာဘာကော့ဗ်က ထရပ်ကား နောက်ဘက် ကင်းဗတ်ခန်းဆီးနောက်၌ နေရာယူသည်။

မိုရှက်စကီးက ရွှေ့ပြောင်းနိုင်သော အိမ်သာလေးထဲ ဝင်နေသည်။ တံခါးပေါက်မှ ချောင်းကြည့် ပေါက်က လေး



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ သူတို့ သုံးဦးသား ရဟတ်ယာဉ်ရပ်သည့် ကွက်လပ်
တြိဂံ ပုံသဏ္ဍာန် ဝိုင်းထားကြ၏။

'ဂျေ ၇၊ သူတို့ မြောက်ဘက်ကို ဦးတည်သွားတုန်းပဲ'

ယူနစ် ၁၂ က ပြောသည်။

ရဟတ်ယာဉ်သည် တိုက်ခေါင်မိုးပေါ်မှ ဖြုတ်၍ ထွက်
သောအခါ ကော်လီက လေကြောင်းဖရီကွင်စီမှနေ၍ ပိုင်းလော့
ဂျက်ဆန်အား ပြောသည်။

'ခင်ဗျားအတွက် အဖော်တွေ လာလိမ့်မယ်၊ ငါးမိနစ်
အတွင်း အောက်ဆင်းစောင့်နေပါ'

'ကောင်းပြီ'

ဂျက်ဆန်က တည်ငြိမ်စွာ ပြောသည်။

'ဂျေ ၇၊ ခုပြောတာ ယာဉ် ၁၂၊ ခင်ဗျားတို့ ရှေ့က လမ်း
ပေါ် ရောက်နေပြီ၊ ကားထဲက ထွက်လာပြီ'

'ကောင်းပြီ'

ကာဘာကော့ဗ်သည် ဖာဆေးလ်အား လူကိုယ်တိုင် တခါမှ
မမြင်ဖူးသေး။

ကင်းဗတ်စ ကို အသာလေးလှစ်၍ ချောင်းကြည့်သည်။
မြူးနစ်၌ လူသတ်ခဲ့သော သတ္တဝါကြီး တကောင်ကို တွေ့
ရပြီ။

သူ့နောက်သို့ မိုင် ၆၀၀၀ ခရီးနှင်၍ လိုက်ခဲ့ရသည်။ ယခု
ငင်းခရီး ဆုံးပြီ။

www.burmeseclassic.com



မင်းလွှယ်ထားတဲ့ ကင်မရာအိတ်ထဲမှာ သေနတ် ပါတယ်
ဟုတ်လား၊ မင်းကို ဘေရွတ်မှာကတည်းက ငါ ဖမ်းမိခဲ့ဖို့
ကောင်းတာ။

ဖာဆေးလ်နှင့် အာဝပ်ဒ်တို့သည် ရဟတ်ယာဉ် ရပ်သည့်
ကွက်လပ်ဘေးရှိ သေတ္တာကြီးများဘေး၌ ရပ်ကာ ရဟတ်ယာဉ်
ကို ငေးကြည့်နေကြသည်။

မိုရှက်ဗ်စကီးနှင့် အနီးကပ်ဆုံးဖြစ်သော်လည်း မိုရှက်ဗ်စကီး
မမြင်နိုင်ပေ။

သူတို့နှစ်ဦး စကားပြောနေကြသည်။

အာဝပ်ဒ်က တစုံတခုပြောလိုက်ရာ ဖာဆေးလ် ခေါင်းညိတ်
သည်။

အာဝပ်ဒ်သည် မိုရှက်ဗ်စကီး ဝင်ပုန်းနေသော အိမ်သာ
တံခါးကို ဖွင့်ကြည့်သည်။ မရသဖြင့် အနီးဆုံး အိမ်သာလေးထဲ
ဝင်သွားသည်။

တအောင့်အကြာ၌ ပြန်ထွက်လာသည်။

ရဟတ်ယာဉ် မြေပေါ် ဆင်းလာပြီ။

သူတို့နှစ်ဦး သဲများ၊ ဖုန်များကို မျက်နှာ လွှဲထားလိုက်ကြ
၏။ ဂျက်ဆန် ဆင်းလာပြီး အလုပ်သမားများ သောက်သည့်
ရေဘုံဘိုင်သို့ လျှောက်သွားသည်။

ဂျက်ဆန်၏ အေးဆေးတည်ငြိမ်စွာ လှုပ်ရှားမှုကို ကာဘာ
ကော့ဗ် သဘောကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဆန်သည် ရေတခွက်ခပ်ပြီး ဖာဆေးလ်ကို ယခုမှ သတိပြုမိဟန်ဖြင့် လက်ပြနှုတ်ဆက်သည်။

ကောင်းတယ်... ဂျက်ဆန်။ ကောင်းတယ်။

ဖာဆေးလ်နှင့် အာဝပ်ဒ်တို့ ဂျက်ဆန်ဆီ လျှောက်သွားကြသည်။

ဖာဆေးလ်က အာဝပ်ဒ်နှင့် မိတ်ဆက်ပေးသည်။ လက်ဆွဲနှုတ်ဆက်ကြသည်။

ဂျက်ဆန်က ခေါင်း တဆတ်ဆတ် ညိတ်နေသည်။ သူတို့သုံးဦး ရဟတ်ယာဉ်ဆီ လျှောက်သွားကြသည်။

အာဝပ်ဒ်က ပိုင်းလော့ပီပီ လက်ဟန် ခြေဟန်နှင့် ပြောနေသည်။

အာဝပ်ဒ်သည် ရဟတ်ယာဉ် အပေါက်ဝမှ အထဲသို့ ခေါင်းငုံ့၍ ကြည့်သည်။

တစုံတခု မေးသည်။

ဂျက်ဆန်က ချက်ချင်း မဖြေ။

သူ့ဆရာကို ရှာဖွေဟန်နှင့် ခဲဘားပတ်ဝန်းကျင်ကို ကြည့်ပြီးမှ ခေါင်း ညိတ်ပြသည်။

အာဝပ်ဒ်က စက်ခန်းသို့ ဝင်သည်။

အာဝပ်ဒ် ရဟတ်ယာဉ်ကို မောင်းပြေးမှာကို ကာဘာကော့ဗ် မစိုးရိမ်ပါ။

ဂျက်ဆန်၏ အိတ်ထဲမှာ စက်နှိုးသည့် ပြုစ် ကို သိမ်းထားကြောင်း သိပြီးသား။ ဂျက်ဆန်လည်း စက်ခန်းထဲ ဝင်သွားသည်။





ဖာဆေးလ် အပြင်မှာ ကျန်ရစ်သည်။

ဖာဆေးလ်သည် ပတ်ဝန်းကျင်ကို အကဲခတ်နေသည်။

နှစ်မိနစ်ခန့် အကြာတွင် ဂျက်ဆန်နှင့် အာဝပ်ဒ်တို့ ပြန်ဆင်းလာကြသည်။

ယခု အခြေအနေ သိပ်မဆိုးသေး ဟု ကာဘာကော့ဗ် ယူဆသည်။

အာဝပ်ဒ်သည် မိမိတို့ ယူဆထားသည့် အတိုင်း ဂျက်ဆန်နှင့် အတူ ရဟတ်ယာဉ်ပေါ် ခေတ္တ လိုက်စီးခွင့် တောင်းသည်။

ဂျက်ဆန်က အလုပ်ချိန်၌ ဧည့်သည်ခေါ်တင်ခွင့် မရှိကြောင်း ငြင်းဆိုသည်။

သို့သော်....

တရက်နှစ်ရက် အတွင်း သူ့ အလုပ်ရှင် မနက် အိပ်ရာထနောက်ကျလျှင် မိမိ ဤကိစ္စ စီစဉ် ပေးနိုင်လိမ့်မည် ဟု ထင်ကြောင်း မက်လုံး ပေးထားလိုက်သည်။

သူတို့ သုံးဦးသား လက်ဆွဲ နှုတ်ဆက်ကြပြန်သည်။

ယခု သူတို့ ပလပ်စတစ်ဗိုးများဆီ သွားကြတော့မည်။

မက်ဂျင်တီသည် အလုပ်ရုံ တဲကလေး ဘေးမှ နေ့လယ်စာ ထမင်းဗူးလေးကို ကိုင်လျက် ထွက်လာသည်။

ရဟတ်ယာဉ် ကွက်လပ်အလယ် အရောက်၌ ဖာဆေးလ်အား တွေ့သွားသည်နှင့် သူ့ခြေလှမ်းများ ရပ်သွားသည်။

တောက်။ ခင်ဗျားကြီး အဲဒီကထွက်သွားစမ်းပါ မက်ဂျင်တီရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ် အသံမထွက်ပဲ ပါးစပ်မှ ရေရွတ်လိုက်သည်။

မက်ဂျင်တီ မျက်နှာ ဖြူရော်ရော်နှင့် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ဖာဆေးလ်က သူ့ကို ကြည့်နေသည်။

ဂျက်ဆန်က အားရပါးရ ပြုံးသည်။

ဂျက်ဆန် ဝင်ကယ်မှ ဖြစ်မယ်။

သူ ကယ်မှ....

ကာဘာကော့ဗ် တွေးနေဆဲ။

ဂျက်ဆန်၏ အသံက ပို ကျယ်သည်။ မိုရှက်ဗ်စကီးပင် ကြားနိုင်လောက်၏။

'ခဏခွင့်ပြုပါဦး မိတ်ဆွေတို့၊ ဟေး...မက်ဂျင်တီ၊ ခင်ဗျား ကြီးကလဲ ခုမှ ပေါ်လာတော့ မှုတော့တယ်၊ တကတဲ'

မက်ဂျင်တီသည် အကြောသေသော လူလို ဖြစ်နေ၏။

'ခင်ဗျားက ယစ်ရွှေရည်လေး သောက်ပြီး တညလုံး နှပ်နေတယ်ပေါ့၊ ခင်ဗျား ပုံပျက် ပန်းပျက်နဲ့ ဘယ်လို ဖြစ်နေရတာတုန်း'

ဂျက်ဆန်က သူ့ကို ဖာဆေးလ်တို့အား ကျောခိုင်းပြီး တဲကုလေးဆီ တွဲခေါ်သွားသည်။

'ရဲတွေ ဘယ်မှာလဲ'

ဂျက်ဆန်က တိုးတိုးလေး မေးသည်။

ဖာဆေးလ်က အာဝပ်ဒ်အား တစုံ တခု အော်ပြောပြီး ကင်မရာအိတ်ကို မြဲမြဲကိုင်ကာ ရဟတ်ယာဉ်ကွင်း အစွန်းဆီ ပြေးသွားသည်။





'ဖမ်း....ဖမ်း... ဒီကောင်တွေကို ဝိုင်းဖမ်းကြ'

ကော်လီက ရေဒီယိုစက်မှ အော်ပြောလိုက်သည်။

ကာဘာကော့ဗ်က ကင်းပတ်စကို ဆွဲဖယ်ပြီး....

'ဖာဆေးလ်...မလှုပ်နဲ့'ဟု အော်ပြော လိုက်သည်။

ဖာဆေးလ်က မဂ္ဂနမ် သေနတ်ဖြင့် ကာဘာကော့ဗ်အား ချိန်းပစ်သည်။ ထရပ်ကား ဖင်ပိုင်းကို မှန်သွားသည်။

ဖာဆေးလ်သည် ရဟတ်ယာဉ်ဆီ ဆက်ပြေးသည်၊ သူ့နောက် ဂိုက် ၂၀ ကွာမှ ကာဘာကော့ဗ် ပြေးလိုက်နေဆဲ။

အာဝပ်ဒ်က ဖာဆေးလ်နောက် ပြေးလိုက်မည်အပြု မိုရှက်ဗ်စကီးက သူ့ကို ဝင်တိုက်ပြီး နောက်စေ့ကို လက်သီးနှင့် ထုချလိုက်ရာ မြေကြီးပေါ် မှောက်သွားသည်။

ထိုနောက် မိုရှက်ဗ်စကီးသည် ကာဘာကော့ဗ်နှင့်ဖာဆေးလ်တို့နောက် ဆက်လိုက်သွားသည်။

အာဝပ်ဒ် ကုန်းထစဉ် ကော်လီနှင့် ဂျက်ဆန်တို့ သူ့နားရောက်လာကြသည်။

ဖာဆေးလ်သည် ဆူပါဒိုးမ် ကစားကွင်းကြီးဆီ ပြေးနေသည်။ ပြေးယင်း နှစ်ကြိမ်ရပ်ကာ ကာဘာကော့ဗ်အား သေနတ်နှင့် လှည့်ပစ်သည်။

ကာဘာကော့ဗ် မျက်နှာနားမှ ဒုတိယ ကျည်ဆန်များ ဖြတ်သွားသည်။ မြေကြီးပေါ် ဝပ်ချလိုက်ရ၏။

ဖာဆေးလ်သည် ဆောက်လုပ်ရေး ပစ္စည်း အစုအပုံများနှင့် ဆူပါဒိုးမ် ကစားကွင်း ဝင်ပေါက်ကြား၊ မြေ ကွက်လပ်ကို ဖြတ်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်က ဖာဆေးလ်၏ ရှေ့ မြေကြီးထဲသို့ ဆင်း မရှင်းဂန်းနှင့် လှမ်းပစ်၍ သတိပေးသည်။

'ရပ်လိုက်...'

ဖာဆေးလ်သည် မြေကြီး ခဲများ ခြေသလုံးကို လာ သော်လည်း မရပ်ပဲ ပြေးဝင်သွားသည်။

ကာဘာကော့ဗ် တံခါးပေါက်ဆီ ပြေးသွားစဉ် အထဲမှ ခတ်သံများ ကြားရသည်။

အက်ဖ်ဘီအိုင် အေးဂျင့်များသည် ကစားကွင်းကြီး ထဲ အခြားတဘက်မှ ဝင်လာသည်။ ဖာဆေးလ်ကို သူတို့ မပစ်သ မိပါစေနှင့်။

ကာဘာကော့ဗ်သည် အပေါက်ဝမှ ဒိုင်ဗင်ထိုး ဝင်သွား၏ ပြတင်းပေါက် ဘောင်များနှင့် ကောက်ရိုး မွေ့ယာ အကြမ်း များ ပုံထားရာသို့ ကျသွားသည်။

× × ×

အခန်း ။ ၃၇ ။

အပေါ်၌ အလုပ် လုပ်နေကြသူများ အတွက် မီးထွန်းထား သည်။ အောက်သို့ ငုံ့ကြည့်နေကြသော အလုပ်သမားများ၏ ဦးထုပ်အဝါများကို မြင်ရ၏။

ကစားကွင်းကြီးထဲ၌ သေနတ်သံ သုံးချက် မြည်ဟည်းသွား သည်။ တဖန် ဖာဆေးလ်က အားပြင်းသော မဂ္ဂနမ် သေနတ်၏ ပေါက်ကွဲသံကြီးကို ကြားရသည်။

ကာဘာကော့ဗ်သည် မွေ့ယာကြမ်း ဘေးမှ လေးဘက် ထောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဖ်ဘီအိုင် အဖွဲ့ဝင် နှစ်ဦးသည် ကြမ်းပြင်ပေါ်ရှိ ရွှေ့ပြောင်းနိုင်သော ဂျင်နရေတာ စက်တခု နောက်ကွယ်၌ ဝပ်နေကြသည်။

သူတို့အောက်ဘက် ကိုက်သုံးဆယ်အကွာတွင် ရင်ဘတ်အထိမြင့်အောင် ဆင့်ထားသော ဘိလပ်မြေအိတ်များရှိသည်။

အေးဂျင့်တယောက် ပစ်လိုက်ရာ အပေါ်ဆုံးမှ ဘိလပ်မြေအိတ်တလုံး ပေါက်သွားသည်။

ကာဘာကော့ဗ်သည် ခါးကုန်း၍ အေးဂျင့်နှစ်ဦးဆီ ပြေးကပ်သွားသည်။

ဖာဆေးလ်က လှမ်းပစ်သည်။

ကာဘာကော့ဗ် ဒိုင်ဗင်ထိုး ကိုယ်ကိုလိမ့်ချပြီး ဂျင်နရေတာနောက် ရောက်သွား၏။ တော်ပါသေးရဲ့။

ပွဲထွက်သွားသော ကွန်ကရစ် အပိုင်းအစ တခုကြောင့် ကာဘာကော့ဗ် လက်မောင်းမှ သွေးထွက်လာသည်။

'သူ ထိသွားပြီလား'

ကာဘာကော့ဗ်က မေးသည်။

'မထိသေးဘူး ထင်တယ်'

အေးဂျင့်တဦးကဖြေသည်။

ဖာဆေးလ် ပြေးမလွတ်နိုင်ပြီ။

သို့သော် သူ့ကို အရှင်ဖမ်းနိုင်ဖို့ အရေးကြီးသည်။ ပြီးတော့ ပလပ်စတစ်ဗုံးတွေထားရာ နေရာကို မေးယူရမည်။





တကယ်တော့ ဖာဆေးလ်ကို အရှင်ဖမ်းခြင်းသည် 'ခလောက်မြွေ' တကောင်ကို ခေါင်းမှ ဖမ်းကိုင်ရသည်နှင့် သိပ်မထူးလှပေ။

ဖာဆေးလ်က တချက်လှမ်းပစ်သည်။ ဂျင်နရေတာစက်ကို မှန်ပြီး ရေတွေ ယိုကျလာသည်။

ကာဘာကော့ဗ်က သူ့ဆီပြေးလာနေသော မိုရှက်ဗ်စကီးအတွက် လေးချက် ကာပစ်ပေးလိုက်သည်။

'ကော်လီတော့ ခါတ်ငွေ့နဲ့ မီးခိုးငွေ့ဗုံးတွေ သွားယူနေပြီ'

မိုရှက်ဗ်စကီးက ပြောသည်။

'ကျုပ်ကို ဘာလို့ ခင်ဗျား လာမဖမ်းသေးသလဲ၊ ဗိုလ်မှူး ကာဘာကော့ဗ်၊ ခင်ဗျားတို့ ကျုပ်ကိုဖမ်းဖို့ ကြိုးစားယင်း ဘယ်နှစ်ယောက် ဆုံးရှုံးမယ်ထင်သလဲ၊ ဘယ်တော့မှ မရဘူးမှတ်၊ လာစမ်းပါ ဗိုလ်မှူးရယ်၊ ခင်ဗျားကို ကျုပ် ပေးစရာတခုရှိလို့'

ဖာဆေးလ်က ဘိလပ်မြေအိတ်များ နောက်ကွယ်မှ ပြောသည်။

ကာဘာကော့ဗ် သည် ဂျင်နရေတာ စက်ကြားမှ နေ၍ ဖာဆေးလ် ရှိရာကို အကဲခတ်သည်။

မြန်မြန်လုပ်မှ ဖြစ်မည်။ ခါတ်ငွေ့ဗုံးများကို စောင့်နေစဉ် ဖာဆေးလ် သူ့ကိုယ်သူ သတ်သေလိုက်ပါက ခက်ဦးမည်။ အသုံးဝင်မည့် ပစ္စည်းတခုတော့ တွေ့သည်။ ဖာဆေးလ် ပုန်းနေသည့် နေရာဘေးရှိ နံရံပေါ်၌ ချိတ်ဆွဲထားသော မီးသတ်



www.burmeseclassic.com

www.burmeseclassic.com

ဗူး။ ဖာဆေးလ်သည် ၎င်း မီးသတ်ဗူးနှင့် အလွန် နီးကပ်စွာ ရှိနေလိမ့်မည်။

ကဲ... ဖြစ်ချင်ရာဖြစ်။ လုပ်ကြည့်မည်။ ကာဘာကော့ဗ်က မိုရှက်ဗ်စကီးအား တိုတိုတုတ်တုတ် ညွှန်ကြားချက် ပေးသည်။ မိုရှက်ဗ်စကီးက ပြင်းရန် ကြံသဖြင့် ကာဘာကော့ဗ် ခေါင်း တချက် ယမ်းပြလိုက်၏။

ကာဘာကော့ဗ်သည် ဂျင်နရေတာဘေးတွင် တာထွက်မည့် အပြေးသမားတဦးလို ဟန်ပြင်ထားသည်။

မိုရှက်ဗ်စကီးက အော်တိုမက်တစ် ရိုင်ဖယ်ဖြင့် ဘိလပ်မြေ အိတ်များဆီ ကျယ်လောင်စွာ ပစ်ခတ်လိုက်သည်။

ကာဘာကော့ဗ်သည် ကျည်ဆန်များ အောက်မှ ဝပ်၍ ပြေး သွားသည်။

ဘိလပ်မြေအိတ်များ ရှေ့နားအရောက်တွင် ကာဘာကော့ဗ် သည် မိုရှက်ဗ်စကီးအား လှည့်မကြည့်ပဲ လက်ပြ၍ အပစ်ရပ် ခိုင်းသည်။

ပြီးတော့ မီးသတ်ဗူးကို သူ့သေနတ်နှင့် ပစ်ထည့်လိုက် သည်။ မီးသတ်ဗူးကြီး ပေါက်ကွဲပြီး ဖာဆေးလ် အပေါ်သို့ အမြှုပ်များ အားရပါးရ ပြန့်ကျဲ ကျလာသည်။

ကာဘာကော့ဗ်သည် ဘိလပ်မြေအိတ်များပေါ်မှ ဒိုင်ဗင်ထိုး ဝင်၍ မျက်နှာပေါ် အမြှုပ်များ ဖုံးအုပ်နေသည့် ဖာဆေးလ် ပေါ် ခုန်အုပ်လိုက်သည်။





ဖာဆေးလ်က သေနတ်ကို ယမ်း၍ ပစ်လိုက်သည်။ ကာဘာ ကော့ဗ်က သေနတ်ကိုင်ထားသော ဖာဆေးလ်၏ လက်ကောက် ဝတ်ကို ချုပ်ထားစဉ် လက်တဘက်ဖြင့် သူ့မျက်လုံးများကို ထိုးဖောက်ရန် ကြိုးစားသည်။

ကာဘာကော့ဗ်က ဖာဆေးလ်၏ လည်ပင်းရိုး နှစ်ဘက်ကို ချိုးလိုက်၏။

ဖာဆေးလ်သည် ကာဘာကော့ဗ် အောက်မှ ရုန်းထွက် သည်။

သူ ပြန်ထစဉ် ကာဘာကော့ဗ်က အရှိက်ကို တတောင်နှင့် ဆောင့်ထိုးပြီး ကြမ်းပေါ် လှဲချထားလိုက်သည်။

မိုရှက်ဗ်စကီး ရောက်လာပြီး ဖာဆေးလ်၏ ခေါင်းကို မ,ကာ မေးစေ့နှင့် ပါးစပ်ကို ဆွဲဟပြီး အသက်ရှူ မကျပ်စေရန် လုပ် ပေးလိုက်သည်။

မြေကို ဖမ်းမိသွားချေပြီ။

မျက်ရည်ယိုဗုံး ပစ်သည့် သေနတ်ကို ကိုင်၍ ဆူပါဒုံးမ် ထဲသို့ ဝင်လာစဉ် အော်သံတခုကို ကော်လီ ကြားရသည်။

ဘိလပ်မြေ အိတ်ပုံကြီးနောက်မှ လာသောအသံ။

အေးဂျင့် နှစ်ဦးသည် ဒေါသထွက်နေသော မိုရှက်ဗ်စကီးနှင့် မျက်နှာချင်းဆိုင်လျက် ရပ်နေကြသည်။

ကာဘာကော့ဗ်သည် ဖာဆေးလ်ပေါ် တက်ခွထိုင်ကာ မေး မြန်းနေသည်။

'ဘယ်မှာထားလဲ၊ ဖာဆေးလ် ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်သည် ဖာဆေးလ်၏ လည်ပင်း ရိုးများကို လျော့ပေးနေသည်။

'ပလပ်စတစ်ဗုံးတွေ ဘယ်မှာလဲ'

ကော်လီသည် ခြောက်လုံးပြူး ကိုင်ထားသည်။

ကာဘာကော့ဗ်၏ နှာခေါင်းရိုးပေါ်သို့ သေနတ်ပြောင်း ဖိကပ်လိုက်သည်။

'ရပ်လိုက်စမ်း ကာဘာကော့ဗ်'

'သူ့ကို မပစ်နဲ့ မိုရှက်ဗ်စကီး'

ကာဘာကော့ဗ်က မိုရှက်ဗ်စကီးအား အမိန့်ပေးလိုက်ပြီး ကော်လီကို မော့ကြည့်သည်။

'ကျုပ်တို့ ဒီနည်းနဲ့ပဲ သိနိုင်မှာဗျ၊ ခင်ဗျား ဖာဆေးလ်ကို အမှုဖွင့်မနေစမ်းပါနဲ့'

'ကျုပ် သူတို့ကို စစ်ဆေးရမယ်၊ ခင်ဗျားဖယ်ပေး'

'ကဲ သဘောပဲ၊ ခင်ဗျား ပိုက်ဆံအိတ်ထဲမှာ ပါတဲ့ လူ့အခွင့်အရေး ဥပဒေ ညွှန်ကြားချက် ကတ်ပြားလေး ဖတ်ပြလိုက်ချေ တော့'

ကာဘာကော့ဗ် မတ်တတ်ထလိုက်သည်။

တကိုယ်လုံး မီးသတ်ဗူးမှ အမြှုပ်များ ပေရေလျက် ကွန်ကရစ် နံရံကြီးကို မှီ၍ ရပ်နေလိုက်သည်။

သူ့ကိုကြည့်ယင်း ကော်လီလည်း အန်ချင်သလိုလို ဖြစ်လာသည်။

မိမိအား မိုရှက်ဗ်စကီးကြည့်နေပုံကို ကော်လီ သဘောမကျ။



မိမိတာဝန်နှင့် မိမိဖြစ်သည်။

အေးဂျင့်တဦးထံမှ ရေဒီယိုကို လှမ်းယူပြီး—

'ဂျေ ၇ ပြောနေတယ်၊ ဆူပါဒိုးမ် ရှေ့ပေါက်ကို ဆေးရုံကားတစီး လွှတ်ပေးစမ်းပါ'

ကော်လီက ကြမ်းပေါ်၌ ညည်းတွားနေသော ဖာဆေးလ်အား ငုံ့ကြည့်သည်။

ဖာဆေးလ်၏ မျက်လုံးများ ပွင့်နေသည်။

'ခင်ဗျားကို ဖမ်းလိုက်ပြီ၊ ခင်ဗျား ခုချိန်ကစပြီး ဘာမှ မပြောချင်ယင် မပြောပဲ နေခွင့်ရှိတယ်'

ကော်လီက ခပ်လေးလေးကြီး ပြောလိုက်လေသည်။

× × ×

ဖာဆေးလ်အား တရားမဝင် ပြည်တွင်း ခိုးဝင်မှုနှင့် အကောက်ခွန် ဥပဒေစည်းကမ်းချက်များကို ချိုးဖောက်ကြံစည်မှုတို့ဖြင့် အရေးယူထားသည်။

အာရပ်သမ္မတနိုင်ငံ သံရုံးက ဖာဆေးလ်အတွက် နယူးအော်လင်းစ်မြို့ ရှေ့နေရုံးတရုံးအား တာဝန်ယူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကော်လီသည် တနင်္ဂနွေနေ့ တညလုံး ဖာဆေးလ်အား အမျိုးမျိုး စစ်ဆေးသော်လည်း ဘာမျှ မသိရ။

ဖာဆေးလ်က သူ့ကို လှောင်ပြောင်သလိုသာ ကြည့်နေလေသည်။

ကော်လီ၏ မေးခွန်းများကို သဘော ပေါက်သွားသော အခါ ဖာဆေးလ်၏ ရှေ့နေက အမှုမှ နုတ်ထွက်သွားသည်။

အစိုးရဥပဒေဆိုင်ရာ အကူရှေ့နေ တဦးဦးဖြင့် အစားထိုးပေးကြသည်။

ဖာဆေးလ်သည် မည်သည့် ရှေ့နေနှင့်မျှ စကားမပြောပေ။ သူသည် တစုံတခုကို စောင့်ဆိုင်းရန် သန္နိဋ္ဌာန်ချထားပုံရ၏။

ကော်လီသည် အက်ဖ်ဘီအိုင် ရုံးခန်းစားပွဲပေါ်သို့ မနီလာ စာအိတ်ကြီးထဲမှ ပစ္စည်းများကို သွန်ချလိုက်သည်။

'ဖာဆေးလ် ကိုယ်ပေါ်မှာ ပါသမျှ ဒါအကုန်ပဲ'

ကာဘာကော့ဇ်က ထိုပစ္စည်းများကို မွှေနှောက်လေ့လာသည်။

ပိုက်ဆံအိတ် တခု။ ဒေါ်လာ ၂၅၀၀ ငွေသားများပါသော စာအိတ်တလုံး။ မက္ကဆီကိုမြို့တော်သို့ သွားမည့် လေယာဉ်လက်မှတ်တစောင်။ ဖာဆေးလ်၏ မှတ်ပုံတင်နှင့် စာရွက်စာတမ်း ပတ်စ်ပို့ အတုများ။ ငွေအကြွေစေ့များ။ ဝိုင်အမ်စီအေနှင့် ဘိန်ဗီးလီ အိမ်မှ အခန်းသော့များနှင့် အခြားသော့နှစ်ချောင်း။

'သူ့အခန်းမှာ ဘာမှမရှိဘူး၊ အဝတ်အစား နည်းနည်းပါးပါးပဲ ရှိတယ်၊ အာဝပ်ဒ်ရဲ့ လက်ဆွဲသေတ္တာမှာလည်း ဘာမှ မသင်္ကာစရာ မတွေ့ဘူး၊ ဖာဆေးလ်ရဲ့ သေနတ်ကိုတော့ စစ်ဆေးနေတုန်းပဲ၊ သူကိုယ်တိုင် ယူလာခဲ့တာ ထင်တယ်၊ လက်တီးရှားဘော်ပေါ်က ကျည်ဆန်ပေါက် တခုကတော့ မဂ္ဂနမ် ကျည်ဆန်ပေါက်ပဲ'

'သူ ဘာမှ မပြောသေးဘူးလား'

'ဟင့်အင်း'

'ဖာဆေးလ်ကို မှူးနှစ် လူသတ်မှု အတွက် အစ္စရေးနိုင်ငံကို ပြီး ခုံရုံးတင် စစ်ဆေး ခံရလိမ့်မယ်လို့ကော ခင်ဗျား မခြိမ်းခြောက် ကြည့်ဘူးလား'

'ဒီကောင့်ကို နည်းမျိုးစုံနဲ့ ခြိမ်းခြောက်ပြီးပြီ'

'ဆိုဒီယမ်ပင် တိုတယ်လ်နဲ့ တခြား မုသား ဖော်စေတဲ့ ဆေးဘာ့ရော မသုံးဘူးလား'

'သုံးလို့ မဖြစ်ဘူး ဒေးဗစ်၊ ဒေါက်တာ ဘော်မင်ရဲ့ ပိုက်ဆံအိတ်ထဲမှာ ဘာပါသလဲ ဆိုတာ ကျုပ် သိတယ်၊ ဒါကြောင့် ခင်ဗျားကို ဖာဆေးလ်နဲ့ ဝင်တွေ့ခွင့် မပေးတာပေါ့'

'ခင်ဗျား မှားနေပြီ၊ သူ ဒါမျိုး မလုပ်ပါဘူးဗျာ၊ သူ ဆေးခပ်ပါဘူးဗျာ'

'ခင်ဗျား လုပ်နိုင်းမယ် ထင်လို့'

ကာဘာကော့ဇ် ဘာမှ ပြန်မပြော။

'ဒီ သော့နှစ်ချောင်းဟာ 'မာစတာ' သော့ခလောက် နှစ်ခုအတွက်ပဲ၊ ဖာဆေးလ်ရဲ့ အခန်းမှာရော၊ အာဝပ်ဒ်ရဲ့ သေတ္တာတွေမှာရော ဒီသော့ခလောက်မျိုး မရှိဘူး၊ ဖာဆေးလ် တနေရာမှာ တခုခုကို သော့ခတ်ထားလိမ့်မယ်၊ ဗုံးဟာ အရှယ်





ကေသရာဇာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အစားကြီးမားမယ် ဆိုယင် ထရပ်ကား တစီးစီးထဲမှာ သိမ်း
ထားမှာပဲ၊ ဒါမှမဟုတ် ကားဂိုဒေါင် တခုခုထဲမှာ ဖြစ်မယ်

'ဒါကြောင့် ကျုပ်တို့ ခု ဒီသော့မျိုး သော့ တူ အချောင်း
၅၀၀ လုပ်ခိုင်းပြီး ကင်းလှည့် ရဲသားအားလုံးကို ညွှန်ကြား
ချက်နဲ့အတူ ဒီသော့တွေ ပေးအပ်လိုက်မယ်၊ ဒီသော့တချောင်း
ဖွင့်လို့ ရတဲ့အခါ အဲဒီ ရဲသားဟာ ဘာမှ မလုပ်ပဲ ကျုပ်တို့
အကြောင်း ကြားရမယ်၊ ခင်ဗျား ဘာကို ဘဝင်မကျသလဲ
ဆိုတာ ကျုပ်သိတယ်၊ သော့ခလောက်တိုင်းမှာ သော့နှစ်ချောင်း
အမြဲ ပါတယ် မဟုတ်လား'

'ဟုတ်တယ်၊ တ ယောက် ယောက် မှာ တော့ အဲဒီ နောက်
သော့တူ ရှိနေလိမ့်မယ်'

× × ×



## အခန်း ॥ ၃၈ ॥

'ဒါလီယာ၊ မင်း ဒီထဲမှာလား'

အခန်းက သိပ် မှောင်လွန်းသည်။

'ဟုတ်တယ် မိုက်ကယ်'

သူ့ လက်မောင်းကို သူမ လာကိုင်သည်။

'ငါ အိပ်ပျော်သွားလား မသိဘူး'

'ရှင် နှစ်နာရီလုံးလုံး အိပ်နေတာ၊ ခု မနက် ၁ နာရီထိုးပြီ'

'မီး ဖွင့်လိုက်စမ်းပါ၊ မင်းမျက်နှာကို ငါ ကြည့်ချင်တယ်'

www.burmeseclassic.com



'ကောင်းပါပြီ'

သူက သူမမျက်နှာကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်ကာ သူမ၏ ပါးရိုး အောက်ဘက် ချိုင့်ခွက်များကို လက်မများနှင့် ပွတ်သပ်လိုက်သည်။

သူဖျားနေတာ သုံးရက်ရှိသွားပြီ။ သူ့ကို တနေ့ လေးကြိမ်နှုန်း အရီထရိုမိုင်စင် ၂၅၀ မီလီဂရမ်စီ ထိုးပေးခဲ့ရသည်။ ဆေးက တဖြည်းဖြည်း အာနိသင် ပေါ်လာသည်။

'ငါ လမ်း ထလျှောက်ကြည့်ဦးမယ်'

'နေပါဦး....'

'ငါ လမ်းလျှောက်နိုင်သလားဆိုတာ ခုချက်ချင်း သိချင်တယ်၊ ငါ့ကို တွဲထူပေးစမ်း'

လင်ဒါသည် ခုတင်စောင်းတွင် ထထိုင်သည်။ ပြီးတော့ သူမ ပခုံးတဘက်ကို လက်မောင်းနှင့် ဖက်သည်။ သူမက သူ့ခါးကို ဖက်ထားသည်။

လင်ဒါ မတ်တတ် ထပြီး၊ တုန်ခါစွာဖြင့် ပထမ ခြေလှမ်းကို လှမ်းသည်။

'ငါနည်းနည်းမူးတယ်၊ ဒါပေမယ့် ဆက်လျှောက်ရအောင်'

သူ့တကိုယ်လုံး တုန်နေသည်။

'ပြန်အိပ်ရအောင် မိုက်ကယ်ရယ်'

'ဟင့်အင်း၊ ငါ ကုလားထိုင်အထိတော့ လျှောက်လို့ရပါတယ်'



လင်ဒါသည် ကုလားထိုင်တွင် ထိုင်ချယင်း ခေါင်းမူး ပြေအောင် စောင့်နေသည်။ သူမကို မော့ကြည့်ပြီး၊ အားတင်း၍ ပြုံးပြသည်။

'ရှစ်လှမ်းတော့ လျှောက်နိုင်ပြီ၊ ဘတ်စ်ကားကနေ စက်ခန်းအထိ ငါးဆယ့်ငါးလှမ်းပဲရှိမယ်၊ ဒီနေ့ ဇန္နဝါရီ ၅ ရက်၊ အဲ.... မဟုတ်ဘူး၊ ၆ ရက်နေ့၊ သန်းခေါင် ကျော်ပြီပဲ၊ နောက် ငါးရက်ခွဲ ကျန်သေးတယ်၊ တို့ လုပ်နိုင်မှာပါ'

'ကျွန်မလဲ ယုံကြည်ပါတယ် မိုက်ကယ်'

'အေး....ငါ သိတယ်၊ မင်း ခုတော့ မယုံတော့ဘူး မဟုတ်လား၊ ကဲ....ခုတင်ဆီ ပြန်သွားမယ်'

သူ မွန်းတည့်ခါနီးအထိ အိပ်နေသည်။ မနက်စာတော့ ထစားသည်။ သူ့ကို ဖွင့်ပြောရန် အချိန်ကျပြီ။

'မိုက်ကယ်....ဖာဆေးလ်တော့ ဒုက္ခရောက်ပြီ ထင်တာပဲ'

'မင်း သူနဲ့ ဘယ်တုန်းက နောက်ဆုံးတွေ့သလဲ'

'အင်္ဂါနေ့၊ (၂)ရက်နေ့ပေါ့၊ ထရပ်ကားကို ဂိုဒေါင်ထဲမှာ သုံးသုံးခြိုခြို ထည့်ထားပြီးတဲ့အကြောင်း ဖုန်းဆက် ပြောတယ်၊ မနေ့ညက သူ ဖုန်းဆက်ရမှာ၊ ခုထိ မဆက်သေးဘူးလေ'

သူမသည် လစ်ဗျားမှ ပိုင်းလော့အကြောင်းကို ဖွင့်မပြောပြချေ။ ဘယ်တော့မှလည်း ပြောမည် မဟုတ်။

'သူ အဖမ်းခံလိုက်ရပြီလို့ မင်း ထင်သလား'

'သူ ဖုန်းဆက်ဖို့ မပျက်ကွက်တတ်ပါဘူး၊ နက်ဖြန်အထိ သူ ဆက်သွယ်ယင် အဖမ်းခံရလို့ ဖြစ်မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့ သူ့ကို တခြား တနေရာရာမှာ ဖမ်းမိယင် သူ ဘာသဲလွန်စ ပေးနိုင်မလဲ'

'သူ့မှာ သော့တွဲပဲရှိတယ်၊ ဂိုဒေါင်ငှားတဲ့ ဘောက်ချာကို ကျွန်မ မီးရှို့ပစ်လိုက်ပြီ၊ သူ အဲဒီဘောက်ချာ မရလိုက်ဘူး၊ ကျွန်မတို့ကို သူ လက်ညှိုးထိုးပြလို့ မရဘူး၊ သူ အဖမ်းခံရလို့ သဲလွန်စရှိယင် ပုလိပ်တွေ ဒီရောက်လာရောပေါ့'

'ဆေးရုံ ဖုန်းနံပါတ်ရော'

'သူ အလွတ်ကျက်ထားတယ်၊ သူ ဒီကို ဖုန်းဆက်ယင် လမ်းဘေး ကြုံရာဖုန်းကနေ ဆက်တာပဲ'

'ဒါဆို တို့ ဆက်လုပ်ကြရုံပေါ့၊ ပလပ်စတစ်ဖုံးတွေ ရှိချင်ရှိဦးမှာပဲ၊ မင်းနဲ့ငါ နှစ်ယောက်ထဲတော့ တင်ရပြုရတာ ခက်ခဲမယ်၊ ဒါပေမယ့် မြန်မြန် လုပ်နိုင်ယင် အဆင်ပြေမှာပဲ၊ မင်း နေရာတွေဘာတွေ ယူပြီးပြီလား'

'ဖဲယားမောင့် ဟိုတယ်မှာ ငှားထားတယ်'

'သင်္ဘော ဝန်ထမ်းအဖွဲ့ အဲဒီမှာ ရှိ မရှိ ကျွန်မ မမေးမိဘူး'

'ကိစ္စမရှိဘူး၊ ငါတို့ နယူးအော်လင်းစ်မှာ မောင်းတဲ့အခါ ဝန်ထမ်းတွေ ဖဲယားမောင့်မှာတည်းနေကျပဲ၊ ခုလဲ တည်းကြမှာပဲ၊ လမ်းနည်းနည်း လျှောက်ကြရအောင်'

'ကျွန်မ ဒီနေ့ခင်း အယ်လ် ဒရစ်ချ်ရုံးကို ဖုန်းဆက်ပြီး ရှင့်ရောဂါ အခြေအနေကို သတင်းပို့ရဦးမယ်'

လင်ဒါ ဆေးရုံတက်စဉ်က သူမက လင်ဒါ၏ နှမ အဖြစ်ပြင်း ညာပြော၍ အကြောင်းကြားထားသည်။





'ငါ ဖျားနေတယ်၊ တပတ်ခွဲလောက် အလုပ် မလုပ်နိုင်သေးဘူးလို့ ပြောလိုက်ချေ၊ ဖာလီနဲ့ ဆင်မွန်စ်ကို တာဝန်ယူမောင်းခိုင်းလိမ့်မယ်၊ ဖာလီကို မင်း မှတ်မိမှာပေါ့၊ ရှိယားကစားကွင်းကြီးပေါ် မောင်းတုန်းက သူ ပါတယ်လေ'

'မှတ်မိပါတယ်'

'မင်း မမှတ်မိယင် အိမ်က ဓာတ်ပုံတွေထဲမှာ ပြန်ကြည့်'

'နက်ဖြန်ကျမှ အိမ်သွားဦးမယ်၊ ကျွန်မ အဝတ်အစားလဲချင်နေပြီ'

သူမသည် ဆေးရုံ မျက်နှာချင်းဆိုင်ရှိ ဆိုင်တဆိုင်မှ သူမ အတွက် အောက်ခံ အဝတ်အစားများ ဝယ်လာခဲ့သည်။ လင်ဒါ၏ ရေချိုးခန်း၌ပင် ရေချိုးသည်။

သူမသည် လင်ဒါအား မျက်စိအောက်မှ အပျောက်မခံနိုင်။ လင်ဒါ၏ ရင်ဘတ်ပေါ် သူမ ခေါင်းတင်လိုက်၏။ သူကပြုံးပြပြီး သူမ၏ လည်ဂုတ်ကို လက်နှင့်ပွတ်သည်။

သူ့ရင်တွေ ငြိမ်သက်လှချေကလားဟု သူမ တွေးမိလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၉ ။

နယူးအော်လင်းစ်မြို့၌ ဖာဆေးလ်နှင့် အာဝပ်ဒ်တို့အား တွေ့ရှိရခြင်းကြောင့် ၎င်းတို့သည် ဆူပါဘိုးလ် ဘောလုံးပွဲကြီး၌ ဗုံးဖောက် ဖျက်ဆီးရန် စီစဉ်ထားကြောင်းကို အက်ဖ်ဘီအိုင်နှင့် လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ကြီးတို့သည် လက်ခံယုံကြည် သွားပေပြီ။

ဖာဆေးလ်နှင့် အာဝပ်ဒ်တို့အား ဖမ်းချုပ် ထားသဖြင့် အဓိကခြိမ်းခြောက်မှုမှာ အားပျော့သွားသော်လည်း အန္တရာယ် များသော အခြေအနေတရပ်ကို ရင်ဆိုင်နေရဆဲပင် ရှိကြောင်း အာဏာပိုင်များက ယူဆထားလေသည်။





ဤစီမံကိန်း၌ ပါဝင်ပတ်သက်နေသော မိန်းမငယ်တယောက်နှင့် အမေရိကန်လူမျိုး ယောကျ်ားတဦးတို့ကိုကား ယခုထိ ရှာမတွေ့ ကြသေးချေ။

မိန်းမ၏ ရုပ်ပုံကို ဝိုးတဝါး ရရှိထားသော်လည်း သူတို့ နှစ်ဦးစလုံး မည်သူမည်ဝါမှန်း အတိအကျ စုံစမ်း၍ မရသေး။ ပို၍ဆိုးသည်ကား နယူးအော်လင်းစ်မြို့၊ နယ်နိမိတ်အတွင်း၌ ငှက် ထားသော ပလပ်စတစ်ဗုံး တန်တဝက်ပင် ဖြစ်၏။

ဖာဆေးလ်နှင့် အာဝပ်ဒ်တို့အား ဖမ်းဆီးပြီး ပထမနာရီ ပိုင်းများအတွင်း၌ မြို့တွင်းတနေရာမှ ဗုံးပေါက်ကွဲသံပဲ ကြားရ မလား၊ သို့မဟုတ် ဖာဆေးလ်တို့အား ထောင်မှ မလွှတ်ပေး ပါက စည်ကားပြွတ်သိပ်သော မြို့တွင်းတနေရာ၌ ဗုံးဖောက်ခွဲ ပစ်တော့မည်ဟု ခြိမ်းခြောက်သော တယ်လီဖုန်းမှ ပြောဆိုသံကို ကြားရမလားဟု ကော်လီ စိုးရိမ်ပူပန်နေခဲ့မိသည်။

ယခုထိတော့ ဘာမျှ မဖြစ်သေး။

ရဲသားဦးရေ ၁၃၀၀ ရှိသော နယူးအော်လင်းစ်မြို့ ရဲတပ်ဖွဲ့ တွင် အလုပ်ဆိုင်း တခုမှတခု ပြောင်းလဲရာ၌ သော့တူများကို လဲပြောင်းပေးလိုက်ကြ၏။

တာဝန်ချိန်၌ နာမည်စာရင်းခေါ် လူစစ်ဆေးသည့်အခါ ... ၌ ထိုသော့များဖြင့် ဂိုဒေါင်များ၊ သိုလှောင်ရုံကြီးများအား ... သပ်ဖွင့်ကြည့်ကြရန် ထပ်ခါတလဲလဲ အမိန့်ပေး ညွှန်ကြား ... ရှိလည်း။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နယူးအော်လင်းစ်မြို့၏ အရှယ်ပမာဏနှင့် ရဲသား အင်အားမှာ မမျှတပေ။

ထို့ပြင် မြို့ထဲသို့ဝင်ရန် ဝင်ပေါက်လည်း များပြားလှ၏။ ရက်သတ္တ တပတ်လုံးလုံး ဆူပါဘိုးလ် ပွဲကြီးအတွက် လှုပ်ရှားမှု များနှင့် ပရိသတ်များ ရှုပ်ထွေးနေသည့်ကြားမှပင် ကိုဒေါင်း သိုလှောင်ရုံများကို ဆက်လက်ရှာဖွေကြသည်။

ဆူပါဘိုးလ် လာကြည့်သည့် ပရိသတ်သည် ယခင်တပတ် ရှူဂါးဘိုးလ်ပွဲ လာကြည့်သည့် ပရိသတ်နှင့် ခြားနား၏။ ဤပရိသတ်သည် ပိုမိုရင့်ကျက်သည်။ ပိုမို သားနားခန့်ညားကြသည်။

စားသောက် ဆိုင်များကလည်း ဤပရိသတ်မျိုးကို ပိုနှစ်သက်သည်။

သူတို့သည် နယူးအော်လင်းစ် မြို့၌ ငွေကို ရေလို သုံးလေ့ရှိကြသည်။

ယခုအခါ....

ငွေကြေး ရေစီးကြောင်းက ပို အားသန်လာသည်။

ဆူပါဘိုးလ် ဘောလုံး ပွဲကြီး အတွက် လက်မှတ် အလွန်ရောင်းကောင်းလှသည်။

ထိုင်ခုံလက်မှတ်များ အပြင် မတ်တတ် ရပ်ကြည့်ရန် လက်မှတ်များပါ ရောင်းရသည်။

စုစုပေါင်း ပွဲကြည့် ပရိသတ် ၇၄၀၀၀ ကျော် ဝင်ရောက်လာမည်။





ပရိသတ်နှင့်အတူ လောင်းကစား သမားများ၊ သူခိုးများ၊ ပြည့်တန်ဆာများလည်း ပါလာမည်။ ရဲများ အလုပ် ရှုပ်နေကြသည်။

ကြာသပတေး နေ့တွင် ကာဘာကော့ဗ် သည် လေဆိပ်သို့ သွားပြီး ဆူပါဘိုးလ်၌ ကစားမည့်မိုင်ယာမီလင်းပိုင်များအသင်းနှင့် ဝါရှင်တန် လူနီရိုင်းများ အသင်းတို့ ဆိုက်ရောက်လာပုံကို သွားကြည့်သည်။

ဘောလုံးသမား များသည် ၎င်းတို့အား လာကြိုသော ပရိသတ်များကို အားရပါးရ နှုတ်ဆက်ကြသည်။

ကာဘာကော့ဗ်သည် ပရိသတ်များ၏ မျက်နှာများကို အကဲခတ်ယင်း မြူးနစ် အိုလံပစ်ကို သတိ ရကာ ကြက်သီး ထလာသည်။

ကာဘာကော့ဗ်သည် မိုဘာမက် ဖာဆေးလ်အား တကြိမ် သွားတွေ့ဆုံခဲ့ပြီးပြီ။

အချုပ်ခန်းရှိ ဖာဆေးလ်၏ ခုတင်ခြေရင်းတွင် ရပ်ပြီး ငါးမိနစ်လုံးလုံး ၎င်းအား စိုက်ကြည့်နေခဲ့သည်။

သူနှင့်အတူ ကော်လီနှင့် ကိုယ်လုံးထွားထွား အက်ပ်ဘီအိုင် အေးဂျင့် နှစ်ဦးတို့ ရှိနေသည်။

နောက်ဆုံး၌ ကာဘာကော့ဗ်က ပြောလိုက်သည်။

'မင်း အမေရိကန်တွေ ထိန်းသိမ်း မှုက လွတ်လာယင်သေ[illegible]ပဲလို့ မှတ်ထားပါ ဖာဆေးလ်၊ အမေရိကန် အစိုးရက မင်းကို မြူးနစ်ကိစ္စအတွက် အစစ်ရေးပို့ပြီး ခုံရုံးတင်စစ်ဆေးစေတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မင်း တပတ်အတွင်း ကြိုးဆွဲချ သတ်ခံရမှာပဲ၊ အဲဒီအဖြစ်ကို ငါ သိပ် ကြည့်ချင်တယ်'

'ဒါပေမယ့်….ပလပ်စတစ် ဗုံးတွေ မင်း ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ပြောပြယင် မင်းကို သူတို့က ကုန်ပစ္စည်း မှောင်ခိုသွင်းမှုနဲ့ပဲ တရားစွဲပြီး ထောင်ချမယ်၊ အလွန်ဆုံး လေးငါးနှစ်ပေါ့၊ အဲဒီအခါကျတော့ မင်း အစွရေးကို မေ့သွားပြီးမင်းနဲ့ဘာမှ ပတ်သက်စရာ မဟုတ်တော့ဘူးပေါ့၊ အေး အစွရေးတော့ ရှိနေဦးမှာပဲ၊ ဒါကို မင်း စဉ်းစားပါ'

ဖာဆေးလ်က မျက်လုံးများကို မှေးလိုက်သည်။

ကာဘာကော့ဗ်၏ ရင်ဘတ်ပေါ် တံတွေး ထွီကနဲ ထွေးလိုက်၏။

ပခုံးပေါ် သတ္တုညှပ်များဖြင့် ထိန်းထားရသဖြင့် ဖာဆေးလ်သည် ဝေဒနာပြင်းစွာ ခံ၍ တံတွေး ထွေးလိုက်ရခြင်းဖြစ်သည်။

မျက်နှာ ရှုံ့မဲ့လျက် ခေါင်းအုံးပေါ် ပြန်လှဲချလိုက်ရသည်။

ကော်လီက ရှေ့တိုးလိုက်သည်။

ကာဘာကော့ဗ်က မလှုပ်။

ဖာဆေးအား ခေတ္တ စိုက်ကြည့်နေပြီး အခန်းထဲမှ လှည့်ထွက်သွားသည်။

သောကြာနေ့ ညသန်းခေါင်တွင် သူတို့ မျှော်လင့်ထားသော ဆုံးဖြတ်ချက်သည် အိမ်ဖြူတော်မှ ရောက်ရှိလာသည်။

ဆူပါဘိုးလ် ဘောလုံးပွဲကို အစီအစဉ်အတိုင်း ကျင်းပမည် ဆုံးဖြတ်ချက် ဖြစ်ပေသည်။



ဇန္နဝါရီ ၁၁ ရက်၊ စနေနေ့ မနက်တွင် အားလ်ဘတ်ကိစ်နှင့် ဂျက်ရန်ဖရိုတို့သည် နယူးအော်လင်းစ်မြို့ အက်ဖ်ဘီအိုင် ဌာနခွဲရုံး၌ နောက်ဆုံး အစည်းအဝေး လုပ်ကြသည်။

လျှို့ဝှက် ထောက်လှမ်းရေး အဖွဲ့ဝင် ၇၀၊ အက်ဖ် ဘီအိုင် အဖွဲ့ဝင် ၄၀နှင့် ကာဘာကော့ဗ်တို့ တက်ရောက်ကြသည်။

ရင်ဖရိုသည် တူလိန်းကစားကွင်းပုံစံ ဇယားချပ်ကြီးရှေ့တွင် မတ်တတ်ရပ်နေသည်။

'ဒီနေ့ ၁၆း၀၀နာရီက စပြီး ကစားကွင်းကြီးထဲမှာ ဗုံးတွေ ရှိမရှိ ထပ်ရှာဖွေကြမယ်၊ ရှာဖွေရေးကိစ္စကို ည ၁၂နာရီတိတိမှာ ရပ်ဆိုင်းပြီး ကစားကွင်းကြီးကို လုံးဝ ပိတ်ပစ်မယ်၊ ကာဆန်မင်း ရှာဖွေရေးအဖွဲ့ အသင့်ဖြစ်ပြီနော်'

'ဟုတ်ကဲ့'

'မနက်ဖြန် ၁၁း၄၀ နာရီကျယင်လဲ ဗုံးရှာဖွေ ကိရိယာနဲ့ လူ ခြောက်ယောက် ကို ခေါ်ပြီး သီးသန့်ခန်းကို နောက်ဆုံး တခေါက် ထပ်စစ်ဆေးပါ'

'ဟုတ်ကဲ့ သူတို့တွေကို ရှင်းပြထားပြီးပါပြီ'

ရင်ဖရိုသည် သူ့ကျောဘက် နံရံပေါ်မှ ပုံကား ချပ်ဆီသို့ လှည့်လိုက်သည်။

'ဒီကစားကွင်းထဲမှာ ဗုံးထောင်ထားတာ လုံးလုံး မရှိဘူးဆိုတာ သိရတဲ့အခါ အကြမ်းဖက် သမား တွေဟာ ဗုံးတွေကို နည်းလမ်းနှစ်ခုနဲ့ သယ်ဆောင် လာကြလိမ့်မယ်လို့ ယူဆရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကွင်းထဲကို ကားတစီးနဲ့ သယ်ပြီး ဝင်လာမလား၊ သူတို့ ကိုယ်ပေါ်မှာ ဝှက်ပြီး ယူလာမလား၊ ကဲ ယာဉ်နဲ့ သယ်မယ် ယင် ကစားကွင်းရဲ့ ဘေးနှစ်ဘက်စလုံး ကဝီလိုလမ်း၊ ဂျွန်ဆင် အက်စ်သာ၊ ဆာရက်၊ စတိုရီ၊ ဒီလောဒ် လမ်းတွေမှာ လ ပိတ်ထားမယ်၊ ဟာစ်တိုရီနဲ့ ဩဒူဘွန်လမ်းဆုံမှာလဲ ပိတ်မယ်၊ မြန်မြန် မောင်းဝင်လာတဲ့ ကားမှန်သမျှ အသုံးပြုနိုင်တဲ့ လ တွေကို ပိတ်ထားတဲ့ နေရာတွေပဲ၊ လမ်းပိတ်တန်းခွတွေဘေး နေ ကားတွေကို လက်ပြတားတဲ့လူတွေ မမြင်ချင်ဘူး၊ ကစား ကွင်းထဲ လူပြည့်တာနဲ့ လမ်းတွေကို တင်းတင်းကျပ်ကျပ် ပိ ထားရမယ်’

အေးဂျင့်တဦးက လက်မြှောက်ပြသည်။

‘ဆို့…’

‘ရုပ်သံ ရိုက်ရေးအဖွဲ့က ပွစိ ပွစိ လုပ်နေတယ်၊ သူတို့ ဒီ နေ့ခင်း သူတို့ကားကို လာနေရာချထားပြီး၊ တညလုံး ဝင်ထွ ခွင့် ပေးပါတဲ့’

‘မရဘူးလို့ ပြောလိုက်၊ ည ၁၂ နာရီကျော်ယင် ဘယ်သူ မဝင်ရတော့ဘူး၊ တနင်္ဂနွေနေ့ မနက် ၁၀ နာရီက စပြီး ကင်မ အဖွဲ့တွေ နေရာယူနိုင်ပြီ၊ ဘယ်သူမှ ဘာမှ သယ်မလာ ရဘူ လေကြောင်း အုပ်ချုပ်မှုအဖွဲ့ကရော…’

‘ဒီမှာ…ဒီမှာ’

ထိပ်ပြောင်ပြောင်နှင့် အသက်ခပ်ငယ်ငယ်လူက ပြောသည်။





‘ခု ထိန်းသိမ်းထားတဲ့ လူတွေကို အကဲခတ်ခြင်း အားဖြင့် လေယာဉ်ပျံ သုံးမယ်လို့ မထင်ရပါဘူး၊ လေယာဉ်ကွင်း နှင့်ခု လေယာဉ်ပျံ သုံးမယ်လို့ မထင်ရပါဘူး၊ လေယာဉ်ကွင်း နှင့်ခု သုံးမှာ ဗုံးလက်နက်ပစ္စည်း ဝှက်ထားခြင်း မရှိကြောင်း စစ် ဆေးပြီးပြီ၊ ဘာပဲဖြစ်ဖြစ်၊ နယူးအော်လင်းစ် နိုင်ငံတကာ လေ ဆိပ်နဲ့ လိပ်ခ်ဖရန့် လေဆိပ်တို့မှာ ကစားကွင်း လူပြည့်နေချိန် အတွင်း ဘယ်ကိုယ်ပိုင်လေယာဉ် တစင်းတလေမှ ထွက်ခွာခွင့် မပေးဘူး၊ ခြွင်းချက်အနေနဲ့ ကျွန်တော်တို့က စိစစ်ခွင့်ပြုထားတဲ့ အငှားလေယာဉ်နဲ့ ကုန်တင်လေယာဉ် တချို့သာ ပျံသန်းခွင့် ရှိပါတယ်။

‘…စီးပွားရေး လေကြောင်းကုမ္ပဏီ လေယာဉ်ခရီးစဉ်တွေ ကတော့ အစီအစဉ်အတိုင်း ဝင်ထွက်ကြလိမ့်မယ်၊ နယူးအော် လင်းစ် ရဲ့အဖွဲ့က မသင်္ကာစရာ လူတယောက်ယောက် လေယာဉ် ပေါ် တက်မောင်းတာမျိုးကို ကာကွယ်ဖို့ လေဆိပ်နှစ်ခုစလုံးမှာ စောင့်ကြပ်ပေးကြပါလိမ့်မယ်’

‘ကောင်းပြီ၊ လေတပ်မတော်ကလဲ နယူးအော်လင်းစ်မြို့ နယ်နိမိတ်ထဲကို အမျိုးအမည်မသိတဲ့ ဘယ်လေယာဉ်ကိုမှ ဝင်ခွင့် မပြုဖို့ အကြံပေးထားတယ်၊ သူတို့တွေ ဒီဇင်ဘာ ၃၁ ရက်နေ့ တန်းကလိုပဲ အသင့်စောင့်နေကြမယ်၊ ဒီပြဿနာမျိုးကို သူတို့ မြို့ပြင်ဘက်မှာပဲ ဖြေရှင်းနိုင်လိမ့်မယ်၊ သူတို့ သတ်မှတ်ထားတဲ့ နယ်နိမိတ်က မိုင် ၅၀ ပတ်လည်ရှိတယ်၊ ပရိသတ်ကိုစောင့်ကြည့်ဖို့ ကျုပ်မှာ ရဟတ်ယာဉ်တစီး ရှိတယ်’

‘ကစားကွင်းထဲ ခိုးဝင်မယ့်ကိစ္စ ကြည့်ရအောင်၊ ဗာနယ် ဇင်း၊ ရုပ်သံ၊ ရေဒီယိုတွေကတဆင့် ပရိသတ်ကို ပွဲမစခင်တနာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com



အလို လက်မှတ်ကိုင်ပြီး အရောက်လာကြဖို့ နှိုးဆော်ခိုင်းထားတယ်၊ အားလုံးတော့ အချိန်အတိအကျ ရောက်လာမှာ မဟုတ်ဘူး၊ သူတို့အားလုံး ကစားကွင်းထဲ ဝင်တဲ့အခါ လေကြောင်းကုမ္ပဏီတွေဆီက ခဏ ငှားထားတဲ့ သတ္တု လက်နက် ပစ္စည်းရှာဖွေ ကိရိယာတွေရှေ့ကဖြတ်ပြီး အစစ်ဆေး ခံကြရလိမ့်မယ်၊ ဒီတာဝန်ကို ဖူလီခါလာ့ဗ် မင်း တာဝန်ယူရမယ်၊ ကိရိယာတွေကို မင်း လူတွေ စစ်ဆေးပြီးပြီလား'

'ပြီးပါပြီ၊ အားလုံးအသင့်ပဲ'

'နောက်ကျတဲ့လူတွေ တန်းစီရပ်ပြီး အဲဒီကိရိယာနဲ့ အစစ်ခံရယင် ဒေါကန်ကြမှာပဲ၊ မတတ်နိုင်ဘူး၊ သူတို့ ပွဲအစပိုင်းတော့ လွတ်သွားမယ်၊ ဗိုလ်မှူး ကာဘာကော့ဗ် ဘာ ပြောစရာ ရှိသေးလဲ'

'ရှိပါတယ်'

ကာဘာကော့ဗ်က အခန်း၏ ရှေ့ပိုင်းသို့ လျှောက်လာသည်။

'ခန္ဓာကိုယ်ပေါ် ရှာဖွေခြင်း၊ သတ္တုရှာဖွေ ကိရိယာတွေ သုံးခြင်းနဲ့ပတ်သက်ပြီး ပြောပါရစေ၊ အကြမ်းဖက်သမားတဦးဟာ သေနတ်ပါလာယင် ဒီကိရိယာရှေ့မှာ အဖမ်းခံရဖို့ ရပ်စောင့်နေမှာမဟုတ်ဘူး၊ ကိရိယာရှေ့ဝင်ရမယ့် တန်းစီနေတဲ့လူတွေကို သေသေချာချာကြည့်နေပါ၊ သူ့မှာ သေနတ်တွေ၊ ဗုံးတွေ ပါလာယင် ဒီကိရိယာနဲ့ အစစ်မခံရအောင် တခြား ဝင်လမ်း တခု





ရှာမှာပဲ၊ ရဲတွေကို သူ အကဲခတ်နေမယ်၊ သူ ခေါင်းမငြိမ့်ဘဲ မျက်လုံးကစားနေလိမ့်မယ်၊ တစုံတယောက်ကို မသင်္ကာယင် နှစ်ဘက်ညှပ်ပြီး ဖမ်းလိုက်ပါ၊ သူ့ကို ဘာမှ သတိပေးမနေနဲ့၊ အငိုက်ဖမ်း၊ သူ့ကို ဖမ်းတော့မယ်ဆိုတာ ရိပ်မိတာနဲ့ သူ မမိခင်၊ မသေခင် အခြားလူတွေကို ပစ်သတ်မှာပဲ'

အေးဂျင့်များသည် ကာဘာကော့ဗ် အား ဆရာလာလုပ်ရ ကောင်းလား ဟု စိတ်ထဲက ငြိုငြင်ချင် ငြိုငြင်နေကြမည်။ ကာဘာကော့ဗ်ကတော့ ဂရုမစိုက်ပါ။

'ဖြစ်နိုင်ယင် ဗုံးဒဏ်ကို ဂိတ်တိုင်းမှာ ကာကွယ်ဖို့ သဲအိတ်ဒဘွန့် ကတုတ်လုပ်ထားပါ၊ တွင်းတူးပြီး သဲအိတ်တွေ ဝိုင်းထားပေးနိုင်ယင် ပိုကောင်းမယ်၊ ပရိသတ်ကြားထဲ မြေကြီးပေါ် လိမ့်သွားတဲ့ လက်ပစ်ဗုံးတလုံးကို ဖမ်းယူဖို့ မလွယ်ဘူး၊ အဲဒီဗုံးကို ကောက်လို့ရယင်တောင် ဘယ်လွှင့်ပစ်ရမှန်း သိမှာ မဟုတ်ဘူး၊ သူတို့ သုံးနေကျ ဗုံးမျိုးက ငါးစက္ကန့်အကြာမှာ ပေါက်စေတဲ့ စနက်တံပါတယ်၊ ဒီဗုံးကို အကြမ်းဖက်သမားရဲ့ အင်္ကျီရင်ဘတ်မှာ ပင်နဲ့တွယ်ပြီးသား ဖြစ်မယ်၊ ဗုံးကို ကိုယ်ပေါ်မှာတွေ့ယင် ဆွဲမဖြုတ်ကြပါနဲ့၊ သူ့ကို သေနတ်နဲ့ အလျင်ဆုံး ပစ်သတ်၊ ဒါမှမဟုတ် သူ့လက်တွေကို ချုပ်ထားပါ၊ ပြီးမှ သူ့ ဗုံးတွေကို အေးအေးဆေးဆေးဖြုတ်ပါ....

'တကယ်လို့—သူ ဒဏ်ရာရပြီး လဲကျသွားတာတောင် သူ့ လက်တွေကို ချက်ချင်း ဖမ်းချုပ်လို့မရယင် သေနတ်နဲ့သာ ထပ်ပစ်ပါ၊ ခေါင်းကိုသာ ပစ်ထည့်၊ သူ့ကိုယ်ပေါ်မှာ အိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လွယ်ပြီး ဗုံးတွေ သယ်ချင်သယ်လာမှာ၊ ဗုံးတွေ နှိုက်ဖို့ အချိန် မပေးနဲ့'

အချို့ အေးဂျင့်များ၏ မျက်နှာများ ရှုံ့မဲ့သွားပုံကို ကာဘာ ကော့ဗ် သတိပြုမိသည်။

သူ ဂရုမစိုက်ပါ။

'ဂိတ်ပေါက်တခုက သေနတ်ပစ်သံကြောင့် တခြား ဂိတ်စော င့်တွေ အာရုံ မပျက်ပြားစေဖို့လိုတယ်၊ အဲဒီအချိန်ကျမိ တာဝန်ကျရာ ဧရိယာကို ပိုဂရုစိုက်ကြည့်ရမယ်၊ တနေရာမှာ ဆိုတာနဲ့ ကျန်တဲ့ နေရာမှာလဲ မစပဲနေမှာ မဟုတ်ဘူး၊ တခု ကျန်သေးတယ်၊ ခင်ဗျားတို့ သိတဲ့အတိုင်း အကြမ်းဖက်သမား တဦးဟာ မိန်းမတယောက် ဖြစ်နေပါတယ်'

ကာဘာကော့ဗ် ခေါင်းတချက်ငုံ့ပြီး လည်ချောင်းရှင်းလိုက် သည်။ သူက အသံကိုမြှင့်၍ ဆက်ပြောသည်။

'ဘေရွတ်မှာ ဟိုတခါတုန်းက ဒီမိန်းမကို ကျုပ်အကြမ်းဖက် သမား အဖြစ် မဟုတ်ပဲ သာမန် မိန်းမတဦး အဖြစ်သာ မြင်ခဲ့ တယ်၊ အဲဒီအမှားကြောင့် ကျုပ်တို့ လက်ရှိပြဿနာကို ရင်ဆိုင် နေရတာပဲ၊ ဒီအမှားမျိုး နောက်ထပ် မလုပ်မိဖို့ အရေးကြီးပါ တယ်....'

ကာဘာကော့ဗ် ပြန်ထိုင်သောအခါ အစည်းအဝေး အခန်း သည် အလွန်တိတ်ဆိတ်နေ၏။

'ကစားကွင်းရဲ့ တဘက်စီမှာ အရန်အဖွဲ့တဖွဲ့စီ စောင့်နေကြ လိမ့်မယ်၊ ကိုယ့်နေရာကိုယ် မခွာကြပါနဲ့၊ အစည်းအဝေး ပြီး





ယင် ဒီစားပွဲမှာ ခင်ဗျားတို့ရဲ့ မှတ်ပုံတင်ကတ်တွေ လာယူပါ၊ ဘာမေးချင်သေးလဲ'

ရင်ဖရိုက အစည်းအဝေးတက်သူများကို အကဲခတ်လိုက်၏။ သူ့မျက်လုံးမှာ နက်မှောင်လွန်း၏။

'ကဲ— ဒါဖြင့် ဆက်လုပ်ကြပေတော့'

×　　×　　×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၀ ။

ဆူပါတိုးလ်ဘောလုံးပွဲ အကြိုနေ့ညတွင် တူလိန်းကစားကွင်းကြီးသည် မီးများ ထွန်းထားသော်လည်း တိတ်ဆိတ်နေ၏။

ပုံးရှာဖွေသော အသံဗလံများမှာ တူလိန်း ကစားကွင်းကြီး၏ ကျယ်ပြန့်သော ဒနရာလွှတ်များ အကြား ဝယ် ပျောက်ကွယ်နေသည်။

စာမိုင်အကွာရှိ မစ္စစ္စပီ မြစ်ကြီးဆီမှ မြူခိုးမြူငွေ့ များသည် ကစားကွင်း၏ မီးဆလိုက် မီးမောင်းများ အောက်သို့ လိုမ့်၍ ဝင်လာလျက်ရှိ၏။





ကာဘာကော့ဗ်နှင့် မိုရှက်စကီးတို့သည် ဆေးလိပ် ကိုယ်စီခဲလျက် သတင်းထောက်များ သီးသန့်ခန်း ရှိရာ ပွဲကြည့်စင်ထိပ်ဆုံးပိုင်း၌ မတ်တတ်ရပ်နေကြသည်။

သူတို့နှစ်ဦး နာရီဝက်လုံးလုံး စကား မပြောကြ။

'ဒီကောင်တွေ ဘယ်နည်းနဲ့ မဆို လက်နက်ပုန်း ခိုးသွင်းလာလို့ ရတာပဲ၊ ဘက်ထရီတွေဘာတွေ မပါယင် လျှပ်စစ်ကိရိယာနဲ့ ဖမ်းမမိနိုင်ဘူး၊ ရှာမတွေ့နိုင်ဘူး'

မိုရှက်စကီးက ပြောသည်။

'မဖြစ်နိုင်တာ'

'သူတို့ဆီကလူနှစ်ယောက်တည်း ဝင်လာယင်တောင် ဒီကွင်းထဲမှာ အတော် ဒုက္ခ များသွားနိုင်တယ်'

ကာဘာကော့ဗ် ဘာမှ မပြော။

'ကျွန်တော်တို့ အဲဒါဆို ဘာမှလုပ်လို့ မရဘူး'

မိုရှက်စ်စကီးက ပြောသည်။

ကာဘာကော့ဗ်က ဆေးပြင်းလိပ် မီး ရဲတက် လာအောင် ဖွာလိုက်သည်။

မိုရှက်ဗ်စကီး ပါးစပ် ပိတ်သွား၏။

'နက်ဖြန်ကျယင် အနောက်ဘက်ခြမ်းက အရန်အဖွဲ့ တခုနဲ့ အတူ ခင်ဗျား ရှိစေချင်တယ်၊ ကျုပ် ရင်ဖရိုနဲ့ ပြောထားပြီးပြီ၊ ခင်ဗျားကို မျှော် နေကြလိမ့်မယ်'

'ဟုတ်ကဲ့ ဆရာ'

'ဒီကောင်တွေ ထရပ်ကားနဲ့ ဝင်လာမယ် ဆိုယင် ခင်ဗျား နောက်ခန်းကို အမြန်ဆုံး ဝင်ပြီး စနက်တံတွေ ဖြုတ်ပစ်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တိုင်းမှာ ဒီတာဝန် ပေးထားတဲ့ လူတဦးစီ ပါပေမယ့် ခင်ဗျားကိုယ်တိုင် လုပ်နိုင်ယင် ပိုကောင်းမယ်'

'နောက်ခန်း အကာက ကင်းဇတ်စ ဆိုယင် ဘေးကနေ ဖောက်ပြီး ဝင်လို့ရမယ်၊ နောက်တံခါးကို လက်ပင်ဗိုး တပ်ချင် တပ်ထားမှာ'

ကာဘာကော့ဗ် ခေါင်းညိတ်သည်။

'ခင်ဗျား သတင်းပို့တဲ့အခါ အဖွဲ့ ခေါင်းဆောင်ကို အဲဒါ ပြောပြလိုက်၊ ရေချယ်က ခင်ဗျားရဲ့ ဂျာကင်အင်္ကျီ ချုပ်ရိုးတွေ ဖြုတ်ပေးထားတယ်၊ ကျုပ်တော့ မကြိုက်ဘူး၊ ဒါပေမယ့် ဝတ်ထားလိုက်ပါ၊ ပစ်တာခတ်တာတွေ ဖြစ်တဲ့အခါ တခြားလူတွေလိုပဲ အပေါ်အင်္ကျီ ဝတ်ထားစေချင်တယ်'

'ဟုတ်ကဲ့ဆရာ'

'ကော်လီ ခင်ဗျားကို ဂ၊၄၅နာရီမှာ လာခေါ်မယ်၊ ခင်ဗျား ဒီည နာရီပြန် တချက် နောက်ပိုင်း 'ဟော့စီ တော့စီ' ကလပ်မှာ ရောက်နေယင် ကျုပ် သတင်းရမှာပဲ'

'ဟုတ်ကဲ့ဆရာ'

× × ×

နယူးအော်လင်းစ်မြို့၊ ည သန်းခေါင်။

ဘာဘွန် လမ်းမပေါ်မှ နီယွန်မီးရောင်များမှာ မြူခိုးများ ဝေနေသောကြောင့် မှိုင်းမှုန်နေသည်။





အယ်လ်ဒရစ် ကုမ္ပဏီ၏ ကြော်ငြာ လေသဘော်ာ ကြီးသည် မြူခိုးများ၏ အပေါ်ဘက် မစ္စစ္စပီမြစ် တံတားကြီးအထက်ဝယ် တွဲလောင်း ရပ်နေသည်။

မောင်းသူမှာ ဖာလီ ဖြစ်သည်။

လေသဘော်ာ ကြီး၏ ဘေးနံရံတွင် ကြော် ငြာ စာလုံး ကြီးများကို မီးလုံးများဖြင့် ထွန်းညှိ သရုပ် ဖော်ထားသည်။

ဖဲယားမောင့်ဟိုတယ်ရှိ ဖာလီ့ အခန်း၏ အပေါ်နှစ်ထပ်ရှိ အခန်းထဲတွင် ဒါလီယာ အိုင်ယတ်ဒ်သည် အဖျားတိုင်း ပြွန်ချောင်းကို ခါချပြီး မိုက်ကယ် လင်ဒါ၏ ပါးစပ်ထဲ ထည့်ပေးလေသည်။

လင်ဒါသည် နယူးဂျာစီမှ လာခဲ့ရသောကြောင့် ပင်ပန်းနွမ်းနယ်နေသည်။

နယူးအော်လင်းစ် နိုင်ငံတကာ ဓလဆိပ်သို့ဝင်လျှင် ဒါလီယာကို မှတ်မိသွားမည် စိုးသောကြောင့် ဘေတန်ရောဂ်မြို့သို့ လေယာဉ်ဖြင့် သွားပြီး၊ နယူးအော်လင်းစ်သို့ မော်တော်ကား ငှား၍ လာကြသည်။

လင်ဒါက ကား နောက်ခန်းတွင် လှဲ၍ လိုက်လာသည်။ လင်ဒါ၏ မျက်နှာက အရောင်ဖျော့နေသေးသော်လည်း သူ့ မျက်လုံးများက ကြည်လင်နေပြီ။ အဖျားတိုင်း ပြွန်ချောင်းကို ဒါလီယာ ယူကြည့်သည်။ အဖျား မရှိ။

'ထရပ်ကားကိစ္စ မင်း သွားစစ်ဆေးလိုက်ယင် ကောင်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှိချင် ရှိမှာပေါ့ မိုက်ကယ်၊ ဒါပေမယ့် ရှင်က စစ်ဆေးစေ ဆိုလဲ စစ်ဆေးပေးပါ့မယ်၊ ကျွန်မ လမ်းပေါ် သိပ်မထွက်ဖြစ် ကောင်းလေပဲ'

'မှန်တယ်၊ ရှိချင် ရှိမယ်၊ မရှိချင် မရှိဘူး၊ ငါ့ရဲ့ ယူနီဖောင်း အဆင်သင့်ပဲလား'

'ကျွန်မ ချိတ်ထားတယ်၊ အိုကေ ပါပဲ'

သူမသည် ဟိုတယ်မှ နွားနို့ပူပူ မှာယူပြီး၊ လင်ဒါအား အား ပျော့သော စိတ်ငြိမ်ဆေး တလုံးကို တိုက် လိုက်သည်။ နာရီဝက် အကြာတွင် သူ အိပ်ပျော်သွားသည်။

ဒါလီယာကတော့ မအိပ်သေး။ လင်ဒါ၏ အားနည်းသော ရောဂါအခြေအနေကြောင့် နက်ဖြန် သူနှင့်အတူတူ သူမ လိုက် သွားရမည်။

လှေငယ်ပုံစံ ဖုံးခွက်ကြီး၏ အစိတ်အပိုင်း တပိုင်းကို ထားခဲ့ ရမည်။

ဂွန်ဒိုလာယာဉ်တွဲ အတက်အဆင်းထိန်း လက်ကိုင်ဘီးကြီးကို သူမ ဝိုင်းကူလှည့်ပေးရမည်။ ဖုံးဖောက်ခွဲရန်တော့ သူမ တတ် နိုင်သည်။ ဒါက လိုအပ်ချက် တရပ်။

နက်ဖြန် သေရတော့မည် ဖြစ်ကြောင်း သိထား ရသဖြင့် သူမသည် နာရီဝက် ကြာအောင် တယောက်တည်း ငိုနေသည်။

တဖန် ဒုက္ခသည် စခန်းမှ ရင်နင့်ဖွယ် အကြောင်းများကို ပြန် စဉ်းစားမိသည်။





အသက် ၃၅ နှစ်သာ ရှိသေးသော်လည်း အရိုးပေါ်အရေ တင်ဖြစ်နေသော၊ အရွယ်နှင့် မလိုက်အောင် အိုမင်းရင့်ရော် နေသော သူမ၏ မိခင်ကြီးကို ပြန်မြင်ယောင်သည်။

ထိုစဉ်က ဒါလီယာ အသက်၁၀နှစ်။ သူမ ဘာမှမလုပ်တတ်။ မကိုင်တတ်။ မိခင်ကြီး၏မျက်နှာပေါ်မှ ယင်ကောင်များကိုသာ လက်နှင့် မောင်းထုတ် ပေးတတ်သည်။

သူမ၏ မိခင်ကဲ့သို့ပင် ဝေဒနာ ခံစားနေရသော သူများ ကလည်း အနမတဂ္ဂ ရှိသည်ပဲ။ သူမ၏ဘဝသည် ဘာမှ မဟုတ်။ ဘာအစိုးရိမ်စရာမှ မရှိ။

အတန်ကြာသောအခါ သူမ စိတ် ငြိမ်ကျသွားသော်လည်း သူမ လုံးဝ မအိပ်တော့ပေ။

ရှိုင်ရယ်အော်လင်းစ် ဟိုတယ်တွင် ရေချယ် ဘော်မင်သည် မှန်တင်ခုံရှေ့တွင် ထိုင်ပြီး ခေါင်းဖြီးနေသည်။

ကာဘာကော့ဗ်သည် ခုတင်ပေါ် လှဲယင်း ဆေးလိပ်ဖွာလျက် သူမအား ငေးကြည့်နေသည်။

သူမ ခေါင်းဖြီး သည့် အခါ ဆံပင်ပေါ်မှ အလင်းရောင် ကြောင့် ရောင်ပြန်ထပုံကို သူ သဘောကျလေ့ရှိသည်။

သူမ ဆံပင်ကို ခေါင်းနောက်လှန် ခါးတော့၍ ဖြီးချသည့် အခါ သူမ၏ ကျောရိုးမှာ ဖြစ်ပေါ်လာသည့် ချိုင့်ခွက်ကလေး များကိုလည်း သူသဘောကျသည်။



www.burmeseclassic.com

www.burmeseclassic.com



'နက်ဖြန် ပြီးယင် ရှင် ဘယ်လောက်ကြာကြာ ဆက်နေမှာလဲ ဒေးဗစ်'

သူမသည် သူ့ကို မှန်ထဲက ကြည့်နေသည်။

'ပလပ်စတာစ်ပုံးတွေ ရှာတွေ့တဲ့အထိ'

'ဟိုမိန်းမနဲ့ အမေရိကန်ကြီးကိုရော'

'မပြောတတ်ဘူး၊ အဲဒီမိန်းမကိုတော့ မိသွားမှာပါ၊ ပလပ်စတာစ် မရှိယင် သူဘာမှ လုပ်လို့မရဘူး၊ ကိုယ်တို့ရယင် ကိုယ် ဖာဆေးလိ်ကို မြူးနစ် ကိစ္စ အတွက် စစ်ဆေးဖို့ အစွရေးကို ပြန်ခေါ်သွားရမယ်'

သူမသည် သူ့ကို ဆက်ကြည့်မနေတော့ပေ။

'ရေချယ်'

'ရှင်'

'အစ္စရေးနိုင်ငံအတွက် စိတ်ရောဂါကု ဆရာဝန်တွေ လိုအပ် နေတာ သိလား၊ စိတ်မမှန်တဲ့ ဂျူးတွေ ဘယ်လောက်များနေ သလဲဆိုတာ မသိဘူးလား၊ မင်း အံ့သြသွားမယ်၊ နွေရာသီဆို ခရစ်ယာန်တွေလဲ ရူးတတ်တယ်'

'ဒါတွေ နောက်မှ ပြောကြရအောင်'

'နက်ဖြန်ည အင်တွန်ရဲ့ စားသောက်ဆိုင်မှာ ကိုယ်တို့ပြော ကြမယ်လေ ဟုတ်ပြီလား'

× × ×





ရှိုင်ရယ်အော်လင်းစ်နှင့် ဖဲယားမောင့်ဟိုတယ် အသီးသီးရှိ အခန်းများမှ မီးမှိတ်သွားသည်။

၎င်းတို့၏ပတ်လည်တွင် မြို့ဟောင်းမြို့အိုကြီး ဝန်းရံနေသည်။

နယူးအော်လင်းစ်အဖို့ မည်သည့် အရာမှ အ ဆန်း အ ပြား မဟုတ်တော့ချေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၁ ။

ဇန်နဝါရီလ ၁၂ ရက်၊ တနင်္ဂနွေနေ့။

နယူးအော်လင်းစ်မြို့ ကောင်းကင်ပြင်တွင် နီရဲသောနေမင်းကြီး ထွက်ပေါ်လာပြီးနောက် လင်ဒါ စောစောနိုးလာသည်။

ဝေလငါးများအကြောင်း သူ အိပ်မက်မက်နေခဲ့သည်။

ရုတ်တရက် သူ ဘယ်ရောက်နေမှန်း သတိမရ။

ထို့နောက် သူ အားလုံးကို တပြိုင်တည်း သတိရလာသည်။

ဒါလီယာသည် ကုလားထိုင်တွင် ခေါင်း နောက်လှန်ချကာ သူ့ကို မျက်လုံးမှေး၍ ကြည့်နေသည်။





လင်ဒါ အိပ်ရာမှ သတိနှင့် ထလာပြီး ပြတင်းပေါက်ဆီ သွားသည်။

အရှေ့နှင့် အနောက် လမ်းများပေါ်တွင် ပန်းနုရောင်အဇင်းနှင့် ရွှေရောင်များ ယှက်သမ်းနေသည်။

မြေကြီးပေါ်တွင် မြူခိုးငွေ့များ ဝဲနေသည်။

တဖြည်းဖြည်း လင်းလာသော ကောင်းကင်ပြင်ကို တွေ့ရသည်။

'ဒီနေ့ ရာသီဥတု သာယာမယ်ထင်တယ်'

လင်ဒါက ပြောသည်။

လေဆိပ် မိုးလေဝသ ဌာနသို့ ဖုန်းဆက်သည်။

အရှေ့မြောက်လေသည် ရေမိုင်နှုန်း ၅၀နှင့် တိုက်ခတ်နေသည်။

ကောင်းသည်။

လေသဘောာဖြင့် ရေမိုင်နှုန်း ၆၀ ခန့် မောင်းနိုင်လိမ့်မည်။

'နည်းနည်း နားပါဦးလား မိုက်ကယ်'

သူ့မျက်နှာ ဖျော့နေသည်။

သူ့မှာ သိပ် အားမရှိကြောင်း သူမ သိသည်။

လိုအပ်သလောက် ခွန်အား ရှိချင်လည်း ရှိနေမည်။

ရုပ်မြင်သံကြား ရိုက်ကူးသည့်အဖွဲ့ လိုအပ်သော အစီအစဉ်များ ပြုလုပ်ရန်နှင့် ပွဲကြည့်ပရိသတ်များ ဝင်လာနေစဉ် မြင်တွေ့သွားစေရန် လေသဘောာကြီးကို ပွဲမစမီ တနာရီအလိုကပင် ပျံတက်စေလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါသည် ဗုံးကို ပြန်လာမယူမီ ထိုအချိန်အထိ မောင်း
ပေးရပေမည်။

'ငါနားမယ်၊ မွန်းတည့်ချိန်မှာ လေသဘော်စက်အဖွဲ့သား
တွေ ဖုန်းဆက်ခေါ်လိမ့်မယ်၊ ဖာလီ မနေ့ညက မောင်းရတယ်။
ဒီတော့ သူ အိပ်နေလိမ့်မယ်၊ နေ့ခင်း ၁၂ နာရီ မထိုးခင်တော့
သူ စားဖို့ သောက်ဖို့ အခန်းထဲက ထွက်သွားမှာပဲ'

'ကျွန်မ သိပါတယ် မိုက်ကယ်၊ ကျွန်မ တာဝန် ယူပါ့မယ်'

'မင်းမှာ သေနတ်ပါယင် ငါ ပိုစိတ်ချရမယ်'

သူတို့ ဘေတန်ရောက် လေဆိပ်သို့ လက်နက်များကိုင်၍ မငင်
ရပေ။

လက်နက်များကို ထရပ်ကားထဲတွင် ဗုံးများနှင့်အတူ ဝှက်
ထားပြီး ဖြစ်သည်။

'ရပါတယ်၊ အားလုံး အဆင်ပြေမှာပါ၊ ကျွန်မအတွက်
စိတ်ချ....'

'အေးပါ ငါသိပါတယ်၊ မင်းကိုပဲ အားကိုးရမှာ'

× × ×

ကော်လီ၊ ကာဘာကော့ဗ်နှင့် မိုရှက်ဗ်စကီးတို့ မနက် ၉နာရီ
တွင် ကစားကွင်းသို့ သွားကြသည်။





ရှိုင်ရယ်အော်လင်းစ် ဟိုတယ်တဝိုက်ရှိ လမ်းများတွင် မနေ့
ညက အပျော်ကြူးထားသဖြင့် ခပ်ထွေထွေ ဖြစ်နေသော လူများ
ဖြင့် ပြည့်ကျပ်နေသည်။

ဘာဘွန်လမ်းမပေါ်တွင် စိုထိုင်းသော လေအဟုန်ကြောင့်
စက္ကူခွက်များနှင့် စက္ကူ လက်သုတ်ပဝါများ လွင့်ပါးသွားကြ
သည်။

ကော်လီသည် 'ပြင်သစ်ရပ်ကွက်'မှ ကျော်လာသည်အထိ
ကားကို ဖြည်းညင်းစွာ မောင်းခဲ့သည်။

ကော်လီ စိတ်မရှည်ပါ။

သူ့အတွက် ဟိုတယ်ခန်း ကြိုတင်မငှားမိခဲ့သဖြင့် အက်ဖ်
ဘီအိုင် အေးဂျင့်တဦး၏ ဧည့်ခန်း၌ ဝင်အိပ်ခဲ့ရသည်။

ထိုအေးဂျင့်၏ ဇနီး စီမံကျွေးမွေးသော မနက်စာကလည်း
ပေါ့ရွတ်ရွတ်။ ကာဘာကော့ဗ် တယောက်ကတော့ ကောင်း
ကောင်းအိပ်၊ ကောင်းကောင်း စားခဲ့ပြီးပုံ ရ၏။

ထို့ကြောင့် ကော်လီ ပိုစိတ်တိုသည်။

ကားနောက်ခန်းတွင် မိုရှက်ဗ်စကီး စားနေသော ဖရဲသီး
အနံ့ကိုလည်း သူ မခံနိုင်။

ကာဘာကော့ဗ်သည် ထိုင်ခုံ၌ဖင်ရွေ့ထိုင်လိုက်သည်။ တံခါး
လက်ကိုင်နှင့် ဝင်တိုက်မိသည်။

'အဲဒါ ဘာသံလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် သွားအံကပ်တွေ ချောင်နေလို့ ထင်ပါရဲ့'

'တော်တော်နေ့ာက်တဲ့လူ....'

ကာဘာကော့ဗ်သည် ကုတ်အင်္ကျီကို လှန်လိုက်သည်။

သူ့ချိုင်းအောက်မှ ယူဇီဆပ်မရှင်းဂန်း၏ တုံးတိတိ ပြောင်းထွက်ပေါ်နေသည်။

'မိုရှက်ဗ့်စကီးရော ဘာကိုင်ထားလဲ၊ ဘာဇူကာလား'

'ကျွန်တော့်မှာ ဖရဲသီး လောင်ချာ ပါတယ်'

မိုရှက်ဗ်စကီးက ဖြေသည်။ ကော်လီ ပခုံးတွန့်လိုက်သည်။

မိုရှက်ဗ့်စကီးကို သူ ဘယ်လိုမှ နားမလည်နိုင်ပါ။

၉ း ၃၀ နာရီတွင် ကစားကွင်းသို့ ရောက်သွားကြသည်။ ကစားကွင်းကြီး လူပြည့်သွားသည့်အခါ အသုံးပြုတော့မည် မဟုတ်သော လမ်းဟူသမျှကို ပိတ်ဆို့ထားလိုက်ကြပြီ။

ကစားပွဲ စတင်သည်နှင့် ပိတ်ဆို့မည့် အဓိကလမ်းမများ၏ ဘေး မြက်ခင်းများပေါ်တွင်လည်း လမ်းပိတ်ဆို့ စောင့်ကြပ်မည့် မော်တော်ကားများနှင့် ဘားတန်းများ အသင့်ထားရှိသည်။

အရှေ့တောင်ဘက် ဂိတ်အနီးတွင် သူနာပြု ကားဆယ်စီး တန်းစီရပ်သွားသည်။

လမ်းပိတ်ထားရာမှ အရေးတကြီး အပြင်ထွက်မည့် ယာဉ်များကိုသာ ဖြတ်သန်းခွင့်ပြုမည်။





လျှို့ဝှက် ထောက်လှမ်းရေး အဖွဲ့ဝင်များသည် ဩဒူဘွန် ရိပ်သာလမ်းမှ တိုက်ခေါင်မိုးများပေါ်တွင် အသင့်နေရာယူပြီး ကြလေပြီ။

သူတို့အားလုံး နိုးကြားတက်ကြွလျက် ရှိ၏။

တိတ်ဆိတ်သော လမ်းများ၏ ဘေးတွင် သဲအိတ်ပုံများ ချထားသည်မှာ ပရိသတ်များ စပ်စုချင်စရာ ဖြစ်နေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ။ ၄၂ ။

နံနက် ၉ နာရီ တိတိတွင် ဒါလီယာသည် ဖဲယားမော
ဟိုတယ်၌ ဟိုတယ်အခန်းတာဝန်ခံထံ ဖုန်းဆက်ပြီး သုံးဦး
နံနက်စာမှာယူ၍ အခန်းသို့ အရောက်လာပို့ခိုင်းသည်။

သူမ စောင့်ဆိုင်းနေစဉ် ကတ်ကြေး ရှည်ရှည်တလက်
လက်ကိုင်အိတ်ထဲမှ တိတ်ခွေတခွေကို ထုတ်ယူသည်။

ကတ်ကြေးမှ ဝက်အူကိုဖြုတ်ပြီး သုံးလက်မ သပ်
ထိုးသွင်းကာ တိတ်ခွေ(ပလာစတာ)ဖြင့် ကျကျနန ရစ်
ထားသည်။



တဖန် ကတ်ကြေးလက်ကိုင်တခုလုံးကိုပါ တိပ်နှင့်ရစ်ပတ်
ပြီး သူမ၏ အင်္ကျီလက်မောင်းစထဲ ထိုးသွင်းလိုက်သည်။

၉ း ၃၀ နာရီတွင် မနက်စာများ လာပို့သည်။

'ပူပူနွေးနွေးစားလိုက်ပါ မိုက်ကယ်၊ ကျွန်မ တမိနစ်အတွင်း
ပြန်လာမယ်'

သူမသည် မနက်စာ လင်ဗန်းဘချပ်ကိုယူပြီး ခုတင်လှေကား
ခြင် အောက်နှစ်ထပ်သို့ ဆင်းသည်။

တံခါးခေါက်သံ ကြားသောအခါ ဖာလီက အိပ်ချင်မူးတူး
ခြင်း ထူးသည်။

'မစ္စတာဖာလီ....'

'ဗျာ....'

'မနက်စာ လာပို့တာ...'

'ကျွန်တော် ဘာမှ မမှာထားဘူး'

'ဟိုဘယ်က စေတနာနဲ့ အခမဲ့ ကျွေးတာပါ၊ ရှင်တို့ စက်
သွားအားလုံးကို အထူးဧည့်ခံတာပါ၊ မစားချင်လဲ ကျွန်မ
ယူသွားပါ့မယ်'

'ဟင့်အင်း....ထားခဲ့ပါ....ခဏလေး....'

ဖာလီသည် ဆံပင်ခေါင်းပွနှင့် ဘောင်းဘီရှည်သာ ဝတ်
ဆင် ထွက်လာပြီး သူမအား အခန်းထဲ ဝင်ခွင့်ပြုသည်။
ခိုက် စကြံလမ်း၌ တစုံတယောက် ဖြတ်လျှောက်သွားပါက
ဟာစ်သံဘချက်ကို ကြားလိုက်ရပေမည်။

ဘမိနစ်အကြာတွင် ဒါလီယာ ပြန်ထွက်လာပြီး....

www.burmeseclassic.com

www.burmeseclassic.com



'မနေ့ောင့်ယှက်ပါနှင့်' ဟူသော ဆိုင်းဘုတ်ကလေးကို တံခါးလက်ကိုင်ဘုတွင် ချိတ်ဆွဲလိုက်သည်။

ထိုနောက် မနက်စာ စားရန် အပေါ်ထပ်သို့ ပြန်တက်သွားသည်။

သူမ အပြတ်ရှင်းရန် ကိစ္စတခု ကျန်သေးသည်။

သူမနှင့် လင်ဒါ နှစ်ဦးစလုံး စားသောက် ပြီးသည်အထိ စောင့်နေသည်။

သူတို့နှစ်ဦး အိပ်ရာပေါ် အတူလှဲနေသည်။လင်ဒါ၏ ဒဏ်ရာရထားသော လက်ကို သူမ ဆုပ်ကိုင်ထားသည်။

'မိုက်ကယ်....ရှင်နဲ့အတူ ကျွန်မ လေသဘော်ာပေါ် လိုက်ချင်တယ်၊ မကောင်းဘူးလားဟင်'

'ရပါတယ်....မင်းလိုက်စရာ မလိုပါဘူးကွာ'

'ရှင်နဲ့အတူ နေချင်တယ်၊ ရှင့်ကို ကူညီချင်တယ်၊ ကျွန်မကြည့်ချင်သေးတယ်'

'မင်း ဘာမှ တွေ့ရမှာ မဟုတ်ဘူး၊ မင်း လေဆိပ်မှာ ဘဲသွားနေနေ ကြားရမှာပဲ'

'ကျွန်မ လေဆိပ်က ဘယ်လိုမှ ထွက်လို့ရမှာ မဟုတ်ဘူးမိုက်ကယ်၊ ခုမှတော့ အလေးချိန်က ဘာမှ မခြားနားတော့ပါဘူး၊ အပြင်မှာ အပူချိန်က ၇၀ ဒီဂရီ ရှိတယ်၊ လေသဘောကြီးဟာ တမနက်လုံး နေပူထဲမှာ ရပ်နေတာ၊ ရှင် အပေါ်ကိုတက်လို့မရယင်—'

'ငါ အပေါ်ကို တက်လို့ရတယ်....'



'ကျွန်မ လိုက်ပါရစေနော် မိုက်ကယ်၊ ဒီလောက် အကြာကြီး လက်တွဲလုပ်ခဲ့ပြီးမှ....'

လင်ဒါက ကိုယ်ကိုလှည့်ပြီး သူမ၏ မျက်နှာကိုကြည့်သည်။

လင်ဒါ၏ မျက်နှာပေါ်တွင် ခေါင်းအုံးနှင့် ဖိထားသဖြင့် နီနေသော အကွက်များ တွေ့ရသည်။

'ဒါဆို ဝှန်ဒိုလှာ လေယာဥ်ထဲက နောက်ဘက်ထိုင်ခုံအောက်က အလေးချိန်ညှိတဲ့ အိတ်တွေကို တို့ လွှင့်ပစ်မှ ဖြစ်မယ်၊ တို့အပေါ်တက်ယင်းနဲ့ လုပ်ကြတာပေါ့၊ မင်း သွားမှာသာ သွားဖမ်းပါ'

သူမက လင်ဒါအား တင်းကျပ်စွာ သိုင်းဖက်ထားလိုက်သည်။

သူတို့ စကား ဆက်မပြောဖြစ်ကြတော့ပေ။

၁၁း၃၀နာရီတွင် လင်ဒါ အိပ်ရာမှထသည်။ ဒါလီယာက သူ့အဝတ်အစားများကို ဝိုင်းကူဝတ်ပေးသည်။

သူ့ပါးများ ချောင်ကျနေသည်။ သို့သော် ဒါလီယာက နှုတ်ခမ်းဆိုးဆေး ဆီလိမ်းပေး၍ သူ၏ သွေးဖျော့သော ရုပ်သွင်ကိုဖုံးအုပ်စေသည်။

၁၁း၅၀ နာရီတွင် သူမ၏ အိတ်ဆောင် ဆေးသေတ္တာလေးထဲမှ နိုဗိုကိန်း ထုံဆေး ပါသော အပ်ကိုထုတ်ပြီး လင်ဒါ၏လက်မောင်းပေါ်ရှိ အပတ်ကလေးတခုကြား ညှပ်ပေးသည်။

ထိုနောက် ပလပ်စတစ် ဆေးထိုးအပ်ငယ်လေးတခုကို ယူပြန်သည်။ 'ရီတာလင်' ဆေးရည် ၃၀ မီလီဂရမ် ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဒါကို ထိုးပြီးယင် စကား သိပ်ပြောချင် လာလိမ့်မယ် မိုက်ကယ်၊ စိတ်လဲတက်ကြွလာမယ်၊ ရှင့်ကိုယ်ရှင်အားနည်းလိမ့်မယ်ထင်တဲ့ အခါကျမှသာ သုံးပါ'

'ကောင်းပြီ....ထည့်လိုက်'

သူမသည် လင်ဒါ၏ လက်ဖျံရိုးပေါ်ရှိ အဝတ်ကလေးတွင် ဆေးထိုးအပ်ကို ထိုးသွင်းပြီး ဆေးပြွန်ကို လက်မောင်းပေါ်၌ တိတ်ဖြင့် သေသေချာချာ ပတ်ပေးသည်။

ဆေးပြွန်မှာ ပလပ်စတစ်ဖြစ်သဖြင့် ကွေး၍ ညွှစ်၍ရသည်။

ဆေးပြွန်၏ ထိပ် တဘက်စီတွင် မတော်တဆ မညှစ်မိစေရန် ခဲတံကို တပိုင်းစီ ခံပေးထားသည်။

'ရှင် သုံးချင်တဲ့အခါ အင်္ကျီလက်မောင်းစကို စမ်းပြီးလက်မနဲ့သာ ဖိလိုက်ပါ'

'သိတယ်....သိတယ်'

သူမက သူ့နဖူးကို နမ်းလိုက်သည်။

'လေဆိပ်ကို ထရပ်ကားနဲ့ ကျွန်မ ရောက်မလာယင် ကျွန်မကို ဖမ်းဖို့ သူတို့ စောင့်နေကြယင်....'

'ငါ ကစားကွင်းထဲ လေသဘော် ဆင်းချရုံပဲ၊ လူတချို့တော့ ပိပြီးသေမှာပဲ၊ မဖြစ်နိုင်တာတွေကို မစဉ်းစားနဲ့ကွာ၊ ငါတို့တွေ ခုထိ ကံကောင်းနေတုန်းပဲ မဟုတ်လား'

'ရှင် သိပ်တော်တာပဲနော်'

'မင်းကို ၂း၁၅နာရီကျယင် လေဆိပ်မှာ ငါလာတွေ့မယ်'





သူမကသူ့ကို ခေတ်လှေကားသို့ လိုက်ပို့ပြီး အခန်းထဲပြန်ဝင်သော ခုတင်ပေါ်၌ ထိုင်ချသည်။ ထရပ်ကားဆီသွားရန် အချိန်ကျသေး။

× × ×

လင်ဒါသည် ညှော်ခန်းမရှိ စားပွဲအနီး ရပ်နေကြသော သူ့ဘော်ရဲဘက်များကို တွေ့သွားသည်။

ဖာလီ၏ တွဲဖက် ပိုင်းလော့ဖြစ်သူ ဆင်မွန်စ်နှင့် ရုပ်သံ...င်မဆာခင်းနှစ်ဦး။ သူတို့ဆီ လျှောက်သွားသည်။

ငါ ဘတ်စ်ကားပေါ် ရောက်မှ နားမယ်၊ဟု ဆုံးဖြတ်လိုက်သည်။

'လက်စသတ်တော့ မိုက်ခ်ပါလား၊ ခင်ဗျား နေမကောင်း...ဆို၊ ဖာလီ ဘယ်ကျန်ခဲ့သလဲ၊ သူ့အခန်းကို ဖုန်းဆက်ကြည့်...းတယ်၊ သူ့ကို ကျွန်တော်တို့ စောင့်နေကြတာ'

'ဖာလီမနေ့ညက အရက်မူးနေတဲ့ ကောင်မလေးတယောက်...ကားများပြီး မျက်လုံးကို လက်သည်းနဲ့ အထိုးခံထားရသတဲ့'

'အို....'

'ဘာမှ မဖြစ်ပါဘူး၊ သူ ဆရာဝန် သွားပြနေတယ်။...ကြောင့် ဒီနေ့ ကျွန်တော် မောင်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘယ်တုန်းက ရောက်လာသလဲ'

'ဒီမနက်ပဲ၊ ဒီမအေပေး ဖာလီပေါ့၊ ကျွန်တော့်ကို မနက် ၄ နာရီက ဖုန်းဆက် ခေါ်လိုက်တာလေ၊ ကဲ သွားစို့ နောက်ကျနေပြီ'

'ခင်ဗျားကြည့်ရတာ သိပ်မဟန်သေးဘူး မိုက်ခ်'

'ခင်ဗျား လောက်တော့ ကျွန်တော် အားရှိပါတယ်ဗျာ သွားကြစို့'

လိပ်ခ်ဖရန့် လေဆိပ် ဂိတ်ဝတွင် ဒရိုင်ဘာက ယာဉ်ဝင်ခွင့် လက်မှတ် ရှာမတွေ့သဖြင့် သူတို့အားလုံး မှတ်ပုံတင်ကတ်များ ထုတ်ပြကြရလေသည်။ ထိန်းချုပ် မျှော်စင် အနီးတွင် ရဲကား တစီး ရပ်ထား၏။

ငွေရောင်၊ အနီရောင်၊ အပြာရောင် ပါရှိသော ၂၂၅ ပေ အရှည် ရှိသော လေသဘော်ာကြီးသည် လေယာဉ်ပြေး လမ်းများ ကြားရှိ တြိဂံပုံသဏ္ဍာန် မြက်ခင်းပြင်ပေါ်၌ ရပ်နေသည်။

လေယာဉ် ဂိုဒေါင်များ ရှေ့တွင် ရပ်ထားသော လေယာဉ် များနှင့် မတူပဲ လေသဘော်ာ ကြီးသည် မြေပြင်၌ ရပ်ထားသည့် အခါ၌ပင် လေထဲ ပျံဝဲနေသည့် အသွင် သဏ္ဍာန်ကို ဆောင် နေ၏။

လေသဘော်ာ၏ နှုတ်သီးမှာ အရှေ့မြောက် စူးစူးသို့ ဦးလှည့် ထားသည်။

၎င်း၏အနီးတွင် မြေပြင် လုပ်သားများကို သယ်ဆောင်သော ဘတ်စ်ကားကြီးနှင့် ထိန်းသိမ်း ပြုပြင်ရေး ကိရိယာများ ပါရှိသော ထရက်တာ ယာဉ်တွဲငယ်တို့ ရပ်ထားသည်။





၎င်းယာဉ်များနှင့် လူများ အားလုံးသည် ငွေရောင် လေ သဘော်ာကြီးနှင့် ယှဉ်လိုက်သောအခါ ပုရွက်ဆိတ် ကလေးများ သဖွယ် ဖြစ်နေ၏။

ပြုပြင်ရေး အဖွဲ့ ခေါင်းဆောင် ဗစ်ကားစ်က သူ့လက်များ ကို အဝတ်စုတ်နှင့် သုတ်ယင်း လင်ဒါ့အား နှုတ်ဆက်သည်။

'ခင်ဗျား ပြန်လာတာ ဝမ်းသာတယ် ကပ္ပတိန်၊ အဆင်သင့် တက်မောင်းရုံပဲ'

'ကျေးဇူးပါပဲ'

လင်ဒါသည် ထုံးစံအတိုင်း ခြေလျင် လျှောက်၍ လှည့်ပတ် စစ်ဆေးသည်။

သူ သိပြီးဖြစ်တဲ့ အတိုင်း အားလုံး နေရာတကျ စီစဉ်ထား ပြီးပြီ။

လေသဘော်ာကြီး၌ ဘာချွတ်ယွင်းချက်မှ မတွေ့။ သန့်ရှင်း စင်ကြယ်နေသည်။

လေသဘော်ာ ကြီး၏ သန့်ရှင်း မှုကို သူ အမြဲ သဘောကျ သည်။

'ခင်ဗျားတို့ရော အသင့်ဖြစ်ပြီလား'

သူက အော်မေးသည်။

လင်ဒါနှင့် ဆင်မွန်စ်တို့ ဂွန်ဒိုလာ ယာဉ်ငယ်တွင်း၌ လေ သဘော်ာ မထွက်ခွာမီ ကြိုတင် စစ်ဆေးမှုများကို ပြုလုပ်ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗစ်ကားစ်က ရုပ်သံ ကင်မရာမင်း နှစ်ဦးကို ဂွန်ဒိုလာ လေယာဉ်ပေါ် အမြန် တက်ခိုင်းနေသည်။

မြေပြင်လုပ်သားများသည် ဂွန်ဒိုလာ ယာဉ်၏ ပတ်လည်ရှိ လက်ရန်းကို ကိုင်လျက် မြေပေါ် ဆင်းသည့် တခုတည်းသော ဘီးပေါ် ဆောင့်ချ လိုက်ကြသည်။

ဗစ်ကားစ်က လက်ရန်းတွင် ချိတ်ဆွဲထားသော ၂၅ ပေါင် အလေးအိတ်များ ဖြုတ်ချပေးသည်။

အလုပ်သမား များက လေသဘော် ကြီးကို ဆောင့်ချပြန်သည်။

‘နည်းနည်းတော့ လေးသေးတယ်၊ ကောင်းပါတယ်’

ဗစ်ကားစ်က ပြောသည်။

လေသဘော်ကြီး စတက်ခါစတွင် အနည်းငယ် လေးနေခြင်းကို သူ ကြိုက်သည်။

လောင်စာ သုံးစွဲခြင်းကြောင့် ကြာလျှင် ပေါ့ပါးလာမည်။

‘ကုတ်ခ်ပုလင်းတွေရော ပါရဲ့လား’

ဆင်မွန်စ်က မေးသည်။

သူတို့တစု လေထဲ၌ အနည်းဆုံး သုံးနာရီတိုင်တိုင် နေကြရမည်။

ကိုကာကိုလာလေး ဘာလေး ပါလာမှ ကောင်းမည်။

‘ဟော တွေ့ပြီ’

‘ကဲ....တက်စို့ ဆင်မွန်စ်’

—





လင်ဒါက ပြောသည်။

‘အိုကေ’

ဆင်မွန်စ်သည် ဂွန်ဒိုလာ၏ ဗယ်ဘက်ခြမ်း ပိုင်းလော့ ခုံတွင် ဝင်ထိုင်သည်။

မှန်ပြတင်းမှ လက် ယမ်းပြလိုက်သည်။

မြေပြင်မှ လုပ်သားများက ထိန်းကြိုး များကို ဖြုတ်ပေးကြသည်။

‘ကဲ ...တက်ပြီ’

ဆင်မွန်စ်က ဘီးကို ဆွဲလှည့်ပြီး အရှိန်မြှင့်သည့် ထိန်းတံကို ရှေ့တွန်းလိုက်သည်။

လေသဘော် ကြီးသည် ခပ်စောက်စောက် မြင့်တက်သွားသည်။

လင်ဒါသည် ပိုင်းလော့ဘေးရှိ ခရီးသည် ထိုင်ခုံ၌ ထိုင်နေသည်။

ကစားကွင်းသို့ ၉ မိနစ်ခွဲမျှ ပျံသန်းရမည်။

သူတို့ အောက်ဘက် တူလိန်းကစားကွင်း ဝင်ပေါက်အနီးရှိ ရှည်လျားသော လမ်းမကြီးတွင် မော်တော်ကားများ ပြွတ်သိပ်လျက် ရွေ့လျားနေကြသည်။

‘ဒီထဲက လူတချို့တော့ ပွဲအစပိုင်း မီမှာ မဟုတ်ဘူး’

ဆင်မွန်စ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်မှာပဲ'

လင်ဒါက ပြောသည်။

သူတို့အားလုံး အားလပ် ချိန် တောင် မိမှာ မဟုတ်ဘူးဟု လင်ဒါ တွေးသည်။

နေ့ခင်း ၁း၁၀ နာရီ ရှိပြီ။ သူ တနာရီလုံးလုံး စောင့်ရဦးမည်။

× × ×

အခန်း ။ ၄၃ ။

ဒါလီယာ သည် ဂါလ်ဗက်ဇ် လမ်း ဆိပ် ကမ်း အနီးတွင် တက္ကစီပေါ်မှ ဆင်းပြီး တပြခန့်ဝေးသော ကားဂိုဒေါင် ဆီသို့ ခြေလျင် လျှောက်သွားသည်။

ဗုံးတွေ ရှိပါဦးမလား။

ပုလိပ်တွေ စောင့်နေကြသလား။

ပလက်ဖောင်းကြီး ဟောင်းနွမ်း ကွဲအက်နေပုံကို သူမ ယခုမှ သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ကွဲကြောင်းများကို လမ်းလျှောက်ယင်း ငုံ့ကြည့်သွား
သည်။

လမ်းပေါ်မှာ ကလေးတွေ ဘောလုံး ကစား နေကြသည်။

အရပ် သုံးပေခွဲခန့် မြင့်သော ချာတိတ် ကလေးက သူ့
ဖြတ်လျှောက်သွားစဉ် လေ ချွန်လိုက်သည်။

ရဲကားတစီးသည် တနာရီ ၁၇ မိုင်နှုန်းဖြင့် မောင်းဝင်လာ
သဖြင့် ကလေးများ ရှောင်ပေးလိုက်ကြရသည်။

ဒါလီယာ၏ ဘေးမှ ဖြတ်ကျော်သွားသည်။ သူမက အိမ်
နံပါတ် ရှာသလိုနှင့် မျက်နှာကို လွှဲထားလိုက်သည်။ ရှေ့လမ်း
ထောင့်မှာ ရဲကား ကွေ့သွားသည်။

သူမသည် လက်ကိုင်အိတ်ထဲမှ သော့တွဲကို နှိုက်ပြီး၊ နောက်
ဘေးလမ်းကြားလေးမှ ဂိုဒေါင်သို့ လျှောက်သွားသည်။ သော့
ခလောက်တွေ တွေ့ပြီ။ သော့ဖွင့်ပြီး၊ ဂိုဒေါင်ထဲ ဝင်သည်။
တံခါး ပြန်ပိတ်သည်။

ဂိုဒေါင်ထဲ၌ အတော်လေး မှောင်သည်။ နံရံများပေါ်
သံပေါက်ကလေး များမှသာ အလင်းရောင် ဝင်သည်။ ထရပ်
ကားကြီးမှာ လက်ရာ ခြေရာမပျက် ရှိနေသည်။

နောက်ခန်းသို့ ဝင်ပြီး၊ မီးခလုတ်ကို ဖွင့်သည်။ လျှော်ထား
ဗုံးပေါ်တွင် ဖုန်မှုန့်အနည်းငယ်ကပ်နေသည်။ ဘာမှတော့မဖြစ်
ဘဲ ရှိနေရာကို ရဲတွေ စောင့်ကြည့်နေပါက သူမအား ဗုံးနားအထိ
ကပ်ခွင့်ပေးမည် မဟုတ်။

သူမသည် ရုပ်သံဌာန အမှတ်တံဆိပ်များပါသော ကိုယ်ထည်
စွပ် ဝတ်စုံကို လဲဝတ်ပြီး၊ ထရပ်ကား၏ အပြင်ဘက် နံရံများ





ပေါ် ကပ်ထားသော ပလပ်စတစ်ပြားများကို ခွာချသည်။
တောက်ပသော အရောင်များ ပါသည့် ရုပ်သံကုမ္ပဏီ အမှတ်
တံဆိပ် ပေါ်လာသည်။

ဗုံးတွင် ကပ်ထားသော စစ်ဆေးရန် ကိစ္စများ စာရင်း စာ
ရွက်ကို ရှာတွေ့ရာ ခပ်မြန်မြန် ဖတ်ကြည့်သည်။

၎င်း ဇယားအတိုင်း တဆင့်စီ လုပ်သည်။ မကြာမီ၌ ဗုံး
ဖောက်မည့် ဖြူစ်နှင့် စနက်တံတို့ကို နေရာတကျ တပ်ဆင်ပြီး
ဖြစ်သွားသည်။

ဗုံးကြီးကို ချည်ထားသော သိုင်းကြိုးများအနက် နှစ်ချောင်း
သာ ချန်၍ အားလုံးကို ဖြတ်ပစ်သည်။

လင်ဒါအတွက် အိတ်ကို စစ်ဆေးသည်။ အိတ်ထဲ၌အသံတိတ်
ကိရိယာတပ် ဒသမ ၃၈ ကယ်လီဘာ ခြောက်လုံးပြူးတလက်၊
ကြေးနန်းကြိုး ဖြတ်သည့် ကတ်ကြေး တလက်တို့ကို စက္ကူအိတ်
တလုံးစီ၌ ထည့်ထားသည်။

သူမ၏ ရှမီဆာမရှင်း ပစ္စတိုနှင့် ကျည်ကပ် အပို ခြောက်
တောင့်၊ အေကေ-၄၇ အော်တိုမက်တစ် ရိုင်ဖယ်နှင့် ကျည်ကပ်
များကို ကျောပိုးအိတ်တလုံး၌ ထည့်ထားသည်။

သူမသည် နောက်ခန်းမှ ထွက်လာ ရှမီဆာ စက်သေနတ်ကို
ကားရှေ့ခန်း ကြမ်းပြင်ပေါ်ချပြီး၊ စောင်နှင့် အုပ်ထားလိုက်
သည်။

ထိုင်ခုံပေါ်၌ ဖုန်တွေ ကပ်နေသည်။ ပိုက်ဆံ အိတ်ထဲမှ
လက်ကိုင်ပဝါနှင့် သုတ်လိုက်သည်။ သူမ ဆံပင်ကိုစုပြီး ကက်
ဦးထုပ်အောက် ထိုးသွင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



၁း၅၀ နာရီ။ သွားဖို့ အချိန်တန်ပြီ။

ဂိုဒေါင် တံခါးများ ဖွင့်ပြီး၊ ထရပ်ကားကြီးကို အပြင် မောင်းထွက်သည်။ နေရောင်ကြောင့် မျက်စိ ကျိန်းသွား၏။ ကားစက်ကို မရပ်ပဲ ဂိုဒေါင်တံခါး ပြန်ပိတ်သည်။

လေဆိပ်သို့ စိတ်ရှင်မြူးစွာဖြင့် မောင်းသွားသည်။

× × ×

ကာဘာကော့ဗ်သည် ကစားကွင်းရှိ သူ၏ ကွပ်ကဲရေးစခန်းမှ နေ၍ အရှေ့တောင်ဘက်ဂိတ်မှ ဝင်လာနေသော ပရိသတ်ကြီးကို ကြည့်နေသည်။

သူတို့သည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားပြီး အစား အသောက် ကောင်းကောင်း စား ထား ကြသူများ ဖြစ်သည်။

သူတို့တွေကြောင့် ကာဘာကော့ဗ် ဒုက္ခတွေနေရကြောင်း သူတို့ မသိကြပေ။

သတ္တုပစ္စည်းရှာဖွေရေး လျှပ်စစ် ကိရိယာများရှေ့မှ တန်းစီ ဝင်ကြရသောအခါ ပွစိပွစိ ဖြစ်ကုန်ကြသည်။





အချို့လူများ၏ ကိုယ်ပေါ်မှ ပစ္စည်းများကို ပလပ်စတစ် လင်ဗန်းလေးထဲ သွန်ချခိုင်းသောအခါ ပို၍ ရှုစိရှုစိ ဖြစ်ကုန်ကြ သည်။

ကာဘာကော့ဗ်နှင့် အတူ အရှေ့ဘက်ခြမ်း၌ ပြဿနာရှင်း လင်းရေး အဖွဲ့သား ဆယ်ဦးရှိသည်။

အစိမ်းရောင် ဂျက်ကက်များနှင့် လက်နက် အပြည့်အစုံ ပါရှိ သည်။

ကာဘာကော့ဗ် အပြင်သို့ ထွက်လာသည်။

ရေဒီယိုစက်များမှ အသံများကို မကြားချင်တော့။

ကစားကွင်းကြီး လူပြည့်လာပုံကို ငေးကြည့်နေသည်။

ဘင်ခရာတီးဝိုင်းများ တီးမှုတ်နေကြပြီ။

ပရိသတ်က တဖြည်းဖြည်း ပြည့်ကျပ်လာသည်။

၁း၄၅ နာရီတွင် ပရိသတ် အတော်များများ ထိုင်ခုံများ၌ ဆောက်နေကြပြီ။

လမ်းများ အပြီးသတ် ပိတ်ဆို့လိုက်ကြပြီ။

ကစားကွင်းကြီး၏ အထက်ပေ ၁၀၀ အမြင့်တွင် လေ သင်္ဘောကြီးပေါ်မှ ရုပ်သံ ကင်မရာအဖွဲ့သည် ပွဲကြည့်စင်များ နောက်ဘက်၌ ရပ်ထားသော ရုပ်သံဌာန ဗင်ကားကြီးထဲမှ ဒါရိုက်တာနှင့် ဆွေးနွေးနေကြသည်။

'အင်ဘီအက်စ် အားကစား အထူးအစီအစဉ်' ကို လေ သင်္ဘောကြီးပေါ်မှ ရိုက်ယူသော အားကစားကွင်းကြီး၏ပုံဖြင့် ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ် ခေါင်းစဉ်နှင့် အင်္ဂါအကျဉ်း ရုပ်သံဌာန အ...
တဆိပ်တို့ကို ထိုပုံတွင် တပါတည်း ဖော်ပြမည်။

ဗင်ကားကြီးထဲတွင် ရုပ်သံပုံကွက် ၁၂ ခုကို မျက်နှာ...
ဆိုင် ထိုင်နေသော ဒါရိုက်တာကြီးသည် ကျေနပ်မှုမရှိသေး...

'ဟေ့ ဆင်မှုန်စိ၊ ဒါရိုက်တာကြီးက တူလိန်းကစားကွင်း...
နောက်ခံထားပြီး မြောက်ဘက်ပိုင်းကို ရိုက်စေချင်ပြန်သ...
လုပ်လို့ ရပါ့မလား'

'ရပါတယ်'

လေသံကြီး မြောက်ဘက်စူးစူးသို့ ဦးလှည့်သည်။

'ဟုတ်ပြီ....ဟုတ်ပြီ'

ရုပ်သံ ကားကြီးထဲတွင် ဒါရိုက်တာကြီးက 'ရိုက်ချက်နှ...
ဟု ပြောလိုက်သည်။

'ဟဲ ငါ့ဆက်မောင်းမယ် ဆင်မှုန်စိ၊ မင်း ပွဲစတာကြည့်...
ကြည့်နေ'

လင်ဒါနှင့် ဆင်မှုန်စိတို့ နေရာချင်း လဲလိုက်ကြသည်။

လင်ဒါ အတော်လေး ပင်ပန်းနေပြီ။

လက်ကိုင် ဘီးကြီးမှာ ခါတိုင်းထက် ပိုလေးနေသလို ...
ရသည်။

ကစားကွင်းကြီးထဲတွင် ရုပ်မြင်သံကြား ပရိသတ် အ...
ဘောလုံးစတင် ပစ်ပေးခြင်းကို ဘောလုံးသမားများက နော...
တခေါက် ပြန်လုပ်ပြနေကြသည်။

ယခု ဘောလုံး စကစားရန် အသင်းနှစ်သင်း တန်းစီ...
ကြပြီ။ လင်ဒါက ဆင်မှုန်စိကို လှမ်းကြည့်သည်။





ဆင်မှုန်စိက ယာဉ်၏ ပြတင်းပေါက်မှ ခေါင်းပြူ ကြည့်နေ...
ည်။

လင်ဒါက ဗယ်ဘက်အင်ဂျင်အတွက် အပူချိန် တိုးစေမည့်...
င်းတံကို တွန်းလိုက်သည်။

မိနစ် အနည်းငယ်အတွင်း အပူချိန်ပြဒိုင်ခွက်ရှိ အနီရောင်...
း်သို့ မြားပြလာသည်။

လင်ဒါက ဆီဖျော်ရည်ကို မူလအနေအထားသို့ ပြန်ချလိုက်...
ည်။

'ရဲဘော်တို့ ကျုပ်တို့တော့ ပြဿနာပေါ်ပြီ'

ဆင်မှုန်စိက ချက်ခြင်း လှည့်ကြည့်သည်။

အပူချိန်ပြ ဒိုင်ခွက်ကို လက်နှင့် ခေါက်လိုက်သည်။

'ဘာဖြစ်တာပါလိမ့်'

ဆင်မှုန်စိသည် ရုပ်မြင်သံကြား ကင်မရာမင်းများ၏ ပခုံး...
ါမှကျော်၍ ဗယ်ဘက် အင်ဂျင်ကို ငုံ့ကြည့်သည်။

'ဗယ်ဘက် အင်ဂျင် အပူများနေတယ်၊ ခဏ ဖယ်ပေး...
းပါ'

ဆင်မှုန်စိက ရုပ်သံအဖွဲ့သားများကြားမှ တိုးပြီး ဂွန်ဒိုလာ...
ည်၏ နောက်ခန်းသို့ ဝင်ကာ မီးသတ်ဗူးကို ထုတ်ယူလာ...
ည်။

'မီးလောင်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာမင်းနှင့် သူ့ လက်ထောက်တို့က စိုးရိမ်တကြီးဖြင့် မေးသည်။

လင်ဒါ ရင်ထဲက ကြိတ်၍ ဝမ်းသာသွား၏။

'အို…မဟုတ်တာ၊ လိုရမယ်ရ အသင့်ဆောင်ထားတာပါ'

ဆင်မွန်စ်က ပြန်ပြောသည်။

လင်ဒါသည် စက်ရှိန် အနည်းငယ်တင်ပြီး ကစားကွင်းမှ ဆုတ်ခွာ၍ လေယာဉ်ကွင်းရှိရာ အရှေ့မြောက်သို့ ဦးတည် ပျံသန်းလာသည်။

'ဗစ်ကားစ်ကို ကြည့် လုပ်ခိုင်းရမှာပဲဟေ့'

'သူ့ကို ခင်ဗျား လှမ်းပြောပြီးပြီလား'

'မင်း နောက်ခန်းသွားတုန်း ငါ သူ့ကို ခေါ်လိုက်တယ် လေ…'

လင်ဒါသည် မိုက်ခွက်ကိုင်၍ တစုံတခု ပြောလိုက်သော်လည်း သူ အသံလွှင့်ခလုတ်ကို မနှိပ်ပဲ နေကြောင်း မည်သူမှ သတိ မထားမိချေ။

'ပြည်မကြီး' လမ်း (၁၀) အတိုင်း ပျံသန်းလျက်ရှိသည်။ သူ့ အောက်ဘက် ညာဘက်တွင် ဆူပါဒုံးမ် ကစားကွင်းသစ်ကြီးနှင့် ဗယ်ဘက်တွင် ပြပွဲကွင်းနှင့် ဘဲဥပုံ ပြေးလမ်းတို့ကို တွေ့ရ သည်။

မျက်နှာချင်းဆိုင်တိုက်သော လေကို အင်ဂျင် တလုံးအားနှင့် ဆန်၍ ပျံသန်းရခြင်းမှာ ခရီး သိပ်မတွင်။



ပွန်နာထရိန်း ဂေါက်သီးကွင်းပေါ် ရောက်လာပြီ။

ရှေ့နားတွင် ကျယ်ပြန့်သော လေယာဉ်ကွင်းကြီးကို တွေ့ရ သည်။

'လေဆိပ်ဂိတ်ဝ'သို့ ချဉ်းကပ်လာနေသော ထရပ်ကားကိုလည်း တွေ့ရသည်။

ဒါလီယာ အောင်မြင်သွားပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၄ ။

လေသဘော်ကြီးလာနေသည်ကို ဒါလီယာ ကားမောင်းယင်းနှင့် တွေ့ရ၏။

သူမ စက္ကန့်အနည်းငယ် စောနေသည်။ ဂိတ်ဝတွင် ရဲတဦးရှိသည်။

ကားဝင်ခွင့် လက်မှတ် အပြာရောင်ကို ပြတင်းပေါက်မှ ထုတ်ပြရာ ရဲကြီးက လက်ပြ၍ ဝင်ခွင့်ပြုလိုက်သည်။

သူမသည် လေယာဉ်ကွင်းဘေး လမ်းမအတိုင်း ခပ်မှန်မှန်မောင်းသွားသည်။





လေသဘော်ကြီး ပြန်လာကြောင်း ပြုပြင်ရေးလုပ်သားများ တွေ့တွေ့ချင်း ဘတ်စ်ကားကြီးနှင့် ကိရိယာယာဉ်တွဲ ပတ်လည်တွင် ဝန်းရံလျက် စောင့်နေကြသည်။

လင်ဒါက သူတို့တွေကို ပျာယာ ခတ်စေချင်သည်။

ပေ ၃၀၀-အရောက်တွင် လင်ဒါက မိုက်ခွက်မှ ခလုတ်ကို နှိပ်သည်။

'ကဲ... အောက်က နေရာကျယ်ကျယ် လုပ်ထားကြ—၊ ဆင်းတော့မယ်'

'နိုရာ တစ်သုည၊ ပြန်လာမယ်ဆိုတာ ဘာလို့ ကြိုမပြောတာလဲ'

ဗစ်ကားစ်က မေးသည်။

မြေပြင်မှ လုပ်သားများသည် မိမိတို့ သက်ဆိုင်ရာ ဌာနများသို့ ပြေးသွားကြလေပြီ။

'ကျွန်တော့် ဗယ်ဘက်အင်ဂျင်က ပြဿနာကလေးတခု ဖြစ်သွားပါ ဗစ်ကားစ်'

လင်ဒါက သူလိုချင်သော အချက်အလက်များကို တပါတည်း ညွှန်ကြားလိုက်သည်။

ဗစ်ကားစ် နားလည်သည်။

ဒါလီယာအိုင်ယတ်ဒ်သည် ပြေးလမ်းကို ဖြတ်မောင်းရန် စောင့်နေသည်။

မျှော်စင်က သူမအတွက် မီးနီပြ၍ ရပ်ခိုင်းထားသည်။

လေသဘော်ကြီး မြေပြင်သို့ ဆင်းပြီ။

တချက်နှစ်ချက် ခုန်တက်သွားသည်။ ပြန်ကျသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်လုပ်သားများ နွတ်သီးမှ တန်းလန်း ကျနေသော ကြိုးများကို ဖမ်းဆွဲကြပြီး ငြိမ်သွားအောင် ဝိုင်းထိန်းကြသည်။

မျှော်စင်မှ မီးစိမ်း ပြသည်။

ဒါလီယာက ထရပ်ကားကို ဆက်မောင်းပြီး ယာဉ်တွဲနောက်၌ ထိုးရပ်သည်။

လေသဘောကြီး ပတ်လည်၌ အလုပ်ရှုပ်နေသော အလုပ်သမားများသည် သူမအား မတွေ့နိုင်ပေ။

တစက္ကန့်အတွင်း ထရပ်ကား၏ နောက်တံခါး ဖွင့်ချပြီး ကုန်းဘောင်ကိုပါ ချလိုက်သည်။

ခြောက်လုံးပြူးနှင့် ပလာယာများပါသည့် စက္ကူအိတ်ကို ဆွဲယူပြီး လေသဘောကြီးဆီ ပြေးသွားသည်။

အလုပ်သမားများက သူမအား သတိမထားမိကြ။

ဗစ်ကားစ်က ဗယ်ဘက် အင်ဂျင်အဖုံးကို ဖွင့်နေသည်။

ဒါလီယာက စက္ကူအိတ်ကို လင်ဒါအား ပြတင်းပေါက်မှ လှမ်းပေးပြီး ထရပ်ကားကြီးဆီ ပြန်ပြေးလာသည်။

'ခင်ဗျားတို့ လမ်းလေး ဘာလေး ဆင်း လျှောက်ချင် လျှောက်ဦးဗျာ၊ ဒီမှာ သိပ်မကြာပါဘူး'

ရုပ်သံ ကင်မရာမင်း နှစ်ဦးသည် ဂွန်ဒိုလာယာဉ်ပေါ်မှ ဆင်းသွားကြသည်။

လင်ဒါက နောက်က လိုက်သွားသည်။

ဘတ်စ်ကားနားအထိ လျှောက်သွားပြီး လေသဘောဆီ ချက်ချင်း ပြန်လှည့်လာသည်။





'ဟေ့....ဗစ်ကားစ်၊ ခင်ဗျားကို လိပ်ခ်ဟတ်စ်မြို့က လှမ်းခေါ်နေတယ်'

'ဟာ....ချီးမှပဲ၊ ဟေ့ ဖရန့်ကီ၊ ဒီမှာကြည့်ထားလိုက်စမ်း၊ ငါပြန်မလာမချင်း မင်း ဘာမှ လျှောက်မလုပ်နဲ့'

ဗစ်ကားစ်သည် ဘတ်စ်ကားဆီ ခပ်သုတ်သုတ် ထွက်သွားသည်။

လင်ဒါက သူ့နောက်မှ လိုက်လာသည်။

ဗစ်ကားစ် ရေဒီယိုတယ်လီဖုန်းကို မ,ယူလိုက်စဉ် လင်ဒါက သူ့နောက်စေ့ကို သေနတ်နှင့် ပစ်ထည့်လိုက်သည်။

မြေပြင်လုပ်သားအဖွဲ့၌ ခေါင်းဆောင် မရှိတော့ပေ။ ဘတ်စ်ကားပေါ်မှ ပြန်ဆင်းသောအခါ ဝန်ချီစက်ငယ်လေး မောင်းလာသော ဒါလီယာအား တွေ့ရသည်။

သူမသည် ၎င်းစက်ငယ်ကို ကိရိယာ နောက်တွဲယာဉ်၏ နောက်ဘက်မှ မောင်းထွက်လာခြင်း ဖြစ်သည်။

ဝန်ချီစက်မောင်းတံပေါ်မှ လှေခွက်ပုံသဏ္ဌာန် အရာငွေကြီးကို တွေ့ရသောအခါ အလုပ်သမားများသည် ဇဝေဇဝါ ဖြစ်လျက် သူမအား လမ်းဖယ်ပေးကြသည်။

ဒါလီယာသည် ဗုံးကြီးကို ဂွန်ဒိုလာ ယာဉ်အောက်သို့လျှော၍ သွင်းလိုက်သည်။

'ဘာလုပ်နေကြတာလဲဗျ'

အလုပ်သမား တဦးက မေးသည်။

ဒါလီယာ ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရှေပိုင်း ညှပ်နှစ်ခုကို လက်ရမ်းတွင် ချိတ်လိုက်သည်။ နောက်လေးခု ကျန်သေးသည်။

'ဗစ်ကားစ်က ပြောတယ်၊ အိတ်တွေကို ချလိုက်တဲ့'

လင်ဒါက အော်ပြောသည်။

'ဘာတဲ့—'

'အလေးချိန်ညီတဲ့ အိတ်တွေကို ချလိုက်ပါဆိုမှပဲ တောက်'

'ဒါကြီးက ဘာကြီးလဲဗျ မိုက်ခ် တခါမှ မမြင်ဖူးဘူး'

'ဗစ်ကားစ် ရှင်းပြလိမ့်မယ်၊ ရုပ်သံဌာနအတွက် တမိနစ်ဟာ ၁၇၅ ဒေါ်လာ တန်ဖိုးရှိတယ်၊ သိရဲ့လား ကဲ လုပ်စမ်းပါ၊ ရုပ်သံဌာနက ဒီဟာကို လိုချင်သတဲ့'

အလုပ်သမား နှစ်ဦးက အလေးအိတ်များကို ဖြုတ်ချပေးစဉ် ဒါလီယာသည်၊ ဗုံးကြီးကို ချိတ်ဆွဲ တပ်ဆင်၍ ပြီးသွားသည်။

ဒါလီယာသည် ဝန်ချီစက်ကလေးကို နောက်ဆုတ်လိုက်သည်။ အလုပ်သမားများ အူကြောင်ကြောင် ဖြစ်နေသည်။

တခုခုတော့ လွဲချော်နေပြီ။ မသင်္ကာစရာ ကောင်းသည်။

ရုပ်သံကုမ္ပဏီ အမှတ်တံဆိပ်များ ပါသော ဤ လေ့ပုံသဏ္ဌာန် အရာဝတ္ထုကြီးကို လေသင်္ဘောတွင် တခါမှ မတပ်ဆင် ဖူးသေးချေ။

လင်ဒါက ဗယ်ဘက် အင်ဂျင်ကို သွားကြည့်သည်။ ဘာမှ ဖြုတ်ခြင်းတပ်ခြင်းမရှိ။ သူက အဖုံးကို ပြန်ပိတ်သည်။





ကင်မရာမင်း ပြန်လာသည်။

'အင်ဘီအက်စ် ဆိုပါလား၊ အဲ ဒါကြီးက ဘာကြီးလဲ ကျွန်တော်တို့ဟာလဲ မဟုတ်ဘူး'

'ဒါရိုက်တာကြီး ရှင်းပြလိမ့်မယ်၊ ဘတ်စ်ကား ထဲထဲ ဖုန်းဆက် မေးကြည့်ပါလား'

လင်ဒါက သူ့ထိုင်ခုံ၌ ဝင်ထိုင်ပြီး စက်နှိုးလိုက်သည်။

အလုပ်သမားများ တုန်လှုပ်စွာဖြင့် နောက်ဆုတ် သွားကြသည်။

ဂွန်ဒိုလာထဲသို့ ဒါလီယာ ရောက်နေပြီ။ လက်ထဲမှာ ပလာယာများလည်း ပါလာသည်။

ဘာမှ ဝက်အူဖြုတ်နေဖို့ အချိန်မရ။ လေသင်္ဘောကြီးပျံမတက်မီ ရုပ်သံ စက်ကိရိယာများကို မြေကြီးပေါ် ပစ်ချထားခဲ့ရမည်။

ဒါလီယာ ပစ္စည်းများနှင့် ကြိုးများ ဖြုတ်တောက်နေစဉ် ကင်မရာမင်းတဦး တွေ့သွားသည်။

'ဟေ့—မလုပ်နဲ့လေ'

သူက ဂွန်ဒိုလာပေါ် ပြေးတက်လာသည်။ လင်ဒါက ခုံပေါ်မှ နောက်လှည့်ပြီး၊ ကင်မရာမင်း၏ ကျောကုန်းကို သေနတ်နှင့် ပစ်သည့်သည်။ တခါးဝမှ အလုပ်သမားတဦး မျက်လုံးမျက်ဆန် ပြူးသွားသည်။

လေသင်္ဘောနှင့်အနီးဆုံး လုပ်သားတယောက် နောက်ပြန် ဆုတ်သွားသည်။ ဒါလီယာက ကင်မရာချိတ်များ ဖြုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါလီယာက ဂွန်ဒိုလာပေါ်မှ မြေကြီးပေါ်သို့ ရှမီဆာသေနတ်ကိုင်လျက် ခုန်ဆင်းသည်။ အလုပ်သမားများ နောက်သို့ လှည့်ပြေးသွားကြပြီ။ တီးအောက်မှတုံးများကို သူမ ဆွဲဖယ်ပြီး လေသဘော၏ အလံတိုင်မှ ထိန်းကြိုးကို ဖြုတ်ပေးသည်။

လေသဘောကြီး လေထဲ၌ ယိမ်းနွဲ့နေလေပြီ။

ထိုအခိုက် ရဲကားဥသြသံ ကြားရသည်။

ပြေးလမ်းပေါ်မှ မောင်းဝင်လာသည်။

လေသဘော၏ နှုတ်သီးသည် တိုင်၏ ခွက်ထဲမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားပြီ။

သို့သော် ကင်မရာမင်း၏အလောင်းနှင့် ရုပ်သံ ပစ္စည်းများ၏ အလေးချိန်က လေးလံ နေဆဲ။

ဒါလီယာ ဂွန်ဒိုလာပေါ်သို့တက်သည်။ အသံလွှင့်စက်ကို မြေကြီးပေါ် ပစ်ချလိုက်သည်။ ကင်မရာကိုပါ ထပ်မံ လွှင့်ပစ်လိုက်ပြန်သည်။

ရဲကားသည် လေသဘောနှင့် ခေါင်းချင်းဆိုင် မောင်းလာသည်။ ခေါင်မိုးပေါ်၌လည်း အချက်ပြမီး မှိတ်တုတ် မှိတ်တုတ် ဖွင့်ထားသည်။

လင်ဒါ အရှိန်တင်သည့် မောင်းကို ရွှေတွန်းချသည်။ လေသဘောကြီး ရွေ့လျားလာသည်။

ဒါလီယာသည် ကင်မရာမင်း၏ အလောင်းကြီးနှင့် ကိုးရိုးကားရား ဖြစ်နေဆဲ။ သူ့ ခြေထောက် တဘက်က လင်ဒါ၏ ခုံအောက်၌ ချိတ်နေသည်။





လေသဘောကြီး တချက် ခုန်တက်ပြီး၊ ပြန်ကျသွားသည်။ တမ္ဘာဦး ကျောက်ခေတ် သတ္တဝါကြီးတကောင်ပမာ အားယူနေသည်။

ဂိုက် လေးဆယ် အကွာတွင် ရဲကားရပ်သွားပြီး၊ တံခါးများ ပွင့်လာသည်။ လင်ဒါက ဆီအများအပြားလွှတ်ပေးလိုက်သည်။ လေသဘောကြီး လေးလံစွာဖြင့် တက်လာသည်။

ဒါလီယာ ဂွန်ဒိုလာမှ ကုန်းထွက်ကာ ရှမီဆာဖြင့် ရဲကားကို လှမ်းပစ်သည်။ ကားရှေ့မှန် ကွဲသွားသည်။ လေသဘောကြီး ဆက်လက် တက်နေဆဲ။

အကျီ ဿွေးရွှဲနေသော ရဲသားတဦး ကားထဲမှ သေနတ်ဆွဲထုတ်လျက် ထွက်လာသည်။ မရှင်းပစ္စတိုဖြင့် အပစ်ခံရသဖြင့် လဲကျသွားသည်။

ဒါလီယာက ကင်မရာမင်း အလောင်းကြီးကို ကန်ချလိုက်ရာ ရဲကား ခေါင်မိုးပေါ် ခြေကားရား လက်ကားရား ကျသွားသည်။ လေသဘောကြီး ခေါင်းထောင် တက်လာဆဲ။

အခြားသော ရဲကားများလည်း ရောက်လာကြပြီ။

အရာအားလုံး အောက်ဘက် မြင်ကွင်း၌ တဖြည်းဖြည်း သေးငယ်လျက် ကျန်ရစ်ခဲ့ကြပြီ။ တံခါးဖွင့်၍ ထွက်လာနေကြပြီ။

လေသဘော၏ ပင်မကိုယ်ထည် လေအိတ်ကြီးကို ကျည်ဆန် တချက် လာမှန်သံ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အပေါ်ကိုလှမ်းပစ်နေကြတာကိုး။ ဒါလီယာ က ဆန်းဆုံး ရဲကား ဘေးတဝိုက်သို့ လှမ်းပစ်သည်။ လင်ဒါသည် လေသင်္ဘောကြီးကို ၅၀ ဒီဂရီ ထောင်တက်စေသည်။

အင်ဂျင်သံများ ဆူညံနေ၏။

တဖြည်းဖြည်းနှင့် အောက်မှ ပစ္စတိုများ၏ ပစ်ကွင်းမှ လွတ်ကင်းလာပြီ။

ဖြုစ်နှင့် ဝိုင်ယာများကို လုပ်ရဦးမည်။

ဒါလီယာသည် သွေးစက်များ ပေရေနေသော ဂွန်ဒိုလာကြမ်းပြင်ပေါ် မှောက်ကာ အပြင်ဘက်ကို ကုန်းချပြီး ဖြုစ်နှင့်ဝိုင်ယာများဆီ လက်လှမ်းနေသည်။

လင်ဒါသည် စက်ခုံ ခလုတ်ခုံများ ရှေ့တွင် ရပ်၍ ခေါင်းညိတ်နေသည်။

သူ ခွေကျကာ နီးပြီ။

သူမက သူ့ပခုံးကိုကျော်၍ အင်္ကျီလက်မောင်းစ အောက်မှ ဆေးထိုးအပ်ကို ဖိညှစ်ပေးလိုက်သည်။

စက္ကန့်ပိုင်းအတွင်း လင်ဒါ ခေါင်း ပြန်ထောင်လာသည်။

သူက အခန်းတွင်းရှိ မီးခလုတ်ကို ကြည့်လိုက်သည်။ ပိတ်ထားသည်။

'ချိတ်လိုက်တော့'

သူမက အခန်းမီးလုံး အံဖုံးကို လှန်၍ဖွင့်ပြီး မီးသီးကို ဖြုတ်ကာ ဗုံးနှင့် ဆက်ထားသည့် ဝိုင်ယာကြိုးများကို မီးခေါင်း၌ တပ်လိုက်သည်။





ဖြုစ်ကိုတော့ လျှပ်စစ်ခေတ်အားမရလျှင် လိုရမယ်ရ သုံးနိုင်ရန် ဂွန်ဒိုလာ၏ ဖင်ပိုင်း ထိုင်ခုံ ဘရက်ကက်ကြားတွင် ကြိုးနှင့် တုပ်ထားလိုက်သည်။

လေသင်္ဘောသည် ရေမိုင်နှုန်း ၆၀ ဖြင့် သွားနေသည်။ ဆူပါဘိုးလ်သို့ ၆ မိနစ်အတွင်း ရောက်သွားသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၅ ။

ကော်လီနှင့် ကာဘာကော့ဗ်တို့ လေယာဉ်ကွင်းမှ သေနတ်သံများ ကြားကြားချင်း ကော်လီ၏ ကားဆီ ပြေးသွားကြသည်။

ရေဒီယိုမှ သတင်း လာနေစဉ် ပြည်နယ်လမ်းမ ၁၀ အတိုင်း သူတို့ ဒရောသောကော မောင်းနှင့် ပြေးလျက် ရှိကြသည်။





'အယ်လ်ဒရစ်ချ် လေသဘော်ကြီး ပေါ်ကနေ အမည်မသိ လူများက သေနတ်နှင့် ပစ်နေကြပါတယ်၊ ရဲသားနှစ်ဦး ကျဆုံးသွားပြီ၊ မြေပြင်လုပ်သားများ ပြောပြချက်အရ ထူးဆန်းတဲ့ ပစ္စည်းတခုကို လေသဘော် ဝမ်းဗိုက်အောက်မှာ တပ်ဆင်သွားကြောင်း သိရပါတယ်'

ရေဒီယိုမှ ကြေငြာနေသည်။

'ဒီကောင်တွေ လေသဘော်ကြီးကို ပြန်ပေး ဆွဲသွားပြီ၊ ဒီဟာ ခင်ဗျားတို့ရှာနေတဲ့ နောက် ပိုင်းလော့ တယောက်ပဲ'

ကော်လီက သူ့ဘေး ခုံလွတ်ကို လက်သီးနှင့် ထုယင်း ပြောသည်။

ကောင်းကင်ပြင် အစွန်အဖျားတွင် တဖြည်းဖြည်း ကြီးမားလာနေသော လေသဘော်ကြီးကို သူတို့ လှမ်းမြင်ရသည်။

ကော်လီက ကစားကွင်းသို့ ရေဒီယိုဖုန်းဖြင့် လှမ်း အမိန့်ပေးသည်။

ကာဘာကော့ဗ် ဒေါသ ထွက်နေသည်။ စိတ်တင်းကျပ်နေသည်။ တုန်လှုပ် အံ့သြနေသည်။ ဖြစ်ပျက်နေသမျှကို မယုံနိုင်။

ကစားကွင်းနှင့် လေဆိပ်ကြား အပြန် ကားလမ်းကြီးပေါ်တွင် အကူအညီ ကင်းမဲ့လျက် ရောက်ရှိနေသည်။

စဉ်းစားစမ်း၊ စဉ်းစားစမ်း၊ စဉ်းစားစမ်း။

ယခု ဆူပါဒုံးမ် ကစားကွင်းသစ်ကြီးရှေ့ ရောက်လာပြီ။

ကာဘာကော့ဗ်က ကော်လီ၏ ပခုံးကို ကိုင်လှုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂျက်ဆန်၊ လားမားဂျက်ဆန်၊ ရဟတ်ယာဉ် မြန်မြန်မောင်းပျာ—'

သူတို့ကားနှင့် အခြားကားတစီးခေါင်းချင်းဆိုင်တိုက်လု ဖြစ်သွားသည်။

အခြားကားက လျှင်မြန်စွာ တိမ်းရှောင်လိုက်သဖြင့် လွတ်သွားသည်။

ဘုရား.... ဘုရား.... ဆူပါဒုံးမ်၏ ဘေးဘက် ဟောင်း ဝင်ရိပ်သာ လမ်းမပေါ် ရောက်သွားကြသည်။ နား ကွဲလုမတတ် ဆူညံအောင် ကားတာယာနှင့် ကတ္တရာလမ်းကို ပွတ်တိုက်၍ ဆွဲကွေ့ပြီး ရပ်လိုက်သည်။

ကာဘာကော့ဗ်သည် ရဟတ်ယာဉ် ရပ်ထားသည့် နေရာသို့ ပြေးသွားသည်။ စောင့်ကြည့် အဖွဲ့ဝင်များ ရှိနေဆဲ။

ဂျက်ဆန်သည် ရဟတ်ယာဉ်ဖြင့် ခေါင်မိုးမှဆင်းကာ ကြေးနန်းကြိုးစည်းကြိုးတစည်းကို မယူရန် လာနေဆဲ။

ကာဘာကော့ဗ်က ကြိုးကြပ်ရေးမှူးဆီ ပြေး သွားသည်။ ထိုလူကြီးကို သူမသိ။

'သူ့ကို ဆင်းခိုင်းပါ၊ ဆင်းခိုင်းလိုက်စမ်းပါ'

လေသဘော်ကြီးသည် ဆူပါဒုံးမ် ကစားကွင်းကြီးနှင့် မျဉ်းပြိုင်ကျရာမှ လွတ်ကင်းသွားခါနီးပေပြီ။ တူလိန်း ကစားကွင်းကြီးနှင့် နှစ်မိုင်သာ ကွာဝေးတော့သည်။





ကော်လီသည် ကားပေါ်မှ ပြေးဆင်းလာသည်။ ကား နောက်ဖုံးကို ဟောင်းလောင်း ဖွင့်ထားခဲ့သည်။ သူ့လက်ထဲ၌ အမ် ၁၆ အော်တိုမစ်တစ် ရိုင်ဖယ် ပါလာသည်။

ရဟတ်ယာဉ် မြေကြီးပေါ် ရောက်သည်နှင့် ကာဘာကော့ဗ် ပန်ကာဒလက်များအောက် ခေါင်းငုံ့ ဝင်သွားသည်။

စက်ခန်း ပြတင်းပေါက်နား ကုန်း၍တက်သည်။ ဂျက်ဆန် နားရွက်နောက်ဘက် လက်ကာ၍ နားထောင်သည်။

'ဟိုကောင်တွေ အယ်လ်ဒရစ်၍ လေသဘော်ကို ရသွားပြီ၊ ကျုပ်တို့ တက်လိုက် ဖမ်းရလိမ့်မယ်'

ကာဘောကော့ဗ်က မိုးပေါ် လက်ညှိုးထိုးပြယင်း ပြောသည်။

ဂျက်ဆန်က လေသဘော်ကြီးကို မော့ကြည့်သည်။ တံတွေး မျိုချလိုက်သည်။

'ခင်ဗျား ကျွန်တော်တို့ကို ပြန်ပေးဆွဲနေတာလား'

'ခင်ဗျားကို အကူအညီတောင်းနေတာ'

ဂျက်ဆန် တစက္ကန့်မျှ မျက်စေ့မှိတ်လိုက်သည်။

'ကဲ တက်လေ၊ ဟိုလူတယောက်ကို ဆင်းခိုင်းလိုက် သူ့ ထိုင်ခုံ ကျွန်တော် တာဝန် မယူနိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကာဘာကော့ဗ်နှင့် ကော်လီတို့သည် အုံ့အား သင့်နေသော အလုပ်သမားကို ရဟတ်ယာဉ်ပေါ်မှ ဝိုင်းဆွဲချကြပြီး ဝန်တင်ပေါက်မှ တက်ကြသည်။

ရဟတ်ယာဉ်သည် ရုတ်ခြည်းပင် ခုန်တက်သွား၏။

ကာဘာကော့ဗ် ရှေ့ခန်း သွားပြီး လူမရှိသော တွဲဘက်ပိုင်းလော့ခုံကို မတင်ပြီး ထိုင်သည်။

'ကျုပ်တို့'

'ဒီမယ်၊ ခင်ဗျား ဒီကောင်တွေကို ဖမ်းမှာလား စကားပြော ဆွေးနွေးမှာလား'

'ဖမ်းမှာပေါ့'

'ကောင်းပြီ၊ ဖမ်းမယ်ဆိုယင် ကျွန်တော်တို့ သူတို့အပေါ်ကနေ ကပ်သွားမယ်၊ ဒီ လေပူဖေါင်းကြီး ကွယ်နေလို့ သူတို့ ကျွန်တော်တို့ကိုမမြင်နိုင်ဘူး၊ ပူဖေါင်းကြီးကို ခင်ဗျားသေနတ်နဲ့ ပစ်ဖေါက် မှာလား၊ ခဏတွေ့တွေ ပေါက်ထွက် ဖို့တော့ အချိန် သိပ်မရှိဘူး'

ကာဘာကော့ဗ် ခေါင်းခါပြသည်။

'ဒီကောင်တွေရဲ့ ဂွန်ဒိုလာယာဉ်ကို ပြုတ်ကျအောင် လုပ်ရမယ်'

ဂျက်ဆန် ခေါင်းညိတ်သည်။





'ကဲ....ကျွန်တော် သူတို့အပေါ်ကနေကပ်သွားမယ်၊ ခင်ဗျား အသင့်ဖြစ်ပြီဆိုယင် ကျွန်တော် သူတို့ဘေးကို ဆင်းချလိုက်မယ်၊ ဒီဟာကြီးမျိုးက သိပ်အပစ်အခတ်မခံနိုင်ပါဘူး၊ ခင်ဗျား အသင့်လုပ်ထားပေတော့၊ ကျွန်တော့်ကို နားကြပ်ကနေ ပြောလိုက်'

ရဟတ်ယာဉ်သည် ရေမိုင်နှုန်း (၁၁၀)ဖြင့် ပျံသန်းနေသည်။

သို့သော် လေသဘော်ကြီးကို မမီသေး။

'ပိုင်းလော့ကို ဆော်ထည့်လို့ရလဲ လေစီးကြောင်းကြောင့် လေသဘော်ကြီးဟာ ကစားကွင်းပေါ် ရောက်သွားမှာပဲဗျ'

ဂျက်ဆန်က ပြောသည်။

'ချိတ်နဲ့ သူတို့ကိုချိတ်ပြီး တနေရာရာ ဆွဲထုတ်သွားယင်ကော ရမလား'

'ဘယ်နဲ့လုပ်ချိတ်လို့ရမှာတုန်း၊ အချိန်ရှိယင်တော့ စမ်းကြည့်ကြတာပေါ့၊ ဟော...ရဲတွေ သွားကုန်ကြပြီ'

သူတို့ရှေ့နားတွင် လေသဘော်ကြီးရှေ့မှတက်ဖမ်းရန်ပျံတက်လာသော ရဲအဖွဲ့ပိုင် ရဟတ်ယာဉ်ကို တွေ့ရသည်။

'အောက်ကနေ မဝင်နဲ့၊ သိပ်မကပ်နဲ့....'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ရဲရဟတ်ယာဉ်ကလေးသည် စက်သေနတ်ကျည်ဆန်များ ထိမှန်ကာ ဘေးတဘက်စောင်းပြီး အောက်သို့ ထိုးကျသွားလေသည်။

ဂျက်ဆန်သည် သူ့အောက်မှ လေသင်္ဘော၏ လှုပ်ရှားနေသော ပဲ့ကြီးကို မြင်ရလေသည်။

သူ့ရဟတ်ယာဉ်သည် လေသင်္ဘောကြီးအပေါ်၌ ရောက်နေသည်။

ကစားကွင်းကြီးက သူတို့အောက်၌ ရွေ့လျားနေသည်။

နောက်တခေါက် ဖြတ်၍ ရဦးမည်။

ကာဘာကောဇ်နှင့် ကော်လီတို့ တံခါးပေါက်တွင် အသင့်ပြင်နေကြပြီ။

လင်ဒါသည် လေသင်္ဘောကြီး၏ အရေခွံများပေါ် ရဟတ်ယာဉ်ပန်ကာ၏ လေဟုန်ထိတွေ့မှုကို သိလိုက်သည်။

ရဟတ်ယာဉ် စက်သံကိုလည်း ကြားရသည်။

ဒါလီယာကို လက်တို့ပြီး အပေါ်သို့ လက်မထောင်ပြသည်။

'၁၀ စက္ကန့်လောက် စောင့်ဦး'

ဒါလီယာက ရှမီဆာ စက်သေနတ်ထဲသို့ ကျည်ကပ် အသစ်တပ်လိုက်သည်။

'နေဦး....နေဦး....'





ဂျက်ဆန်က ကာဘာကောဇ်အား နားကျပ်မှ ပြောလိုက်သည်။

ရဟတ်ယာဉ်သည် လေသင်္ဘောဘေး၌ ရုတ်ကနဲ အောက်သို့ တည့်တည့် ဆင်းချလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ။ ၄၆ ။

ရဟတ်ယာဉ်၏ ဝမ်းဗိုက်သို့ ကျည်ဆန်များ လာမှန်သည်။ ကာဘာကော့ဗ်နှင့် ကော်လီတို့လည်း ပြန်လည်ပစ်ခတ်ကြသည်။ ဂွန်ဒိုလာမှာ မှန်များ ကွဲကုန်သည်။

ကာဘာကော့ဗ် ဘေးပတ်လည်တွင် ကျည်ဆန်များ ဆူညံစွာ ဝင်လာသည်။





ရဟတ်ယာဉ် ယိမ်းယိုင်ပြီး အပေါ်ပြန်တက်သည်။

ကော်လီ မှန်သွား၏။ ပေါင်ပေါ်၌ သွေးများ ရွှဲသွားသည်။

ဂျက်ဆန်သည် စက်ခန်းရှေ့မှ မှန်ကွဲများ နဖူးရှသွားသဖြင့် မျက်လုံးထဲ သွေးများ စီးကျလာရာ အဝတ်စနှင့် သုတ်နေသည်။

ဂွန်ဒိုလာ၏ ပြတင်းပေါက် မှန်ချပ်အားလုံး ကွဲသွားပြီး စက်ခလုတ်ခုံမှာလည်း ပျက်စီးသွားသည်။

မီးပွင့်ကလေးများ တဖျပ်ဖျပ် ထတောက်နေသည်။

ဒါလီယာ ကြမ်းပေါ်မှာ မလှုပ်မယှက် မှောက်နေသည်။

လင်ဒါသည် ပခုံးနှင့် ခြေထောက်တို့တွင် ဒဏ်ရာရလျက် လေသဘော်ကြီး အောက်သို့ နိမ့်ဆင်းလာပုံကို ငေးကြည့်နေသည်။

လေသဘော်ကြီး နစ်မြုပ်နေပြီ။

သို့တိုင် ကစားကွင်းထဲသို့ ရောက်အောင် ဝင်နိုင်ဦးမည်။

ဟော....ဟော....ကစားကွင်း၏ တံတိုင်းပေါ် ဖြတ်ကျော်လာပြီ။

ပရိသတ်များစွာတို့ မော့ကြည့်နေကြသည်။

လင်ဒါ၏ လက်ထဲတွင် ဗုံးပေါက်ခလုတ်ကို နှိုင်ထားသည်။

ကဲ....လာလေရော့။ ခလုတ်နှိပ်သည်။ ဘာမျှ မဖြစ်။

နောက် အရန်ခလုတ်ကို နှိပ်သည်။ ဘာမျှ မဖြစ်။

အင်း....ဗုံးဖောက်ရန် ဆင်ထားသော 'ဆာကစ်' ကြိုးများ ပျက်စီးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်....

ဖြုစ် ရှိသေးသည်။

လင်ဒါသည် ထိုင်ခုံမှ ထပြီး မီးခြစ်ကို ကိုင်လျက် သွယ်ကောင်းသော လက်တဘက်နှင့် ခြေတဘက်ကို အားပြုကာ ဂွန်ဗိုလာ နောက်ပိုင်းရှိ ဖြုစ် ဆီသို့ လေး ဘက် ထောက် သွားသည်။

အောက်ဘက်တွင် ပွဲကြည့်ပရိသတ်များကို အစိုင်အခဲကြီးတခုသဖွယ် တွေ့ရသည်။

ဂျက်ဆန်၏ ရဟတ်ယာဉ်မှ တွဲလောင်းချထားသော ချိတ်၏ကြေးနန်းကြိုးမှာ ပေ ၃၀ ရှည်သည်။

ဂျက်ဆန်က လေသင်္ဘောကြီး၏ ပြောင်ချောချော အရေခွံပေါ် ချိတ်မိအောင် ရဟတ်ယာဉ်ကို ဆင်းချပေးသည်။

ပွဲနှင့် အမြီးကြားတွင် အပေါက် ရှိသည်။

ကာဘာကော့ဗ်သည် ချိတ် ချိတ်မိစေရန် ဂျက်ဆန်အား ညွှန်ကြားနေသည်။

နီးပြီ.... နီးပြီ။

ချိတ်က ထူလွန်းလှသည်။

ကစားကွင်းကြီးထဲတွင် လူတွေသေးရူးသေးတန်းနှင့် တိုးဝှေ့ပြေးလွှားကုန်ပြီ။

တယောက်ပေါ် တယောက် တက်နင်းကုန်ပြီ။





ကာဘာကော့ဗ်သည် ရဟတ်ယာဉ်အတွင်း လှည့်ပတ် ကြည့်လိုက်ရာ နံရံ၌ ချိတ်ဆွဲထားသည့်လေးပိုင်းသုံးပိုင်း လက်မရှိသော အစတဘက်စီ၌ သံကွင်း တခုစီ ပါသော နိုင်လွန်ကြိုး တခွေကို တွေ့သွားသည်။

အကြံရပြီ။

မိုရှက်ဗ်စကီးကား မြေပြင်မှ နေ၍ ရဟတ်ယာဉ် နှင့် လေသင်္ဘောကြီးကို လက်သီးဆုပ်လျက် အားမလိုအားမရမော့ကြည့်နေသည်။

ရဟတ်ယာဉ်မှ ချထားသော ကြိုးနှင့်တွယ်၍ ပင့်ကူတကောင်လို ဆင်းလာသော လူတယောက်။

မိုရှက်ဗ်စကီးသည် သူ့အနီးရှိ အေးဂျင့်တဦးထံမှ မှန်ပြောင်းကို ဆွဲယူလိုက်သည်။

သို့သော်....

မှန်ပြောင်းနှင့် မကြည့်မီပင် ပင့်ကူလိုလူမှာ သူ့ဆရာ ကာဘာကော့ဗ်မှန်း သိလိုက်၏။

သူ့ခါးမှာ ကြိုးတခွေ စွပ်ထားသည်။

လေသင်္ဘောနှင့် ရဟတ်ယာဉ်တို့ မိုရှက်ဗ်စကီး ခေါင်းပေါ်မှ ဖြတ်ကျော် သွားပြီ။

မိုရှက်ဗ်စကီးသည် ဖင်ထိုင်ချပြီး မျက်တောင်မခတ်ပဲ လိုက်ကြည့်နေသည်။

ကာဘာကော့ဗ်သည် ချိတ်တွင် ခြေထောက် စွပ်လိုက်သည်။

ကော်လီသည် ရဟတ်ယာဉ် တံခါးပေါက်မှနေ၍ ဂျက်ဆန်အား နားကျပ်၊ မိုက်ခွက်တို့ဖြင့် ညွှန်ကြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိတ်သည် အောက်သို့ လျှောကျလာသည်။

ကာဘာကော့ဗ်သည် လေသဘော်အမြီးဘေးသို့ ရောက်သွားသည်။

အမြီးသည် အပေါ်သို့ မြင့်တက်လာပြီး ဘေးတဘက်စီ ယိမ်းထိုးနေသည်။

ကာဘာကော့ဗ်ကို ရိုက်မိသဖြင့် ဘေးတဘက်သို့ လွင့်ထွက်သွားသည်။

ကာဘာကော့ဗ်သည် ခါးမှကြိုးကို ကွင်းတခုသဖွယ် လုပ်ပြီး အမြီးနှင့် ပဲ့ကြား ချကာ အပေါ်ပိုင်းပဲ့အောက်မှ ပြန်လျှိုသွင်း၍ လေသဘော်ကြီးကို ဖမ်းဆွဲထားလိုက်သည်။

ကာဘာကော့ဗ် လက်ဝှေ့ယမ်း ပြလိုက်သည်။ ရဟတ်ယာဉ် ပေါ်သို့ တက်သွားသည်။

ကာဘာကော့ဗ် ကိုယ်ပေါ်မှ ကြိုးသည် သံမဏိချောင်းကြီး ပမာ တင်းမာသွားသည်။

လင်ဒါသည် သွေးစက်များဖြင့် ချောနေသော ပွန်ဒိုသာ ကြမ်းပြင်ပေါ် လေးဘက်ထောက် သွားယင်း ကြမ်းပြင် ရှည် တရက် အပေါ် ထောင်ဘက်သွားသည်ကို ခံစား ရသည်။ သူ နောက်ပြန် လျှောကျသွားသဖြင့် တစုံတရာကို ဖမ်းဆွဲ သည်။

ရဟတ်ယာဉ်က အပေါ်သို့ အားနှင့် ပျံတက်နေဆဲ။

လေသဘော်ကြီး၏ အမြီးပိုင်းသည် ၅၀ ဒီဂရီခန့် မြင့်တက် လာပြီ။ နှုတ်သီးပိုင်းမှာ ကစားကွင်း မြက်ခင်းပြင်နှင့် ဒရွတ် တိုက်မိသွားလျက် ရှိသည်။





ပွဲကြည့် ပရိသတ်များသည် ကြောက်လန့်တကြား အော်ဟစ်လျက် ဂိတ်များဆီ အလုအယက် တိုး တိုက်၊ ပြေးလွှားနေကြသည်။

အော်ဟစ်သံများကို လင်ဒါ ကြားနေရ၏။ လင်ဒါသည် ထိုင်ခုံကြားမှ ဖြုစ်ဆီ မီးခြစ်ကိုင်ထားသော လက်ဖြင့် လှမ်းနေသည်။

လေသဘော်ကြီး၏ နှုတ်သီးသည် ပွဲကြည့်စင်များဆီ ဒရွတ် တိုက် ရွေ့လျားလာသည်။

ပရိသတ်များ ခြေဦးတည့်ရာ ရှောင်ပြေးကြသည်။ ကစား ကွင်းထိပ်ရှိ အလံတိုင်များနှင့် တိုက်မိပြီးနောက် ကစားကွင်းနှင့် လွတ်ရာ ကျွတ်ရာ အိမ်များနှင့် မြစ်ကြီးဆီ ဆက်လက်ရွေ့လျား သွားသည်။

ရဟတ်ယာဉ်၏ အင်ဂျင်စက်များကလည်း နားကွဲလုမတတ် ဆူညံနေသည်။

ကော်လီက အပေါ်မှငုံ့ကြည့်ရာ ကြေးနန်းကြိုးကိုကိုင်လျက် လေသဘော်ကြီး၏ အမြီးပေါ် မတ်တတ်ရပ်နေသော ကာဘာ ကော့ဗ်ကို တွေ့ရသည်။

'မြစ်ပေါ်ရောက်တော့မယ်... မြစ်ပေါ်ရောက်တော့မယ်'

ဂျက်ဆန်က ထပ်ခါတလဲလဲ အော်ပြောနေသည်။

လေသဘော် အပူချိန်ပြ ကိရိယာက အနီရောင် ပြနေပြီ။ နေလုတ်အနီပေါ်သို့ လက်မ တင်ထားသည်။

လင်ဒါသည် စောင်းနေသော ကြမ်းပြင်ပေါ်တွင် နောက် ဆုံးတစ်ပေကို အားယူတက်ကာ မီးခြစ်ကို ခြစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုရှက်ဗ်စကီးသည် ပွဲကြည့်စင်များ၏ ထိပ်သို့ ပြေးထ
သွားသည်။

မြစ်ကြီးပေါ် ရောက်နေသော ရဟတ်ယာဉ်၊ လေသင်္ဘော
ကြီးနှင့် အမြီးပေါ်ရပ်နေသော လူတယောက်ကို တစက္ကန့်တွင်
မြင်လိုက်ရပြီး၊ နောက်တစက္ကန့်တွင် ကမ္ဘာပျက်သည့်အလား
အဏုမြူဗုံးပေါက်သည့်အလား၊ မျက်စိကျိန်းစပ်သော အလင်း
ရောင်နှင့် ဝုန်းကနဲ ပေါက်ကွဲသံကြီးတို့ကို ခံစားလိုက်ရသည်။

မိုရှက်ဗ်စကီးသည် သွက်သွက် ခါအောင် လှုပ်သွားသည်
ထိုင်ခုံတန်းများကြား လဲကျသွားသည်။

မြစ်ကမ်း နံဘေးမှ သစ်ပင်အချို့ ပြိုလဲသွားသည်။

အချို့လည်း အမြစ်မှ ကျွတ်သွားသည်။

မြစ်ရေများသည် ဖွေးဖွေးသော အမြှုပ်ကြီးအဖြစ် မိုးပေါ်
ထောင်တက်လာပြီး၊ အောက်သို့ ပြန်ကျသွားသည်။ စက္ကန့်
အနည်းငယ် အကြာတွင် မြစ်အောက်ပိုင်းတွင် ပေါက်ကွဲမှု
ဗုံးဆန် ဗုံးခွံများသည် မြစ်ရေနှင့် သင်္ဘောများပေါ်သို့ နှင်းခဲ
များ၊ မိုးသီးများပမာ လွင့်စဉ်ကျလာကြသည်။

မိုင်ပေါင်း များစွာ ဝေးကွာသော၊ နယူးအော်လင်းစ်ကို
အပေါ်စီးမှမြင်နိုင်သော 'တော့ပ် အော့ဗ် သည်မတ်' ဟိုတယ်၌
နေ့လယ်စာ စားနေသော ရေချယ်သည် ဖြတ်ကနဲ လင်းလက်
သွားသော အလင်းရောင်ကို တွေ့လိုက်ရသည်။

သူမသည် ထိုင်ရာမှ ထလိုက်သည်။ အဆောက်အအုံကြီး
တုန်ခါသွားသည်။ ပြတင်း မှန်ချပ်များ ကွဲသွားသည်။ သူမ
ကြမ်းပေါ် ပက်လက်လန်ကျသွားသည်။ စားပွဲအောက် ရောက်





သွားသည်။ သူမ ကုန်းရုန်း ထသည်။ သူမဘေး၊ ကြမ်းပေါ်မှ
မိန်းမတဦးသည် ပါးစပ် အဟောင်းသားနှင့် ထိုင်နေသည်။

ရေချယ်က သူမအား လှမ်းကြည့်ပြီး....

'သူ သေပြီ' ဟု ပြောလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၄၇ ။

စာရင်းချုပ်သောအခါ ထိခိုက်သူဦးရေမှာ ၅၁၂ယောက် ဖြစ်ကြောင်း သိခဲ့ရသည်။

ကစားကွင်း အတွင်း၌ ၁၄ယောက်မှာ လူနင်းခံရ၍ သေဆုံးပြီး ၅၂ ဦးမှာ ထွက်ပြေးစဉ် ကျိုးပဲ့သွားကြသည်။





ကျန် လူများမှာ အပွန်း အရှ အကွဲ အပြဲများသာ ဖြစ်သည်။

မြို့ထဲတွင် မှန်ကွဲများကြောင့် လူ ၁၁၆ ယောက် ဒဏ်ရာ ရသည်။

နောက်တနေ့ နေ့ခင်းတွင် မိုရှက်ဗ်စကီးနှင့် ဒေါက်တာ ရေချယ်ဘော်မင်တို့သည် မစ္စစ္စပီ မြစ်ကြီး၏ မြောက်ဘက်ကမ်း ဆိပ်ခံ ဘောတံတားငယ်ပေါ်တွင် ရပ်နေကြသည်။

သူတို့သည် ရဲအဖွဲ့မှ မော်တော်များဖြင့် မြစ်ကြီးအောက်မှ ရှာဖွေ သယ်ယူနေကြပုံကို ရပ်ကြည့်နေကြသည်မှာ နာရီပေါင်း များစွာ ကြာမြင့်သွားလေပြီ။

တညလုံးလည်း ရှာခနခဲ့ကြသည်။

ပထမပိုင်းတွင် ရဟတ်ယာဉ်၏ အစိတ်အပိုင်း အချို့ကို ကျောက်ဆူး ချိတ်များဖြင့် ဆယ်ယူရရှိ၏။

ထိုနောက်ပိုင်းတွင် ဘာမှ ထပ်ရှာမရပေ။

သူတို့နှစ်ဦးရပ်နေသော ဆိပ်ခံတံတားလေးမှာလည်း ဗုံးဆန် များ ထိမှန်သဖြင့်ပေါက်ကွဲ ပွဲ့ရွဲ့နေ၏။

ငါးသေ တကောင်သည် ရေစီးနှင့်အတူ ပေါလောမျော ပါလာပြီး တံတား၏ အောက်ခြေ တိုင်နှင့် တိုက်မိသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုငါး တကိုယ်လုံးတွင် အပေါက်များ ပြည့်နေသည်။

မိုရှက်ဗ်စကီးသည် မျက်နှာ အမူအရာ လုံးဝ မပြောင်းပေ။

သူ့မျက်လုံးများက ရဲမေ်တော်များကို သာ စိုက်ကြည့်နေသည်။

သူ့ဘေးတွင် ကင်းဗတ် လက်ဆွဲ သေတ္တာ တလုံး ချထားသည်။

နောက် သုံးနာရီ အကြာတွင် သူသည် မိုဟာမက်ဖာဆေးလ်အား မြူနစ်လူသတ်မှုအတွက် တရားရုံး၌ စစ်ဆေးရန် အစ္စရေးသို့ ခေါ်ဆောင်သွားရပေမည်။

သူတို့နှစ်ဦးကို လာခေါ်မည့် အစ္စရေးပိုင် အယ်လ် အဲလ်ဂျက်လေယာဉ်ပေါ်တွင် အစ္စရေး ကွန်မန်ဒို (၁၄)ယောက်ပါသည်။

၎င်းတို့သည် အစ္စရေးသို့ ပြန်သွားမည့် ခရီးစဉ်၌ မိုရှက်ဗ်စကီးနှင့် ဖာဆေးလ်တို့အား ကြားမှ ကာခြားထားပေးရမည့်သူများ ဖြစ်ပေသည်။

ရေချယ်၏ မျက်နှာမှာ အနည်းငယ် အန်းနေသည်။

သူမ မျက်လုံးများ နီရဲပြီး ခြောက်သွေ့နေသည်။

ရှိုင်ရယ်အော်လင်းစ် ဟိုတယ်ရှိ ခုတင်ပေါ်တွင် သူမသည် ကာဘာကော့ဗ်၏ ဆေးပြင်းလိပ်နံ့ စွဲနေသော ရှပ်အင်္ကျီတထည်ကို လက်ထဲ ဆုပ်ကိုင်လျက် အားရပါးရ ငိုချခဲ့ပြီးပြီ။





မြစ်ပေါ်မှ ဖြတ်၍ တိုက်ခတ်လာသော လေသည် အေးစက်နေသည်။

မိုရှက်ဗ်စကီးသည် သူ၏ ကုတ်အင်္ကျီကို ရေချယ်အား လွှမ်းခြုံပေးလိုက်သည်။

ကုတ်အင်္ကျီကြီးက သူမ၏ ခြေသလုံးများ အထိ ရှည်နေ၏။

နောက်ဆုံး၌ ခေါင်းဆောင် မေ်တော်က ရှည်လျားစွာ ဥသြဆွဲလိုက်သည်။

ရဲအဖွဲ့ဝင်များသည် ဘာမှမပါသော ကျောက်ဆူးချိတ်များကို မေ်တော်ပေါ် ပြန်ဆွဲတင်ပြီးနောက် ရေစုန်အတိုင်း ဆက်သက် မောင်းနှင်သွားကြလေသည်။

ယခုဘော့ ပင်လယ်ဆီသို့စီးဆင်းနေသော မြစ်ကြီးသာလျှင် ကျန်ရစ်ခဲ့တော့သည်။

မိုရှက်ဗ်စကီးထံမှ ထူးခြားသော ကြေကွဲသံကို သူမ ကြားလိုက်ရသည်။

မိုရှက်ဗ်စကီးက သူမအား မျက်နှာ လွှဲလိုက်သည်။

သူမက သူ့ ရင်ဘတ်ပေါ် ပါးကပ်ပြီး လက်နှစ်ဘက်ဖြင့် သိုင်းဖက်ကာ ကျောကို ပုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဆံပင်များပေါ်သို့ ပူနွေးသော မျက်ရည်စက်များ ကျလာသည်။

ထိုနောက် မို့ရှက်ဗ်စကီး၏လက်ကို ကိုင်ကာ ကလေး တယောက်ပမာ တွဲခေါ်သွားလေသည်။

ပြီးပါပြီ။

စိုးသိဏ်း

BURMESE CLASSIC .com

www.burmeseclassic.com